www.burmeseclassic.com

မဟိဒ္ဓိစာပေ

# ပြစ်မှု

မဂ္ဂဇင်း


- ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း ၏ ကွိတ်(စာ - ၃၃)
- ဆရာကြီး လှမိုး(ပညာရေး) ၏ ဖြစ်ရပ်မှန်မှုခင်း(စာ - ၃၅)
- ဝင်းသောင်(ရမည်းသင်း)၏ လိုက်တမ်းပြေးတမ်း(စာ - ၄၈)
- ဦးဦးသိန်း ၏ တစ်ကိုယ်တော် သေနတ်သမား(စာ - ၁၀၀)
- ညွန့်မောင်ဦး ၏ တောပြောင်းသောကျား(စာ - ၁၃၄)
- ဘနင်း ၏ ပြီးတော့......ငွေကိုပါယူမည်(စာ - ၁၉၄)
- ဇော်မော်လင်း ၏ မျက်နှာချော တစ္ဆေမ(စာ - ၂၁၄)




www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

# ပြဒါး

## မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့

ဦးသန့်(လာဘ်မိုးစွေ)၊ နန္ဒာမိုးကြယ်၊ စိုးစိုး။

---

ဒေါ်ပြုံး(မြ-၀၂၉၆၀)၊ အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဒေါ်မြက်ဇင်ဇင်မိုး စန္ဒာညွန့် ပုံနှိပ်တိုက်(ယာယီ-၁၀၇၆၀)၊ အမှတ်-၁၇၁၊ မြေညီထပ်၊ လမ်း(၄၀)၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

(အုပ်ရေ - ၁၀၀၀ ၊ တန်ဖိုး - ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်)

အယ်ဒီတာအဖွဲ့ နှင့် ကြော်ငြာဖြန့်ချိရေး

လာဘ်မိုးစွေစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅

www.burmeseclassic.com

www.burmeseclassic.com

# ပြစ်မှု

မဂ္ဂဇင်း

## မာတိကာ

၂၀၁၅ ခုနှစ်၊ မတ်လ၊ အမှတ်(၂၃၄)

BURMESE CLASSIC

### ကဗျာ ပြစ်မှု

မောင်စစ်ကြည်(ယန်းတနော်)၊ လွမ်းသျှင်နောင်(မဟာသာရွာ)၊ ဘုန်းလျှံ၊ မင်းသွေးနွယ်(ဇီးကုန်း)၊ ချစ်ငွေမိုး၊ ရွှေရိုး၊ မောင်မိုးလှိုင်(သစ္စာမြေ)၊ ဘုန်းမြင့်ချို(သာယာဝတီ)။

### ကာတွန်း ပြစ်မှု

ဝိမန်းလေး(တောင်ငူ)၊ စောယာန်၊ ရန်ကြီးအောင်၊ မြင့်သန်း(မင်္ဂလာဒုံ)၊ ချစ်မင်းလူ၊ ပေါက်ကျိုင်း၊ ရှလိုင်းမောင်မောင်၊ သုရိန်။

### ရယ်စရာ ပြစ်မှု

ပြစ်မှုဆိုင်ရာ ရယ်စရာ
ကိုရွှေတောသား ———— ၂၉

### ဥပဒေ ပြစ်မှု

လူငယ်သတင်းမီဒီယာသမားများသို့
ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ———— ၄၁

ပြည်ပုံးကားရှေ့ မတင်ဆက်လိုက်ရသော်လည်း . . .(၂)
သုသိတ် ———— ၄၄

ဆိုင်ကယ်လုယက်မှု ပြင်ဆင်မှုတက်ပြီ
———— ၅၃

အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
ဦးစောလှိုင် ———— ၈၀

ဥပဒေက ခွင့်ပြုထားသလား
ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ———— ၂၄၅

www.burmeseclassic.com

www.burmeseclassic.com

## ရသ ပြစ်မှု


လိုက်တမ်း ပြေးတမ်း

ဝင်းသောင်(ရမည်းသင်း) ———— ၈၈
ကျွဲခတ်ခံရသောကျား

မြမြလှိုင် ———— ၉၄
မိုးညတစ်ညမှ တစ်ကိုယ်တော် သေနတ်သမား

ဦးဦးသိန်း ———— ၁၀၀
နောက်ကွယ်မှာ . . .

ဟန်သီဇင် ———— ၁၀၆
အတ္တကြီးသူ၏ နောက်ဆုံးလမ်း

တင့်ထူး(ဧယျဝတီ) ———— ၁၂၀
ပထမဦးဆုံး ညှော်သည်

မောင်တော်ထိန် ———— ၁၂၆
တောပြောင်းသောကျား

ညွန့်မောင်ဦး ———— ၁၃၄
ပြစ်မှုဝိညာဉ်

သိမ်မွေ့သူ ———— ၁၄၀
ဟန်ဆောင်စာချုပ်

ကိုမောင်စံသိန်း(ဂိုလ်ချုပ်ရွာ) ———— ၁၄၄
တိုက်ပျက်ကြီး၏မာယာ

မော်တင်သိန်းဇော်ဇ ———— ၁၅၂
မလုံသည့်အိုး

ဆွေမြင့် ———— ၁၅၆
အပြန်ခရီးမှာလေ

ရှုံ-သုမှန် ———— ၁၆၂
လှုသုံးမျိုး

ဆောင်မောင်(ပိတောက်မြိုင်) ———— ၁၆၈
သတင်းထောက်ဒီပဇော်နှင့် အတ္ထုလက်ခုပ်ထဲက ချစ်ဓာမီး

ဧညားဦး(အိမ်မဲ) ———— ၁၇၄

ရွှေသာစွေပါ မရှာပါနဲ့မိုး

မောင်ညီဦး(က.စ.လ) ———— ၂၀၂
ဓားသွားပေါ်က ပွားရည်တစ်စက်

ဆန်ဝင်း(အောင်မြေ) ———— ၂၀၈
မျက်နှာချော တစ္ဆေမ

ဇော်မော်လင်း ———— ၂၁၄
ချစ်သမ္မသာ လွမ်းရစ်ပါတော့ . . .

ချစ်ရှင်မောင်(ကျောက်တော်) ———— ၂၂၀
အရိုင်ဘာကင်း

ရှစ်ခွင်ကျော်(မောင်တော်သိ) ———— ၂၂၈
ဤအရာသည် ဝတ္ထုဖြစ်ပါသည်

မောင်ဆွေ(တောင်ငူ) ———— ၂၃၂
ရနိုင်လုံချည်လေးတစ်ထည်

တောင်တွင်းကိုရှင်ဩ ———— ၂၃၈
အပိုင်ကွက်

မင်းတည်တုံ ———— ၂၄၈


BURMESE CLASSIC

## နိုင်ငံရပ်ခြား ရသပြစ်မှု


ပြီးတော့ . . . ငွေကိုပါ ယူမည်

ဘနှင်း(မြန်မာပြန်) ———— ၂၅၄
အနီရောင် တစ္ဆေလော အဖြူရောင် သရဲလော

အောင်(ဆေး-၁) ———— ၂၆၂


## ဆောင်းပါး ပြစ်မှု


ကွိုတ်

ဆင်ဖြူကျွန်းအောင်သိန်း ———— ၃၃
အတိတ်မှ ပြစ်ရပ်မှန်မှုခင်းများ

လှမိုး(ပညာရေး) ———— ၃၅


www.burmeseclassic.com

www.burmeseclassic.com

## အခန်းဆက် ရသပြစ်မှု


ထောင်မှူးများ အလိုရှိသည်(၉၅)

**ဖယ်ဇော** ———————— ၅၄

နယ်မြို့လေးထဲက သားရဲ(၁၀)(ဇာတ်သိမ်း)

**သစ်ထူးအိမ်** ———————— ၆၀

ကြက်ခြေခတ်လမ်းကို စွန့်ပြီးသော • • •(၁၀)

**ကျော်ဆွေဝင်း(မွေးအင်း)** ———————— ၇၂

အတိတ်အကြောင်း ပျောင်းသည်မရှိ(၂၁)

**မင်းဟိန်းထိပ်** ———————— ၈၄

မှောတတ်သောအမွေ(၈)(ဇာတ်သိမ်း)

**ကျော်မြသန်း** ———————— ၁၀၄

မြွေပဟောက်စံမင်း(၁)

**မြင့်ဦးဦးမောင်** ———————— ၁၈၄


## တစ်မျက်နှာ ပြစ်မှု


နိဗ္ဗာန်ဈေး

**ပိုက်မင်းဝေ** ———————— ၁၁၉

စိန်နားကပ်နှင့် ပဲကြီးလှော်

**အောင်ဝင့်(မြောင်းမြ)** ———————— ၁၂၉

လမ်းညွှန်

**စိုးယဉ်ထွန်း** ———————— ၁၃၉

ထူးခြားတဲ့ ကလောင်ရှင်

**ကိုမောင်သန့်ဇင်း** ———————— ၁၅၁

မြန်မာပီသသော စုံထောက်

**ဝင်းမြအောင်(မြိတ်)** ———————— ၁၆၇

ပေါ့ပေါ့နေ ပေါ့ပေါ့စားကြသူများ

**ဝေအိကို** ———————— ၂၃၃


## စာပေသုခမ သတင်းလွှာ


သုခမသတင်းလွှာ

**အမ်ကေ** ———————— ၂၉

ပြစ်မှုစာအုပ်စင်

**ကသစ်နီ** ———————— ၂၈


## ဗေဒင် ပြစ်မှု


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

**ဒေါက်တာ ဇောယုနွယ်** ———————— ၂၅၆



မျက်နှာဖုံးဂရပ်ဖစ် - စိုးဝင်းထွဋ်း
အတွင်းဖလင် - မျိုးဝင်းကျော်
ကွန်ပျူတာစာစီ - တင်မိုးခိုင်။
စာအုပ်ချုပ် - ရှကီး(၁၁၄) လမ်း။
အတွင်းပန်းချီ - ကျော်ဦး၊ ပညတ်၊ ဖိုးအောင်၊ အောင်နိုင်လတ်၊ စံလွင်မောင်၊ သန့်ဇော်သစ်၊ လုသစ်အောင်၊ နေထူးအုံ။

အယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး

**လာဘ်မိုးရွာ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊
၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၅၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com



"အလို...
နယ်လှည့်ပဲသမားတွေပါလား၊
ဘာကိစ္စ
ဒန့်ဒင်တောင်ပေါ် ရောက်နေကြသလဲ"

သစ်ထူးအိမ်--------------၆၀



"လူပုံအလယ်မှာ
ကားစင်တင်လို့ အောင်ပွဲခံတဲ့အနေနဲ့
မင်းကို
တစ်စစီလုပ်မယ် သိလား"

မင်းဟိန်းထိဝ်---------------၈၄



"အပေ...
ဘာဖြစ်လို့ အမဲလိုက်တာ
သေနတ်ကို မသုံးတာလဲ
သူများတွေ အမဲလိုက်တာ..."

မြမြလှိုင်--------------၉၄

www.burmeseclassic.com

www.burmeseclassic.com



"မပါဘူးဆိုရင်
ခင်ဗျားဆိုင်ကို
စားပြတိုက်တဲ့ လူဆိုးဟာ
လူသစ်ထဲကပဲ"
ဦးဦးသိန်း----------------၁၀၀



"နှာမည်းတစ်လုံးနဲ့
သိက္ခာသမာဓိရှိတဲ့
ရှေ့နေကြီးတွေက
နှစ်ဖက်လွှ မလုပ်ကြဘူး"
ကျော်မြသန်း--------------၁၀၄



"ဂျပန်ခေတ်က
လူယက်စံရမှာကြောက်လို့
ငါကိုယ်တိုင်ပဲ
အမှတ်အသားနဲ့ မြှုပ်ထားခဲ့တာပဲ"
တင့်ထူး(မေပျိုဝတီ)---------၁၂၀

www.burmeseclassic.com

www.burmeseclassic.com



"တရားသူကြီးကိုရော
ရဲတွေကိုရော
အားလုံးကို သေသေချာချာ
ပုဆစ်တုပ်ပြီး..."

မောင်တော်ထိန်-------------၁၂၆



"မင်းနေရမယ့်
အိမ်လိပ်စာ ငါပေးမယ်၊
ပိပိရိရိလုပ်၊
အချိုကြီးပွပေါက်ပဲ"

ညွန့်မောင်ဦး-------------၁၃၄



"ကဲ...မိစိမ်းရေ
ငါ ဖဲသွားရှိက်မလို့
နင် လိုက်ခဲ့ပါလားဟယ်၊
ငါ ဖဲနိုင်ရင်..."

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သေတ္တာကြီးက...
အတော်လေးမယ့်ပုံပဲ၊
အထဲမှာ
ဘာတွေပါလို့..."

ဆွေမြင့်---------------၁၅၆



"ဟုတ်တယ် ဆရာ
သူတို့နှစ်ပွဲ့ပေါင်းမိရင်
ဆရာတို့ရဲကင်းကို
ဝင်စီးချင် စီးနိုင်တယ်"

မြင့်ဦးဦးမောင်--------------၁၇၄



"ကျွန်မဟာ
ကျွန်မယောကျ်ား မသိဘဲ
ဘယ်ချစ်သူမှ မရှိဘူး
သူဟာ မြို့စားလေး..."

ဘနင်း(မြန်မာပြန်)---------၁၉

www.burmeseclassic.com

- "ကြွေးတင်ရင် ရှင်ဘုရင်ခစ်လိမ့်မယ်" ရှေးဟုန်းက ဆိုစကား။

- ခုများ
ပြည်ရှုဘာရှုဘာ
သယံဇာတတွေ ကုန်တာတောင်
မကြွေးပါလား။ ။

## ကျူမကျေ



www.burmeseclassic.com

# ကိုယ့်အလှည့်နဲ့ကိုယ်

ဓမ္မဟင်္ဂ(သစ္စာမြေ)



- ချစ်သူငယ်ချင်း
  အာရုံသွင်း၍
  မင်းစဉ်းစားကြည့် ပြောချင်၏…။

- ငါတို့လူသား
  ဘဝများ၏ အတားအဆီး
  ငိုပြီးပြောပြော၊ ပြုံးပြီးပြောပြော
  ဘယ်သဘောမှ၊ ပြောမရနိုင်
  'ဇာတိ' 'ဇရာ'၊ 'မရဏ' မှတော
  ကြုံဆုံမှာပဲ သူငယ်ချင်း…။

- မြတ်ဗုဒ္ဓ၏
  နက္ခသစ္စာ၊ တရားသာတည်း
  'အိုနာသေ'မှာ၊ မလေမရှိ
  ပကတိမြဲ အရှိယှဉ်ပွင်း
  စောင့်ရှောက်ကင်းစွာ၊ အားကိုးရာနတ္ထိ
  သည်မှာမင်းဘဝ၊ အလှည့်ကျရင်
  သည်မှာငါ့ဘဝ၊ အလှည့်ကျရင်
  သွားရမှာပဲ သူငယ်ချင်း…။

- ချစ်သူငယ်ချင်း
  အာရုံသွင်း၍
  မင်းတွေးခေါ်ကြည့် ပြောချင်၏…။

- တို့လူဖြစ်လာ
  ဘဝမှာလျှင်၊ မနာ မအို
  မသေလိုခြင်း၊ ခြင်းချက်ကာတိ
  မတောင်းဆိုနှင့်၊ အသိမဲ့လူသား
  ဆုတောင်းများလျှင်
  လွဲပြားစရာကြီး သူငယ်ချင်း…။ ။



www.burmeseclassic.com

www.burmeseclassic.com

■ အကောင်းအဆိုးဆိုတာ
အကြောင်းအကျိုးရဲ့ စုတ်ချက်ကြောင့်
ဆေးစက်ကျရာ အရုပ်ကလေးတစ်ရုပ်လို…
နွေဦးဟာစ်ပော့(ဝ်)သံများ ဘဝက်ညံသွားလို့
ညောင်နှစ်ပင်က ပုံပြင်စာအုပ် ခေတ်နောက်ကျမှုန်းရိပ်မိကြ…
တောင့်တခြင်းနဲ့ ကြောင့်ကြခြင်း ဝိရောဓိကြားမှာ
ဆင်ကောင်ကို လက်နဲ့စမ်း မျက်ကန်းတွေရဲ့ သီအိုရီက
ဝါးတားတားနဲ့ ခရီးတစ်ဝက်ကျိုးသွားပေါ့…
မောင့်ကျက်သရေခေါင်းပေါင်းစတွေ
ဘာကြောင့်ညာချထားမှန်းမသိ
ကျားယုံဆိုတဲ့ ကြော်ငြာတွေ ကြဲဖျားဖြစ်သွားကြပြီ
အထက်မှာ ပေါ်ကွရဝသသမိုးတွေရွာ
အောက်ခြေမှာတော့ ပင်ကြားအက်နဲ့ တံလျှပ်ငွေ့တလူလူ
အကွရာ အ,ကို ဂတိနဲ့ ရောသမပွဲစည်းလိုက်တော့
မီလိုနဲ့ ခရီးတစ်ဝက်အကျန်မှာ…
ရုပ်ခြပ်မဲ့အပြေသမားနဲ့အတူ
မော်ဝက်ပါတောမှ ရောင်စုံဘဝများက
ဆာလောင်မှုတွေ အန်ထွက်လို့…။ ■

# လမ်းခုလတ်

ချစ်ရှင်မိုး





www.burmeseclassic.com

www.burmeseclassic.com



# ဥမ္မတကော

## ဘုန်းညို

- မြင်းကို စိုင်းသည်
စစ်ကိုင်း ရောက်ရောက်···

- လှေကိုထိုးသည်
ပဲခူး ရောက်ရောက်···

- ခြေလှမ်းမြန်သည်
ပုဂံ ရောက်ရောက်···

- သူတို့ရောက်တာ၊ ဘယ်ဆီမှာလဲ
ဖွေရှာအကြည့်
စစ်ကိုင်းမှာလည်း မရှိ
ပဲခူးကြည့်တော့လည်း မမြင်
ပုဂံတစ်ခွင်လည်း ခြေရာပျောက်။

- ဟော···အခုကျ
ဂနိုင်သချာ၊ ကြားလိုက်ပါရဲ့
ရွာသာကြီးမှာ ဆိုပါလား။ ▪

www.burmeseclassic.com

www.burmeseclassic.com

- ထားခဲ့တဲ့အချိန်
  ပေးခဲ့သောအမှား
  ရလိုက်သော နားလည်ခြင်းများမှာ
  ပစ်သောမြားတိုင်း အစိမှာယ်ရှိတယ်။

- နေကိုကြည့်
  လက်တွေ့
  ငွေကြယ်ပွင့်တို့ ပုန်းတာတွေမှ
  ခပ်ထေ့ထေ့ပြုံး အလှဆုံးပါ
  ကာလတစ်ခု ဖုံးလိုက်ပါတဲ့။

- အချိန်ပေါ်ကမာယာ
  ရာသီပေါ်က မျက်ရည်စက်
  နာရီတစ်လုံး မေ့ချန်ခဲ့တာ
  နောင်တမရဖို့ ဖြစ်လိမ့်မယ်။

## ဆွေးဆိုးပန်းရိုက်






www.burmeseclassic.com



# အကောက်ထဲက အကောက်

## မောင်ဒေဝသွေးနွယ် (ရိုးကျိုး)

- ပြောင်သည့်ဝါးကြား
  ကောက်သည့်ဝါးကို
  ကြာညှပ်ခံ့စွဲ ရှိနိုင်လည်း…။
- ပြောင့်မတ်ရှိသား
  လူကောင်းများကြား
  စိတ်ထားမဖြူ
  ကောက်သည့်လူအား
  မြူရှောင်လွှဲ မပယ်မြဲ…
  ပြယုဂ်မှုကွဲ လောကထဲ…။



www.burmeseclassic.com

www.burmeseclassic.com



- အတ္တကို ရှေ့ချ
  ရယူကြ လောဘသား။
- အချေခြုံ မောဟဖုံး
  မဆုံးတဲ့ သံသရာ။
- ပွဲမီးငွေ့မက်တဲ့ဘာ
  ဒေါသပေါ် ပင့်လောင်ကဲ
  ယစ်မူးဘဝင်စွဲနေသမျှ
  ဂယက်ဝဲတလည်လည်နဲ့
  ရေမှာကွယ် လှေအဖြစ်ဆုံး
  စုန်းစုန်းမြုပ်လဲ။ ■


**ဘဝလှေ**

ဘုန်းမြင့်ချို(သာယာဝတီ)

**မြစ်မှူ** ၁၅

www.burmeseclassic.com

www.burmeseclassic.com



[illegible]

# ပေါင်စေ့ကြည့် (ပန်းတာရှည်)

■ မပွင့်မချင်းတော့ . . .
သူ့ဂုဏ်သတင်းဟာ
မထုံသင်းနိုင်သေးဘူးပေါ့။

■ ပွင့်ပြီဆိုတော့လည်း
ဟိုလာ . . .
ဒီကလာ . . .
ကြိုက်ရာရွေးခဝ်
ဖြစ်နိုင်ရင်
တစ်နိုင်တစ်မ
အလကားတောင်လိုချင်သေး
ပေါ့ . . .
မွှေးတဲ့ လှတဲ့ ပန်းတွေကို ပြောပါတယ်။

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com




ကာတွန်း ရွှေနုကြီးအောင်..



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

## အလှမယ်များနှင့် မော်ဒယ်များပါဝင်သည့် International Fashion Show

နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြုများအဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့ကြသော Mister များ၊ Miss များနှင့် နာမည်ကြီးမော်ဒယ်များပါဝင်သည့် International Fashion Show ကို ဒီဇင်ဘာလ ၂၄ ရက်နေ့က ဆီဒိုးနားဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

၎င်းဖက်ရှင်ရှိုးကို မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ၂၅ ကြိမ်မြောက် အာဆီယံထိပ်သီးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ မြန်မာနိုင်ငံတွင် ပထမအကြိမ် ကျင်းပနိုင်ခဲ့ခြင်းကို ဂုဏ်ပြုခြင်းအားဖြင့် သံတမန်ကျွမ်းကျင်မှုသင်တန်းဆင်းများအသင်းမှ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းဖက်ရှင်ရှိုးသို့ နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများအသင်းမှ တာဝန်ရှိသူများ၊ အနုပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း. သတင်းရရှိပါသည်။

## မြန်မာနိုင်ငံ ရုပ်သေးပြဇာတ် မန္တလေးအမျိုးသားဇာတ်ရုံ၌ တင်ဆက်

မြန်မာနိုင်ငံ ရုပ်သေးသဘင်အသင်းမှ ရုပ်သေးကြိုးဆွဲပညာရှင်များ ပါဝင်တင်ဆက်မည့် ရုပ်သေးပြဇာတ်တင်ဆက်မှုကို ဇန်နဝါရီလ ၃ ရက်နေ့က မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပခဲ့သည်ဟု သိရှိရသည်။

အဆိုပါတင်ဆက်မှု၌ နန်းဝင်း ရေးသားတင်ဆက်သည့် "ကောင်းကင်ထက်က မိုးစက်များ"အမည်ရှိ ပြဇာတ်ကို နန်းဝင်းနှင့် နန်းခင်မွှေးတို့က နောက်ခံအသံဖြင့် ပါဝင်တင်ဆက်ထားပြီး ကလေးသူငယ် လူကုန်ကူးမှု အသိပညာပေးဇာတ်လမ်းဖြစ်ကြောင်း သတင်းရရှိပါသည်။

## ရွှေမင်းသမီး ရုပ်ရှင်ထုတ်လုပ်ရေး၏ တတိယမြောက်ဇာတ်ကား

ထိုင်းနိုင်ငံမှ ဒါရိုက်တာ၊ သရုပ်ဆောင်များနှင့် ပူးပေါင်းရိုက်ကူးသည့် ရွှေမင်းသမီးရုပ်ရှင်ထုတ်လုပ်ရေး၏ တတိယမြောက် ရုပ်ရှင်ဇာတ်ကား မိတ်ဆက်အသိပေးပွဲကို ဒီဇင်ဘာလ ၁၈ ရက်၊ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ထိုင်းဒါရိုက်တာ Adsajun Sattagovit ရိုက်ကူးမည်ဖြစ်ပြီး ၎င်းဒါရိုက်တာသည် ထိုင်းနိုင်ငံတွင် အက်ရှင်ဇာတ်ကား၊ ဝိညာဉ်ဇာတ်ကားနှင့် ကြော်ငြာများ ရိုက်ကူးထားသည့် ဒါရိုက်တာတစ်ဦးဖြစ်ကြောင်း သိရသည်။ ၎င်းဇာတ်ကားတွင် အကယ်ဒမီ ပြေတီဦးနှင့် ထိုင်းရုပ်ရှင်သရုပ်ဆောင်မင်းသမီးတို့ အဓိကပါဝင်သရုပ်ဆောင်ရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

## Iron Cross တေးဂီတအဖွဲ့ ဖျော်ဖြေပွဲပြုလုပ်

Iron Cross တေးဂီတအဖွဲ့၏ ဖျော်ဖြေပွဲကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ဒီဇင်ဘာလ ၂၄ ရက်၊ ည ၇ နာရီက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါဖျော်ဖြေပွဲတွင် Iron Cross အဖွဲ့ဝင်များဖြစ်ကြသည့် လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်း စသူတို့ ဖျော်ဖြေသွားကြပြီး ည ၇ နာရီမှ ၁၁ နာရီထိ ဖျော်ဖြေခဲ့ကြကာ ထိုင်ခုံအတွက် ကျပ် ၁၅၀၀၀၊ ကျပ် ၂၀၀၀၀၊ ကျပ် ၃၀၀၀၀ နှင့် မတ်တတ်ရပ်ကြည့်သူများအတွက် ကျပ် ၆၀၀၀ သတ်မှတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

www.burmeseclassic.com



## Grand Royal ၏ နှစ်သစ်ကူးအကြို ဂီတဖျော်ဖြေပွဲ

Star Model အေဂျင်စီမှ ဂျွန်လွင်၏ ဦးဆောင်မှုဖြင့် Grand Royal ၏ နှစ်သစ်ကူးအကြိုဂီတဖျော်ဖြေပွဲကို ၂၀-၁၂-၂၀၁၄ ညနေ ၆း၀၀ နာရီက ကန်တော်ကြီးရှိ မျှော်စင်ကျွန်း၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ဂီတဖျော်ဖြေပွဲတွင် အဆိုတော် ဟန်ထွန်း၊ Rဇာနည်၊ နောနော်၊ ဂျီလတ်၊ ဇွဲပြည့်၊ ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော်၊ ပိုပို၊ အမွန်းနှင့် S.I.R အဖွဲ့သားများက သီဆိုဖျော်ဖြေခဲ့ကြပြီး ၎င်းပွဲ၏ MC အဖြစ် ဆန်းထွဋ်က တာဝန်ယူပေးခဲ့ကြောင်း Immortal Music Brand က တာဝန်ယူတီးခတ်ပေးပြီး ပါဖောင်းမင့်ပိုင်းအနေဖြင့် Uranium Dance Group က တာဝန်ယူပါဝင်ပံ့ပိုးပေးထားခဲ့ကြောင်း သိရှိရပါသည်။

---

## 'အွန်လိုင်းပေါ်က ဝိညာဉ်' အထူးပွဲပြသ

မတင်ဇာပိုင်စီစဉ်ပြီး လာဗင်ဒါရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေး၏ ပွဲဦးထွက် "အွန်လိုင်းပေါ်က ဝိညာဉ်" ရုပ်ရှင်ဇာတ်ကား အထူးပွဲကို ၂၀-၁၂-၂၀၁၄ နံနက် ၇း၃၀ နာရီက သမ္မတရုပ်ရှင်ရုံ၌ မိတ်ဆက်ပြသခဲ့သည်။

အဆိုပါ ရုပ်ရှင်ကားမှာ လွှမ်းမင်းအံ့၏ ဇာတ်လမ်းဇာတ်ညွှန်းကို ဒါရိုက်တာ ညီညီထွန်းလွင်က ရိုက်ကူးပံ့ဖော်ထားပြီး တွဲဖက်ဒါရိုက်တာမှာ ဩရသဖြစ်သည်။ ၎င်းဇာတ်ကား၌ နေတိုး၊ ဇေရဲထက်၊ မွေးမွေးနှင့် ချမ်းမီမီကိုတို့အပြင် အခြားသော သရုပ်ဆောင်များလည်း ပါဝင်အားဖြည့်ထားကြပြီး Romance အသားပေး ဝိညာဉ်ဇာတ်ကားဖြစ်ကြောင်း သိရှိရပါသည်။

---

## ခန့်ညီသစ်၏ 'အချစ်ကို နားမလည်သူ' တေးစီးရီးမိတ်ဆက်

သရုပ်ဆောင် ခန့်ညီသစ်၏ အချစ်ကို နားမလည်သူ တေးစီးရီးမိတ်ဆက်ပွဲကို (၁၈-၁၂-၂၀၁၄)ရက်နေ့က City Star Hotel တွင် ကျင်းပသွားခဲ့သည်။ တေးသီချင်း ၁၂ ပုဒ်ပါဝင်ပြီး Bo Bo Music မှ ဖြန့်ချိသည်ဟု သိရသည်။

အဆိုပါ မိတ်ဆက်ပွဲတွင် အခမ်းအနားမှူးအဖြစ် ဆရာအောင်သျှိုင်းမှ ဆောင်ရွက်ပေးခဲ့ပြီး တေးရေးဒီလေး၊ အဆိုရှင် ခန့်ညီသစ်တို့က စာနယ်ဇင်းများကို မိတ်ဆက်အပ်နှံပေးခဲ့ပြီး ဆရာမ ကလျာငြိမ်းစံမှ အမှတ်တရစကားများ ပြောကြားပေးခဲ့သည်။

---

## ရဲရင့်အောင်၏ 'သဝေထိုး ၁ဝေးယပင့်' တေးစီးရီးမိတ်ဆက်

အဆိုတော် ရဲရင့်အောင်၏ "သဝေထိုး ၁ဝေးယပင့်" တေးစီးရီးမိတ်ဆက်ပွဲကို ၁၇-၁၂-၂၀၁၄ ရက်နေ့က Central Hotel ၌ ကျင်းပပြုလုပ်ခဲ့သည်။

Bo Bo Music မှ ကိုဘိုစန်း၊ သားသားတို့က အမှတ်တရစကားများ ပြောကြားပေးခဲ့ပြီး မကြာမီဖြန့်ချိတော့မည်ဖြစ်ကြောင်း သိရှိရပါသည်။

အမ်ဇေ (စုစည်းတင်ပြသည်)

www.burmeseclassic.com

www.burmeseclassic.com

## ဂန္တဝင်နန်းက ပန်းအလင်္ကာ ကဗျာများ

စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ချောင်းဆုံမြို့နယ် စာရေးဆရာအသင်းမှ ထုတ်ဝေလိုက်သော ကဗျာစာအုပ်ဖြစ်ပြီး မွန်ပြည်နယ်ဝန်းကျင်၊ ချောင်းဆုံမြို့နယ်တစ်ခွင်မှ ကဗျာရှင်များ၏ ကဗျာများကို ဖော်ပြထားသည်။ ကဗျာပုဒ်ရေပေါင်း ၁၃၅ ပုဒ်တိတိ ဖော်ပြထားပြီး ရဟန်းစာဆို၊ ကဗျာဆရာ မင်းမောင်နွယ် (မွန်ဌာနီ)က မင်္ဂလာနှုတ်ဆက်စကား ဆိုထားသည်။

ဂန္တဝင်နန်းက ပန်းအလင်္ကာကဗျာများမှာ ဂန္တဝင်အနှစ်သာရတို့ မွှမ်းထုံလျက်ရှိပြီး ဒဿနကဗျာ အနအလှများက ပျားသကာသဖွယ်ချိုသာကြည်မြလျက် နှစ်လိုဖွယ်ကောင်းလှသည်။ ဤစာအုပ်ကို သီရိမွန်စာပေနှင့် မြို့နယ်စာရေးဆရာအသင်းမှ ဖြန့်ချိပေးထားပြီး တန်ဖိုးမှာ ၁၂၀၀ိ/-ကျပ် ဖြစ်သည်။

## ညိုလွမ်းအောင်၏ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်

နရသိန်မဂ္ဂဇင်း၏ ပဲ့ကိုင်မာလိန်မှူးကြီးဖြစ်သော ဆရာညိုလွမ်းအောင်၏ အတွေးစုစာများ ဖြစ်ပြီး နရသိန်မဂ္ဂဇင်း၌ ၎င်းရေးသားခဲ့သော အယ်ဒီတာ့အာဘော်များကို စုစည်းထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

ဤစာအုပ်တွင် တို့မိုလ်ချုပ်၊ ဆန်းသစ်စနိုင်ငံရေး၊ နဖူးတွေ့ ဒူးတွေ့ ဒီမိုကရေစီ၊ ရေးခဲ့မိသော အတွေးများ၊ ငါ့ဝန်ငါထမ်း စစ်ကိုင်းရောက်ရောက် စသည့် အခန်းစဉ်ကလေးများခွဲကာ ဆိုင်ရာဆိုင်ရာ အကြောင်းကဏ္ဍလေးများကို တို့ထိထားသည်။ ရေး၍ရသလောက် ရေးသင့်သည်မှန်သမျှကို ရေးခဲ့သည့်အတွက်လည်း ဆရာညိုလွမ်းအောင်အား စာပေတာဝန်ကျေပွန်သူတစ်ဦးဟု ဆိုရချိမ့်မည်။ ဤစာအုပ်အား တန်ဖိုး ၂၀၀ဝိ/-ကျပ်ဖြင့် ရတနာစာပေအတွက် UNION Publishing House က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## မောင်မိုးလှိုင်(သစ္စာမြေ)၏ လူနဲ့ကဗျာရဲ့အခင်းအကျင်း

ကဗျာဆရာမောင်မိုးလှိုင်(သစ္စာမြေ)၏ စာနယ်ဇင်းအသီးသီး၌ ပုံနှိပ်ဖော်ပြခဲ့ပြီးသော ကဗျာများကို ပြန်လည်စုစည်းကာ "လူနဲ့ကဗျာရဲ့ အခင်းအကျင်း" ဟု အမည်သညာပြု၍ ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ဤစာအုပ်၏ ရှေ့ပိုင်း၌ ဆရာဒေါ်ခင်နွယ်ဆွေ၊ ဆရာဝနေဖြူကျော်ထွန်း၏ စာသား၊ ကဗျာတို့သာမက ဆရာဖျာပုံနီလုံဦး၊ ဆရာမြင့်ဝင်းနီတို့၏ အမှာစာအပြင် ကဗျာရေးသူ၏ နှလုံးသားစာမျက်နှာကိုပါ ဖတ်ရှုရသည်။ ဤစာအုပ်၌ ကဗျာပုဒ်ရေပေါင်း (၇၇)ပုဒ်တိတိကို ဖော်ပြထားပြီး လေးလုံးစပ်အဖွဲ့၊ ခေတ်ပေါ်ဟန်အဖွဲ့များကိုပါ တွေ့ရကာ ကဗျာတိုင်းလိုလိုပင် မှုဝါဒနှင့် အဘိဓမ္မာတို့ရှိကြောင်း အကဲခတ်သိမြင်ရသည်။ ကဗျာချစ်သူများ၏ နှလုံးသားအာဟာရကို ဖြည့်ဆည်းပေးမည့် ဤကဗျာစာအုပ်အား ရန်အောင်စာပေမှ တန်ဖိုး ၁၀၀ဝိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။

## ကောင်းညွန့်ဝေ(ရေစကြို)၏ မြန်မာ့သစ်တင်းစာလောက တစ်ခေတ်ဆန်းတော့မည် သတင်းရောင်းစားသူများ မဖြစ်ပါချေနှင့်

ဆရာကောင်းညွန့်ဝေ(ရေစကြို)၏ "မြန်မာ့သတင်းစာလောက တစ်ခေတ်ဆန်းတော့မည်၊ သတင်းရောင်းစားသူများ မဖြစ်ပါစေနှင့်" ဆောင်းပါးပေါင်းချုပ်စာအုပ်သည် မြန်မာ့မီဒီယာလောကအတွက် လိုအပ်ချိန်တွင် အခါအခွင့်သင့်စွာ ပေါ်ထွက်လာသည့် စာအုပ်တစ်အုပ် ဖြစ်ပေသည်။ စာအုပ်ပါ ဆောင်းပါးများသည် မြန်မာ့အလင်း၊ မြဝတီ၊ ရတနာပုံ၊ ပြည်ထောင်စုနေ့စဉ်နှင့် စံတော်ချိန်သတင်းစာတို့တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

ဤစာအုပ်၌ ဖော်ပြထားသော ဆောင်းပါးများနှင့်ပတ်သက်၍ စာရေးသူ "ဆောင်းပါးအများစုကို သတင်းစာဆရာတစ်ဦး၊ သတင်းထောက်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

အနေဖြင့် ရေးသားထားခြင်းမဟုတ်ဘဲ သတင်းစာချစ်သူများ၏ အမြင်၊ သတင်းစာဖတ်သူတို့၏ ဆန္ဒတို့ကို သတင်းစာချစ်သူ၊ သတင်းစာဖတ်သူတစ်ဦးအနေဖြင့်သာ ရေးသားခဲ့ခြင်းဖြစ်ကြောင်း" ဝန်ခံထားပေသည်။ ဤစာအုပ်အား ဇာကျော်သိန်းစာပေမှ ဖြန့်ချိလိုက်ပြီဖြစ်သည်။

## ကိုရွှေအောင်သင်း၏ သွေးမတိတ်တဲ့ကြယ်နှင့် နိုင်ငံရေးနောက်ခံ ဝတ္ထုတိုစုစည်းမှု

လူငယ်စာရေးဆရာ ကိုရွှေအောင်သင်း၏ လက်ရာကောင်းစာအုပ်တစ်အုပ် ဖြစ်သည်။ စာအုပ်မျက်နှာဖုံးကိုကြည့်လိုက်ကတည်းကပင် အရေးအခင်းနောက်ခံ ဝတ္ထုစာအုပ်မှန်း သိသာနေသည်။ ဤစာအုပ်၌ မိုးသည်းသည်းမှာ လွမ်းစိတ်ပို၊ ဆိုင်သူ၊ ပုဂံဆည်းဆာ၏ ရောဝတီ၊ သွေးမတိတ်တဲ့ကြယ်၊ ပန်းကလေး။ အစောင့်အရှောက်၊ သစ္စာမဆိုဖြစ်ခဲ့သော မင်္ဂလာပွဲ ဟူ၍ ဝတ္ထုခုနစ်ပုဒ် ဖော်ပြထားရာ တကယ့်တကယ် နိုင်ငံရေးနောက်ခံဝတ္ထုဟု ပြောရမည့် ဝတ္ထုမှာမူ "မိုးသည်းသည်းမှာ လွမ်းစိတ်ပို"နှင့် "သွေးမတိတ်တဲ့ကြယ်" နှစ်ပုဒ်သာ တွေ့ရပေသည်။

မည်သို့ပင်ဖြစ်စေ အဆိုပါဝတ္ထုတို နှစ်ပုဒ်ကပင် ဘယ်သောအခါမှ မေ့ဖျောက်၊ မေ့ပျောက်၍မရနိုင်သော သမိုင်းနောက်ခံကို တူးဖော်ပေးနိုင်စွမ်းရှိသည်ကို တွေ့ရရာ ကိုယ်တိုင်ပါဝင် လှုပ်ရှားသွားခဲ့သော စာရေးဆရာ၏ တာဝန်ကျေမှုကို ချီးမွမ်းရမည်ဖြစ်သည်။ ဤစာအုပ်အား နန်းတော်ရာစာပေက တန်ဖိုး ၂၀၀ဝိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။

## ရဲသွေးထက်၏ ဟံသာဝတီဦးဝင်းတင် (သို့မဟုတ်) အမှန်တရားအတွက် ဒူးမထောက်ခဲ့သော သံမဏိလူသား

သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် (သို့) အမှန်တရားအတွက် ဒူးမထောက်ခဲ့သော သံမဏိလူသားမှာ ကွယ်လွန်သွားခဲ့ပေပြီ။ သို့ရာတွင် ၎င်း၏သမိုင်းကား မြင့်မြတ်ကြီးကျယ်စွာဖြင့် ကျန်ရစ်ခဲ့ပေသည်။

သူ့ကို ရဲရင့်ထက်မြက်သောသူ၊ စစ်အာဏာရှင်အောက် ဒူးမထောက်ခဲ့သူ၊ တိုင်းပြည်ကောင်းစားရေးကို လိုလားသူ၊ ပြည်သူ့အတွက်ဆိုလျှင် အသက်စွန့်ရမှာ ဝန်မလေးသူ၊ အနာဂတ်လူငယ်များအတွက် တာဝန်ကျေခဲ့သူ၊ အမှောင်လွှမ်းနေသော မြန်မာနိုင်ငံအား လင်းလက်စေခဲ့သူ၊ ပြည်သူ့အပေါင်းအား မည်းမှောင်နေသည့် အခန်းကျဉ်းလေးထဲသို့ ပို့ဆောင်ထားသော စစ်အာဏာရှင်စနစ်အား အန်တုခဲ့သူ၊ ချော့တိုင်းမပျော့, ခြောက်တိုင်းမကြောက်သူ၊ ရာထူးစည်းစိမ်ကိုမမက် ဒဏ်ရာဒဏ်ချက်တို့ ပြည့်နက်နေသည်ကို အံခဲကာ ကြီးကျယ်သော ဂုဏ်သိက္ခာကို ဆောင်ခဲ့သူအဖြစ် ယူဆကြသည်။ သူကား ဟံသာဝတီဦးဝင်းတင် ဖြစ်ပေသည်။ ထိုထိုသော အကြောင်းခြင်းရာတို့ကို ဆရာရဲသွေးထက်က အကွက်စေ့စေ့ ရေးသားတင်ပြထားပြီး စံလှစာပေက တန်ဖိုး ၃၀ဝိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။

## ဘညိုကြီး၏ လက်ပြတ်သရဲမ

သရဲတစ္ဆေဝတ္ထုများ ပရိသတ်အာရုံရှိနေချိန်ဝယ် ရွှေပဒေသာ သရဲစာစဉ်(၂)အဖြစ် ထုတ်ဝေလိုက်သော စာအုပ်တစ်အုပ် ဖြစ်ပေသည်။ ဤစာအုပ်တွင် လက်ပြတ်နေသော သရဲမကို အဓိကဇာတ်ကောင်အဖြစ် မဏ္ဍိုင်ပြုကာ မကောင်းသူပယ်၊ ကောင်းသူကယ်သည့် ဘဆရာလွယ်အိတ်ကြီး ဦးလောက၊ တာတီး (ခေါ်) ကိုကိုနိုင်နှင့် ၎င်း၏ သူငယ်ချင်းများကို သိုင်းဝိုင်းကာ ကလောင်စွမ်းပြ ရေးသားထားသည့် စာအုပ်ဖြစ်သည်။

စာရေးဆရာ ဘညိုကြီး၏ ပရိသတ်များအဖို့ နှစ်သက်ကျေနပ်စွာ ဖတ်ရှုရမှာဖြစ်ပြီး ဤစာအုပ်အား ရွှေပဒေသာစာပေမှ တန်ဖိုး ၃၀ဝိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်၏။

ကဒေါင်နို


www.burmeseclassic.com

www.burmeseclassic.com




### ဆန်းလှချည်ရဲ့

"အောင်မယ်လေး···အားပါးပါး···နာ···နာ ...ဆရာ"

အချုပ်ခန်းတစ်ခုမှာ ဖြစ်၏။ အချုပ်သားကို ...စစ်ဆေးရန် ခေါ်ထုတ်စဉ် အချုပ်သားထံမှ အော်သံ ...ပေါ်လာခြင်း ဖြစ်၏။

"ဟာ···ပော့ကောင် ငပိန်၊ မင်းကို ရိုက်နှက်ဖို့ ...နဲ့ လက်ဖျားနဲ့တောင် မတို့ရသေးဘူး။ ဘာဖြစ်လို့ ...အသန် အော်ဟစ်နေရတာလဲ"

"ဟုတ်ပါတယ် ဆရာ၊ ဆရာ ကျွန်တော့်ကို ဘာမှ ...န်းနှိပ်စက်တာ မလုပ်ပါဘူး။ ခုဟာက ဆရာ့ဘွတ် ...တ ကျွန်တော့်ခြေသန်းကို ဖိနင်းထားမိလို့"

"အယ်···"

□□□

### အားကိုးမလွှတ်ိုင်ပြုပါမှ

တရားရုံးတစ်ခုအတွင်း၌ နှစ်ဖက်သော ရှေ့နေတို့သည် အမှုနှင့်ပတ်သက်၍ အခြေအတင်ပြောဆိုနေကြရာမှ ငြင်းခုံပေါက်ကွဲကာ ဒေါသမထိန်းနိုင်ဘဲ ပွဲကြမ်းသည့်အနေအထားသို့ ရောက်လာခဲ့သည်။ ဤတွင် အစိုးရရှေ့နေက တစ်ဖက်သော အကျိုးဆောင်ရှေ့နေအား···

"ကိုယ့်ဘာသာကိုယ် ကြိုးဆွဲချပြီး သေလိုက်"

ဟု နင့်နင့်သီးသီး ပြောဆိုလိုက်သည်။ အပြောအဆိုခံရသော ရှေ့နေကလည်း ငြိမ်မနေပါ။ စင်မြင့်ထက်ရှိ ကုလားထိုင်၌ ဥပဒေစာအုပ်တစ်အုပ်ကို လှန်နေသည့် တရားသူကြီးအား -

"တရားသူကြီးမင်းခင်ဗျား···တစ်ဖက်အကျိုးဆောင်က ကျွန်တော့်ကို ပြောလိုက်တာ ကြားပါသလား"

ဟု မေးလိုက်၏။ တရားသူကြီးက ကြားပါကြောင်း ခေါင်းညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com

"တရားသူကြီးမင်း ကြားတယ်ဆိုရင် တစ်ဖက်အကျိုးဆောင်ကို စကားမဆင်မခြင်ပြောဆိုမှုနဲ့ အရေးယူပေးပါ တရားသူကြီးမင်း"

ဤတွင် တရားသူကြီးလည်း ဥပဒေစာအုပ်ကို ဖိတ်လိုက်ပြီး အောက်ပါအတိုင်း အဖြေပေးလိုက်သည် ဟူ၏။

"အင်း…ရှေ့နေကြီးပြောသလို အရေးယူဖို့ရာ ဥပဒေစာအုပ်ထဲ ရှာဖွေကြည့်တော့ သူပြောတဲ့အတိုင်း ခင်ဗျားလုပ်ချင်မှ ဖြစ်တယ်၊ မလုပ်ချင်ရင် ဘာမှမဖြစ်ဘူးလို့ တွေ့ရတယ်"

□□□

## ဆန်းကို မဆန်းတော့ပါ

တရားရုံးမှ တရားသူကြီး၏ စီရင်ချက်အား လာရောက်နားထောင်သော တရားခံ၏ဖခင်သည် နားထောင်ပြီးသည်နှင့် တရားရုံးအတွင်းမှ တည်ငြိမ်အေးဆေးစွာ ပြန်ထွက်လာခဲ့သည်။ ဤတွင် အမှုပွဲစားဖြစ်သူသည် တရားခံ၏ ဖခင်အား စကားသွားပြောလေ၏။

"ပြန်တော့မလို့လား အန်ကယ်ကြီးရယ်၊ လက်ဖက်ရည်လေးဘာလေး သောက်ပါဦးလား"

"မသောက်ချင်ပါဘူးကွာ။ ကိစ္စက ပြီးသွားပြီပဲ။ အိမ်ကိုပဲ ပြန်တာ ကောင်းပါတယ်"

"ဒါထက် အန်ကယ့်သားက ထောင်ခုနစ်နှစ်ကျသွားပြီဆိုတော့ အန်ကယ့်စိတ်ထဲ ဘယ်လိုခံစားရသလဲဟင်"

"ဘယ်လိုမှ မခံစားရပါဘူးကွာ"

"ဟာ…အန်ကယ်ကလည်း။ မဟုတ်တာဘဲ။ ဘာလဲ၊ အန်ကယ်က အန်ကယ့်သား လောကဓံတရားကို ကြံ့ကြံ့ခံနိုင်အောင် ပစ်ထားတဲ့သဘောလား"

"ဟုတ်ပါဘူးကွာ။ ငါ့သားက ခုလိုမျိုး မကြာခဏဆိုသလိုပဲ ထောင်ကျနေကျဆိုတော့ ငါ့အတွက် မဆန်းတော့ပါဘူး။ ခု ငါလာတာကလည်း သင်း ဘယ်နှနှစ်ကျလဲဆိုတာ နားနဲ့ဆတ်ဆတ် ကြားချင်လို့ လာခဲ့တာကွ"

အမှုပွဲစား ပါးစပ်ပိတ်သွားပါလေ၏။

□□□

## သက်သေစုံပါမှ

မြို့နယ်တရားရုံးတစ်ရုံး၏ တရားခွင်တစ်ခု၌ ဖြစ်[illegible] သည်။ တရားသူကြီးသည် တရားခံဖြစ်သူအား အမှုစစ်ဆေး[illegible] နေ၏။

"မောင်ရင့်ရဲ့အမှုက ဒေါသစိတ်ကို မထိန်းချုပ်နိုင်ဘဲ[illegible] လက်ရောက်ကျူးလွန်ခဲ့တယ်ဆိုတော့ မောင်ရင့်မှာ အပြစ်ရှိ[illegible] သလား။ အပြစ်မရှိဘူးလား"

"အပြစ်ရှိတယ်လို့ မပြောနိုင်သေးပါဘူး တရားသူ[illegible] ကြီးမင်း"

တရားခံ၏စကားကြောင့် တရားသူကြီးနှင့်တက[illegible] တရားခွင်အတွင်းရှိသူများမှာ တအံ့တဩ ဖြစ်သွားကြသည်[illegible] ဤတွင် တရားသူကြီးက -

"ဘယ်လိုကြောင့် အပြစ်ရှိတယ်လို့ မပြောနိုင်သေး[illegible] တာတဲ့လဲ"

ဟု မေးလေရာ တရားခံလည်း အောက်ပါအတို[illegible] ဖြေကြားပြောဆိုပါလေ၏။




www.burmeseclassic.com

www.burmeseclassic.com

"ဘာ့ကြောင့်ဆို သက်သေအစုံအလင်နဲ့ သူတို့ရဲ့ ထွက်ဆိုချက်တွေကို မကြားရသေးလို့ပါ တရားသူကြီးမင်း ခင်ဗျား"

ooo

**ကျားတို့၏ မာယာ**

နိုင်းမွန်းဘာရားသားအကျိုးဆောင်လုပ်ငန်းမှ အကျိုးဆောင်ကြီးဖြစ်သူ ဦးမောင်မောင်ရှိန်လင်း(ရပ်စောက်) တစ်ယောက် အသက်ရှစ်ဆယ်နား ရောက်နေသည့်တိုင် ကျန်းမာရေးက ခေါင်ခေါင်မြည်နေဆဲမို့ တစ်မြန်နေ့က အသက် ၁၉ နှစ်သာရှိသေးသည့် လုံးကြီးပေါက်လှ မိန်းမငယ်ကလေးအား လက်ထပ်ယူလိုက်သည်။ ဦးမောင်မောင်ရှိန်လင်း(ရပ်စောက်)မှာ ကြွယ်ဝချမ်းသာသူဖြစ်ရကား ၎င်း၏ မိတ်ဆွေသင်္ဂဟတို့အား ရန်ကုန်မြစ်တွင်း အပျော်စီးသင်္ဘောပေါ်၌ ညှော်ခံကျွေးမွေးပွဲကလေး ပြုလုပ်ခဲ့သည်။

"ဘယ်လည်း စွံလုပ်ပါကလား ဆရာဦးမောင်မောင်ရှိန်လင်းရယ်။ ဘယ်လိုနည်းနဲ့များ မိန်းမငယ်ငယ်၊ ချောချော တောင့်တောင့်၊ ဖြောင့်ဖြောင့်ကလေးကို အရယူနိုင်ခဲ့တာပါလိမ့်"

သည်သို့သော အားလုံးသိလိုသည့်အမေးအား ကာယကံရှင် ဦးမောင်မောင်ရှိန်လင်းသည် အောက်ပါအတိုင်း ပြောပြခဲ့လေသတတ်။

"လွယ်ပါသော်ကော ဘော်ဒါဘော်ချက်တို့ရယ်၊ ကျုပ်အသက် ၉၈ နှစ်ပြည့်တော့မယ်လို့ တစ်ခွန်းတည်းပဲ ပြောလိုက်တာပါ"

ooo

**ကျိန်းသေတာကတော့**

စီးပွားရေးလုပ်ငန်းခွင် ချွတ်ချော်တိမ်းပါးသဖြင့် ဦးဖက်တီးတစ်ယောက် စိတ်ထဲ ခပ်ညစ်ညစ်ဖြစ်ကာ လမ်းဘေးဘီယာဆိုင်တစ်ဆိုင်သို့ ဝင်ထိုင်လိုက်သည်။ ဤတွင် မမျှော်လင့်ဘဲ မီးအာမခံဌာနမှ မိတ်ဆွေတစ်ဦးနှင့် ဆုံစည်းလိုက်ရ၏။ ဘီယာသောက်၊ အမြည်းစားရင် ဦးဖက်တီးက သူသိလိုသမျှကို မေးမြန်းနေ၏။

"ကျုပ်ရဲ့အလုပ်ရုံကို မီးအာမခံထားရင် ဘယ်လို အကျိုးအမြတ်ရနိုင်သလဲ"

"ဟာ...ရနိုင်တာပေါ့ဗျာ။ တကယ်လို့များ ခင်ဗျားရဲ့ အလုပ်ရုံ မီးလောင်ခံရရင် သိန်း ၃၀၀ လောက်ကတော့



www.burmeseclassic.com

အောက်ထစ်ပဲ"

"ဟာ · · · ဒါဆို အတော်ပဲ။ ကျုပ်အလုပ်ရုံကို မီးအာမခံထားမယ်လေ။ အာမခံထားပြီးတဲ့နောက် ကျုပ်အလုပ်ရုံကို မီးရှို့လိုက်ရင် ခင်ဗျားခန့်မှန်းပြောဆိုတဲ့ ငွေသိန်း ၃၀၀ ရကရော မဟုတ်လား"

ထိုအခါ မီးအာမခံဌာနမှ မိတ်ဆွေက · · ·

"အင်း · · · ငွေသိန်း ၃၀၀ တော့ မသေချာဘူး။ အသေချာဆုံးကတော့ အလုပ်ရုံမီးရှို့မှုနဲ့ ကျိန်းသေ ထောင်ကျမယ်ဆိုတာပဲ"

ဟု ပြောဆိုလိုက်လေ၏။

□□□

## ကံကောင်းနေတာတောင်မှ

အိမ်ထောင်ရေးအဆင်မပြေသော ရှေ့နေကြီးဦးနက်မောင်၏ ရုံးခန်းသို့ ဖဲသမားညွန့်တင်ဆိုသူ ရောက်လာပြီး လာရင်းကိစ္စကို ဖွင့်ဟတိုင်ပင်လေ၏။

"နေပါဦး၊ မောင်ရင်က ကိုယ်ချစ်ခင်နှစ်သက်လို့ ယူခဲ့တဲ့ မိန်းမကို ဘာဖြစ်လို့ ကွာရှင်းချင်ရတာတဲ့လဲ"

"ဘာဖြစ်လို့ဆို ကျွန်တော့်ကို စကားတစ်ခွန်းမှ ပြန်မပြောတာ နှစ်လလောက်ရှိပြီ ဆရာရဲ့၊ အဲဒါကြောင့်ပါ"

ဤတွင် ရှေ့နေကြီးဦးနက်မောင်လည်း -

"တောက် · · · မောင်ရင်နယ်၊ ကိုယ့်ကိုယ်ကို ကံကောင်းလို့ ကံကောင်းမှန်း မသိဘူးလား။ ငါဆိုရင် ခုလိုမျိုး စကားနှစ်လ မပြောနဲ့၊ တစ်နာရီးလေးလောက်တောင် ပါးစပ်မပိတ်တဲ့ မိန်းမကြောင့် စိတ်တစ်အုံလုံး ညစ်နေတာကွ။ သွားကွာ · · · သွား၊ ငါကွာတာရှင်းတာတွေ လုပ်မပေးနိုင်ဘူး"

ဟူ၍ ပြောဆိုလိုက်လေသတတ်။

□□□

## စံပြရှေ့နေလောင်း

ရှေ့နေအတတ်သင်တန်းတစ်ခုတွင် ဝါရင့်ရှေ့နေကြီး ဦးနက်မောင်သည် နောက်ဆုံးနှစ်သင်တန်းသားတို့အား သင်ခန်းစာများကို သင်ကြားပို့ချပေးလျက်ရှိ၏။



"မင်းတို့ဟာ မကြာခင် ရှေ့နေစာမေးပွဲ ဝင်ဖြေကြရတော့မယ်။ အောင်မြင်သွားတဲ့အခါ ချိန်ဘာဆင်းကြရမယ်။ ပြီးတော့မှ အမှုလိုက်ရမယ်ပေါ့။ သည်မှာ မင်းတို့ကို မေးချင်တယ်"

အမှုသည်တစ်ယောက်က အမှုလာအပ်တဲ့အခါမှာ ပထမဆုံး ဘာလုပ်ရမလဲဆိုတာပဲ"

ဤတွင် တစ်ယောက်တစ်ပေါက် အဖြေပေးကြ[...] ထူးခြားမှု သိပ်မရှိ။ ထိုအချိန်ဝယ် တစ်ချိန်လုံး နှုတ်ဆိတ်[...] လျက်ရှိသော သင်တန်းသားတစ်ယောက်က ထိုင်ရာ[...] ချက်ချင်းထရပ်လျက် -

"ဟုတ်ကဲ့ ဆရာ၊ ပထမဆုံး လုပ်ရမှာကတော့ အမှုလာအပ်တဲ့ အမှုသည်ဟာ ဘယ်လောက်ချမ်းသာ[...] ငွေကုန်ကြေးကျဘယ်လောက်ခံနိုင်သလဲဆိုတာ ကြည့်[...] ပါပဲ"

ဟူ၍ ပြောလိုက်လေ၏။

မြို့မေတ္တာခံယူမ[...]

ကိုရွှေတော[...]



www.burmeseclassic.com

www.burmeseclassic.com

# ကွိတ်

■ ဆင်ဖြူကျွန်းအောင်သိန်း

မဇ္ဈိမဒေသလာ စာပေကျမ်းဂန်များတွင် "ပြည့်တန်ဆာ"ဟု ခေါ်သော မိန်းမကို မြန်မာပြည်၌ အမည်ပေါင်းများစွာဖြင့် ခေါ်ဝေါ်ကြသည်။ သို့သော် ယောကျ်ားပေါင်းများစွာထံမှ အခကြေးငွေယူကာ ပေါင်းဖော်သော မိန်းမကို ပြည့်တန်ဆာဟု ခေါ်ခြင်းတစ်ခုသာ တူညီ၏။ ကျန်သောအချက်များ၌ များစွာကွဲလွဲ ခြားနားသည်။

စာပေကျမ်းဂန်များ၌လာသော မဇ္ဈိမဒေသထွက် ပြည့်တန်ဆာမှာ ပြည့်ရှင်မင်းက ခန့်အပ်သူ ဖြစ်သည်။

ပြည့်ရှင်မင်းက ပြည့်တန်ဆာအဖြစ် ခန့်အပ်ခံရသော မိန်းမသည် ရုပ်အဆင်းလှပရသည်၊ နှစ်သက်သော ယောကျ်ားတွေ ဝိုင်းဝိုင်းလည်နေသည်၊ မျိုးရိုးကောင်းသည်၊ ကျန်းမာရေးကောင်းသည်၊ ထိုမိန်းမကို အကြောင်းပြု၍ မြို့ရွာတွင် လူဝင်၊ လူထွက် များပြားစည်ကားသည်ကို အကြောင်းပြု၍ ထိုမိန်းမကို ပြည့်တန်ဆာဟု ခေါ်၏။

ထိုပြည့်တန်ဆာမနှင့် တစ်ညတာ ပျော်ပါးခမှာ တစ်ထောင်ကျပ် ဖြစ်သည်။ မြန်မာဘုရင် မင်းတုန်းမင်းလက်ထက်က စပါးဈေးမှာ တစ်တင်းကို ငါးမူးဖြစ်သည်။ ငါးမူးကို ပြားငါးဆယ်ဟု ဘာသာပြန်ရန် မသင့်ပါ။ မင်းတုန်းမင်းလက်ထက်က စပါးဈေးနှင့် သီရိမာလက်ထက်က စပါးဈေး တူညီသည်ဟု သတ်မှတ်ဦးတော့ ပြည့်တန်ဆာမနှင့် တစ်ညတာပျော်ပါးခမှာ စပါးတင်းနှစ်ရာ ဖြစ်သည်။

ထိုခေတ်က ပြည့်တန်ဆာမများသည် အကာအကွယ်ပစ္စည်းမသုံးပါ။ ဆေးဝါး မသုံးစွဲပါ။ သက်သေပြရသော် ဇီဝကခမိခင် ဖြစ်သည်။ ထိုပြည့်တန်ဆာမသည် ကိုယ်ဝန်ရှိသည်ဟု သိလျှင်သိချင်း လူလက်မခံတော့ပေ။

သို့ရာတွင် ထိုပြည့်တန်ဆာမများမှာ သိမ်သိမ်ငယ်ငယ် မဟုတ်ပေ။ အခိုင်းအစေ ယောကျ်ား၊ မိန်းမများ ထားရှိနိုင်သည်။ မယားအဝှာအဖြစ် အဝှာလိုက်ကြကြောင်းကို ဇာတ်ဝတ္ထုများ၌ တွေ့ရ၏။ ပြည့်ရှင်မင်း၊ ၎င်း၏မယ်တော်တို့နှင့် တန်းတူ သီလစောင့်သူများစာရင်းတွင် ထည့်သွင်းဖော်ပြထားသည်ကိုလည်း တွေ့ဖူး၏။

ကြေးအဖြစ် အသပြာတစ်ထောင် ဆိုသောအခါ မတတ်နိုင်သူက များလိမ့်မည်ဟု ခန့်မှန်းရသည်။ ဘုရင့်အမိန့်အရ ယောကျ်ားတကာနှင့် ဆက်ဆံရသော အလုပ်ကို လုပ်ရစေကာမူ သစ္စာရှိ၏။ ဤတစ်ယောက်ထံမှ ငွေကြေးလက်ခံထားပါက အခြားသူများကို လက်မခံပေ။

ပြည့်ရှင်မင်း၏ အမိန့်အရ ယောကျ်ားတကာ၏ မယားအဖြစ် ခံယူရစေကာမူ ပြည့်တန်ဆာမများသည် သူတို့၏အလုပ်ကို မကောင်းမှုဟု မသတ်မှတ်ကြပေ။ ယောကျ်ားများနှင့် ပေါင်းသင်းဆက်ဆံပြီး ကိုယ်ဝန်ရှိလာပါက ဖျက်မချဘဲ မွေးသည်။ မွေးလာသောကလေးသည် မိန်းကလေးဖြစ်ပါက ထားသည်။ ယောကျ်ားလေးဖြစ်ပါက စွန့်ပစ်သည်။

မြန်မာနှင့် မဇ္ဈိမဒေသထွက် ကျမ်းအချို့၏ အဆိုများမှာ လွန်စွာကွဲပြားခြားနားသည်။ မြန်မာမှာ ပြည့်တန်ဆာမရှိပေ။ "ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေ" စသည်ဖြင့် အသုံးအနှုန်းသာ ရှိသည်။ အကြောင်းမှု ငွေကြေးယူပြီး ကိုယ်ကိုရောင်းစားသူများမှာ တိုင်းပြည်၏ အဆင်တန်ဆာ မဖြစ်သောကြောင့်တည်း။

ရှေးက မြန်မာသည် ကျေးရှိ၏။ ကာယိန္ဒြေ စောင့်ထိန်း၏။ လွန်စွာ အရှက်အကြောက်ကြီး၏။ သို့ကြောင့် ကျေးသိက္ခာနည်းသော မိန်းမများကို ဤသို့ သမုတ်ကြ၏။

"မိန်းမရှုင်"

၁၇၇၆ ခုနှစ်တွင် မြန်မာအမျိုးသမီးတစ်ယောက်ကို "မိန်းမရှုင်"ဟု ခေါ်ပါက နားကြည်းသူ၊ စိတ်ဆိုးသူ ရှားပါးပေ

www.burmeseclassic.com

လိမ့်မည်။ သို့ရာတွင် မြန်မာ့အလိုအရ မိန်းမရှုင်သည် မိန်းမကောင်း မဟုတ်ပေ။ မိန်းမရှုင်ပြီးလျှင် မိန်းမပျက်၊ သို့မဟုတ် အရပ်ပျက်ဟု ခေါ်ကြ၏။

ကုန်းဘောင်ခေတ် ကုန်ခါနီးတွင် "ပခြုပ်"ဟူသော ဝေါဟာရကို ပြည့်တန်ဆာနေရာတွင် တွေ့ရ၏။ ဝိဇယပြဇာတ်တွင် "အရင်းမထုတ် စီးပွားလုပ်သည့် ပခြုပ်မ"ဟု တွေ့ရသည်။

ဝါးဖြင့်ရက်လုပ်သော ပခြုပ်၊ ထန်းကြောဖြင့် ရက်လုပ်သော ဖာတို့သည် ပစ္စည်း။ အထူးသဖြင့် အဝတ်အထည် ထည့်သွင်းသိုမှီးရာ နေရာများဖြစ်ကြ၏။ ဤသည်ကို အစွဲပြုလျက် ပြည့်တန်ဆာများကို ပခြုပ်မဟူ၍လည်းကောင်း၊ ဖာသည်ဟူ၍လည်းကောင်း ခေါ်တွင်ဟန်တူပေသည်။

ဖာသည်သည် ပြည့်တန်ဆာမဟုတ်ပေ။ ပြည့်တန်ဆာမှာ မြို့ရွာစည်ကားအောင် တန်ဆာဆင်ပေးသူ ဖြစ်၏။

ကုန်းဘောင်ခေတ် အနှောင်းပိုင်းတွင် ပြည့်တန်ဆာဟူ၍ အယဉ်ဖက်ပြီး ခေါ်ရမည့် ဖာသည်များပေါ်နေပြီ။ ထိုဖာသည်ကို အစွဲပြုပြီးဖြစ်ပွားသော ကာလသားရောဂါခေါ် ဖာကျိုးရောဂါများ ရှိနေခြား ဒုတိယကမ္ဘာစစ်ပြီးမှသာ ကာလသားရောဂါကို ကောင်းစွာနိုင်နင်းသော ပင်နီဆီလင်ကို ထုတ်လုပ်နိုင်သည်။ အက်ဖ်အလ်နှင့် ကွန်ဒုံးမှာ ကာကွယ်ရေးပစ္စည်းများ ဖြစ်သည်။

လယ်များသို့ ရေပေးဝေသော "ရေလွှဲဆည်"သည် မြို့ထဲရွာထဲ၌ မတည်ရှိပါ။ ထိုရေလွှဲဆည် ချွတ်ယွင်းသောအခါ ဆန်တစ်ပြည်ကုန်၊ နှစ်ကုန်ကုန် စသည်ဖြင့် လယ်သမားများ စုဝေးရောက်ရှိလာကြ၏။ ပြည့်တန်ဆာဟုခေါ်ရမည့် မိန်းမများလည်း ရောက်လာသဖြင့် ယောက်ျားရှိလျှင် သူတို့ရှိသည် ဆိုရဖွယ်ဖြစ်၏။

လူနေအိမ်ခြေ အတန်အသင့်များသော ရပ်ကြီးများ၊ တောမကျ၊ မြို့မကျ နေရာများတွင် မကောင်းသော ထိုမိန်းမများ ရှိကြသည်။ ရှိပုံမှာ နည်းအမျိုးမျိုးဖြင့် ဖြစ်ချေသည်။

အိမ်နီးချင်းတိုင်းပြည်တစ်ပြည်တွင် ပြည့်တန်ဆာခေါ် ထိုဒုစရိုက်မယ်များကို ထိုအလုပ်လုပ်ခွင့် လိုင်စင်ထုတ်ပေးထားသည်။ အစိုးရခန့် ဆရာဝန်က တစ်ပတ်တစ်ကြိမ် ဆေးစစ်ပြီး ထောက်ခံရသည် ဟူ၏။ မြန်မာပြည်တွင်ကား ကိုလိုနီခေတ်ရော၊ လွတ်လပ်ရေးရပြီးခေတ်တွင်ပါ ဖာလိုင်စင်မပေးပါ။

သို့ရာတွင် လူပေါ်ကြောများ ပေါ်ပေါက်လာခြင်းသည် ထူးဆန်းသည့် လူနှစ်မျိုးကို မွေးဖွားပေးခြင်းဖြစ်သည်။ ထိုနှစ်မျိုးမှာ ဖာခေါင်းနှင့် ဖာဆွယ်များ ဖြစ်၏။ မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်မီး ပြင်းထန်စွာ တောက်လောင်စဉ်က ကျေး လက်သူ၊ ကျေးလက်သားများသည် မြို့ကြီးများသို့ ပြေးဝင်ခိုလှုံကြ၏။ ဤတွင် ဒုစရိုက်မယ်များ မလွှဲမရှောင်သာဘဲ ပေါ်ပေါက်လာရ၏။

ရန်ကုန်တွင် "အလီမှုလာ"သည် နာမည်ကြီး ပြည့် တန်ဆာတန်း(ဖာတန်း)ဖြစ်သည်။ ထိုအလုပ်ကို လုပ်စားသူ များမှာ တရားဝင်ရပ်တည်ခွင့် မရှိပါ။ ထိုခေတ် ရဲများကို လူဖြင့်လည်းကောင်း၊ ငွေကြေးဖြင့်လည်းကောင်း အခွန်ဆေ ဆက်ကြရသည်။

ဒုတိယကမ္ဘာစစ်နှင့် ပထမကမ္ဘာစစ်တို့၏ ကြားကာလ အချိန်များ၌ ကာလသားရောဂါ နှိပ်စက်သောကြောင့် အိမ် ထောင်မဲ့၊ အိမ်ထောင်ရှိ ယောက်ျားများ ဒုက္ခရောက်ကြရသည်။ အိမ်ထောင်ရှင်ယောက်ျားများမှာ မယားသို့၊ ထိုမှ သားသမီး များသို့ ရောဂါကူးစက်သောအခါ ကြေကွဲဖွယ်ဖြစ်ကြရ၏။ တက်ဘုန်းကြီးသိန်းဖေသည် တက်ခေတ်နတ်ဆိုးဖြင့် ပညာ ပေးခဲ့သည့်နည်းတူ မဟာဆွေသည်လည်း "မြို့ဗိုမောင်"ဝတ္ထု ဖြင့် ကာလသားရောဂါတိုက်ဖျက်ရေး ဝတ္ထုရေးသားထုတ်ဝေ ခဲ့၏။ ရေးအခါက အကာအကွယ်ပစ္စည်း အက်ဖ်အလ် သုံး၍ ယခု ကွန်ဒုံးကို ကျားရော၊ မပါ သုံးစွဲနေကြပြီ။

မဇ္ဈိမဒေသ၌ ပြည့်တန်ဆာ၏အစသည် မင်းမိန် ခြား မြန်မာနိုင်ငံ၏ ပြည့်တန်ဆာအစမှာ နယ်ချဲ့ယဉ်ကျေး ဖြစ်သည်။ ထမင်းကြမ်းကို ယပ်ခတ်စားနေသော မြန်မာ့ အဖွဲ့အစည်းအတွင်းသို့ ၁၈၅၂ ခုနှစ်မှ စတင်ပြီး နယ် ယဉ်ကျေးမှုများ သိသိသာသာ ထိုးဖောက်ဝင်ရောက်လာရ စတင်ခဲ့သည်။

ယောက်ျားဖျင်း ပုလိပ်၊ မိန်းမဖျင်း ကွိတ်ဟူ၍ မြန် ဝံသာနုများက ကိုလိုနီခေတ်လုံခြုံရေးအမှုထမ်းများကို ရှုံ့ချသ စကား တီထွင်ခဲ့ကြ၏။ ဤတွင်ပါဝင်သော ကွိတ်မှာလည်း ပြည့်တန်ဆာပင် ဖြစ်သည်။ ကွိတ်ကို လူသုံးနည်း၍ သတင်း ဆရာကြီးများတီထွင်သောအမည်မှာ "ဇိမ်မယ်"ဖြစ်၍ လမ်း တက္ကသိုလ်မှ ထုတ်လုပ်သောအမည်မှာ "ကြက်"ခေတည်

ဆင်ဖြူကျွန်းအောင်သိ

www.burmeseclassic.com

# အတိတ်မှ
# ဖြစ်ရပ်မှန်မှုခင်းများ




▢ လှမိုး(ပညာရေး)

ကျွန်တော်ရေးသားဖော်ပြမည့် ဖြစ်ရပ်မှန် မှုခင်းကြီးနှစ်မှုမှာ ကိုလိုနီခေတ် ဗြိတိသျှမြန်မာနိုင်ငံတွင် ထိုးဟိုးကျော်ခဲ့သော ဧရာဝတီမြစ်တွင်းသွား ခရီးသည်နှင့် ကုန်တင်သင်္ဘောကြီးနှစ်စင်း မီးလောင်ကျွမ်းမှုနှစ်မှုဖြစ်ပါသည်။ ထိုမှုခင်းကြီးနှစ်မှုနှင့် ပတ်သက်၍ ထိုစဉ်က မြန်မာနိုင်ငံမှာ ထုတ်ဝေသော ဩဇာတိက္ကမ အကြီးမားဆုံး သတင်းစာကြီးနှစ်စောင်ဖြစ်သော သူရိယသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာကြီးများက အကျယ်တဝင့် ရေးသားဖော်ပြခဲ့သည်။ သူရိယမဂ္ဂဇင်းနှင့် ဒဂုံမဂ္ဂဇင်းကြီးတို့တွင်လည်း ထိုခရီးသည်နှင့် ကုန်တင်သင်္ဘော မီးလောင်ကျွမ်းရမှု သတင်းဆောင်းပါးများကို ဓာတ်ပုံသာဓက . အထောက်အထားများ ရေးသားဖော်ပြခဲ့ကြသော်လည်း ဗြိတိသျှအာဏာပိုင်များကမူ ထိုမီးလောင်မှုကြီးများနှင့် ပတ်သက်၍ မည်သို့မည်ပုံ အရေးယူဆောင်ရွက်သည်ကို ရှင်းရှင်းလင်းလင်း မသိခဲ့ရပေ။

အကြောင်းအားလျော်စွာ ကျွန်တော်သည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက မွေးဖွားခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသောအခါ လူလူသူသူ လူလားမြောက်ခဲ့သည်။ အလယ်တန်းကျောင်းသား စာစုံဖတ်သူတစ်ဦးလည်းဖြစ်ရာ ထိုသင်္ဘောကြီးနှစ်စင်း မတော်တဆမီးလောင်ခဲ့စဉ်က ထူးခြားဖြစ်စဉ်များအကြောင်း မှတ်တမ်းမှတ်ရာများကို လက်လှမ်းမီသလောက် ဖတ်ရှုခွင့်ရခဲ့သည်သာမက ထိုဖြစ်စဉ်များကို မီခဲ့ကြသော ကျွန်တော့်ဦးလေးများ၊ အဒေါ်များ ပြောပြသည့် ပါးစပ်ဂေဇက်သတင်းများကိုလည်း နားမဆံ့အောင် ကြားခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီး အင်္ဂလိပ်စာ လူလူသူသူ ဖတ်နိုင်သောအခါတွင်မှ ထိုဖြစ်ရပ်များနှင့် ပတ်သက်၍


www.burmeseclassic.com

သက်ဆိုင်ရာတာဝန်ရှိသူများ ရေးသားခဲ့သည့် မှတ်တမ်းများကို ဖတ်ရှုရခဲ့ရာမှာ ဤသင်္ဘောကြီးနှစ်စင်း မီးလောင်ရမှု မှုခင်းကြီးကို ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။

ထိုမီးလောင်မှုကြီး ဖြစ်ပွားခဲ့ရသော သင်္ဘောကြီးများဖြစ်သည်။ ဧရာဝတီမြစ်ကြောင်းသွား 'ရှိုးမ'နှင့် 'ကက်ရှမီးယား' သင်္ဘောကြီးနှစ်စင်းမှာ ဧရာဝတီဖလော်တီလာ ကုမ္ပဏီ၊ အရပ်ခေါ် ဧရာဝတီသင်္ဘောကုမ္ပဏီပိုင်သင်္ဘောကြီးများဖြစ်ရာ အလျဉ်းသင့်သဖြင့် ဧရာဝတီဖလော်တီလာကုမ္ပဏီအကြောင်း အနည်းငယ်ရေးသားဖော်ပြရမည် ဖြစ်ပါသည်။

သမိုင်းမှတ်တမ်းများအရ ဗြိတိသျှအစိုးရသည် အထက်မြန်မာနိုင်ငံအား ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် သိမ်းပိုက်ခြင်းမပြုမီကပင် မြန်မာနိုင်ငံအား ကုန်သွယ်ရေးအရ အထူးစိတ်ဝင်စားခဲ့၏။ ဤကဲ့သို့ စိတ်ဝင်စားရခြင်းမှာလည်း မြန်မာနိုင်ငံ၏ သစ်နှင့် သစ်တောထွက်ပစ္စည်းများနှင့် အခြားသယံဇာတ အခြေအမြစ်များကြောင့် မဟုတ်ပါ။ ထိုစဉ်က ဗြိတိသျှကုန်သည်ကြီးများနှင့် ဗြိတိသျှနယ်ချဲ့အစိုးရတာဝန်ရှိသူများသည် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ သယံဇာတ အခြေအမြစ်များနှင့် သစ်တောများအကြောင်း စနစ်တကျ လေ့လာထားမှုမရှိခဲ့။ အဓိကအကြောင်းရင်းမှာ တရုတ်နိုင်ငံအား နောက်ဖေးပေါက်ဖြစ်သော အထက်မြန်မာနိုင်ငံမှ ဝင်လိုသောကြောင့် ဖြစ်၏။ တရုတ်နိုင်ငံအား နောက်ဖေးပေါက်မှ ဝင်ရလျှင် အလွန်ကျယ်ပြန့်သော ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းကို လုပ်ကိုင်နိုင်မည်ဖြစ်ရာ အမြတ်အစွန်း သောက်သောက်လဲရမည်ဟု ဗြိတိသျှကုန်သည်ကြီးများက ယူဆထားကြသည်။ ထိုအထင်ပင်လျှင် ဗြိတိသျှကုန်သည်ကြီးများအသင်း၏ စိတ်ကူးယဉ် လေထဲတိုက်အိမ်ဆောက်သော အိပ်မက်ဖြစ်သည်။ ထိုအချက်သည် နောင်နှစ်ပေါင်းများစွာ ကြာမြင့်သည်အထိ ဗြိတိသျှတို့၏ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒအဖြစ် တည်ရှိခဲ့၏။

ထိုကာလက တရုတ်နှင့် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးပမာဏမှာ အတော်အသင့် ကြီးမားခဲ့သည်။ လားဝန်တင်လမ်းခရီးနှင့် မြစ်ကြောင်းခရီးတို့မှတစ်ဆင့် တရုတ်တို့သည် လက်ဖက်ခြောက်တို့ကို မြန်မာနိုင်ငံမှထွက်သော ဝါဂွမ်း၊ ဆားနှင့် ကျောက်စိမ်းတို့နှင့် ဖလှယ်ကြသည်။ တရုတ်တို့၏ ပိုးထည်နှင့် ကြွေထည်၊ အိုးခွက်ပန်းကန်များသည် ဥရောပတိုက် လူကုံထံလောကတွင် ခေတ်စားနေသော ပစ္စည်းများဖြစ်ကြရာ ဗြိတိသျှကုန်သည်ကြီးများ တရုတ်နိုင်ငံနှင့် ကုန်စည်ကူးသန်းရန် စိတ်စောနေသည်မှာ ဘာဆန်းသလဲဟု ဆိုရပေမည်။ ထိုစဉ်က ဗြိတိသျှအာဏာပိုင်တို့၏ ကူးသန်းရောင်းဝယ်ရေးဝါဒမှာ မြန်မာနယ်စပ်ရှိ ဗန်းမော်မြို့ကိုဖြတ်၍ ယူနန်သို့ သွားသော လမ်းဖွင့်ကာ ကူးသန်းရောင်းဝယ်ရန် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပြည်၏ ဗန်းမော်အထိ သွားရန်ကိုမူ ဧရာဝတီမြစ်ကို အဓိကဝင်မလမ်းအဖြစ် အသုံးပြုရမည်ဖြစ်၏။ သို့ဖြစ်၍ ဧရာဝတီမြစ်ကြောင်းအတိုင်း ဗန်းမော်နှင့် အစုန်အဆန် သွားလာနိုင်ရန် မြစ်ကြောင်းသွား ကုန်တင်နှင့် ခရီးသည် တင် သင်္ဘောအုပ်စုဖွဲ့ရန် ဗြိတိသျှအာဏာပိုင်များသည် စိတ်ဝင်စားလာခဲ့ကြ၏။

ဤတွင် ထိုကာလက အောက်မြန်မာနိုင်ငံအား ခရစ်နှစ် ၁၈၅၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဗြိတိသျှ-မြန်မာစစ်ပွဲဖြင့် သိမ်းပိုက်ထားသော ဗြိတိသျှအစိုးရသည် ပုဂ္ဂလိက မီးသင်္ဘောကုမ္ပဏီများနှင့် အစိုးရတို့ သဘောတူညီမှုရလျှင် စရိတ်သက်သာလာမည်သာမက ကုန်စည်ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးလာမည်ဟု ယူဆထား၏။

ထိုအယူအဆအား အကောင်အထည်ဖော်ရန် ဗြိတိသျှအာဏာပိုင်များသည် အဆောတလျင် စီမံခဲ့ကြ၏။ ထိုကာလက အောက်မြန်မာနိုင်ငံရှိ မြစ်ချောင်းများအတွင်း သယ်ယူပို့ဆောင်ရေးကို တာဝန်ယူနေကြသော ကုမ္ပဏီများထံမှ တင်ဒါခေါ်ယူခဲ့၏။ ထိုကိစ္စအတွက် တင်ဒါတင်သွင်းသော ကုမ္ပဏီများအနက် ဈေးနှုန်းသက်သာ၍ စည်းကမ်းချက်နှင့် ညီညွတ်သော တော့(ဒ်)ဖင်လေကုမ္ပဏီ"Todd-Finlay"က တင်ဒါရရှိသွားခဲ့သည်။

ထို့ကြောင့် အောက်မြန်မာနိုင်ငံရှိ ဗြိတိသျှအစိုးရပိုင် မြစ်ချောင်းသွား မီးသင်္ဘောများကို သတ်မှတ်ထားသည့် စည်းကမ်းနှင့်အညီ အသုံးပြုရန် အထက်ဖော်ပြပါ ကုမ္ပဏီအား ခရစ်နှစ် ၁၈၆၃ ခုနှစ်တွင် လွှဲပြောင်းပေးအပ်ခဲ့၏။ တော့(ဒ်)ဖင်လေနှင့် ကုမ္ပဏီများသည် ခရစ်နှစ် ၁၈၆၈ ခုနှစ်တွင် နိုင်ငံတကာ ပြည်တွင်းရေကြောင်းသွားလာရေး ကုမ္ပဏီများအားလုံးက မော့ကြည့်ခဲ့ရသော ဧရာဝတီဖလော်တီလာကုမ္ပဏီ (Irrawaddy Flotta Company) အမည်ဖြင့် ကုမ္ပဏီအသစ် တည်ထောင်ဖွဲ့စည်းခဲ့လေသည်။ ထိုကာလက ဧရာဝတီဖလော်တီလာကုမ္ပဏီ၊ အရပ်အခေါ် ဧရာဝတီမီးသင်္ဘောကုမ္ပဏီသည် နောက်ဆုံးပေါ် ဒလက်တပ်ထားသော သင်္ဘော ၁၁ စီးနှင့် တွဲသမ္ဗန် ၃၂ စီးတို့ဖြင့် စတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ကို ဖြတ်သန်း၍ ရန်ကုန်-ပုသိမ် ခရီးစဉ်များကို စတင်ပြေးဆွဲပြီး နောင်အခါ ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲခဲ့၏။

မှတ်တမ်းအရ ထိုကာလက ဧရာဝတီဖလော်တီလာကုမ္ပဏီပိုင် သင်္ဘောများသည် အလျား ၃၂၆ ပေ၊ ဖြက် ၄၆ ပေရှိပြီး အင်ဂျင်စက်များကလည်း ခေတ်မီ၍ အားကောင်းသဖြင့် တွဲသမ္ဗန်နှစ်စီး ဆွဲနိုင်ကြသည်။ လူစီးကုန်တင်သင်္ဘောကြီးများတွင် ခရီးသည် ၁၆ ဦးဆံ့ ပထမတန်း ခရီးသည်အခန်းများကို သင်္ဘောကြီး၏ အပေါ်ထပ် ဦးခန်းပိုင်း၌ ထားရှိပြီး ခရီးသည် ၂၄ ဦးဆံ့ ဒုတိယတန်းခရီးသည်များအတွက် အခန်းများကို သင်္ဘောအပေါ်ထပ် ပဲ့ပိုင်းတွင် ထား၏။ ကျန်တတိယတန်း ခရီးသည်များအတွက်မူ ကုန်းပတ်ပေါ်တွင် စီးနင်းခွင့်ပြုခဲ့၏။

ပထမတွင် ဧရာဝတီဖလော်တီလာကုမ္ပဏီသည် အထက်မြန်မာနိုင်ငံအား ဗြိတိသျှတို့ တိုက်ခိုက်သိမ်းပိုက်ခြင်းမပြုမီကပင် မန္တလေးဘုရင်အစိုးရ သဘောတူညီချက်အရ ရန်ကုန်မြို့မှ မိုင်ပေါင်း ၁၀၀၀ ကွာဝေးသော

> ထိုကာလက တရုတ်နှင့် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးပမာဏမှာ အတော်အသင့် ကြီးမားခဲ့သည်။ လားဝန်တင်လမ်းခရီးနှင့် မြစ်ကြောင်းခရီးတို့မှတစ်ဆင့် တရုတ်တို့သည် လက်ဖက်ခြောက်တို့ကို မြန်မာနိုင်ငံမှ ထွက်သော ဝါဂွမ်း၊ ဆားနှင့် ကျောက်စိမ်းတို့နှင့် ဖလှယ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဗန်းမော်မြို့အထိ ခရီးစဉ်တိုးချဲ့ပြေးဆွဲခဲ့၏။ အထက်မြန်မာနိုင်ငံအား ဗြိတိသျှတို့ သိမ်းပိုက်ပြီးသည့်နောက် ဧရာဝတီဖလော်တီလာကုမ္ပဏီသည် သင်္ဘောသစ်များ တည်ဆောက်၍ ချင်းတွင်းမြစ်ခရီးစဉ်ကိုလည်း တိုးချဲ့ပြေးဆွဲစေခဲ့ရာ ဧရာဝတီဖလော်တီလာကုမ္ပဏီအဖို့ သောက်သောက်လဲ အမြတ်အစွန်းရခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးကာလကမူ သင်္ဘောအစင်းပေါင်း ၆၀၀ ရှိသဖြင့် ကမ္ဘာပေါ်ရှိ ပြည်တွင်းရေကြောင်းသွားလာရေးကုမ္ပဏီများတွင် ထိပ်တန်းရောက် ကုမ္ပဏီကြီးတစ်ခု ဖြစ်ခဲ့သည်။ ကျွန်တော်မှတ်မိသလောက် ထိုဧရာဝတီဖလော်တီလာကုမ္ပဏီပိုင် သင်္ဘောများ၏ ရေယာဉ်မှူးကြီးများမှာ ဗြိတိသျှအမျိုးသားများ၊ အိန္ဒိယ-ဗြိတိသျှ ကပြားများသာ ဖြစ်ကြ၏။

ထိုစဉ်ကမူ ဧရာဝတီဖလော်တီလာကုမ္ပဏီ၏ ဌာနေကိုယ်စားလှယ်အများမှာလည်း အင်္ဂလိပ်-မြန်မာ ကပြားများနှင့် အင်္ဂလိပ်-အိန္ဒိယကပြားများသာ ဖြစ်ကြသည်။ မြန်မာအမျိုးသား ဧရာဝတီဖလော်တီလာကုမ္ပဏီကိုယ်စားလှယ်မှာ လက်ချိုးရေတွက်၍ ရနိုင်သည်။ ထိုသင်္ဘောကုမ္ပဏီမှ သင်္ဘောများ၏ သင်္ဘောသားများမှာမူ အိန္ဒိယနိုင်ငံ၊ စစ်တကောင်းပြည်နယ်သားများသာ ဖြစ်သည်။ မြန်မာအမျိုးသား သင်္ဘောသား မရှိသလောက် ဖြစ်၏။

ဧရာဝတီဖလော်တီလာ၊ သို့မဟုတ် ဧရာဝတီမီးသင်္ဘောကုမ္ပဏီပိုင်သင်္ဘောများ၏ အမည်များမှာ အများအားဖြင့် မြန်မာနိုင်ငံရှိ မြစ်များ၊ မြို့များ၏ အမည်များသာ ဖြစ်သည်။ သာဓကအားဖြင့် ဧရာဝတီ၊ မန္တလေး၊ မင်းတုန်း၊ သီပေါ၊ အမရပူရ၊ ပဲခူး၊ စစ်တောင်း၊ သံလွင် စသည်တို့ ဖြစ်ကြသည်။ ထိုစဉ်က မှတ်တမ်းများအရ ဧရာဝတီဖလော်တီလာကုမ္ပဏီသည် ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ကုန်တန်ချိန် တစ်သန်းသုံးသိန်းနှင့် ခရီးသည် ရှစ်သိန်းနီးပါး ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော ပြည်တွင်းသယ်ယူပို့ဆောင်ရေး ကုမ္ပဏီကြီးတစ်ခုဖြစ်ရာ နှစ်စဉ် အမြတ်အစွန်း သောက်သောက်လဲ ရရှိခဲ့၏။ ဤတွင် ယခုရေးသားဖော်ပြမည့် ဧရာဝတီဖလော်တီလာကုမ္ပဏီ 'ရှိုး သင်္ဘောနှင့် 'ကက်ရှီမီးယား'သင်္ဘောနှစ်စင်းတို့ မီးလော ကျွမ်းရမှုနှင့် ပတ်သက်ဆက်နွယ်နေသော ဘီအိုစီရေ ကုမ္ပဏီအကြောင်း အနည်းငယ် ဖော်ပြရမည်ဖြစ် သည်။ မြန်မာနိုင်ငံ၏ ကျွန်းသစ်နှင့် ရေနံ၊ ကျောက်မျ ရတနာ၊ သဘာဝပစ္စည်းများကို ခြယ်လှယ်လိုသော ဗြိတိသျှနယ်ချဲ့သမားသည် အထက်မြန်မာနိုင်ငံအာ ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် သိမ်းပိုက်ခဲ့ပြီး ခရစ်နှစ် ၁၈၈ ခုနှစ်တွင် ဖင်လေဖလမ်းမင့်ကုမ္ပဏီသည် ပထမဆုံ ဘီအိုစီ(Burmah Oil Company)ကို တည်ထောင်ခဲ့သည်။

ထိုကုမ္ပဏီ ရေနံတူးဖော်ရေးလုပ်ငန်း စတင်စဉ်က ရင်းနှီးငွေ ပေါင်တစ်သန်းခွဲနှင့် စတင်ခဲ့ရာ နောင်တွင် စတာလင်ပေါင် ၁၈ သန်းအထိ ရင်းနှီးမြှုပ်နှံခဲ့သည်။ ရေနံချောင်းတွင် ရေနံလုပ်ငန်းအား စတင်ခဲ့သော ဘီအိုစီသည် အနှစ် ၂၀ အငှားစာချုပ်ဖြင့် ရရှိခဲ့ရာ တွင် ကုန်း၊ ဘေးမဲ့နှင့် အခြားရေနံမြေများတွင် ရေနံတူးဖော် ခွင့်နှင့် ထုတ်လုပ်ရေးကိုပါ လက်ဝါးကြီးအုပ်ခဲ့ရာ ဘီအို ကုမ္ပဏီ၏ စီးပွားရေးမှာ အရှိန်အဟုန်မြင့်မားစွာ တိုး တက်လာခဲ့သည်။ ဤသို့ ဘီအိုစီ၏ တိုးတက်လာမှု အနောက်တိုင်း အရင်းရှင်များသိကြရသောအခါ အပြိုင် အဆိုင် မြန်မာ့ရေနံလုပ်ငန်းကို ဝင်ရောက်လာခဲ့ကြ ချောက်၊ ရေနံချောင်း၊ မင်းဘူး၊ သရက်ခရိုင်တို့တွင်လည်း တိုးချဲ့ ရေနံမြေရှာဖွေခြင်းများ ပြုလုပ်ခဲ့သည်။ သို့သော် မြန်မာနိုင်ငံ ရေနံတူးဖော်ရေးနှင့် ထုတ်လုပ်ရေးတွင် ဘီအိုစီကပင် ထိန်းချုပ်ထားနိုင်ခဲ့သည်။ ဘီအိုစီမှာ ဗြိတိသျှအမျိုးသားပိုင် ဖြစ်သဖြင့် ဗြိတိသျှအစိုးရ လည်း အရေးပေးခဲ့သည်။ ဘီအိုစီကုမ္ပဏီသည် ရေ ထုတ်လုပ်ရေးသာမက ရေနံချောင်းမြို့အနီး သစ်တ တွင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၁၅၀၀၀ ထုတ် နိုင်သော လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီး တည်ဆော ခဲ့ပြီး ရေနံချောင်း ရေနံမြေနှင့် ရေနံချောင်းမြို့နှင့် ချော မြို့များသို့ လျှပ်စစ်ဓာတ်အားကို ချိုသာသော နှုန်းဖြ ဓာတ်အားပေးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

**ထိုစဉ်က ကံကောင်းထောက်မ၍ အသက်ဘေးမှ လွတ်မြောက်လာသော ခရီးသည်အချို့၏ ပြောပြချက်များအရဆိုလျှင် သင်္ဘောရေယာဉ်မှူးနှင့် သင်္ဘောသား များအားလုံးသည် ခရီးသည်များအား အကူအညီပေးခြင်း မပြုကြဘဲ သင်္ဘောကိုစွန့်ခွာခဲ့ကြသည်ဟုဆိုသည်။**

ဘီအိုစီရေနံကုမ္ပဏီသည် ရေနံချက်လုပ်ရေးကို [illegible]တုန်မြို့အနီး မနိတော၊ သန်လျင်တို့တွင် စက်ရုံတည်၍ ဆောင်ရွက်ခဲ့ပြီး ရေနံဆီ၊ ဓာတ်ဆီ သံပုံးများဖြင့် ထုတ်လုပ်သည်။ စက်ရုံကိုလည်း တည်ဆောက်၍ ထိုကာလက မြန်မာနိုင်ငံမြို့များ၊ ကျေးလက်ဒေသများတွင် အသုံးပြုနိုင်ရန် ရေနံဆီကို သံပုံးများဖြင့် ဖြန့်ဖြူးခဲ့သည်။ ရေနံချောင်းနှင့် အခြားရေနံထွက်ရှိသော ဒေသမှ ရေနံများကို [illegible]ကုန်သို့ ပို့ရန်နှင့် ရေနံဆီနှင့် ဖယောင်းများကို အထက်မြန်မာနိုင်ငံဒေသသို့ တင်ပို့ရန် ဧရာဝတီဖလော်တီလာကုမ္ပဏီပိုင် သင်္ဘောများကို အားထားရ၏။

စစ်ကြိုခေတ်မှတ်တမ်းများအရ ထိုကာလက မြန်မာနိုင်ငံသည် ရေနံထုတ်လုပ်သည့် နိုင်ငံများစာရင်းတွင် အမှတ်-၁၄ ရှိခဲ့၏။ မြန်မာနိုင်ငံမှ ထွက်သော ရေနံနှင့် ဖယောင်းတို့တွင် ကန့်ဓာတ်အနည်းငယ်သာ ပါဝင်သဖြင့် ဟိုးဟိုးကျော်ခဲ့ရ၏။ ဒုတိယကမ္ဘာစစ်ကြိုကာလက မြန်မာနိုင်ငံမှ ရေနံပီပါပေါင်း တစ်နှစ်လျှင် ငါးသန်းကျော် ထုတ်ခဲ့သည်ဟု သိရ၏။

ထိုရေနံပေပါများကို နိုင်ငံခြားသို့ အချိန်မီတင်ပို့နိုင်ရေးအတွက် ဘီအိုစီကုမ္ပဏီသည် ဧရာဝတီဖလော်တီလာကုမ္ပဏီမှ သင်္ဘောများနှင့် သယ်ယူပို့ဆောင်ရသည်။ ထိုရေနံပေပါများ သယ်ယူသော သင်္ဘောများသည် ဘေးတစ်ဖက်တစ်ချက်၌ သမ္ဗန်ကြီးများတွဲ၍ ရေနံများ တင်ဆောင်လေ့ရှိ၏။ ထိုသင်္ဘောများပေါ်တွင် ခရီးသည်များနှင့် အခြား မီးလောင်လွယ်သော ဝါဂွမ်း စသောကုန်များကိုလည်း တင်ဆောင်လေ့ရှိရာ ထိုကာလက ထုတ်ဝေသော သတင်းစာကြီးများကမူ မီးဘေးအန္တရာယ်ရှိနိုင်ကြောင်း မကြာခဏ သတိပေးရေးသားခဲ့သော်လည်း အမြတ်အစွန်း စိုစိုပိုပို ရရှိရေးကိုသာ အလေးထားသော ဧရာဝတီဖလော်တီလာနှင့် ဘီအိုစီကုမ္ပဏီတို့သည် ဂရုပြုခြင်းမရှိ။ အုပ်ချုပ်ရေးအာဏာပိုင်များကလည်း ထိုကိစ္စများကို ရေငုံနေခဲ့ကြ၏။

၁၉၀၄ ခုနှစ်၊ ဒီဇင်ဘာလဖြစ်သည်။ အညာဆောင်းရာသီသည် သတ္တိပြလျက်ရှိသည်။ အေးချမ်းသော ရာသီကို ပို၍ချမ်းအေးစေရန် ရေခဲတမျှအေးစိမ့်သော မြောက်ပြန်လေသည် တသုန်သုန်တိုက်သည်။ ဧရာဝတီဖလော်တီလာကုမ္ပဏီပိုင် 'ရိုးမ'အမည်ရှိ အဝေးပြေး ဒလက်တပ်ဆင်ထားသော လူစီးကုန်တင်တွဲသမ္ဗန်နှစ်စီးတွဲထားသော သင်္ဘောကြီးသည် ရေနံချောင်းမြို့ ညောင်လှဆိပ်ကမ်းမှ စုန်ဆင်းလာခဲ့သည်။ ထိုစဉ်က မှတ်တမ်းများအရ တွဲသမ္ဗန်ကြီးများပေါ်တွင် စတီးဘရားသားကုမ္ပဏီပိုင် ဝါဂွမ်းထုပ်ကြီးများ၊ ဘီအိုစီရေနံထုတ်လုပ်ရေးကုမ္ပဏီပိုင် ရေနံပေပါများ အပြည့်တင်ဆောင်ထား၏။

ရိုးမသင်္ဘောကြီးပေါ်တွင်လည်း ခရီးသည် ၁၀၀ ကျော်ခန့် လိုက်ပါလာသည်ဟုဆိုသည်။ ညောင်လှဆိပ်ကမ်းမှ ခွာလာသော ရိုးမ လူစီး၊ ကုန်တင် သင်္ဘောကြီးသည် မိနစ်အနည်းငယ်ခန့်အကွာတွင် ဝါဂွမ်းထုပ်များ မီးစွဲလောင်ခဲ့တော့၏။ ပထမတွင် သင်္ဘောသားများသည် မည်သူ့ကိုမျှ အသိပေးခြင်းမပြုဘဲ မီးကိုကြိုးစားငြိမ်းသတ်ခဲ့ကြ၏။ သို့သော် ထိုစဉ်က ဧရာဝတီဖလော်တီလာကုမ္ပဏီပိုင် သင်္ဘောများတွင် ခေတ်မီ မီးငြိမ်းသတ်သည့် ကိရိယာများလည်း မရှိ၊ ခရီးသည်များ အသက်



www.burmeseclassic.com

www.burmeseclassic.com

ဘေးအန္တရာယ်အား ကာကွယ်ပေးသည့်အစီအစဉ်များလည်း မရှိ။ သို့ဖြစ်၍ ဝါဂွမ်းထုပ်ကြီးများ မီးလောင်ရာမှ အရှိန်ရလာသော မီးသည် ရေနံပေပါများပါ ကူးစက်လောင်ကျွမ်းတော့သည်။

ရိုးမသင်္ဘောမှ ညောင်လှဆိပ်ကမ်းမှ အတော်အသင့် ကွာဝေးသောနေရာ ရောက်ရှိနေပြီဖြစ်သည်။ ခရီးသည်များ သင်္ဘောရေယာဉ်မှူးနှင့် အင်ဂျင်နီယာများ သင်္ဘောကြီးမီးလောင်နေပြီဟု သိသောအချိန်မှာ မီးမှာ အရှိန်ကောင်းလာပြီး ရေနံပေပါများ ပေါက်ကွဲသဖြင့် သမ္ဗန်နှစ်စင်းနှင့် နှစ်ထပ်သင်္ဘောကြီးမှာ ပြင်းပြင်းထန်ထန် မီးလောင်ခဲ့ပြီး ဖြစ်သည်။ 'ရိုးမ'သင်္ဘောမှ အကူအညီတောင်းခံခဲ့သော်လည်း ဤဆိပ်ကမ်းတွင် မီးသတ်သင်္ဘောမရှိ ဧရာဝတီမြစ်ကမ်းတစ်ဖက်တစ်ချက်ရှိ ကျေးရွာများမှလည်း တဝုန်းဝုန်းတဒိုင်းဒိုင်း ပေါက်ကွဲနေသော ရေနံပီပါများကြောင့် လာရောက်ကယ်ဆယ်နိုင်ခြင်း မပြုခဲ့။

'ရိုးမ'ရေယာဉ်မှူးနှင့် အင်ဂျင်နီယာတို့မှာ ဥရောပတိုက်သားများ ဖြစ်၏။ သင်္ဘောသားအားလုံးမှာ စစ်တကောင်းနယ်သား အိန္ဒိယတိုင်းရင်းသားများသာ ဖြစ်သည်။ ထိုစဉ်က ကံကောင်းထောက်မ၍ အသက်ဘေးမှ လွတ်မြောက်လာသော ခရီးသည်အချို့၏ ပြောပြချက်များအရဆိုလျှင် သင်္ဘောရေယာဉ်မှူးနှင့် သင်္ဘောသားများအားလုံးသည် ခရီးသည်များအား အကူအညီပေးခြင်း မပြုကြဘဲ သင်္ဘောကိုစွန့်ခွာခဲ့ကြသည်ဟုဆိုသည်။ ခရီးသည်အများကလည်း မြစ်အတွင်း ခုန်ဆင်းခဲ့ကြသည်။ ပြင်းပြင်းထန်ထန် လောင်ကျွမ်းခဲ့သော မီးသည် သင်္ဘောကြီးနှင့် တွဲသမ္ဗန်နှစ်စင်းတို့အား လောင်ကျွမ်းခဲ့ပြီးမှ အလိုအလျောက် မီးငြိမ်းခဲ့ရ၏။ ထိုကြမ္မာငင်မှုကြီးကား ဧရာဝတီဖလော်တီလာကုမ္ပဏီနှင့် ဘီအိုစီကုမ္ပဏီအဖို့ အကျည်းတန်စေခဲ့သော မှုခင်းကြီးဖြစ်သည်။ ခရီးသည် မည်မျှသေဆုံးခဲ့ရသည်ကို မည်သူမျှ တိတိကျကျ မသိရ။ သက်ဆိုင်ရာမှလည်း ထုတ်ပြန်ခဲ့ခြင်းမရှိ။ သေဆုံးသူများအားလည်း တစ်စုံတစ်ရာ ထောက်ပံ့မှုများ မရှိခဲ့။ ထိုစဉ်က သတင်းမီဒီယာများကလည်း ထိုမီး
လောင်မှုနှင့် ပတ်သက်၍ ပြင်းပြင်းထန်ထန် ဝေဖန်ရေး
သားခဲ့ကြသည်။ ထိုစဉ်က ပုလိပ်(ရဲ)တို့ကလည်း ထိုမှုခင်း
ကြီးအား တိတိကျကျ စုံစမ်းစစ်ဆေး၍ အရေးယူခြင်း
မရှိခဲ့။

ဤကဲ့သို့ သင်္ဘောမီးလောင်ဆုံးရှုံးမှုကြီးတစ်
၁၉၁၀ ခုနှစ်အတွင်း ဒေးဒရဲမြို့အနီး တိုးမြစ်အတွ
ဖြစ်ပွားခဲ့၏။ ထိုစဉ်က 'ကက်ရှမီးယား'အမည်ရှိ လူ
ကုန်တင် နှစ်ထပ်သင်္ဘောကြီးမှာ ဧရာဝတီဖလော်တီ
ကုမ္ပဏီပိုင် သင်္ဘောကြီးဖြစ်၏။ မှတ်တမ်းအရ
သင်္ဘောကြီးမှာ အင်္ဂလန်နိုင်ငံတွင် တည်ဆောက်ခဲ့
ပထမဆုံး မန္တလေးခရီးစဉ်ကို ပြေးဆွဲခဲ့ခြင်းဖြစ်သ
ကက်ရှမီးယားသင်္ဘောသည် တွဲသမ္ဗန်နှစ်စီးတွင်
များအပြည့် တင်ဆောင်ထားခဲ့၏။ သတင်းများအ
ဘီအိုစီရေနံကုမ္ပဏီပိုင် ရေနံဆီပုံးများ အမြောက်အမ
တင်ဆောင်ထားခဲ့သည်ဟု ဆိုသည်။ မှတ်တမ်းအရ
သင်္ဘောကြီး တိုးမြစ်အတိုင်း ဆန်တက်လာစဉ် အင်
ခန်းမှ စတင်မီးလောင်ကျွမ်းခဲ့သည်။ ထိုမှုခင်းကြီး
လည်း သင်္ဘောအသစ်ကြီးနှင့် တွဲသမ္ဗန်နှစ်စင်းစလုံး
ဆုံးရှုံးခဲ့ရပြီး လူအသေအပျောက် အများဆုံး မီးလော
မှုကြီးဖြစ်သည်။ သို့သော် သက်ဆိုင်ရာမှ စုံစမ်းစစ်
မှုများ ပြုလုပ်ခဲ့သော်လည်း အကြောင်းကြောင်းကြော
ဗြိတိသျှအမျိုးသားပိုင် ကုမ္ပဏီများဖြစ်သော ဧရာ
ဖလော်တီလာကုမ္ပဏီနှင့် ဘီအိုစီရေနံထုတ်လုပ်
ကုမ္ပဏီတို့မှာ အရေးယူခံရခြင်းမရှိခဲ့ဟု ဆိုကြပါကြော

လှမိုး(ပညာ

**ကျမ်းကိုး**

(1) A History of The Burmah Oil Compan
T.A.B. Corley
(2) A year on the Irrawaddy



www.burmeseclassic.com

www.burmeseclassic.com



# လူငယ် သတင်းမီဒီယာသမားများသို့

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)

သတင်းမီဒီယာဥပဒေ ပြဋ္ဌာန်းလိုက်ချေပြီ။

ကျွန်တော်တို့ တောင့်တခဲ့သော "စတုတ္ထမဏ္ဍိုင်"ဟူသော စကားရပ်ကို လွန်ခဲ့သော သုံးနှစ်ကျော်က နိုင်ငံတော်သမ္မတကြီးက အသိအမှတ်ပြုခဲ့၏။ ကျွန်တော်တို့သည် အပြောင်းအလဲကာလများအတွင်း၌သာ ကျင်လည်ခဲ့ကြရသည်။ ယနေ့တိုင် ထိုဝင့်မကျွတ်သေး။

တော်လှန်ရေးကောင်စီအစိုးရ တက်လာသည်။ ကျွန်တော်တို့ မူလတန်းကျောင်းသားဘဝ။ ဘာမှ မည်မည်ရရ မသိသေး။ ကျောင်းခန်းတွင်းဝယ် သစ္စာမိဋ္ဌာန် ငါးချက်ကို မြင်တွေ့ခဲ့ကြသည်။ "မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်"။

တော်လှန်ရေးကောင်စီအစိုးရသည် ဆိုရှယ်လစ်ပန်းတိုင်သို့ ချီတက်ရန်အတွက် မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် အမြဲတေပါတီကို တည်ထောင်သည်။ တောင်သူလယ်သမားများ၊ အလုပ်သမားလူတန်းစားတို့ကို အခြေခံ၏ဟု ဆို၏။ ပြည်သူတစ်ရပ်လုံးကား ကြားကာလပေမို့ဟုဆိုကာ ရုန်းကန်ရဆဲ။ အပြောင်းအလဲ ကြားကာလများ။

၁၉၇၄ ခုနှစ်တွင် တစ်ပါတီစနစ်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို အတည်ပြုခဲ့ကြသည်။ တရားစီရင်ရေး အုပ်ချုပ်ရေး ဥပဒေပြုရေး ကဏ္ဍသုံးရပ် ပီပီပြင်ပြင် အကောင်အထည်ဖော်သည်။ ပြည်သူတို့က ရွေးချယ်ပေးသော ပြည်သူ့ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်ရေးကဏ္ဍ။ ပြည်သူတို့ ဖြစ်ပွားကြသည့်မှုခင်းများကိုလည်း ပြည်သူတို့ရွေးချယ်ပေးခဲ့သော ကိုယ်စားလှယ်များဖြင့် စီရင်သည့်ခေတ်။ ဥပဒေပြဋ္ဌာန်းရေးတွင်လည်း

www.burmeseclassic.com

www.burmeseclassic.com

ပြည်သူတို့ရွေးချယ်တင်မြှောက်လိုက်ကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ရှိခဲ့သည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ကွက်အဆင့်၊ မြို့နယ်အဆင့်၊ တိုင်းအဆင့်၊ လွှတ်တော်အဆင့်ဟူ၍ လေးဆင့်လုံးအတွက် ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူတို့က တိုက်ရိုက်မဲပေး ရွေးချယ်ကြရသည်။ ထိုသို့ရွေးချယ်ခဲ့သည်များမှာလည်း ပြည်သူ့လွှတ်တော်သက်တမ်း တစ်ကြိမ်လျှင် လေးနှစ်ဖြင့် လေးကြိမ် ကျင်းပခွင့်သာရခဲ့သည်။ ပြည်သူတို့ကား ကြားကာလဖြစ်သန်းဆဲ။ မီဒီယာစတုတ္ထမဏ္ဍိုင်ဟူသည် လေသံပင်မကြားခဲ့ရ။ ၁၉၈၈ ခုနှစ် အရေးတော်ပုံကြီး ဆိုက်ရောက်ခဲ့သည်။

ကျွန်တော်တို့ စာအုပ်စာပေများမှ ဖတ်ရှုသိခွင့်ရခဲ့သော ပါလီမန်ဒီမိုကရေစီခေတ်နှင့် ၁၉၈၈ ခုနှစ် အရေးတော်ပုံအကြား သတင်းမီဒီယာသည် အုပ်ချုပ်သူလက်အောက်၌ ပြားပြားမှောက်ခဲ့ရသည်။ နောက်ပိုင်းကာလများ၌ ကင်ပေတိုင်ရုံးဟု နာမည်ကြီးသော စာပေစိစစ်ရေးရုံးပေါ်မှ ဖြတ်သန်းခွင့်မရခဲ့သော စာမူကြမ်းများအား စာရင်းပြုစုမရနိုင်ပေ။ အချို့စာအုပ်တို့ ထုတ်ဝေခွင့်ရခဲ့၏။ ဖြန့်ချိပြီးနောက် လိုက်လံသိမ်းဆည်းခြင်းခံရသည်မျိုးလည်း ရှိသည်။ မဂ္ဂဇင်းစာမျက်နှာတို့သည်ပင် တစ်ခါတစ်ရံ မပြည့်မစုံ။ တစ်ခါတစ်ရံ၌ ငွေမင်ဝိတ်လျက်။

မှတ်မှတ်ရရထုတ်သော ကျောင်းမဂ္ဂဇင်း၊ မြို့နယ်မဂ္ဂဇင်းတို့သည်လည်း မလွတ်။ ထုတ်ဝေဖြန့်ချိပြီးမှ လိုက်လံသိမ်းဆည်းခံရသည်များလည်း ရှိသည်။ အသံလှိုင်းဆိုသည်ကား မြန်မာ့အသံတစ်ခုတည်းသာ ရှိ၏။ ရုပ်မြင်သံကြားဟူသည် ပြန်ကြားရေးဝန်ကြီးဌာနအောက်မှာသာ ရှိပေသည်။ ၁၉၈၈ နောက်ပိုင်းတွင် တပ်မတော်ပိုင် မြဝတီရုပ်သံတစ်ခု တိုးလာသည်။ ထိုသို့ တိုးချဲ့လာခြင်းသည်လည်း သူ့အကြောင်းနှင့်တူ ရှိပေမည်။ တပ်မတော်သည် နိုင်ငံတော်အာဏာအရပ်ရပ်တို့ကို ချုပ်ကိုင်ထားရင်း ဝါဒဖြန့်ချိမှုတစ်ရပ်ကို လက်ကိုင်ပြုထားရန်သာ ဖြစ်သည်ဟု ရှုမြင်ကြ၏။

ယနေ့ကာလတွင် သတင်းမီဒီယာသမားတို့အတွက် တရားဝင်အသိအမှတ်ပြုခဲ့ခြင်းကို ကျွန်တော်တို့အသိအမှတ်ပြုရပေမည်။ ဥပဒေပြဋ္ဌာန်းထားပြီး ဖြစ်၍လည်း ထိုဥပဒေကို လေးစားလိုက်နာရပေမည်။ မည်သည့်ဥပဒေမျှ ကနဦးပြဋ္ဌာန်းခဲ့သည့်အတိုင်း ပြည့်စုံသည်မဟုတ်ပေ။ လိုအပ်ချက်၊ ဟာကွက်၊ ချွတ်ယွင်းချက်များ ရှိပေမည်။ အချိန်ကာလအတိုင်းအတာတစ်ခုထိ စောင့်ဆိုင်းပြုပြင်နိုင်ရပေမည်။

ကျွန်တော်တို့မိတ်ဆွေများအကြားတွင် ပြောလေ့ရှိသော စကားတစ်ရပ် ရှိပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တုန်းက ပြောခဲ့ကြခြင်း ဖြစ်ပါသည်။ ပါတီဝင်ဖြစ်ရင် ပါတီကချမှတ်ထားတဲ့ စည်းကမ်းများကို လိုက်နာရပေမည်။ ရဟန်းဝတ်ဖြင့်နေလျှင် ရဟန်းတို့စောင့်ထိန်းရသည့် ဝိနည်းကို လိုက်နာရမည်ဟူ၍ ဖြစ်ပါသည်။

ယခုအခါ ကျွန်တော်တို့ သတင်းမီဒီယာသမားများ အတွက် "သတင်းမီဒီယာဥပဒေ" ပြဋ္ဌာန်းလိုက်ပြီဖြစ်၍ ထို ဥပဒေပြဋ္ဌာန်းချက်အတိုင်း လိုက်နာရန် တာဝန်ရှိပေသည်။ သတင်းမီဒီယာသမားဆိုသည်မှာ သတင်းမီဒီယာနှင့် စပ်လျဉ်း သော လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်သူကို ဆိုလိုသည် ပုဒ်မ-၂(ခ)တွင် ပြဋ္ဌာန်းထားရာ မိမိမည်သည့်တာဝန် ထ ဆောင်နေသူဖြစ်ကြောင်း ဦးစွာ သတိကပ်ထားရန် လိုအ ပေသည်။

ကျွန်တော့်အနေဖြင့် သတင်းမီဒီယာဥပဒေ ပြဋ္ဌာ ပေးခြင်းအပေါ် ကောင်းလှချည်ရဲ့ဟု ဝမ်းမြောက်ဝမ်းသာ ဆိုနေခြင်းဟု မမြင်စေလိုပါ။ မရှိခြင်းထက် ရှိလာသ အတွက် အကောင်းဘက်က မြင်ခြင်းသာ ဖြစ်ပေသည ဥပမာအားဖြင့် ပုဒ်မ-၃၂ ပြဋ္ဌာန်းချက်အရ ၁၉၆၂ ခု ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအ ထုတ်ပြန်ခဲ့သော လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ကို ကန့်သ တားမြစ်သည့်အမိန့် ညွှန်ကြားချက်အမှာစာတို့ကို သတ မီဒီယာဥပဒေနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်ကြောင်း ပြဋ္ဌာ ထားသည်ကို တွေ့ရှိရ၏။ သတင်းမီဒီယာသမားတို့အတွ ဆောင်ရန်၊ ရှောင်ရန်တာဝန်၊ အခွင့်အရေးတို့လည်း တ ဝင်ဖြစ်ပေါ်လာပေသည်။

သတင်းမီဒီယာဥပဒေ အခန်း(၂)တွင် ရည်ရွယ် များကို ပြဋ္ဌာန်းထား၏။ ရည်ရွယ်ချက်ပေါင်း ခြောက်ရ "နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေး ဆိုသော အချက်ကို ကျွန်တော်အနှစ်သက်ဆုံး ဖြစ်သ



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၃)၊ ပုဒ်(၄)ဖြင့် သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်ကို တွေ့ရ၏။ အခွင့်အရေး သေးချက်ရှိရာ သတင်းမီဒီယာသမားတိုင်း သိရှိထားသင့်ပေသည်။ အခွင့်အရေးနှင့် ယှဉ်တွဲလျက် တာဝန်နှင့် ကျင့်ဝတ်သည်လည်း အရေးကြီး၏။ ကျွန်တော် အထက်နားတွင် ဖော်ပြသကဲ့သို့ ပါဝင်နှင့် စည်းကမ်းကဲ့သို့ပင် သတင်းသမားနှင့် ကျင့်ဝတ်သည်လည်း အရေးကြီး၏။ အထူးသဖြင့် မကြာမီနှစ်များအတွင်းက "ငါက ပါဝင်တည်ထောင်ထားသူ၊ ဂိတ်ကြေးပေးဖို့မလို" ဆိုသည်မျိုး မဖြစ်စေလိုပါ။ သတင်းမီဒီယာသမားအနေဖြင့် စည်းဖောက်ပါက ထိုစည်းကျော်သည့်အတွက် ထိုဥပဒေက ပြဋ္ဌာန်းသော ပြစ်ဒဏ်ကို ခံစားရနိုင်သည်ကိုလည်း သတိပြုအပ်၏။

တရားရုံးနှင့် ပတ်သက်သော သတင်းများဖော်ပြရာတွင် အထူးသတိချပ်အပ်ပေသည်။ စစ်ဆေးဆဲမှုခင်းများအနက် အများပြည်သူတို့ စိတ်ဝင်စားသော မှုခင်းများ ရှိတတ်ပေသည်။ တရားရုံးမှ ပြစ်မှုထင်ရှားစီရင်ခြင်းမပြုသေးမီ တရားစွဲဆိုခြင်းခံရသူများအား တရားသူကြီးတို့က အပြစ်ကင်းစင်သူအဖြစ် မှတ်ယူကြရပေသည်။ တစ်နည်းအားဖြင့် တရားစွဲဆိုခြင်းခံရသူအပေါ် တရားလိုနှင့် တရားလိုသက်သေများအား စစ်ဆေးပြီး စွဲချက်တင်သည့် အမိန့်ချမှတ်ခံရသည်၏ နောက်ပိုင်းမှသာ တရားစွဲဆိုခံရသူအား "တရားခံ"ဟု တရားဝင်ခေါ်ခွင့်ရှိပေသည်။ စွဲမချက်မတင်မီအထိ မည်သည့်တရားစွဲဆိုခံရသူကိုမဆို "စွပ်စွဲခံရသူ"သာ ဖြစ်ပေသည်။

ထိုသို့ ကြားနာစစ်ဆေးဆဲ မှုခင်းနှင့်ပတ်သက်၍ တရားရုံး၊ တရားသူကြီးတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ဝေဖန်ခြင်း၊ မထီမဲ့မြင်ပြုရာရောက်သော သတင်းဝေဖန်ချက်ရေးသားခြင်း၊ တရားရုံး၏ စီရင်ချက် မည်သို့မည်ပုံ ချမှတ်ထိမ့်မည်ဟု စကားဦးသန်းရေးသားခြင်းတို့အား အထူးရှောင်ကြဉ်ရန် လိုအပ်ပေသည်။ အမှုစစ်ဆေးသည့် တရားရုံး၏ အဆုံးအဖြတ်သည် ပြီးပြတ်ရိုးမဟုတ်ပေ။ အမြင့်ဆုံး တရားရုံးအထိ အဆင့်ဆင့် အယူခံ၊ ပြင်ဆင်မှုများ တက်ရောက်နိုင်သော တရားစွဲဆိုခံရသူနှင့် တရားစွဲဆိုသူ နှစ်ဖက်လုံး၌ အခွင့်အရေးရှိပေရာ အမြင့်ဆုံး တရားရုံး၏ အဆုံးအဖြတ်သာ နောက်ဆုံးအတည် ဖြစ်ပေသည်။

သတင်းမီဒီယာသမားတို့ တာဝန်နှင့် ကျင့်ဝတ်ကား ကိုးချက်ရှိပေ၏။ နောက်ဆုံးအချက်ကား အရေးကြီးဆုံးဟု ဆိုရပေမည်။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ထုတ်ပြန်သည့် ကျင့်ဝတ်နည်းလမ်းများကို လိုက်နာရခြင်းဖြစ်၏။ ကောင်စီက ထုတ်ပြန်သည်များကိုလည်း စဉ်ဆက်မပြတ် သိအပ်လှပေသည်။ ကောင်စီကထုတ်ပြန်သော စည်းကမ်းသည်လည်း ဥပဒေပြဋ္ဌာန်းချက်အရ ထုတ်ပြန်ခြင်းသဘော ဖြစ်၏။

သတင်းမီဒီယာဥပဒေအခန်း(၉)တွင် ပြစ်မှုနှင့် ပြစ်ဒဏ်တို့ကို ပြဋ္ဌာန်းထားသည်။ ဤအခန်း၏ ပုဒ်မ-၂၆ ကို အထူးအလေးပေး တင်ပြလိုပေသည်။ မည်သည့်သတင်းမီဒီယာသမားမဆို ပုဒ်မ-၉၊ ပုဒ်မခွဲ(ဓ)တွင် ပြဋ္ဌာန်းထားသည့် "ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ လူမျိုးတစ်မျိုးကို အကြောင်းပြု၍ ပဋိပက္ခဖြစ်စေနိုင်သော လှုံ့ဆော်ရေးသားမှုမှ ရှောင်ကြဉ်ခြင်း"ဟူသည့် တားမြစ်ချက်ကို ချိုးဖောက်ခဲ့သော် တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် အရေးယူခံရပေမည်။ တည်ဆဲဥပဒေတစ်ရပ်ရပ်ဟု ဆိုထားသဖြင့် သတင်းမီဒီယာဥပဒေအပြင် အခြားဥပဒေတစ်ရပ်ရပ်ဟု သဘောဆောင်ပေသည်။ ရှောင်ရမည်ကို ရှောင်ကြဉ်ခြင်းဖြင့် မီဒီယာသမားတာဝန်ကျေပွန်သင့်လှပေသည်။

သတင်းမီဒီယာဥပဒေကား ကျွန်တော်တို့နိုင်ငံတော်အတွက် အသစ်စက်စက် ဥပဒေဖြစ်ပေသည်။ ယခင်က ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအောက်မှ လှုပ်ရှားနေရခြင်း ဖြစ်ပေသည်။ သတင်းမီဒီယာဥပဒေနှင့် တစ်နေ့တစ်ရက်တည်းပင် နိုင်ငံတော်သမ္မတက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကိုလည်း လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပေ၏။

ထူးခြားသည်မှာ ဤဥပဒေတွင် ထောင်ဒဏ်မရှိ။

သတင်းမီဒီယာသမားတို့အတွက် ဖြစ်ထွန်းလာသည့် ဥပဒေအရ နိုင်ငံသားတိုင်း သိပိုင်ခွင့်ရှိသော သတင်းများကို ဖြည့်ဆည်းပေးနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပေသည်။

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com

# ပြည်ဖုံးကားရှေ့ မတင်ဆက်လိုက်ရသော်လည်း

အ မှ န် တ က ယ် က ပြ ခဲ့ သ ည့်

# ဇာတ်လမ်းတစ်ပုဒ်

သုသိဏ်

(ယခင်လမှအဆက်)

**ပြီးခဲ့သော ဇာတ်လမ်းအကျဉ်း**

စာရေးသူ၏မိတ်ဆွေ ဒုရဲအုပ်ရဲထွန်းက ရဲမှူးမောင်မောင်သန့်(အငြိမ်းစား)ကိုယ်တိုင် စုံစမ်းဖော်ထုတ်ခဲ့သော အမှုခြောက်မှုအား ကိုယ်တိုင်လျှောက်လွှာစာအုပ်ဖြင့် ရေးသားမှတ်တမ်းတင်ထားသည့် စာအုပ်ကို စာရေးသူအား ၁၉၉၀ ပြည့်နှစ်လောက်က ပေးခဲ့ပါသည်။ စာရေးသူသည် ထိုစာအုပ်ထဲမှ ဝတ္ထုနှစ်ပုဒ်ကို တကယ့်ဖြစ်ရပ်မှန်ခင်းမဂ္ဂဇင်းတွင် အခန်းဆက်ဝတ္ထုရှည်ဖြင့် ရေးသားခဲ့ပါသည်။ ရဲမှူးမောင်မောင်သန့်(အငြိမ်းစား)က ကာယကံရှင်များသည် သက်ရှိထင်ရှားရှိနေ၍ ခွင့်ပြုချက်ယူပြီးမှ ရေးသားရန် ဖော်ပြပါရှိ၍ ကျန်လေးပုဒ်ကို မရေးဖြစ်ခဲ့ပါ။ ယခုအချိန်တွင် အခုနခက်သည့် ဆူးနင်းဆီကဲ့သို့ဖြစ်နေသော ကျန်လေးပုဒ်အနက်မှ တစ်ပုဒ်ကို အခင်းဖြစ်ချိန်မှာ နှစ်ငါးဆယ်ခန့် ကြာပြီဖြစ်၍ ရှဉ့်လျှောက်သာ၊ ပျားစွဲသာ ဌာနနှင့် အမည်နာမများ လွှဲပြောင်းချန်လှပ်၍ ရေးသားမည်ဖြစ်ပါသည်။ ၁၉၆၃ ခုနှစ် ဆောင်းဦးကာလ နေ့တစ်နေ့တွင် ရန်ကုန်တိုင်းမင်းကြီးက နယ်စီးလုံခြုံရေးမှူး ဦးမောင်မောင်သန့်အား ဖုန်းဖြင့် ----ဌာန တာဝန်ခံ၏ အိမ်၌ ခိုးမှုဖြစ်ပွားခဲ့ကြောင်း ဌာနတာဝန်ခံ၏ ဇနီးနှင့်သွားတွေ့ပြီး စုံစမ်းတင်ပြရန် ပြောကြားခဲ့ရာ နယ်စီးလုံခြုံရေးခမျာ မိုးကြိုးပစ်သံနား၌ညံ့သွားပါလေတော့သည်။

## (ငါး)

**အထင်နှင့်အမြင် ပါစင်အောင်လွဲ**

ရန်ကုန်တိုင်း ညွှန်ကြားရေးမှူး ဦးဆက်က ----ဌာန တာဝန်ခံကတော်နှင့်တွေ့ပြီး စုံစမ်းတင်ပြရန် ညွှန်ကြားလိုက်၍လည်းကောင်း၊ လူကြီးတစ်ဦး၏ အိမ်၌ ခိုးမှုဖြစ်သည့်ကိစ္စဖြစ်၍ ပေါက်ကြား၍ဖြစ်သည့် ကိစ္စမဟုတ်ဟု ယူဆ၍လည်းကောင်း၊ ကျွန်ုပ်သည် မည်သည့်စာပ်ဖွဲ့ဝင်မျှ မခေါ်ဘဲ ကျွန်ုပ်၏ ရဲကားဖြင့် ဌာနတာဝန်ခံအိမ်သို့ သုတ်ခြေတင်လာခဲ့ပါသည်။

ဌာနတာဝန်ခံသည် ပြည်လမ်း (၆)မိုင်ခွဲအနီး၊ အင်းလျားကန်ဘက်ဆင်းသွားသည့် လမ်းနီးလေးမှာ နေထိုင်ပါသည်။ မိမိတို့အုပ်ချုပ်ရသည့် အပိုင်နယ်မြေအတွင်း အရေးကြီးပုဂ္ဂိုလ်လူကြီးများ မည်သည့်နေရာတွင် နေထိုင်ကြသည်ကို ဌာနာအုပ်၊ လူဆိုးစုံထောက်နှင့် အမှုစစ်စုံထောက်ရဲအရာရှိများသာမက နေ့စဉ် တာဝန်မှူးတာဝန် ထမ်းဆောင်ကြမည့်သူများပါ လေ့လာသိရှိထားကြရပါသည်။ ထိုအရေးကြီးပုဂ္ဂိုလ်များ၏ နေအိမ်ပတ်ဝန်းကျင်သို့ သွားရောက်လေ့လာထားရန် လိုအပ်သလို၊ ၎င်းတို့ နေထိုင်ရာ လမ်းများသို့လည်း ပတ္တရောင် ကင်းများ လှည့်၊ မလှည့် အခါအား လျော်စွာ ကြပ်မတ်စစ်ဆေးရပါသည်။

ကျွန်ုပ်သည် ကမာရွတ်ရဲဌာန နှင့် လှိုင်ရဲဌာနာတို့ကို အုပ်ချုပ်ရသော နယ်စီးလုံခြုံရေးမှူးဖြစ်သည့်အတွက် ထိုရဲဌာနာနှစ်ခုလုံး၏ နယ်မြေအပိုင် အတွင်းရှိ လူကြီးများ၏ အိမ်များကို လေ့လာသိရှိထားပြီး ဖြစ်ပါသည်။

ကျွန်ုပ်သည် ကားမောင်းရင်း ဌာန တာဝန်ခံ၏ နေအိမ်ကို စိတ်ကူးပုံဖော် ကြည့်နေမိပါသည်။ ခြံဝင်းကျယ်ကြီး နှစ်ထပ်တိုက်ကြီး ဖြစ်မည်ဟုထင်သည်



www.burmeseclassic.com

www.burmeseclassic.com

ခွင် တပ်မတော်လုံခြုံရေးကင်းရှိ ကျွန်ုပ်သည် ရဲအဝတ်အစား၊ ရဲ နှင့် ရဲအရာရှိဖြစ်ပေမဲ့ တပ် တော်လုံခြုံရေးကင်းက စစ်ဆေးပေ ည်။ ဝင်ခွင့်ရ၍ ဝင်သွားလျှင် တံခါး တို့၌ လှပသစ်လွင်သည့် ခန်းဆီး ကာများ တပ်ဆင်ထားမည်။ အိမ် င်လိုက်သည်နှင့် တစ်ခန်းလုံးသာ အခန်းတိုင်း မွေးပွကော်ဇောကြီး ပြည့်ခင်းထားသည်ကို တွေ့ရ ည်။ သစ်လွင်သော ဆိုဖာဆက်တီနှင့် လှလှများ၊ နံရံကပ် ဗီရိုများ၊ ခမ်းနား ယ်သော ဘုရားခန်း၊ စာဖတ်ခန်း၊ စားခန်း၊ အိပ်ခန်းများ၊ မီးဖိုခန်းနှင့် သော၊ ရေချိုးခန်းတို့ကို တွေ့မြင်ရ တော့မည်ဟု တွေးလာခဲ့မိ၏။

ကျွန်ုပ်၏အတွေးတို့က ပြောင်း ပြီ။ သူနေသည် တပ်မတော်လုံ ရေးကင်းရှိပါလျက် ဘယ်နည်းဘယ် ဝင်ရောက်၍ ခိုးခဲ့ပါလိမ့်။ အဘယ်ပုံ ဘယ်နည်း ခိုးယူသွားတာပါလိမ့်။ ရေးကင်းနှင့် ဝေးရာဘက်မှ အိမ် ဖောက်ထွင်းခိုးယူခဲ့လေသလား။ ယခု မှ အသိပေးခြင်းကိုထောက်၍ ည ဖောက်ထွင်းခိုးယူမှုတော့ မဖြစ်နိုင်။ တွင်းသူခိုးက ခိုးခဲ့လေသလား။

ကျွန်ုပ်၏အတွေးစ မဆုံးသေး။ တာဝန်ခံ၏ အိမ်ရှေ့သို့ ရောက်လာ ကျွန်ုပ်ထင်ထားသည့်အတိုင်း တပ် တော်လုံခြုံရေးကင်းက စစ်ဆေးသဖြင့် က အကျိုးအကြောင်းရှင်းပြလိုက် တော့ ရှောရှောရှူရှူ ဝင်ခွင့်ပြုသည်။

ကျွန်ုပ်သည် ခြံဝင်းထဲသို့ စဝင် သည်နှင့် ပတ်ဝန်းကျင်ကို လေ့လာကြည့်မိ၏။ တပ်မတော်လုံခြုံရေးကင်း ရှိပါလျက် နေ့ခင်းကြီး အခိုးခံရသည်က စဉ်းစားချင်စရာ။

ကျွန်ုပ်သည် ဖွင့်ထားသော အိမ်တံခါးဝအရောက် ဝင်ခွင့်တောင်းရာ အိမ်ရှေ့ဧည့်ခန်းရှိ အမျိုးသမီးကြီးက ဝင်ခွင့်ပြုသဖြင့် ကျွန်ုပ်သည် ဧည့်ခန်းထဲ ဝင်လာခဲ့ပါသည်။ ကျွန်ုပ်သည် အိမ်အဝတွင် ရှူးဖိနပ်ချွတ်မည်အပြု "မချွတ်ပါနဲ့။ ဒီအတိုင်းဝင်လာခဲ့ပါ"ဟု ထိုအမျိုးသမီးကြီးက ပြောသဖြင့် ဖိနပ်မချွတ်ဘဲ ဝင်လာခဲ့ခြင်း ဖြစ်ပါသည်။

လမ်းတွင် ကျွန်ုပ်တွေးတောခဲ့သလို ခန်းလုံးပြည့် မွေးပွကောဇောခင်းထားပါက ထိုအမျိုးသမီးကြီးက ဖိနပ်မချွတ်ဘဲ ဝင်လာခဲ့ဖို့ ဘယ်လိုပြောပေမဲ့ ကျွန်ုပ် ရှူးဖိနပ်ချွတ်ပြီးမှ ဝင်လာမည်ဖြစ်ပါသည်။ အခုတော့ ဧည့်ခန်းတစ်ခုလုံးတွင် ဘာကော်ဇောမျှ ခင်းထားခြင်းမရှိပါ။ ခန်းဆီးလိုက်ကာများကလည်း ကျွန်ုပ်၏အိမ်၌ တပ်ဆင်ထားသည်ထက်မသာပါ။ ဆက်တီထိုင်ခုံများသည်လည်း ထိုနည်းလည်းကောင်းသာ။ ဧည့်ခန်းတစ်ခုလုံးကတော့ သာမန်လူတို့နေထိုင်သည့်ပုံစံနှင့် မခြားလှပါ။

ထိုအမျိုးသမီးကြီးက စ၍ ၎င်းသည် ဌာနတာဝန်ခံ၏ဇနီးဖြစ်ကြောင်း ပြောပြသဖြင့် ကျွန်ုပ်ကလည်း ကမာရွတ်၊ လှိုင်ရဲဌာနမှ နယ်စီးလုံခြုံရေးမှူး မောင်မောင်သန့်ဖြစ်ကြောင်း ပြောပြရပါသည်။ ဌာနတာဝန်ခံကတော်သည် ရည်မွန်ဖော်ရွေ၍ စကားပြောအေးဆေးသူဖြစ်ပါသည်။ ဣန္ဒြေလည်းရှိလွန်းပြီး ဝတ်ပုံစားပုံကလည်း လော်လီဆန်းပြားမှုမရှိဘဲ ရိုးရိုးယဉ်ယဉ်၊ မြန်မာဆန်ဆန်ဝတ်စားထားသည်ကို ကျွန်ုပ်မြင်တွေ့ရပါ၏။

"ဒီလိုပါ မောင်လေးရယ်။ ဒီနေ့မနက် မမလေ အတွင်းဝန်ကတော် မနီလာနဲ့ ဈေးရုံကြီးမှာ ဈေးရုံတက်နေတဲ့ မမရဲ့ဆွေမျိုးတစ်ဦးဆီ သွားကြည့်ခဲ့တယ်"

"မနီလာရဲ့ ခင်ပွန်းက ----ဌာနရဲ့ အတွင်းဝန် ဦးမြင့်မောင်ပါ မောင်လေး။ မမတို့ ----ဌာနရဲ့ လက်အောက်ကပါ။ သွားကြည့်ချိန်က ၁၀ နာရီခွဲလောက်ကပါ"

"မမတို့ ဈေးရုံသွားတော့ အိမ်မှာ မမတို့ငယ်ငယ်ကတည်းက မွေးစားထားတဲ့ သမီးလေး မဇာခြည်ကျန်ခဲ့တယ် မောင်လေး"

"ဇာခြည်ရေ···ခဏလာဦး။ သူပဲ မောင်လေး"

ဌာနတာဝန်ခံကတော်က ဧည့်ခန်းဝရောက်လာသည့် မိန်းကလေးတစ်ဦးကို တိုးသက်စွာ လှမ်းခေါ်ရင်း ကျွန်ုပ်နှင့် မိတ်ဆက်ပေးသည်။ မဇာခြည်က အသက် ၂၀ ခန့် ရှိပေလိမ့်မည်။ ဝတ်ပုံစားပုံကြည့်ခြင်းအားဖြင့် ရိုးရှင်းသည့်သဘော တွေ့ရသည်။ မဇာခြည်၏ မျက်နှာတွင် တုန်လှုပ်ချောက်ချားသည့် အရိပ်အယောင်မတွေ့ရ၊ ဌာနတာဝန်ခံကတော်၏ ဘေးတွင် ရိုကျိုးစွာ ရပ်နေရှာသည်။

"မမတို့ ဈေးရုံကပြန်လာတော့ မမရဲ့အခန်းတံခါးခတ်ထားတဲ့ သော့ဟာ ပျက်နေပြီ မောင်လေး။ အိပ်ခန်းထဲမှာ ရှိတဲ့ မမရဲ့ သေတ္တာသော့ပါ ဖျက်ထား

www.burmeseclassic.com

တယ်။ ပစ္စည်းတွေဟာလည်း ဗရပွကို ကျဲလို့"

"မမကလေးတွေ ရှင်ပြုနားသ လုပ်တုန်းက ဝယ်ထားခဲ့တဲ့ ရွှေအတု လက်ဝတ်ရတနာတွေနဲ့အတူ ရောထားတဲ့ စိန်အစစ် နားကပ်တစ်ရန်၊ စိန်လက်စွပ် နှစ်ကွင်း၊ စိန်ကြယ်သီး တစ်စုံ၊ ရွှေတုံးလေးတစ်ခုနဲ့ ငွေငါးရာဟာ မရှိတော့ဘဲ ရွှေတုတွေပဲ ကျန်နေတယ် မောင်လေး။ အဲဒီ စိန်တွေနဲ့ ရွှေတုံးလေးက မမရဲ့ အဘိုးအဘွားတွေဆီက အမွေရတာ။ အမွေပစ္စည်းမို့ အရမ်းနမြောတယ် မောင်လေး"

ဗ္ဗာနတာဝန်ခံကတော်နှင့် ရွှေတုအကြောင်း သိလိုက်ရတော့ ကျွန်ုပ်၏ ရင်ထဲ မကောင်းတော့။ အမြင်မတော်ဆင်တော်နှင့်ခလောက်မို့ မဆီမဆိုင် ကျွန်ုပ်ရင်ထဲ နင့်ခနဲနေအောင် ခံစားလိုက်ရ၏။

"ဘိုးဘွားတွေရဲ့ အမွေမို့ ငါ့မောင်တတ်နိုင်ရင် မမကို ကူညီပါဦး။ မမ မောင်လေး ကျေးဇူးမမေ့ပါဘူး"

"မမ···ကျွန်တော် အဲဒီအခန်းကို လိုက်ကြည့်ချင်ပါတယ်။ အဲဒီအခန်းက ပစ္စည်းတွေကို မမကိုင်ကြည့်သေးသလား။ မကိုင်သေးရင်တော့ ကျွန်တော်လုပ်ကိုင်ရသမျှ ကြိုးစားဆောင်ရွက်ပေးပါ့မယ် မမ"

ကျွန်ုပ်အဖို့ ဗ္ဗာနတာဝန်ခံကတော်၏စကားများကို ကြားလိုက်ပြီးကတည်းက အတော့်ကို ခေါင်းနားပန်းကြီးသွားခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် လက်ဝတ်ရတနာအတုများနှင့် ရောထားသည့် စိန်ထည်များနှင့် ရွှေတုံး၊ ငွေငါးရာတို့ကို ရွေးယူသွားသူမှာ အတွင်းသိသူခိုးဖြစ်နေ၍ ဖြစ်ပါ၏။ အတွင်းသိဖြစ်၍ အားလုံးယူမသွားခြင်း ဖြစ်ပါသည်။ အတွင်းသိသူခိုးကို မည်သို့စုံစမ်းဖော်ထုတ်ရမည်ကိုလည်း ကျွန်ုပ်၏ခေါင်းထဲ၌ ဇယ်ဆက်သလို တွေးတောစဉ်းစားနေမိပါ၏။

"ဝင်ကြည့်ပါ မောင်လေး။ မမလေ ပစ္စည်းတချို့ကိုတော့ အနည်းအကျဉ်း ကိုင်မိတယ် ထင်တယ်။ ထူပူနေတော့ ဘယ်ဟာကိုကိုင်မိမှန်းလည်း သေချာမသိတော့ပါဘူး။ လာ···မောင်လေး။ လာ။ အဲဒီအခန်းပဲ၊ ဝင်ကြည့်ပေတော့"

ကျွန်ုပ်သည် ဗ္ဗာနတာဝန်ခံကတော်နှင့် မွေးစားသမီး မဇာခြည်တို့နှင့်အတူ အခင်းဖြစ်အခန်းသို့ ဝင်ကြည့်ခဲ့ပါသည်။ အိပ်ခန်းကလည်း ညှော်ခန်းနှင့် မထူးခြား။ ခမ်းခမ်းနားနား ဘာမျှမရှိ။ သံသေတ္တာအဟောင်းနှစ်လုံးမှာ ပွင့်နေပြီး အဝတ်အထည်ပစ္စည်းများသည် ဖရိုဖရဲ ပြန့်ကျဲနေပါသည်။ စိန်ရတနာပစ္စည်းများကို ခိုးယူသူက လုန်လှောရှာဖွေ ခိုးယူသွားသဖြင့် ထိုသို့ဖြစ်နေခြင်း ဖြစ်ပေလိမ့်မည်။

ထိုအခန်း၌ ဗီရိုတစ်လုံးမရှိ။ ယမ်းတောင့်သေတ္တာအဟောင်းနှစ်လုံး၊ သံသေတ္တာ အဟောင်းအစုတ် နှစ်လုံးနှင့် ထင်းရှူးသေတ္တာနှစ်လုံးပဲ ရှိသည်။ ထိုအခန်းက အတော်ကျယ်ဝန်းရာ သံခုတင်အစုတ်နှစ်လုံးပါ တွေ့ရပါသည်။ ဗ္ဗာနတာဝန်ခံ၏ အိမ်ကိုကြည့်ပြီး ကျွန်ုပ်စိတ်မကောင်းတော့။ ဆင်းရဲဒုက္ခရောက်ကြရှာသည့် ဗ္ဗာနတာဝန်ခံ၏ မိသားစုအပေါ်လည်း ကရုဏာသက်နေမိသည်။

ထို့အတူ ရိုးသားလွန်းမှုအတွက် ဗ္ဗာန တာဝန်ခံမိသားစုအပေါ် ဂုဏ်ယူလေးစား အထင်ကြီးနေမိပြန်သည်။ အခင်းအပြင် အနေအထားကြည့်ရုံနှင့် ရိုးသားမှုက ဖုံးမရ၊ ဖိမရ။ ရိုးဂုဏ်ကို ကျွန်ုပ်အသိ အမှတ်မပြုဘဲ မနေနိုင်။

"ဒီဘက်ခုတင်က မမကလေးတွေ လိပ်တာလေ"

ဗ္ဗာနတာဝန်ခံကတော်က ရှင်း သည်။ အိပ်ရာများကလည်း သာမန် တို့၏ အိပ်ရာနှင့် မထူးခြား။ ခြင်ထောင် ကို စစ်သားခေါက် စနစ်တကျ ခေါက် သိမ်းတင်ထားသည်။ စောင်များ၊ ခေါ င်း အုံးများလည်း စနစ်တကျ သူ့နေရာနှ သူ ရှိနေသည်။

"ဒီကိစ္စက စီအိုင်ဒီအကူအညီ ယူရမယ့်ကိစ္စပါ မမ။ ဒါ့ကြောင့် ကျ တော့်ကို မမတို့အိမ်က ဖုန်းနဲ့ပဲ ဖု ဆက်ခွင့်ပြုပါ မမ"

"ဆက်···မောင်လေး ဆက် မောင်လေးတို့အလုပ် မောင်လေး ဘာသာ လုပ်စရာရှိတာ လွတ်လွ လပ်လပ်လုပ်ပါ မောင်လေး"

ကျွန်ုပ်သည် စကားပြောဖုန်း သွားပြီး ဖုန်းဖြင့် အင်းစိန်စုံထောက်ဌာ ရှိ ကြီးကြပ်ရေးမှူး ဦးထွန်းမြင့် ဆက်သွယ်ကာ လက်ဗွေပါရဂူနှင့် ဓာ ပုံရိုက်သည့်အဖွဲ့တို့ လွှတ်ပေးပါရန် အ အညီတောင်းခံလိုက်ပါသည်။

(ခြောက်)

အရေးပါရာ လက်ဗွေရှာ

ကျွန်ုပ်သည် စကားပြော ဆက်ပြီးသည်နှင့် အိမ်အပြင်ပတ်



www.burmeseclassic.com

www.burmeseclassic.com

ည်ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ စိန် နာများ ခိုးယူသူသည် အိမ်သူအိမ် တို့ ဝင်ထွက်သည့်လမ်းအတိုင်း ထွက်ခဲ့ကြောင်း ထင်ရှားသွားပါပြီ။ ပတ်ပတ်လည်တွင် ဖောက်ထွင်း မှု တစ်စုံတစ်ရာ မတွေ့ရှိရသဖြင့် န်ပ်သည် အခင်းဖြစ်အခန်းသို့ ပြန် ာခဲ့ပါသည်။

ကျွန်ုပ်သည် လက်ဗွေကျန်နိုင် ည့် နေရာများကို ချန်လှပ်၍ သဲလွန် တွေ့လိုတွေ့ငြား စနစ်တကျ အသေး ် ရှာဖွေခဲ့ပါသည်။ ကျွန်ုပ် နာရီဝက် သဲလွန်စများ ရှာဖွေခဲ့သော်လည်း ကော်ဖွယ်ရာ သဲလွန်စတစ်စုံတစ်ရာ မတွေ့ရှိခဲ့ပါ။ အခင်းဖြစ်အရပ်တွင် သင့်သည့် ပစ္စည်းများကို မတွေ့ရှိ တို့ ရှိသင့်သည့်ပစ္စည်းများ လျော ပျောက်ဆုံးနေမှု ရှိမရှိကိုလည်း ဗ္ဗာန ဝန်ခံကတော်နှင့် ၎င်း၏မွေးစားသမီး ခြည်တို့နှင့်အတူ စစ်ဆေးကြည့်ခဲ့ ်လည်း ပျောက်ဆုံးနေသော စိန် ငွေတို့မှအပ အခြားမည်သည့်ပစ္စည်း ပျောက်ဆုံးခြင်းမရှိကြောင်း စိစစ် ရှိရပါသည်။

ထိုအချိန်မှာ ကျွန်ုပ်ဖုန်းဆက် တူအညီတောင်းထားသည့် အင်းစိန် ထောက်ဌာနမှ လက်ဗွေပါရဂူအဖွဲ့ဝင် ဦးနှင့် ဓာတ်ပုံဆရာတစ်ဦးတို့သည် ်ဆိုင်ရာ ပစ္စည်းကိရိယာများနှင့် တူ ရောက်ရှိ၍လာကြပါသည်။

ကျွန်ုပ်က ထိုအဖွဲ့ကို ယခုကိစ္စ ဖြင်သို့ သတင်းမပေါက်ကြားရေးနှင့် ်သက်၍ ရှင်းလင်းပြောပြပြီးနောက် ်ငန်းများ စခဲ့ကြပါသည်။

ဓာတ်ပုံဆရာကလည်း မှုခင်း ဓာတ်ပုံများကို ရိုက်နေသကဲ့သို့ လက်ဗွေ ပါရဂူများကလည်း အခန်းတံခါးများ၊ သော့ခလောက်များ၊ သေတ္တာများ၊ ရွှေ ထည်ပစ္စည်းထည့်သည့်ဘူးများ၊ အစ်များ နှင့် လက်ဗွေရာကျန်နိုင်မည့် နေရာများ ကို လက်ဗွေရာကျန်မကျန် ဂရိုက်ဖိုက် နှင့် ဂရေးပေါင်ဒါများသုံး၍ စနစ်တကျ ရှာဖွေနေကြပါသည်။

ကျွန်ုပ်မှာလည်း ဖြုန်းစားကြီး ထွက်လာရသည့်အပြင် ရှာဖွေသိမ်း ဆည်းခြင်းမှာလည်း ကျွန်ုပ်အလုပ် မဟုတ်တော့၍ ကျွန်ုပ်ထံ၌ ရှာဖွေပုံစံ မပါရှိခဲ့ပါ။ သို့သော်လည်း ကျွန်ုပ်သည် အမှုစုံထောက်၊ လူဆိုးစုံထောက်တာဝန် များကို ကာလရှည်ကြာစွာ ထမ်းဆောင် ခဲ့ရာ ရှာဖွေပုံစံဆိုသည်မှာ ချစ်ဦးသူ ရည်းစားပမာ မေ့ပျောက်မရသည့် အရာ ဖြစ်ပါသည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ လက်ဆွဲ အိတ်ထဲမှ စာရွက်အလွတ်၊ ပေတံတို့ ကို ထုတ်ယူပြီး ရှာဖွေပုံစံကို ရေးဆွဲ လိုက်ပါသည်။ ရှာဖွေပုံစံဖြစ်လာသည် နှင့် အခင်းဖြစ်အရပ်တွင် တွေ့ရသည့် သက်သေခံပစ္စည်းများကို တပ်မတော် လုံခြုံရေးကင်းမှ တပ်ဖွဲ့ဝင်နှစ်ဦးအား သက်သေအဖြစ်ထားရှိကာ အိမ်ရှင် ဌာနတာဝန်ခံကတော်ထံမှ သိမ်းယူလိုက် ပါသည်။

လက်ဗွေပါရဂူအဖွဲ့က ကြိုးစား ပမ်းစား လက်ဗွေရာများ ရှာဖွေဖော် ထုတ်ခဲ့ရာ လက်ဗွေရာ ငါးခုတွေ့ရှိခဲ့ပါ သည်။ ထိုလက်ဗွေရာငါးခုကို အခန်း အဝင်ဝတံခါး၌လည်းကောင်း၊ သံသေတ္တာ နှစ်လုံး၌လည်းကောင်း၊ စိန်ရွှေရတနာ ပစ္စည်းများထည့်ထားသည့် အစ်ငယ် ကလေး၌လည်းကောင်း တွေ့ရှိခဲ့ရခြင်း ဖြစ်ပါသည်။ အစ်၌ လက်ဗွေရာနှစ်ခုတွေ့ ခြင်း ဖြစ်ပါသည်။ ဓာတ်ပုံဆရာကလည်း ထိုလက်ဗွေရာများကို အပျက်အစီးမရှိ အောင် စနစ်တကျ သေချာစွာ မှတ် တမ်းတင် ဓာတ်ပုံရိုက်ယူပါသည်။

ထို့နောက် အိမ်ရှင် ဌာနတာဝန်ခံ ကတော်၊ မွေးစားသမီး မဇာခြည်၊ ယာဉ် မောင်းနှင့် ဇနီး၊ တပ်မတော်လုံခြုံရေး ကင်းမှ တပ်ဖွဲ့ဝင်တို့၏ လက်ဗွေများကို နှိပ်ယူခဲ့ပါသည်။

## (ခုနစ်)

### မိုးထိမြင့်မား သဘောထား

ကျွန်ုပ်တို့ ထိုသို့ ကိုယ့်အလုပ်နှင့် ကိုယ် ရှုပ်နေကြသည်မှာ ညနေ ၅ နာရီ ခန့်ပင် ရှိသွားပါပြီ။ ကားဆိုက်သံကြား လိုက်ရပြီးနောက် မဇာခြည်၏ ပြောပြ ချက်အရ ဌာနတာဝန်ခံ ရုံးဆင်းလာပြီ ဖြစ်ကြောင်း သိလိုက်ရပါသည်။


*(ဆက်လက်ဖော်ပြပါမည်။)*

သုသိဏ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လိုက်တမ်း ပြေးတမ်း

ဝင်းသောင်(ရမည်းသင်း)

"ဟူး...မိုးရွာနေတဲ့ကြားက မှ ထိုက်အိုက်လိုက်တာ လွန်ပါရော"

"ဘယ်လိုလဲ မောင်ညို၊ ကိစ္စပြီး ပြီလား"

"ဟုတ်ကဲ့၊ တိုင်းထွာတွက်ချက် ပြီးခဲ့ပါပြီ ဗွာနမှူး။ လိုအပ်တဲ့ပစ္စည်း များဝယ်ပြီး လုပ်ငန်းစရုံပါပဲ"

ကျွန်တော်သည် ချွေးသံတရွှဲရွဲ ဖြင့် ပါးစပ်က လေပူကြီးမှုတ်ထုတ်ကာ ရုံးခန်းအတွင်း ဝင်လာသော ဗွာနစိတ် မှူး မောင်ညိုအား လှမ်းမေးလိုက်ရာ မောင်ညိုသည် ချွေးစိုနေသော သူ၏ နဖူးကို လက်နှစ်ဖက်ဖြင့် လှပ်ခတ်ပြီး ပြန်ဖြေလိုက်သည်။

"သွပ်ဘယ်နချပ်ကုန်မလဲ ... မောင်ညို"

ခုနစ်ပေ ၁၈ ချပ်၊ ခေါင်းအုပ်ဖို့ ခြွင်းသွပ်တစ်ချပ်ဝယ်ရင် လောက်ပါ တယ်။ နေရောင်ကာနဲ့ မြင်းမိုရ်ပိတ်က တော့ စတိုမှာ လက်ကျန်ရှိတဲ့ သွပ် ထဲက သံချေးချွတ်ဆေးသုတ်ပြီး သုံး။ ဒါမှမဟုတ် ဝါးကပ်ရှစ်ပေ× တစ်ချပ်ဝယ်၊ ပိုင်းဖြတ်ပြီး သုံး မယ်။

"ဒါနဲ့ စတိုမှာရှိတဲ့ သစ်တွေခွဲပြီး သစ်ကောလောက်ပါ့မလား မောင်ညို"

"လောက်ပါလိမ့်မယ်။ ဆရာအေး မြင့် သေသေချာချာ တွက်ချက်ပြီး ခွဲ ထားတာပါခင်ဗျာ"

"အေးမြင့် အပြောချည်းလည်း မယုံနဲ့။ မင်းက အရာရှိကွ။ အေးမြင့်ဆို တဲ့ကောင်က သိပ်မလွဲပါဘူး။ ဆရာရယ် ဆိုရင်တောင် တစ်ထွာတစ်မိုက် လွဲတဲ့ ကောင်နော်။ နောက်မှ ဟိုဟာဖြတ်ရ မယောင် ဒီဟာ ဆက်ရမယောင် မလုပ် နဲ့။ သေသေချာချာ အနီးကပ်ကြီးကြပ် ဆောင်ရွက်ကွာ"

"ဟုတ်ကဲ့၊ စိတ်ချပါခင်ဗျာ။ ကျွန် တော်ကိုယ်တိုင် ဝင်လုပ်ရင်း အနီးကပ် ကြီးကြပ်ဆောင်ရွက်ပါ့မယ်ခင်ဗျာ"

ကျွန်တော် ဗွာနစိတ်မှူး မောင်ညို ကိုတော့ ယုံပါတယ်။ သူဟာ ဘာ အလုပ်ကိုမဆို သပ်သပ်ရပ်ရပ်နဲ့ စေ့စေ့ စပ်စပ် လုပ်တတ်သူဖြစ်သည်။ အလုပ် ထောင့်စေ့အောင်လုပ်ပြီးလို့ မောင်ညို တစ်ယောက် နားပြီဆိုရင်လည်း ဘာမှ ဆက်မခိုင်းနဲ့။ ဘာမှမလုပ်တော့ဘူးဆို တဲ့ လူစားမျိုး။ ကျွန်တော်တို့လို ဗွာနကြီး တစ်ခုရဲ့ တာဝန်ခံအရာရှိဟာ လက် အောက်အရာရှိ ဝန်ထမ်းအကျင့်စရိုက်၊ အမူအကျင့်ဆိုတာတွေသိထားမှ လုပ် ငန်းလုပ်ကိုင်တဲ့အခါ အောင်မြင်အောင် ဆောင်ရွက်နိုင်မှာလေ။ ဒါကြောင့် ကျွန် တော့်လက်အောက်မှာ တာဝန်ထမ်း ဆောင်ကြသူ၊ အထက်မှာ တာဝန်ထမ်း ဆောင်ကြသူ အားလုံးရဲ့ အကျင့်စရိုက် အမူအကျင့်တွေကို အမြဲလေ့လာထား ပါတယ်။

ကျွန်တော်သည် လတ်တလော ပြောင်းရွှေ့ရောက်ရှိလာမယ့် ညွှန်မှူးအိမ် တွင် ကားဂိုဒေါင်ငယ်တစ်လုံးဆောက် ရန် လိုအပ်လာရာ ညွှန်မှူးသည် ချွေ တာခြိုးခြံတတ်၍လား၊ သို့မဟုတ် ဒီနေ ရာတွင် ခဏတည်းပြီး အခြားတစ်နေ ရာသို့ သွားရန်မှန်းထားသလား မသိ။ ယာယီပဲဗျာ။ လေးတိုင်စင်သဘောမျိုး ခနိုမိုး။ ဝါးထရံကာဆိုလည်း ပြီးပါတယ် ဗျာဟု သဘောထားပေးခဲ့သော်လည်း ညွှန်မှူးနေတဲ့ အိမ်ကြီး၊ ခြံကြီးအတွင်း ခနိုမိုး။ ဝါးထရံကာ ကားဂိုဒေါင်ဆိုပါက အမြင်မတော် ဆင်တော်နဲ့ခလောက်ဆို တာလို ဖြစ်နေမှာကြောင့် စတိုတွင်ရှိ နေသော သစ်အချို့ကို ခွဲခြမ်းစိတ်ဖြာ ပြီး သပ်သပ်ရပ်ရပ် ကားဂိုဒေါင်ငယ် လေးတစ်လုံး ဆောက်ပေးမည်၊ သွပ် အသစ်ဝယ်မိုးမည်ဟု ဆုံးဖြတ်ကာ တပည့်မောင်ညိုနှင့် ဗွာနဆိုင်ရာ ထက်

www.burmeseclassic.com

သမားအဖွဲ့ခေါင်းဆောင် အေးမြင့်တို့နှင့် တိုင်ပင်ဆွေးနွေး ဆောင်ရွက်နေခြင်း ဖြစ်သည်။

"ဒါနဲ့ မောင်ညို၊ ငါတွက်ခိုင်းထားတဲ့ သွပ်စာရင်း။ သံစာရင်း။ ခြောက်ငါးမူး ကားပြင်စာရင်းတွေရပြီလား"

"ဟုတ်ကဲ့၊ ဟောဒီမှာ စာရင်းပါ ခင်ဗျာ"

"ဟကောင် မောင်ညို၊ စာရင်းမင်း ကိုင်ထားလေ။ ခုပဲ ငါနဲ့မင်း လိုတဲ့ ပစ္စည်းဝယ်ဖို့ ဘုရင့်နောင်ဈေး သွားကြ မယ်လေ"

"အိမ်ဆောက်ပစ္စည်း ဝယ်တာ လောက်တော့ ဘုရင့်နောင်ဈေးထိ သွားဖို့မလိုတော့ပါဘူး ဗျာနမူး။ ကုန်သည် လမ်း။ ကုန်ဈေးတန်းလမ်း။ (၂၇)လမ်း။ (၂၈)လမ်း။ ပန်းဘဲတန်းမြို့နယ်မှာ အိမ်ဆောက်ပစ္စည်း။ ကုန်မာပစ္စည်း ဘာလို သလဲ အကုန်ရပါတယ်ခင်ဗျာ။ အဲ·· အဲ···ခြောက်ငါးမူး ကာပျဉ်ကတော့ ကြည့်မြင်တိုင် စခန်းနဲ့မနီးမဝေး သစ် ဆိုင်တွေမှာ လိုသလောက် ချက်ချင်း ဝယ်လို့ရပါတယ်"

"ဟေ့ကောင် မောင်ညို၊ ငါ ရောဝတီတိုင်း ခဏပြောင်းသွားတာ တစ်နှစ်ပဲကြာတယ်။ ငါရန်ကုန်ပြန်ရောက်ပြီး ဒီနေရာလာထိုင်တာ။ နယ်က မနေ့တစ်နေ့ကမှ ရောက်လာတဲ့လူဆိုပြီး အထင်သေးတာလား။ ပန်းဘဲတန်းမှာ ဘယ်ကုန်မာပစ္စည်းအရောင်းဆိုင်မှ မဖွင့်ရသလို လမ်းမတော်၊ လသာမြို့နယ် တွေမှာလည်း ဘာပွဲရုံမှ မဖွင့်ရဘူးဆိုတာ သတင်းစာတွေမှာကော၊ တီဗွီတွေမှာပါ အသိပေးကြေညာလို့ ငါ့အသိ မိတ်ဆွေတွေတောင် အလျှားဖားလျား ပြောင်းကုန်ကြတယ်တဲ့။ မပြောင်းလို့ ဘယ်ရမလဲ။ သူတို့အတွက် နေရာတွေ သတ်မှတ်ထားတယ်လေ။ အဲဒါမင်းက ငါ့ကို နယ်က ခုမှပြောင်းလာတဲ့ လူဆိုပြီး တောပြောတောင်ပြော လျှောက် ပြောနေတယ်

"ကိုယ့်ဗျာနမူးကို ကျွန်တော်က မမှန်မကန် ပြောပုံပါမလား ဗျာနမူးရယ်။ တကယ် ကျွန်တော်အမှန်တွေ ပြောနေ တာပါ"

"ဟေ့ကောင်
မောင်ညို။
ငါရောဝတီတိုင်း
ခဏပြောင်းသွားတာ
တစ်နှစ်ပဲကြာတယ်။
ငါရန်ကုန်ပြန်ရောက်ပြီး
ဒီနေရာလာထိုင်တာ။
နယ်က
မနေ့တစ်နေ့ကမှ
ရောက်လာတဲ့လူဆိုပြီး
အထင်သေးတာလား"

"ကဲ···မောင်ညို၊ ဘာပဲဖြစ်ဖြ နီးနီးမှာဝယ်ရတော့ အပန်းမကြီးဘူ ကောင်းတာပေါ့ကွာ။ လာ···အဲဒီမှာ သွားဝယ်ကြစို့"

× × ×

"ခုနစ်ပေသွပ် ရှိလား"

"ရှိပါတယ်၊ ဘယ်ဈေးလဲဗျာ"

"ဈေးက အစားစားပဲ။ သွပ်ကိ နဲ့ တံဆိပ်ပေါ်မှာ တည်ပါတယ်"

"ဟုတ်ကဲ့၊ ဒါဆိုကြည့်ပါရစေ

"နောင်ကြီးတို့ ဘယ်နေရာမှာ မှာလဲ"

"ကားဂိုဒေါင်မိုးဖို့ပါ"

"ဒါဆို ဟောဒီ ၃၈ ဂိတ် သ ကို ယူပါ"

"ဘယ်ဈေးလဲဗျာ"

"တစ်ပေ ပတ်လည် ၄၅ ကျ

"နောက်ဆုံးလျှော့ပေးနိုင်တဲ့ ပြောဗျာ။ တခြားဆိုင် လိုက်ကြည့ ဈေးတူရင် ခင်ဗျားဆီပြန်ဝယ်ပါ့မယ်

"ဘယ်လောက်ယူမှာလဲ"

"ခုနစ်ပေသွပ် ၁၈ ချပ်၊ ခြေ သွပ်တစ်ချပ်လောက် ယူမှာပါ"

"ကဲ···ကဲ···တစ်ပေ ကျပ်နှုန်းနဲ့ ပေးလိုက်မယ်။ နောင် ရေ··တံဆိပ်ကို သေသေချာချာ သွားနော်။ ဒီသွပ်က အိန္ဒိယ တခြားသွပ်နဲ့ မတူဘူး။ ဈေးပေါ ဝယ်ပြီး အညံ့စားသွပ်နဲ့ မိသွားမှာ စေတနာနဲ့ သတိပေးတာဗျနော်

"ဟုတ်ကဲ့ဗျာ၊ ဟုတ်ကဲ့ ကျေ ကျွန်တော်တို့ သိရာတယ်

www.burmeseclassic.com

www.burmeseclassic.com

တက် သွပ်ဈေးစနည်းနာရန် နောက် ကုန်မာဆိုင်တစ်ဆိုင် ပြောင်းဝင် ကြသည်။

"ဘာယူမလဲ"

"ခုနစ်ပေသွပ်"

"ရှိတယ်"

"ဈေးနှုန်းဘယ်လောက်လဲ"

"ဈေးက အစားစားပဲ။ ဘယ် မျိုးအစားယူမှာလဲ"

"ဟောဒီ အမျိုးအစား ဘယ်ဈေး"

"ဘယ်လောက်ယူမှာလဲ"

"ဈေးတည့်ရင် ၁၈ ချပ်ယူမယ်"

"ဒီသွပ်ဂိတ်က ၃၈ ဂိတ်သွပ် ပေပတ်လည် ၄၄ ကျပ်ဈေး"

"မလျှော့တော့ဘူးလား"

"ဒါရောင်းဈေးပဲ၊ ဘုရင့်နောင်မှာ ည်း ဒီဈေးပဲ"

"ဒါ ဝမ်းစတားနော်၊ သေသေချာ ချာကြည့်၊ အိန္ဒိယသွပ်မဟုတ်ဘူး"

ဆိုင်ရှင်ရဲ့ မျက်နှာပေး၊ ပြောပုံဆို ကို ကျွန်တော်ကော၊ မောင်ညို ါ မနှစ်သက်လှသဖြင့် တခြားဆိုင် ပြောင်းရန် ဟန်ပြင်လိုက်စဉ် ဆိုင်ရှင် က ဒီသွပ်က အိန္ဒိယသွပ်မဟုတ်ဘူးဟု ဆိုလာသဖြင့် ပထမဆိုင်က ဒါအိန္ဒိယ သွပ်နော်၊ သေသေချာချာကြည့်တဲ့၊ ဟော...နောက်ဆိုင်ကျပြန်တော့ ဒါ ဝမ်းစတားပဲ၊ အိန္ဒိယသွပ်မဟုတ်ဘူး၊ သေသေချာချာကြည့်သွားလို့ ဆိုလာ ရာ ဘယ်လိုလဲဆိုတဲ့ အတွေးနဲ့ ကျွန်တော်တို့နှစ်ယောက် အတော်ပင် စားသွားတော့သည်။ မည်သို့ဆို

**ကျွန်တော်သည် တပည့်မောင်ညိုနဲ့ ကပ်နေသည့် အနေအထားတွင် ရှိတာကြောင့် မောင်ညို့လက်ကို မသိမသာကိုင်ကာ ဖိညှစ်ပြီး ပြဿနာမရှာရန် အချိန်မီထိန်းလိုက်သည်။ မောင်ညိုသည် ဘယ်သူနှင့်မဆို ကောင်းကောင်းမွန်မွန် ဆက်ဆံတတ်သည်။ သူ့ကိုလည်း ကောင်းကောင်းမွန်မွန် ဆက်ဆံမှ ကြိုက်သည်။**

စေ ကိုယ်ငါးချဉ်ကိုယ်ချဉ်နေတဲ့သဘော ပင် ဖြစ်ကြောင်း ကျွန်တော်တို့နှစ်ယောက်လုံး သဘောပေါက်မိကြပါတယ်။

"မောင်ညိုရေ...သွပ်ဈေးက ဒီထက်လျော့မယ် မထင်ဘူးကွ၊ ဒီကောင်တွေ အားလုံးညှိထားတဲ့သဘောပဲ"

"ဟုတ်ပါတယ်၊ ဒီတစ်ဆိုင်ဝင်မေးပြီး ဈေးတူရင် ဝယ်ကြတာပေါ့ ဗြာနမှူး"

ပြောပြောဆိုဆို တစ်ဆိုင်ကျော်က ကုန်မာဆိုင်အတွင်း မောင်ညိုက ဦးဆောင်ဝင်သွားရာ ကျွန်တော် နောက်က လိုက်ဝင်ဖြစ်သွားသည်။

"ဘာလိုချင်လဲ"

"ခုနစ်ပေသွပ်"

"ရှိတယ်"

"ဘယ်ဈေးလဲ"

"အစားစားပဲ"

သွပ်အမျိုးအမည်၊ အမျိုးအစား ပြောပြပေးပြီး ဈေးနှုန်းမေးလာလျှင် ဆိုင်ရှင်လုပ်သူက ဈေးပြောပြရန် ဖြစ်သော်လည်း အစားစားပဲဟု ဆိုင်ရှင်က တိုတောင်းစွာ ဖြေလိုက်သဖြင့် ကျွန်တော်ကိုယ်တိုင်လည်း ဆိုင်ရှင်ရဲ့ ဘုဆတ်ဆတ်အဖြေကို မနှစ်သက်သလို၊ တပည့်ကျော် မောင်ညိုလည်း ဘဝင်ကျမှာမဟုတ်ဘူးဆိုတာ သဘောပေါက်လိုက်သည်။ ကျွန်တော်တာကြောင့် ဒီလိုပြောတာလဲဆိုတော့ ဆိုင်ရှင်တရုတ်ရဲ့ အစားစားပဲဟု ဘုဆတ်ဆတ်ပြောလိုက်စဉ်မှာ မောင်ညိုသည် သွပ်ကိုကြည့်နေရာက ဆိုင်ရှင့်မျက်နှာကို ဝင်းဝင်းတောက်နေတဲ့ မျက်လုံးများနဲ့ ဆတ်ခနဲလှမ်းကြည့်လိုက်တာ ကျွန်တော်မြင်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သောကြောင့် ဖြစ်သည်။

တကယ်တော့ ရောင်းသူနဲ့ ဝယ်သူ ဘာအလိုရှိပါသလဲခင်ဗျာ၊ ဝယ်သူကလည်း သွပ်ဝယ်လိုကြောင်းပြောမယ်။ ဟုတ်ကဲ့ ရှိပါတယ်၊ အမျိုးအစားက ဘာအမျိုးအစား၊ ဈေးနှုန်းက ဘယ်ဈေး စသဖြင့် ဆိုင်ရှင်က ရွှန်းရွှန်းဝေအောင် ပြောရန်သာ ဖြစ်သည်။ ခုတော့ ဆိုင်ရှင်က တိုတောင်းလွန်းသည်။ တိုတောင်းရသည့် အကြောင်းကလည်း ကျွန်တော်တို့ ဆိုင်တွင်းဝင်လာတော့ မမျှော်လင့်ဘဲ သွပ်တွေထောင်ထားတဲ့ ဘေးတွင် တောင့်တောင့်ဖြောင့်ဖြောင့် ကောင်မလေးနဲ့ အကြည်ဆိုက်နေကြတယ်လေ။ အရေးကောင်း ဒိန်းဒေါင်း ဖျက် ဆိုတာလို ကျွန်တော်တို့ ဆိုင်တွင်းဝင်လာလို့ တင်းသွားပုံရတယ်။ သူတို့လူမျိုးဟာ ဈေးရောင်းတဲ့နေရာမှာ သူမတူအောင် ဖော်ရွေတဲ့လူမျိုး။ သူကျတော့မှ ဝယ်လက် ဈေးဝယ်သူကို အလေးမထား ဘုတောသလိုဖြစ်တယ် ဆိုတော့ ဒီဆိုင်ရှင် ဖွံ့ကြောင်တာမဟုတ်ရင် ဘာကြောင်တာလဲလို့ မေးရန်သာ ရှိသည်။

ကျွန်တော်သည် တပည့်မောင်ညိုနဲ့ ကပ်နေသည့် အနေအထားတွင်ရှိတာကြောင့် မောင်ညိုလက်ကို မသိမသာ ကိုင်ကာ ဖိညှစ်ပြီး ပြဿနာမရှာရန် အချိန်မီ ထိန်းလိုက်သည်။ မောင်ညိုသည် ဘယ်သူနှင့်မဆို ကောင်းကောင်းမွန်မွန် ဆက်ဆံတတ်သည်။ သူ့ကိုလည်း ကောင်းကောင်းမွန်မွန် ဆက်ဆံမှ ကြိုက်သည်။ အထူးသဖြင့် သူ၏ အထက်အရာရှိ ဌာနမှူး ကျွန်တော်နှင့် အတူရှိနေစဉ် ဆိုင်ရှင်လိုလူမျိုးက တိုတောင်းစွာ မောက်မောက်မာမာ ဆက်ဆံတာ သူကြိုက်ပုံမရဘဲ မကျေမနပ်ဖြစ်နေခြင်း ဖြစ်သည်။

"ကဲ…ကဲ…ဆိုင်ရှင်၊ ခုနစ်ပေသွပ် ၁၈ ချပ်၊ ပြောင်သွပ် တစ်ချပ် ယူမယ်။ ဘောက်ချာဖွင့်"

ကျွန်တော်သည် ဘာမှထူးမှာ မဟုတ်သဖြင့် နောက်တစ်ဆိုင်မကူးလိုတော့။ ဒါကြောင့် ကျသင့်ငွေတွက်ခိုင်းပြီး ဘောက်ချာကျသင့်ငွေကို ပေးလိုက်သည်။ မောင်ညိုလည်း ဆိုင်ရှင်ချပေးသည့် သွပ်များကို သူကိုယ်တိုင် သယ်ကာ ကားပေါ်တင်ပြီး ကုန်မာဆိုင်မှ ထွက်မည်ပြင်ကြရာ ဆိုင်ရှင်သည် စောစောက သူလက်ခံထားသောငွေကို ပြန်ထွက်ပြီး "ဒီမှာ…ဒီမှာ၊ ငါးဆယ်လိုသေးတယ်"လို့ အော်ပြောပါတယ်။

"ဘာကြောင့် ငါးဆယ်လိုရမှာလဲဗျာ။ ကျုပ်အတိအကျ တွက်ပေးထားပါတယ်"

"ဟုတ်တယ်၊ ခင်ဗျားပေးတာ ပစ္စည်းဖိုးပဲ"

"နို့…ဘာဖိုးကျန်သေးလို့လဲဗျာ"

"အလုပ်သမားခ ကျန်သေးလို့ တောင်းတာ"

"ဟာ…ဒါတော့"

"ဒါတော့တွေ ဘာတွေ ကျုပ်နားမလည်ဘူး။ အလုပ်သမားခ ထုံးစံအတိုင်း တောင်းတာ။ ပေးချင်ပေး၊ မပေးချင် ကားပေါ်က သွပ်တွေပြန်ချ။ ဒါပဲ…"

"ဖြောင်း…"

"ဟော့ကောင်၊ မင်း ဒါလောက် ဘာလို့ ရိုင်းတာလဲ"

"တော်ပြီ မောင်ညို၊ မလုပ်နဲ့ မလုပ်နဲ့။ မင်းလက်လွန်သွားရင်မကောင်းဘူး"

"လာပြီ"

"လာပြီ…လာပြီ"

"လာပြီ…ဝိတ်…ဝိတ်"

"ဝုန်း…ဒိုင်း…ဖြောင်း"

"ရှင်းပြီ…ရှင်းပြီ"

"ဖွင့်…ဖွင့်…ဖွင့်"

"ကျွီ…ကျွီ…ဖြောင်း"

မောင်ညို၏ လက်သံနဲ့ တစ်ဆက် တည်း ကပ်ပါလာသော အသံများက တော့ ပန်းဘဲတန်းနယ်မြေတွင် မရောင်း ရသတ်မှတ်ထားပါလျက် တိတ်တိတ် ရောင်းချနေသော ကုန်မာဆိုင်များသို့ စစ်ဆေးအရေးယူမယ့် တာဝန်ရှိအဖွဲ့ များ သတ်မှတ်ချိန်အတိုင်းဝင်ရောက် စစ်ဆေးရန် ရောက်လာသည်ကို ဆိုင် ရှင်များက စောင့်ကြည့်ရန် တာဝန်ပေး ထားသည့်သူတွေက ဆိုင်တန်းတစ် လျှောက် တိုးတိုးတိတ်တိတ် လိုက် သတိပေးသံများနှင့် ဆိုင်ရှင်များက ဆိုင် တံခါးပိတ်လိုက်သံများ ဖြစ်ပြီး တာဝ ရှိသူများ နယ်မြေကကျော်သွားတာနဲ့ ဆိုင် ပြန်ဖွင့်ရန်အချက်ပေးသံများဖြစ်သည်။

ဟို…ရှေးရှေးတုန်းက ရန်ကု မှာ ဒီလို လိုက်တမ်းပြေးတမ်း ကစား ကြတာမျိုး ရှိခဲ့ဖူးတယ်။

ဝင်းသောင်(ရမည်းသင်း



www.burmeseclassic.com

www.burmeseclassic.com

# ဆိုင်ကယ်လုယက်မှု ပြင်ဆင်မှုတက်ပြီ

ဤစာအုပ်တွင် **'ပြစ်မှုအထူးဆောင်းပါး'** အဖြစ် သန်လျင်မြို့မှ ဆိုင်ကယ်လုယက်မှုအကြောင်းကို ထိုင်းနိုင်ငံရှိ ဆောင်ကျွန်းပေါ်မှ လူသတ်မှုအကြောင်းနှင့် ယှဉ်တွဲရေးသားခဲ့ပါသည်။

ထိုဆိုင်ကယ် လုယက်မှုသည် စွဲချက်တင်ရန် လုံလောက်သော အထောက်အထားများ ပေါ်ပေါက်မှု မတွေ့ရှိရသည့်အတွက် စွပ်စွဲခံရသူ(၂)ဦးဖြစ်သည့် ကိုဖြိုးသန့်ထက်နှင့် မျိုးသူတို့(၂)ဦးကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၂)အရ စွဲချက်မတင်မီ လွှတ်သည့်အမိန့်ကို ရန်ကုန်တောင်ပိုင်းခရိုင် တရားသူကြီးရုံးတော်က(၃၀-၇-၂၀၁၄)နေ့တွင် ချမှတ်ခဲ့ပါသည်။ (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလထုတ် ပြစ်မှုမဂ္ဂဇင်းအမှတ် ၂၃၂၊ စာမျက်နှာ-၄၁)

ထိုအမိန့်ကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေရုံးက တျနုပ်ဘာဖြင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ပြစ်မှုပြင်ဆင်မှုအမှတ်-၅၅၄(ခ)/၂၀၁၄ ဖြင့် (၁၀-၁၀-၂၀၁၄)ရက်နေ့တွင် လျှောက်ထားခဲ့သည်။ ထိုအမှုကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က လက်ခံပြီး ဖြစ်သည်။ ထို့ကြောင့် လျှောက်ထားခံရသူ ကိုဖြိုးသန့်ထက်နှင့် ကိုမျိုးသူတို့ (၂)ဦးတို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေရုံးအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ပြစ်မှုဌာန လက်ထောက်ညွှန်ကြားရေးမှူးထံသို့ (၇-၁၁-၂၀၁၄)နေ့ ၁၀ နာရီတွင် လာရန်ဆိုကြောင်း၊ (၂၄-၁၀-၂၀၁၄)ရက်နေ့စွဲဖြင့် အကြောင်းကြားစာ ပေးပို့ထားပြီး ဖြစ်ပါသည်။

ပြင်ဆင်မှုကို လျှောက်ထားရာတွင် အဓိကတင်ပြသည့်အကြောင်းမှာ တရားလိုပြသက်သေ ၁၅ ဦးမှာ တရားခံများ ပြစ်မှုကျူးလွန်မှုရှိကြောင်း ထွက်ဆိုချက်ပေးနိုင်သည်၊ မပေးနိုင်သည်ကို မစစ်ဆေးရသေးဘဲ သုံးသပ်ဆုံးဖြတ်ခြင်းမှာ ထင်ကြေးဖြင့် ဆုံးဖြတ်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးခင်မောင်က တင်ပြထားသည်။

ပြစ်မှုမဂ္ဂဇင်းက အမှုတွဲ အထောက်အထားများကို လေ့လာကြည့်ရာတွင် စုစုပေါင်း တရားလိုပြသက်သေ ၂၄ ဦးအနက် တရားလိုအပါအဝင် တရားလိုပြသက်သေ ၉ ဦး (ရှာဖွေသက်သေများ)ကို စစ်ဆေးပြီး ဖြစ်သည်။ ၂ ဦးကို မူလရုံးဥပဒေအရာရှိက ပယ်ထားသည်။ ၁၃ ဦး ကျန်သည်။ ၁၅ ဦး ဆိုသည်မှာ မဟုတ်။ အမှုဖြစ်သည့်အချိန်မှာ ည ၁၀ နာရီကျော်ဖြစ်ပြီး၊ အမှုဖြစ်သည့်နေရာမှာလည်း လယ်ကွင်းထီးထီးအလယ်တွင်ဖြစ်သည်။ (သက်သေခံ '၉' အခင်းဖြစ် မြေပုံကြမ်း) မီးမရှိ၊ လူမရှိ၊ မနီးမဝေးတွင် 'အမိုးနီသချိုင်း' ရှိနေသည်။ ထို့ကြောင့် ပြစ်မှုကျူးလွန်နေသည်ကို မျက်မြင်တွေ့ရှိသူမှာ နစ်နာသူ တရားလိုတစ်ဦးတည်းသာ ဖြစ်သည်။ အခြား မျက်မြင်သက်သေမရှိကြောင်း အမှုတွေ ပေါ်ပေါက်နေသည်၊ ရန်ကုန်တောင်ပိုင်းခရိုင် တရားသူကြီးရုံးတော်ကလည်း ထိုအချက်ကို ထည့်သွင်းသုံးသပ်ထားသည်။ ရန်ကုန်တိုင်းဒေသကြီးဥပဒေရုံးကလည်း ကျန်သော တရားလိုပြသက်သေများကို ဆက်လက်စစ်ဆေးသင့်ကြောင်း တင်ပြထားသည်။

ထို့ကြောင့် ထိုအငြင်းပွားဖွယ်အချက်အပေါ်တွင် လျှောက်ထားခံရသူ ၂ ဦးအတွက် မည်သို့အခွင့်အရေး ရှိနိုင်သည်ကို ဥပဒေပညာရှင်များထံသို့ ပြစ်မှုမဂ္ဂဇင်းက မေးမြန်းခဲ့ပါသည်။

"သက်သေထွက်ချက်ကို ချိန်ဆရာတွင် သက်သေအရေအတွက်ထက် သက်သေ၏ အရည်အသွေးက အရေးကြီးသည်။ သက်သေခံဥပဒေပုဒ်မ-၁၃၄ အရလည်း အကြောင်းခြင်းရာတစ်ခုကို အထင်အရှား ဖြစ်စေရန် သက်သေများ၏ သက်သေခံချက်မည်၍ မည်မျှရှိရမည်ဟု ကန့်သတ်ချက် မရှိကြောင်း ပြဌာန်းထားသည်။ သက်သေတစ်ဦးတည်း၏ ထွက်ဆိုချက်သည် အမှုအခြေအနေ အရပ်ရပ်အရ ယုံကြည်ထိုက်လျှင် ယင်းသက်သေ၏ ထွက်ဆိုချက်ကို လက်ခံပြီး အဆုံးအဖြတ်ပေးနိုင်သည်"

ဟု မောင်ဝင်းမောင်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၉၇၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာမျက်နှာ ၁၀၆ အမှုတွင် ထုံးဖွဲ့ထားကြောင်း သိရှိရပါသည်။

(ပြစ်မှုမဂ္ဂဇင်း)



www.burmeseclassic.com

www.burmeseclassic.com

ထောင်ပေါ်မှာ
အပျိုကြိုက်။ အပိုင်း(၉၇)

မဟိုချော



www.burmeseclassic.com

www.burmeseclassic.com

# ထောင်မှုုးများအလိုရှိသည်

## အပိုင်း(၉၅)

## ထိတ်လန့်သော သံဝေဂများဖြင့်(၈)

■ ဗဟိုစော

တူးတူးတို့ရေ···

၃-၃-၁၄ မနက်မှာ အေးကို အိပ်ရာကနိုးမရတော့ဘဲ တစ်ကိုယ်လုံး အေးစက်တောင့်တင်းပြီး အသက်မရှိတော့မှန်း သိလိုက်ရတဲ့အချိန်မှာ ကိုယ်အရမ်းထိတ်လန့်တုန်လှုပ်သွားမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ မနေ့ကတစ်နေ့လုံးလည်း အိမ်မှာ [illegible]လိုက်၊ သောက်လိုက်၊ ဧည့်သည်လာရင် စကားပြောလိုက်၊ ည ၇း၁၅ မှာ MRTV-4 က လွှင့်နေကျ ထာဝရ [illegible] ဇာတ်လမ်းတွဲကို ဆိုဖာပေါ်ထိုင်ပြီး အေးအေးဆေးဆေး ကြည့်ခဲ့သေးတယ်လေ။ ပြီးတော့ သားအငယ်ဆုံး ဗိုလ်နဲ့လည်း ည ၁၀ နာရီကျော်တဲ့အထိ တွေရာလေးပါး ထိုင်စကားပြောနေပြီးမှ အိပ်ရာဝင်ခဲ့တာဗျ။

ည ၁ နာရီလောက်ကျတော့ အိပ်မပျော်လို့ အိပ်ဆေးတစ်ခြမ်းသောက်အိပ်မယ်ပြောလာတယ်။ ဒီလို ညည အိပ်မပျော်တာက ကျောက်ကပ်စဆေးရတဲ့အချိန်က စဖြစ်ခဲ့တာပါ။ ကျောက်ကပ်သွေးသန့်စင်ဌာန (H.D)က ဆရာဝန်တွေကလည်း ဆေးစာရေးပေးပြီး အိပ်ဆေးသောက်ခွင့်ပြုထားတာပါ။ ဒါဟာ ကျောက်ကပ်ဆေးရတာရဲ့ ဘေးထွက်ဆိုးကျိုး (Side effect) တစ်ခု ဖြစ်မယ်ထင်ပါရဲ့။

အဲလို လူကောင်းတစ်ယောက်လို ပြောဆိုနေထိုင်ပြီး နောက်တစ်နေ့မနက်ကျမှ မမျှော်လင့်ဘဲ ရုတ်တရက် ခွဲခွာသွားတာ တွေ့လိုက်ရတော့ ကိုယ့်မှာ ထိတ်လန့်တုန်လှုပ်ပြီး ငိုကြည်၊ လက်မခံနိုင်အောင် ဆို့နစ်ကြေကွဲသွားမိတယ်။ စိတ်ထဲမှာတော့ ကြည့်စမ်း။ ဘာမှလည်း ဝေဒနာအသည်းအသန် မခံခဲ့ရဘဲ မြန်းစားကြီး ဖြစ်ရလေခြင်းပေါ့လေ။ ရင်ထဲဆို့တင်ကဲနဲ့။

အဲ···တစ်ခုတော့ရှိသပေါ့လေ။ ၁-၃-၁၄ ရက်နေ့ နေ့ခင်း ၁ နာရီက ညနေ ၅ နာရီအထိ (၃၆)ကြိမ်မြောက် (နောက်ဆုံးအကြိမ်) ကျောက်ကပ်ဆေးနေတုန်းမှာ အေးဟာ ရုတ်တရက် ချမ်းတုန်လာပြီး သွေးပေါင်လည်း (၉၀/၆၀)ကျလာတာနဲ့ တာဝန်ကျဆရာဝန် ဒေါက်တာဒေါ်စိန်နဲ့ သူနာပြုဆရာမ လေးငါးယောက်တို့ ဝိုင်းရံပြုစုခဲ့ရတယ် မဟုတ်လား။

ခုတင်အောက်ဘက်ခြမ်း မြှင့်သူကမြှင့်၊ ရင်ဘတ်မှာ ရေနွေးအိတ်တင်သူကတင်၊ အောက်စီဂျင်ပိုက်တပ်သူကတပ်။ ဒီကြားထဲ အော့အန်လို့ ပလတ်စတစ်အိတ်နဲ့ အန်ဖတ်ခံသူခံနဲ့ ပြီးတော့ Dialysis လုပ်နေတာရပ်ပြီး ပိုက်တွေဖြုတ်ပစ်၊ နောက်ပြီး ဘာမင်တန်၊ ဂလူးကို့စ် စတဲ့ ဆေးသုံးလေးမျိုး သွင်းသူကသွင်းနဲ့ အတော်ကြီးကိုအလုပ်ရှုပ်သွားခဲ့ကြတာနော်။

ကိုယ့်စိတ်ထဲ အေးကိုကြည့်ရင်း အရေးပေါ်ဆေးရုံများ တင်ရလေမလားတောင် ထင်ခဲ့မိတာဗျ။ အမှန်တော့လည်း ဒါဟာ ဆေးရုံပေါ်မှာ အသည်းအသန်ဖြစ်တဲ့လူနာကို ဆရာဝန်၊ ဆရာမတွေ အရေးပေါ် ဝိုင်းရံပြုစု ကုသလိုက်သလိုမျိုးပဲ မဟုတ်လားဗျာ။

ထူးခြားတာက အေးကျောက်ကပ်ဆေးတိုင်းလိုလို ချမ်းတုန်တာ၊ သွေးပေါင်ကျတာ၊ အန်တာမျိုး တစ်ခုတလေလောက်ပဲ ဖြစ်လေ့ရှိတာပါ။ အဲဒီနေ့ကတော့ ရှိသမျှဝေဒနာတွေ စုပြုံခံစားလိုက်ရသလို ကျောက်ကပ်ဆေးတာပါ ရပ်တန့်လိုက်ရအောင် ပြင်းထန်ခဲ့တာပါ။

ဒါထက် ထူးခြားတာက ကျောက်ကပ်ဆေးလာသမျှ တစ်ကြိမ်တစ်ခါမှ မဖြစ်ခဲ့ဖူးတဲ့ "မေးရိုးအောင့်တယ်"ဆိုတဲ့ ဝေဒနာအသစ်ကို ခံစားလိုက်ရတာပါပဲ။ နောက်မှတွေးမိတာ



www.burmeseclassic.com

www.burmeseclassic.com

က ဒါဟာ အေးဘဝနဂုံးချုပ်တော့မယ်ဆိုတာကို ကြိုတင်သတိပေးလိုက်တဲ့ ရှေ့ပြေးဝေဒနာနိမိတ်ဆိုးတစ်ခုများ ဖြစ်လေမလားပေါ့လေ။

အဲလို ၃-၃-၂၀၁၄ ရက်နေ့ မနက်ပိုင်းမှာ အိပ်ဆေးသောက်အိပ်ရင်းက ရုတ်တရက် ဘဝကူးပြောင်းသွားခဲ့တာဟာ ၁-၃-၁၄ ရက်နေ့ ကျောက်ကပ်ဆေးစဥ်က စုပြုံခံစားခဲ့ရတဲ့ ဝေဒနာဆိုးတွေရဲ့ နောက်ဆက်တွဲအကျိုးသက်ရောက်မှုကြောင့် ဟုတ်မဟုတ်ဆိုတာကိုတော့ ကျောက်ကပ်အထူးကုပညာရှင်ကြီးတွေမှပဲ သုံးသပ်ဝေဖန်နိုင်ကြပါလိမ့်မယ်။

အဲဒီနေ့ မနက် အေးဆုံးတာသိတာနဲ့ သမီးကြီးထက်ထက်ခိုင်ရဲ့ တယ်လီဖုန်းသတင်းကြောင့် အေးညီမရီမြင့်အေး၊ ချိုချိုဇော်၊ သားကြီးမျိုးနဲ့ ကြည်ကြည်အောင်၊ သားငယ်ဗိုလ်၊ အေးမောင် ကိုလင်း။ ကိုနေမျိုး စသူတို့ ရှေ့ဆင့်နောက်ဆင့် အပြေးအလွှားရောက်လာခဲ့ကြတယ်။ အဲဒီထဲမှာ အေး ၇၉ လမ်းအိမ် ပြောင်းနေပြီး ကျောက်ကပ်ဆေးနေရတဲ့ ငါးလတာကာလအတွင်း တစ်ကြိမ်တစ်ခါမှ လူနာသတင်းလာမမေးဖူးတဲ့ အေးရဲ့အစ်ကိုကြီးတို့ လင်မယားနဲ့ သားကြီးမျိုးရဲ့ ယောက္ခထီးဦးအောင်သန်းတို့ပါ ရောက်လာခဲ့ကြပါတယ်။

ညီမချိုချိုဇော်က (၉၂)လမ်းထိပ် "လင်း"ဆေးခန်းက ဆရာဝန်မတစ်ယောက်ကို ပင့်ခေါ်ပြပြီး အတည်ပြုချက်ယူတော့ သူက အေးဆုံးတာ အနည်းဆုံး ၆ နာရီလောက်ရှိနေပြီပြောပါတယ်။ ဆရာဝန်စစ်ဆေးတဲ့အချိန် မနက် ၁၀ နာရီလောက်ကနေ နောက်ကြောင်းပြန်တွက်ရင် အေးဟာ အဲဒီနေ့မနက် ၄ နာရီ ပတ်ဝန်းကျင်လောက်ကတည်းက အိပ်နေရင်း ဘဝတစ်ပါးကို ကူးပြောင်းသွားခဲ့ပြီလို့ ယူဆရတော့မှာပေါ့လေ။

အဲဒါကို နာရေးသတင်းလာမေးတဲ့ အေးနဲ့ လမ်းမတော်မြို့နယ် အမက(၇)တုန်းက လုပ်ဖော်ကိုင်ဖက်လည်းဖြစ်၊ မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော် ဦးဇဝနရဲ့ကျောင်းအကျိုးတော်ဆောင်လည်းဖြစ်တဲ့ ဆရာမ ဒေါ်မြင့်မြင့်ဦးက "အသေကောင်း"လို့ ပြောပါတယ်။

ကဲ…တူးတူးတို့ရယ်၊ ပြောကြစမ်းပါဦး။ သေမှတော့ ကောင်းနိုင်ပါဦးတော့မလားလို့။

အဲ…ဆရာဝန်ရဲ့ ဆေးစာရတော့ သားကြီးမျိုး ကိုလင်းနဲ့ ကိုနေမျိုးတို့ ဈာပနကိစ္စ ဆက်လုပ်ကြရတယ် ကိုကျော်သူရဲ့ ရန်ကုန်နာရေးအသင်းကို ဖုန်းဆက်ပြီး အကူ အညီတောင်းနေကြသံ ကြားရတယ်။

အဲဒီအချိန်မှာ ကိုယ် ဆရာမဒေါ်သန်းမြင့်အောင်ကို ဖျတ်ခနဲသတိရလိုက်မိတယ်။ အေးဗျာ၊ အရင်ကတည်းက အကူအညီမတောင်းဖြစ်ခဲ့ဖူးတာ ခုချိန်မှတော့ ပြောမနေတော့ ဘူးပေါ့လေ။ ဒါပေမယ့် ညနေ ၃ နာရီ အေးရဲ့ ရုပ်ကလာပ် ကို လာယူတဲ့ တာဝန်ခံကိုတော့ "ဒေါ်သန်းမြင့်အောင် ရှိလား" လို့ မှတ်မှတ်ရရ မေးလိုက်မိပါသေးတယ်။

အေးရုပ်ကလာပ်ကို အိမ်အောက်ကို သယ်မချခင် လေးမှာ ကိုယ်နဲ့ သားသမီးအားလုံး အေးကို နောက်ဆုံးအ နဲ့ နှုတ်ဆက်နမ်းရှုံ့လိုက်ပါတယ်။ ရုပ်အလောင်းဝိုင်းပြီးသယ် ချိန်မှာတော့ တစ်အိမ်လုံး ငိုကြွေးသံတွေ ပွက်လောရိုက် သွားပါတော့တယ်။ အဲဒီထဲမှာ အေးဆုံးကတည်းက ငိုနေ တဲ့ သမီးကြီးရဲ့ "အမေ…အမေ"လို့ မြည်တမ်းအော်ဟ ပြီး ငိုကြွေးလိုက်သံဟာ ကိုယ့်ရင်ကွဲထွက်လုမတတ် ဆို နင့်နင့် ခံစားရပါတယ်။

တိုက်အောက်က လမ်းပေါ်မှာတော့ ရန်ကုန်နာ ကူညီမှုအသင်းစာတန်းပါ နိဗ္ဗာန်ယာဥ်က အသင့်ရပ်စောင့် တယ်။ အဲဒီကားနဲ့အတူ သားကြီးမျိုးနဲ့ အဖွဲ့လိုက်သွား တယ်။ အေးရဲ့ ရုပ်ကလာပ်ကို တိုက်ပေါ်က သယ်ချ ကားပေါ်တင်တာ၊ ကားထွက်သွားတဲ့အထိ ငိုရှိုက်ရင်း ဝမ်း ပက်လက်ကြည့်နေတဲ့ သမီးကြီးရဲ့ ပခုံးကိုဖက်ပြီး "ဒါ… သမီးရဲ့မာမီ မဟုတ်တော့ဘူး။ ကြွင်းကျန်ခဲ့တဲ့ ရုပ်ကလာ သမီးမာမီက မနက် ၄ နာရီလောက်ထဲက ဘဝသစ်တစ် ကူးပြောင်းသွားခဲ့ပြီ"လို့ပြောရင်း အားပေးနှစ်သိမ့်လိုက်ရတ

အဲလို ကိုယ့်နှုတ်က ပြောလို့သာ ပြောတာပါ။ ကို စိတ်ထဲမှာတော့ ဒီလို မိသားစုကို နှုတ်မဆက်ဘဲ ရုတ်တ စွန့်ခွာသွားရတာကို မကျေနပ်နိုင်ဘူး။ လက်မခံနိုင်ဘူး။ လို့လည်း မရနိုင်သေးဘူး ဖြစ်နေတယ်လေ။

အိမ်ပေါ် ပြန်ရောက်တော့မှ အသင့်ရောက် အေးမာ(အေးမောင် အငယ်ဆုံးရဲ့ဇနီး။ စစ်တွေ ဒေသနိကဌာန ပါမောက္ခ)နဲ့ အေးရဲ့ နာရေးကြေငြာ အ



www.burmeseclassic.com

www.burmeseclassic.com

ကြတယ်။ သူကတော့ အရင်ကတည်းက အဖေကြီး၊ အမေကြီးတို့ရဲ့ နာရေးကြော်ငြာရေးပေးနေကျလေ။

အေးမှာ သူ့အပါအဝင် မွေးချင်း ခုနစ်ယောက်ရှိတယ်ဗျ။ အများစုက ရန်ကုန်မှာရှိနေပေမယ့် အေးအောက်က မောင်နဲ့ အငယ်ဆုံးမောင်က နယ်တွေမှာ တာဝန်ထမ်းဆောင်နေကြတယ်။ ပထမတော့ မွေးချင်းအားလုံးရဲ့ နာမည်၊ ရာထူးတွေကိုပါ နာရေးကြော်ငြာထဲ ရေးထည့်မလို့ပါပဲ။

ဒါပေမယ့် ညနေ ၄း၃၀ နာရီမှာ ရေဝေးရောက်နေတဲ့ သားကြီးမျိုးဆီက ဖုန်းဝင်လာတယ်။ ၅-၃-၁၄ ရက်နေ့ မနက် ၁၁ နာရီအချိန် သင်္ဂြိုဟ်ခွင့်ရကြောင်း သိရတယ်။ အဲဒီကြောင့် သတင်းစာတိုက်ကို သွားဖို့ စိတ်လောသွားတာပေါ့။ နယ်ကို မောင်တွေရဲ့ ရာထူးနဲ့ ဌာနဆိုင်ရာ အခေါ်အဝေါ်တွေကို ဖုန်းနဲ့လှမ်းမေးနေရင် နောက်တစ်နေ့ သတင်းစာမှာပါဖို့ အချိန်နောက်ကျပြီး မသေချာမှာစိုးတာရယ်ကြောင့် ကိုယ်ရယ်၊ သားသမီးတွေနဲ့ မြေးတွေနာမည်ပဲ အမြန်အချောရေးပြီး ကြေးမုံသတင်းစာတိုက်မှာ သွားထည့်ခဲ့ရတယ်။

ပြီးတော့မှ အာရှတော်ဝင်ဆေးရုံက H.D ဌာနဆီ ဆက်ရတယ်။ ၁-၃-၁၄ ရက်နေ့ ကျောက်ကပ်ဆေးတုန်းက အသစ်လဲလှယ်ခဲ့ရတဲ့ ကျောက်ကပ်အတု (Dialyzer) ကြေးကျန်နေခဲ့တဲ့ကိစ္စ မေးဖို့ပါ။ တိုက်တိုက်ဆိုင်ဆိုင် ဒေါ်ဝါရီတစ်လလုံးလိုလို အေးကျောက်ကပ်ဆေးရက်တွေတိုက်ချိန် လွဲနေခဲ့တဲ့ သမီးဒေါက်တာဇင်လတ်ဖြိုးက ဖုန်းလာကိုင်ပါတယ်။ အကျိုးအကြောင်းပြောပြတော့ သူ့ရုံးကို ရောက်မှ ဖုန်းပြန်ဆက်ပေးမယ် ပြောပါတယ်။ ခဏအကြာ ပြန်ဆက်တော့ ကျောက်ကပ်တုကြွေးကျန် ပြန်ဆပ်ဖို့ မလိုတော့ကြောင်းနဲ့ မာမီဆုံးတာကြားရတာ စိတ်မကောင်းကြောင်းနဲ့ အိမ်လာခဲ့ဦးမယ် ပြောပါတယ်။

အဲဒီနေ့ ညနေစောင်းကျမှာပဲ ကိုယ့်ဘက်က ညီ၊ ညီမ ဆွေမျိုးမိတ်သင်္ဂဟတွေဆီ ဖုန်းဆက်အကြောင်းကြားရတော့တယ်။

တစ်နေကုန် ဆွေမျိုးမိတ်ဆွေတွေနဲ့ ပြည့်ကျပ်နေခဲ့တဲ့အိမ်ဟာ ညနေမိုးချုပ်တယ်ဆိုရင်ပဲ အသီးသီး ကိုယ့်အိမ်ကို ပြန်ကြတာကြောင့် ဆွေမျိုးဆိုလို့ ကိုယ့်ညီမကြီးဒွေးဒွေးတို့ သားအမိပဲ ကျန်ခဲ့ပါတော့တယ်။ သူတို့ပဲ သမီးကြီးကို

ထူးခြားတာတစ်ခုက ဆရာမတွေ ၈၉ လမ်းတစ်လျှောက် စီတန်းပြီး ဝင်လာကြတာကို အိမ်ရှေ့ဝရန်တာပေါ်ကနေ ငေးမျှော်ကြည့်နေတဲ့ ကိုယ့်ရဲ့ မျက်လုံးအိမ်တွေထဲက မျက်ရည်တွေ မမြော်လင့်ဘဲ တသွင်သွင်စီးကျလာတာပါပဲဗျာ။

အားပေးနှစ်သိမ့်ရင်း အဖော်လုပ်ပေးခဲ့ရတာပေါ့လေ။

သားကြီးမျိုး ညနေစောင်းမှ ပြန်ရောက်ပြီး မနက်ဖြန် ရေဝေးခန်း ၁/က ရကြောင်းနဲ့ ရွှေထီး၊ ပန်းခြင်း စသည့် လိုအပ်တာမှန်သမျှ စီစဉ်ခဲ့ကြောင်း သိရပါတယ်။ အဲဒီညနေမှာပဲ ၈၉ လမ်းက Universe မှာ အေးဓာတ်ပုံတစ်ပုံကို ပုံကြီးချဲ့ရတယ်။ ညတွင်းချင်းရခဲ့ပါတယ်။

ညပိုင်းမှာ ဖဆပလအိမ်ရှေ့နဲ့ ၈၉ လမ်းအိမ် အောက်ထပ်မှာ အေးရဲ့ နာရေးကိစ္စ ကျောက်သင်ပုန်းတွေနဲ့ ရေးပြီး ရပ်ကွက်တွေကို အသိပေးရတယ်။ ပြီးတော့ နာရေးဖိတ်စာတွေကိုလည်း ရင်းနှီးတဲ့ အသိမိတ်ဆွေတွေဆီ တစ်အိမ်တက်ဆင်း လိုက်လံဝေခဲ့ကြတယ်။ ၅-၃-၁၄ ရုပနေ့အတွက်လည်း ဖဆပလနဲ့ ၈၉ လမ်းအိမ်ရှေ့တွေမှာ ဘတ်စ်ကားနှစ်စီးစီ စီစဉ်ထားခဲ့ပါတယ်။

ညပိုင်း ၈၉ လမ်းအိမ် စောင့်အိပ်ကြတဲ့ လူငယ်တွေကတော့ သားကြီးမျိုးနဲ့ သားငယ်မိုလ်တို့ရဲ့ သူငယ်ချင်းတွေပါပဲ။ အများစုကတော့ ဖဆပလကပဲပေါ့။ အဲဒီထဲမှာ ဆွေမျိုးဆိုလို့ ရှားရှားပါးပါး အေးမောင်ငယ် ပြုံးချိုနဲ့ ချိုချိုဇော်တို့ရဲ့သားကြီး ဇော်ဝင့်ထက်တစ်ယောက် လာအိပ်ပါတယ်။ ဒါပေမယ့် နောက်ညတွေမှာတော့ ခြင်ကိုက်လို့ဆိုပြီး လာမအိပ်တော့ပါဘူး။


နောက်တစ်နေ့ ၄ နာရီမှာတော့ သမီးကြီးအတွက် အဖော်မွန်တစ်ယောက် ရောက်ချလာပါတော့တယ်။ သမီးကြီးရဲ့ ကျောင်းနေဖက်သူငယ်ချင်း "သီတာလင်း" ပါ။ ပြင်ဦးလွင်ကနေ ညကားနဲ့ ဆင်းချလာတာပါ။ သမီးကြီးအတွက်တော့ စိတ်အားငယ်နေတုန်း အဖော်ကောင်းရသွားတာပေါ့။

နောက်တစ်နေ့ ၄-၃-၁၄ ကြေးမုံသတင်းစာမှာတော့ အေးရဲ့ နာရေးသတင်း ပါလာပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကူရား၊ ချမ်းနားပါယိတာမကြီး
ဒေါ်အေးကြည်မြင့် (၆၂)နှစ်
(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)
(အမတ-၄၀၊ အင်းစိန်)

ရန်ကုန်မြို့နေ (ဦးကြည်-ဒေါ်ခင်မြင့်)တို့၏ သမီးကြီး၊ (ဦးဘိုးမြဦး-ဒေါ်မွားစိန်)တို့၏ သမီးချွေးမ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဓာတ်ခွဲခန်းတိုက်(၆) အခန်း(၈)နေ ဦးဇော်လှိုင် (ဦးစီးအရာရှိ-ငြိမ်း၊ အကျဉ်းဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်မျိုးမြင့်-ဒေါ်ကြည်ကြည်ဇော်(ရွှေတိဂုံစေတီတော် ဝေယျာဝစ္စအဖွဲ့ရုံး အကျုံးဝင်ရေးဌာန) ဒေါ်ထက်ထက်နိုင် (Trup Join Co., Ltd.)၊ ဦးဇေလင်းဦး(မန္တလေးချမ်းသာကျွန်း)တို့၏ ချစ်လှစွာသောမိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၁၃-၉-၂၀၀၄(တနင်္လာနေ့) နံနက် ၆ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် (၈၉)လမ်း အမှတ်-၂၀(ဃ) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၈၉)လမ်းနေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

နံနက် ၈ နာရီမှာ မန္တလေးကျောင်းက သံဃာတစ်ပါး ပင့်ဖိတ်ပြီး အေးအတွက် သက်ပျောက်ဆွမ်း ကပ်လှူခဲ့ပါတယ်။ မိသားစုအားလုံး ပရိဒေဝသောကမီးကိုယ်စီနဲ့ပေါ့လေ။

အဲဒီနေ့မှာ အေးရဲ့မောင်ဖြစ်သူ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ လူမှုဝန်ထမ်းဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူး ကိုတင်အောင်ရီနဲ့ ကြူကြူမေ၊ အေးရဲ့မောင်အငယ်ဆုံး နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနက ညွှန်ကြားရေးမှူး ကိုသန်းထွဋ်ဆွေတို့ ရောက်လာကြပါတယ်။ သူငယ်ချင်း မအေးမာ (ပါမောက္ခ၊ ဒဿနိကဗေဒဌာန၊ စစ်တွေတက္ကသိုလ်)ကတော့ မနေ့ကတည်းက ရောက်နေပါပြီ။ ပြီးတော့ သတင်းစာက နာရေးကြော်ငြာကြောင့် အသိမိတ်ဆွေတွေပါ တဖွဲဖွဲရောက်လာကြပါတော့တယ်။

ဧည့်သည်တွေကို ဧည့်ခံရ၊ နာရေးကူငွေတွေ လက်ခံရ၊ နောက်တစ်နေ့ ရေဝေးမှာဝေဖို့ ယပ်တောင်၊ တရားစာအုပ်၊ ရေသန့်ဘူးတွေ ပါကင်ထုပ်ရနဲ့ အတော်လေး အလုပ်ရှုပ်ရတဲ့နေ့ပါပဲ။ ရေဝေးဈာပနအခမ်းအနားမှာ ဓာတ်ပုံမှတ်တမ်းတင်ဖို့ကိုတော့ ကိုတင်အောင်ရီကပဲ တာဝန်ယူပေးပါတယ်။

ပြီးတော့ မနက်ဖြန်မနက် ရေဝေးမှာ ကြိုတင်ပြင်ဆင်ဖို့ အိမ်က စောစောထွက်ရမယ့် မရီမြင့်အေး၊ ချိုချိုဇော်၊ သားကြီးမျိုးတို့အဖွဲ့ ကိစ္စလည်း စီစဉ်ရပါတယ်။ လူစီးဘတ်စ်ကားတွေကို ဖဆပလနဲ့ ၈၉ လမ်းအိမ်တွေကနေ နံနက် ၉း၃၀ နာရီအချိန်မှန် ထွက်နိုင်ဖို့ တာဝန်အသီးသီးချရပါ သေးတယ်။

အဲဒီနေ့ ညနေပိုင်းမှာတော့ မရီမြင့်အေးကျောင်း (အထက(၄)မင်္ဂလာတောင်ညွန့်)က ဆရာမ ၁၁ ယောက် နာရေးသတင်းလာမေးကြပါတယ်။ ထူးခြားတာတစ်ခုက ဆရာမတွေ ၈၉ လမ်းတစ်လျှောက် စီတန်းပြီး ဝင်လာကြ တာကို အိမ်ရှေ့ဝရန်တာပေါ်ကနေ ငေးမျှော်ကြည့်နေတဲ့ ကိုယ့်ရဲ့ မျက်လုံးအိမ်တွေထဲက မျက်ရည်တွေ မမျှော်လင့်ဘဲ တသွင်သွင်စီးကျလာတာပါပဲဗျာ။

အမှန်တော့ ကိုယ်ဟာ အေးဆုံးတဲ့အချိန်က စပြီး ရင်ထဲမှာ မကျေနပ်တာတွေ၊ လက်မခံနိုင်တာတွေ၊ မယုံ ဆည်နိုင်တာတွေနဲ့ပဲ တစ်ချိန်လုံး ဆို့နစ်မွန်းကျပ်နေခဲ့ရတာ ပါ။ ဝမ်းနည်းပူဆွေးနေပေမယ့်လည်း ငိုကြွေးဖို့ သတိမရှိ ဘဲ မျက်ရည်တစ်စက်တောင်မှ မကျခဲ့ရသေးဘူးလေ။

ခုမှ ဆရာမတွေကို ငေးကြည့်ရင်း မြန်းစား မျက်ရည်ဖြိုင်ဖြိုင်ကျလာလေတော့ ကိုယ့်ကိုယ်ကို အတော် အံ့ဩမိခဲ့တယ်။ ဘာ့ကြောင့် ဒီလိုဖြစ်ရတာလဲပေါ့ ရီမြင့်အေးကတော့ "ထမီအစိမ်းရောင်တွေ" မြင်လို့ဖြစ်မှာ လို့ မှတ်ချက်ချပါတယ်။

အင်းလေ…ဒါလည်း ဟုတ်မှာပါပဲ။ အေးကိုယ်တိုင် ကလည်း နာသုံးနာကို ရင်းခဲ့ရတဲ့ ဆရာမတစ်ယောက် မဟုတ်လားဗျာ။ တကယ်တမ်း ကိုယ်မျက်ရည်ကျ အကြောင်းကို သေချာတွေးကြည့်တော့ အေးဆုံးတာကို လ မခံနိုင်သေးတဲ့ ကိုယ်ဟာ နာရေးသတင်းလာမေးတဲ့ ဆရာ တွေကိုကြည့်ရင်း "သြော်…အေးတစ်ယောက် တကယ် သွားတာပါလား"လို့ လက်တွေ့ဘဝကို တွေးမိပြီး ရင် ကြေကြေကွဲကွဲ ခံစားရမိလို့ ဖြစ်လိမ့်မယ်။

အေးလေ…အေးတစ်ယောက် တကယ်ဆုံးပါး ခဲ့လို့ပဲ မနက်ဖြန် ရေဝေးမှာ သင်္ဂြိုဟ်ရတော့မှာ မဟုတ် လားဗျာ။

*(ဆက်လက်ဖော်ပြပါမည်။)*



www.burmeseclassic.com

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်သျှင် ဒိဋ္ဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလိုးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့ လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှုသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

မှတ်ချက် ။ ။ လိပ်ခေါင်းရောဂါသည် စားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၂၅၀၃၁၃၄၂၇၊ ၀၉-၉၇၂၄၂၉၄၂၂
၁၃-၁၄လမ်းကြား၊ ၈၀-၈၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅



ထောက်ခံချက် - ၀၁/ ၀၉၁၄၈/ထက

®

vital

ဗိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

Product of Myanmar

အမှတ် (၁၉)၊ အင်းဝ (၇)လမ်း၊ (၆) ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၇၀၃ [illegible]


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နယ်မြို့လေးထဲက သားရဲ

(ဖြစ်ရပ်မှန်ရသဝတ္ထုရှည်)

ဇာတ်သိမ်းပိုင်း

● သစ်ထူးအိမ်

## စာစု(၅)

### တကွေ့ကွေ့မှာများ တွေ့ကြလေမလား

ဒုရဲအုပ် ဦးဖိုးထိန် ခေါင်းဆောင်သော အဖွဲ့ဝင် ၁၂ ဦးပါသည့် အဖွဲ့(၁)သည်လည်း ဒန့်ဒင်တောင်သို့ ရည်မှန်းချက်အတိုင်း စတင်ခရီးထွက်ခဲ့ကြသည်။ မြို့လေးမှာ တောင်ပတ်လမ်းပိုင်းရှိထားသော ဒယ်အိုးသဏ္ဌာန်အနေအထားကြောင့် ညနေ ၅ နာရီခွဲ ၆ နာရီဆိုသည်နှင့် မှောင်ရိပ်သန်းလာလေ့ရှိသည်။ တောရိပ်တောင်ရိပ်တို့ ဖုံးထားသော မြို့ကလေးဖြစ်သည်။ နေဝင်ရီတရော နွားရိုင်းသွင်းချိန် ညည်းဆာရည်ကျော်ကျော်တွင် စခန်းမှ ခပ်သုတ်သုတ် ထွက်ခဲ့ကြသည်။

ဦးလင်း ယာခင်းကိုဖြတ်ကာ သူတလစ်မြိုင် စိမ့်တော၊ ဆေးတံချောက်၊ ရေအေးချောက်တို့ကို တောင်အတိုင်း သွားကြရသည်။ ဒန့်ဒင်လေးရေတံခွန်နှင့် ဒန့်ဒင်ကြီး ရေတံခွန်တို့ကို စတင်ကျော်ဖြတ်ချိန်မှ၍ တောင်တက်လမ်းကို ခရီးပြင်းနှင်ကြရသည်။ "အဆင်းခက်ခက်၊ အတက်ကြမ်းကြမ်း၊ ဖြတ်လမ်းတောတိုး၊ ခင်ရိုးကိုကျော်၊ တမျှော်တွေပြော၊ ရေဝေကြောနှင့်၊ မောဟိုက်ချွေးပျံ၊ မျက်ဖြူလန်သို့ ပြောင်းဆန်အောင်သွား၊ တို့ယောက်ျား၊ စစ်သားအလား၊ အားမာန်များ၊ ကြိုးစားမှုဆောင်၊ အောင်ခဲ့ပြီ"

ဆိုသည့်အတိုင်း တောင်တက်လမ်းအတိုင်း ခရီးပြင်းနှင်ခဲ့ရာ ည ၁၀ နာရီမတိုင်မီ တောင်ထိပ်သို့ ရောက်ရှိလေတော့သည်။

"ရှေ့မှာ မီးရောင်မြင်တယ်"

"အရှေ့မှာ မီးရောင်မြင်းယတဲ့"

သတင်းပို့ချက်ကြောင့် ဒုရဲအုပ် ဦးဖိုးထိန်က အဖွဲ့ကို ခေတ္တရပ်စေလျက် စူးစမ်းကြည့်လိုက်သည်။

"ဒါ သစ်ခုတ်တဲ့အဖွဲ့ မဖြစ်နိုင်ဘူး။ မင်းတို့သုံးယောက် လေးကပန်းတက်ပြီး ဝိုင်းထား။ အဲ . . . ထိန်းထားကွာ။ ကဲ . . သွား၊ ရရင်အချက်ပြ"

ရဲတပ်ဖွဲ့ဝင်သုံးယောက်က မှောင်ထဲမှပင် တိုး၍ ရှေ့တက်သွားကြသည်။ ခဏအကြာတွင် မီးရောင်ဖြင့် အချက်ပြသဖြင့် ဦးဖိုးထိန်နှင့်အဖွဲ့ ရှေ့သို့ဆက်သွားလိုက်သည်။ ရဲတပ်ဖွဲ့ဝင် သုံးယောက်နှင့်အတူ နလက အမည်ခံ ဦးတင်အောင်နှင့် ဦးတင်အုန်းတို့ နှစ်ဦးကို တွေ့လိုက်ရသည်။

"အလို . . . နယ်လှည့် ဖဲသမားတွေပါလား။ ဘာကိစ္စ ဒန့်ဒင်တောင်ပေါ် ရောက်နေကြသလဲ"

"ပျော်ပွဲစား ထွက်လာကြတာပါ"

ဦးတင်အောင်က ဖြေလိုက်သည်။

"မဟုတ်က ဟုတ်ကကွာ။ နှစ်ယောက်တည်း တောင်ထိပ်ပေါ်မှာ"

"ဟုတ်ပါတယ်ဗျာ"

"ထားကွာ။ သူတို့တဲထဲမှာ ဘာရှိသလဲ ရှာစမ်းပါ"

ခဏအကြာ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက –

"ထူးထူးခြားခြားဗျာ။ ဒီမှာ ကန်စွန်းရွက်အစည်း အများကြီး တွေ့ရတယ်။ ပြီးတော့ ပျားရည်နှစ်ပုလင်း၊ ဖွဲနုဖွဲကြမ်းရောရာ တစ်ခွဲစာ အိတ်တစ်ပိုင်း တွေ့ရတယ်။ ပလတ်စတစ်ပုံးနဲ့ ရေအပြည့်လည်း တွေ့ရတယ်။ ဒါပဲဆရာ"

"ထူးဆန်းနေပါလား။ လူနှစ်ယောက် ပျော်ပွဲစားထွက်တာ အစား



www.burmeseclassic.com

www.burmeseclassic.com

အသောက်နဲ့ ပစ္စည်းတွေက တစ်မျိုး ဖြစ်နေတယ်။ အင်း . . . ”

ဦးဖိုးထိန်က တအံ့တသြဖြင့် စဉ်းစားနေစဉ် ကိုခင်မောင်(စာအုပ်ဆိုင်)က အနီးသို့ ကပ်လာသည်။

“ဆရာထိန် ဘာစဉ်းစားသလဲဆိုတာ ကျွန်တော်သိတယ်။ ကြည့်နော် ဖွဲ့နုဖွဲ့ကြမ်းက ဝက်စာ ဖြစ်မနေဘူးလား။ ဖျားရည်၊ ကန်စွန်းရွက်တွေကိုကြည့်ရင် ဒီနလကနှစ်ကောင်ဟာ ဦးဖေသန်း၊ ဦးညွန့်လှိုင်တို့နှင့် ဆက်စပ်မနေဘူးလားဗျ”

“ဟုတ်တယ်၊ ကျုပ်လည်း ဒါပဲထင်နေတယ်”

ဦးတင်အောင်က

“ရဲအုပ်ကြီး ကျုပ်တို့က ဘာအပြစ်မှုရှိတာမဟုတ်ဘူးနော်။ မသကာသလို စစ်လားဆေးလား မလုပ်ပါနဲ့။ ကျုပ်တို့ဘာသာ တောထဲမှာ လွတ်လွတ်လပ်လပ်နေတာပါ။ မတရားဘူးဆိုရင်တော့ ပါတီယူနစ်ကိုတိုင်မယ်”

ဦးဖိုးထိန်က ကိုခင်မောင်ကို ခေါင်းဆတ်၍ ပြလိုက်ရင်း –

“ဟုတ်ပါပြီဗျာ။ ကိုတင်အောင်တို့၊ ကိုတင်အုန်းတို့က ဒီမြို့သားတွေပဲဗျ။ ရာဇဝတ်မှုလည်း ကျူးလွန်မယ့်လူတွေ မဟုတ်ကြဘူးဆိုတာ ကျုပ်ယုံပါတယ်။ ဒါပေမယ့်ဗျာ ကျုပ်တို့က ပါတီကောင်စီက စီမံချက်နဲ့ တာဝန်ပေးလို့ လွှတ်လိုက်တဲ့အဖွဲ့ပါ။ ကျုပ်တို့ရဲတပ်ဖွဲ့ဝင်ချည်း မဟုတ်တာ သိမှာပါ။ ပါတီကောင်စီက ကိုယ်စားလှယ် လုံခြုံရေးအဖွဲ့ပါတယ်။ မီးသတ်တပ်ဖွဲ့ပါတယ်။ သိပြီနော်”

“အဲဒါ ဘာဖြစ်လဲဗျ”

“ဒီလိုဗျ။ ကျုပ်တို့အဖွဲ့လည်း ဒီမှာ စခန်းချမယ်။ ဒါပေမယ့် ခင်ဗျားတို့နှစ်ယောက် ဘယ်မှမသွားရဘူး။ အပေါ့အပါးသွားရင်လည်း အစောင့်အရှောက်နဲ့ သွားရမယ်။ ကျုပ်တို့အဖွဲ့ သတင်းလုံခြုံရေးအတွက် စီမံချက်တာဝန် အောင်မြင်ရေးအတွက် ခေတ္တခဏ ထိန်းသိမ်းထားမယ်။ ကျုပ်ခွင့်ပြုချက်မရဘဲ လှုပ်ရှားခွင့် မပြုဘူး”

“ဒါ သက်သက် မတရားတာ။ ကျုပ်တို့ကို ဖမ်းဆီးတာပဲ မဟုတ်လားဗျ။ ဘာပုဒ်မရှိသလဲ၊ ဘာဝရမ်းရှိလဲ၊ တရားရုံး ခွင့်ပြုမိန့်ရှိလား”

“ခင်ဗျားတို့ ထင်ချင်သလိုထင်ပါ။ စီမံချက်တာဝန်အရဆိုတော့ မြို့နယ်ပါတီကောင်စီရဲ့ ခွင့်ပြုချက်ရှိပြီးသားပါ။ နောင်မှ ခင်ဗျားတို့ ကြိုက်သလိုလုပ်ပါ။ ကဲ . . . ဒုတပ်ကြပ်ဝင်းကို၊ ဒီအခြေအနေကို အစကနေ မှတ်တမ်းရေးပါ။ ပြီးရင် အားလုံး လက်မှတ်ထိုးထားမယ်။ သူတို့နှစ်ယောက်ကို လက်နက်ကိုင်ရဲတပ်ဖွဲ့တစ်ဦးနဲ့ လုံခြုံရေးအရပ်သားတစ်ဦး ပေါင်း နှစ်ဦးက အမြဲတမ်း စောင့်ကြပ်နေရမယ်”

ရဲတပ်ဖွဲ့ဝင်သုံးဦးကို ဦးဖိုးထိန်က မျက်စိမှိတ်ပြလိုက်ရင်း –

“ထွက်ပြေးရင် ခါးအောက်ပိုင်း ပေါင်၊ ခြေသလုံးကို ပစ်ခတ်ပြီး ဖမ်းဆီးနိုင်တယ်။ လုံးဝ အလွတ်မပေးဘဲ စောင့်ကြည့်ပါ။ ထမင်းကိုလည်း အဖွဲ့ဝင်တွေနည်းတူ အဆင်ပြေအောင် ကျွေးပါ”

“ဟုတ် . . . ဟုတ်ကဲ့”

“ဟာ . . . ခင်ဗျားဗျာ။ ဒီလို မတရားမလုပ်ပါနဲ့”

ဦးတင်အောင်နှင့် ဦးတင်အုန်းက မကျေမနပ် ပြောနေကြသည့်ကြားမှ ဦးဖိုးထိန်လည်း ကိုခင်မောင်ကို လက်တို့ကာ တစ်နေရာသို့ ထွက်ခဲ့ကြသည်။ အမြင့်တစ်နေရာ မျက်ကွယ်တစ်ခုတွင် ကင်းသားနှစ်ယောက်ကို အစောင့်ထပ်မံ၍ ထားရပေဦးမည်။

“အင်း . . . တစ်ကွေ့ကွေ့မှာများ တွေ့ကြတော့မလားဘဲ”

ရဲသားတစ်ယောက်နှင့် လုံခြုံရေးတစ်ယောက်ကို တွဲလျက် စောင့်ကင်းထုတ်ထားလိုက်သည်။ ည ၁၂ နာရီ ထိုးပြီဖြစ်သဖြင့် ကျန်လူများတို့ အိပ်ခိုင်းလိုက်ရင်း သုံးနာရီတစ်ကြိမ်ကျ ကင်းလဲလှယ်ရန် စီစဉ်ရသည်။ ကိုတင်အောင်နှင့် ကိုတင်အုန်းတို့ နှစ်ယောက်ကိုလည်း သီးသန့် ကင်းနှစ်ယောက်ထားရသဖြင့် အဖွဲ့ဝင်များ ပင်တော့ပင်ပန်းပေလိမ့်မည်။

“မတတ်နိုင်ဘူး။ အလွန်ဆုံး သုံးရက်တော့ တောင့်ခံရမှာပဲ”

ကိုခင်မောင်က –

“ဦးလေးထိန် ဘာပြောလိုက်တာလဲ”

“ဘာမှ မဟုတ်ပါဘူးဗျာ။ နည်းနည်းတော့ပင်ပန်းမယ်လို့ ပြောတာပါ”

“ပင်ပန်းတာ ကိစ္စမရှိပါဘူးဗျာ ဦးညွန့်လှိုင်တို့အဖွဲ့ ဝက်ဝံသေတ္တာ ထမ်းပြီး မနက်ဖြန်ညနေလောက်မှာ



www.burmeseclassic.com

www.burmeseclassic.com

ထွက်လိမ့်မယ်ထင်တယ်"

"ဘယ်လိုကြောင့်လဲဗျ"

"ဦးတင်အောင်နှင့် ဦးတင်အုန်း တို့မှာ ဆန်ဆီရိက္ခာ များများမပါဘူး။ သူတို့ ဒီကစောင့်နေတာ သေချာတယ်။ ဦးညွန့်လှိုင်တို့တစ်တွေ ကျွန်တော်တို့လိုပဲ ညနေနဲ့ ညဦးပိုင်းထွက်လာရင် နံနက်အရုဏ်တက်လောက်မှာ ရောက်မယ်။ နံနက်စောစောထွက်လာရင် ည ၈ နာရီလောက်မှာ ထွက်လိမ့်မယ်"

"ဟာ . . . အဲဒီလောက်ကြာမယ် မထင်ဘူးဗျ"

"ကြာနိုင်ပါတယ်။ အလေးအထင်ကို အတွေ့အကြုံမရှိတဲ့ လူတွေက ထမ်းခဲ့ရတာမို့ပဲဗျ။ တောတိုးလာရတာ ... မောမှမပြေခင် ဒီနေရာထိ ...င်တွေ ...ဆင့်ဆင့် တက်လာရတာဗျ။ ဒါကြောင့် 'မောရင်းသွား၊ အနားကြာ၊ အလာနှောင့်'ဖြစ်မှာ သေချာတယ်။ အလွန်ဆုံး စောလှရင် ညနေ ၄ နာရီ၊ ၅ နာရီပဲဗျာ"

"ကိုခင်မောင်တွက်တာ ဖြစ်နိုင်ပါတယ်။ မလာရင်တော့ ကံပေါ့ဗျာ။ အဖွဲ့(၂)၊ အဖွဲ့(၃)က လူတွေနဲ့တွေ့ရင်လည်း ကောင်းတာပဲ။ အတတ်ဆန်းပြီး လောဘတက်နေတဲ့သူတွေဆိုတော့ သတင်းပေါက်ကြားမှာစိုးလို့ သူလည်းငှားမယ် မထင်ပါဘူး။ ငှားလည်း ဒီကိစ္စက လိုက်ရမယ့်ကိစ္စ ထုတ်မှန်း သိနေကြတာကိုး"

"ဒါပေါ့ဗျာ။ ဝက်ဝံစာတွေ ကြိုထုခဲ့ပုံအရ သေချာပါတယ်ဗျ"

ထုတ်ပါတယ်ဗျာ။ ကဲ . . . ခင်ဗျားနဲ့ကျုပ်လည်း တစ်မှေးလောက် ပျော်အောင်အိပ်ရင်း အားမွေးထားကြရအောင်ဗျာ"

ဤသို့ဖြင့် မိုးသည်စုပ်စုပ်ချုပ်ရာမှ တစ်စတစ်စ အလင်းရောင်များ ယှက်သန်းလာခဲ့ပြန်သည်။ တစ်ညလုံး ဘာမျှ မထူးခြား။ ကင်းသမားများမှာ ခြင်ကိုက်သဖြင့် တဖတ်ဖတ် ရိုက်နေရာက အိပ်ငိုက်၍ပင်မရ ဖြစ်ကြသဖြင့် မျက်လုံးများ ကျယ်နေကြသည်။

နံနက်စောစောတွင် ရေတံခွန်စမ်းကျရှိသော တော်တော်ဝေးဝေး နေရာသို့ ရေများသွားခပ်ခြင်း၊ နံနက်စာ ထမင်းချက်ပြုတ်ခြင်းတို့ကို စုပေါင်း၍လုပ်ဆောင်ကြရသည်။ နံနက်စာ တပျော်တပါး အတူဝိုင်းဖွဲ့စားသောက်ပြီးသော အချိန်တွင် အားလုံးမှာ တဝါးဝါး တဟားဟားဖြင့် အဖွဲ့ကျ၍နေလေတော့သည်။

"ဆရာထိန် . . ကျွန်တော်တို့က ဖွင့်ပြောရင် အမှုနဲ့ ကင်းလွတ်နိုင်လားဗျာ"

"ဟာ . . လွတ်တာပေါ့ဗျ။ ခိုင်မာတဲ့ ပြည်သူ့သတင်းပေး အနေနဲ့ရော၊ အစိုးရသက်သေအနေနဲ့ပါ ရောက်သွားတာပေါ့"

ဤသို့နှင့် . . . ကိုတင်အောင်၊ ကိုတင်အုန်းတို့နှစ်ယောက်လည်း ဦးဖိုးထိန်နှင့် အဖွဲ့က စည်းရုံးပူးပေါင်းလိုက်နိုင်လေတော့သည်။

\+ + + + + +

## ရင်ဆိုင်တွေ့ကြပြီ

နေ့လယ် ၁၂ နာရီထိုးသည် ဘာမျှ မထူးခြား။ အရိပ်အယောင်ပင် မမြင်ရသေး။ ကင်းသမားနှစ်ယောက်ကိုတော့ မပြုတ်ထားရသေးသည်။ ကိုတင်အောင်၊ ကိုတင်အုန်းတို့နှစ်ယောက်မှာလည်း အဖွဲ့နဲ့ ပူးပေါင်းနေပြီဖြစ်သဖြင့် စိတ်ချရလေပြီ။ တောင်ကလပ်ပေါ်မို့ လေက တဟူးဟူးတိုက်သဖြင့် ချမ်းသလိုလိုရှိလာသည်။ သို့သော် နေက အပူလျော့မသွား။

"လေတိုက်တာတောင် အပူက မသက်သာဘူး"

"ညမှာလည်း ဘာထူးသလဲ။ လေတိုက်လည်း ခြင်ကကိုက်တာပဲ"

"ကိုတင်အောင်ရေ သေချာပါတယ်နော်"

"သေချာပါတယ်။ ကိုညွန့်လှိုင်တို့ သုံးယောက်လုံး ဒီနေ့မနက် ၄ နာရီမှာ ထွက်ခဲ့ကြမှာပါ။ ဒါပေမယ့် အတက်ခရီးဆိုတော့ ခရီးမတွင်တာပဲ ဖြစ်လိမ့်မယ်။ လမ်းက တော်တော်ဆိုးတာပဲခင်ဗျ"

"အေးဗျာ။ စောင့်ရမှာပဲ။ သူတို့ကို ဆီးကြိုဖို့ လမ်းအတိုင်း ဆင်းသွားရင်လည်း တစ်နေရာရာကမြင်လို့ ကြိုပုန်း၊ ကြိုပြေးဆိုရင် ခက်သွားလိမ့်မယ်"

"စာဆိုတောင် ရှိသေးဗျာ။ အချက်မသိတော့ သမက်ကို သူခိုးထင်ဆိုလား"

ကိုရဲမြင့်ဦးစကားကြောင့် အားလုံးက ဝိုင်း၍ရယ်လိုက်ကြရင်း ကိုခင်မောင်မှ –



www.burmeseclassic.com

www.burmeseclassic.com

"တော့်စမ်းပါ ယောက်ဖရာ။ အောင့်နိုင်ရင် အကျိုးရှိ စောင့်နိုင်ရင် သူခိုးမိပါကွ။ ပြောလည်းပြောချင်၊ ပြောလည်းမပြောတတ်နဲ့ သောက်ကန်း"

"အေး . . . အေးဟုတ်တယ်။ ငါ အဲဒါပြောမလို့ကွ . . ဟဲဟဲဟဲ"

"ကိုတင်အောင်ရေ နေပူသဗျ။ တစ်ရေးတစ်မော အိပ်ကြရအောင်ဗျို့။ ခင်ဗျားတို့လည်း စိတ်ချမ်းချမ်းသာသာနေပေတော့။ ဒီအလုပ် ဒီကိစ္စ မလုပ်ရလို့ငွေမရတာကလွဲရင် ခင်ဗျားတို့ဟာ အပြစ်ကလွတ်နေပါတယ်။ ပြီးတော့ မြို့လူထုရဲ့ချဉ်ဖတ်လည်း မဖြစ်၊ အီမုန်းလည်း မခံရတာဟာ ဝမ်းသာစရာပေါ့ဗျာ"

"ဒါလည်း ဆရာထိန်နှင့် ကိုခင်မောင်တို့ရဲ့ ရှင်းပြချက်ကြောင့်ပါ"

"မလုပ်သင့် မလုပ်ထိုက်တာ မလုပ်တာ အကောင်းဆုံးပါ။ မစားသင့်တဲ့ အစား၊ မရှာသင့်တဲ့ အလုပ်၊ မယူသင့်တဲ့ ငွေကြေးကို ရှောင်လွှဲနိုင်တာ ကောင်းပါတယ်ဗျာ"

လေကတဖြူးဖြူးတိုက်ဆဲ။ ဦးဖိုးထိန်က ဈေးပိုးအိတ်ကိုမှီ၍ ကျောဆန့်လိုက်သည်။ အရိပ်ကောင်းသော ကျွန်းပင်ကြီးနှင့် သစ်ရာပင်ကြီးနှစ်ပင်ကြားတွင် မြေကြီးပေါ် ကျားကွက်ဆွဲ၍ အချို့က ကျားထိုးနေကြသည်။ အချို့က စာအုပ်ဖတ်နေကြသည်။ ကိုခင်မောင်(စာအုပ်ဆိုင်)မှာ တောတောင် ရှုခင်းများကိုကြည့်၍ စိတ်ကူးဖြင့် စာရေးနေသည်။ ကဗျာဆရာ မောင်မောင်မြင့်ခေါင်ထက်ခေါ် မိုးသတ်မှူး ကိုရဲမြင့်ဦး(သမဦးစီး)မှာလည်း တောတောင်ကြား ကဗျာများဖြင့် ကွန့်မြူးနေလေသည်။

*"ညှိမှိုင်းသော*
*တောင်အသွယ်သွယ်*
*တောင်ပင်လယ်တွေကြား*
*ငါရောက်နေသလား တွေးမိ*
*ဝေးမိတဲ့အခါ ငါဟာ*
*ကမ္ဘာအပြင်ဘက် လွင့်မျော*
*စိတ်ကူးနဲ့ မောခဲ့ရ*
*ပြောမပြနိုင်တဲ့ စိမ်းလန်းမှုတွေ*
*နူးညံ့တဲ့ အရောင်တွေ*
*အားရှိစေတဲ့ တောင်တန်းတွေ*
*ငါ့မွေးနေ့နဲ့ ရေမိုင် ၃၀ ကွာ*
*အချိန် ၁၃၀ စီးတဲ့*
*ငါ့ကလောင် အမည်*
*သင်းသင်းလေးမွှေးနေတဲ့*
*ငါ့ ဆံပင်တွေ*
*ရေတွက်လို့မရတဲ့*
*ငါ့စိတ်ကူးတွေ*
*တိုးလျှတဲ့ ငါ့အော်သံတွေ*
*တောင်တွေကရိုက်ခတ်*
*တောစပ်တရှိုက်ပြန်*
*ပဲ့တင်သံ*
*ဒဏ် . . . ဒဏ်*
*ဒီဒဏ်တွေခံရင်း*
*ဇရာအတွင်းသက်ဆင်း*
*ငြင်းမရအောင်*
*တောင်တွေကကာ ဆီး*
*ဩော် . . .*
*ခရီးက နီးလာပြီပဲလေ။"*

ကိုရဲမြင့်ဦးက ကဗျာလေးကို အဆုံးသတ်လိုက်မှာပင် –

"အောင်မာ . . ပွဲကြီးက ကဗျာတီးနေပါလား"

"ဟေ့ကောင် ခင်မောင် နာမည် မဖျက်နဲ့ကွ မယားပေးရ"

"မင်းကလည်းကွာ ဒေါသချည်း ပဲ။ ဒါပေမယ့် မင်းကဗျာက ဖတ်လို့ လည်း မကောင်းဘူး။ ကာရန်လည်း မမိဘူး"

"ငတုံး၊ ဒါက ကာရန်မဲ့ကဗျာ၊ မော်ဒန်ကဗျာ၊ ခေတ်သစ်ကဗျာ၊ ကာရန်ဝေးကဗျာလို့ခေါ်သကွ။ မိုးဝေ မဂ္ဂဇင်း မဖတ်ဖူးဘူးလား"

"ဖတ်ဖူးပါတယ်၊ ဘာပြောပြော ကွာ။ ဉာဏ်မမီဘူးပဲပြောပြော သိပ် မကြိုက်ဘူးကွ။ ငါက မြဝတီ၊ ငွေတာ ရီ စစ်ပြန်၊ ရှုမဝ ဒါတွေပဲကြိုက်တာ ကွ။ ဥပမာကွာ . . .

*တောင်ပင်လယ် အထပ်ထပ်*
*ဝိုင်းပတ်လို့ရံ*
*မြိုင်နန်းစံ*
*သူ့ဟန်လေး*
*ထွေးပွေ့ချင်ပြန်။*

ဒါမျိုးလေးဆို မကောင်းလာ ကွ"

"ဒါက မင်းအထင်ကိုးကွ။ ငွေ ကဗျာ၊ ဂန္ထဝင်ကဗျာတွေက ဘော ကျဉ်းတယ်။ ကာရန်ကို ငဲ့ရလွ တယ်။ မလွတ်လပ်ဘူးကွ"

"ဒါဆိုရင် ဘောင်ကျယ်အော မင်းသေရင် (၇ပေ-၂ပေ)အကျ ခေါင်းစပ်ပေးမယ်။ မင်းလည်း လွ လွတ်လပ်လပ် သေရတာပေါ့"

"ငါကွာ . . . မအေ . . .
. . . မယားပေး . . . ခွေးကော

"စိတ်မဆိုးပါနဲ့ ယောက်ဖရ



www.burmeseclassic.com

www.burmeseclassic.com

...သို့တာပါ။ ဟီး . . . ဟီး . . ဟီး"

ဤသို့နှင့် နေ့ပူပူတွင် တစ်နေ
...လေတော့သည်။

"ဗျို့ . . . ကိုခင်မောင်၊ တောင်
...တက်က လူသံကြားတယ်။ ဆရာ
...တို့ သတင်းပို့ပေးပါ။ လုပ်ဗျို့၊
...င် တက်လမ်းအတိုင်းလာတဲ့
...ရ"

"အေး . . . အေး"

တင်းသမားက သတင်းပို့လာ
...ဒုရဲအုပ်ဦးဖိုးထိန်အား လှုပ်နိုး
...အသိပေးရလေသည်။ အဖွဲ့(၁)မှာ
...ခင်အား ၁၂ ယောက်ရှိသဖြင့်
...တောင်တက်လမ်းအဆုံး မြေပြန့်ဖြစ်
...သော တောင်ကလပ်နေရာမှ
...ဘားဝဲယာ သုခြောက်ယောက်
...ဖြန့်လျက် နေရာယူထားလိုက်
...ည်။ ကိုတင့်အောင်နှင့် ကိုတင်
...တို့အား ပစ္စည်းများနှင့်အတူ
...စပ်တွင် ကွယ်ဝှက်နေစေသည်။

အသံများက တဖြည်းဖြည်းနီး
...သည်။

ပြောဆိုသံများကို အတိုင်းသား
...နေရသည်။

ညနေ ၆ နာရီခန့်ရှိပြီဖြစ်၍ သစ်
...ရိပ်ကြောင့် မှောင်စပြုနေပေပြီ။

"ကိုညွန့်လှိုင်ရာ ရှီးတဲ့၊ ဘယ်လို
...တာလဲကွ"

"တိတ်တိတ်နေပါ ဇော်ဝင်းရာ"

"ဘာခုမှ တိတ်တိတ်နေပါ
...ည်း။ ရှီးတဲ့ . . . ထမ်းရတာ သေ
...တော့မယ်။ ပြောတော့ ၈ နာရီဆို နား
...ခန်းရောက်ပြီဆိုကွ။ ခုပဲ ည ၆ နာရီ
ထိုးနေပြီ"

"အေးလေကွာ၊ တကယ်သွား
တော့ ဝန်ထုပ်ဝန်ပိုးနဲ့ဆိုတော့ ဖင့်နှေး
တာပေါ့။ လမ်းကလည်း အတက်
လမ်းချည်း။ ခက်ခဲတယ် မဟုတ်လား"

"ဟ . . . စုံစမ်းပါဆိုထားတာပဲ
ကိုညွန့်လှိုင်ရ"

"အေးလေ . . ငါလည်း စုံစမ်း
ပါတယ်။ ဒါပေမဲ့ မျက်စိလယ်လည်
လမ်းမှားသွားတာကဆိုသလို လမ်းက
လည်း အရင်သုံးနှစ်ကထက် ဆိုးလာ
တာကိုးကွ။ မင်းပင်ပန်းသလို ငါ
လည်းပင်ပန်းတာပဲ ဇော်ဝင်းရ"

"ကဲ . . . ကဲတော်ကြပါတော့
ကွာ။ တောင်ကလပ်ပေါ် ရောက်ပါ
ပြီ။ အဲဒီကျမှ ကြာကြာနားကြတာပေါ့။
နလကညီအစ်ကို ဒီနေရာက စောင့်
မှာမဟုတ်လား။ ကိုညွန့်လှိုင် . . .
ဟော . . . တဲလေးနှစ်လုံးပါလား။
လူတော့ မမြင်မိဘူး"

"ရှိမှာပါ ကိုဖေသန်းရေ၊ ဘာ
ပဲဖြစ်ဖြစ် ဒီမှာနားကြတာပေါ့။ အချိန်
ကလည်း လွဲနေပြီ။ စားစရာလည်း
ဘာမှ မပါတော့ဘူးကွာ။ ကိုတင်
အောင်တို့လည်း ဘယ်ကစောင့်နေ
ကြသလဲ မသိဘူး"

"ကဲကွာ . . . နားမယ်၊ ညခရီး
မဆက်ဘဲ ဒီမှာ အိပ်ကြတာပေါ့လေ"

ဖိုသီဖတ်သီ ဒယိမ်းဒယိုင်ဖြင့်
ထမ်းလာကြသော သေတ္တာကြီးကိုတဲ
အတွင်း ချလိုက်ကြသည်။

"ဖြည်းဖြည်းချကွ၊ အထဲက
ကောင် နာသွားမယ်"

"ရှီးတဲ့မှ၊ စက်ဘီးက လူပြန်
စီးတယ်ဆိုတာ ဒါမျိုးပေါ့"

"ရေကျန်ရင် ပေးစမ်းပါဦး"

"ညစာတော့ မုန့်ထုပ်နဲ့ပဲ စခန်း
သွားရတော့မှာပဲ"

တစ်ယောက်တစ်ပေါက်ပြော
ရင်း တဲအတွင်း ခြေပစ်လက်ပစ် ထိုင်
ချလိုက်ကြသည်။ ကိုယ်လုံးများမှာ
လည်း ချွေးများဖြင့် ရွှဲနစ်နေကြသည်။
ထိုစဉ်မှာပင် တောစပ်ချုံများကြားမှ
ဦးဖိုးထိန်တို့အဖွဲ့ ထွက်လာကြသည်။

"ကဲ . . . ကိုဖေသန်း၊ ကိုညွန့်
လှိုင်နဲ့ ကိုဇော်ဝင်းတို့ ငြိမ်ငြိမ်သက်
သက်နေကြပါ။ အခုကစလို့ ခင်ဗျား
တို့သုံး ယောက်ကို ဖမ်းဆီးလိုက်ပြီ"

"ဗျာ"

"ဟင် . . . ဦးဖိုးထိန်တို့ပါလား"

"ဟာ . . . ရဲတွေ . . . "

"ဟုတ်တယ်။ သတင်းအရ
ခင်ဗျားတို့ကို စောင့်ဖမ်းတာပဲ။ မြေ
ပြန့်မှာဆိုရင် ခင်ဗျားတို့ ထွက်ပြေးနိုင်
တယ်၊ လမ်းလွှဲနိုင်တယ်။ ကဲ . . . ကဲ
. . . လက်ထိပ်ခတ်ကွာ၊ အားလုံး
တောင်အောက်ပြန်ဆင်းကြမယ်"

ဦးဖေသန်းက အလျှင်အမြန်
လက်ကာပြလိုက်ရင်း . . .

"နေ . . . နေပါဦးကိုဖိုးထိန်။
ခင်ဗျားတို့က ဝိုင်းပတ်ပြီးဖမ်းထားမှ
တော့ ကျုပ်တို့ ထွက်မပြေးပါဘူးဗျာ။
ကျုပ်တို့မှာ ဒါကြီးကို သုံးယောက်
တည်းနဲ့ သယ်လာရတာ၊ လေးက
လေး၊ မောကမော၊ ပင်ကပန်းနဲ့ဗျာ၊
အေးအေးဆေးဆေး နားပါရစေဦး"



www.burmeseclassic.com

www.burmeseclassic.com

ဦးညွန့်လှိုင်နှင့် ငမူးဇော်ဝင်းကလည်း . . .

"ဟုတ်ပါတယ် . . . ဆရာထိန်။ ကောင်းကောင်းနားပါရစေဦး ပြန်ရင်လည်း မြို့ကဘယ်မှ ထွက်မပြေးသလို လက်ထိတ်ခတ်ထားတဲ့ ကျုပ်တို့လည်း ထွက်မပြေးနိုင်ပါဘူးဗျာ။ ပြစ်မှုထက် ပြေးမှုက ပိုကြီးတာ သိပါတယ်"

"ကျုပ်ကတော့ သေချင်စော်တောင်နံနေပြီ"

ဦးဖိုးထိန်လည်း ခေါင်းတဆတ်ဆတ်ညိတ်လျက် . . .

"ကဲ . . . ကဲ . . . ဒါဆိုနားကြဗျာ။ ကဲ . . အဖွဲ့သားတွေ ညစာထမင်းထုပ်တိုးချက်ကြပါဦး။ ဒီပုဂ္ဂိုလ်သုံးယောက်အတွက်ပါ များများပိုချက်ပါ။ ညစာစားပြီးလို့ရှိရင် တောင်အောက်ကို ချက်ချင်းပြန်ဆင်းမယ်။ ဒီသေတ္တာကြီးကိုတော့ လေးယောက်စီ အလှည့်ကျထမ်းပြီး ဓာတ်မီး အားပြုသွားကြတာပေါ့"

"ဆရာထိန် . . . အထဲက အကောင်ကို ဖွင့်ကြည့်ရအောင်ဗျာ"

"ကောင်းတယ် ကိုခင်မောင်။ သော့တောင်းပြီး ဖွင့်ဗျာ။ လွတ်ထွက်မှာနဲ့ လူကိုရန်ရှာမှာလည်း သတိထားဦးဗျို့"

သေတ္တာသော့အားဖွင့်၍ ငုံ့ကြည့်လိုက်ကြသည်။ အလင်းရောင်နှင့် လေကောင်းစွာရသဖြင့် ခြေလက်များဆန့်တန်း၍ ကုတ်ချိုင်ဟန်ပြုနေသည်။ ပါးစပ်ကလည်း "တအိအိ တဝုဝု"ဖြင့် အော်မြည်လာသည်။ အကောင်က အတော်ကြီးထွားသဖြင့် တစ်နှစ်သားခန့်ပင် ရှိပေလိမ့်မည်။ ဝက်ဝံသားပေါက်လေး ကေန်ဖြစ်ချေတော့သည်။

"ဘာမျိုးစိတ်လဲဗျ ကိုခင်မောင်"

"ဝက်ဝံနက်တစ်မျိုးပေါ့"

"ဝက်ဝံဟာ အနက်ပဲဗျ။ ဒါတော့ ခင်ဗျားပြောမှလား။ ဘာမျိုးလဲသိချင်တာပါ။ အမျိုးအနွယ်၊ အမျိုးအစားပေါ့ဗျာ"

"ဒီလောက်တော့ အသေးစိတ်မသိဘူးဗျ။ ဝက်ဝံတိုင်း မနက်ပါဘူး။ တချို့က ဝက်ဝံညို၊ တချို့က ရင်ဘတ်ဖြူ၊ တချို့က မည်းမည်း၊ တချို့က နက်ကြုတ်ကြုတ် အမျိုးမျိုးပေါ့ဗျာ။ ဒါက ဝက်ဝံနက်မျိုး၊ ရှိုးမဝက်ဝံ၊ တောကြီးဝက်ဝံ၊ ဝက်ဝံအကြီးစားမျိုးပေါ့။ မဟာမြိုင်ဝက်ဝံလို့လည်း ခေါ်ကြသေးတယ်လေ။ နှုတ်သီးတိုတယ်၊ အကောင်ကြီးတယ်ဗျ"

"အိမ်မြှောင်ကို ကျောင်းမြှောင်၊ လက်မြှောင်ပြောသလို ခင်ဗျားက သိသလိုလိုနဲ့ ဖြီးနေတာပဲဗျ။ ကဲဟော့ ဝက်ဝံလေးကိုကျွေးဖို့ အစာတွေရှိတယ်မို့လား။ ကျွေးကြကွာ။ ရေလည်းတိုက်ကြဦး။ ကြည့်လည်းလုပ်နော်။ အကိုက်ခံနေရဦးမယ်"

"ဦးလေးထိန်ကဗျာ။ ခုကျမှ ကျွန်တော့်ကို နှိမ်တာပေါ့လေ"

"မဟုတ်ပါဘူးဗျာ။ နောက်တာပါ။ ကဲဗျာ . . . သိသမျှပြောပါဦး။ မဟုတ်လည်း အပျင်းပြေပေါ့"

"ဟော . . . လုပ်ပြန်ပြီ။ ကျွန်တော်က စာတွေ့ပဲ သိတာပါဗျာ။ ခု[illegible]
ဝက်ဝံကို အပ်ကျမတ်ကျ သိရ၊ တွေ့[illegible]
တာပါ။ ကျွန်တော်တို့ ဗမာတွေ[illegible]
အမွေးဖွားဖွား မည်းမည်းနက်နက်[illegible]
ဝက်နဲ့တူပြီး လေးဘက်သွားနေ[illegible]
တိရစ္ဆာန်ကို 'ဝက်ဝံ'လို့ အမည်[illegible]
ခေါ်ကြတာပါ။ အမှန်က ဝက်ဝံဟ[illegible]
ဝက်ဝံမျိုးပါ။ ဝက်မျိုးမဟုတ်ပါဘူ[illegible]
မျောက်ဝံ၊ ကြောင်ဝံ၊ ခွေးဝံ၊ လူ[illegible]
ဆတ်ဝံ၊ ဝံပုလွေ စသဖြင့် ခေါ်ကြ[illegible]
က အမွေးစုတ်ဖွားဖွား၊ မွေးကြမ်း[illegible]
ထူ၊ အကောင်ကြီးလို့ အစွယ်ပေါ်[illegible]
ကြောက်စရာကောင်းလာရင်(ဝံ)[illegible]
နောက်မှာတပ်ပြီး ခေါ်ကြတာပါ"

"ဝက်ဝံဟာ အမှန်က ဝံသ[illegible]
ပါ(BEAR)ပဲဖြစ်တယ်။ ဝက်ဝံ[illegible]
ဝက်ဝံညို၊ ဝက်ဝံခါးပတ်ကျား၊ [illegible]
နက် စသဖြင့်ပေါ့။ ရေခဲတောင်မှ[illegible]
ပြီး ငါးတွေဖမ်းစားနေတဲ့ ဝက်[illegible]
ကို(ပိုလာဝက်ဝံ)၊ ယူကလစ်[illegible]
ကလေးတွေကိုသာစားတဲ့ ညို[illegible]
ဖျော့အရောင်နဲ့ မျက်လုံးပြူ[illegible]
အကောင်သေးသေးကို (ကိုလာ[illegible]
ဝံ)၊ မျောက်မျက်ကွင်းညို အသေ[illegible]
တွေတာပေါ့။ တရုတ်ပြည်မှာပဲ [illegible]
ပြီး ခါးပတ်ပတ်လည် အဖြူ[illegible]
ချစ်စရာကောင်းတဲ့ ပုံစံရှိတဲ့ ဝက်[illegible]
(ပန်ဒါ)လို့ ခေါ်တယ်။ ဝါးရွက်[illegible]
စားတယ်။ ဝက်ဝံညိုက လေး[illegible]
ထောက်သွားပြီး ခွေးနဲ့တူလို့ ([illegible]
လို့ ခေါ်တယ်။ အခုတွေ့ရ[illegible]
က ဝက်ဝံကြီးမျိုးဆို[illegible] သေ[illegible]
တယ်ဗျ။ ဆရာထိန်ရှ



www.burmeseclassic.com

www.burmeseclassic.com

ဦးဖိုးထိန်က ပြုံးလျက် ကိုညွန့်
ပြတ်လှည့်ကာ . . .

"ဒါထက်ပြောစမ်းပါဦး။ ခင်ဗျား
မှားသေးတယ်ဆို"

"ဟုတ်တယ်ဗျ။ ပထမလမ်းမှား
မြေပြန့်မှာ သက်ငယ်တောနဲ့
မြက်တွေကြောင့် တုန်နန်း
စပ်ထိ ရောက်သွားတာ။ ပြန်
လာရတာနဲ့ အချိန်ကုန်သွားရ
။ ဒုတိယ အတော့်ကိုထူးဆန်း
။ ကျွန်တော်တို့နောက်ကို လူ
ယောက်-နှစ်ယောက် နောက်
ခံလိုက်တာ ခံရတယ်။ ကျွန်
အထင် ကမ္ဘာလှသန်းနဲ့ တရုတ်
ဝင်းတို့ဖြစ်မှာပေါ့။ အဲဒါ ဆဲရင်း
ခွနဲ့ တွင်တွင်ပစ်ရင်း ပြေးတက်
လမ်းချော်သွားလို့ လမ်းစပြန်ရှာ
တက်ခဲ့ရတယ်။ နောက်တစ်ခါ
လိုက်လာတော့ ကျောက်တောင်
ဝင်ပုန်းနေရလို့ ကြာသွားပြန်
တယ်"

"တောင်ကလပ်နဲ့နီးလို့ ကျောက်
ဆောင်တွေ၊ ကျောက်ဆောင်တွေ
ပါလာမှ နောက်ကလူတွေ လှည့်ပြန်
သွားတာထင်တယ်။ ကျွန်တော်တို့
လည်း အတော်ပင်ပန်းသွားတယ်။
တော်တော်လည်း စိတ်ပျက်သွား
တယ်။ တကယ်ပါ ဆရာထိန်ရယ်"

"အေးဗျာ။ ခုကိစ္စက မသင့်တဲ့
ငွေရှာနည်းကို ခင်ဗျားတို့ လုပ်ကြတာ
တိုးဗျ"

ဦးဖိုးထိန်နှင့်အတူ ကိုခင်မောင်
လည်းတွေးတောမိလေသည်။ ကိုညွန့်
လှိုင်တို့နောက်သို့ နောက်ယောင်ခံ
လိုက်သောသူများသည် မည်သူတွေ
ဖြစ်မလဲ။ ကမ္ဘာလှသန်းနှင့် တရုတ်
မောင်ဝင်းတော့ မဖြစ်နိုင်၊ တောအုပ်
ထဲမှာ တောတိုးလိုက်ခဲ့တာ၊ ကျောက်
ဆောင်တွေနားရောက်မှ ပျောက်သွား
တာ။ အင်း . . . စဉ်းစားစရာပဲ"

ညစာ ထမင်းချက်၍စားပြီးချိန်
တွင် ည ၈ နာရီထိုးပြီဖြစ်သည်။ မည်
သို့ဆိုစေ မကြာမီ ပြန်ဆင်းမှဖြစ်မည်
ဟု ဦးဖိုးထိန်က ဆုံးဖြတ်လိုက်သည်။
ညကား မှောင်မိုက်၍လာချေပြီ။

\+ + + + + +

## မည်းမည်းကြီးနှင့် နောက်ဆုံးနှုတ်ဆက်ခြင်း

"တောင်အောက်ကို ပြန်ဆင်း
ပြီး မြို့ကိုပြန်မယ်။ ဝက်ဝံပေါက်ရဲ့
သေတ္တာကို ဝါးလုံးလျှိုပြီး နှစ်ယောက်
ကထမ်းမယ်၊ ဘေးကနှစ်ယော က်က
ထိန်းပြီးလိုက်မယ်။ 'ဒုတပ်ကြပ်ဝင်းကို'
နဲ့ 'ရဲဘော်မောင်တူး'က သေနတ်
အသင့်ကိုင်ပြီး ရှေ့က ဦးဆောင်မယ်။
'ရဲဘော်ကိုခ'က သေနတ်အသင့်နဲ့
နောက်ပိုင်းက လုံခြုံရေးယူရင်း လိုက်
မယ်။ ကျုပ်တို့လေးယောက်က သေတ္တာ
ထမ်းရဲ့ ရှေ့နောက်မှာ နှစ်ယောက်စီ
နေရာယူပြီးလိုက်မယ်။ ကိုတင်အောင်
နဲ့ ကိုတင်အုန်းကလည်း နောက်က
လိုက်ပါ။ ကိုညွန့်လှိုင်တို့ သုံးယောက်
က ရှေ့ကသွားပါ။ ရှင်းပါတယ်နော်"

"ရှင်းပါတယ်"

"ကိုယ့်ပစ္စည်းကို ထမ်းခဲ့ကြပါ။
လက်နှိပ်ဓာတ်မီး အသင့်ဖွင့်ထားပါ။
လေးခွ၊ ဓား၊ လှံ အဆင်သင့်ဖြစ်
အောင် ထားပါ။ တောင်ဆင်းမှာ ချော်
ကျမှာ သတိထားပါ။ ကိုညွန့်လှိုင်တို့
သုံးယောက်ကို လက်ထိတ်ဖြုပ်ပေး
လိုက်ပါ။ အန္တရာယ်မရှိလောက်ဘူး
ထင်ရပေမယ့် တစ်ခုခုဖြစ်လာမှာ
ကျုပ်စိုးရိမ်တယ်။ ဒါကြောင့် သတိ
တော့ ရှိကြပါ"

ည ၈ နာရီခွဲပေပြီ။

လဆုတ်ရက်မို့ ညမှာ ပိန်းပိတ်
အောင် မှောင်နေသည်။

"ကဲ . . . အသင့်ဖြစ်ပြီလား။
စထွက်မယ်"

လက်နှိပ်ဓာတ်မီးများ ကိုယ်စီရှိ
ကြသဖြင့် အလင်းရောင်မှာ ထိန်ထိန်
ဖြာသွားသည်။ တောင်ဆင်းလမ်း
အတိုင်း တရွေ့ရွေ့ဆင်းလာကြသည်။
မှောင်သော်လည်း ဓာတ်မီးအလင်း
ရောင်များကြောင့် ကောင်းစွာသွား၍
ရသည်။ ညအချိန်လည်းဖြစ်၊ အဆင်း
လမ်းလည်းဖြစ်၍ ခရီးကတွင်လှ
သည်။ အိမ်အပြန်လမ်း ဖြစ်သဖြင့်
လည်း ခြေလှမ်းကသွက်နေကြသည်။
ဤသို့နှင့် ကျောက်တောင်၊ ကျောက်
ဆောင်ထူပြောသော နေရာကို ကျော်
လွန်ကာ အင်ပင်တောအုပ်ကို ရောက်
ခဲ့သည်။ သစ်ပင်ထူထပ်၍ မြေပြင်
အနေအထားက အနည်းငယ်ပြန့်ပြူး
လာသည်။

ထိုစဉ်မှာပင် လက်ဝဲဘက်မှ
သစ်ပင်ငယ်များ ယိမ်းထိုးလှုပ်ရှား
သွားသည်ကို ဦးဖိုးထိန်နှင့် ကိုခင်



www.burmeseclassic.com

www.burmeseclassic.com

မောင်တို့ သတိပြုမိကြလေသည်။

"အဖွဲ့ခဏရပ်မယ်။ နားထောင်ပါ။ မြေပြန့်မရောက်မချင်း အထူးဂရုစိုက်ပါ။ လူတစ်ဦးတစ်ယောက်ပဲဖြစ်ဖြစ်၊ ဝက်ဝံကြီးပဲဖြစ်ဖြစ် သေနတ်ကို အရမ်းမသုံးပါနဲ့။ ရင်ဆိုင်တွေ့ရင် ခေါင်းပေါ်က ကျော်ပစ်ပါ။ မိုးပေါ် ထောင်ပစ်ပါ။ ဘေးမဖြစ်အောင်တော့ မိမိကိုယ်ကို ကာကွယ်ကြပါ။ တစ်စုံတစ်ရာတွေ့ရင် အကြောက်မလွန်ကြပါနဲ့။ ဒါပဲ . . ဆက်ထွက်မယ်"

"ဦးလေးထိန် နည်းနည်းထူးခြားလာသလိုပဲနော်"

"ဟုတ်တယ် ကိုခင်မောင်။ အထူးဂရုစိုက်ပါ"

သို့နှင့် ဆက်ထွက်ခဲ့ကြသည်။ အတန်ကြာသွားမိသောအခါ လက်ျာဘက်မှ တဗုန်းဗုန်းပြေးသံနှင့် သစ်ပင်တို့ ထိခိုက်ပွတ်တိုက်သံ၊ တောတိုးသံများ ကြားရပြန်သည်။ ဤအခါတွင်ကား သိသာလွန်းသည်။ ထို့ကြောင့် အဖွဲ့ဝင်များအားလုံး တညီတညွတ်တည်း ရပ်လိုက်ကြသည်။ အံ့လည်း အံ့ဩနေကြသည်။

"ဆရာထိန် ဘာလဲမသိဘူးဗျ။ ထူးခြားတယ်"

"ဘာမှမကြောက်နဲ့။ အားလုံး သတိထားနေကြပါ"

"ဓာတ်မီးတွေကို ကြာကြာပိတ်မထားနဲ့။ တစ်လှည့်စီ ဖွင့်ထားကြ။ လှုပ်ရှားသံကြားရင် မှောင်ထဲကို မီးရောင်နဲ့ ဝိုင်းထိုးကြ။ ကဲ . . . ဖြည်းဖြည်းချင်း ဆက်သွားမယ်။ သတိတော့ထားကြ"

သတိအနေအထား စိုးတထိတ်ထိတ်ဖြင့် ဆက်ထွက်ခဲ့ကြသည်။

"ဆရာထိန် တစ်ခုခုပဲဗျို့"

"ဝုန်း . . ဝုန်း . . ဖြော . . ဖြော"

အသံက ပို၍ကျယ်လောင်လာသည်။ အနီးသို့ ရောက်လာသလိုလို။ လက်နှိပ်ဓာတ်မီးရောင်များက လှုပ်ရှားသံထွက်ရာဆီသို့ ဝိုင်းထိုးနေကြသည်။

"ဗွီး . . . ဗုန်း . . . အမလေး"

သေတ္တာကို ရှေ့မှထမ်းထားသော လုံခြုံရေးတစ်ဦးမှာ ခွေ၍ကျသွားသည်။ သစ်သားချောင်းတစ်ခုက ဝင်၍ထိမှန်ခြင်း ဖြစ်သည်။ သို့ဖြစ်၍ သေတ္တာကိုအောက်သို့ချရင်း ပြေးပွေ့လိုက်ကြသည်။ ခေတ္တခဏမျှ မီးများ အားနည်းသလို ဖြစ်သွားသည်။ လူများစုမိသလို ဖြစ်သွားချိန် . . .

"ဂရား . . . ဂရား . . . ဂါး"

ကျယ်လောင်သော အော်သံကြီးနဲ့အတူ မည်းမည်းသတ္တဝါကြီးတစ်ကောင် ခုန်ကျော်၍ရောက်ရှိလာသည်။ သေတ္တာနားသို့ ရောက်သည်နှင့် လူအများကို တွန်းထိုး၍ ဆွဲယမ်းပစ်လိုက်သည်။

"အင့် . . အား . . . အမလေး"

ဝရုန်းသုန်းကားဖြင့် လူသုံးယောက်မှာ တုံးလုံးပက်လက် ဖြစ်သွားကြသည်။

"အားလုံး မီးနဲ့ဝိုင်းထိုးထား"

"လေးခွနဲ့ပစ်စမ်း။ ဘာကောင်ကြီးလဲ"

"ဟာ . . . ဝက်ဝံကြီးဗျ . . . ဝက်ဝံကြီး"

"အလိုလေး . . နည်းတဲ့ကောင်ကြီးမဟုတ်ဘူး"

"ဒိုင်း . . . ဒိုင်း"

ရိုင်ဖယ်သေနတ်သံ နှစ်ချက်တ လေထုကို ဖောက်ခွဲ၍ ထွက်ပေါ်လာသည်။ ကြမ်းလက်စမို့ထင့် အကောင်ကြီးမှာ မမှုဘဲ သေနတ်ကိုင်ထားသော ဒုတပ်ကြပ်ဝင်းကိုနှင့် ရဲဘော်မောင်တူးကို ပြေးလွှား၍ တွန်းထုတ်လိုက်သည်။ နှစ်ယောက်လုံးမှာ သေနတ် တခြား လူတခြား ဖြစ်သွားကြသည်။ ဝက်ဝံကြီးမှာ 'တဂူးဂူး တဂါးဂါး' အော်ဟစ်၍ သစ်ကိုင်းများဖြင့် ယမ်း ရိုက်ပုတ်လေတော့သည်။ အထူး သဖြင့် ဦးဖေသန်းနှင့် ဦးညွန့်လှိုင် ဘိုမှူးဇော်ဝင်းတို့လူစုမှာ ဝက်ဝံကြီးနှင့် အနီးကပ်ဆုံးဖြစ်၍ တဗုန်းဗုန်း တဖြန်းဖြန်း ရိုက်ပုတ်ချက်ကြောင့် လိုးပက်လက်လန်၍ အော်ဟစ်နေ တော့သည်။

ဦးဖိုးထိန်လည်း လက်ထဲ ခြောက်လုံးပြူးဖြင့် ဝက်ဝံကြီးခေါင်း ပေါ်သို့ တဒိုင်းဒိုင်းဖြင့် ကျော်၍ လေသည်။ ဝက်ဝံကြီးက ဦးဖိုးထိန် သို့ ပြေးဝင်သွားရာ လေးခွများ တဖောက်ဖောက်ထိမှန်ခြင်းကို ခံ သဖြင့် ပို၍ပို၍ ဒေါကန်သွား သည်။ ရင်ဘတ်ကြီးကို တဗုန်းဗုန်း ထုရင်း အော်ဟစ်နေတော့သည်။

အားလုံး သတိထားနေကြ များမို့ လဲကျနေသူများအား အပြေးအလွှားထကာ စုစည်းလို သည်။ မပျက်စီးသော ဓာတ်မီးများ ရသလောက် ဝိုင်း၍ထိုးကြရာ ဝ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပေါ်တွင် မီးရောင်များ ဖြာ...နေတော့သည်။ ရှိုင်ဖယ်နှစ်လက်...သည်း ဝက်ဝံကြီးနားတွင် ကျ...ထ်နေသည်။ ဝက်ဝံပေါက်ကလေး...နေသည့် သေတ္တာကြီးမှာ ငြိမ်သက်...သည်။

မီးရောင်အောက်မှာ ဝက်ဝံကြီး...ခဏကြာမျှငြိမ်သက်လျက် သေတ္တာ...ရှိရာသို့ သွားကာ တရှုံ့ရှုံ့နှင့် နမ်း...နေတော့သည်။ အတန်ကြာတွင် ...ဝူး တဂါးဂါး အော်ဟစ်လျက် ...သေတ္တာကြီးကို လှုပ်ယမ်းနေတော့...သည်။ အမှန်မှာ သေတ္တာကြီးကိုဖွင့်၍ ...သားငယ်ကိုယူလိုခြင်း ဖြစ်ပေမည်။

"ဦးလေးထိန်ပစ်ဗျာ။ အန္တရာယ်...ပြီဗျ"

ကိုခင်မောင်က ပြောသော်လည်း ...ထိန်က ခေါင်းယမ်းပြသည်။

"ဦးလေးထိန် ဒီလိုလုပ်လို့ ဘယ်...ဖြစ်မလဲ။ ညမှောင်မှောင်မည်းမည်းမှာ အားလုံးသေကုန်မှာပေါ့ဗျ။ ရဲဘော်ထို ခ ပေးဗျာ၊ ခင်ဗျားသေနတ်"

ကိုခမှာ သေနတ်ကိုကိုင်လျက် ကြောင်နေသည်။

ဦးဖိုးထိန်က အော်၍သတိပေးလိုက်သည်။

"ရဲဘော်ကို ခ သေနတ်ကို ကိုခင်မောင်ဆီ ခဏပေးလိုက်ပါ"

ကိုခင်မောင်ပင် ကြောင်သွားသည်။ သို့သော် သေနတ်ကိုင်ခွင့် ရသွားသဖြင့် မောင်းကိုဆွဲ၍ ပြောင်းရင်းသို့ ကျည်တစ်တောင့် ထိုးထည့်လိုက်သည်။ နောက် တစ်ဆက်တည်း ဝက်ဝံကြီးကို ထိုးချိန်လိုက်ရာ ဦးဖိုးထိန်က ရှိုင်ဖယ်ပြောင်းကို အထက်သို့ ကိုင်၍ထောင်ထားလိုက်သည်။

"ဦးလေးထိန် ဖယ်စမ်းပါဗျာ"

"ဒီမယ် ကိုခင်မောင်၊ ခင်ဗျား စဉ်းစားကြည့်။ လူတွေရဲ့ ပယောဂကြောင့် ဒီဝက်ဝံကြီးဟာ သူ့သားငယ်နဲ့ ကွဲကွာရတယ်။ ပင်ပန်းတကြီးလိုက်ရှာရတယ်။ တွေ့ပြန်တော့ ဖမ်းဆီးထားတာ ခံရတယ်။ သူ့ကိုလည်း ရန်ပြုခံရတယ်။ နောက်တော့ သေနတ်နဲ့ပစ်သတ်ခံရပြီး အသက်ဆုံးရှုံးရဦးမယ်။ အဲဒါ တရားသလားဗျာ။ ဝက်ဝံကြီးဘက်က တွေးကြည့်စမ်းပါ။ ဘယ်လောက် ခံရခက်သလဲလို့"

ကိုခင်မောင်က သက်ပြင်းချလိုက်သည်။ သို့သော် သေနတ်ကိုမူ ပင့်ကိုင်ထားဆဲပါ။ ဝက်ဝံကြီးကလည်း တဝူးဝူးဖြင့် သေတ္တာကြီးအနီး ပျာယာခတ် ဒေါပွနေလေသည်။ သေတ္တာကြီးကို ကိုင်မလိုက်၊ ပြန်ချလိုက် ဖြစ်နေသည်။ တစ်ခါတစ်ခါ မီးရောင်ထိုးထားသော လူစုဆီသို့ ပြန်ကြည့်ကာ အော်နေပြန်သည်။

"ဒီမှာ ဦးလေးထိန်၊ ဒီကောင်ကြီးကို သတ်မှဖြစ်မယ်ဗျ။ သူ့ကြောင့် သေဆုံးသွားတဲ့ ဆရာကျော်ဇော်ဟိန်းအတွက်၊ အကြော်သည် ဒေါ်တင်လှ သန်းရီအတွက် အားလုံးအတွက် လက်စားချေရမယ်ဗျ၊ သိလား"

"ကျွန်တော့်လက်ကို ကျွန်တော်ယုံတယ်ဗျာ။ တစ်ချက်ဆိုတစ်ချက် ဖြစ်စေရမယ်၊ ပစ်ခွင့်ပြုစမ်းပါဗျာ"

ဦးဖိုးထိန်က သေနတ်ကို ကိုင်ထားရင်းမှ –

"ပစ်ခွင့်ပြုမယ် ကိုခင်မောင်။ ခင်ဗျားလက်ကို ကျွန်တော်ယုံပါတယ်။ တပ်မတော်မှာနေစဉ်က စက်ပစ်ကွင်းမှာ လေးလက်မကျည်စုတွေ မကြာခဏရခဲ့တယ်ဆိုတာ ခင်ဗျားပြောခဲ့တယ် မဟုတ်လား။ ခင်ဗျားကို ကျွန်တော်ယုံပါတယ်ဗျာ၊ ပစ်ခွင့်ပြုပါ့မယ်"

"တကယ်နော် . . . ဒါဆို ပစ်မယ်ဖယ်ဗျာ"

"ဒါပေမယ့် ခင်ဗျားပစ်ရမှာက ဝက်ဝံကြီးကို မဟုတ်ဘူးဗျ။ ကြည့်စမ်းပါဗျာ၊ သေတ္တာထဲကို ရောက်နေတဲ့ သူ့သား ကြောင့် ပျာယာခတ်နေတာ သေတ္တာထဲက သူ့သားကိုထုတ်မရလို့ ပူဆွေးနေတာ။ သေသေချာချာ ကြည့်စမ်းပါ။ လူစုဘက် လှည့်ကြည့်လိုက်၊ သေတ္တာကိုကြည့်လိုက်။ ကဲဗျာ . . ဝက်ဝံကြီး ဘာလုပ်နိုင်မလဲ၊ ဘာတတ်နိုင်မလဲ ပြောပါဦး"

ဟုတ်ပေသည်။ ဝက်ဝံကြီးမှာ သေတ္တာကို ကုတ်ခြစ်ဆွဲခွာနေသော်လည်း သေတ္တာက နည်းနည်းမှ မလှုပ်။ အထဲမှ ဝက်ဝံလေးသည် မိဘကိုမြင်၍ ပူဆွေးနေပေလိမ့်မည်။

"ကဲဗျာ . . . ကျွန်တော် ဘာလုပ်ရမလဲပြောပါ ဦးလေးထိန်"

"ခင်ဗျားလုပ်ရမှာက . . အဲဒီ သေတ္တာရဲ့သော့ကို သေနတ်နဲ့ပစ်ပြီး ဖွင့်ပေးဖို့ပဲဗျာ။ ခင်ဗျားကို ကျွန်တော်ယုံတယ်။ ဒီမယ် ကိုခင်မောင်၊ ခင်ဗျား သိထားဖို့က သေတ္တာဖွင့်သွားလို့ သား

www.burmeseclassic.com

ပေါက်လေး ထွက်ခွင့်ရသွားလို့ ဝက်ဝံမိသားစု တွေ့ခွင့်ရသွားလို့ ဖြစ်ပေါ်လာမယ့် ရလဒ်ဟာ ဘယ်လောက် ပီတိဖြစ်ကြည်နူးဖို့ ကောင်းမလဲဗျာ"

ကိုခင်မောင်က သဘောပေါက်စွာ ခေါင်းညိတ်ရင်း သေနတ်ကို ဆွဲယူချိန်ဆလိုက်သည်။ သေနတ်ကား အမေရိကန်ဖြစ် ဒသမသုံးရာ့သုံး (. ၃၀၃) ရိုင်ဖယ်အမျိုးအစား၊ ပစ်အားကောင်းသည်၊ ပစ်မှတ်ထိန္နန်းတိကျသည်။ အခြေအနေက ဝိုင်းဝိုင်းလည် ထိုးထားကြသော ဓာတ်မီးရောင်များကြောင့် ပစ်မှတ်ဖြစ်သော သော့ခလောက်ကို အတိုင်းသား မြင်တွေ့နေရသည်။ အကွာအဝေးကား ပေ ၂၀ ခန့်သာ ရှိချေမည်။ ရှေ့ချိန်သီးမှမြင်နေရသော (မျောက်လက်ယော့ခလောက်ပစ်မှတ်)ကို နောက်ချိန်သီးထံသို့ ဆွဲယူလိုက်သည်။ တစ်တန်းတည်း၊ တစ်ဖြောင့်တည်း၊ တစ်ထပ်တည်း။ အသက်ကို ဖြည်းညင်းစွာ ရှုထုတ်လိုက်သည်။ စိုက်ကျသွားသော သေနတ်ပြောင်းကို ဆွဲတင်ရင်း အသက်ကိုအောင့်၍ ပထမ မောင်းကို ဖြည်းညင်းစွာ ဆွဲညှစ်လိုက်သည်။ ရိုင်ဖယ်က ငြိမ်သက်နေဆဲ။ အသက်ရှူမှုကိုလည်း ရပ်ထားဆဲ။

ဒုတိယမောင်းကို ဆွဲညှစ်လိုက်သောအချိန် တစ်ပြိုင်နက်မှာပင် ပြင်းထန်သော ပေါက်ကွဲသံနှင့်အတူ မီးပန်းကြီးသည် သေနတ်ပြောင်းဝမှ ဖြာထွက်သွားသည်။ ထိုနည်းတူ ပြန်လည်တွန်းကန်လိုက်သော ယမ်းအားကြောင့် သေနတ်ဒင်နှင့် ပခုံးတို့၏ ခပ်ပြင်းပြင်း ထိတွေ့မှုကို နင့်ခနဲ ခံစားလိုက်ရသည်။

"ဒိုင်း"

"ခလွမ်း"

သေတ္တာမှ မျောက်လက်ကို ကျည်ဆန်ထိမှန်၍ ပြုတ်ကျသွားသံ၊ အားလုံးတို့သည် တစ်ပြိုင်နက်တည်း ထွက်ပေါ်လာသည်။

သေနတ်သံကြောင့် ယိမ်းထိုးသွားသော ဝက်ဝံကြီးမှာ ချက်ချင်းပင် သေတ္တာကို ကောက်ကိုင်လိုက်ရာ သေတ္တာအဖုံးတံခါး ချက်လေးပြုတ်၍ ပါလာသည်။ ထို့အတူ သေတ္တာအတွင်းမှ မည်းမည်းလုံးလုံး အရာတစ်ခု ပြူထွက်လာခဲ့သည်။

ဝံပေါက်စ၏ ဦးခေါင်းလေး ပြူထွက်လာခြင်းဖြစ်သည်။

လက်နှိပ်မီးများမှ မီးရောင်များ ဖြာကျနေဆဲ။ အဖွဲ့ဝင်အားလုံး လဲသူလဲ၊ ကွဲသူကွဲဖြင့် ဖယိုဖရဲ ဖြစ်နေရာမှ သေနတ်သံကြောင့် အံ့အားသင့်နေကြသည်။

"မိုင် ၂၀ တိုင်မကွယ်နဲ့၊ ရိုင်ဖယ်နှင့်ပစ်လိုက်မယ်"ဆိုသည့် စာဆိုနှင့်အညီ ပွိုင့်သုံးရာ့သုံး(. ၃၀၃) အမေရိကန်ရိုင်ဖယ်သေနတ်သည် ပစ်တတ်သူအဖို့ လက်မှန်းတည့်လှသည်။ ကိုခင်မောင်သည် မောင်းတံကို နောက်သို့ဆုတ်၍ ဒသမသုံးရာ့သုံး ကျည်ခွံကို ထုတ်ပစ်လိုက်ရင်း ဝက်ဝံကြီးကို မမိုတ်မသုန်ကြည့်နေလိုက်သည်။

ကြီးမားလှသော ဝက်ဝံကြီးမှာ သေတ္တာထဲမှ ဝက်ဝံပေါက်လေးကို ဆွဲထုတ်၍ ရင်ခွင်တွင်ပွေ့ပိုက်လိုက်ရင်း ဆွဲဆွဲငင်ငင် အော်ဟစ်လိုက်သည်။ ထူးခြားသော 'ဝံအူသံ'ပင်ဖြစ်သည်။ ဝမ်းမြောက်၍ ဟစ်အော်ခြင်းလား၊ ရန်သူကို စိန်ခေါ်သည့် အော်ဟစ်၍ အူသံပေးခြင်းလား မခွဲခြားနိုင်ပါ။ ထို့စဉ် ဝက်ဝံကြီးက ဝံပေါက်လေးကို လက်မှဆွဲမြောက်၍ ပခုံးပေါ် တင်လိုက်သည်။ ထို့နောက် လေးဘက်ထောက်၍ မာန်ဖီလျက် ဟိုမှသည်မှ ခဏမျှ လျှောက်နေပြန်သေးသည်။

"ဂီး . . ဂရား . . ဂရား . . ဂါး"

"ဘာဖြစ်တာလဲ။ ရန်မူချင်သေး သလား"

အားလုံးပင် ပဟေဠိဖြစ်နေစဉ် ကိုခင်မောင်က ရိုင်ဖယ်မောင်းတုန်ကို ဆွဲ၍ ရိုင်ဖယ်ကျည်တစ်တောင့် ကျည်ကပ်အတွင်းမှ ပြောင်းရင်း အတွင်းသို့ ထိုးသွင်းလိုက်သည် မောင်းတင်သံက 'ကလစ်'ဟု အသံ ထွက်သွားရာ ဦးဖိုးထိန်မှာ အံ့အား သင့်သွားတော့သည်။

"ကိုခင်မောင်၊ ခင်ဗျား ဘာလု မလို့လဲဗျ။ မမိုက်နဲ့နော်။ ကျွန်တေ ပစ်ခွင့်မပြုဘူး"

ကိုခင်မောင်က ပင်ပန်းနေသ ကြားမှ မချိပြုံးပြုံးလျက် –

"ကျွန်တော် နားလည်ပါတ ဦးလေးထိန်"

တစ်ပြိုင်နက်ပင် ရိုင်ဖယ်သေ မှ ဒိုင်းခနဲ မြည်ဟည်းသွားသ



www.burmeseclassic.com

www.burmeseclassic.com

ည်ဆန်မှာ မီးအလင်းရောင်ဖြာ
တ် ဝက်ဝံကြီးဦးခေါင်းအထက်
စ်ပေခန့်မှကျော်၍ ကောင်းကင်သို့
ောင်တက်သွားသည်။ ကိုခင်မောင်
ချက်ချင်းပင် ကျည်ခွံကို ထုတ်ကာ
ည်တောင့်အသစ်ဖြင့် ထပ်မံပစ်
ောက်လိုက်ပြန်သည်။

"ဒိုင်း . . . "

ဝက်ဝံကြီးမှာ "ဂါး"ခနဲ မာန်ဖီ
တ် ပတတ်ရပ်လိုက်သည်။

ထို့နောက် ခေတ်မီးအလင်း
ရောင်အောက်မှ တောစပ်မှောင်ရိပ်
အတွင်းသို့ တစ်မုဟုတ်ချင်း ပြေးဝင်
သွားလေသည်။ ပခုံးပေါ်တွင်ကား
တ်ဝံပေါက်လေးမှာ ဖက်တွယ်၍ ပါ
သွားသည်။ အ...င်ထဲသို့ ဝက်ဝံကြီး
ထိုး...ပျောက်ကွယ်သွားသော်လည်း
ကိုခင်မောင်က ရိုင်ဖယ်ကို ထပ်မံ၍
တစ်ချက်မျှ အမှောင်တွင်း မိုးပေါ်သို့
ထောင်ပစ်လိုက်ပြန်သည်။

"ဒိုင်း . . . "

"ကိုခင်မောင် ဘာကြောင့် ထပ်
ပစ်ရတာလဲဗျ။ ရူးနေသလား"

ဝက်ဝံကြီး၏ တောတိုးသံ တရှဲ
ရှဲပြေးလွှားသံ တဖျတ်ဖျတ်ကြားနေရာ
မှ ခဏချင်း ပျောက်ကွယ်သွားတော့
သည်။

"ခင်ဗျား . . ခင်ဗျား ဘာ
ကြောင့် ကျည်ဆန်ဖြုန်းတာလဲ"

ဝက်ဝံကြီး မရှိတော့မှန်းသိ၍
အားလုံး လူးလဲထလိုက်ကြသည်။
ဒဏ်ရာရသူ၊ ပြိုလဲနေသူများကို ကူညီ
ဖေးမကြရင်း မေးမြန်းသံ၊ စုတ်သတ်
သံတို့ ကျွက်စီကျွက်စီနှင့် ပေါ်ထွက်
လာကြသည်။

ကိုခင်မောင်က ရဲဘော်ကိုခကို
ရိုင်ဖယ်သေနတ် ကမ်းပေးရင်း –

"ဦးလေးထိန်က အဖွဲ့ခေါင်း
ဆောင်တာဝန်ရှိသူမို့ အရေးယူရင်
လည်း ခံရမှာပါ။ ကျွန်တော် ပစ်လိုက်
တာ ဝက်ဝံကြီးအတွက် စေတနာနဲ့ပါ။
မြို့သူမြို့သားအားလုံးအတွက် စေတ
နာနဲ့ ထပ်ပြီး ပစ်လိုက်တာပါ။ ဒါမှ"

ဦးဖိုးထိန်က မှောင်ထဲသို့ ငေး
ကြည့်ရင်း ခေါင်းကိုယမ်းလိုက်သည်။

"ဒါမှ . . . ဝက်ဝံကြီးအမြန်ဆုံး
ပြေးထွက်သွားမှာမို့ပါ။ ပြီးတော့
ကာလအတန်ကြာဝေးလို့ စိမ်းနေတဲ့
ဝက်ဝံပေါက်လေးလည်း ဖက်တွယ်
အားကိုးပြီး လိုက်ပါချင်စိတ်ဖြစ်
အောင် နှိုးဆွသတိပေးလိုက်တာပါ"

"ဒါဖြင့် နောက်နှစ်ချက် ပစ်တာ
ကကော ဗျာ"

"ထွက်ပြေးမှ ပစ်လိုက်တာက
ဝေးဝေးရောက်အောင် မြန်မြန်ပြေး၊
အန္တရာယ်ရှိတယ်၊ နောက်မလာတော့
နဲ့လို့ သတိပေးတဲ့အနေနဲ့ ပစ်တာပါ"

"ကိုခင်မောင်ရာ ကြံကြံဖန်ဖန်
လည်း တွေးတတ်ပါပေ့"

"ဒီမည်းမည်းကောင်ကြီး ကျွန်
တော်တို့မြို့လေးကို နောက်ထပ်မလာ
တော့ပါဘူးဗျာ။ ဒါကသေချာပါတယ်"

"ကောင်းပါလေ့ဗျာ"

အားလုံး ပြန်လည်စုစည်းလိုက်
ကြသည်။ ခါးနာသူ၊ လက်နာသူ၊ ဖူး
ရောင်သူများရှိသော်လည်း ဒဏ်ရာ
ကြီးကြီးကျယ်ကျယ် မရကြသဖြင့်
တော်သေးသည်ဟု ဆိုရမည်။ အား
လုံးစုံသောအခါ ဆက်လက်ထွက်ခွာ
ခဲ့ကြသည်။ အပြန်ခရီး တောင်ဆင်း
လမ်းကား ပေါ့ပေါ့ပါးပါးပင် ဖြစ်လေ
သည်။

အဝေးဆီမှ လှမ်း၍မြင်ရသော
မြို့ကလေးမှာ လျှပ်စစ်မီးရောင်မှဲ့ဖြင့်
တွေ့နေရတော့သည်။ မိုးကောင်းကင်
သို့ ထိုးထွက်နေသော ရွှေမုဋ္ဌောစေတီ
တော်ကြီးတစ်ဆူသာ လျှပ်စစ်မီး
ရောင် တပြောင်ပြောင်ဖြင့် ဖူးမြော်
ရလေသည်။ အားလုံးမှာ ဝန်ထုပ်ဝ
ပိုးမှ လွတ်မြောက်ကြပြီဖြစ်သဖြင့် ခြေ
လှမ်းများကား သွက်လက်နေကြသည်။

ကိုခင်မောင်က ဦးဖိုးထိန်လက်
မောင်းအား လှုပ်ခါလိုက်ရင်း –

"အားလုံးပြီးသွားပြီ ဦးလေး
ထိန်"

နယ်မြို့လေးထဲက သားရဲသောင်း
ကျန်းမှုကား ပြီးဆုံးသွားပေပြီ။


+ + + + + +

*(ဝန်ခံချက် ။ ။ ဤဖြစ်ရပ်မှာ
အထက်ချင်းတွင်းဒေသမှ ဆိပ်ကမ်း
မြို့ကလေးတွင် အမှန်တကယ် ဖြစ်
ပျက်ခဲ့ခြင်းအား အချိန်ကာလကို
အနည်းငယ်လွှဲပြောင်း၍ ဝတ္ထုပုံစံ
ဟာသရသ၊ ဓမ္မသုတ၊ စာပေသုတ
အစုံဖြင့် ရေးဖွဲ့ထားခြင်းဖြစ်ပါကြောင်း
ဝန်ခံတင်ပြအပ်ပါသည်။ စာရေးသူ)*

**✦ သစ်ထူးအိမ် ✦**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ကြက်ခြေခတ်လမ်းကို စွန့်ပြီးသော်

ကျော်ဆွေဝင်း(ရွှေအင်း)

(ယခင်လမှအဆက်)

သူကစားဝိုင်းတန်းသို့ ရောက်သောအခါ ဝိုင်းတိုင်းလိုလို လူပြည့်နေသည်ကိုတွေ့ရပြီး ကိုမြင့်တို့ဝိုင်းမှာလည်း ထိုးသားများ ပြည့်ညပ်နေသည်ကို တွေ့ရလေသည်။

"အခြေအနေ"

သူက အလျော်အစားဝင်လုပ်နေသော ကိုမြင့်နောက်နားတွင် ကပ်ထိုင်နေသည့် ကိုလှသန်းအနီး ဝင်ထိုင်ရင်း မေးလိုက်ခြင်းဖြစ်သည်။

"ကောင်းပါတယ်။ ငါးထောင်လောက် စားယားပြီ"

ကိုလှသန်းက ထိုမျှသာပြောပြီး ယားပေါ်သို့ အကြည့်ကိုပြန်လွှဲထားသည်။ သူ့ဆရာ ကြွေဖိုးထိန်ကိုကြည့်လိုက်သောအခါ နောက်တည့်တည့်မှထိုင်ပြီး ကြွေထည့်ပေးနေကြောင်း တွေ့ရသည်။

နေလွှမ်းရောက်ပြီး နောက်ထပ်နှစ်လှည့်ခန့် ကစားပြီးသောအခါ အားလုံးစားငွေ တစ်သောင်းကျော်သွားပြီဖြစ်ပြီး ထိုးသားများလည်း ငွေအုပ်ပါးလာသဖြင့် ဝိုင်းကို ခေတ္တရပ်နားထားလိုက်လေသည်။

ဝိုင်းနားနေစဉ်အတွင်း ကြွေဖိုးထိန်က သူ့အားလှမ်းကြည့်လိုက်ပြီး

"မောင်နေ .. လာ၊ ဟိုဘက်ဝိုင်းအခြေအနေ သွားကြည့်ရအောင်"

ဟုခေါ်သဖြင့် သူက ကြွေဖိုးထိန်နှင့်အတူ တောင်ဘက်ဆုံးရှိ ညောင်လေးပင်ဒိုင်ဘက်သို့ ရောက်ခဲ့လေသည်။

ထိုဝိုင်းမှ ထုံးစံအတိုင်း ကြိုးလုံးဖယားကစားနေပြီး လူပါးပါးနှင့် ငွေကျအားကောင်းနေသည်။ ကြွေဖိုးထိန်တို့ကို မြင်သည်နှင့် ကောင်းစွာမှတ်မိသွားသော ဒိုင်တစ်ဦးက . . .

"လာပါ . . လာပါ၊ ငွေများများထိုးမယ့်လူကို မျှော်နေပါတယ်"

ဟု ပြောလေသည်၊ ကျန်တစ်ဦးကမူ ကြွေဖိုးထိန်ကို ပြုံး၍ကြည့်လိုက်ရင်း -

"ငါတို့ တစ်သက်လုံးမွေးထားတဲ့ ကြက်ကို တစ်မနက်တည်း လာရိုက်ချက်စားသွားတာ သူပေါ့ကွ"

ဟု သူတို့အချင်းချင်း ပြန်၍နောက်ပြောင်ပြောလေသည်။ ထိုအခါတွင် နောက်မှ ကြွေထည့်ပေးသူက . . .

"ဒီတစ်ခါ သူ တို့မွေးထားတဲ့ကြက်ကို ရိုက်ချက်စားလို့ မရပါဘူးကွာ၊ သူမွေးထားတဲ့ကြက်ကိုပဲ တို့က ရိုက်စားမှာပါ"

ဟု သူ့လူကိုပြောပြီး ကြွေဖိုးထိန်တို့ တူဝရီးနှစ်ဦးထံ လှမ်းကြည့်လိုက်လေသည်။ ကြွေဖိုးထိန်ကမူ ထိုသူကို ပြုံးကြည့်ပြီး ပါးစပ်မှလည်း "စားပါဗျာ စားပါ"ဟုပြော၍ ဖယားပေါ်မှ အုပ်နှင့်ငွေများကိုသာ လှမ်းကြည့်နေလိုက်သည်။ နေလွှမ်းကလည်း ဆရာဖြစ်သူ၏ဘေးမှရပ်လျက် အခြေအနေကိုသာ စောင့်ကြည့်နေလေသည်။

စင်စစ် ကြွေထည့်သူပြောလိုက်သည့်စကားမှာ ကြွေဖိုးထိန်အား စောင်းချိတ်ပြောလိုက်ခြင်းဖြစ်ပြီး တစ်နည်းအားဖြင့် ကြွေဖိုးထိန်၏စိတ်ကို ဆွလိုက်ခြင်းလည်း ဖြစ်လေသည်၊ အမှန်ဆိုရသော် ၎င်းတို့ဒိုင်မှငွေများကို အချိုကြီးထိုးယူသွားပြီး အနိုင်နှင့်ဝိုင်းသွားကာ ခြေငြိမ်လက်ငြိမ်လုပ်နေသည့် ဦးဖိုးထိန်တစ်ယောက် မခံချင်စိတ်နှင့် ပြန်ထိုးဖြစ်အောင် စကားအရစီးပိုးပြောလိုက်ခြင်းသာ ဖြစ်သည်၊ သို့သော်လည်း သူတို့ထက် ကစားသမား လုပ်သက်ရင့်ခဲ့ပြီးဖြစ်သော ကြွေဖိုးထိန်က ကစားသမားတို့၏ စိတ်ဓာတ်စစ်ဆင်ရေးနည်းဗျူဟာကို နားလည်ပြီးသူမို့ သူ့စကားကို အရေးမစိုက်ဘဲ သူစောင့်ရမည့်အချိန်ကို စောင့်ဆိုင်းနေခြင်းသာ ဖြစ်သည်၊

မျက်စိလျင်သော ကြွေဖိုးထိန်တို့ ဆရာတပည့်နှစ်ဦးစလုံးပင် ကြွေ



www.burmeseclassic.com

www.burmeseclassic.com

သီးထည့်သူ၏ ရှေ့တည့်တည့်တွင်ရှိသော ကြေးဖလားထဲမှ ရေစိမ်ထားသည့် ကွဲချိုးသီးကြွေအနက်နှင့် ဘေးနားရှိ လက်ကိုင်ပဝါအခေါက်ကလေးပေါ်တွင် တင်ထားသော ကြေးအုပ်အပိုတို့ကို မြင်ထားပြီးဖြစ်သည်ကြောင့် လက်ရှိကစားနေသော ကြွေသီးမှာ သူတို့အလိုရှိသော ကြွေသီးနှင့်အုပ် မဟုတ်သည်ကို သိထားပြီးဖြစ်သည်။ ထို့ကြောင့်ပင် ဝိုင်းထဲသို့မဝင်ကြ ဘဲ ဘေးမှရပ်စောင့်နေခြင်းဖြစ်လေသည်။

ထိုသို့ သူတို့ရပ်စောင့်နေစဉ်မှာပင် ကြွေက အိမ်မှ နှစ်တိမ်းတိမ်း၍ ထသည်။ ကြိုးလုံးဖယားဖြစ်၍ ဒိုင်က သုံးလက်ဆက်လျော်လိုက်ရသည်။ ဤတွင် ကြွေသီးထည့်သူက ကြွေရော၊ အုပ်ရော ဝမ်းဆက်လဲပစ်သည်။ ထိုအခါ အုပ်မင်းသားလုပ်သူက သူ့ကြွေကောင်းနေစဉ် ကြွေရော၊ အုပ်ရော လဲပစ်သဖြင့် ဒိုင်ကို မကျေမနပ်ဖြစ်ကာ ပြောသည်။ ကျန်ထိုးသားများကလည်း အကြောက်အကန် ဝိုင်းပြောကြသောကြောင့် ကြွေထည့်သူမှာ သူ့အမှားသူသိပြီး လွှတ်လက်စအုပ်နှင့်ကြွေကို ပြန်လွှတ်ပေးသည်။ ထိုအခါမှ အုပ်မင်းသားက ကျေနပ်သွားပြီး အုပ်ကိုပြန်လှည့်သည်။ သို့ရာတွင် စိတ်ကသိကအောက်ဖြစ်ခဲ့ပြီးသော အုပ်မင်းသားက စိတ်ရောလက်ပါ တည်ငြိမ်မှုမရှိတော့သဖြင့် ကြွေက အထတွင်မရပ်ဘဲ ကော်သည်။ ထို့နောက် 'အိမ်မ'၊ 'အထ' ကြွေကောင်းမဝင်ဘဲ ဆက်ကော်ပြန်သည်။ ထို့ကြောင့် ထိုးသားများ နှစ်ချက်စလုံး အစားခံရသည်။

ဤအချိန်တွင် သူ့အကွက်ဝင်သွားပြီဖြစ်သော ကြွေထည့်သူက -

"ကဲ . . . ဒီတစ်ခါ ကြွေကောင်းနေတုန်းလဲတာ မဟုတ်ဘူးနော်။ ဆိုးနေတုန်းလဲတာ။ ကဲ . . လဲပြီ"

ဟုဆိုကာ ကြွေရောအုပ်ရော ဝမ်းဆက်လဲ၍ ပစ်ပေးလိုက်တော့သည်။ ဤတစ်ကြိမ်တွင် အုပ်မင်းသားရော ထိုးသားများပါ ဘာမျှမပြောတော့။ သူလဲလိုက်သော ကြွေသီးနှင့်အုပ်မှာ ကြွေဖိုးထိန်စောင့်နေသော ကွဲချိုးသီးနှင့် အတွဲအုပ်ဖြစ်နေရာ ကြွေဖိုးထိန်က .

"ကဲ . . . အုပ်မင်းသားရေ။ သူက ကြွေသစ်အုပ်သစ် လဲလိုက်တော့ ကျုပ်တို့ကလည်း အုပ်မင်းသားအသစ် လဲလိုက်တာပေါ့ဗျာ"

ဟု အုပ်မင်းသားကို ပြောလိုက်လေသည်။ ထိုအခါ အုပ်မင်းသားက ကြွေဖိုးထိန်ကို တစ်ချက်မော့ကြည့်ပြီး

"ဖတ်ပါဗျာ။ ဖတ်ပါ။ ကျုပ်ကြွေကလည်း အကော်တွေပဲ လှည့်ဝင်ပြီး ဆိုးနေပါပြီ"

ဟုဆိုကာ ကျေကျေနပ်နပ်ပင် နေရာမှ ရွှေ့ပေးလေသည်။ ကြွေဖိုးထိန်ကလည်း ဖယ်ပေးသော အုပ်မင်းသားနေရာတွင် ဝင်ထိုင်လိုက်သည်။ နေလွှမ်းက သူ့နောက်မှကပ်လျက် ထိုင်သည်။

ကြွေဖိုးထိန်မှာ စစချင်း ငွေနှစ်ရာကို 'ဆယ်'မှ 'ရှစ်'သို့ လှမ်းတင်ပြီး ယခင်နည်းအတိုင်း အုပ်အဖုံးကို အနည်းငယ်ချွတ်၍ 'ရှစ်'ဘက်သို့ရိုက်ကာ အုပ်တည်ပြီး ပြောင်းပြန်မျက်နှာကို မှတ်သားသည်။ အုပ်ဖွင့်သောအခါ သူစမ်းသပ်သည့်အတိုင်း ဝင်ပြီး 'ဆယ်'တွင်ပေါ်၍ သူအလျော်ခံရသည်။ ဒုတိယအကြိမ်တွင်လည်း ထိုနည်းအတိုင်း စမ်းသပ်ရင်း အပွင့်ဖော်ယူလိုက်ရာ သူထိုးထားသည့်'ကိုး'တွင် ပေါ်သွားလေသည်။

"ဆယ်အိမ်မှာ ခုနစ်အထဟေ့။ ကြိုက်ရင်ထိုး၊ မကြိုက်ရင် ကိုင်ထားကြ"

ကြွေဖိုးထိန်က ထိုသို့ပြောပြီး သူ၏စတည်ထားသော အရင်းငွေနှစ်ရာနုတ်ပြီး နှစ်ချက်တိုက်ထားသော အ မြတ်အားလုံးကို 'ဆယ်'မှ 'ခုနစ်'ဘက်သို့ရွှေ့ပြီး ထိုးသည်။ ထို့နောက် အုပ်လှည့်သောအခါ သူသိထားသောနည်းကိုသုံး၍ ကြွေ၏အနီဘက်ထိ ပိုက်ဆံထိုးထားသော ကြိုးနှင့်ယှဉ်အောင် 'ရှစ်'ဘက်သို့ထားလိုက်လေသည်။ ဤသည်မှာ သူလုပ်နေသော အလုပ်အပေါ်တွင် ဒိုင်ဘက်ကအမြင်ရှင်းသွားစေရန် တစ်နည်းအားဖြင့် သံသယကင်းသွားစေရန် သူက တမင်အကွက်ဆင်လိုက်ခြင်း ဖြစ်သည်။

အုပ်ဖွင့်လိုက်သောအခါ 'ရှစ်'တွင် အနီပြသဖြင့် ထိုးသားအားလုံး "ဟင်"ခနဲ ညည်းတွားသံများ ပေါ်လာပြီး အားလုံးအစားခံရလေသည်။ ဒိုင်များ၏မျက်နှာက ရွှင်ပျသွားပြီး ဗိုင်းလုပ်နေသောဒိုင်တစ်ဦးက ကြွေဖိုးထိန်အားကြည့်၍ . . .

"မနေ့ပြောတဲ့ပိုက်ဆံတွေ များများထိုး"



www.burmeseclassic.com

www.burmeseclassic.com

တု စလေသည်။ ကြွေဖိုးထိန်က သူတို့ အရေးထားမနေဘဲ ထိုးသားများဘက်သို့လှည့်ကာ . . .

"ဒီတစ်ခါ အိမ်ကိုး အထက ဆယ်ဟေ့။ ကြိုက်ရင်ထိုး မကြိုက်ရင် ထိုင်ထား"

ဟုပြောလိုက်သည်။ ပြီးသည်နှင့် အုပ်ကိုစိတ်ကြိုက်လှည့်ပြီး တည်သော သူ၏အိတ်ကပ်ထဲမှ ငွေတစ်ထောင်တိတိကိုထုတ်၍ 'ဆယ်'ဘက်မှ 'ကိုး'ဘက်သို့ ရုံသည်။ ကျန်လူများကလည်း ထို'ကိုး'နှင့် 'ဆယ်'အကွက်၌သာ ထိုးကြသည်။ အားလုံးပြီးစီးသွားသောအခါ သူက အုပ်ကိုဖြည်းဖြည်းချင်းဖွင့်လိုက်သည်။

"ဟာ . . . ဆယ်ဟေ့"

"တန်းပြီး အထဝင်တယ်"

"မယ်တော်က ဆယ်ပေါ်ပြီပြီ ဟေ့"

ထိုးသားများ တစ်ယောက်တစ်ပေါက် ထအော်ကြသည်။ ဆယ်တွင်ထိုးထားသူများအလျော်ရ၍ ကိုးဘက်မှ ဆယ်ဘက်သို့ ရုံထားသူများ ကိုယ့်ငွေကိုယ် ပြန်ခွာကြရသည်။

ကြွေဖိုးထိန်မှာ ငွေတစ်ထောင်ကို ဆယ်မှကိုးသို့ ရုံထိုးထားသည်ဖြစ်သောကြောင့် နှစ်ဆအတွက် အကောက်နုတ်ပြီး ငွေတစ်ထောင့်ရှစ်ရာရှစ်ဆယ်တိတိ အလျော်ရသည်။

"ဒီတစ်ခါ ထထားတဲ့ကြွေမို့ ကိုးမပြောင်းဘူးဟေ့၊ ဆယ်က အရပ်၊ ကိုးက အိမ်မပဲ၊ ကြိုက်ရင်ထိုး"

ကြွေဖိုးထိန်က ပြောပြီး အုပ်ကို စိတ်ကြိုက်လှည့်နေသည်။ ရှေးနည်းအတိုင်း မှတ်သားထားသော ကြွေနီရှိရာ မျက်နှာနှင့် နံပါတ်တစ်ဆယ်ဘက် ကွက်တိတည့်သွားသောအခါမှ သူက ရပ်လိုက်ပြီး သူ၏ငွေအရင်းတစ်ထောင်ကို ရှေးနည်းအတိုင်း ဆယ်မှကိုးသို့ရုံ၍ အလျော်ရထားသော အမြတ်ငွေ တစ်ထောင့်ရှစ်ရာရှစ်ဆယ်ကို ဆယ်ဂဏန်း၏အလယ်တွင် ပုံအောလိုက်သည်။

ထိုနေသူအားလုံးမှာ ကြွေကောင်းလိုက် အနီထောင်သမားများ ဖြစ်ခြင်းကြောင့် 'ထ'ထားသော ကြွေကို အရပ်ထိုးရမည်မှန်းသိနေကြ၍ သူ့ကဲ့သို့ပင် ဆယ်မှကိုးသို့ ကာထိုးကြလေသည်။ ထို့ကြောင့် 'ဆယ်'ထဲတွင် ငွေများပုံနေလေသည်။

ကြွေဖိုးထိန်က အုပ်ကို ဖြည်းညင်းသာယာစွာဆွဲဖွင့်လိုက်လေသည်။

"ရပ်တယ်"

"ဆယ်ပဲ"

"ဟေး"

ထိုးသားများ လက်ခုပ်လက်ဝါးတီး၍ ထအော်ကြသည်။ ထိုထဲတွင် နောက်မှချောင်းကြည့်နေသော နေလွှမ်းလည်းပါသည်။

ဒိုင်များမှာ တစ်ချက်တည်းနှင့်ပင် ငွေတစ်သောင်းလောက် လျော်လိုက်ရလေသည်။ ကြွေဖိုးထိန်အရင်းတည်လိုက်သော ငွေကျပ်တစ်ထောင်မှာ နှစ်ချက်ဆက်တိုက်လိုက်သည်ကြောင့် တစ်သောင်းဖြစ်သွားရာ အရင်းတစ်ထောင် ပြန်နုတ်လျှင် ကိုးထောင်တိတိ အမြတ်ပေါ်လေသည်။

ဒိုင်မှာ နှစ်ချက်တည်းနှင့် အထိနာသွားပြီမို့ အုပ်နှင့်ကြွေကို ပြန်လဲပြန်သည်။ ထိုအခါ ကြွေဖိုးထိန်က ဘေးနားမှလူအား အုပ်ကိုထိုးပေးပြီး ထိုင်ရာမှထကာထွက်လာခဲ့တော့သည်။

အချိန်မှာ နေမွန်းလွဲ တစ်ချက်ကျော်ကျော်ရှိပြီမို့ ထမင်းစားချိန်ပင် နောက်ကျနေပြီဖြစ်သည်။ သူတို့က ကို မြင့်တို့အဖွဲ့အား ထမင်းကျွေးရန် သွားခေါ်သေးသော်လည်း သူတို့အဖွဲ့မှာ စားပြီးပြီဆိုသည်ကြောင့် သူတို့နှစ်ဦးတည်းသာ မစန်းရီဆိုင်ဘက်သို့ ထမင်းစားထွက်ခဲ့သည်။

ထမင်းစားပြီးကြသောအခါ ဦးဖိုးထိန်က နေလွှမ်းအား . . .

"လာကွာ ငါ့တူ၊ တို့နှစ်ယောက် နားနားနေနေ ဧယင်ကျူးတာ သွားကြည့်ကြရအောင်"

ဟု ဆိုလေသည်။ နေလွှမ်းက ဧယင်ကျူးသည်ဆိုသည့် အဓိပ္ပာယ်ကို ကောင်းကောင်း နားမလည်ခြင်းကြောင့် . . .

"ဧယင်ကျူးတယ်ဆိုတာ ဘာလုပ်တာလဲ ဦးလေး"

ဟု မေးလိုက်လေသည်။

"ဧယင်ကျူးတယ် ဆိုတာက အခု ပွဲတော်မှာထားတဲ့ ဆရာတော်ရဲ့ အရိုးထည့်ထားတဲ့ မုန်ခေါင်းပေါ့ကွာ၊ အဲဒီ မုန်ခေါင်းကို လက်သမားတွေ၊ ပန်းချီဆရာတွေနဲ့ သေသေချာချာ အလှလုပ်ထားတဲ့ မြပုခက်၊ မြရောင်ခြယ်ထားတဲ့ ပုခက်ထဲထည့်ပြီး မင်းသမီးက အဖွဲ့အနွဲ့၊ အဆိုအငိုတွေနဲ့ အလွမ်းတွေ သီကျူးတာပေါ့ကွာ၊ အဓိပ္ပာယ်ကတော့ ပွဲတော်မှာတဲ့ ဆရာ

www.burmeseclassic.com

တော်ရဲ့ရုပ်ကလာပ်ကို နတ်ပြည်က နတ်သားတွေက နတ်ပြည်ကို ဆောင်ကြဉ်းတော့မယ့်အချိန်ပေါ့။ အဲဒီအချိန်မှာ ဆရာတော်ကို ဖူးမဝသေးတဲ့ တပည့်ဒကာတွေက သူတို့ ဖူးလို့မဝသေးဘူး၊ လွမ်းလို့မဝသေးဘူးဆိုပြီး နတ်ပြည်ကို ဆောင်ယူမသွားဖို့ တားတယ်။ ဒါကို စေတမန်နတ်သားတွေက မညှာမသနားဘဲ ဆရာတော်ရဲ့အလောင်းကို နတ်ပြည်ကိုယူဖို့ ဇွတ်အတင်းစီစဉ်တယ်။ ရက်စက်စွာ ယူဆောင်တယ်ပေါ့ကွာ။ အဲဒီမှာ တပည့်ဒကာတွေက အတင်းတားတယ်။ အလောင်းကို ဖက်ကိုတယ်ပေါ့။ ဒါကို နတ်တွေက မညှာဘဲ တားတဲ့သူတွေကို ရက်ရက်စက်စက် တွန်းထိုးဖယ်ရှားပြီး ယူကြတယ်။ အဲဒီတော့ သူတို့ တအားပူဆွေးရတယ်ပေါ့ကွာ။ အဲဒါကို သူတို့ပိုက်ဆံပေးပြီး ငှားထားတဲ့ မင်းသမီးနဲ့ အနုပညာရှင်တွေက သရုပ်ဆောင်ပြီး ဆိုကြငိုကြတာကွ။ အဲဒီလိုဧယင်ကျူးမင်းသမီးကိုအလောင်းပိုက်မင်းသမီးလို့လည်း ခေါ်ကြသေးတယ်ကွ"

"သူတို့ဟာ တော်တော်အလုပ်ရှုပ်တာပါလား"

"လာပါကွာ။ မင်းလည်း သဘောပေါက်သွားတာပေါ့။ သွားကြည့်ကြရအောင်"

ဦးဖိုးထိန်ကပြောရင်း ရှေ့မှဦးဆောင်ထွက်သွားသဖြင့် နေလွမ်းလည်း သူ့နောက်မှ လိုက်ခဲ့သည်။

သူတို့နှစ်ဦး မဏ္ဍပ်သို့ရောက်ချိန်တွင် မဏ္ဍပ်ကြီးတစ်ခုလုံး ကြည့်ရှုသူ ပရိသတ်များဖြင့် ပြည့်နှက်နေပြီး တချို့ ထိုင်စရာနေရာမရသောကြောင့် မဏ္ဍပ်၏အပြင်ဘက်မှပင် မတ်တတ်ရပ်၍ကြည့်နေကြရသည်ကို တွေ့ရသည်။ မဏ္ဍပ်၏အရှေ့ဘက်ဆောင်တွင် ကပ်လျက်ထိုးထားသော ဆင်ပေါ်တွင်တော့ ရွှက်ကြမ်းရေကျိုဟုခေါ်ရမည့်မချောလှသော်လည်း အရုပ်မဆိုးလှသည့် သေးသေးသွယ်သွယ် ပုပြတ်ပြတ်အမျိုးသမီးက မင်းသမီးကဲ့သို့ ဝတ်ဆင်ထားပြီး စင်၏အလယ်ကောင်တွင် အမိုးမှ ချိတ်ဆွဲချထားသော ပုခက်ပေါ်မှ မှန်ခေါင်းကိုဖက်၍ အသံပြပြဖြင့် အော်ငိုနေသည်။ ထိုအချိန်တွင် ဆိုင်းကလည်း ပတ်မကြီးတထီးထီးတီးကာ ဆူညံစေသည်။ ဘေးနားမှနတ်သားကလည်း အလောင်းကို အတင်းသယ်ယူမည့်ဟန်ပြုပြီး အမျိုးသမီးကို မှန်ခေါင်းနားက တွန်းထုတ်သည်။ ဤတွင် အမျိုးသမီး၏ မောင်အဖြစ် သရုပ်ဆောင်သော လူရွှင်တော်က နတ်သားကို ချမည့်၊ နှက်မည့်ဟန်နှင့် ကျိန်ဆဲမည့်ဟန်ပြုသည်။ အမျိုးသမီးမှာ ဆံပင်ဖားလျားဖြင့် အင်မတန်မှ မောပန်းနွမ်းနယ်နေသည့်ဟန်ဖြင့် ရင်ဘတ်လေးဖိပြီး လဲကျနေဟန်မှ ပြန်ထလာသည်။ ထို့နောက် သူ့မောင်အဖြစ် သရုပ်ဆောင်သော လူရွှင်တော်အား တိုင်တည်ကာ ဆရာတော်နှင့်ပတ်သက်သည့် ခံစားချက်များကို ရင်ဖွင့်ပြောလိုက်၊ သီချင်းထအော်ဆိုလိုက်လုပ်သည်။ အသံကလည်း တော်တော်ကိုကျယ်သည်။ ဆိုင်းမှ နှဲကြီးကလည်း လွမ်းစရာကောင်းလောက်အောင်ကို အနုပညာပါပါ မှုတ်ပေးနေသည်။ ထိုအချိန်တွင် နတ်သားအဖြစ်သရုပ်ဆောင်သူက စင်ထောင့်တွင်သွားရပ်နေပြီး မင်းသမီးဆိုသမျှ၊ ငိုသမျှကို ရပ်ကြည့်နေသည်။

နေလွမ်းက မင်းသမီးကို သေသေချာချာစိုက်ကြည့်သည်။ ရွှေဖလားရောင် မင်းသမီးဝတ်စုံကိုဝတ်ထားပြီး မျက်နှာကို သနပ်ခါး၊ မိတ်ကပ်များ ထူထူလိမ်းထားသည်။ ညဘက်ကဲ့သို့ ဆလိုက်မီးမပါဘဲ နေ့ခင်းကြောင်တောင်ကြီးမို့ မျက်နှာက အသားအရေမလှဘဲ ပြာနှမ်းနှမ်းကြီးဖြစ်နေသည်။ သည်ကြားထဲတွင် နေပူရှိန်နှင့် ဇင်း၏လှုပ်ရှားမှုတို့ကြောင့် ချွေးများက နားထင်မှ ပါးပြင်ပေါ်သို့ စီးကျနေရာ မိတ်ကပ်များက ဟိုကွက်၊ ဒီကွက်ဖြစ်နေသည်။

သူမကို ကြည့်ရသည်မှာ တစ်ကိုယ်လုံး လှိုက်ဖိုမောဟိုက်နေပြီး ဆရာတော်အတွက် အမှန်တကယ်သောကပရိဒေဝမီး ခံစားနေရပုံမျိုးပင်။ တကယ်တော့ နေပူချိန်ကြီးတွင် ပြောလိုက်၊ ဆိုလိုက်၊ ငိုလိုက်၊ ယိုလိုက် လုပ်နေရသဖြင့် သူမဘာသာ သူမတကယ်ကို မောနေပုံရလေသည်။

"မင်းသမီးက အသံကောင်းလိုက်တာဟယ်"

နေလွမ်းရှေ့နားမှ အမျိုးသမီးကြီးတစ်ဦး၏ အသံဖြစ်သည်။ ထိုအမျိုးသမီးကြီး၏ဘေးနားမှ အဘွားအိုတစ်ဦးက စင်ပေါ်မှမင်းသမီး ဆိုလိုက်၊ ငိုလိုက် လုပ်နေသည်ကို ကြည့်ပြီး မျက်ရည်များ ဝိုင်းတ

www.burmeseclassic.com

သူ့တဘက်ကလေးနှင့် သူ့မျက်ရည်များ သုတ်နေလေသည်။ ထိုစဉ် နေလွှမ်းဘေးမှ ကလေးနှစ်ဦးက တစ်ဦးနှင့်တစ်ဦး တွန်းထိုး၍ နေရာလုရင်း ဆဲဆိုရန်ဖြစ်နေကြသဖြင့် လူကြီးတစ်ယောက်က ငေါက်ငမ်း ဖျန်ဖြေပေးလိုက်ရသည်။ သည်ကြားထဲတွင် မည်သူက နို့၍လေလည်လိုက်သည်မသိ၊ အော့အန်ချင်စရာ အနံ့ဆိုးက လူကြားထဲတွင် တငွေ့ငွေ့ လည်နေသည်။ နေလွှမ်း ထိုအနံ့ကို ကြောက်သဖြင့် အသက်ပင် ရဲရဲမရှူရဲဘဲ ထွက်သက်တိုချည်း တရှူးရှူးမှုတ်ထုတ်နေသည်။

ထိုအချိန်မှာပင် စင်ပေါ်ကမင်းသမီးက "အမ်းမယ်လေး . . . ဆရာတော်ဘုရားရေ၊ ဆရာတော်ဘုရားရဲ့ ထီး" ဆိုပြီး ငိုချလိုက်ကာ ဇာတ်ခုံကြမ်းပြင်ပေါ် တဝုန်းဝုန်းနှင့် မိုက်ကရိုဖုန်းထဲဝင်၍ ဆူညံပွက်လောရိုက်နေသည်။ နေလွှမ်း အတော်ကလေး စိတ်ဖျက်သွားမိသည်။ သည်မြင်ကွင်း၊ သည်အသံတို့၏ဒဏ်ကိုလည်း သူ့မျက်လုံးနှင့် သူ့နားတို့က လက်မခံချင်တော့ပေ။

"ဦးလေး . . ပြန်ရအောင်ဗျာ၊ ဒါကြီးက တော်တော်ဦးနှောက်ပျက်စရာ ကောင်းတာပဲ"

သူက ဦးဖိုးထိန်အား ပြောလိုက်တော့ ဦးဖိုးထိန်က . . .

"သွားမယ်၊ ငါလည်း တအားငူနေပြီ"

ဟု ပြောကာ ထွက်လာသည်။

"လောလောဆယ်တော့ ကျွန်တော်တို့ ရွာထဲကတည်းတဲ့အိမ်ကို ခဏပြန်နားကြရင် ကောင်းမယ်ထင်တယ် ဦးလေး"

"ကောင်းသားပဲ"

ဦးဖိုးထိန်က သဘောတူလိုက်သည်နှင့် နှစ်ဦးသား ရွာထဲဆီသို့ လျှောက်ခဲ့ကြသည်။ လမ်းလျှောက်လာရင်း နေလွှမ်းက သူ့စိတ်ထဲတွင် စဉ်းစားမိသည့်အချက်ကို ဦးဖိုးထိန်အား ပြောလာသည်။

"ဦးလေး . . အခု ကျွန်တော်တို့ ကြည့်ခဲ့တဲ့ ယေင်ကျူးဆိုတာက တကယ်တော့ ကိုယ့်ဘုန်းကြီးပျံတော်မှုလို့ ကိုယ်လွှမ်းတာပဲ၊ ကိုယ့်ဘာသာကို လွတ်လွတ်လပ်လပ် လွမ်းခွင့်တွေ၊ ငိုခွင့်တွေ ရရဲ့သားနဲ့ ငှားငိုခိုင်းတဲ့ ကိစ္စကြီးပဲဗျ"

"ဟာ . . . သိပ်ဟုတ်တာပေါ့ကွ။ မင်းတည့်တည့်မြင်တတ်သားပဲ"

"ပြီးတော့လည်း ဦးလေးရာ မင်းသမီးကသေးသေးနဲ့ အော်လိုက်တဲ့အသံက လန့်စရာ၊ ဟိုနတ်သားရုပ်ကလည်း ထွန်စက်တီးပေါက်ကြီးလို ရှုံ့တုံ့တုံ့နဲ့"

နေလွှမ်း ဥပမာစကားကြောင့် ဦးဖိုးထိန်ကရယ်လေသည်။ နေလွှမ်းကတော့ မရယ်ဘဲ စိတ်ပျက်လက်ပျက် ဆက်ပြောနေပြန်သည်။

"နေကပူပူ၊ လူစော်ကနံနံ၊ ဖုန်စော်ကနံနံ၊ တစ်ခါတလေ အီးစော်ပါနံပြီး အသက်ရှူကမဝ၊ သည်ကြားထဲ မင်းသမီးကအော်၊ နတ်သားကအော်၊ ပတ်မကြီးကတီး ဘာတွေမှန်းကိုမသိတော့ဘူး၊ တော်တော်ပူလောင်တယ်၊ လူတွေကလည်း ဒါကိုကြိုက်နေတယ်"

"အေးကွ နောက်နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်ကျရင် လူငယ်တွေ အတော်များများက အဲဒီလိုပူပူလောင်လောင်အသံတွေ၊ ပူပူလောင်လောင်မြင်ကွင်းတွေကိုပဲ အကောင်းလုပ်ပြီး ခံစားကြတော့မှာ"

"ဦးလေး ဘာကိုဆိုလိုတာလဲ"

"ဒီလိုကွာ၊ အခု မင်းတို့ငါတို့က ငြိမ့်ငြိမ့်ညောင်းညောင်း အသံလေးတွေကို သာယာတယ် ခံစားတတ်တယ်။ အေး . . . နောက်အနှစ်နှစ်ဆယ်ကျော်လောက်ကျရင် သူတို့က နားဝင်ချိုတဲ့ သာယာညင်းပြောင်းတဲ့ အသံတွေကို မခံစားတတ်တော့ဘဲ စိတ်ပျက်စရာကောင်းလောက်အောင် နားအူတဲ့ ဝူးဝဲ . . . အား . . . အိ ဆိုတဲ့ ဝမ်းခေါင်းနဲ့ ညှစ်အော်တဲ့ အသံမျိုးတွေကိုသာ သာယာသံမှတ်ပြီး ကြိုက်ကြလိမ့်မယ်ကွ။ ကလေးချင်း မကျေနပ်လို့ ရန်လုပ်ပြီးပြောတဲ့ အသံမျိုးတွေကလည်း သီချင်းဖြစ်လာနိုင်တယ်ကွ"

"ပူပူလောင်လောင်မြင်ကွင်း ဆိုတာကရော"

"အခု မင်းတို့ ငါတို့က စိမ်းစိမ်းစိုစို သဘာဝအလှအပတွေ၊ သစ်ပင်ပန်းမန်တွေ၊ စိမ့်စမ်းတွေ၊ ကျေးငှက်တွေကို မျက်စိပဒါသမြင်ကွင်းအဖြစ် နှစ်သက်ကြတယ်လေ။ ဒါကြောင့် ပြက္ခဒိန်နောက်ခံတွေ၊ ဓာတ်ပုံနောက်ခံတွေနဲ့ ရုပ်ရှင်နောက်ခံတွေမှာလည်း ဒါတွေကိုပဲ ရိုက်ပြကြတယ်။ နောက်အနှစ်နှစ်ဆယ်ကျော်လောက်ကျရင် ပြောင်းပြန်တွေဖြစ်လာလိမ့်မယ်ကွ။

www.burmeseclassic.com

မင်းတို့ ငါတို့ အမြင်ပူလောင်တယ်လို့ ထင်ရတဲ့ မီးတောက်မီးလျှံတွေ၊ မီးခိုးတအူအူပုံတွေ၊ နေပူထီးတည်းထဲက အုတ်နီခဲပုံတွေ၊ သစ်ရိပ်သစ်ပင်ကင်းတဲ့ သံလမ်း၊ ဓလီဖားတုံးတွေ၊ သစ်လုံးပုံကြီးတွေ အဲဒါမျိုးမြင်ကွင်းတွေကို သူတို့က ခံစားစရာ မြင်ကွင်းအဖြစ် ပုံဖော်ပြီး ပြကွဒိန်တွေ၊ ဓာတ်ပုံတွေနဲ့ ရုပ်ရှင်နောက်ခံတွေမှာပါ သုံးကြလိမ့်မယ်လို့ ပြောတာ"

ဦးဖိုးထိန်စကား ဆုံးသွားသောအခါ နေလွှမ်းမှာ တစ်ခုခုကို သဘောပေါက်သွားပုံနှင့် ဘာမျှပြန်မပြောတော့ဘဲ ခေါင်းတညိတ်ညိတ်လုပ်ရင်း လိုက်ပါလာလေတော့သည်။

* * *

## အခန်း(၁၄)

ညဘက် ခုနစ်နာရီလောက်ရှိပြီမို့ ပွဲခင်းတစ်ခုလုံး မီးများထိန်ထိန်လင်းနေလေသည်။ ကျေးရွာများတွင် တစ်ခါတလေမှသာ ကြုံရတတ်သော ဘုန်းကြီးပျံပွဲမို့ ဇာတ်ပွဲက ဗလာပွဲဖြစ်သည့်အပြင် အနီတောင်၊ ရှေ့ဘိုဂေါက်ဂက်ကဲ့သို့သော ပျော်ပွဲရွှင်ပွဲ ကစားဝိုင်းများကပါ ပါနေရာ ရွာနီးချုပ်စပ်မှ လာကြသော ပွဲလာပရိသတ်များကများပြားလှလေရာ ပွဲခင်းတစ်ခုလုံး လူများ ပြည့်ကျပ်စည်ကားနေတော့သည်။ တချို့ အဝေးရွာများမှ ပွဲလာကြည့်သူများက နွားလှည်းများဖြင့်လာကြသည်ဖြစ်ရာ ဇာတ်ခုံ၏ ဘယ်ဘက်နှင့် ညာဘက်တစ်ခြမ်းစီတွင် ဖြုတ်ထားသော လှည်းများက တသီတတန်းကြီးဖြစ်နေသည့်အပြင် တချို့နေရာမရ၍ ဈေးဆိုင်ခန်းများနောက်တွင် ဖြုတ်ထားသော လှည်းများကိုလည်း တွေ့နေရလေသည်။

ယနေ့ညအဖို့ နေလွှမ်းတို့ ဆရာတပည့်နှစ်ဦးမှာ ကစားဝိုင်းတွင် ကစားဖို့ အာသီသ သိပ်မရှိကြတော့ဘဲ အေးအေးဆေးဆေးအနားယူရင်း ပွဲဈေးတန်းလျှောက်၊ အပန်းဖြေဖို့လောက်သာ စိတ်ကူးရှိတော့ရာ ဦးဖိုးထိန်က ကိုမြင့်တို့ ဝိုင်းဖွင့်သည့်နေရာတွင် အကူအညီပေးရန်နေခဲ့ပြီး နေလွှမ်းတစ်ယောက်တည်းသာ ပွဲခင်းထဲသို့ လျှောက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

ပွဲခင်းထဲတွင် လျှောက်သွားနေသည့် ပရိသတ်များကတော့ ကလေးများနှင့်၊ လူငယ်၊ လူရွယ်၊ လူလတ်ပိုင်းများသာ ဖြစ်သည်။ အထူးသဖြင့် နေလွှမ်းတို့အရွယ် အမျိုးသား၊ အမျိုးသမီးများသာ များသည်။ ပွဲခင်းထဲမှာ လျှပ်စစ်မီးများ ရောင်စုံထွန်းလင်းနေသလို အလှအပ ပန်းကလေးများကလည်း ရောင်စုံပွင့်လန်းနေသည်။ တချို့မိန်းကလေးများ ခေတ်နှင့်ညီအောင် ဝတ်ဆင်ထားပြီး မျက်နှာတွင်လည်း သနပ်ခါး၊ မိတ်ကပ် စသည်တို့ကို ဖုံနေအောင် လိမ်းခြယ်မထားဘဲ အသားနှင့်လိုက်ဖက်ရုံကလေး လိမ်းခြယ်၍ နှုတ်ခမ်းနီကိုလည်း ပင်ကိုနှုတ်ခမ်းသွေးရောင်လား ထင်မှတ်ရအောင် အရောင်ဆိုးသည် ဆိုရုံကလေး ဆိုးထားကာ မြို့သူဆန်ဆန်လှနေကြသည်။

တချို့မိန်းကလေးများမှာ သနပ်ခါး၊ မိတ်ကပ် စသည်တို့ကို မှုန်နေအောင် လိမ်းခြယ်ထားပြီး နှုတ်ခမ်းနီကိုလည်း ရဲရဲတောက်နေအောင် ဆိုးထားကာ သစ်လွင်တောက်ပြောင်သော်လည်း ပုံမကျပန်းမကျ အဝတ်အစားများကို ဝတ်ထားသဖြင့် ကြည့်ရဆိုးလေသည်။

တချို့မှာလည်း ဤကဲ့သို့သောပွဲမျိုးကို ယခင်က ကြုံဖူးသွားဖူးခဲ့ဟန်မတူဘဲ ယခုမှ လာရကြုံရသဖြင့် အပျော်ကြီးပျော်နေပုံမျိုး ဖြစ်ခံနေပြီး ဝတ်ပုံစားပုံကအစ သူများထက်ဆန်းအောင် ထွင်ဝတ်ထားသဖြင့် စိတ်ပျက်စရာဖြစ်နေသည်။ အမျိုးသားလူငယ်လေးများမှာလည်း ထိုနည်းအတူပင်။

တချို့က သနပ်ခါးကို ပါးကွက်ကွက်ထားပြီး ခေါင်းတွင်တဘက်ပေါင်း၍ အစတစ်ဖက်ချထားသည်။ အောက်ပိုင်းတွင် ဘောင်းဘီရှည်ဝတ်ထားပြီး လက်နှိပ်ဓာတ်မီးကို ကြိုးရှည်ရှည်နှင့်ချည်နှောင်၍ စလွယ်သိုင်းထားသည်။

တချို့မှာ ညဘက်ကြီး နေကာမျက်မှန်တပ်ကာ ကုတ်အင်္ကျီ၊ ဘောင်းဘီရှည်တို့ကို သားသားနားနားဝတ်ဆင်ထားလျက် ခြေထောက်တွင် ဖိနပ်က မပါ။ တချို့ ပုံမှန်အတိုင်း သစ်သပ်ရပ်ရပ်ကလေးဝတ်ဆင်၍ ကျက်ရရလျှောက်သွားနေသည့် လူငယ်များကိုလည်း တွေ့ရသည်။

ကလေးသူငယ်များမှာတော့ လက်ထဲတွင် ပူဖောင်းများ၊ ကစားစရာစက္ကူရုပ်များကိုင်လျက်ပျော်ပျော်ပါးပါး ပြေးလိုက်လွှားလိုက်၊ သက်

www.burmeseclassic.com

ဆတ်ပိုင်း အမျိုးသမီးများမှာတော့ ဆလေးကို လက်တစ်ဖက်ကဆွဲပြီး ဆစ်ဖက်က ထမင်းချိုင့်ဆွဲသူဆွဲ တချို့ ဆစ်ဖက်က ကလေးခါးထစ်ခွပြီး ကျန် ဆစ်ဖက်က ပွဲခင်းထဲတွင် ခင်းကြည့် ရန် ဖျာလိပ်ကြီး ဆွဲသူကဆွဲလာနှင့် အမျိုးစုံအောင် တွေ့နေရလေသည်။

ဈေးသည်များမှာလည်း ယခင် နေ့ညများနှင့်မတူဘဲ ပွဲညမို့ ပိုစည် ကားလာလေသည်။ မူလကတည်းက သူ့နေရာ သူ့ဆိုင်ခန်းနှင့်သူ ရှိပြီး သော အစားသောက်ဆိုင်များအပြင် ဖုံတျသဘော ရောက်ရှိလာသည့် ဆက်ဂရီသုံး မီးချောင်းကလေးများ နှင့် ကွမ်းယာဆိုင်များ၊ သရက်ကင်၊ ရေနံးကင် စ ည်တို့ကို ဗန်းကလေး များနှင့် ချရောင်းသူများ၊ ရေနံဆီ မီးခွက်သုံး စားပွဲခုံပုကလေးများနှင့် မုန့်ဟင်းခါးသည်၊ အသုပ်သည်များ၊ ဖွဲခင်းထဲမှာပင် မီးဖိုပြီး ကင်ပေးနေ သည့် မုန့်လေပွေသည်များ၊ တကွီကွီ တကွကွနှင့် အသံပေးလျက် ပူဖောင်း မျိုးစုံချိတ်ဆွဲပြီး ရောင်းချနေသူများ စသည်ဖြင့် နေရာအနှံ့ တွေ့နေရ လေသည်။

ပွဲခင်းဇာတ်ခုံရှိ ခေတ်ပေါ်တီး ဝိုင်းမှ အကြိုဧည့်ခံတီးပေးနေသော တီးလုံးသံများအပြင် ပြန်ကြားရေး မဏ္ဍပ်မှ အော်နေသံများ၊ မဲရုံများမှ အော်သံများ စသည်ဖြင့် အသံဗလံ များကလည်း ဆူညံနေလေသည်။

နေလွှမ်းက ပွဲခင်းကို တစ်ပတ် ပတ်ကြည့်ပြီးသောအခါ ကွမ်းယာ ဆိုင်မှ စီးကရက်တစ်လိပ် ဝယ် သောက်ပြီး ဂေါက်ဂက်ခုံတန်းဘက် ထွက်ခဲ့သည်။

ပွဲညမို့ ဂေါက်ဂက်ခုံများတွင် ထိုးသူများ စည်ကားနေသည့်အပြင် မျက်နှာချင်းဆိုင်ထိုးကားသော ဂေါက် ဂက်တန်းများကြားရှိ လူသွားလမ်း ပေါ်တွင်လည်း ဟိုကြည့်ဒီကြည့်နှင့် သွားလာလှုပ်ရှားနေသူများက ပြည့် နှက်နေလေသည်။ တချို့ကလည်း ဘာရယ်မဟုတ်ဘဲ မိန်းကလေး လှလှ ကလေးများနောက် လျှောက်လိုက် ရင်း လူလိုက်တိုးနေကြသည်ကို တွေ့ ရပြန်သည်။

အများအားဖြင့် ယခုကဲ့သို့သော ပွဲညများတွင် ဂေါက်ဂက်ခုံများ၌ ဝင် ကစားနေကြသူများမှာလည်း ကစား သမားများ မဟုတ်ကြဘဲ အပျော် သဘော မုန့်ဖိုးပဲဖိုးရအောင် ဝင်ထိုး နေကြသူများက များလေသည်။ ကစား သမားများကမူ အနီထောင်ဝိုင်းကြီး များ၌သာ စုလေ့ရှိပြီး ဤရွှေဘိုဂေါက် ဂက်ခုံများတွင် ကလေးသူငယ်များနှင့် အမျိုးသမီးများသာ အများဆုံးရှိနေ လေသည်။ တချို့ အရွယ်ငယ်ငယ် ရုပ်ရည်ချောချော အမျိုးသမီးကလေး များမှာလည်း ဘာရယ်မဟုတ် ဂေါက် ဂက်ခုံဘေး ဝိုင်းအုံငေးရင်း စိတ်ပါ တော့ တစ်ကျပ်၊ နှစ်ကျပ်ကအစ ငါးကျပ်၊ တစ်ဆယ် ဝင်ထိုးနေတတ် ကြလေသည်။

နေလွှမ်းက လမ်းမပေါ်ရှိ လူ အုပ်ကြားမှ ဖြတ်တိုးပြီး ကြွေဖိုးထိန် ၏တပည့်တစ်ဦးဖြစ်သော တောင်ငူ ဒိုင်၏ခုံဘေးတွင် ဝင်ရပ်လိုက်သည်။

ခုံဘေးတွင် ငွေအလျော်အစား လုပ်ပေးနေသူတစ်ဦးက နေလွှမ်းကို မြင်သည်နှင့် ပြုံးပြပြီး . . .

"ညီလေး နောက်ကိုလာလေ"

ဟု လှမ်းခေါ်လေသည်။ နေ လွှမ်းက သူ့ကိုလက်ကာပြလိုက်ပြီး

"ရတယ်အစ်ကို၊ ပြီးမှလာမယ်။ အခု ကျွန်တော် ရှေ့နားကပဲ ရပ် ကြည့်ပေးမယ်"

ဟုပြောပြီး ငွေဇယား၏ဘေး ဘက်ဆီသို့ လှည့်ဝင်ကာ မတ်တတ် ရပ်နေလိုက်သည်။ သူ၏ရည်ရွယ် ချက်မှာ သူ့ဆရာ၏ တပည့်ဖြစ်သူ အား တစ်ဖက်တစ်လမ်းက ကူညီပေး ရန် ဝတ္တရားရှိသည်ကြောင့် ငွေဇယား ပေါ်တွင် ပေါ်ကောင်လိုက်ပြီး ငွေခိုးချ ခြင်း၊ ပုံးကြခြင်းများ မလုပ်အောင် ကြည့်ရှုပေးရန်ဖြစ်သည်။ သူကြည့်နေ စဉ် ကြိုးမင်းသားက ပထမအားလုံး ဆွဲချသည်။

"ကျား"

အော်သံများ ဆူညံသွားသည်။ နေလွှမ်းက ဇယားပေါ်ရှိ ကျားရုပ် ပေါ်မှ ရှိငွေကိုကြည့်၍ စိတ်ဖြင့်ရေ တွက် မှတ်သားထားလိုက်သည်။ ကြိုး မင်းသားက နောက်တစ်လုံးကို ဆက် ဆွဲချသည်။

အံစာသီးက "ဂလုံး . . ဂလုံး . . ဂလုံး"မြည်ရင်း လိမ့်ကျလာသည်။

"ငါး"

အော်သံများ ဆူညံသွားပြန် သည်။ နေလွှမ်းက စောစောကပေါ် ထားသော ကျားရုပ်ဇယားပေါ်မှ သူ မှတ်သားထားသော ထိုငွေကိုပြန်စစ်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်သည်။ မူလအတိုင်းပင်။ မည်သူမျှ ဗိုးကြိမထား။ သို့ဖြစ်၍ လက်ရှိထပ်ပေါ်သော ငါးအတွက် ငါးထိုးထားသည့်ဇယားပေါ်မှငွေကို လှမ်းကြည့်လိုက်သည်။ ထိုစဉ် သူ့နား ထဲ၌ . . .

"ဟယ် . . ဒေါင်းက မပေါ် တော့ဘူးလား မသိဘူးနော်"

ဟူသည့်အသံကို အမှတ်တမဲ့ ကြားလိုက်ရသည်။ ကြားရသည့်အသံ က တိုးညင်းသော်လည်း ကြည်လင် ပြတ်သားမှုရှိသည်။ ထို့အပြင် ချိုမြ၍ ဆွဲဆောင်မှုရှိနေကာ သူ့ရင်ကို တစ် မျိုးတစ်မည်ဖြစ်အောင် လာတိုက် သဖြင့် သူက အသံထွက်ပေါ်လာရာ သို့ အမှတ်တမဲ့ လှမ်းကြည့်လိုက်မိ သည်။ အသံရှင်ကို မြင်တွေ့လိုက်ရ သောအခါ သူ၏မျက်လုံးအစုံမှာ တစ္ဆေ တစ်ကောင်တွေ့လိုက်ရသလို ပြူး ကျယ်ထိတ်လန့်သွားပြီး သူ့ရင်မှာ လည်း တဒိန်းဒိန်းခုန်လျက် အံ့အား သင့်စွာ ငေးမောနေမိသည်။

"မြရောင်ခြယ်ထိပ်ထား"

သူ၏နှုတ်မှ အမှတ်မထင် တီး တိုးရေရွတ်မိသွားပြီးမှ သူက သတိပြန် ဝင်လာကာ ဘေးဘီကိုကြည့်လိုက်မိ သည်။ သူ့ပါးစပ်မှ ထွက်သွားသည့် အသံကို မည်သူမျှမကြားလိုက်၍သာ တော်သေးသည်။

စောစောက သူဝင်လာစဉ်က ဒိုင်လုပ်သူနှင့်သာ လှမ်းစကားပြောပြီး ထိုနေရာသို့သာ အာရုံရောက်နေခဲ့ သဖြင့် ဇယားဘေးပတ်လည်တွင် ထိုး နေသူများရော၊ မတ်တတ်ရပ်ဝိုင်းအုံ ၍ ထိုးနေကြသူများကိုပါ သေသေချာ ချာ မကြည့်ဖြစ်ခဲ့ပေ။ ထို့နောက်တွင် လည်း သူက ဇယားပေါ်မှငွေများနှင့် ပေါ်ကောင်လောက်ကိုသာ လိုက်ကြည့် နေသောကြောင့် သူမကို လုံးဝမမြင် တွေ့ခဲ့။ ယခု အသံဖြင့်ဆွဲဆောင်ခံရ သလိုဖြစ်သွားသောကြောင့်သာ သူက လှမ်းကြည့်ဖြစ်ခဲ့ခြင်းလည်း ဖြစ်သည်။

သူမမှာ ကြိုးမင်းသား၏မြောက် ဘက်အစွန်ဆုံးထောင့် နေရာတွင် သူမဘေးမှ ရွယ်တူမိန်းကလေးတစ် ယောက်ကို လက်တွဲထားလျက်မှ ရပ် ကြည့်နေခြင်းဖြစ်သည်။ သူမ၏မျက် လုံးများက ခုံပေါ်မှ အံစာသီးဆီသို့ သာ ကြည့်နေသည်။ နေလွှမ်းကမူ ဘာကိုမှမကြည့်တော့ဘဲ သူမကိုသာ မျက်တောင်မခတ်ဘဲ ငေးကြည့်နေ မိတော့သည်။

သူမမှာ မြစိမ်းရောင် ရှုံသား လက်ဖျားဖုံး ခါးတင်အကျီနှင့် မြစိမ်း ရောင် ချိတ်ထဘီကို ဝတ်ဆင်ထားပြီး ဆံထုံးကို တစ်ပတ်လျှို ယဉ်ယဉ် ကလေး ထုံးဖွဲ့ထားသည်။ ထို့အပြင် ကျောက်စိမ်းနားကပ်ကလေးက လှပ သော သူမ၏နားရွက်ဆီမှ အထင်း သားပေါ်လွင်နေပြီး လည်ပင်းရှိ ရွှေဆွဲ ကြိုးဝင်းဝင်းဆီမှ ရွှေနားကွပ်ထား သော မြစိမ်းရောင်ဆွဲသီးကလေးက အရောင်တလက်လက် ထနေသည်။

ခါးသေးရင်ချီသော ကိုယ်နေ ဟန်ထား၊ ဝင်းဝါစိုနေသော အသား အရေ၊ သွယ်မယောင်နှင့်ဝိုင်းနေသော မျက်နှာအကျ၊ နှင်းဆီရောင် နှုတ်ခမ်း လွှာနှင့် ဖြောင့်စင်းပေါ်လွင်နေသော

နှာတံ၊ ဆွဲဆောင်မှုအပြည့်ရှိသော
ရွှန်းလဲ့သည့် မျက်လုံးအစုံနှင့် ကေ
ညွတ်သေးသွယ်ပြီး မည်းနက်နေသ
မျက်ခုံး၊ ကကြီးဆန်ဆန်နဖူး စသ
ရုပ်သွင်လက္ခဏာတို့မှာ သူတစ်ခါ
ဇေယျဝတီနန်းတွင်း၌ တောခြေ
ခံရသလိုလို၊ တစ္ဆေခြောက်ခံရသ
လိုနှင့် အိပ်မက်ဆန်ဆန် တွေ့ခဲ့ရ
သော ထူးဆန်းသည့်အိမ်ကြီးမှ သ
မလေး "မြရောင်ခြယ်ထိပ်ထား" န
တစ်ပုံစံတည်း တူနေသည်။ ပို၍
ခြားနေသည် သူတွေ့ခဲ့ဖူးသော
ရောင်ခြယ်ထိပ်ထားဆိုသည့် အ
သမီး၏ပါးပြင်မို့မို့ပေါ်တွင် အစိ
ရောင်မှဲ့ကလေးတစ်လုံး ပါရှိနေသ
၍အမျိုးသမီး၏ ပါးမို့မို့ပေါ်တ
လည်း အစိမ်းရောင်မှဲ့ကလေး
လုံးက ထင်ထင်ရှားရှားရှိနေပြန်သ
တစ်ခုသာရှိသည်။ သခင်မလေ
မှဲ့က ညာဘက်ပါးမို့မို့ပေါ်တွင်ရှိ
ပြီး သူကလေး၏မှဲ့က ဘယ်ဘက်
မို့မို့ပေါ်တွင် ရှိနေသည်။

ရုပ်သွင်က တကယ့်ကို မ
ဆန်ဆန် လှပနေသလို နေပုံထိုင်ပ
က ကန့်ကလျှနှင့် မိန်းမဆန်သ
သူမဘေးနားမှ အဖော်ဖြစ်ဟန်
သော ဆံပင်ကုပ်ဝဲနှင့် တီရှပ်ဝတ်
သည့် မိန်းကလေး၏လက်ကိုတွဲ
ခေါင်းကလေးငဲ့ကာ ကြည့်နေသ

(ဆက်ရန်)

---

ကျော်ဆွေဝင်း(ရွှေအင်း)

---

www.burmeseclassic.com

# အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ

ဦးစောလှိုင် [ B.A (HIST:) H.G.P., R.L ]

## အရေးပေါ်တောင်းဆိုလို့ အကူအညီပေးခဲ့မိရာက ကလေးသေရင် အရပ်လက်သည်မှာ အပြစ်ရှိသလား

ဆရာခင်ဗျား…

ကျွန်တော့်အဒေါ်ကြီးဖြစ်သူဟာ တစ်ချိန်က အလွန်နာမည်ရအောင်မြင်ခဲ့တဲ့ အရပ်လက်သည်တစ်ဦး ဖြစ်ပါတယ်။ သူ့ရဲ့လုပ်သက်က အခုဆို အနှစ် ၂၀ ကျော်ခဲ့ပြီ။ ကျွန်တော်အပါအဝင် ညီအစ်ကိုမောင်နှမငါးယောက်ကို ကြီးဒေါ်ကြီးကိုယ်တိုင် မွေးပေးခဲ့တာဖြစ်ပါတယ်။ သူမွေးခဲ့တဲ့ တ…ဆွေမျိုးတွေနဲ့ ညောင်ပင်သာရွာက အရွယ်ရောက်နေသူတော်တော်များများဟာလည်း ဒေါ်ကြီးလက်နဲ့ …ခဲ့…တွေ ဖြစ်…တယ်။ ထူးခြားတာက ဒေါ်ကြီးမွေးပေးခဲ့… ရောရောရှုရှု အောင်မြင်ခဲ့ပြီး တစ်ခါမှ အဖိတ်အစင်…ခဲ့ဖူးတာပါပဲ။

အခုတော့ ဒေါ်ကြီးဟာ အသက်အရွယ်ရလာတာ…ကြောင်း။ ကျွန်တော်တို့ ညောင်ပင်သာရွာနဲ့ အနီးအနား…ရွာတွေမှာ သူနာပြုသားဖွားလိုင်စင်ရတဲ့ ဆရာမတွေ များ…လာတာကတစ်ကြောင်း။ အရပ်လက်သည်(ဝမ်းဆွဲ)အလုပ်…နားထားတာ သုံးလေးနှစ် ရှိနေပါပြီ။ အခုဆို ဘုရားသွား…ကျောင်းတက်၊ ဥပုသ်စောင့်တရားထိုင်နဲ့ အေးတော်အေးချမ်းတဲ့…နဲ့ နေထိုင်နေသူဖြစ်ပါတယ်။

အဲဒါ လွန်ခဲ့တဲ့ တစ်လလောက်က ရပ်ကွက်ထဲက…သီအိမ်တစ်အိမ်က ကိုယ်ဝန်ဆောင်တစ်ယောက် ညသန်းခေါင်…ချိန်မှ အသည်းအသန်ဗိုက်နာလာပါတယ်။ ကိုယ်ဝန်က…ဦးဖြစ်ပြီး မိန်ကလေးက ကျေးလက်ကျန်းမာရေးဌာနက…ဖွားဆရာမတစ်ဦးဆီမှာ ကိုယ်ဝန်အပ်နှံထားပြီး တစ်ပတ်…ကြိမ် သွားပြနေကျပါ။

အဲဒီနေ့က ညသန်းခေါင်ကျော်နေတဲ့အပြင် မိုးတွေ…သည်း။ လျှပ်စီးတွေလက်ပြီး သဲသဲမဲမဲ ရွာနေတာကြောင့်…အနေ သုံးမိုင်လောက်ဝေးတဲ့ ကျေးလက်ဆေးခန်းကို ဘယ်လုည်းသမားမှ မပို့ပေးနိုင်ခဲ့ပါဘူး။ အဲဒါကြောင့် ကျွန်တော့်ဒေါ်ကြီးဆီ အကူအညီတောင်းလာကြပါတယ်။

ဒေါ်ကြီးက ပထမတော့ အတန်တန်ငြင်းဆန်နေခဲ့ပေမယ့် သူမှဝင်မကူရင် မိခင်ရော၊ ကလေးပါ အသက်ဆုံးရှုံးရတော့မယ့်အခြေအနေမှန်း စစ်ဆေးသိရှိရတာနဲ့ မနေသာတော့ဘဲ ကိုယ်တိုင်ဝင်ရောက် မွေးဖွားပေးခဲ့ရပါတယ်။

ဒါပေမယ့် ကံဆိုးချင်တော့ မိခင်ရဲ့အသက်ကိုသာ ကယ်တင်နိုင်ခဲ့ပြီး ကလေးကတော့ အဖတ်မတင်ခဲ့နိုင်ပါဘူး။ အဲဒါကို သူတို့ဆွေမျိုးတွေဘက်က မကျေနပ်ဘဲ ဒေါ်ကြီးကို ကျေးလက်အုပ်ချုပ်ရေးမှူးဆီ တရေးပြီး ကျွန်တော့်ဒေါ်ကြီးဟာ တရားဝင်သားဖွားလိုင်စင်မရှိဘဲ သူတို့ခယ်မကို မွေးပေးလို့ ကလေးသေဆုံးရတယ်ဆိုပြီး တိုင်ကြားထားတယ်လို့ သိရပါတယ်ခာရာ။

တကယ်ဆို ဒေါ်ကြီးက ဒီလက်သည်အလုပ်ကနေ အနားယူထားတာ ၃/၄ နှစ်တောင်ရှိပြီဖြစ်ပေမယ့် မိန်းကလေး မိဘတွေက အတင်းအကူအညီတောင်းလို့ မတတ်သာဘဲ မွေးဖွားပေးခဲ့ရတာပါ။ ဒေါ်ကြီးရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် မိခင်ရဲ့အသက်ကယ်တင်ပေးနိုင်ခဲ့တာကို ကျေးဇူးမတင်တဲ့အပြင် ဒေါ်ကြီးနဲ့ကျူပြစ်အောင် တိုင်ကြားခဲ့ကြတာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့ဒေါ်ကြီး ဘယ်လိုအရေးယူခံရနိုင်လဲ၊ ကျွန်တော်တို့ဘက်က ဘယ်လိုပြင်ဆင်ထားသင့်တယ်ဆိုတာ အမြန်ဆုံး ဥပဒေအကြံပေးဖို့ ပန်ကြားအပ်ပါတယ် ဆရာ။

အထူးကျေးဇူးတင်လျက်
ကိုလှမြင့်
ညောင်ပင်သာရွာ၊ အင်းစိန်မြို့နယ်။

ကိုလှမြင့်ခင်ဗျား…

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီရဲ့ ဥပဒေကြမ်း(ပြည်ထောင်စုလွှတ်တော်) ပုဒ်မ-၄၇ မှာတော့ သူနာပြု/သားဖွား လိုင်စင်မရှိဘဲ လုပ်ကိုင်ရာတွင် လူနာပြင်းထန်စွာ ထိခိုက်ဒဏ်ရာများ ရရှိလျှင်၊ သို့မဟုတ် အသက်သေဆုံးခဲ့လျှင်

www.burmeseclassic.com

ထောင်ဒဏ် သုံးနှစ်မှ ခုနစ်နှစ်အထိ ချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ခြင်းခံရမည်လို့ ပြဋ္ဌာန်းထားပါတယ်။

ဒါပေမယ့် အခုအမှုမှာတော့ အရပ်လက်သည်ကို သုံးလေးနှစ်ကြာအောင် နားနေခဲ့တဲ့ ဒေါ်ကြီးကို ရာသီဥတုအခြေအနေကြောင့် လူနာရဲ့မိဘတွေက အတင်းအကူအညီလာတောင်းခံလို့ မွေးပေးခဲ့ရတာဖြစ်တာရယ်၊ သေဆုံးသူဟာ လူနာမဟုတ်ဘဲ ကလေးသာဖြစ်နေခဲ့တာရယ်ကြောင့် ကိုလှမြင့် ဒေါ်ကြီးဘက်က အားသာတယ်လို့ ဆိုရပါလိမ့်မယ်။

သို့ပေမယ့် အကောင်းဆုံးကတော့ အမှုဖြစ်လာလို့ တရားရုံးမှာ ရင်ဆိုင်ရမယ်ဆိုရင်တော့ ကျွမ်းကျင်တဲ့ရှေ့နေကြီးတစ်ဦးနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ရင်ဆိုင်ဖြေရှင်းဖို့ အကြံပေးပါရစေလားဗျာ...။

## ခင်ပွန်းတစ်ဦးတည်း အမည်ပေါက်မြေကွက်ကို ကွာရှင်းထားတဲ့ ဇနီးဟောင်းက လက်ဝယ်ရလိုကြောင်း တရားစွဲလို့ရသလား

ဆရာခင်ဗျား...

ကျွန်တော်ဟာ ဦးစီးဌာနတစ်ခုက သက်ပြည့်ပင်စင်ယူထားတဲ့ အငြိမ်းစားဝန်ထမ်းတစ်ဦး ဖြစ်ပါတယ်။ နှစ်ပေါင်းသုံးဆယ်ကျော် တာဝန်ထမ်းဆောင်ပြီးမှ ရလာတဲ့ လုပ်သက်ဆုငွေလေး မပျောက်အောင်လို့ မြောက်ဒဂုံမှာ မိသားစုအတွက် အိမ်ဆောက်နေဖို့ ပေ ၄၀ × ၆၀ မြေကွက် ဝယ်ခဲ့ပါတယ်။

မြေက ဦးတင်မြင့်တစ်ဦးတည်း မြေငှားဂရန်အမည်ပေါက်တာ တွေ့ရပါတယ်။ ဒါ့ကြောင့် မြေဝယ်ဖို့ စရန်ပေးချေထားပြီး ပိုင်ဆိုင်ကြောင်း အထောက်အထားနဲ့ ကန့်ကွက်နိုင်ကြောင်း သတင်းစာက ကြေညာခဲ့ပါတယ်။ ကန့်ကွက်မယ့်သူမရှိတဲ့အတွက် အရောင်းအဝယ်ကို စာချုပ်စာတမ်း မှတ်ပုံတင်ရုံးမှာ မှတ်ပုံတင်ပြီး ဝယ်ယူခဲ့ပါတယ်။

အဲလိုဝယ်ယူပြီး မြေပေါ်မှာ အိမ်ဆောက်ဖို့ နေ့ကောင်းရက်သာရွေးပြီး ပန္နက်ရိုက်ခဲ့ပါတယ်။ အဲဒီအချိန်ကျမှ ဒေါ်ဥမ္မာဆိုတဲ့အမျိုးသမီးတစ်ယောက် ပေါ်လာပြီး မြေပေါ်မှာ အိမ်မဆောက်ဖို့ တားမြစ်လာပါတော့တယ်။

စုံစမ်းကြည့်တော့ သူဟာ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ကွာရှင်းထားတဲ့ ဦးတင်မြင့်ရဲ့ဇနီးဟောင်း ဖြစ်နေပါတယ်။ သူက ဒီမြေကွက်ဟာ သူ့"ပါရင်းပစ္စည်း"ဖြစ်ပေမယ့် ဦးတင်မြင့်တစ်ယောက်တည်းရဲ့ အမည်ပေါက်ဖြစ်နေတာကြောင့် မြေကိုလက်ရောက်ရယူလိုကြောင်း တရားရုံးမှာ တရားစွဲထားတယ်လို့ သိရပါတယ်။

ဆရာခင်ဗျား...ကျွန်တော့်မှာ မြေကွက်ကို ဥပဒေနဲ့အညီ တရားဝင်ဝယ်ယူထားပြီးမှ မမျှော်လင့်တဲ့ ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ ကျွန်တော့်အနေနဲ့က ဦးတင်မြင့်တစ်ဦးတည်းရဲ့ ဂရန်အမည်ပေါက်ဖြစ်လို့ သူ့ဆီက ဝယ်ယူခဲ့တာ ဖြစ်ပါတယ်။

အခုမှ လွန်ခဲ့တဲ့ ငါးနှစ်က ကွာရှင်းခဲ့တဲ့ဇနီးဟောင်းက သူ့ရဲ့ပါရင်းပစ္စည်းဖြစ်လို့ မြေကို လက်ရောက်အပ်ဖို့ တရားစွဲလာတာကို နားမလည်နိုင်အောင် ဖြစ်နေရပါတယ်။

ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ဘယ်လိုဆက်လုပ်သင့်တယ်ဆိုတာ အမြန်ဆုံးဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ် ဆရာ။

အစဉ်လေးစားစွာဖြင့်

ဦးလှမောင်

(၃၇)ရပ်ကွက်၊ မြောက်ဒဂုံ။

ဦးလှမောင်ခင်ဗျား...

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာ "ပါရင်းပစ္စည်း"ဆိုတာ လင်မယားနှစ်ဦးအနက် တစ်ဦးဦးနဲ့ပါလာတဲ့ ပစ္စည်းကို ဆိုလို ပါတယ်။ အိမ်ထောင်ပြုလိုက်တဲ့အခါ နှစ်ဦးပိုင် "လက်ထက် ပွား"ပစ္စည်း ဖြစ်လာပါတယ်။

ဒီမြေဟာ ခင်ပွန်းဖြစ်သူ ဦးတင်မြင့်တစ်ဦးတည်း အမည်ပေါက်ဖြစ်ပေမယ့်လည်း လင်မယားကွာရှင်းစဉ်က မ ဝေခဲ့ရသေးတဲ့ လက်ထက်ပွားပစ္စည်းဖြစ်နေနိုင်ပါတယ်။ ဒါ ကြောင့်လည်း ဇနီးသည်က လက်ရောက်ရလိုမှုနဲ့ တရားစွဲလာ တာ ဖြစ်ပါတယ်။

ခုကိစ္စမှာ ဦးလှမောင်အနေနဲ့ မြေကွက်ရဲ့နောက်ကြောင်း ရာဇဝင်ကို သေချာမလေ့လာခဲ့မိလို့ ပြဿနာကြုံရတာ ဖြစ် တယ်။ ဒါ့ကြောင့်မို့ တရားမမှုမှာ အထူးကျွမ်းကျင်တဲ့ ရှေ့ ကြီးတစ်ဦးထံ အပ်နှံဆောင်ရွက်ဖို့ အကြံပြုလိုက်ပါရစေ။

အောင်မြင်ပါစေ...

ဦးစောလှိုင် [B.A(Hist:) H.G.P.,R.L



www.burmeseclassic.com

www.burmeseclassic.com

စာပေတိုက် ပြောင်းရွှေ့ခြင်း

# ရှေ့ပြေး မဂ္ဂဇင်း

နှင့်

# ပြစ်မှု မဂ္ဂဇင်း

စာပေတိုက်နေရာကို ၂၀၁၅-ခုနှစ်၊ ဧပြီလ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ မှစ၍ အောက်ပါလိပ်စာအတိုင်း ပြောင်းရွှေ့ဖွင့်လှစ်ပါမည်။ နယ်မှ စာမူပေးပို့သူများ၊ အရောင်းကိုယ်စားလှယ်များ၊ စာကြည့်တိုက်များသည်လည်း အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

တိုက်-၂၇၊ အခန်း-၁၂၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၄၂၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်အကြောင်း ပေဟာင်းသည်မရှိ

## ၂၁

အ န န်း ဆ က် ဝ တ္ထု ရှ ည်

■ မင်းဟိန်းထိုက်

ယခုလောက်ဆိုလျှင် ယုမေသည် မောင်အေးချမ်း ပြောဆိုသင်ပေး ညွှန်ကြားထားသည့်အတိုင်း ပုန်းလျှိုးကွယ်လျှိုး ပြေးလွှားသွားရင်းက ငှက်ပျောတောစခန်းကို ရောက်သွားပြီး အမောအပန်းဖြေ၍သာ ရှိပေလိမ့်မည်။ သို့တည်းမဟုတ် မောင်အေးချမ်းအတွက် စိုးရိမ်သောက ဗျာပါရများပြီး ငိုရှိုက်၍လည်း ရှိနေကောင်းရှိနေပေလိမ့်မည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"ဟု သေနတ်သမားကမေးသည်။

"မောင်အေးချမ်း"

"မင်း အညာကိုင်လှုပ်လိုက်တဲ့အတွက် တို့ရွာ(သစ်ကတိုး) သုံးရွာလုံး ဒုက္ခရောက်ကြတော့မယ်ကွ။ အဲဒါကိုတော့ မင်းသိနိုင်မှာ မဟုတ်ပါဘူး။ မင်းကိုယ်တိုင် ဖမ်းဆီးပြီး အချုပ်ထဲထည့်လိုက်တဲ့ အကောင်က တို့ရွာတွေရဲ့ အဓိကအညာပဲကွ။ အဲဒီအကောင်က လူရည်လည်း လည်တယ်။ သတ္တိရှိပြီး အမြော်အမြင်လည်းကြီးတယ်။ တို့သုံးရွာလုံး ကောင်းစားရေးကို ဒီကောင် ဦးစားပေးပြီး လုပ်နေတာ။ ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ တောင်ကြီး မြို့ကြီးတွေကို ဒိုးလို မွှေနိုင်သလို၊ ဘင်္ဂလား၊ တရုတ်၊ ထိုင်းနယ်စပ်တွေကိုလည်း ကျွမ်းတယ်။ အလုပ်ကတော့ မင်းဖမ်းဆီးလိုက်တဲ့ ဆေးခြောက်ပဲ ဆိုပါတော့။ ဒါပေမယ့် ရခိုင်ရိုးမကြီးထဲက ရွာသိမ်ရွာငယ်လေးသား တစ်ယောက်ဖြစ်ပေမယ့် အဲလောက်ထိ အဖိုးထိုက်၊ အဖိုးတန်လူတစ်ယောက်ကိုမှ မင်းက အညွန့်ချိုးလိုက်တယ်ဆိုတော့ တို့သုံးရွာက မင်းကို အရသာရှိရှိ လုပ်ရမှ ကျေနပ်နိုင်ကြမယ်ကွ"

မောင်အေးချမ်းက ဘာမှ လိုက်မပြောဘဲ သေနတ်သမား၏ မျက်နှာကိုသာ စိုက်ကြည့်နေသည်။

"အခင်းဖြစ်ပြီး နောက်ထပ်ရက်ခြားမှာ ကြက်ရေစမ်းမှာနေတဲ့ မင်းဆီကို တို့လူစု ရောက်လာနိုင်ကြတာကိုပဲ ကြည့်လေ။ တို့အင်ပါယာက အမ်းမြို့မှာလည်း ရှိကြတာပဲ။ ဒါကြောင့် တို့ကောင် အဖမ်းခံလိုက်ရတဲ့ ညတွင်းချင်းပဲ တို့ရွာကို ပြေးလာပြီး သတင်းပြောကြလို့သာ တို့ကလည်း လက်နက်လူသူ စုဆောင်းပြီး မင်းဆီကို ရောက်လာနိုင်ကြတာပေါ့။ ဒါပေမယ့် သတ္တိရှိတဲ့ မင်းကတော့ အဖမ်းမခံလိုက်ရတဲ့အပြင် မင်းကို လာခေါ်တဲ့ လူကိုတောင်မှ ထိုးကြိတ်ရိုက်ပုတ်ပြီး ကြိုးတုပ်ထားခဲ့ပြီး ထွက်ပြေးသွားနိုင်သေးတယ်။ ဒါပေမယ့် ဒီတစ်ခါတော့ မင်းကို ဘယ်နည်းနဲ့မှ အလွတ်ပေးလို့ မရတော့ဘူး"

သေနတ်သမား၏ စကားအဆုံးတွင် ငကျော်က ဝင်ပြောပြန်သည်။

"မင်းကို ဒီမှာ မသတ်ဘူးကွ။ မသတ်မယ့်အပြင် နှိပ်စက်ကလူတောင် မပြုဘူး။ မင်းကို အစားကောင်းကောင်းကျွေးထားပြီး မနက်ဖြန်တစ်ရက် မင်းကောင်မလေးကို လိုက်ရှာလို့ မတွေ့မှ နောက်နေ့မှာ မင်းကို တောလမ်းက တို့ရွာကို ရောက်အောင်ခေါ်သွားမယ်။ အဲဒီမှာမှ တို့သုံးရွာသားတွေပေါင်းပြီး လူ့ပုံ



www.burmeseclassic.com

www.burmeseclassic.com

အလယ်မှာ ကားစင်တင်လို့ အောင်ပွဲခံတဲ့အနေနဲ့ မင်းကို တစ်စစီ လုပ်မယ် သိလား''

မောင်အေးချမ်းက ဆတ်ခနဲ ခေါင်းညိတ်၏။

''အောင်မာ ကိုယ့်လူက ခေါင်းတွေ ဘာတွေ ညိတ်လို့။ တယ်ဟုတ်ပါလား။ အေး ‥ ကြိုက်သွားပြီ၊ ကြိုက်သွားပြီ။ တို့က မင်းကို ကောင်းကောင်းကျွေးပြီး ထားဦးမယ်။ အဲလို မဟုတ်ဘဲ နှိပ်စက်သတ်ပုတ်ပြီး မကျွေးမမွေးဘဲထားရင် မင်းကို တို့ရွာရောက်အောင် ခေါ်သွားလို့ ရနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ကောင်းကောင်းကျွေးထားမယ် သိလား''

''ကောင်းသားပဲ''

သူတို့နှစ်ယောက် တဟားဟားဖြင့် ရယ်ကြ၏။ ထို့နောက် သေနတ်သမားက ငကျော်အား ပြောသည်။

''မင်းက ဒီကောင်ကို လျှော့တွက်သလား။ မင်းဘူး–အမ်းလမ်းကြီးမှာ သူနိုးဓားပြ၊ ပြောက်ကျား အစုံရှိတဲ့အထဲ ဒီကောင်က ဗိုလ်ကွ။ လျှော့တွက်ရင် မှားသွားမှာပေါ့။ တို့ဆရာသမားကိုတောင် အလွယ်တကူ ရဲစခန်းကိုခေါ်သွားပြီး ထိုးကြိတ်ဖမ်းဆီးလိုက်တာကိုပဲ ကြည့်လေ''

''အဟဲ ‥‥ ဟဲ။ အခုတော့ အဲဒါတွေဟာ ကုန်ဆုံးခဲ့ပါပြီ။ ဆီတစ်ခါ ရေတစ်လှည့်တဲ့။ သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံ ဆိုတာလည်း ရှိဆိုပဲ။ မင်းက တို့ဆရာသမားကို အလွယ်တကူ ဖမ်းဆီးလိုက်တာ တစ်ကြိမ်၊ မင်းတို့စခန်းမှာ တို့က မင်းကို ခေါ်ခိုင်းလိုက်တဲ့ လူတစ်ယောက်ကို မူးအောင်မေ့အောင်၊ သွားကျိုးအောင် သတ်ပုတ်တုပ်နှောင်ထားခဲ့တာ တစ်ကြိမ်၊ နှစ်ကြိမ်တိတိ မင်းအနိုင်ယူထားဖူးရင် တော်ရောပေါ့။ ဒီတစ်ခါတော့ တို့အလှည့်ကို ရောက်လာပြီမဟုတ်လား။ ဟား ‥‥ ဟား ‥‥ ဟား''

ငကျော်က ပြောလည်းပြော၊ အားရပါးရလည်း ရယ်ပြီး မောင်အေးချမ်းကို မနာတနာ ကန်လိုက်၏။ ထို့နောက် သေနတ်သမားက ဆက်ပြောသည်။

''မင်းက မင်းကိုယ်မင်း တော်တော် လူစွမ်းကောင်း လူလည်တစ်ယောက်ရယ်လို့ ထင်နေတယ်။ ရခိုင်ရိုးမကြီးထဲမှာ မင်း အဲဒီလို ထင်နေရင် မှားသွားမှာပေါ့ကွ။ မင်းက မြေပြန့်သား၊ ငါတို့က ရခိုင်ရိုးမကြီးရဲ့ ကျား။ ကျားနဲ့ သားတို့ရဲ့ အကြောင်းတွေကို နားမလည်ဘဲ သွေးနားထင်ရောက်နေရင် ပေါက်ကွဲလုလု ဗုံးကြီးတစ်လုံးကို ဖက်ထားရသလိုပဲပေါ့။ မင်း ကြက်ရေစီးစခန်းက တို့ခေါ်ခိုင်းလိုက်တဲ့ လူတစ်ယောက်ကို သတ်ပုတ်ထိုးကြိတ်၊ သတိမေ့အောင်လုပ်၊ ပါးစပ်ထဲအဝတ်ထည့်၊ ကြိုးတုပ်၊ ကောင်မလေးကို လက်ဆွဲပြီး ထွက်ပြေးသွားကတည်းက မင်း ဘယ်ဘက်ထွက်ပြေးသွားနိုင်တယ်ဆိုတာကို တို့အလိုလို သိနေကြတာပဲကွ။ ဒါပေမယ့် ဒွိဟတော့ ဖြစ်မိကြတာ အမှန်ပါပဲ။ သရှးချောင်းဘက်ကိုလား၊ သရွက်ချောင်းဘက်ကိုလား ဆိုတာမျိုးပေါ့။ ဒီနှစ်ဖက်မှာ အများအားဖြင့် လမ်းအလုပ်သမားတွေဟာ သရွက်ချောင်းဘက်ကိုသာ ဟင်းရှာ ငါးဖမ်းသွားလေ့ရှိကြတယ် ဆိုတာလည်း တို့သိထားကြတယ်လေ။ ပြီးတော့ သရှးချောင်းဘက်ဆိုတာက တို့ရွာတွေနဲ့လည်း သရွက်ချောင်းဘက်ကိုစာရင် ပိုနီးပြန်တယ်။ တို့ရွာသားတွေဟာလည်း မင်းဘူး–အမ်းလမ်းကြီး မရှိခင်က အမ်းကိုသွားရင် သရှးချောင်းဘက်ကပဲ အသွားများကြတယ်ဆိုတာ လူတိုင်းသိကြပါတယ်။ ဒါကြောင့် မင်းပြေးလမ်းရွေးမယ်ဆိုရင် သရွက်ချောင်းဘက်ကို ရွေးနိုင်တယ်လို့ နားလည်ရတာပေါ့။ ဟုတ်တယ် မဟုတ်ဘူးလား''

ဟုပြောပြီး မောင်အေးချမ်း နဖူးကို လက်ညှိုးနှင့် ထိုး၏။ ထို့နောက် ဆက်ပြောသည်။

''ဒါကြောင့် တို့လူစုက မင်း လိုက်ရှာရေးအတွက် လက်နက်လူ စုဆောင်းပြီး သရှးချောင်းဘက် တစ်ဖွဲ့၊ ဒီသရွက်ချောင်း (အမ်းချောင်း) ဘက်ကို တစ်ဖွဲ့၊ နှစ်ဖွဲ့ခွဲပြီး လိုက် စမ်း ရှာဖွေနေကြတာပါ။ မင်းက စွမ်းကောင်းလေးဆိုတော့ ပေါ့ တန်တန် လိုက်ရှာတာလည်း မဟု ပါဘူး။ နေ့ခင်းနေ့လယ်မှာ တော လျှောက်သွားရင်း ခြေရာရှာတဲ့ အချို့ကရှာ၊ ညဘက်မှာ ရေလမ်း သုံးနေရာတိတိ ပိတ်ဆို့ပြီး စော ကြည့်တဲ့အဖွဲ့က စောင့်ကြည့်နေ ဒီအထဲ မင်းက သုံးလေးရက်ကြ တောင် ခြေရာဖျောက်ပြီး နေနိုင်တာ ဆိုတာ အာဂသတ္တိပဲကွ။ တို့က မ တောထဲမှာ ဝင်ပြီး သေပြီလို့တောင် ထင်နေကြတာ''

သူတို့ပြောသည့်အထဲတွင် ကြ ခုတ်သမားများထံမှ မောင်အေးချမ်း ဆန်၊ ငါးပိ၊ ဆား စသည်များ လိုက်ကြသည့်အကြောင်း တစ်ခု မပါပေ။

www.burmeseclassic.com

"အခုလည်း တောထဲက မျောက်ညီတစ်အုပ် အလန့်တကြား ထွက်ပြေးကြတာကိုမြင်လို့ လိုက်အချောင်းမှာ မိတာပါပဲ"

မောင်အေးချမ်းသည် သူတို့ပြောနေကြသော စကားများကို တစ်လုံးချင်း မှတ်သားထား၏။ အတွေ့အကြုံနှင့် အကြားအမြင်ဟူသည်မှာ တစ်လုံးချင်း တန်ဖိုးရှိ၏။ အရေးပေါ်သောအခါ သုံးတတ်လျှင် အရာရာကို ပြီးမြောက်အောင်မြင်နိုင်သည်။

***

ညနေမိုးချုပ်ခါနီးမှ တောထဲမှ ထွက်လာကြသည်။ မောင်အေးချမ်းအား ကြိုးတုပ်ဖမ်းဆီး ရမိထားသည်ကို တောလုပ်သားထဲမှ တွေ့ကောင်းတွေ့တတ်မည့် တစ်စုံတစ်ယောက်အား မတွေ့မမြင်စေလိုသောကြောင့်ပင် မိုးချုပ်ခါနီးမှ ချောင်းသဲခုံကြီးသို့ ထွက်လာကြခြင်း ဖြစ်ပေမည်။

သူတို့နှစ်ယောက်တွင် တစ်ယောက်က သေနတ်ကို မောင်းထိုး၍ မောင်အေးချမ်းအား စောင့်ကြည့်နေပြီး တစ်ယောက်က ထမင်းချက်၏။ ထမင်းက ဆတ်သားခြောက်နှင့် ဆင်ခရမ်းချဉ်သီးကို ချဉ်စပ်ချက်ပြီး ရေချိုငါးကို ဝါးရောင်းချဉ်ဖြင့် ချဉ်ရည်ကျို၏။ အခြား အတို့အမြုပ်များလည်း ပါ၏။ နှစ်ယောက်စားသောက်ပြီးနောက် မောင်အေးချမ်းအား ကျွေးကြသည်။

မောင်အေးချမ်းလည်း အားရပါးရ စားသည်။ သေရမည့်ဘေးကို တွေးကြောက်ပြီး မစားမသောက်ဘဲ နေ၍မရပေ။ သေကံပါ၍ သေတန်မှသေရော။ စားသောက်အိပ်ခြင်း စသည်ကို မလျှော့သင့်ဟု မောင်အေးချမ်း နားလည်ထားသည်။ မိမိကိုယ် သေလိမ့်မည်ဟုလည်း မည်သည့်အခါမျှ မယူဆပေ။ တစ်နည်းနည်းဖြင့် လွတ်မြောက်ရမည်ဟုလည်း အခိုင်အမာ ဆုံးဖြတ်ထားသည်။ လွတ်မြောက်ရေးအတွက်လည်း စိတ်ကို အမြဲတမ်း တင်းထားသည်။ လွတ်လမ်းကိုလည်း အစဉ်ကြံတွေးနေသည်။

ထမင်းစားပြီးနောက် မိုးချုပ်လေ၏။ သူတို့နှစ်ယောက် ရေနွေးသောက်ပြီး စကားပြောနေကြသည်။ မောင်အေးချမ်းက သူတို့ဒိုင်ကောင်စကားကို ငါးဆယ်ရာခိုင်နှုန်းမျှ နားလည်သည်။ နားလည်သော စကားလုံးများကိုလည်း ပြန်ပြောတတ်သည်။ သူတို့ပြောနေကြသည့်အထဲမှ မောင်အေးချမ်း နားလည်သည်မှာ ...

"မောင်အေးချမ်းကို ရိုက်ပုတ်နှိပ်စက်ခြင်း မပြု။ ကောင်းကောင်းကျွေးပြီး အိပ်စေ၊ စားစေမည်။ သူတို့ရွာကို ရောက်သည်အထိ သည်အတိုင်း ပြုစုကျွေးမွေးပြီး ခေါ်သွားမည်။ သူတို့ရွာကိုရောက်မှ ရွာသူရွာသားများ၏ရှေ့မှာ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ပြီးမှ သတ်မည်"ဟူ၍ ဖြစ်သည်။

မောင်အေးချမ်းလည်း စိတ်ကို တင်းထားသည်။ ကြောက်ခြင်း၊ လန့်ခြင်း စိုးရိမ်သောကဖြစ်ခြင်းများကို အတတ်နိုင်ဆုံး ဖြေဖျောက်ပြီး အမြဲတမ်း လွတ်မြောက်ကြောင်းကိုသာ ကြံတွေး၍နေသည်။ သူတို့၏ လှုပ်ရှားခြင်းများကိုလည်း မျက်ခြည်မပြတ် ကြည့်စောင့်ပြီး အခွင့်အရေးရသည်နှင့် လှုပ်ရှားရန် ကိုလည်း အသင့်အနေအထားမျိုး လုပ်ထားသည်။

မောင်အေးချမ်း ပြောက်ကျားများအပိုင်းခံရသော လူနှစ်ယောက်တို့၏အကြောင်းကို ကြားဖူးသည်။ တစ်ယောက်သောလူသည် ရပ်ကွက်ဥက္ကဋ္ဌကြီးဖြစ်ပြီး တစ်စုံတစ်ရာ လှုပ်ရှားကြံတွေး၊ ထွက်ပြေးခုခံခြင်း မပြုဘဲ အဖမ်းခံသောကြောင့် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းကို ခံလိုက်ရသည်။ ထိုဥက္ကဋ္ဌကြီးမှာ လိုင်စင်ရသေနတ်လည်း ရှိသည်။ သေနတ်သံကိုကြားလောက်သော အကွာအဝေး၏ ထက်ဝက်ခန့်နေရာတွင်လည်း စစ်တပ်ရှိသည်။

ခုခံပြီး သေနတ်နှင့် ပစ်ခတ်လျှင် လန့်ဖျပ်ပြီး ပြောက်ကျားများ ထွက်ပြေး၍သော်လည်း လွတ်မြောက်နိုင်သည်။ သူပစ်ကိုယ်ပစ် ပစ်ခတ်သံများကို ကြား၍ စစ်တပ်က လိုက်လာလျှင်လည်း ပြောက်ကျားများ ထွက်ပြေးမည်ဖြစ်၍ လွတ်မြောက်နိုင်သည်။ ယခုမူ ဥက္ကဋ္ဌကြီးမှာ ခုခံခြင်းမပြုဘဲ အဖမ်းခံလိုက်ရ၍ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းကိုခံရင်း မရှုမလှ သေသွားရသည်။

နောက်တစ်ယောက်မှာ ဗိုလ်ဖြစ်ပြီး မိသားစုများရှိကြသော လယ်ပြင်တဲကို လာလည်နိုက် ညပိုင်းတွင် မိသားစုများနှင့်အတူ ရေနွေးသောက်နေကြစဉ်တွင် တဲရှေ့မှ ငါးတောင့်ထိုးဓာတ်မီးရောင်သည် မျက်နှာကို ထိုးကျလာ၍ သူ၏ဓာတ်မီးဖြင့် ပြန်ထိုးကြည့်လိုက်ရာ ပြောက်ကျားများ သေနတ်ဖြင့် ထိုးချိန်ထားသည်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ . . . မောင်စောဦး။ မင်းထွက်ပြေးမယ် မကြံနဲ့။ လက်ကိုမြှောက်ပြီး ဆင်းလာခဲ့ကွ"

ဟု ပြောက်ကျားဗိုလ်ကြီးက လည်ချောင်းသံကြီးဖြင့် အမိန့်ပေးနေလေသည်။ မောင်စောဦးကား ဘာမှမပြောဘဲ ဓားမြှောင်ကိုဆွဲပြီး ပြေးထိုးလေ၏။ ထိုအခါ အသင့်အနေအထားဖြစ်မနေသောကြောင့် ပြောက်ကျားများ ထွက်ပြေးရလေသည်။

နောက်မှ လိုက်ပစ်ကြသော သေနတ်သံများမှာလည်း တစ်ယောက်ချင်း တစ်ယောက်ချင်း မဟုတ်ဘဲ တွဲလိုက်ဖြုတ်ကြသဖြင့် မိုးထိညံသွားလေသည်။ သို့သော်လည်း ကံကောင်းထောက်မ၍ မောင်စောဦးအား တစ်ချက်မျှမထိသဖြင့် မောင်စောဦးသည် အသက်အတိုင်း နေသွားခဲ့ရ၏။ အသက်ရှစ်ဆယ်ကျော်ပြီးမှ ကွယ်လွန်သွားသည်။

အဖေနှင့် ဦးစောဦး အတော်လေးပင် ရင်းနှီးကြသည်။ မောင်အေးချမ်းနှင့်လည်း အထိုက်အလျောက် ရင်းနှီးကြသည်။ ဦးစောဦး၏ သားသမီးများနှင့် အတော်လေးပင် ရင်းနှီးကြသည်။ ပထမ တင်ပြခဲ့သော ရပ်ကွက်ဥက္ကဋ္ဌကြီးနှင့်ကား ရင်းနှီးမှုမရှိရုံသာမက မြင်ပင် မမြင်ဖူးလိုက်ပေ။ သူ၏သားတစ်ယောက်နှင့်ကား မဆိုစလောက် မျက်မှန်းတန်းမိကြသည်။ ထို့ကြောင့် ဦးစောဦး၏နာမည်ကိုသာ ဖော်ပြပြီး ဥက္ကဋ္ဌကြီး၏ နာမည်ကို ဖော်မပြတော့ပေ။

ထို့ကြောင့် မောင်အေးချမ်းလည်း ဥက္ကဋ္ဌကြီးနှင့် ဦးစောဦးတို့၏ ထုံးကို နှလုံးမူ၍ မလျှော့သင့်။ လျှော့လျှင် သေတတ်သည်။ သေဘေးမှ လွတ်မြောက်ကြောင်းသည် မိမိနှင့်သာဆိုင်သည်ဟု တိတိကျကျ ယုံကြည်ပြီးဆုံးဖြတ်ထားသည်။ အသက်ရှင်နေသမျှ ကာလပတ်လုံး လွတ်မြောက်ကြောင်းကို အချိန်ပြည့် ကြိုးစားသွားမည်ဟုလည်း ဆုံးဖြတ်ထားသည်။

ည ၉ နာရီခန့် အချိန်တွင် သူတို့နှစ်ယောက်၌ တစ်ယောက်ကအိပ်ပြီး တစ်ယောက်က သေနတ်ကို မောင်းထိုးကာ မောင်အေးချမ်းအား စောင့်ကြည့်နေသည်။ သူတို့သည် နှစ်ကြိမ်တိုင်တိုင် ခံထားကြရပြီဖြစ်၍ မောင်အေးချမ်းအား လျှော့တွက်ဟန် မရှိပေ။ လျှော့မတွက်ရုံသာမကဘဲ ကြောက်လန့်နေကြဟန်ပင်ရှိသည်။ ထို့နောက် စောင့်နေသူက မောင်အေးချမ်းအား . . .

"မင်းလည်းအိပ်လေ။ ငါ ဘာမှမလုပ်ဘူးကွ။ စိတ်ချလက်ချအိပ်"

ဟု ဆိုသည်။ ထို့နောက် လွှာစောင်ပိုင်းလေး တစ်ခုကိုလည်း ထုတ်ပေးသည်။ ထို့ကြောင့် မောင်အေးချမ်းလည်း သဲပြင်တွင် လှဲချအိပ်လိုက်သည်။ မောင်အေးချမ်း စိတ်ကို မကြောက်အောင်ထားသည်ဟု ဆိုသော်လည်း တုန်လှုပ်ခြင်း၊ ထိတ်လန့်ခြင်းတော့ရှိသည်။ သေဘေးသည် ရက်ပိုင်းအတွင်း မိုးကြိုးကျသကဲ့သို့ ဆိုက် ရောက်လာတော့မည်ဟုလည်း အစဉ်အမြဲသိနေသည်။ ထိုအသိစိတ်ကပင် မောင်အေးချမ်းအား ချောက်ချားစေသည်။

သို့သော်လည်း သူတို့သည် မောင်အေးချမ်းအား သည်နေရာတွင် သတ်ကြမည်အဟုတ်ဘဲ သူတို့ရွာကို ရောက်အောင် ခေါ်သွားကြဦးမည်ဖြစ်၍ ထိုကာလနှင့် ထိုလမ်းခရီးအတွင်း၌ ကြံချိန်ဖန်ချိန်များစွာ ရလာဦးမည်ဖြစ်၍ မောင်အေးချမ်းအတွက်လည်း လွတ်လမ်းများစွာကို ရလာနိုင်သေးသည်။

သွားရမည့် လမ်းတစ်လျှောက်က မြို့လမ်း၊ ရွာလမ်း၊ ကားလမ်း မဟုတ်ပေ။ ပုတ်ပေါင်းထူထပ်ပြီး ရှုပ်ထွေးသော တောနက်လမ်းခရီးကို ချည်း အနည်းဆုံး သည်နေရာမှ သုံးရက်မျှကြာအောင် သွားနေရလိမ့်မည်ဟုယူဆရ၍ ထိုလမ်းခရီးတစ်လျှောက်တွင် မောင်အေးချမ်း လှုပ်ရှားမည့် အခွင့်အရေး များစွာရလာနိုင်သည်။

တောင်တက်တောင်ဆင်း များပြီး ရှုပ်ထွေးသော ခရီးရှည်ကြီးကို သွားရဦးမည်ဖြစ်သောကြောင့် မောင်အေးချမ်း၏ ခြေထောက်နှစ်ဖက်ကို ချည်နှောင်ထား၍ မရနိုင်သလို လက်နှစ်ဖက်ကိုလည်း နောက်ပြန်ကြိုးတုပ်နှောင်ထား၍ မရနိုင်ပေ။ လက်နှစ်ဖက်ကို ချည်နှောင်လျှင်ပင် ရှေ့ဘက်မှာထားပြီးသော ချည်နှောင်ကြပေလိမ့်မည်။

ထိုအခါ သိုင်း/လက်ဝှေ့ကို ကျွမ်းကျင်စွာဖြင့် တတ်မြောက်ထားသော မောင်အေးချမ်းအဖို့ လှုပ်ရှားနိုင်သော အနေအထားကို များစွာရလာနိုင်သည်။ သူတို့မှာ သေနတ်တစ်လက်တည်းသာ ပါကြသောကြောင့် သေနတ်သမားကိုသာ နာကြင်အောင်လုပ်ပြီး ချောင်းထဲသို့ တွန်းချနိုင်လျှင် ကျန်သောဟစ်ယောက်ကို မောင်အေးချမ်း မမှုတော့ပေ။ လက်နှစ်ဖက်ကို တုပ်နှောင်ခံထားရသည့်တိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com

ကောင်း ဆုံးမနိုင်ပေလိမ့်မည်။

မောင်အေးချမ်းသည် ထိုကဲ့သို့ ားလိုက်သည်။ ဘုရားကို ထိုင် ခွင့်မရသောကြောင့် အာရုံပြုပြီး တော်ဂါထာတော်များကို စိတ်ဖြင့် ရှိခိုးကြည်ညိုလိုက်သည်။ ထို တ် အိပ်ပျော်ရန် ကြိုးစားကာမှ အကြောင်းကပေါ်လာပြန်သည်။

မောင်အေးချမ်းသည် အတတ် း ယုမေ၏အကြောင်းကို မေ့ ကိုယ်တိုင် တစ်စုံတစ်ရာ စွမ်း ခြင်းမရှိသော အနေအထားသို့ တ်နေရ၍ ယုမေ၏အကြောင်းကို းသော်လည်း အကျိုးကို ဖြစ် ာနိုင်ဟု သိထားသောကြောင့် င်း ၌ အဝင်မခံသည်အထိ င်ထုတ်ထားရင်းက ယခု ယုမေ ကြောင်းက ပေါ်၍လာပြန်သည်။

ယုမေသည် ရန်သူတို့၏ လက် သို့ မကျရောက်စေရန်အတွက် တ်လုပြေးရင်းက ယခုဆိုလျှင် ပျော တောစခန်းလေး၌ မျက်စိ ယ် နားသူငယ်ဖြင့် တစ်ယောက် ည်း ရှိနေပေလိမ့်မည်။ မစား ာက်ဘဲ ထိုင်ငို၍လည်း ရှိချင် လိမ့်မည်။ ကြောက်ရွံ့ထိတ်လန့် ခြင့် မအိပ်ရဲအောင်လည်း ရှိနေနိုင် ည်။ ရန်သူတို့ လက်တွင်းသို့ ကျ ောက်သွားသော မောင်အေးချမ်း တွက် စိတ်ဒုက္ခကြီးစွာ ရောက်၍ ည်းနေပေလိမ့်မည်။

ဘဝအစမှသည် ယခုကာလကို ာက်သည့်တိုင်အောင် သံသရာ အိုးကြီးကို လေထန်နေဆဲ၌ ရေ န်လှော်ခတ်ရင်း စီးမျောလာခဲ့ရသူ ား ကံဆိုးမလေး။ ယခုပင်လျှင် လူသူမနီးတောကြီးထဲ၌ လူမိုက်တို့၏ လက်တွင်းမှ အသက်လု ထွက်ပြေး ရင်းက အဘယ်စခန်း အဘယ်လမ်း ကိုရောက်နေမှန်း တိကျစွာဖြင့် မောင် အေးချမ်း မသိရပေ။

ဦးတည်ရာမယ့် ထွက်ပြေးရင်း က ချောက်ကမ်းပါးထဲသို့ ပြုတ်ကျ၍ ပင် သေလေပြီလား။ သားရဲသား ကောင်တို့၏ တိုက်ခိုက်သတ်ဖြတ်ခြင်း ကို ခံရ၍ပင် သေလေပြီလား။ မောင် အေးချမ်း အကြံပြုသွန်ကြားထား သည့်အတိုင်း ငှက်ပျောတောစခန်းကို မရောက်တတ်ဘဲ ကြောက်ကြောက် ဖြင့် ထွက်ပြေးရင်းကပင် အဝေးတစ် နေရာသို့ ရောက်သွားလေပြီလား။

တွေးရင်းက မောင်အေးချမ်း၏ ရင်တစ်ခုလုံး ပူလောင်လာ၏။ မမြင်ရ မတွေ့ရ မသိနိုင်သော အတွေးစိတ် တို့သည် အတွေးရှင်အား သာ၍ပင် နှိပ်စက်၏။ နှလုံးအိမ်ကိုလည်း ကြေ ပြုန်းစေ၏။ ဘဝင်ခုန်ခြင်းကိုလည်း မြန်စေ၏။ ကံဆိုးမလေးအား သနား ခြင်းများစွာ ဖြစ်ရ၏။

မောင်အေးချမ်းသည် မတတ် နိုင်စွမ်းသည့်အဆုံး ယုမေနှင့်ပတ် သက်သော စိတ်သောကများကိုလည်း အဝေးသို့ မောင်းထုတ်လိုက်၏။ ထို နောက် အိပ်ပျော်လွယ်မည့် နည်းတစ် ခုဖြစ်သော မိမိ၏စိတ်အားလုံးကို တစ် ပေါင်းတည်းပြုပြီး မိုးပေါ်သို့မြှောက် တင်ကာ အမြင့်ဆုံးသော တစ်နေရာ ကိုရောက်မှ စိတ်အားလုံးကို အရပ် လေးမျက်နှာသို့ ဖြန့်လွှင့်ပြီး အိပ်ပျော် အောင် ကြိုးစားလေသည်။

***

"ဝူး . . . ဝါး . . . ဝူး . . . ဝါး"ဟူ သော အသံများကို ဆူညံစွာဖြင့် ကြား လိုက်ရ၍ မောင်အေးချမ်း လန့်နိုးသွား ပြီး ပူး၍ချည်နှောင်ခံထားရသော လက်နှစ်ဖက်ဖြင့် စောင်ခြုံကို ဖွင့် ကြည့်လိုက်ရာ ဟိုလူနှစ်ယောက်တို့ သည် ဓားကိုင်သူကိုင်၊ သေနတ်ဖြင့် ဟိုချိန် သည်ချိန် လုပ်သူကလုပ်နှင့် ဆောက်တည်ရာမရ ဖြစ်နေကြသည် ကို တွေ့လိုက်ရ၏။

သူတို့၏မျက်စိများ သိသိသာ သာကြီး ပြူးကျယ်နေကြသည်။ သူတို့ အသံကျယ်ကျယ်ဖြင့် ပြောနေကြ သည့်အထဲတွင် ကျားဟူ၍ ပါသည်။ သူတို့၏ စကားကို အပြည့်အစုံ နား မလည်သောကြောင့် အကြောင်းအရာ ကိုမူ အတိအကျ နားမလည်ပေ။ ထို နောက် သူတို့က ပြောပြကြသည်။

"ဟိုက်ကောင်၊ တို့အနား ကျား ကပ်လာတာကို မင်းသိလိုက်သလား"

မောင်အေးချမ်း ဘာမျှလိုက် မပြောဘဲ သူတို့၏မျက်နှာကိုသာ မှန် တေတေဖြင့် ကြည့်နေသည်။ ထို့ ကြောင့် ငကျော်က အော်၍ပြော၏။

"ခုတင်က ကျားကပ်လာတယ်။ မင်းကို ကိုက်မလို့"

"ကောင်းသားပဲ"ဟု ပြောပြီး မောင်အေးချမ်း စောင်ခြုံထဲသို့ ပြန်ဝင် သွား၏။ သူတို့ တဟားဟားဖြင့် ရယ် ကြ၏။ ထို့နောက် ငကျော်က ပြော သည်။

"တကယ့်ကောင်။ ကျားလာ ချောင်းတယ်ဆိုတာတောင် ကောင်း သားပဲတဲ့။ တကယ့် မီးခဲပဲ"

ဟု ပြောပြီး ထပ်ရယ်ကြပြန် သည်။ ထို့နောက် ငကျော်က သူ့သူ

www.burmeseclassic.com

www.burmeseclassic.com

ကို မေးသည်။

"ခုတင်က ကျားလာချောင်းတာ *ဘယ်အနားကလဲ*"

"ဒီအံနောက်ဘက် ကိုင်းတောစပ်ကပေါ့။ တို့က သဲခုံကြီး အလယ်မှာဆိုတော့ သဲခုံကိုဖြတ်ပြီး တို့ အနားသို့ရောက်အောင် အလာရခက်နေပုံရတယ်။ အဲဒါ ညငှက်တစ်ကောင် ထိုးသံကိုကြားလို့ ငါခေါင်းမီးနဲ့ထိုးကြည့်လိုက်တော့မှ မျက်လုံးကြီး ရဲရဲနီနေတာကို တွေ့နေရတော့တယ်။ ဒါကြောင့် ငါခဲနဲ့ပေါက်ပြီး အော်လွှတ်လိုက်တာ"

"ခဲနဲ့ပေါက်ပြီး မောင်းထုတ်လိုက်လို့ တော်သေးတာပေါ့ကွာ။ အကြောက်လွန်ပြီး သေနတ်နဲ့တာ ပစ်မိရင်တော့ အခက်ပဲ"

"မင်း ငါ့ကို အရူးမှတ်နေသလား။ အခုလို အကာအကွယ်မရှိတဲ့ နေရာမှာ ကျားကို သေနတ်နဲ့ သွားပစ်ရင် ကျည်ဆန် ထိသည်ဖြစ်စေ၊ မထိသည်ဖြစ်စေ သေနတ်သံ ဆူညံသွားတာနဲ့ ဝုန်းဆို လူဆီရောက်လာတော့မှာပေါ့"

မောင်အေးချမ်းသည် သူတို့နှစ်ယောက် စကားပြောနေကြသည်ကို ထိုမျှသာ နားထောင်ခဲ့ပြီး ဆက်၍ အိပ်၏။ သဲပြင်လည်းဖြစ်၊ အအေးပေါ့ဆုံးသော နွေနှောင်းရာသီတွင်လည်း ဖြစ်သောကြောင့် လွှာစောင်လေးမျှကို ခြုံအိပ်ရုံဖြင့်ပင် လုံလောက်၏။ မျှတမှုရှိပြီး အိပ်၍လည်း ကောင်း၏။

မောင်အေးချမ်း တစ်ရေးနိုးလာသောအခါ သူတို့နှစ်ယောက် မနက်စာ ထမင်းချက်နေကြသည်ကို တွေ့ရသည်။ မောင်အေးချမ်း စောင်ခြုံကိုဖွင့်ပြီး ခေါင်း ထောင်ကြည့်သည်ကို မြင်လျှင် ငကျော် အနားသို့ရောက်လာပြီး *မောင်အေးချမ်း နောက်ဖေးသွားရန်နှင့်* မျက်နှာသစ်ရန်များကို အခွင့်အရေးပေး၏။

ထို့နောက် မနက်စာ စားသောက်ကြ၏။ မနက်စာ စားသောက်ပြီးနောက် ငကျော်က မောင်အေးချမ်းအား မေး၏။

"ဟိတ်ကောင် ..မင်းကောင်မလေး ဘယ်ဆီပြေးသွားတယ်လို့ထင်လဲ"

"ငါ မသိဘူး"

"မသိလို့ မရဘူးလေကွာ။ ဒီအတိုင်းသာ ထားခဲ့ရင် မင်းကောင်မလေးဟာ ကျားကိုက်လို့ သေချင်သေမယ်။ ဘယ်ကိုမှ မသွားတတ် မလာတတ်ဖြစ်ပြီး အစာရေစာပြတ်ပြီးသော်လည်း သေမယ်။ ဒီတော့ ..."

"သေပေါ့ ..."

သူ့တို့နှစ်ယောက် ရယ်ကြပြန်၏။ ထို့နောက် သေနတ်သမားက ..

"မင်းနဲ့ကောင်မလေးက ဘယ်လိုလဲ အခြေအနေ"

"မင်းတို့မြင်တဲ့ အတိုင်းပဲ"

မောင်အေးချမ်းက ဒေါသအလျောက် မင်းနှင့်ငါနှင့် ပြောလိုက်သော်လည်း အသက်ချင်းကား မောင်အေးချမ်း၏ အစ်ကိုထက်ပင် ကြီးကြပေလိမ့်မည်။ နှစ်ယောက်လုံးက သုံးဆယ်အကျော်မှာ ရှိကြပေလိမ့်မည်။

"မင်းတို့ မြင်တဲ့အတိုင်းဆိုတော့ မင်းနဲ့ကောင်မလေးဟာ တရားဝင် မဟုတ်သေးဘူးပေါ့။ တရားဝင်မဟုတ်ရင် တိတ်တိတ်ပုန်းပေါ့ ဟုတ်လား"

"ငါ နွားမဟုတ်ဘူး။ ဘယ်တော့မှလည်း နွားဖ...စ်မခံဘူးကွ"

"မြက်တောမှာ နေပေမယ့် *မြက်ကို မစားတာကတော့ ခြင်္သေ့ပဲရှိ*တယ်လို့ ကြားဖူးတယ်။ ဒီတော့ မင်းက ..."

"မင်းစကားအတိုင်း ငါက ခြင်္သေ့ပဲ။ မြက်တောမှာ နေပေမယ့် ဘယ်တော့မှ မြက်ကိုမစားဘူးကွ မှတ်ထား။ ဒီကောင်မလေးကို ငါအရေးတယူရှိနေတာဟာလည်း မိဘမဲ့ ရေမျောကမ်းတင်လေးဆိုပြီး သနားလို့ပါ။ ဘွဲ့ရတဲ့အထိ စာပေသင်ပေးမယ်ဆိုပြီးတော့မှ စီစဉ်ထားသေးတယ်။ သူ့ဆီက တစ်စုံတစ်ခုရယူမှု ပေးဆပ်မှုဆိုတာ ငါ့ဘဝမှာ ဘယ်တော့မှ မရှိစေရဘူး။ ငါ့ရဲ့ လူမှုရေးဖောက်ပြန်ခြင်းတည်းဟူသော ငါ့ရဲ့ကိုယ်ပိုင်သီလကိုလည်း ဘယ်တော့မှ အပျက်မခံဘူး"

"တော်တယ်။ တော်တယ်"

ဟုဆိုကာ ငကျော်က မောင်အေးချမ်း၏ခေါင်းကို ပုတ်၏။ မောင်အေးချမ်းက ခေါင်းကို စောင်းလှည့်ပြီး ဖယ်ပစ်သည်။ ငကျော်က မောင်အေးချမ်းအား မခို့တရို့ကြည့်ပြီး ...

"ကဲ ... ငါ မင်းကောင်မလေးကို ဒီတစ်မနက် လိုက်ရှာဦးမယ်။ ရလာရင်တော့ အရိုးနုနုနဲ့ ဝါးရတာပေါ့။ ငါမရရင် ကျားပဲဝါးပါစေတော့"

ဟုပြောပြီး ငကျော် ထွက်ခွာသွားလေသည်။ ငကျော်က မည်မျှအထိပင် လိုက်ရှာသော်လည်း ယုမေအား တွေ့နိုင်ဖွယ်မရှိပေ။ အဘယ်ကြောင့်ဆိုသော် ...

ဤနေရာနှင့် ငှက်ပျောတောစခန်းအကြားတွင် အနည်းဆုံး လေး



www.burmeseclassic.com

www.burmeseclassic.com

အကျော် ဝေးကွာပေလိမ့်မည်။ ဤသည်မှာ အဖြောင့်ခန့်မှန်းခြင်းသာဖြစ်သည်။ ခြေရာကို လိုက်ရှာနေရခြင်းမှုကား ရက်ချီ၍ ကြာသွားနိုင်သည်။ ထို့ကြောင့် တစ်မနက်စာမျှသာ ရှာဖွေရန်သွားသော ငကျော်သည် မည်သည့်နည်းနှင့်မျှ ယုမေကို တွေ့နိုင်ဖွယ်မရှိပေ။

သေနတ်သမားသည် မိုးမခပင်ကြီးအောက်သို့ မောင်အေးချမ်းအား ပြောင်းရွှေ့ပြီး ချည်နှောင်ထားသည်။ မောင်အေးချမ်းလည်း သူ့ထားသည့် နေရာမှာပင်နေသည်။ သို့သော် မောင်အေးချမ်းက မည်မျှအထိပင် အေးဆေးနေသော်လည်း လုံးဝစိတ်ချဟန် မရှိပေ။ အမြဲတမ်း သေနတ်ကို မောင်းတင်ထားသော မျက်စိဖြင့်ကြည့်နေသည်။

***

မနက် ၁၀ နာရီအချိန်တွင် ငကျော် ပြန်ရောက်လာသည်။ သေနတ်သမားက ဆီးမေးသည်။

"ဘယ်လိုလဲကွ ဆရာကျော်။ ကောင်မလေးကို မတွေ့ဘူးလား"

ငကျော်က ဘာစကားကိုမျှ မပြောနိုင်သေးဘဲ အင်္ကျီရင်ဘတ်ကို ကြယ်သီးဖြုတ်ပြီး ပုဆိုးကိုလည်း ခေါင်းထိမတင်ကာ ခေါင်းကို တစ်ချက်နှစ်ချက် ခါယမ်းလိုက်ပြီး သဲပြင်ပေါ်ငင် ခြေဖစ်လက်ပစ် ထိုင်ချလိုက်သည်။ ထို့နောက် ရင်ဘတ်ကို လေနှင့် တစ်ချက်နှစ်ချက်မှုတ်ကာ လက်နှစ်ဖက်ကို နောက်ပြန်ထောက်လိုက်ပြီး ...

"မစားသာဘူး မောင်ရေ။ ငါလည်း ကြိုးစားပြီး ကောင်မလေး ပြေးထွက်သွားတဲ့ တောင်ကြောတစ်ခုလုံးကို မွှေနှောက်လိုက်ရှာတာပဲ။ ဒါပေမယ့် မနေ့ကနဲ့ ဘာမှမထူးဘူး။ မနေ့က ခြေရာပျောက်သွားတဲ့နေရာကလွဲပြီး ဘာမှမတွေ့ရဘူး။ ထင်တဲ့နေရာ အတော်များများကို လိုက်ရှာတော့လည်း ဘာဆိုဘာမှ မတွေ့ရဘူး"

ဟု ပြောပြကာ တံတွေးတစ်ချက်ကိုလည်း ထွေးထုတ်လိုက်သည်။

"ဒီတော့ ဘယ်လိုဆက်လုပ်ကြမလဲ။ ကောင်မလေးကို ရအောင် ဆက်ကြိုးစားပြီး လိုက်ရှာကြဦးမလား"

ဟု သေနတ်သမားကမေးသည်။

"ဘယ်လိုလုပ်ပြီး ဆက်ရှာလို့ရမလဲကွ။ အဲလောက်ထိ ငါလိုက်ရှာတာတောင် အစအနတစ်ခုမှ မတွေ့ရပါဘူး ဆိုမှ"

"နောက်တစ်မျိုး ကြိုးစားကြည့်ရင် ကောင်းမလားလို့ပေါ့"

"ဘယ်လိုကြိုးစားမှာလဲ ဆိုစမ်းပါဦး"

"ဒီကောင် (မောင်အေးချမ်း)နဲ့ တည်ရင် ရချင်ရမှာပေါ့"

"ဟ ... ဘယ်လိုလုပ်ပြီး တည်မလဲကွ။ တည်တယ်ဆိုတာ သူရှိတဲ့နေရာကို အနည်းဆုံး သူရှိနိုင်တဲ့ ပတ်ဝန်းကျင်ကို သိရင်တော့ တစ်မျိုးပေါ့။ အခုတော့ ဘယ်ဆီကို ထွက်ပြေးမှန်းတောင် မသိနိုင်တဲ့ဥစ္စာ။ တော်ကြာ ဒီကောင်လွတ်ထွက်သွားမှ ပိုဆိုးနေဦးမယ်။ ဖွတ်မရ ဓားမရေထဲကျ"

သေနတ်သမားသည် သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး

"ဒီတော့ ဘာဆက်လုပ်ကြမလဲ"ဟု မေးသည်။

"ကောင်မလေးကိစ္စကို လက်လျှော့လိုက်တော့။ ဒီကောင် (မောင်အေးချမ်း)ကိုခေါ်ပြီးပဲ အောက်ကအဖွဲ့တွေ (မောင်အေးချမ်းနှင့် ယုမေတို့အား ရေလမ်းချောင်းဝဘက်မှ စောင့်ကြည့်နေကြသော လူများ)ဆီကို သွားမယ်။ ကောင်မလေးက အဓိကလည်း မကျပါဘူး။ အောက်ကအဖွဲ့တွေနဲ့ တွေ့ဆုံပြီးနောက် ရွာကိုပြန်ကြရုံပဲပေါ့"

"ကဲ ... ဒါဆိုရင် နေ့လည်စာ စားကြစို့"

ထမင်းဟင်းများမှာ မနက်စာက အပိုင်းသာ ဖြစ်၏။ သူတို့နှစ်ယောက် စားသောက်ပြီးနောက် မောင်အေးချမ်းကိုလည်း ကျွေးကြသည်။ ထို့နောက် ရေနွေး တစ်ယောက်တစ်ခွက်သောက်ပြီး တောထဲသို့ဝင်ကာ အဆင်ပြေသလို လျှောက်သွားကြရသည်။

လူသူ အရောက်အပေါက် နည်းသော တောနက်ကြီးထဲဖြစ်၍ မိုးရာသီမှာ လူများ လုံးဝ ရောက်ပေါက်နိုင်ခြင်း မရှိကြဘဲ နွေရာသီမှာသာ လူအချို့တို့ လျှော်ခွာ၊ ကြိမ်ခုတ်၊ ငါးဖမ်း ရောက်လေ့ရှိကြသည်။ ထိုလူများသည်လည်း နွေရာသီဖြစ်သောကြောင့် ချောင်းမကြီးကိုသာ လမ်းအဖြစ် အသုံးပြုသွားလာကြသည်။

ယခုမောင်အေးချမ်းအား ဆွဲခေါ်ပြီး သွားကြသည်မှာ ချောင်းလမ်းမ မဟုတ်ပေ။ ချောင်းမကြီးနှင့် မနီးမဝေး



www.burmeseclassic.com

www.burmeseclassic.com

သော တောတောင်ကမ်းပါးယံများ ***အတိုင်းသာ သွားနေကြခြင်း ဖြစ်***သည်။ ချောင်းမကြီးနှင့် မနီးမဝေးသော တောတောင်များဖြစ်၍ ပုတ်ပေါင်းများ ပိုမိုထူထပ်သည်။ ကမ်းပါးယံကြီးများသည်လည်း မတ်စောက်သည်။ ထို့ကြောင့် အသွားအလာလည်း ခက်သည်။

မောင်အေးချမ်းကို အလယ်တွင်ထားပြီး သေနတ်သမားက ရှေ့က၊ ငကျော်က ဓားရှည်ကြီးကို ဓားလွတ်ကိုင်ပြီး နောက်မှ လိုက်နေသည်။ မောင်အေးချမ်းကိုမူ ခြေထောက်နှစ်ဖက်ကို လုံးဝ လွတ်ထားပြီး လက်နှစ်ဖက်ကို ရှေ့ဘက်တွင်ထားကာ လှုပ်သာပုတ်သာ၊ ကိုင်သာတွယ်သာ ရှိရုံမျှ ချည်နှောင်ထားသည်။

သေနတ်သမားကို သေနတ်ကို မောင်းထိုးပြီး သတိဖြင့် ရှေ့မှသွားကာ ငကျော်လည်း ဓားရှည်ကြီးကို ကျစ်ကျစ်ဆုပ်ထားပြီး မောင်အေးချမ်း၏ အခြေအနေကိုသာ ကြည့်ပြီး နောက်မှ လိုက်သည်။ မောင်အေးချမ်းလည်း သူတို့၏ အခြေအနေကို အမြဲတမ်း အကဲခတ်ကြည့်နေသည်။ အခွင့်သာလျှင် သာသလို လုပ်မည်။

လူဆိုးများအားလုံး ဆုံမိကြမည့် နေရာသို့ အရောက်ခံ၍ မဖြစ်သလို သူ တို့ရွာသို့မူ လုံးဝအရောက်ခံ၍ မဖြစ်ပေ။ လူများများ၏ အဝိုင်းကို ခံရလေသောဘက်နှင့် နီးလေသည် ဖြစ်ပေမည်။ ထို့ကြောင့် သူတို့လူများနှင့် မတွေ့ဆုံ မပေါင်းဆုံမိနိုင်သော ဤခရီး၏အကြားတွင် ဖြစ်သည့်နည်းဖြင့် မောင်အေးချမ်း လှုပ်ရှားရတော့မည်။

***ထိုအခိုက်မှာပင် ကျားကြီးတစ်***ကောင်သည် ဆူညံသံကြီးနှင့်အတူ ဟိန်းဟောက်ပြေးထွက်လာပြီး နောက်မှ လိုက်နေသော ငကျော်အား ကုန်းပိုး၍ ခဲလေသည်။ မောင်အေးချမ်း လန့်ဖျပ်ပြီး ငေးလျက်သား ဖြစ်သွား၏။ သေနတ်သမားက ကျားကြီးအား ပစ်ခတ်ရန် ချိန်ရွယ်နေသော်လည်း ငကျော်ကို ထိမည်စိုး၍ ထင်သည်။ ချက်ချင်း မပစ်ဖြစ်ပေ။

မောင်အေးချမ်းက သည်အခိုက်ကို အခွင့်ကောင်းယူပြီး သေနတ်သမားအား ကျားကြီးဆီသို့ တွန်းချလိုက်လေသည်။ ကျားကြီးသည် ငကျော်အား ခေါင်းငုံ့ပြီး ခဲနေရာမှ သေနတ်သမားက သူ့ခါးကို လာဖက်သဖြင့် နောက်ပြန်လှည့်လာပြီး သေနတ်သမားအား ခဲပြန်လေသည်။ ထို့နောက် မောင်အေးချမ်းလည်း သုတ်ခြေ တင်လေသည်။

မောင်အေးချမ်းသည် လာလမ်းအတိုင်း ပြန်ပြေးပြီး နီးစပ်ရာအိုင်ထဲကို ခုန်ချ၏။ ထို့နောက် လက်မှာတုပ်နှောင်ထားသော ကြိုးကို ကျောက်စွန်းမှာတိုက်၍ ဖြတ်သည်။ ရေစိုသော လျှော်ကြိုးဖြစ်၍ အကြိမ်နှစ်ဆယ် သုံးဆယ်ခန့် တိုက်ဖြတ်မှ ပြတ်သွားသည်။ ကြိုးစများကို လက်မှ ဖြုတ်ချလိုက်ပြီး ပေါက်တန်ကောင်း ကျောက်ခဲလုံး သုံးလေးလုံးကို ပြေးကောက်ကာ နီးစပ်ရာ ချုံးရဲ့ဖုတ်နား ပြေးကပ်နေလိုက်သည်။

လူနှစ်ယောက်တွင် တစ်ယောက်ကို ကျားကိုက်၍ ကျန်တစ်ယောက်က လွတ်ပြီးသွားလျှင် အကိုက်ခံရသော လူသေပြီးသည်နှင့် ကျားသည် ထွက်ပြေးလွတ်မြောက်သွားသော လူ၏နောက်ကို ပြေးလိုက်ပြီး ကိုက်သတ်တတ်သော သဘောရှိသည်။ လူသုံးယောက်တွင် နှစ်ယောက်ကို ကိုက်သတ်နိုင်လျှင်လည်း လွတ်ပြေးသွားသော လူ၏နောက်ကို ပြေးလိုက်တတ်သော သဘောရှိသည်။

သုံးယောက်မှာ တစ်ယောက်ကိုသာ ကိုက်သတ်နိုင်ပြီး နှစ်ယောက်လွတ်ပြေးလျှင်ကား လိုက်လေ့မရှိပေ။ လွတ်ပြေးသွားသောလူ ထို့ထက်များလျှင်လည်း လိုက်လေ့မရှိပေ။ ယ... လူသုံးယောက်မှာ မောင်အေးချမ်းတစ်ယောက်တည်းသာ လွတ်မြောက်ထွက်ပြေးသဖြင့် ကျားကြီးသည် ... လူနှစ်ယောက်ကို အသေကိုက်သတ်ပြီးနောက် မောင်အေးချမ်း၏ နောက်လိုက်လာမည် မလွဲပေ။

ထိုအဖြစ်ကို သိထား၍ မောင်အေးချမ်းသည် လက်မှကြိုးများဖြုတ်သည်နှင့် ကျောက်ခဲများကို ကောက်ကာ ချုံးရဲ့ဖုတ် အကာအကွယ်ကိုယူပြီး ကျားကြီးအလာကို စောင့်ကြည့်နေလေသည်။ ဆက်လက်ထွက်ပြေးလည်း လွတ်နိုင်ဖွယ်မရှိသောကြောင့် ကျားကြီးအား ခံတိုက်သတ်ဖြတ်ရန် အသင့်စောင့်ကြည့်နေလိုက်သည်။

*(ဆက်လက်ဖော်ပြပါမည်။)*

မင်းပြည့်...



www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်ရက်သားသမီးများအတွက်
# ဆရာမ ဒေါက်တာစောယုနွယ်က ဆောင်ရွက်ပေးနေပြီ

အမိအဘတွေက ကိုယ့်သားသမီးတွေကို ဆင်းစီးမြင်းရံပြီး ဘဝခရီးတစ်လျှောက် ပန်းခင်းတဲ့လမ်းကို လျှောက်လှမ်းစေချင်တာ မမှတာပါပဲ၊ ဒါကြောင့် ကိုယ့်သားသမီးလေးတွေကို ကံဇာတာမြင့်မားစေတဲ့ ရက်တွေ၊ နေ့တွေမှာ မွေးစေချင်ကြပါတယ်၊ အဲဒီလိုကိစ္စတွေဖြစ်ခဲ့ရင် ဆရာမဒေါက်တာစောယုနွယ်ထံမှာ သင့်လျော်တဲ့ မွေးရက်ကို တွက်ချက်လိုက်ပါ။

## မွေးရက်ရွေးခြင်း

မွေးလာတဲ့ကလေးအတွက် မွေးသည့်အချိန်မှစလို့ လူမှုရေးပညာရေးတွေ ကောင်းစေဖို့ ဆောင်ရွက်ပေးပြီး မျက်နှာမြင်ချစ်ခင်စေ၊ နာမည်ကြီးရုံနှင့် လူတိုင်းက ဖြူစေမယ့် နာမည်ကောင်းတွေကို ရွေးလိုက်ပါ။

## ကလေးအမည်ပေးလှာ

မင်္ဂလာဆောင်မယ်တို့အတွက် နေကောင်းနဲ့ရက်သာကိုရွေးပြီး တစ်သက်မခွဲ ရွှေလက်တွဲရမယ့်အဆောင်။

## မင်္ဂလာရက်မြတ်လက်ထပ်ရက်ရွေး

အလုပ်ကြီးအကိုင်ကြီး ဆိုင်ကြီးကန္နားကြီးတွေအတွက်

## လုပ်ငန်းအမည်ပေး

ငွေကြေးအဆင်ပြေလို့ အိုးအိမ် အသစ်ဆောက်မယ့်အခါ။

## အိမ်ဆောက်ပန္နက်တင်မင်္ဂလာ

နာမည်ကျော်ကြား လူသိများပြီး ဝင်ငွေကောင်းစေမယ့်

## အနုပညာရှင်တို့၏ အမည်ပေးလှာ

စသည့်အကြောင်းအရာတို့ကို စနစ်တကျ တွက်ချက်ဆောင်ရွက်ပေးနေပါပြီ၊ နယ်မှ ဆောင်ရွက်လိုသူများ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါလျှင် စာတိုက်၊ မော်တော်ကား စသည့်ရောက်ရှိမည့် လမ်းကြောင်းများနှင့် ပြန်လည်ပေးပို့နေပါပြီ။

ချမ်းသာကိုယ်စိတ်မြဲပါစေ • • • •

**ဆရာမဒေါက်တာစောယုနွယ်**

အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)

ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၁-၆၄၃၀၁၀

www.burmeseclassic.com

www.burmeseclassic.com

# မြမြဝိုင်း

## ကျွဲခတ်ခံရသော ကျား



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲခတ်ခံရသော ကျား

—■ မြမြလှိုင်

ဝှန်း -----

မီးတောင်တစ်ခု အရှိန်ပြင်းစွာ ပေါက်ကွဲသွားသည်။ ပူလွန်းသည်။ ပြင်းထန်လွန်းသည်။ တောင်တစ်ခုလုံး မှုန်တွက်မတတ်၊ အပူရှိန်ကြီးမားလွန်း လှသည်၊ ချော်ရည်၊ ချော်ခဲတို့ လွင့်စင် ကုန်သည်။ သည်မီးတောင်ပေါက်ကွဲမှု အရှိန်သည် ပြင်းထန်လွန်းသည်။ ဆက်၍ရက်ဆက် လွင့်စင်ကျလာသော ချော်ရည်ပူတို့မှာ ပတ်ဝန်းကျင် မြေပြင် တစ်ခွင်လုံး မီးချော်ရည် ချောင်းစီးကုန် ၏ သဘာဝအန္တရာယ်သည် အမြဲ အစ ပေါက်ကွဲခြင်းမရှိ၊ အရှိန်အဟုန် သည် ပြီးပြတ်သွားသည့်အခါတွင် မီးတောင်ထိပ်ဝကအစ အေးဆေး တည်ငြိမ်သွားသည်။

ဂျမ်း---ဂျမ်းမရင်ထဲက မီး တောင်သည် နေ့စဉ်ရက်ဆက် မပြတ် အောင် ပေါက်ကွဲလုလု၊ အရှိန်အဟုန်က အရုံနွေးနွေးဖြစ်နေသည်။ စိတ်ကို တည်ငြိမ်အောင်ထားကြည့်သည် မရ။ ခါသစိတ်ကို တတ်နိုင်သမျှ ထိန်း ကြည့်သည်၊ မရ။ ရင်ထဲ အသည်းထဲ ကက တသိမ့်သိမ့် တစိမ့်စိမ့်ခံစားရ သည်၊ အတိုင်းအတာများစွာ ပြည့်ဆည်း နေသည်။ ဘဝအခြေအနေ နှံချာမှုကို လည်း ရင်ထဲက နာကျင်မိသည်။ ကြမ်းတမ်းလှသည့် သူ့ဘဝတွင် အမည်ကိုက "ဂျမ်းမ" ဖြစ်နေသည်။ အမေသည် သူ့အား ဂျမ်းမဆိုသည့် အမည်ကို ဘာကြောင့်များ မှည့်ပေး ရသည်ကို အမေ့ကို သူမေးကြည့်ဘူး သည်။ တစ်ဦးတည်းသော သမီးလေး ဖြစ်သည်။ သူ့ကို အဖေနှင့်အမေသည် နာမည်လှလှပေးဖို့များ မေ့သွားလေ သလား။

"ခဏခဏပေါက်ပေါက်ရှာရှာ လာမမေးနဲ့ညည်းက ငယ်ငယ်လေးထဲ က ကြမ်းကြမ်းတမ်းတမ်းနေတတ် တော့ လွယ်လွယ်ကူကူပဲ မှည့်လိုက် တာ---"

ရှည်ရှည်ဝေးဝေးမပြော၊ မဖြေ၊ လိုရင်းတိုရှင်းကိုသာ အမေက အဖြေ ပေးသည်။

အမေသည် သားသမီးသုံးယောက် မွေးသော်လည်း ဂျမ်းမတစ်ယောက် သာ အဖတ်တင်သည်။ မြို့နှင့်ဝေးကွာ လှသော တောင်ပေါ်သားတို့အတွက် သဘာဝကပေးသော အစားအစာကို သာ အဟာရဖြစ်ရန် စားသောက်ကြ ရသည်။ အဖေသည် ဂျမ်းတို့သားအမိ အား အလုပ်မျိုးစုံလုပ်ပြီး ရှာဖွေကျွေး သည်။ အထူးသဖြင့် ဒူးလေးတစ် လက်ကို ပိုင်ပိုင်နိုင်နိုင်ကိုင်နိုင်သူဖြစ် ၍ မုဆိုးအဖြစ် အမဲလိုက်၍လည်း ရှာဖွေကျွေးသည်။ အဖေ အမဲလိုက်ရာ တွင် သူများတကာတွေလို သေနတ်၊ ဓားတို့နှင့် မလိုက်၊ အဖေကျွမ်းကျင် သည်က ဒူးလေးဖြစ်သည်။

ဂျမ်းမသည် အရွယ်ငယ်ငယ် သိတတ်စထဲက အဖေရလာသော သားကောင်များကို မီးမြှိုက်၊ အမွေး နုတ်၊ သွေးသံရဲရဲနှင့် ခုတ်ထစ်သည် ကို မြင်နေရ၍ ထူးထူးဆန်းဆန်း မဖြစ်၊ အမြင်က ရိုးနေပြီ။ အဖေကိုင် သည့် ဒူးလေးမှာ နှစ်မျိုးဖြစ်သည်။ ခပ်ဝေးဝေးကို ပစ်ခတ်နိုင်ရန်အတွက် ကိုင်းရှည်တို့ အသုံးပြုသည်။ အသုံးပြု သည့် မြားတံသည်လည်း အရှည် ဖြစ်သည်။ မြားတံကို ဝါးဖြူဖြင့် ပြုလုပ် ကာ အဆိပ်ရည်သုတ်ထားသော စဉ့် သွားကို မြားတံထိပ်တွင် တပ်ထား သည်။

"အဖေ---ဘာဖြစ်လို့ အမဲ လိုက်တာ သေနတ်ကို မသုံးတာလဲ၊ သူများတွေ အမဲလိုက်တာ သေနတ်သုံး ကြတယ်"

"ဂျမ်းမရယ်---တယ် သိချင် တာပဲ"

တစ်ခါတစ်လေ ဂျမ်းမ သိချင်၍ မေးလျှင် စိတ်နှင့်အခန့်သင့်ပါက ဂျမ်းမကို အဖေရှင်းပြသည်။ သေနတ် နှင့်ပစ်၍ သားကောင်ကို ချက် ကောင်းမမှန်လျှင် မျက်စိမမွဲသော ကြောင့် မုဆိုးအားပြန်ပြီး ခံရန်ရှာ တတ်သည်။ ဆိပ်လူးမြားမှာ ခန္ဓာ ကိုယ်၏ မည်သည့်နေရာကိုပဲ ထိမှန် ပါက အဆိပ်သင့်ကာ သေနိုင်သလို ချက်ချင်း မသေသေးလျှင်လည်း အဆိပ်ဒဏ်ကြောင့် မျက်စိတွေဝေဝါး ဖြစ်နေစဉ် လက်နက်ဖြင့် ထိုးခုတ်သတ် လို့ ရသည်ဟုပြောသည်။

အဖေအမဲလိုက်ထွက်မှ ဂျမ်းမတို့

www.burmeseclassic.com

www.burmeseclassic.com

သားအမိ ဟင်းစားအတွက် အသားစားရသည်။ တစ်ခါတစ်လေ ထောင်ချောက်နှင့် ဖမ်း၍ရသည့် သားကောင်တို့ကို သတ်ဖြတ် ခုတ်မလှီးခင် သားရေတို့ကို ခွာပြီး ပုံစံမပျက် အခြောက်လှန်းကြသည်။ အသားများကို အနေတော်အမြှောင်းပြုလုပ်ကာ မီးဖိုပေါ်တွင် ကြပ်တင်ထားသည်။ ခြောက်သွေ့လျှင် ဝါးဖြင့်ယက်လုပ်သော ခြင်းတောင်းတို့တွင် သိမ်းသည်။

ဂျမ်းမက အမဲငါးပိကို ပိုကြိုက်သည်။ အမဲငါးပိမှာ အမဲသားပုပ်အဲ့အဲ့ကို ဆားအနည်းငယ်ထည့်နယ်ပြီး ဝါးကျည်ထောက်အကြီးတို့ထဲသို့ ထည့်ကာထောင်းပြီး သွပ်ရသည်။ ကျပ်သိပ်အောင် သွပ်ပြီး ကျည်တောက်အဝကို သေချာဖုံးပြီး မြေကြီးထဲတွင် မြှုပ်ထားရသည်။ အသားထဲမှ သားငံရည်တို့ မြေကြီးထဲသို့ စိမ့်ဝင်ကြသည်။ သုံးရက်လောက်ကြာလျှင် အရသာရှိသော အမဲငါးပိကို ရလေသည်။ အမေသည် အမဲအသားအချို့ကို နုတ်နုတ်စင်းကာ ထမင်းကြမ်း ဆားအနည်းငယ်ထည့် တောင်ဝင်ဖက်များဖြင့် ထုပ်ကာ အချဉ်တည်သည်။ လေမဝင်အောင် ထားရသည်။

ပင်ပန်းလွန်းသော အဖေ့အတွက် ယမကာသည် အပန်းဖြေဆေးဖြစ်လာသည်။ ပင်ပန်း၍သောက်သည်။ မော၍သောက်သည်။ ထို့နောက် ကြိုက်လာ၍သောက်သည်။ တဖြည်းဖြည်းနှင့် ယမကာကို မသောက်ရမနေနိုင်အောင် ဖြစ်လာသည်။ အစားအသောက် အားမရှိသောအခါတွင် အဖေ့ခန္ဓာကိုယ်သည် အားအင်နိုင်ခံ့မှု နည်းလာသည်။ သားကောင်ကြီးတွေဖမ်းဖို့အတွက် အဖေ့အင်အားက မနိုင်ဝန်ကို ထမ်းရသလိုဖြစ်ပြီး မျက်စိအကြည့် မွဲလာသည်။ ထောင်ချောက်ဆင်ကာဖမ်းရသော အကောင်ငယ်လေးများကိုပင် အဖေလုပ်ကိုင်နိုင်ခြင်းမရှိတော့ပေ။ ဂျမ်းမနှင့် အမေသာလျှင် သွေးသံရဲရဲကို ကိုင်ရ၊ ခုတ်ထစ်ရသည်။ အစားအသောက်မစားချင်သည့် အဖေ့အတွက် ယမကာကပင် ဝင်လာမည့် ရောဂါကို အားဖြည့်နေသည်။ ဖျောင်း တဟွတ်ဟွတ်ဆိုးလာသည်။ ညနေစောင်းလျှင် ခန္ဓာကိုယ်၏ အပူရှိန်က မြင့်လာသည်။ အရိုးပေါ်အရေတင်ဖြစ်လာသော အဖေ့ခန္ဓာကိုယ်သည် လပိုင်းလေးအတွင်းမှာပင် အခြေအနေက ပိုဆိုးလာသည်။ ရွာရှိဆေးဆရာလည်း ဆေးမတိုး။ သို့နှင့် တစ်နေ့ ချောင်းအကြီးအကျယ်ဆိုးပြီး ပါးစပ်မှ သွေးရည်၊ သွေးခဲတို့ အန်ကျကာ အသက်ပါ ပါသွားတော့သည်။

ဂျမ်းမနှင့် အမေသည် အဖေရှာလာသည့် သားကောင်၊ အမဲကောင်တို့ကိုသာ ခုတ်ထစ်၊ လှီးဖြတ်၊ ကြပ်တင်၊ အခြောက်လှမ်း ငါးပိ၊ ငါးချဉ်လုပ်တတ်သည်။ အမဲမလိုက်တတ် သားကောင်မရှာတတ်။ အဖေဆုံးပြီး လေးငါးလကြာလာသည်နှင့် အမျှ နေ့ရေးက တဲကြီးရှိသော်လည်း စားရေးက အဆင်မပြေဖြစ်လာသည်။ သိမ်းထားသည့် အခြောက်အခြမ်းတို့ကလည်း ကုန်ပြီ။ ခြံစည်းရိုးတောင်ယာတွေထဲမှာရှိသော ဟင်းသီးဟင်းရွက်တို့ကိုလည်း စားရတာ ဂျမ်းမဝမ်းထဲ မျိုမကျဖြစ်လာသည်။

"အမေတို့ ရွာပြန်ကြမယ်"

အမေက ထူးထူးဆန်းဆန်း စကားဆိုသည်။ ဂျမ်းမ သိတတ်စကတည်းက ဒီတောင်ယာနှင့် ကျွမ်းဝင်ခဲ့သည်။ တောင်ပေါ်မှ စားစရာဆိုတာကို ဂျမ်းမ စားရသည်။ ရုပ်ရည်ကြမ်းတမ်းသော အဖေ့အသွင်နှင့် ဖြူဖျော့သေးသွယ်သည့်အမေ။ ထိုနှစ်ယောက်ဖူးစာဆုံ ကြသည်။ ဂျမ်းမကို မွေး သည်။ ဂျမ်းမ သိတာက အဖေနှင့် အမေတို့အကြောင်း။ ယခုတော့ အမေ က သူနေခဲ့သည့် ရွာကို ပြန်မည်ဟု ပြောလာသည်။

"ဘယ်ကရွာကို ပြန်မှာလဲအမေ"

"မြစ်ဝကျွန်းပေါ်ဘက်က ရွာလေး ပေါ့၊ ခန္ဓကုန်းလို့ခေါ်တယ်"

အမေပြောသည့်ရွာကို လည်း ဂျမ်းမ မသိ။ မြစ်ဝကျွန်းပေါ်ဆိုတာ လည်း ဂျမ်းမ နားမလည်။ ဂျမ်း ကျင်လည်ခဲ့ရသည့် ပတ်ဝန်းကျင် တောင်ပေါ်မြေ၊ မြေကြမ်း၊ မြေရိုင်း အစားအသောက်ချို့တဲ့သည့်နေ သားကောင်တွေကို သတ်ဖြတ်၊ အ မျိုးလုပ်ခဲ့ရသော ဝန်းကျင်တွင် ဂျမ်း အသက်ဆယ်နှစ်အထိ တွေ့ကြ ရသည်။

"ညည်းနဲ့ အမေ အဲဒီကို ပြ မယ်၊ အမျိုးတွေရှိသေးတယ်၊ သူ နေတဲ့ ဝိုင်းလေးထဲမှာပဲ တဲထိုး ငါးဖမ်းမယ်၊ ရောင်းမယ်"

အမေ့စိတ်ကူးကို အကော အထည်ဖော်ရန် အမေတစ်ယော ပြင်ဆင်တော့သည်။ အမေနေသ ရွာကို အဖေက တောကောင်တွေ ဆေးဖက်ဝင်ပစ္စည်းလာရောင်းရင်း အမေ့ကို သဘောကျကာ ချစ်ခ ပြီး ခိုးပြေးလာခဲ့ခြင်းဖြစ်သည် အမေက ဂျမ်းမကို ပြောပြသည်။

× × × × × × × ×

အမေ့ရွာ ဦ ရောက်လာကြသည်

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားချင်းတို့က ဆယ်နှစ်ကျော် ကျော် ပျောက်သွားသော အမေ့ကို စိမ်းကြသည်။ နွေးထွေးစွာ ကြိုဆိုခြင်း မရှိကြ။ မတတ်သာ၍ အမေ့မိဘတွေ ပိုင်ဆိုင်ခဲ့သည့် ခြံဝိုင်းအတွင်းမှာပင် တဲတစ်လုံးထိုးခွင့်ပြုကြသည်။ သားအမိ နှစ်ယောက်နေလောက်ရုံလေးရှိသည်။ သားအမိနှစ်ယောက်၏ ကိုယ်ပိုင်ပစ္စည်း ဆို၍ ကျောပိုးလာသောအထုပ်တွေ သာပါလာသည်။ အသုံးမလို၍ ခြစ်ခြစ် ကုပ်ကုပ်စုဆောင်းထားသည့် ငွေကြေး အချို့ကို လိုအပ်တာလောက်သာဝယ် ပြီး နေကြရသည်။

ဂျမ်းမတို့ သားအမိနှစ်ယောက် အတွက် ချောင်းရိုးအတိုင်း ငါးဖမ်းရ သည့် အနေအထားကိုရသည်။ လယ် မရှိ၊ ယာမရှိ။ သို့သော် ဂျမ်းမတို့ အတွက် ချောင်းကရှိသည်။ အလို အလျောက်ပေါက်နေသည့် ဟင်းစား အသီးအရွက်တွေကလည်းရှိသည်။ ဂျမ်းမအဖို့ ငါးဖမ်းပြီးစားရလျှင်လည်း စားမည်။ အဓိက,က ဝမ်းရေးအဆင် ပြေဖို့ဖြစ်သည်။ သားအမိနှစ်ယောက် မနက်စောစောထကာ ငါးဖမ်းထွက် ကြရသည်။ မနက်သုံးနာရီလောက် တွင် စောစောထကာ သူများတွေထက် ဦးအောင် ငါးရှာထွက်ရမည်။ ဝါဆို၊ ဝါခေါင်လများတွင် မြစ်ရေလျှံလာလျှင် အနီးတဝိုက်ရှိ ကွင်းများ၊ ချောင်းများ ထဲသို့ စီးဝင်လာသည့် ရေနှင့်အတူ ငါး၊ ပုစွန် အကြီးအသေးတို့ပါရောပြီး ပါလာကြသည်။ သားအမိနှစ်ယောက် ချောင်းထဲသို့သာ ငါးဖမ်းကြသည်။ ကွင်းဘက်သို့ လုံးဝခြေဦးမလှည့်ကြ ပေ။

"အမေ --- ဒါ ဘာလဲဟင်"

"ငါးဖမ်းတဲ့အရာလေ၊ ဆောင်းလို့ ခေါ်တယ်၊ အမေ့အသိတစ်ယောက် ဆီက ဝယ်လိုက်တာ၊ သူမှာပိုနေတာ ရှိတာနဲ့"

ဂျမ်းမ တွေ့သည့် ငါးဖမ်း၍ရ သော ဆောင်းဆိုသည်မှာ ခြင်း တစ်မျိုးဖြစ်သည်။ ဘူးသီးပုံသဏ္ဌာန် ရှိသည်။ ဖင်ပိုင်းကိုတိတိပိုင်းဖြတ် ထားသောပုံရှိသည်။ ထိပ်ပိုင်းတွင် လူ၏ လက်တစ်နှိုက်စာအပေါက် ကျဉ်းကျဉ်းတစ်ပေါက်ကို ဖွင့်ထား သည်။ ဝါးနီးကြမ်းဖြင့် ငါးတိုးမထွက် နိုင်အောင် ခပ်စိပ်စိပ်ယက်ထားသည်။ လက်နှိုက်ပေါက်ကို ငါးပြန်မထွက်နိုင် ရန် ပြုလုပ်ထားသည်။ ဂျမ်းမတို့ သားအမိ ချောင်းရိုးတစ်လျှောက်တွင် ငါးတိုးပေါက်ဖွင့်ကာ တံငါသည် သားအမိ (သို့မဟုတ်) ငါးစိမ်းသည် သားအမိဖြစ်လာကြသည်။

"အမေ---ကျုပ်ကိုဘာပြော လိုက်တာလဲဟင်"

"ငါ နောက်အိမ်ထောင်ပြုမလို့"

ဂျမ်းမ အမေ့စကားကြောင့် အံ့အားသင့်သွားသည်။ ရွာထဲက ပြောဆိုသံတွေကို ငါးရောင်းထွက်ရင်း က ဂျမ်းမကြားသည်။ မယုံခဲ့။ အမေ့ အသက်က လေးဆယ်နားနီးပြီ ၊ဂျမ်းမ ပင် အပျိုဖော်ဝင်လာပြီ။

"အမေရယ် ကျုပ်ရှိရက်သားနဲ့ ဘာဖြစ်လို့ နောက်ထပ် ယောက်ျားယူ ချင်ရတာလဲ"

"ငါတို့ နှစ်ယောက်ထဲနေရတာ မသင့်တော်ဘူး။ သန်းလှဆိုတာ ငါနဲ့ ငယ်သူငယ်ချင်း၊ သူကလည်း မိန်းမ မရှိတော့ဘူး"

အမေကပြောသည့်အတိုင်း တကယ်ပင် နောက်အိမ်ထောင်ပြု လိုက်သည်။ သန်းလှဆိုသူကို ဂျမ်းမ သိပါသည်။ ရသမျှ ငါးတချို့ကို အမေ့ ဆီက လာငှာရောင်းပေးသူဖြစ်သည်။ သန်းလှဆိုသူ၏ ပုံသဏ္ဌာန်၊ ဟန်ပန် အမူအယာနှင့် စကားပြောပုံဆိုပုံကို ဂျမ်းမကမကြိုက်။ အမေကလည်း ထို လူကြီးလာလျှင် အမြဲတမ်း တင်းမာ နေတတ်သည့် အမေ့မျက်နှာတွင် အပြုံးရိပ်တို့ ဝေနေသည်။ သန်းလှ ဆိုသူကလည်း အမေ့အနားတွင် ထိုင်ပြီး ပါးစပ်ကိုဖြဲပြီး စကားတွေက ပြောမကုန်တော့ပေ။

"အိမ်ပြောင်းကြမယ်"

"ကျုပ်တို့က ဘယ်အိမ်ကို ပြောင်းကြမှာလဲ အမေ"

"ရွာနောက်ပိုင်းက ကွင်းစပ်ဘက် ကိုပြောင်းမယ်၊ အဲဒီမှာ ကိုသန်းလှက တဲထိုးမယ်၊ သူကလည်း မှဆိုးဖို၊ ကလေးလည်းမရှိတော့ ညည်းကို သမီးလေးလို ချစ်မှာပါတဲ့"

ယုံကြည်မှု၊ အားကိုးမှုတွေနှင့် အမေက သူ့နောက်ယောက်ျားကို အယုံ ကြီးယုံကာ အပုံကြီးပုံလိုက်သည်။ ရွာ နှင့်ဝေးသည့် ကွင်းစပ်တွင် တဲတစ်လုံး ထိုးနေကြသည်။ ရောက်ခါစက နေခဲ့ သော သူများအိမ်ဘေးက အဖီတဲနှင့် စာလျှင် နေရတာအသက်ရှူချောင် သည်။ ပါလာခဲ့သမျှနှင့် ငါးရောင်းပြီး ရသလောက်ခြစ်ချုပ်စုထားသည့် ငွေ လေးကို သူ့ယောက်ျားကို အားကိုးစွာ ဖြင့် အပ်လိုက်သည်။ တဲလေးအတွင်း ဝယ် အသုံးအဆောင်ပစ္စည်းလေးတွေ စုံလာသည်။

"ကျေနပ်သလား သမီး"

"ဟဲ့ မေးနေတာဖြေလိုက်လေ၊ ဒီကောင်မလေးက သိပ်ရိုင်းတာ၊ လူကြီးကို လူကြီးမှန်းမသိဘူး"

ဂျမ်းမအမေ့ကိုကြည့်ပြီး အံ့အား



www.burmeseclassic.com

www.burmeseclassic.com

သင့်သွားသည်။ တစ်ခါဘူးမျှ အမေသည် ဒီလိုဆုံးမစကားမျိုး ဂျမ်းမကို မပြောခဲ့။ ဂျမ်းမနေတတ်သလို ဖြေတတ်သလိုသာ ထားကြသည်။ ယခုတော့ ပြောတတ်သလို ပြောလိုက်သည် ကိုပင် ရိုင်းတယ်ဟု ပြောပြီ။

"သမီးလေးက ငယ်သေးတာပဲကွယ်၊ ဘယ်သိပါဦးမလဲ မိန်းမရယ် စိတ်ထဲမှာ ဘာမှမထားပါနဲ့"

အမေက ကျေနပ်သွားသည်။ အခန်းဖွဲ့ထားသော အခန်းက နှစ်ခန်း၊ နည်းနည်းကျယ်သည့် အခန်းတွင် အမေနှင့် သူယောကျ်ားတို့နေသည်။ နောက်အခန်းငယ်ငယ်တစ်ခန်းကိုတော့ ဂျမ်းမအား နေစေသည်။ ဒီလူကြီးရောက်လာမှ ဂျမ်းမအမေနှင့်ခွဲ အိပ်ရတော့သည်။ မွေးလာကထဲက အမေ့ရင်ခွင်မှာ အိပ်ခဲ့သည်။ ယခုတော့ ဂျမ်းမအတွက် အမေနေရာ မပေးတော့ပေ။ လူနေအိမ်ခြေနှင့် ဝေးသောကွင်းစပ်တွင် ဂျမ်းမတို့ သုံးယောက်ထဲသာရှိသော တဲအိမ်မှာ အမေ့ နောက်ယောကျ်ားက ဘုရင်တစ်ဆူလို မင်းမူချင်လာသည်။ အရွယ်လေး ရောက်စပြုလာသည့် ဂျမ်းမကို ချုပ်ချယ်ချင်လာသည်။ အလှအပအတွက် တတ်သမျှနှင့် ပြင်ဆင်လျှင် အပြစ် ပြောချင်သည်။

"မိန်းကလေးဆိုတာ ဣန္ဒြေရရနေရတယ်၊ အလှအပပြင်ဆင်ပြီး ရွာထဲသွား အိမ်လည်တာမျိုး မလုပ်နဲ့၊ ငါရွာထဲသွားတော့ ကိုသန်းလှသမီး ဂျမ်းမက လှလာတယ်လို့ပြောကြတယ်၊ အဲဒါ နင်အနေအထိုင် မတတ်လို့ပေါ့"

"သူလည်း အရွယ်ရောက်လာပြီပဲ ယောကျ်ားရယ်၊ အလှအပတော့ ပြင်ချင်မှာပေါ့၊ ကြိုက်တဲ့သူရှိလည်း ပေးစားလိုက်မယ်လေ"

"တော်စမ်း၊ ဒီစကားနောက်တယ် တော့မှ မပြောနဲ့၊ ငါမကြိုက်ဘူး"

ဒေါသအကြီးအကျယ်ထွက်ပြီး အော်ဟစ်ပြောဆိုကာ ကိုသန်းလှ ထွက်သွားသည်။

"ကဲအေ ညည်းကလည်း အနေအထိုင်ဆင်ခြင်ပေါ့၊ သူမကြိုက်ရင် မသွားနဲ့"

"အမေကလည်းလေ အမေ့ယောကျ်ားရဲ့စကားကိုပဲ နားဝင်နေတယ်၊ ကျုပ်ရွာထဲသွားတာ ငါးဖိုးတောင်းဖို့ရယ်၊ ငါးပိကောင်လုပ်ဖို့အတွက် ဆားလိုတာနဲ့ ဦးကောက်ဆိုင်က ဆားသွားဝယ်တာ"

"ငါးစည်ထဲမှာ လှောင်ထားတဲ့ ငါးတွေရှိသေးလား၊ အဲဒီ ငါးစည်ကြီးရှိတာ အတော်ပဲ၊ ကိုသန်းလှက ငါးတွေ ရတုန်းရခိုက် ဖမ်းထားပြီး ရွာထဲသွားရောင်းတဲ့အခါမှာ လတ်လတ်ဆတ်ဆတ် ရောင်းရတာပေါ့"

ဂျမ်းမနှင့် အမေက မနက်အာရုံမတက်ခင်၊ စောစောထပြီး ငါးဖမ်းထွက်ရသည်။ သစ်သားစိမ်းတုံးတစ်တုံးအား ကြိုးဖြင့် ချည်နှောင်ပြီး ငါးခြောက်ရသည်။ ငါးများရေထဲမှ ကြောက်လန့်ပြီး ရွှံ့ဗွက်ထဲသို့ တိုးဝင်ကြသည်။ ထိုအခါ ရွှံ့ဗွက်ထသော နေရာတွင် ငါးတိုးဝင်ပြီကို သိလျှင် အမေက ဆောင်းနှင့် ရွှံ့ထဲသို့ နှစ်အုပ်ပြီး အပေါ်ဘက် လက်နှိုက်သည်။ အပေါက်မှ ငါးကို နှိုက်ယူကာ ဂျမ်းမ လွယ်ထားသော အိတ်ထဲသို့ ထည့်သည်။ ငါးအချိန် သုံးလေးပိဿာ လောက်ရလျှင် တစ်နေ့စာရောင်းရန်အတွက် ငါးကို လိုသလောက်သာ ယူပြီး ကျန်ငါးအရှင်များကို ငါးစည်ကြီးထဲတွင် ထည့်ထားသည်။ ထိုငါးစည်ကို တဲ၏ နောက်ဖက် မြေကြီးပေါ်တွင် စည်၏အဝ နှုတ်ခမ်းသားတစ်ထွာသာသာလောက် ပေါ်ရုံထားပြီး အပေါ်မှ ဖုံးသည့်အဖုံးကို သစ်သားဖြင့် အံကိုက်ပြုလုပ်ကာ ဖုံးသည်။ ငါးများလေရှူပေါက်အတွက် သစ်သားစပ်ကြားပေါက်မှ လေရှူလို့ရသည်။

ရောင်းလို့ရသမျှကို အိမ်တွင် အမြီနှံ့သားထိုင်ပြီး ငွေကိုယူကာ သူ့အတွက် အရက်ဖိုး၊ ဖဲဖိုးကို စိတ်ကြိုက်ယူသည်။ ဟင်းမကောင်းလျှင်လည်း အမေ့ပါးနှစ်ဖက်တွင် သနပ်ခါးကို ပါးကွက်မကွက်နိုင်၊ လက်ငါးချောင်းရာ အပြင်းစား ဒဏ်ချက်ကိုသာတွေ့ရသည်။ မျက်ရည်တစ်စက်မကျ အံခဲပြီး ကျိတ်မှိတ်ခံသောအမေ့ကို မြင်ရလျှင် ဂျမ်းမရင်ထဲ ဒေါသလောင်မီးက အရှိန်ညီးညီးတောက်လောင်လာသည်။

မနက်စောစော ငါးဖမ်းထွက်ပြီး ရွာထဲသို့ ငါးရောင်းရန်အတွက် အမေထွက်သွားသည်။ အမေက ဈေးရောင်းပြီး ပြန်လာလျှင် ဂျမ်းမအတွက် အင်္ကျီထဘီတို့ ဝယ်လာမည်ဟုပြောသည်။ ကိုသန်းလှအတွက်လည်း အရက်ဝယ်ခဲ့ရဦးမည်ဖြစ်၍ အမေက သူကိုယ်တိုင် ဈေးရောင်းထွက်ခြင်းဖြစ်သည်။ အိမ်အလုပ်ကိုလုပ်စရာရှိတာလုပ်ပြီး ဂျမ်းမတစ်ယောက် သူ့အခန်းလေးထဲတွင် ခဏလှဲနေသည်။ မှေးခနဲ အိပ်ပျော်သွားသည်။ မကြာမီ ဂျမ်းမအိပ်မက်ဆိုးတွေ မက်သည်။ ထမင်းလုံးတစ္ဆေခြောက်သလို ခံစားရသည်။ အသိတစ်ချက် လွတ်သွားသည့်အတွက် ဂျမ်းမဘာဝပျက်ရသည်။

"ဦးကြီးက ဂျမ်းမလေးကို



www.burmeseclassic.com

www.burmeseclassic.com

[illegible]ယ်ချစ်တာ၊ အပျိုစင်လေးပဲလို့ [illegible]ချင်တာပေါ့၊ ညည်းရဲ့အမေက ငါးပိ[illegible] ညှီစော်နံတယ်၊ ဟောဒီလို [illegible]ပ်ခါးနံ့သင်းတဲ့ ပါးပြင်လေးကို မွှေး[illegible]တာ ရင်ထဲကို အေးသွားတာဘဲ”

အောင်သေ အောင်သားစားရင်း [illegible]ခါးဖွယ်ရာ ရင့်ကျူးလိုက်သော [illegible]ကားသံနှင့်အတူ စည်းစိမ်ယစ်ကာ [illegible]ပ်မောကျလို့သွားပြီ။ ဂျမ်းမအမေ့ [illegible]ထိုင် မျက်ရည်မကျ အံကိုတင်းတင်း [illegible]ကြိတ်လိုက်သည်။

× × × × × × × × ×

“ဟောဒီ သန်းလှတစ်ယောက် [illegible]လေ ဘယ်တွေလျှောက်ပြီး အလေ [illegible]လိုက်ပြန်ပြီလည်း မသိဘူး၊ အိမ်ကို ပြန်မလာတာ သုံးရက်လောက်ရှိပြီ”

“အမေ့ယောကျ်ားက ဘယ်တုန်း [illegible]များ အမေ့ကိုပြောပြီး သွားလို့လဲ” သူသွားချင်ရာကို လျှောက်သွားနေ တာပဲလေ”

ဂျမ်းမက အမေ့ကို ပြောလိုက် သည်။ အမေ့ယောကျ်ား၏ အကြောင်း ကိုပြောလျှင် ရင်ထဲမှာ ရွံရှာစက်ဆုပ်၊ နာကျင်စွာခံစားရသည်။ သူ့ကို စော် ကားပြီးနောက် သန်းလှ၏ မျက်နှာကြီး က ဂျမ်းမ မျက်စိထဲတွင် ပျောက်ပျက် ၍ မသွားပေ။ အမေကတော့ သူ့ ယောကျ်ား ပြန်လာမည့်လမ်းကို မှန်းဆ ပြီးမျှော်နေသည်။

ငါးရောင်းမထွက်ရတာ လေးရက် လောက်ရှိပြီ။ ချောင်းထဲကရသမျှ ငါးကို ဂျမ်းမပင် အနီးအနားသို့ သွားရောက်ကာ ရောင်းချသည်။ အမေ ကတော့ သူယောကျ်ားကို မျှော်ပြီးရင်း မျှော်နေသည်။ အမေရွာထဲသို့သွားပြီး စုံစမ်းသည်။ အနီးနားဝန်းကျင်သို့ လည်းမေးသည်။ သတင်းအစအန တစ်ခုမှမရ။

“ငြိမ်းမေ---ငြိမ်းမေရေ”

“ဟော ရွာထဲက လူကြီးတွေ လာနေတယ်၊ ဂျမ်းမရေ ဖျာချပ်လေး ခင်းလိုက်ဦး၊ လာ လာ ဦးကြီးတို့ ဘာကိစ္စလဲ”

ရွာထဲမှ လူကြီးသုံးယောက် အိမ် ပေါ်တက်လာသည်။ အိမ်ရှေ့တွင် ထိုင်လိုက်ကြသည်။

“ငါးတွေများ ကျန်သေးလား၊ ရွာထဲက မယ်ဆုံရဲ့ကလေးအတွက် ယတြာချေဖို့ ငါးသက်စေ့လွှတ်ချင်လို့ အဲဒါ နင်က ငါးရှိတတ်တော့ လာမေး တာ၊ ယတြာအတိုင်း နေဝင်ရီတရော လွှတ်ရမှာဆိုလို့”

“ရှိတယ်---ရှိတယ်၊ ဦးကြီး ငါးစည်ထဲမှာ ရှိသေးတယ်၊ အခု လျှောက်ရောင်းနေတာက ချောင်းထဲက ရတဲ့ ငါးလောက်ပဲ ရောင်းတာ၊ ဘယ် နှကောင်ယူမလဲ”

“ဒါဆို ငါတို့ပါလိုက်မယ်၊ ကြိုက် တဲ့ အကောင်လေးတွေ ရွေးရတာ ပေါ့”

ငါးစည်ရှိရာသို့ သွားကြသည်။

“ဟဲ့---ဂျမ်းမ---ငါးစည်ဖုံး အပေါ်ကို ဘာဖြစ်လို့ ခဲလုံးတွေနဲ့ ဖိ ထားရတာလဲ”

“ငါးတွေခုန်ထွက်မှာစိုးလို့ အမေ ရေ”

“ငြိမ်းမေ --- နင့် ငါးတွေ ကောင်းမှကောင်းသေးရဲ့လား၊ သေကုန် ပြီလားမသိဘူး၊ ပုပ်စော်နံသလိုလိုပဲ”

“ကျုပ်လည်း အိမ်က သန်းလှ တစ်ယောက် မပြောမဆိုနဲ့ ထွက်သွား တာ လေးငါးရက်မက ရှိနေပြီ စိတ် ညစ်ညစ်နဲ့ ငါးစည်ထဲတောင် ပြန်မ ကြည့်နိုင်ဘူး”

ပြောပြောဆိုဆိုပင် ငါးစည်အဖုံး ပေါ်က ကျောက်ခဲ၊ ခဲလုံး၊ သံတုတ် စသည်တို့ကို ဖယ်ပြီး ငါးစည်အဖုံးကို ဖွင့်လိုက်သည်။

“ဘုတ်”

“ဟာ --- ဟာ”

“အမယ်လေး ဒါ---ဒါ”

“ဟုတ်တယ်---အဲဒါ အဲဒါ သန်းလှ--သန်းလှပဲ၊ ခေါင်းကွဲနေ တယ်၊ အလောင်းက ပုပ်ပွပြီး နံလိုက် တာ”

အမေနှင့် လူကြီးသုံးယောက် ထိတ်လန့်တကြား အော်ဟစ်ပြောဆို နေကြသည်။ အမေက သူ့ယောကျ်ား အလောင်းကို ကြည့်ပြီး ငိုနေသည်။ အဖေသေတုန်းက အဲဒီလောက်မငို။ ယခု လူယုတ်မာကြီး သေတာကို နှမြောတသငိုနေသည်။ လူကြီးတစ် ယောက်ကို လွှတ်ပြီး ရွာက အုပ်ချုပ် ရေးမှူးကို သွားခေါ်နိုင်းသည်။ ငါးစည် ထဲက အလောင်းကို မည်သူမှ မထုတ် ရဲကြပေ။ ဂျမ်းမရင်ထဲက မီးတောင် ပေါက်ကွဲမှုက ချော်ရည်၊ ချော်ခဲ၊ ပြာမှုန့်တို့ဖြင့် စီးဆင်း၍သွားပြီ။

“ကျုပ်သိတာပေါ့ အမေရယ်၊ လူသတ်ရင် အဖမ်းခံရမယ်ဆိုတာ လောက်တော့ သိပါတယ်၊ ဒီလူယုတ် မာကို သတ်ဖို့ ခေါင်းကို သံတုတ်နဲ့ ရိုက်ရတာ၊ ငါးသုံးလေးကောင်ကို ထု ရသလောက်ပါပဲ၊ အိပ်ပျော်နေတုန်း လုပ်လိုက်ရတာ၊ အော်တောင်မအော် နိုင်ဘူး၊ သုံးလေးချက်ဆင့်ရိုက်ထည့် လိုက်တာပေါ့”

အမေငိုနေတာကို ကြည့်ပြီး ဂျမ်းမ ရင်ထဲက ပြောနေမိသည်။


---

မြမြလှိုင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မိုးညတစ်ညမှ

# တစ်ကိုယ်တော်သေနတ်သမား

■ ဦးဦးသိန်း

မိုးရွာနေစဉ ညတစ်ည···။

မဂိုလမ်း(ယခု ရွှေဘုံသာလမ်း)၌ ရွှေဆိုင်ဖွင့်ထားသော ဦးလှမောင်တို့ လင်မယားနှစ်ယောက် ရွှေဆိုင်ပိတ်ခါနီးတွင် -

"နှစ်ယောက်စလုံး ကြမ်းပြင်ပေါ် မှောက်လိုက်ကြ မြန်မြန်။ ကျုပ်သေနတ်ကျည်ဆန်က မြန်တယ်"

သေနတ်သမားတစ်ယောက်သည် ဝင်လာပြီး အသံဝဲဝဲဖြင့် ပြောသောကြောင့် ဦးလှမောင်တို့လင်မယားသည် သေနတ်သမားပြောသည့်အတိုင်း ကြမ်းပြင်ပေါ် အမြန်မှောက်ချလိုက်ကြသည်။

သေနတ်သမားသည် မှန်ဗီရိုမှ တံခါးကိုခွဲ၍ အထဲမှ ရွှေထည်များကို ထုတ်နေသော လက်ဖြင့် မြန်မြန်နှိုက်ယူပြီး ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်ရင်း -

"မလှုပ်နဲ့နော်။ လှုပ်ရင်အသေပဲ"

ဟု ပြောပြီး ထွက်ခွာသွား၏။

ဦးလှမောင်တို့သည် လူဆိုးထွက်သွားသော်လည်း ရုတ်တရက်မထရဲသေးဘဲ ဘာသံမှ မကြားရတော့မှ အသာအယာ ခေါင်းထောင်ပြီးမှ ဖြည်းဖြည်းချင်း ထကြသည်။

"ကုန်ပါပြီ၊ ကုန်ပါပြီ။ ကျွန်မတို့ ရွှေတွေ"

ဦးလှမောင်ဇနီးသည် မှန်ဗီရိုကို ကြည့်ပြီး ငိုတော့၏။

ဦးလှမောင်သည် ဆိုင်ပြင်ထွက်၍ ဟိုဟိုဒီဒီကြည့်ပြီးမှ "ဓားပြ···ဓားပြ။ ကျုပ်တို့ဆိုင်ကို ဓားပြတိုက်သွားတယ်" ဟု အော်ပြော၏။

မိုးက သဲသဲမဲမဲ ရွာနေပြီး လမ်းပေါ်၌ လူများရှင်းနေရာ ဦးလှမောင်၏ အော်သံသည် အရာမရောက်ပေ။

ဦးလှမောင်သည် သူ၏ဆိုင်နှင့် ကပ်လျက်အခန်းမှ သူ့မိတ်ဆွေ ဦးညွန့်ဟန်၏ အခန်းတံခါးကို လက်ဖြင့် ခပ်ကြမ်းကြမ်းထုပြီး အပြင်မှ အော်ဟစ်အကူအညီတောင်းရာ ဦးညွန့်ဟန်သည် တံခါးဖွင့်လိုက်သည်။ ဦးလှမောင်က သူ၏ အဖြစ်ကို ပြောပြရာ -

"ရာသီဥတုဆိုးနေပေမယ်လို့ ရဲစခန်းကို သွားပြီးတိုင်မှဖြစ်မယ်"

ဦးညွန့်ဟန်က ပြောသောကြောင့် ဦးလှမောင်သည် သူ့ဇနီးကို ဦးညွန့်ဟန်အခန်းသို့ ပို့ထားပြီး အိမ်တံခါးကို သော့ခတ်၍ ဦးညွန့်ဟန်နှင့်အတူ ပန်းဘဲတန်းရဲစခန်းသို့ သွားသည်။

စခန်းမှူး ဦးလှမြင့်နှင့်အဖွဲ့သည် အမြန်ခုံးလိုက်လာပြီး ဦးလှမောင်၏ အိမ်ဆိုင်ကို စစ်ဆေးကြသည်။

"သေနတ်သမားက တစ်ယောက်တည်းလား"

ဦးလှမြင့်က မေးသည်။

"ဆိုင်ထဲဝင်လာတာတော့ တစ်ယောက်တည်းပဲ"

ဦးလှမောင်က ဖြေသည်။

"လူဆိုးပုံစံက ဘယ်လိုလဲ"

"ဦးထုပ်ကို မျက်လုံးနားထိ အုပ်ပြီးဆောင်းထားတယ်၊ လူကောင်ကထွားတယ်၊ အရပ် ခြောက်ပေနီးပါးလောက်ပဲ"

"နောက်တော့ရော···"

"ကျွန်တော်တို့ကို မှောက်ခိုင်းတော့ သူ့စကားသံဟာ နည်းနည်းဝဲတယ်လို့ထင်တယ်"

"ဘယ်လိုဝဲတာလဲ။ ကုလားလိုလား။ တရုတ်လိုလား"

"မဟုတ်ဘူး။ လေးပြီး ဝဲတယ်"

ထို့နောက် ဦးလှမြင့်သည် ပါသွားသော ရွှေထည်များကို စာရင်းယူသည်။ ဦးလှမောင်ကို တွက်ခိုင်းရာ -

"ကာလပေါက်ဈေး (၁၉၅၃ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

ဝန်းကျင်) ကျပ်ငွေ တစ်သိန်းဖိုးလောက် ရှိမယ်"

ဟု ဦးလှမောင်က ပြောသည်။

"မနက်ကျရင် ကျွန်တော်တို့ လာဦးမယ်။ မှန်ဗီရိုကို မကိုင်ပါနဲ့။ ဒီအတိုင်းထားပါ"

ဟု ပြောကာ စခန်းမှူးသည် စခန်းသို့ပြန်သွားပြီး အထက်လူကြီးထံ အစီရင်ခံလိုသည်။

အထက်လူကြီး၏ ညွှန်ကြားချက်အရ စခန်းမှူးဦးလှမြင့်သည် ဆောင်ရွက်ရမည့် အစီအစဉ်ကို ချက်ချင်း ရေးဆွဲလိုက်သည်။

ရန်ကုန်ဘူတာကြီးနှင့် မြစ်ဝကျွန်းပေါ်သွား သင်္ဘောများရှိ ရဲစုံထောက်များထံသို့ တပည့်များကိုလွှတ်၍ လူကောင်ထွားထွား၊ စကားသံဝဲဝဲ ခရီးသည်ယောက်ျားတွေ့လျှင် ခေါ်ယူမေးမြန်းရန် ညှိနှိုင်းမှုပြုလုပ်စေသည်။

စုံထောက်မောင်စံပျော်သည် စုံထောက်မင်းကြီး၏ တာဝန်ပေးချက်အရ စခန်းမှူးဦးလှမြင့်ကို ကူညီရန် နံနက်စောစောတွင် ပန်းဘဲတန်းစခန်းသို့ ရောက်လာသည်။

မောင်စံပျော်သည် စုံထောက်ဌာနမှ လက်ဗွေပုံစံယူသူနှင့် ဓာတ်ပုံသမားတို့ကိုခေါ်၍ လိုအပ်သလို ဆောင်ရွက်စေပြီး လူဆိုးပုံသဏ္ဌာန်ကိုမေးရာ ဦးလှမောင်နှင့်ဇနီး ပြောပုံအရဆိုလျှင် လူဆိုးမှာ အသက်လေးဆယ်နီးပါးရှိပုံရပြီး မြန်မာပြည်တောင်ပိုင်းသား ဖြစ်ရမည်ဟု မောင်စံပျော် စိတ်ထဲမှတ်ထားလိုက်သည်။

စုံထောက်စံပျော်သည် စခန်းမှူးဦးလှမြင့်အား အပေါင်ဆိုင်များသို့ သူ့တပည့်များကိုစေလွှတ်၍ ရွှေလာပေါင်သူများကို ထောက်လှမ်းရန်မှာပြီး ဦးလှမောင်ကို စုံထောက်ဌာနချုပ်သို့ခေါ်သွားပြီး လူဆိုးများ၏ ဓာတ်ပုံများကို ကြည့်စေသည်။

"ဒီဓာတ်ပုံတွေထဲမှာ မပါဘူး ဆရာ"

ဦးလှမောင်က ပြောသည်။

"မပါဘူးဆိုရင် ခင်ဗျားဆိုင်ကို ဓားပြတိုက်တဲ့ လူဆိုးဟာ လူသစ်ထဲကပဲ"

မောင်စံပျော်ကပြောသည်။ မောင်စံပျော်သည် နယ်မြေအနှံ့ရှိ သူ၏ အရပ်သား သတင်းပေးများကိုလည်း လူဆိုးပုံသဏ္ဌာန်ကို ပြောပြပြီး ထောက်လှမ်းကြရန် သူ့တပည့်တပ်ကြပ်ကြီးမောင်မြင့်ကို လိုက်ပြောခိုင်းသည်။

သို့နှင့်. . .

ဦးလှမောင် ရွှေဆိုင်ဓားပြအတိုက်ခံရပြီး တတိယနေ့ နေ့လယ်ပိုင်း. . .

## အခြားဓားပြဂိုဏ်းတစ်ဂိုဏ်းနှင့် မတည့်သောကြောင့် ထိုအဖွဲ့မှ သူ့ကိုသတ်ရန် ကြိုးစားနေကြောင်း သူသိသည့်အတွက် သူသည် ခြောက်လုံးပြူးတစ်လက်နှင့် ရန်ကုန်သို့ထွက်ပြေးလာသည်။

စုံထောက်မောင်စံပျော် ပန်းဘဲတန်းရဲစခန်း၌ ရှိနေစဉ် သူ့တပည့် မောင်မြင့်ထံမှတယ်လီဖုန်းဝင်လာသည်။

"ဆရာ. . .တာမွေဈေးနားက တရုတ်အပေါင်ဆိုင်မှာ မိန်းမတစ်ယောက် အသက်ဆုံးဆယ်လောက်ရှိမယ်။ လေသံက ခပ်ဝဲဝဲနဲ့ လက်ကောက်တစ်ဖက် လာပေါင်သွားတယ်။ လက်ထဲငွေတစ်ထပ်ကြီးကိုင်ထွက်သွားတော့ ကျွန်တော်လည်း မသင်္ကာတာနဲ့ နောက်ယောင်ခံလိုက်သွားတာ ဗွတ္တလစ်ရပ်ကွက် (ယခု ဆရာစံ) ---လမ်းဆုံးက ကျူးကျော်ရပ်ကွက်ထဲက တဲတစ်တဲထဲဝင်သွားတယ်။ သူဟာ လမ်းမှာ ကြက်တစ်ကောင်နဲ့ ဆီတွေလည်း ဝယ်သွားတယ်"

"အေး. . .ကောင်းပြီ။ အဲ ရပ်ကွက်က ဗဟန်းအပိုင်ဆိုတော့ ဗဟန်းမြို့နယ်မှူးနဲ့ ဆက်သွယ်လို မယ်။ ငါတို့မလာမချင်း အဲဒီတဲ မျက်ခြည်မပြတ်စေနဲ့"

"ကောင်းပါပြီ"

ညနေ မှောင်စပျိုးခါနီး၌ မောင် ပျော်တို့အဖွဲ့သည် အရပ်ဝတ်များ ထိုတဲတစ်ဝိုက်တွင် လူစုခွဲ၍ စော ကြည့်နေကြသည်။ မောင်စံပျော်သ သက်ဆိုင်ရာ ရပ်ကွက်သူကြီးနှင့်လ တွေ့ပြီး ထိုတဲ၌နေသူများအကြော စုံစမ်းထားပြီး ဖြစ်သည်။

"တဲ၌နေသူမှာ ရေထမ်းသ လင်မယားနှစ်ယောက် ဖြစ်တယ်။ ခဲ့တဲ့ ဆယ်ရက်ကျော်ကျော်လော တော့ အရပ်မြင့်မြင့်၊ မောင်းမောင်း။ မျက်နှာပေါက်ဆိုး

www.burmeseclassic.com

ရာနဲ့ သူမိန်းမ ရောက်လာကြတယ်။ အောက်အရပ်ဘက်ကလို့ သိရတယ်"

သူကြီးက မောင်စံပျော်ကို ပြောပြသည်။

မှောင်ခါစတွင် တဲထဲမှ အရပ်ဆောင်ထောင်မောင်းမောင်း လူတစ်ယောက် ထွက်လာကာ မလှမ်းမကမ်းရှိ ချုံစပ်တွင်ရှိသော အညစ်အကြေးစွန့်ရာနေရာသို့ သွားစဉ် စုံထောက် မောင်စံပျော်နှင့် အရပ်လူကြီးသည် တဲရှေ့သို့ သွားနေလိုက်၏။ ထိုလူ တဲသို့ ပြန်လာစဉ် အရပ်လူကြီးက တဲရှင်ရေထမ်းသမားအား -

"မောင်ရွှေလှရေ . . . ခဏဟေ့"

ပ[illegible]ခေါ်လိုက်သည်။ မောင်စံပျော်သည် ခရာကိုမှုတ်လိုက်သည်။ မောင်စံ[illegible]လူများ[illegible]ချင်းရောက်လာကြသည်။

အရပ်မြင့်မြင့်လူက တဲထဲဝင်မည်လုပ်ရာ မောင်စံပျော်သည် သေနတ်ကို ထုတ်၍ -

"ဟေ့ . . . အထဲမဝင်နဲ့။ ငါတို့ရဲတပ်ဖွဲ့တွေ"

ဟု လေသံမာမာပြောရင်း သူ့ကို သေနတ်ဖြင့် ချိန်ထားလိုက်သည်။

တဲထဲမှ လူတစ်ယောက်ထွက်လာသည်။

"မောင်ရွှေလှ . . . မင်းတဲကို ဟောဒီက ရဲအရာရှိတွေ ရှာဖို့ရှိတယ်"

သူကြီးက ပြောပြီး နယ်ထိန်းနှင့်အတူ သူကြီးပါ တဲထဲလိုက်ဝင်သွားသည်။

"တွေ့ပြီဆရာ၊ ခြောက်လုံးပြူးတစ်လက်"

တဲထဲမှ နယ်ထိန်းက ပြောလိုက်သည်နှင့် မောင်မြင့်သည် အရပ်မြင့်မြင့်နှင့်လူကို လျှင်မြန်စွာ လက်ထိတ်ခတ်လိုက်သည်။

တဲတစ်ဝိုက်သို့ လူများ ဝိုင်းအုံလာရာ -

"ဒီနားကို ဘယ်သူမှ မလာကြနဲ့။ ငါတို့ရဲတွေ ဖြစ်တယ်"

မောင်မြင့်က ခပ်ထန်ထန် ပြောလိုက်သည်။

"ဒီကောင် မလွတ်စေနဲ့"

မောင်စံပျော်သည် မောင်မြင့်ကို မှာပြီး တဲထဲဝင်သွားသည်။ တဲမှာ ကျဉ်းကျဉ်းလေးဖြစ်ပြီး ပစ္စည်းများလည်း သိပ်မရှိပေ။

တဲတစ်နေရာရှိ ထင်းရှူးသေတ္တာထဲမှ ရွှေရတနာများကို တွေ့ရသည်။

"ကဲ . . . တဲပိုင်ရှင်ကိုပါ အပြင်ခေါ်ထုတ်ခဲ့။ မှောင်လာပြီ။ တွေ့တဲ့ပစ္စည်းတွေသိမ်း။ အရပ်လူကြီးကို အသိသက်သေလက်မှတ်ထိုးခိုင်းပြီး တဲပိုင်ရှင် ရွှေလှကိုပါ ခေါ်ခဲ့"

မောင်စံပျော်သည် ထိုသို့ပြောပြီး လမ်းထိပ်တစ်နေရာတွင် ရပ်ထားသော အရပ်ဂျစ်ကားနှစ်စီးဖြင့် တရားခံဆင်ပေါက် (နောက်မှသိရသောအမည်)နှင့် တဲရှင်ရွှေလှတို့ကို ဗဟန်းရဲစခန်းသို့ ခေါ်လာခဲ့သည်။

သူတို့ကို လူချင်းခွဲ၍ စစ်ဆေးရာ တဲရှင်ရွှေလှထံမှ ဆင်ပေါက်အကြောင်း သိရသည်။ သူတို့သည် ငယ်သူငယ်ချင်းများ ဖြစ်ကြသည်။ မြန်မာပြည်တောင်ပိုင်း မြို့ငယ်တစ်မြို့မှ ဖြစ်သည်။ ဆင်ပေါက်သည် ကျောက်မိုင်းတွင်အလုပ်လုပ်ရင်း ဖြတ်လမ်းလိုက် ဓားပြတိုက်သူဖြစ်သည်။ ထိုဒေသမှ အခြားဓားပြဂိုဏ်းတစ်ဂိုဏ်းနှင့် မတည့်သောကြောင့် ထိုအဖွဲ့မှ သူ့ကိုသတ်ရန် ကြိုးစားနေကြောင်း သူသိသည့်အတွက် သူသည် ခြောက်လုံးပြူးတစ်လက်နှင့် ရန်ကုန်သို့ ထွက်ပြေးလာသည်။ ငယ်သူငယ်ချင်း ရွှေလှနှင့် ဆက်သွယ်မိပြီး ရွှေလှအိမ်၌ တည်းခိုနေစဉ် ဦးလှမောင် ရွှေဆိုင်ကို ဓားပြတိုက်ခြင်း ဖြစ်သည်။

နောက်တစ်နေ့တွင် ဦးလှမောင်နှင့် ဇနီးတို့ကိုခေါ်၍ ဆင်ပေါက်ကိုပြရာ လင်မယားနှစ်ယောက်စလုံးက ဒီပုံစံပဲ၊ ဒီအရပ်အမောင်းနဲ့ပဲ၊ ဒီအသံပဲဟု ပြောကြသည်။

မောင်ရွှေလှတဲထဲမှ ရတနာများ စာရင်းနှင့် သူတို့ရွှေဆိုင်မှ လုယူသွားသော စာရင်းနှင့် တိုက်ကြည့်ရာ မှန်ကန်ကြောင်း တွေ့ရသည်။ (ပြီးတော့မှ ရတနာများကို ထုတ်ပြပါသည်။)

အပေါင်ဆိုင်မှ လက်ကောက်ကိုလည်း သိမ်းယူပြီး စာရင်းထဲထည့်ထားလိုက်သည်။

ဆင်ပေါက်ကလည်း သူလုပ်ရပ်ကို ဝန်ခံသည်။ သူတစ်ယောက်တည်း လုပ်သည်ဟု ဝန်ခံသည်။

နောင်အခါဝယ် တရားသူကြီးသည် ဆင်ပေါက်အား လက်နက်မှုနှင့် ဓားပြတိုက်မှုအတွက် ထောင်ဒဏ်ဆယ်နှစ်၊ မောင်ရွှေလှကို တရားခံအား လက်ခံထားမှုဖြင့် ထောင်ဒဏ်သုံးနှစ် အပြစ်ပေးလိုက်၏။

ဦးဦးသိန်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရွှေတက်ဘော ဘရွှေ

(ဇာတ်သိမ်း)

(တစ်ဆယ့်သုံး)

ရုံးထွက်နေ့သို့ ရောက်ခဲ့ပြန်ပြီ။

တရားလို သက်သေများကို စစ်ဆေးမည့်နေ့၊ လိုပြသက်သေ ရှစ်ယောက်အနက် လေးယောက်ကို စစ်ဆေးပြီးစီးခဲ့သည်။

အချင်းဖြစ်နေ့က သူတို့တိုက်သို့ ရောက်နေသည်ဆိုသော နယ်လို့ သူငယ်ချင်း မခင်သန်းနွဲ့၊ အိမ်စေ ဒေါ်ထွေးပု၊ ဦးသာရှင်း၊ ဦးဘအေး၊

ဦးသာရှင်းနှင့် ဦးဘအေးဆိုသူ နှစ်ယောက်မှာ သူတို့စေ့စပ်ကြောင်းလမ်းပွဲတွင် မိန်းကလေးဘက်မှ လူကြီးအဖြစ်ပါဝင်ခဲ့သူဟု ဆိုသူနှစ်ဦး၊

မခင်သန်းနွဲ့၏ ထွက်ဆိုအစစ်ခံချက်မှာ . . .

သူတို့ညီအစ်ကိုနှစ်ယောက် ဧည့်ခန်းတွင် စကားများနေကြသည်ကို အတွင်းခန်း လက်ဖက်ရည်စားပွဲတွင်ထိုင်နေသူ သူမက အကုန်လုံးကြားနေရသည့်အကြောင်း၊

ကိုမင်းမောင်က မိဘများထားရစ်ခဲ့သော ခြံနှင့်တိုက် အမွေအနှစ်ကို မထုခွဲနိုင်ကြောင်း၊ သူအသက်ရှင်နေသရွေ့ ဆက်လက်ထိန်းသိမ်းထားမည့်အကြောင်းကို အေးအေးဆေးဆေးပြောနေသည်ကို ကြားရကြောင်း၊

တရားခံအဖြစ် ရုံးတော်ကို ရောက်နေသည့် ကိုသက်အောင်က တိုက်နှင့်ခြံကိုရောင်းပြီး အမွေခွဲဝေပေးရေးကိစ္စကို ပြတ်အောင်လုပ်ရမည်ဟု ဒေါနှင့်မောနှင့် ပြောနေသည်ကိုလည်း ကြားရကြောင်း၊

သူတို့ဦးလေး ဆိုသူကလည်း အမွေခွဲဝေရေးကိစ္စကို အမြန်ဆုံးပြီးပြတ်အောင်လုပ်ဖို့ ဝင်ပြောသည်ကိုလည်း ကြားရကြောင်း၊

ထိုသို့ အချီအချပြောနေသည်မှာ မိနစ်နှစ်ဆယ်ခန့် ကြာမည်ဟု ထင်ကြောင်း၊ မနယ်လီတာ တစ်ခွန်းတစ်ပါဒမျှဝင်ပြောသည်ကို မကြားရကြောင်း၊

နောက်ပိုင်းတွင် ကိုမင်းမောင်၏အသံမှာလည်း ဒေါသသံအနည်းငယ်ပါလာသည်ကို ကြားရကြောင်း၊

မင်းတို့ မကျေနပ်ရင် တရားရုံးကနေ ဖြေရှင်းဟုပြောပြီး ဦးလေးတို့ပြန်ကြပါဟု ပြောသည်ကို ကြားရကြောင်း၊ အဲဒီနောက် ဝုန်းဝုန်းဒိုင်းဒိုင်း အသံများနှင့်အတူ ကိုမင်းမောင် အားခနဲ အော်လိုက်သည့် အသံကို ကြားရသောကြောင့် သူမလည်း ခန်းဆီးကိုဖယ်ပြီး ခေါင်းပြူကြည့်လိုက်စဉ် ကိုသက်အောင်က ကိုမင်းမောင်ကို လက်ထဲကိုင်ထားသော အရာဝတ္ထုဖြင့် ဆင့်ကာဆင့်ကာရိုက်နေသည်ကို တွေ့ရသောကြောင့် ကြောက်လန့်ပြီး နောက်ဖေးဘက်သို့ ဝင်ပြေးခဲ့ကြောင်း ထွက်ဆိုသွားခဲ့သည်။

ရှေ့နေကြီး ဦးငွေလှိုင်က . . .

မနက်အစောကြီး ကိုမင်းမောင်တို့အိမ်သို့ မည်သည့် ကိစ္စကြောင့် ရောက်ရှိနေခဲ့ကြောင်း၊

ကိုမင်းမောင်တို့ တိုက်အနေအထားအရ ဧည့်ခန်းနှင့်အိပ်ခန်းနှစ်ခန်းခြားပြီးမှ မျက်နှာသစ်ရန် နေရာအခန်းကလေးရှိကြောင်း၊ ထိုအခန်းပြီးမှ ထမင်းစားခန်းရှိသောကြောင့် နေရာအနေအထား အကွာအဝေးအရ ဧည့်ခန်းမှစကားပြောနေသည်ကို လက်ဖက်ရည်ခန်းမှ သဲသဲကွဲကွဲ ကြားနိုင်၊ မကြားနိုင်၊

မည်သို့သော စိတ်ဝင်စားမှု

★ ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် အိမ်ရှေ့ဧည့်ခန်းသို့ အပြေး
အလွှားထွက်ကြည့်ရကြောင်း၊ ယခင်
ကိုသက်အောင်တို့ မိသားစု အတူ
နေကြစဉ်အခါက ထိုတိုက်သို့ ဘယ်နှ
ခေါက်လောက် ရောက်ဖူးခဲ့ကြောင်း၊

စသည့် မေးခွန်းလောက်သာ မေးမြန်းခဲ့သည်။

မထွေးပုအလှည့်။

မထွေးပုက ကိုသက်အောင်တို့ မိသားစုရှိစဉ်ကပင် အိမ်ဖော်အဖြစ် ရောက်ရှိခဲ့ကြောင်း၊ မကြာခဏ စကားများကြသည်ကို ကြားရကြောင်း၊ မမကြီးနှင့် မခင်မေရီတို့ လုံးဝ မျက်နှာကြောမတည့်သည့် အကြောင်း၊

မခင်မေရီက ကိုကိုကြီးကို လည်း အမြဲတမ်း ပြန်ပြီး အော်ဟစ်ကြောင်း၊ ကိုကိုကြီး သေဆုံးသည့်နေ့က အိမ်ရှေ့ဘက်က စကားများနေသံ ကြားရသောကြောင့် ဧည့်ခန်း ခန်းဆီးကို နည်းနည်းလှပ်ပြီး ကြည့်နေခဲ့ကြောင်း၊ ကိုသက်အောင်က ကိုကိုကြီးကို လက်သီးလက်မောင်း တန်းပြီး အော်ဟစ်နေသည်ကို တွေ့ခဲ့ရကြောင်း၊

ကိုသက်အောင်က အရာဝတ္ထု တစ်ခုကို ကိုင်မြှောက်ပြီး ကိုကိုကြီးကို ရိုက်ဖို့ရွယ်သည့်အခါ ကိုကိုကြီးက လက်ကာပြီး တားကြောင်း၊

ကိုကိုကြီး အော်ဟစ်ပြီး လဲကျသွားသည်ကို တွေ့လိုက်ရလို့ ကျွန်မလည်း မီးဖိုထဲကို ပြန်ဝင်ပြေးခဲ့ကြောင်း ထွက်ဆိုသွားသည်။

ရှေ့နေကြီး၏ မေးခွန်းအလှည့်။

မေး ။ နာမည် မထွေးပုနော်။

ဖြေ ။ ဟုတ်ပါတယ်။

"ဇာတိက ဘယ်ကလဲ"

"မုဒုံအပိုင် ပကျေးရွာကပါ"

"မထွေးပုကို ကိုမင်းမောင်နဲ့ မနယ်လီတို့က အိမ်ဖော်အဖြစ် ငှားခဲ့တာလား"

"ပွဲစားဒေါ်သေးရင်ရဲ့ အဆက်အသွယ်နဲ့ မမကြီးတို့အိမ်ကို ရောက်ခဲ့တာပါ"

"သူတို့ညီအစ်ကိုနှစ်ယောက် စကားများတဲ့ အချိန်မှာ မထွေးပုက အိပ်ခန်းထဲအဝင် ခန်းဆီးနားကနေ နားထောင်နေတယ်ပေါ့"

"ဟုတ်ပါတယ်"

"ဘယ်အချိန်လောက် ရှိပြီလဲ"

"ကျွန်မ အချိန်ကို မသိပါဘူး"

"ချက်ချိန်ပြုတ်ချိန် မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

ချက်ချိန်ပြုတ်ချိန်မှာ လုပ်စရာရှိတဲ့ မီးဖိုချောင်အလုပ်ကိုပစ်ပြီး အိမ်ရှေ့ထွက်နေတာပေါ့"

"ဟုတ်ပါတယ်"

"မထွေးပုအလုပ်က ချက်ပြုတ်လျှော်ဖွပ်ရတဲ့အလုပ် မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"လုပ်ရမယ့်အလုပ်ကို မလုပ်ဘဲနဲ့ မဆိုင်တဲ့နေရာကို ရောက်နေတာ သဘာဝကျရဲ့လား"

ရှေ့နေကြီးက ထ၍ကန့်ကွက်သည်။ တရားသူကြီးက ဆက်မေ
ခွင့်ပြုသည်။

"ကျွန်မ မဖြေတတ်ပါဘူး"

"သူတို့ ဘာတွေပြောကြ ဆိုကြ
တယ်ဆိုတာကို လုံးစေ့ပတ်စေ့ ကြား
မှာပေါ့"

"နည်းနည်းလောက်ပဲ ကြား
တယ်"

"လက်ဖက်ရည်ခန်းမှာ ထို
နေတဲ့ လူတစ်ယောက်က အတ
လုံးကြားနိုင်ပါလျက်နဲ့ ခန်းဆီးနား
အချိန်ပြည့်ရှိနေတဲ့ မထွေးပု
မကြားဘူးဆိုတာ သဘာဝကျ
မလား"

တစ်ဖက်ရှေ့နေကြီးက ထ
ကန့်ကွက်သည်။ တရားသူကြီး
ဆက်မေးခွင့်ပြုသည်။

"သဘာဝကျရဲ့လား ဖြေပါ"

"ကျွန်မ မဖြေတတ်ပါဘူး"

ရှေ့နေကြီးဦးဌေးလှိုင်က တ
သူကြီးကို အရိုအသေပြုပြီး ပြန်ထ
သည်။

သူတို့ရှေ့နေကြီး ဦးသန်း
က ကိုသက်အောင်တို့ မိသားစု
ကိုမင်းမောင်တို့ ပြဿနာဖြစ်
နားထောင်ရမယ်လို့ မှာထား
ကြောင့် ထွက်၍ နားထောင်ရ
ဟုတ်သည်၊ မဟုတ်လားဆိုသ
မေးခွန်းနှင့် သူတို့ပြောတာတွေ
အားလုံးကြားပေမယ့် ပြန်မ
တတ်လို့ အပြည့်အစုံမပြော
ကို လမ်းကြောင်းပေး မေးခွန်း
မေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ခင်းမောင်က လက်ကာပြီး
ဝန်သည်ကို သက်အောင်က
ထောင်ဘဲ ဆင့်ကာဆင့်ကာ
နှုတ်သည်ကို အဓိကထား၍
ခွန်းထုတ်သွားသည်။

ဗျာနသက်သေ နှစ်ယောက်၏
ဆိုချက်မှာ မထူးခြားပါ။

ခင်လာဆောင် စေ့စပ်ပွဲတွင်
ခင်စောတင့်က သားဖြစ်သူအား
ပေးရန်စီစဉ်ထားပုံ ပြောသည်
ကြားရကြောင်း ထွက်ဆိုသွား
သည်။ ရှေ့နေကြီး ဦးငွေလှိုင်က
အပြောအဆို လည်ပတ်ပုံရ
ာ ဦးဘအေးကို သာမန်မျှသာ
ခွန်းမေးမြန်းခဲ့သည်။

စကားအပြောအဆို လည်
ပုံမရသည့် ဦးသာရှင်းကိုမူ သူ
ချင်သည့်အဖြေရအောင် အလှည့်
တက်မေးခွန်းများဖြင့် မွှေနှောက်
လိုက်သည်။

မေး။ ။ ဒေါ်ခင်စောတင့်က
တ်နှင့်ခြံကို သားကြီးအား အမွေ
ဖို့ စီစဉ်ထားကြောင်း ပြောသည်
ဦးသာရှင်း ကြားတယ်ပေါ့နော်။

ဖြေ ။ ။ ဟုတ်ကဲ့ ကြားပါ
ယ်။

မေး။ ။ စေ့စပ်ကြောင်းလမ်းပွဲ
ာ ပြောလေ့ပြောထမရှိတဲ့ စကား
တို ဘယ်လိုအကြောင်းကို အခြေ
ပြီး ပြောလေ့ရှိပါသလဲ။

ဖြေ။ ။ အဲဒါတော့ ကျွန်တော်
ဖြတတ်ဘူး။

မေး။ ။ ထားပါတော့၊ အဲဒီလို ပြောတဲ့အခါ ဦးသာရှင်း နားကြားများလွဲသလားလို့ ကျွန်တော် ထပ်မေးမယ်နော်။

ဖြေ။ ။ ဟုတ်ကဲ့ မေးပါ။

မေး။ ။ ဒေါ်ခင်စောတင့်က သားကြီးလို့ ပြောတာလား၊ သားတွေကိုလို့ ပြောတာလား၊ ဒါက နားကြားလွဲစရာမို့ နည်းနည်းစဉ်းစားပြီးတော့ ဖြေပါဦး။

ဖြေ။ ။ ဟုတ်ကဲ့ ကျွန်တော် ကျွန်တော်။

ဦးသာရှင်းက စကားမဆက်ဘဲ ရပ်လိုက်သည်။ တွေဝေသွားသည့်ပုံဟန်ဖြင့် စဉ်းစားဟန်ပြုနေသည်။

မေး။ ။ ဒေါ်ခင်စောတင့်မှာ သားနှစ်ယောက်ရှိတာဆိုတော့ တစ်ယောက်တည်းကို ရည်စူးပြောတာ ဘယ်ဖြစ်နိုင်ပါ့မလဲ၊ မဟုတ်ဘူးလား။ သားတွေကိုလို့ပြောမှ သဘာဝကျမှာပေါ့။ သားတွေကိုလို့ ပြောလိုက်တယ်ဆိုရင် ငြင်းစရာ မရှိပါဘူးနော်။

ရှေ့နေကြီး ဦးသန်းမောင်က ထ၍ ကန့်ကွက်သည်။

ရှေ့နေကြီး ဦးငွေလှိုင်က သားနဲ့ သားတွေဆိုတဲ့ စကားအသုံးအနှုန်း လွဲသွားနိုင်တာမို့ မေးရတာပါ။ အကျပ်ကိုင်မေးတဲ့ မေးခွန်းမဟုတ်ပါဘူး တရားသူကြီးမင်းခင်ဗျာဟု ချေပလျှောက်ထားချက် တင်ပြလိုက်သည်။

တရားသူကြီးက ခေါင်းညိတ်လိုက်သည်။

မေး။ ။ သားတွေကိုလို့ ပြောတာဆိုရင် ဟုတ်ပါတယ်နော်။

ဖြေ။ ။ ဟုတ်ကဲ့ သားတွေလို့ ကြားလိုက်မိသလိုပါပဲ။

မေး။ ။ သားတွေကိုလို့နော်။

ဖြေ။ ။ ဟုတ်ပါတယ်။

ရှေ့နေကြီး ဦးသန်းမောင် အလှည့်တွင် မေးခွန်းအတော်များများ မေးခဲ့သည်။

ကြိုတင်ညှိထားသည့် အမေးအဖြေများဖြစ်၍ သိပ်မထူးခြားပါ။

ထိုနေ့တွင် လိုပြသက်သေများ ထွက်ဆိုချက်နှင့် မေးမြန်းချက်များမှာ ထိုမျှသာ။

ရှေ့နေကြီးဦးငွေလှိုင်၏ အပြုံးမှာ ဝင့်ဝင့်မြူးမြူးအပြုံး၊ ရှေ့နေကြီး ဦးသန်းမောင်၏အပြုံးမှာ နုံးချည့်ချည့်အပြုံး။

နောက်တစ်ပတ် ရုံးထွက်တွင် ကျန် လိုပြသက်သေ လေးယောက်အား ဆက်လက်စစ်ဆေးခဲ့သည်။

အမှုအတွက် အရေးပါသော ထွက်ဆိုချက်များ မပါရှိသည့်အလျောက် ရှေ့နေကြီး ဦးငွေလှိုင်ကလည်း စတီသဘော မေးခွန်းလောက်သာ မေးခဲ့သည်။

ရုံးချိန်းရက် စိပ်လာသည်။

သူ့အလှည့်။

ကိုသက်အောင်က ရဲစခန်းတွင်ပေးခဲ့သည့် အစစ်ခံချက် ဖြောင့်ချက်ပေးရာတွင် ထွက်ဆိုခဲ့သည့် ထွက်ဆိုချက်၊ အမှုဖြစ်ကြောင်း ဖေ

www.burmeseclassic.com

မြစ်နှင့် ဖြစ်ရပ်ကြောင်းများကို အပို အလိုမပါ အမှန်အတိုင်း ထွက်ဆို အစစ်ခံခဲ့သည်။

ရှေ့နေကြီး ဦးသန်းမောင်က မေးခွန်းတွေတသီကြီး မေးခဲ့သော်လည်း ထိရောက်မှုရှိသည်ဟု မဆိုသာပါ။

မေး။ ။ ကိုသက်အောင်ဟာ ငယ်စဉ်ကတည်းက စိတ်ဆက်စိတ်ကြီးပြီး ဒေါသဖြစ်လွယ်တယ် အတေးအကောက် အာဃာတစိတ် ကြီးတယ်ဆိုရင် ငြင်းမလား။

ဖြေ။ ။ ငြင်းပါတယ်။

မေး။ ။ ဒီငြင်းချက်နဲ့ ပတ်သက်ပြီး အထောက်အထားပြစရာ ရှိသလား။

ဖြေ။ ။ မမှန်ကန်တဲ့အကြောင်း အတွက် အထောက်အထားပြစရာ မလိုဟု ယူဆပါတယ်။

မေး။ ။ ခင်ဗျားတို့ ညီအစ်ကို နှစ်ယောက် အရွယ်ရောက်စဉ်ကတည်းက မသင့်မမြတ်ကြဘူးဆိုရင် ငြင်းမလား။

ဖြေ။ ။ ငြင်းပါတယ်။

မေး။ ။ ဘယ်လိုငြင်းတာလဲ။

ဖြေ။ ။ မဟုတ်တဲ့အတွက် ငြင်းတာပါ။

မေး။ ။ ခင်ဗျားတို့ မောင်နှမ သုံးယောက် တိုင်ပင်ပြီး မိခင်ဖြစ်သူ အသည်းအသန်ဖြစ်နေစဉ် စိန်ထည်ပစ္စည်းများကို ခွဲဝေယူခဲ့ကြတယ်ဆိုရင် ငြင်းမလား။

ဖြေ။ ။ လုံးဝ . . . လုံးဝ ငြင်းပါတယ်။

မေး။ ။ အမွေကိစ္စအတွက် တရားရုံးမှာ ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီး ရှေ့နေကြီးများနဲ့ တိုင်ပင်ခဲ့တယ်။ ရှုံးမယ့်အခြေအနေ ရှိတယ်ဆိုလို့ ရင်မဆိုင်ခဲ့တာဆိုရင် ငြင်းမလား။

ဖြေ။ ။ ငြင်းပါတယ်။

မေး။ ။ ဘယ်လိုငြင်းတာလဲ။

ဖြေ။ ။ လုံးဝ မဟုတ်လို့ ငြင်းတာပါ။

မေး။ အမွေကိစ္စအတွက် ကိုမင်းမောင်နဲ့ စကားပြောရာမှာ မောင်နှမ သုံးယောက် စုညီမပါဘဲ ခင်ဗျားတစ်ယောက်တည်းက ပြောနေတာဟာ တရားဝင်တယ်လို့ ထင်ပါသလား။

ဖြေ။ ။ ဟုတ်ကဲ့ . . . တရားဝင်ပါတယ်။ ကျွန်တော် မောင်နှမ သုံးယောက်ကိုယ်စား စကားပြောတာပါ။

မေး။ ။ ခင်ဗျားအစ်မနဲ့ ညီမကို စိန်ထည်လက်ဝတ်ရတနာတွေ လုပ်ပေးထားတာ ခင်ဗျားတို့မိခင်ကြီး အသည်းအသန် မမာမကျန်း ဖြစ်နေတဲ့ အချိန်ကျမှ လုပ်ပေးတယ်ဆိုရင် ငြင်းမလား။

ဖြေ။ ။ ဟုတ်ကဲ့ ငြင်းပါတယ်။

မေး။ ။ ကောင်းပြီ ဒီကိစ္စကို ခင်ဗျား သိတော့သိတယ်ပေါ့။

ဖြေ။ ။ သိပါတယ်။

မေး။ ။ ခင်ဗျားရဲ့အစ်ကို ကိုမင်းမောင်ကော သိသလား။

ဖြေ။ ။ သိပါလိမ့်မယ်။

မေး။ ။ လိမ့်မယ်ဆိုတော့ မသေချာဘူးဆိုတဲ့ သဘောလား။

ဖြေ။ ။ အဲဒီလို ယူဆမယ်ဆိုရင်လည်း ယူဆနိုင်ပါတယ်။

မေး။ ။ ဘယ်လိုစိန်အမျိုးအစား၊ ရတီချိန် ဘယ်လောက်ရှိတယ်လို့ သိပါသလဲ။

ဖြေ။ ။ အသေးစိတ် မသိပါဘူး။ သိစရာအကြောင်း မရှိလို့လည်း မမေးခဲ့ပါဘူး။ ကျွန်တော်တို့ မိသားစုထဲမှာ အမွေကိစ္စ ဖြစ်လာလိမ့်မယ်လို့လည်း မထင်ခဲ့ပါဘူး။

မေး။ ။ နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍ မရသည့်ကိစ္စကို တရားရုံးတွင် ဖြေရှင်းရန် မကြိုးစားဘဲ ခုလိုအခြေအနေရောက်အောင် လုပ်ခဲ့တယ်ဆိုရင် ငြင်းမလား။

ဖြေ။ ။ ဟုတ်ကဲ့ ငြင်းပါတယ်။

မေး။ ။ ဘယ်လိုအကြောင်းကို အခြေခံပြီး ငြင်းတာလဲ။

ဖြေ။ ။ တရားရုံးအဆင့် မရောက်မီ ညှိနှိုင်းမှုအဆင့်နှင့် ပြီးစေရန်ကြိုးစားဖို့ ဆန္ဒရှိသောကြောင့် မေးခွန်းကို ငြင်းခြင်းဖြစ်ပါတယ်။

မေး။ ။ ကိုမင်းမောင် မရှိမှ အမွေကိစ္စပြီးပြတ်မယ်ဆိုတဲ့ သဘောထား ရှိပြီးသားဆိုရင် ငြင်းမလား။

ဖြေ။ ။ လုံးဝငြင်းပါတယ်။

မေး။ ။ အချင်းဖြစ်နေ့က ညှိနှိုင်း၍မရရင် ဖြစ်ချင်ရာဖြစ် လုပ်မယ်ဆိုတဲ့ ရည်ရွယ်ထားပြီး သွားရောက်ခဲ့တာဆိုရင် ငြင်းမလား။

ဖြေ။ ။ လုံးဝ ငြင်းပါတယ်။

မေး။ ။ ဒေါ်သာပေါက်ကွဲ



www.burmeseclassic.com

www.burmeseclassic.com

ရတာပါဆိုရင် အသက်သေသည်အထိလုပ်မယ်ဆိုတဲ့ ပေါက်ကွဲမှုနဲ့ ဆုံးဖြတ်ချက်ပါရှိတယ်ဆိုရင် ငြင်းမလား။

ဖြေ။ ။ ငြင်းပါတယ်၊ ဒီအမှုအား အတွက် ပြစ်ဒဏ်ကိုလည်း ကျွန်တော် စောင့်မျှော်နေပါတယ်။

မေး။ ။ ခုလိုဖြစ်သွားတဲ့ အတွက် ကိုသက်အောင်ရဲ့ဆန္ဒနဲ့ ဆုံးဖြတ်ချက် ပြည့်မြောက်သွားတယ် ဆိုရင်ကော ငြင်းမလား။

ဦးငွေလှိုင်က ထ၍ကန့်ကွက်သည်။ ရုံးတော်က ကန့်ကွက်ချက်ကို လက်ခံလိုက်သည်။

နောက်တစ်ပတ် ရုံးချိန်း။

ခံပြသက်သေများ အလှည့်။

ဦးလေး ဦးဝင်းတင်။

စစ်မဖြစ်မီကတည်းက သူတို့နှင့်အတူနေခဲ့သူ ဒေါ်မြခင်။

သူ၏ရုံးမှ အထက်အရာရှိဖြစ်သူ ဦးကြည်ထွန်း။

သူနှင့် ဘွဲ့ရသည်အထိ ကျောင်းအတူနေခဲ့သည့် ကျောင်းနေဖက် သူငယ်ချင်း ခင်မောင်သိန်း။

ခံပြသက်သေ လေးဦး။

သူငယ်ချင်းဖြစ်သူ ခင်မောင်သိန်းက သူ၏အကျင့်စာရိတ္တ၊ စိတ်နေသဘောထား၊ ဝါသနာနှင့် အနေအထိုင်အေးဆေး၍ ရန်ရှောင်တတ်ပုံများကို ထွက်ဆိုသွားသည်။

သူ၏ အထက်အရာရှိဖြစ်သူ ဦးကြည်ထွန်းက လုပ်ငန်းခွင်တွင် ရိုရိုးအေးအေးနေပြီး အလုပ်ကြိုးစားသူ ဖြစ်ကြောင်းနှင့် တစ်စုံတစ်ရာသော ပြဿနာမရှိခဲ့ဖူးကြောင်း၊ ခုလိုဖြစ်ရသည့်အတွက် အားလုံးပင် မယုံနိုင်လောက်အောင်ဖြစ်ပြီး စိတ်မကောင်းဖြစ်ကြရပုံများကို ထွက်ဆိုသွားသည်။

ကိုခင်မောင်သိန်းနှင့် ဦးကြည်ထွန်းတို့အား သက်သေပြရသည်မှာ သူ၏အကျင့်စာရိတ္တ၊ စိတ်နေသဘောထားနှင့် အနေအထိုင် ဓလေ့စရိုက်ကို ရုံးတော်သို့ တင်ပြနိုင်ရန်အတွက် ဖြစ်၏။ သူတို့ကလည်း မှုခင်းဖြစ်ရပ်အကြောင်းကို လုံးဝမထွက်ဆို။

ဒေါ်မြခင် အလှည့်။

ဒေါ်မြခင်က စစ်မဖြစ်ခင် သူတို့မောင်နှမတွေ ကလေးဘဝကတည်းက အတူနေခဲ့ကြသူများဖြစ်၍ သူကပင် အစစအရာရာ တာဝန်ယူခဲ့ရပြီး သူ့လက် ပေါ်တွင်ပင် ကြီးပြင်းလာခဲ့ကြသူများ ဖြစ်ပါသည်။

ဦးသင်းမောင်နှင့် ဒေါ်ခင်စောတင့်တို့မှာ စိတ်သဘောထား အလွန်ပြည့်ဝသူများဖြစ်၍ သူသည် အိမ်ဖော်လိုမနေရဘဲ မိသားစု ဆွေမျိုးသားချင်းလို နေထိုင်ခဲ့ရပါသည်။

အင့်မတန် အေးချမ်းစွာ နေထိုင်ကြသော မိသားစုဖြစ်၍ သူလည်း စိတ်အနှောင့်အယှက်မရှိ နေထိုင်ခဲ့ရကြောင်း။ သူတို့လင်မယားမှာ ဆွေမျိုးသံယောဇဉ်ကြောင့် ကိုယ့်ရပ်ကိုယ့်ဌာနေကို ပြန်မည့်အကြောင်း တောင်းပန်၍ ပြန်ခဲ့ကြပါသည်။

ခင်ပွန်းသည်မှာ စစ်အတွင်းမှာပင် သေဆုံးခဲ့၍ သူတို့ရန်ကုန်ပြန်ရောက်ပြီး လူလွှတ်ခေါ်ခိုင်း၍ သူတို့နှင့်အတူပြန်လည်နေထိုင်ခဲ့ပါသည်။

ခင်မေကြည် (ခေါ်) ကြည်လေးမှာ ငယ်စဉ်ကတည်းက ကျန်းမာရေးမကောင်းဘဲ စကားပြောလည်း နည်းသည်။ အဆော့အပြုမရှိဘဲ အေးအေး ငြိမ်ငြိမ်နေတတ်သူဖြစ်ပါသည်။

မင်းမောင်ခေါ် အမောင်မှာ ငယ်စဉ်ကပင် စိတ်ထန်၍ သူလိုချင်တာမရရင် ခြေထောက်နှစ်ချောင်း အသားနီလန်အောင် ပွတ်ငိုလေ့ရှိသလို ကြီးလာတော့လည်း ဘာမဆို သူ့ကို အသာရမှ ကျေနပ်စိတ်ရှိသူဖြစ်ကြောင်း။

အစ်ကိုကြီး ဦးသင်းမောင်က သူ့ကိုသာ အများဆုံး ဆူပူကြိမ်းမောင်း ပြောဆိုရပါသည်။

သက်အောင်(ခေါ်) အအောင်မှာ သဘောကောင်းပြီး အဆော့သန်ကြောင်း။ သူ့ကို မိဘတွေက တခြားအကြောင်းအတွက် ပြောရဆိုရခြင်းမရှိ။ ဘောလုံးကြောင့်သာ ပြောရဆိုရ ဆူပူရပါသည်။

ခင်မေရီ(ခေါ်) ထွေးငယ်ကတော့ အမောင်လိုပင် စိတ်ကြီးစိတ်ထန်၍ ဆတ်ဆတ်ထိမခံ ပြောတတ်ဆိုတတ်သူ ဖြစ်ပါသည်။

မိဘနှင့်သားသမီး မောင်နှမအချင်းချင်းကြားမှာ ပြဿနာဟူ၍ ထူး ထူးထွေထွေ မရှိခဲ့ဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com

အမောင် အိမ်ထောင်ပြုမည်ဟု မိခင်ထံ ခွင့်တောင်းပြီးနောက်ပိုင်း အမောင်နှင့် ဒေါ်ခင်စောတင့်တို့ကြားတွင် ပြဿနာများ ရှိလာခဲ့ပါသည်။

ထိုကိစ္စနှင့် ပတ်သက်၍ မောင်နှမများက မည်သို့မှ စွက်ဖက်ပြောဆိုခြင်း မပြုခဲ့ပါ။

အိမ်ထောင်ပြုပြီး နယ်လီ (ခေါ်) ခင်စောသန့် အိမ်ပေါ်ရောက်လာကတည်းက ပြဿနာအမျိုးမျိုး ဖြစ်ပြီး စိတ်ဝမ်းကွဲခဲ့ကြကြောင်း။ တစ်သက်လုံး အေးအေးချမ်းချမ်း နေလာခဲ့သည့် အစ်မကြီးခမျာလည်း စိတ်ဆင်းရဲခဲ့ရပါသည်။

အမောင်ကလည်း နယ်လီနှင့် တွေ့တော့မှ ပုတ်သင်ညိုလုံးလုံးဖြစ်ပြီး မိသားစုနှင့်လည်း တကျက်ကျက် ဖြစ်လာပါသည်။

ဘယ်တုန်းကမှ ပြန်မပြောဖူးသည့် အမေကိုပင် အပြောကြမ်း၊ အဆိုကြမ်း လုပ်လာသည်အထိ နယ်လီကြိုးဆွဲရာကသည့် ရုပ်သေးရုပ် ဖြစ်လာပါသည်။

ကြည်လေးနှင့် အမောင်က ဒီလောက်မဟုတ်ပေမယ့် ငယ်ထွေးကတော့ လုံးဝမခံပါ။ နယ်လီ့ကိုရော၊ အမောင့်ကိုပါ ပက်ခနဲ ပက်ခနဲ တုံ့ပြန်ခဲ့ပါသည်။

နယ်လီနှင့် ထွေးငယ်တို့မှာ ဘယ်လိုမှ မျက်နှာချင်းဆိုင်လို့ မရပါ။ နယ်လီက အပြောအဆို အလွန်ကြမ်းတမ်း ရိုင်းစိုင်းသူဖြစ်ပါသည်။ လင်ယောကျ်ားဖြစ်သူ အမောင့်ကိုပင် မောက်မောက်မာမာ ဆက်ဆံခဲ့သူ ဖြစ်ပါသည်။

ယောက္ခမကိုလည်း ရိုရိုသေသေ မဆက်ဆံခဲ့ပါ။ ထင်ရင်ထင်သလို၊ မထင်ရင်မထင်သလို ကက်ကက်လန် ပြန်ပြောတတ်ပါသည်။

အရင် အရက်မသောက်တတ်သူ အမောင် အရက်သောက်ဖြစ်လာသည်မှာလည်း နယ်လီက တိုက်တွန်းလုပ်ဆောင်ပေးခဲ့သောကြောင့် ဖြစ်ပါသည်။

ကျွန်မကိုလည်း တိုင်းထွာသည်အထိ ရိုင်းရိုင်းပျပျ ဆက်ဆံပြောဆိုတတ်ပြီး သူအပြင်သွားရင် ဝတ်သည့် ဖိနပ်ကိုပင် သူရှိရာသို့ ယူခိုင်းပြီး ခြေထောက်ရှေ့တွင် ချထားခိုင်းသည်အထိ ခိုင်းစေခဲ့ပါသည်။

သူအပြင်က ပြန်လာရင် ချွတ်ထားသည့်ဖိနပ်ကို ခြေရင်းဘက်အပေါ်ထပ်တက်သည့် လှေကားအောက်ရှိ ဖိနပ်စင်ပေါ်သို့ တင်ထားခိုင်းပါသည်။

ကျွန်မနှင့် သူ့အမေမှာ မတိမ်းမယိမ်း အရွယ်တွေဖြစ်သောကြောင့် ထိုသို့မခိုင်းသင့်ကြောင်း ပြောသည့်အခါ အစေခံမို့ အစေခံလိုလုပ်ရမယ့် အလုပ်ကို ခိုင်းတာ။ အစေခံပီပီ မနေဘဲ စိန်နားကပ်ရောင်ကြောင့် ပါးပြောင်ရင် နယ်လီတို့လက်က ပါးမရွေးဘူးလို့ စော်ကားမော်ကားပြောဆိုခဲ့ပါသည်။

ကျွန်မက ဒေါ်ခင်စောတင့်ကိုသာမက ဒီအကြောင်းပြောပြ တိုင်တန်းခဲ့ပါသည်။ ဒေါ်ခင်စောတင့်ကိုလည်း ရွာသို့ ပြန်နေပါရစေတော့ဟု ခွင့်ပန်ခဲ့ပါသည်။

ဒီအကြောင်း ထွေးငယ်သိသွားပြီး အကြီးအကျယ် စကားများကြကြောင်း၊ တစ်ယောက်နဲ့တစ်ယောက် တွန်းလားဆွဲလားအထိဖြစ်လာသောကြောင့် ဒေါ်ခင်စောတင့်ကပါ မနေသာတော့ဘဲ ထွေးငယ်ကို အခန်းထဲဝင်ခိုင်းပြီး နယ်လီ့ကို ဆုံးမစကား ပြောခဲ့ပါသည်။

နယ်လီက ဒေါ်ခင်စောတင့် ပြောနေသည်ကို နားမထောင်ဘဲ အခန်းထဲဝင် အဝတ်အစားလဲပြီး ထွက်သွားခဲ့ပါသည်။

အဲဒီနေ့ည ၈ နာရီ အမောင်မူးပြီး ပြန်လာပါသည်။ နယ်လီပါမလာပါ။ တစ်အိမ်လုံး ဝုန်းဒိုင်းကြဲအောင် ဆူပူပြီး ကျွန်မကိုလည်း မနက်မိုးလင်းတာနဲ့ အိမ်ကနေထွက်သွားရမည်လို့ နှင်ချခဲ့ပါသည်။

ဒေါ်ခင်စောတင့်မှာ ကြည်လေးတို့ ညီအစ်မနှစ်ယောက်ပါ ဝိုင်းပြောပေမယ့် ကျွန်မလည်း မနေတော့ဘဲ မိုးလင်းတာနဲ့ အိမ်ကထွက်ပြီး ရွာသို့ပြန်ခဲ့ပါသည်။ ဒီနောက်ဘာတွေဆက်ဖြစ်ကြသည်ကိုတော့ မသိပါဟု ထွက်ဆိုသွားခဲ့ပါသည်။

ရှေ့နေကြီး ဦးသန်းမောင်အလှည့်။

မေး။ ။ ဒေါ်မြခင် ကျွန်တော်မေးတာကို တိုတိုနဲ့ မှန်မှန်ဖြေပါ။



www.burmeseclassic.com

www.burmeseclassic.com

ဖြေ။ ။ စိတ်ချပါ ရွှေနေကြီးရယ်၊ ဒီနေ့ လပြည့်နေ့။ ကျွန်မ ဒီလိုယူပြီး ဥပုသ်သီတင်း စောင့်ထားပါတယ်၊ ပြီးတော့ ဟိုအထုပ် နီနီကြီးကိုလည်း ကြောက်ပါတယ်၊ ချမ်းစူး မခံနိုင်ပါဘူး။ မှန်မှန်ပဲ ဖြေရပါ။

ဒေါ်မြခင်က ထိုသို့တွင်တွင်ပြီးပြောလိုက်ရာ အခန်းတွင်းရှိ လူများသာမက တရားခွင်ပေါ်တွင် မျက်နှာထားတည်တည် နေလေ့ရှိသည့် တရားသူကြီးပင် ပြုံးရိပ်သမ်းသွားပါသည်။

မေး။ ။ ဒေါ်မြခင်က နယ်လို့တို့ [illegible]တော်မှန်းနေမှာပေါ့နော်။

ဖြေ။ ။ ဘယ့်နှယ်ပြောလိုက်[illegible]သိမ့် ရွှေနေကြီးရယ်၊ အဲဒီမိန်းအလေးမျိုးနဲ့ ဒီတစ်သက် မတွေ့ပါရစေနဲ့လို့ အမြဲတမ်း မေတ္တာပို့ ဆုတောင်းနေရတာပါ။

မေး။ ။ ဩော် . . . ဒါကြောင့် နယ်လို့အကြောင်း မကောင်းချည်းပြောသွားတာပေါ့နော်။

ဖြေ။ ။ ရွှေနေကြီးထင်တာ တက်တက်စင် လွဲနေပါပကော၊ ကျွန်မက အမှန်တွေချည်းပြောတာ။

မေး။ ။ ကျွန်တော်မေးတာကို လိုရင်း တိုတိုပဲဖြေပါ။

ဖြေ။ ။ ဩော် . . . မသိလို့ပါ၊ ဟုတ်ကဲ့ ရွှေနေကြီးပြောတဲ့အတိုင်း ဖြေပါ့မယ်။

မေး။ ။ သူတို့မောင်နှမ သုံးယောက်အပေါ် တော်တော်သံယောဇဉ် ကြီးတယ်ပေါ့။

ဖြေ။ ။ ကြီးတယ်။

ဒေါ်မြခင်က ဇက်ကလေးပါခါပြီး တုံးတိဖြေလိုက်သည်။

မေး။ ။ ဒါကြောင့် နယ်လို့အပေါ် အဆိုးမြင်ပြီး ခုလိုထွက်ဆိုတာ မဟုတ်လား။

ဖြေ။ ။ မဟုတ်ဘူး။

"ရုံးတော်ရဲ့ တရားခွင်မှာ တာဝန်အရမေးတာကို သိမ်သိမ်မွေ့မွေ့ ဖြေပါ"

"ဩော် . . . ရွှေနေကြီးရယ် ရွှေနေကြီးပဲ တိုတိုဆိုလို့ တိုတိုဖြေရတာ"

ရွှေနေကြီးဦးသန်းမောင် ခေါင်းပေါင်းစလှုပ်အောင် ခေါင်းယမ်းသွားသည်။ ကသိကအောက် ဖြစ်သွားပုံရသည်။

ဒေါ်မြခင်က သူ့ကိုအိမ်ပေါ်က နှင်ချသည်ကို အငြိုးဖွဲ့ပြီး နယ်လို့ မကောင်းကြောင်းများကို အတေးအထောက် အာဃာတဖြင့် ထွက်ဆိုသွားခြင်းသဘော သက်ရောက်အောင် မေးခွန်းများ ထုတ်သွားသော်လည်း မှန်းချက်နှင့်နှမ်းထွက် လွဲသွားရှာသည်။

ဦးဝင်းတင်၏ ထွက်ဆိုချက်မှာ တိကျပြည့်စုံသလို ရွှေနေကြီး နှစ်ယောက်၏ မေးခွန်းများကိုလည်း အနှောင့်အသွားလွတ်အောင် ထွက်ဆိုသွားနိုင်ခဲ့သည်။

ဦးဝင်းတင်အလှည့်တွင် ရွှေနေကြီးနှစ်ယောက်မှာ အချေအတင် အချီအချ တော်တော်လေးဖြစ်သွားသည်၊ တရားသူကြီးကလည်း ဦးဝင်းတင် ထွက်ဆိုချက်ကို ဂရုတစိုက် နားထောင်ခဲ့သည်။

နှစ်ဖက်သော ရွှေနေကြီးများအား ပြန်ခေါ်သက်သေ ခေါ်လိုသည်၊ မခေါ်လိုသည်ကို မေးမြန်းခဲ့ရာ နှစ်ဦးစလုံးက မခေါ်လိုကြောင်း လျှောက်ထားခဲ့သောကြောင့် လျှောက်လဲချက်ရုံးချိန်း ရက်သတ်မှတ်ပေးလိုက်သည်။

တရားခွင် စစ်ဆေးမှု ရပ်နားလိုက်သောအခါ ရွှေနေကြီးနှစ်ယောက်မှာ အတူတွဲ၍ ရယ်ရယ်ပြုံးပြုံး စကားပြောဆိုပြီး ထွက်သွားကြသောကြောင့် သက်အောင်၏စိတ်ထဲတွင် တစ်မျိုးတစ်မည်ဖြစ်သွားသည်။

အထဲသို့ ပြန်ရောက်တော့မှ ကို ရွှေတင်ကို ထိုအကြောင်း ပြန်ပြော၍ မေးမြန်းကြည့်ရသည်။

"ခင်ဗျား တလွဲမတွေးနဲ့။ သူတို့က အဲဒီလိုပဲ တရားခွင်မှာ ဘယ်လောက်ပဲ အချေအတင်ပြောပြောပြီးအတူနေဖြစ်သွားကြတာပဲ၊ ဒါတွေက သူတို့အဖို့ ရိုးနေပြီ၊ နာမည်တစ်လုံးနဲ့ သိက္ခာသမာဓိရှိတဲ့ ရွှေနေကြီးတွေက နှစ်ဖက်လွှမလုပ်ကြဘူး"

အထဲရောက်နေသည်မှာ တစ်နှစ်နီးပါး ရှိနေပြီ၊

အဆုံးသတ် အဖြေထွက်ဖို့မှာ ရက်ပိုင်းမျှသာ လိုတော့သည်၊

* * *



www.burmeseclassic.com

www.burmeseclassic.com

(တစ်ဆယ့်လေး)

နှစ်ဖက်ရှေ့နေကြီးများ လျှောက်လဲချက်ပေးကြသည်။

ဦးသန်းမောင်က ညှိနှိုင်း၍မဖြစ်တော့မှန်းသိပါလျက် (ဦးဝင်းတင်၏ ထွက်ဆိုချက်နှင့် ဖြေကြားချက်ကို ကိုးကားသည်) တရားမမှုအပြင် ရင်ဆိုင်ရရုံမှတစ်ပါး အခြားမရှိပြီကိုသိပါလျက် ညှိနှိုင်းဖြေရှင်းရန် ဆက်လက်လုပ်ဆောင်သည်မှာ ထိုသို့သော အခြေအနေမျိုး ဖြစ်လာစေရန်ရည်ရွယ်ကြောင်းထင်ရှားသည်။

မပြေသော် ကန်ရာရှိနေပြီကို ငြင်း၍မရကြောင်း။ အစ်ကိုဖြစ်သူက မိဘအမွေအနှစ်ကို ထိန်းသိမ်းမည့် အကြောင်းကြောင်းကြောင့် ရောင်းချသည့်အခါ သူတို့ ရသင့်ရထိုက်သည်ကို ပေးခဲ့သည်ဟု ကတိပေးခဲ့ကြောင်း။ လိုပြသက်သေ(၄) ထွက်ဆိုချက်အရ ငြင်းဆိုဖွယ်ရာမရှိအောင် ထင်ရှားသည်။

အိမ်တွင်းရေး မိသားစုအရေး ပြေလည်သည် ရှိကြသလို၊ မပြေလည်သည်များလည်း ရှိကြသည်မှာ လောက သဘာဝနိယာမတရားပင် ဖြစ်သည်။

မိသားစုအရေးအခင်း မပြေလည်တိုင်းသာ ဤကဲ့သို့သော ကိုယ်ထိလက်ရောက်မှုဖြင့် သွေးထွက်သံယိုဖြစ်အောင် လုပ်ဆောင်ဖြေရှင်းကြမည်ဆိုလျှင် အမှုများ စစ်ဆေး၍မနိုင်အောင်ရှိလိမ့်မည်သာဖြစ်ပါသည်။

အမွေပြဿနာနှင့် ပတ်သက်သော တရားမမှု အမျိုးအပြားကို ရုံးတော်များမှ ကြားနာစစ်ဆေးလျက်ရှိကြောင်း။ သက်သေပေါင်းမြောက်များစွာ အထူးဖော်ညွှန်းရန်မလိုအောင် ရှိနေပါကြောင်း။

မိသားစုတစ်စုတွင် ရှိကြသော မိသားစုဝင်များမှာ မိဘများပိုင်ဆိုင်သည့် မရွေ့ပြောင်းနိုင်သော အိမ်ရာမြေနှင့် တိုက်တာအဆောက်အအုံကိုသာ အမွေစုပုံပစ္စည်းအဖြစ် ပိုင်ဆိုင်ခွင့်ရှိသည်မဟုတ်ဘဲ ရွှေ့ပြောင်းလွယ်သည့် အတွင်းပစ္စည်း စိန်ရွှေရတနာများ၊ ရင်းနှီးမြှုပ်နှံငွေကြေးဘဏ်အပ်ငွေကြေးနှင့် လက်ဝယ်ရှိငွေကြေးများကိုလည်း ပိုင်ဆိုင်ခွင့်ရှိကြသည်သာ ဖြစ်ပါသည်။

သေဆုံးသူ ကိုမင်းမောင်က မိဘများပိုင်ဆိုင်သည့် ရွှေ့ပြောင်းလွယ်သော စိန်၊ ရွှေ၊ ရတနာပစ္စည်း မည်မျှရှိနေသည်ကို ရော်ရမ်းမှန်းဆ၍ စိတ်အထင်ပြောဆိုနိုင်သည်မှာ သံသယဖြစ်ဖွယ်ရာ၊ ယုံမှားဖွယ်ရာ မရှိဟု ဆိုရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့်သာ အမွေစုပုံပစ္စည်းခွဲဝေရေး ပြဿနာဖြစ်လာရာတွင် တရားမျှတမှုရှိစေရန် ပြောဆိုရခြင်းဖြစ်၍ တစ်ဦးတည်း အပိုင်စီးရယူလိုသည့် သဘောထားဆန္ဒမရှိကြောင်း ထင်ရှားပါသည်။

ကိုယ့်ဘက်က လုံသောအခြေအနေ အနေအထားရှိသောကြောင့်သာ တရားဥပဒေအရ ဖြေရှင်းရန် ပြောဆိုခဲ့သည်ကိုလည်း ငြင်းချက်ထုတ်ဖွယ်ရာ မရှိပါကြောင်း။

ဤသို့သော အခြေအနေအရပ်ရပ် ရှိနေပါလျက် အမွေစုပုံခွဲဝေရေးရန် တောင်းဆိုခြင်းမှာ တရားမျှတမှုမရှိဘဲ အကျပ်ကိုင်ခြင်းသာ ဖြစ်ကြောင်း ထင်ရှားပါသည်။

မဖြစ်နိုင်မှန်းသိလျက် သွားရောက်ပြောဆိုခြင်းမှာ ရည်ရွယ်ချက်ရှိ၍ဟု ဆိုရမည်သာ ဖြစ်ပါသည်။ သည်းယုန်မြင်၍ သည်းချုံထွင်သည်ဟုလည်း ဆိုနိုင်မည်ဖြစ်ပါသည်။

ဒေါသ ဘယ်လိုပင်ပေါက်ပေါက်ကွဲ တစ်ချက်လောက်ရှိ လျှင်ပင် လုံလောက်ပါလျက် မချင်း ဆင့်ကာဆင့်ကာ ရိုက်ခြင်း မှုလကတည်းကရှိသည့် ရည်ရွယ်ချက်ကို အကောင်အထည်ဖော်လို ခြင်းဟု ဆိုရမည်သာဖြစ်ပါကြောင်း

နောက်ပိုင်း ထိုမျှဖြစ်သွားခြင်းမှာ မသိစိတ် လွှမ်းမိုးမှုကြောင့် အကြောင်းပြသည်မှာ ကျူးလွန် သည့်ပြစ်မှု သက်သာစေရန်အတွက် ဆင်ခြေလဲခြင်းဟု ဆိုရမည်သာ ဖြစ်ပါကြောင်း။

ရဲစခန်းသို့ ကိုယ်တိုင်သွားရောက် အဖမ်းခံခြင်းမှာလည်း ရှောင်၍မရသော အခြေအနေ လုပ်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုရမည် သလို ပြစ်ဒဏ်သက်သာခွင့်ကို စေရန် ကြိုတင်စီစဉ်မှုဖြင့် ပြုလုပ် ခြင်းမျှသာ ဖြစ်သည်ဟု ဆိုရမည် ပါကြောင်း။

ပညာတတ်တစ်ယောက် ဖြ



www.burmeseclassic.com

www.burmeseclassic.com

သည့်အလျောက် ဥပဒေကျော့ကွင်း ထို အလှည့်အပတ် အတိမ်းအရှောင် ဆုပ်ရန် ပြုလုပ်မှုများမှာ မပြေးသော် ဓာန်ရာရှိဆိုသလို ထင်ရှားပေါ်လွင် နေသည်ဟုဆိုရမည်မှတစ်ပါး အခြား ရှိပါကြောင်း။

တရားခံသည် တရားဥပဒေ အရ အလွယ်တကူ ဖြေရှင်းရန်လမ်း ကြောင်း အထင်အရှားရှိပါလျက် ထို လမ်းကြောင်းကို မျက်ကွယ်ပြု၍ ကြီးလေးသော ရာဇဝတ်ပြစ်မှုကြီးကို ကျူးလွန်ခဲ့သူ ဖြစ်ပါကြောင်း။

တရားဥပဒေသဘောကို မသိ ၍မဟုတ်ဘဲ သိပါလျက်က လူသတ် မှုကြီးထိအောင် ကျူးလွန်ခဲ့သော တရားခံဖြစ်သူအား သေဒဏ်အပြစ် ချမှတ် သင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်ဟု အဆိုပြု၍ သူ ၏လျှောက်လဲချက်ကို နိဂုံးချုပ်လိုက် သည်။

တရားရုံး အသုံးအနှုန်းများနှင့် ဥပဒေအချက်အလက် ကိုးကားချက် များကို မဖော်ပြတော့ဘဲ စာဖတ်သူ များ နားလည်လွယ်လိမ့်မည့် အသုံး အနှုန်းများဖြင့် ဖော်ပြလိုက်ပါသည်။

ရှေ့နေကြီး ဦးသန်းမောင်က တရားဥပဒေလမ်းကြောင်းအရ ဖြေ ရှင်းနိုင်သည့် လမ်းကြောင်းများရှိပါ လျက် ရာဇဝတ်မှုလမ်းကြောင်းဖြင့် ဖြေရှင်း ခြင်း၊ ကြိုတင်အစီအစဉ်နှင့် ရည်ရွယ်ချက်ပါသည်ကို အဓိက ထား လျှောက်လဲသွားခဲ့သည်။

ဦးငွေလှိုင်ကမူ . . .

မှုခင်းဖြစ်ရပ်ကြောင်း ဇာတ်မြစ် မှာ အမွေမှုမဟုတ်ကြောင်း၊ မိသားစု အတွင်း မသင့်မြတ်မှုကို အခြေခံပြီး မှ အမွေကိစ္စဆက်နွယ်လာခြင်းသာ ဖြစ်ကြောင်း။

သေဆုံးရသူ ကိုမင်းမောင်နှင့် ဇနီးဖြစ်သူ နယ်လီ(ခေါ်) မခင်စော သန့်တို့က မိသားစု၏ သင့်မြတ်မှုနှင့် အေးချမ်းသာယာမှု ပျက်ပြားအောင် မည်သို့မည်ပုံ မွှေနှောက်ခဲ့သည်များ မှာ ကာယကံရှင်နှင့် သက်သေများ ၏ ထွက်ဆိုချက်အရ အလွန်ပင် ပေါ်လွင်ထင်ရှားခဲ့ပါကြောင်း။

ပြဿနာကို ပြေလည်မှုရရှိစေ ရန် ဆောင်ရွက်ပေးရမည့် အဓိက တာဝန်ရှိသူ ဒုတိယသားအကြီးဖြစ် သူ ကိုယ်တိုင်က ပြဿနာပို၍ကြီး ထွားအောင် လုပ်ခဲ့သည်မှာလည်း အထင်အရှားဟု ဆိုရမည်သို့ ရှိခဲ့ပါ ကြောင်း။

သည်းမခံနိုင်ဖွယ်ရာသော ပြဿ နာ၏ အဆုံးစွန်သို့ရောက်အောင် ဖန်တီးပြုလုပ်ခဲ့စေကာမူ ခွန်းကြီး ခွန်းငယ် ပြောသည့်အဆင့်က ကျော် လွန်အောင် မလုပ်ခဲ့ကြကြောင်း။

မိခင်ဖြစ်သူက မိသားစုအတွင်း ဖြစ်နေသည့်ပြဿနာ ပြေလည်စေ ရန် တရားမျှတစွာ လုပ်ဆောင်ခဲ့ သည်များမှာလည်း အထင်အရှားပင် ဖြစ်ပါကြောင်း။

မိခင်ဖြစ်သူက မိသားစုစီးပွား ရေးအခြေအနေနှင့် သူမတွင်ပိုင် ဆိုင်မှုရှိသော ငွေရေးကြေးရေး အခြေအနေနှင့် ခြံပိုင်တိုက်ပိုင် ဝယ် မပေးနိုင်သည့်တိုင် သင့်တင့်မျှတ သောတိုက်ကို ငွေကြေး တာဝန်ယူ ၍ ရှာဖွေငှားရမ်းပေးပါမည်ဆိုသည် ကို လက်မခံခဲ့သည်မှာလည်း ပြဿ နာကို နက်ရှိုင်းအောင်လုပ်မည့် သဘောထားရှိ၍ဟု ဆိုရမည်သာ ဖြစ်ပါကြောင်း။

မည်သည့် အိမ်ထောင်စုတွင် မဆို မိဘဖြစ်သူက သမီးမိန်းကလေး များ အရွယ်ရောက်သည့်အခါ တတ် နိုင်သော ငွေကြေးတတ်နိုင်မှုအပေါ် အခြေတည်ပြီး လက်ဝတ်ရတနာ ဆင်မြန်းပေးလေ့ရှိသည်မှာ မြန်မာ လူမျိုးတို့၏ ရှေးရိုးစဉ်လာ အလေ့ အထဖြစ်၍ အမွေပေးခြင်းဖြစ်သည် ဟု ပြောရိုးမရှိသလို ဥပဒေကလည်း မရှိပါကြောင်း။

သမီးနှစ်ယောက်အား လက် ဝတ်ရတနာအဖြစ် ဆင်မြန်းပေး သည့် ပစ္စည်းကို အမွေစုပုံပစ္စည်း အဖြစ် သေဆုံးသူက သတ်မှတ်ပြော ဆိုသည်မှာ ထုံးတမ်းစဉ်လာနှင့် မညီ ညွတ်သလို သဘာဝလည်း မကျဟု ဆိုရမည် ဖြစ်ပါကြောင်း။

အကြောင်းတရားမဲ့ ယိုးမယ်ဖွဲ့ ၍ ပြဿနာရှာဖွေခြင်းသာ ဖြစ်ပါ ကြောင်း။ ပြဿနာရှာ၍ အိမ်တွင်း ရေး မိသားစုအရေးကို မွှေနှောက် နေသူတို့နှင့် တစ်နေ့မဟုတ်တစ်နေ့ ကိုယ်ထိလက်ရောက် ခိုက်ရန်ဖြစ် ပွားမည့်အရေးကို ရှောင်လွှဲသော အားဖြင့် ကြားဝင်ဖျန်ဖြေသူ ဆွေမျိုး



www.burmeseclassic.com

www.burmeseclassic.com

အကြီးအကဲများ၏စကားကို နားထောင်၍ ကျွန်တော်၏အမှုသည် တရားခံအပါအဝင် မောင်နှမသုံးယောက်မှာ တိုက်ကြီးပေါ်မှ တိုက်ငယ်အခန်းသို့ ပြောင်းရွှေ့နေထိုင်လာရန် မလိုဘဲ ရန်ပြုံအောင်ကြိုးစားခဲ့၊ အနစ်နာခံ၍ လိုက်လျောခဲ့သည်မှာ မည်သို့မျှမငြင်းသာအောင် ထင်ရှားပေါ်လွင်သည့် လုပ်ဆောင်ချက်ဖြစ်ပါကြောင်း။

တရားဥပဒေ လမ်းကြောင်းအရ ဖြေရှင်းရမည်ကို သိစေကာမူ ကွယ်လွန်သွားရှာပြီဖြစ်သော မိဘတို့၏ဂုဏ်သိက္ခာကို မထိခိုက်စေလိုသည်ကတစ်ကြောင်း၊ နှစ်ဖက်စလုံး တရားစရိတ် မြောက်မြားစွာကုန်ကျပြီး အကျိုးမရှိ ဖြစ်မည်ကတစ်ကြောင်း၊ ထို့ကြောင့် ထိုသို့မဖြစ်စေဘဲ ဖြစ်နိုင်သောနည်းလမ်းဖြင့် လိုက်လျောမှုပေး၍ ပြဿနာကို ပြီးငြိမ်းစေရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ပါကြောင်း။

အချင်းဖြစ်နေ့က သွားရောက်ခဲ့ရာတွင် အစ်ကိုဖြစ်သူ၏ ချိန်းဆိုချက်အရ သွားရောက်ခဲ့ခြင်းဖြစ်၍ ထိုသို့ပြုလုပ်မည်ဟူသော ကြိုတင်ကြံစည်ချက်မပါဝင်သလို ရည်ရွယ်ချက်လည်း မရှိပါကြောင်း။ ရှိရန်လည်း အကြောင်းလုံးဝ မရှိပါကြောင်း။ အစ်ကိုဖြစ်သူက မည်သို့ပင် နစ်နာအောင် ပြောစေကာမူ ခွန်းကြီးခွန်းငယ် အော်ဟစ်သည့် အဆင့်ကလွှဲ၍ ထိုထက်တစ်စုံတစ်ရာသော လက်ရောက်မှုအထိဖြစ်ရန် အကြောင်းမရှိပါကြောင်း။

ညီဖြစ်သူအား တိုင်တည်သူအဖြစ်ထား၍ သူတို့ညီအစ်ကိုချင်း ပြောဆိုနေသည့်ကြားသို့ မရိုးဖြစ်သူက ဝင်ရောက်စွက်ဖက်လာရုံမက မခံရပ်နိုင်ဖွယ်ရာသော ရိုင်းပျသည့် အသုံးအနှုန်းများဖြင့် နင်ပဲငဆပြောလာသောကြောင့် ဝုန်းခနဲထလာသော ဒေါသကို မထိန်းနိုင်ဘဲ မရိုးဖြစ်သူအား တုံ့ပြန်ပြောဆိုရာတွင် ကိုယ်ထိလက်ရောက် ပြုလုပ်မည့်အသွင် ရှိသွားကောင်းရှိသွားလိမ့်မည်ကိုလည်း မငြင်းလိုပါကြောင်း။

သည်မှာတင် အစ်ကိုဖြစ်သူက မယားထိစေးကြည့် ဒေါသဖြင့် ရင်ဘတ်ကိုဆွဲ၍ တွန်းလားထိုးလားလုပ်လာသည်ကြောင့် ဟုန်းခနဲထနေသည့် ဒေါသပေါက်ကွဲသွားမည်မှာလည်း သဘာဝကျသည်ဟု ဆိုရမည်သာ ဖြစ်ပါကြောင်း။

မည်သူမဆို ဒေါသပေါက်ကွဲမှုအဆင့် အရှိန်မြင့်တက်သွားသည့်အခါ မူလအသိစိတ် ပျောက်လွင့်သွားသလို မြင်သင့်မြင်ထိုက်ရာကို မမြင်တော့ဘဲ ဖြစ်ချင်ရာဖြစ်ဟု စိတ်နှင့်ကိုယ်ကို လွှတ်ပေးစမြဲ ရှိသည်မှာလည်း နိယာမဟုပင် ဆိုရမည်ဖြစ်ပါကြောင်း။

ကျွန်တော်၏အမှုသည် တရားခံတွင် အပြစ်မရှိပါဘူးဟု တရားဥပဒေကို မျက်ကွယ်ပြု၍ ငြင်းဆိုချက် မပေးလိုပါကြောင်း။

အပြစ်ရှိပါသည်။

သို့သော် . . .

ဖန်တီးသူအဖြစ် အပြစ်ကျူးလွန်ခြင်းမဟုတ်ဘဲ ဖန်တီးခံရသူအဖြစ်မှ အပြစ်ကျူးလွန်ရသူအဖြစ် ဖြစ်စဉ်တစ် ရပ်လုံးကို ချိုင့်သုံးသပ်၍ သက်ညှာသောပြစ်ဒဏ် ချမှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါကြောင်းဖြင့် လျှောက်လဲချက်ကို နိဂုံးချုပ်လိုက်သည်။

နောက်တစ်ပတ် ရုံးချိန်း . . .

စီရင်ချက်ချ၍ အမှုအဆုံးသတ်တော့မည် ဖြစ်ပေသည်။

* * *

(တစ်ဆယ့်ငါး)

စီရင်ချက် ချမည့်နေ့။

ရင်ခုန်သံကို ကိုယ့်ဟာကိုယ်ပြန်ကြားနေရသည်ဟု ဆိုရမည်အောင် စိတ်လှုပ်ရှားနေသည်။

ကိုရွှေတင်၊ ကိုစောသန်းနှင့် ဦးခင်အောင်မြင့်တို့ကလည်း အားပေးစကား တွင်တွင်ပြောနေကြသည်။

အထဲသို့အဝင်နေ့မှ ယနေ့ထက်တိုင် အကူအညီ အစစအရာရာ ပေးနေသည့် ထောင်မှူးလေးကိုတင်မောင်စိုးကလည်း မနက်အစောကြီး ရောက်လာပြီး နှစ်သိမ့်အားပေးစကား ပြောခဲ့သည်။

ဒီနေ့ မနက်ပိုင်းသည် ဦးခင်အောင်မြင့်၊ ကိုတင်ရွှေ၊ ကိုစောသန်းတို့နှင့် နောက်ဆုံးနေရသောရက်ဖြစ်ကောင်းဖြစ်နိုင်သည်။

ဒေသဒဏ်ဆိုလျှင် ကြိုတိုက်ထဲ



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းရမည်။ ရိုးရိုးတန်းနှင့် ထောင် ...ဆိုလျှင် ရိုးရိုးတန်းအဆောင် ...သို့ ပြောင်းရမည်။

နောက်တစ်နေ့မှ ပြောင်းပါ ...စဆို၍ မရ၊ သူ့ပစ္စည်းများကို အဆင်သင့်သိမ်းဆည်းထားရသည်။

ကိုယ်၏မျက်နှာ ဘယ်လောက် ...နွမ်းရိပ်ထင်နေမည်ကို မှန်ထဲပြန်ကြည့်စရာမလို။

တရားခွင်မဝင်ခင် ရုံးခန်းတွင်း ...ရောက်နေသူတွေကလည်း ဝိုင်း ...န်းအားပေးကြသည်။

တရားခွင် စပြီ။

စီရင်ချက်ကို မတ်တတ်ရပ်၍ ...ထောင်ရသည်။

တရားသူကြီးက တည်ငြိမ်သောအသံဖြင့် စီရင်ချက်ကို ဖတ်ကြားနေသည်။

မိနစ်နှစ်ဆယ်ခန့် ဖတ်ကြားပြီးနောက် . . .

ထို့ကြောင့် . . .

တရားခံ မောင်သက်အောင် (ဘ) ဦးသင်းမောင်အား အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်လိုက်သည်။ ရင်တုန်ရပ်သွားသည်။

ထို့နောက်မှ ရင်အေးစရာ အမိန့်ကိုပါ တစ်ဆက်တည်း ချလိုက်သည်။ အထူးဘန်းခံစားခွင့် ဆက်လက်ပေးသည့်အမိန့်။

တစ်လအတွင်း အယူခံဝင်နိုင်ကြောင်း စီရင်ချက်ကို အဆုံးသတ်၍ တရားခွင်မှ ထသွားသည်။

ရှေ့နေကြီးဦးငွေလှိုင်က အယူခံဝင်မည့်အကြောင်းနှင့် မျှော်လင့်ချက်ရှိကြောင်း အားပေးနှစ်သိမ့်စကား ပြောကြားခဲ့သည်။

သူက ကျေးဇူးတင်ကြောင်း တုံ့ပြန်ပြောကြားလိုက်ရသည်။ အိမ်ကလူတွေကတော့ မျက်နှာမကောင်းကြပါ။ သူကတော့ အားတင်းအပြုံးဆောင်လျက်။

အယူခံတွင် သုံးနှစ်ထပ်လျှော့လိုက်သည်။ ခုနစ်နှစ်။

အပြည့်မနေလိုက်ရပါ။ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်နှင့် အကျုံးဝင်သွားသောကြောင့် သုံးနှစ်ကျော်နေထိုင်ပြီး လွတ်မြောက်ခဲ့သည်။

* * *

ဘဝပြောင်းသွားပြန်သည်။

အရောင်အဆင်းအတွက် အဆင်အမျိုးမျိုး ဝတ်ရသော ဝတ်ကြောင်အဖြစ်နှင့် မဟုတ်တော့။

တစ်ရောင်တည်းသော ဝတ်ရုံကို ဝတ်ဆင်ရသည့် ရဟန်းဘောင်သို့ ကူးပြောင်းခဲ့သည်။

ဦးပဥ္စင်း ဦးသောမန။

* * *

လိုချင်မလိုချင်၊ ခန္ဓာရလျှင်၊ ဘဝရှိလာမည်။

ဘဝရှိသမျှ၊ ဒုက္ခတွေ၊ အပျက်တွေချည်းပါပဲလား။

ငါ့မှာ တဏှာခင်တွယ်၊ ဘဝခင်တွယ်မိသဖြင့် ဒီဒုက္ခအဝဝကို ခံစားနေရပါကလား။

ငါ့အဖို့ ဖြစ်ရာမှပျက်၊ ပျက်ရာမှ ပြန်မဖြစ်တော့ရင် ချုပ်ငြိမ်းသောအလှပါကလား။

ငါသည် အပျက်မှ အဖြစ်သို့ ပြန်မဆက်စေလိုလျှင်၊ သတိဖြင့် အစွဲကို ပယ်ဖျက်ပြတ်စဲပစ်ရန်မှာ အမှန်ပါကလား။

နာမ်ချုပ်၊ ဒုက္ခချုပ်၊ ဘဝဇာတ်ထုပ်သိမ်း၊၊ သိမ်းပြီးသူ၏ စိတ်အစဉ်ထဲမှာ စီးပွားပျက်၍ဖြစ်စေ၊ မိသားစုပျက်၍ဖြစ်စေ၊ မိမိအသက် သေသေ၊ မည်သည့်လောကခံနှင့်တွေ့တွေ့ မမှုတော့ပါပြီ၊ မတုန် မဖြုံတော့ပါပြီ။ သေရမည်ကိုလည်းမကြောက်၊ နေရမည်ကိုလည်း မကြောက်တော့ပါပြီ။

သူ့ကိုလည်း မချစ်၊ ကိုယ့်ကိုလည်း မနှစ်သက်တော့ပါပြီ။ သူ့ကြောင့်ဖြစ်သောဘေး၊ ကိုယ့်ကြောင့်ဖြစ်သောဘေးတို့လည်း မရှိတော့ပါပြီ။

*"မဟာတောဓမ္မြင် ဆရာတော်"*

အမွေကိစ္စ ရှုပ်ထွေးသမျှဇာတ်လမ်းထုတ်ရလျှင် တစ်ပုံတစ်ပင်။


'အမွေ'ဟူသော ဝေါဟာရကို 'အမွှေ'ဟူသောဝေါဟာရဖြင့် အစားထိုးရလျှင် . . . .

'မွေ'သည် အလွန်ပင် 'မွှေ' တတ်ပါလေ၏။

*သန့်စင်သော ထာဝရမေတ္တာဖြင့် . . .*

ကျော်မြသန်း

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နောက်ကွယ်မှာ

ဟာနိုသီရင်

မခင်သန်းအား ဈေးအတူ ရောင်းဖော်အဖြစ် ခင်မင်ခဲ့ကြသည်။ ဆိုင်နီးနားချင်းလည်းဖြစ်၊ သူ့ဆိုင် ကိုယ်စောင့်ရှောက်၊ ကိုယ့်ဆိုင်သူစောင့်ရှောက်နှင့် ဈေးပိတ်ရက်မှလွဲ၍ နေ့စဉ် ဈေးဖွင့်ချိန်ကစ၍ ဈေးပိတ်ချိန်အထိ တွေ့မြင်ကြသူ။ သည့်အပြင် နေ့တိုင်း ထမင်းအတူစားသည်အထိ ရင်းနှီးခဲ့ပါသည်။

မယု၏မိခင်ကလည်း မခင်သန်းအပေါ် ဆွေမျိုးနှယ် ချစ်ခင်မှုရှိလေသည်။ ထမင်းချိုင့်ထည့်ပေးလျှင် မခင်သန်းကြိုက်တတ်သည့် ဟင်းများလည်း ချက်ပြုတ်ထည့်ပေးတတ်ပါသည်။

ဈေးပိတ်ရက်များဆိုလျှင် ခင်သန်းတစ်ယောက် မယုအိမ်မှာ အနေများပါသည်။ ရောက်လာလျှင်လည်း အလကားမနေပါ။

"ဒေါ်ကြီး မီးပူတိုက်စရာရှိလားပေး ...ပေး ခင်သန်းမီးပူတိုက်ပေးခဲ့မယ်"

မိသားစုအားလုံးက ဈေး ကျောင်းနေသမားများမို့ တစ်ပတ်စာ လျှော်ဖွပ်ထားသည့် အင်္ကျီ၊ လုံချည်များက အပုံအပင်ဖြစ်နေသည်။ ခင်သန်းက အလိုက်သိပေလို့သာ။

ဒီလိုကိစ္စသာမက မယုအမေ့အပေါ်မှာလည်း ...

"ဒေါ်ကြီးလက်တွေ အကြောဆိုင်းချင်တယ်ဆို။ ခင်သန်းနှိပ်ပေးမယ်"

"ရပါတယ်အေ"

အားနာမှုဖြင့် ငြင်းဆန်သော်လည်း ...

"ခင်သန်းက အဘွားနဲ့နေခဲ့ရတာ။ အဘွားရှိတုန်းက အမြဲနှိပ်ပေးနေခဲ့ရတာမို့ အကြောတက်၊ ကျောအောင့်ဝေဒနာလောက်ကတော့ အသာလေးပါ"

သည်လို အညွန့်ကောင်းလွန်းတော့လည်း မိမိကိုယ်ခန္ဓာ အညောင်းအကိုက် မဖြေချင်သူ ဘယ်ရှိပါ့မည်နည်း။ ထို့ကြောင့် မခင်သန်း၏ အလိုက်သိမှုအပေါ် အသိအမှတ်ပြုရတော့သည်။

မယုဆိုင်အတွက် ဈေးဝယ်ထွက်လျှင် မခင်သန်းက ကြည့်ရှုရောင်းချပေးခဲ့သည်။ မခင်သန်းဆိုင်မှာမရှိလျှင် မယုက ကူညီသည်။ ဈေး၏သာရေးနာရေးကိစ္စများ ဆောင်ရွက်လျှင် အတူတူလှူကြသည်။ အဝတ်အစားဝတ်လျှင် ဆင်တူဝတ်ကြသည်အထိ။ ပတ်ဝန်းကျင်၏အမြင်မှာ မခင်သန်းအား မယုတို့၏ဆွေမျိုးပမာ သိထားကြသည်။

ခင်သန်း သည်လိုမျိုး ဝိုင်းလုပ်ဝိုင်းစား ဆောင်ရွက်ပေးခြင်းကြောင့် ဆိုင်အတွက် အရင်းအနှီးထပ်ထုတ်ရန် ငွေကြေးအခက်အခဲရှိပါလျှင် မယုအမေထံမှ အကူအညီယူရသည်။ ကြွေးပူမပဟုတ်သဖြင့် အေးအေးဆေးဆေးမှပြန်ဆပ်။ ပြီးလျှင် လိုအပ်ချိန်ပြန်ချေးနှင့် အဆင်ပြေနေသည်။

တစ်ခါတစ်ရံ မယုတို့မိသားစုအားလုံး အပြင်သွားလျှင် မခင်သန်းက အိမ်စောင့်ပေးရင်း အိမ်မှုကိစ္စများကူညီလုပ်ကိုင်ပေးထားသဖြင့် မယုတို့က သဘောကျလေသည်။ မယုမိသားစုအားလုံး အပြင်သွားမှ စိန်ရွှေရတနာများ ဝတ်ဆင်ထားပုံက အံ့ဩစရာပင်။ အစကတော့ သူ့ထက် နည်းနည်းပိုပြေလည်သူမျှသာ ထင်မှတ်ထားခဲ့သည်။ မယုတို့က အတော်စုဆောင်းထားတာပဲဟု သဘောပေါက်လာသည်။

နှစ်ပေါင်းများစွာ ရင်းနှီးသိကျွမ်းဝင်ထွက်သွားလာသူမို့ အပြင်သွားလျှင် အိမ်သော့ထားခဲ့ရာ နေရာအမှတ်အသားကအစ ခင်သန်းသိပါသည်။

"အင်း .. မယုတို့များ အတိတ်ကံကောင်းပေသည်"

ဟု အားကျစိတ်ကူးနှင့် တွေးမိလေ၏။ မယုတို့ကလည်း အပြင်က ပြန်လာတိုင်း ခင်သန်းကြိုက်တတ်တာမျိုးလေး ဝယ်ခြမ်းလာတတ်သည်။ ဝယ်လာသမျှစားစရာဆို ငြင်းမနေအားဘဲ စားတော့သည်။

* * *

"ဟင်"

မယု ဗီရိုဖွင့်ပြီး ထားနေကျ



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းအားစမ်းကြည့်ရာ မတွေ့။ သေချာစေရန် ...

"အမေ .. သမီးရဲ့ဗီရိုကိုင်သေးလား"

"ဟင့်အင်း"

အမေ့စကားအဆုံးမှာ သေချာအောင် ဗီရိုတစ်ခုလုံး ရှာဖွေမိသည်။ မျှော်လင့်ထားသော အရာဝတ္ထုမတွေ့တော့။

"အမေ ..."

"ဟေ ... ဘာတုံး"

"သမီးတို့ရွှေထုပ် မရှိတော့ဘူး"

မယုစကားကို အမေက မယုံချင်။ ရွှေထုပ်အခိုးခံရအောင် အိမ်မှာ သူခိုးမွှေနောက်ထားသည့် ခြေရာ၊ လက်ရာ၊ အစအနမမြင်။ မတွေ့ပေ။

"သေချာရဲ့လား သမီးရယ်"

"သေချာတယ်။ အထားမှားစရာလည်း မဖြစ်နိုင်ဘူး"

ဗီရိုထဲမှာထားသည့် ငွေသိန်းငါးဆယ်နှင့် မိသားစုတစ်ကိုယ်စာ လက်ဝတ်လက်စားများက အရာမယွင်းပေ။ ပျောက်ပုံကဆန်းလှသည်။ နောက်ဆုံး သတ်ဆိုင်ရာရဲစခန်းသို့ တိုင်ချက်ဖွင့်ရတော့သည်။

ဗီရိုထဲမှာထားသည့် ငွေသိန်းငါးဆယ်နှင့် မိသားစုတစ်ကိုယ်စာ လက်ဝတ်လက်စားများက အရာမယွင်းပေ။ ပျောက်ပုံကဆန်းလှသည်။ နောက်ဆုံး သက်ဆိုင်ရာရဲစခန်းသို့ တိုင်ချက်ဖွင့်ရတော့သည်။ ပျောက်ရှပုံအနေအထားအား ရဲများ၏အတွေ့အကြုံအရ ...

"အတွင်းလူ တစ်ယောက်ယောက် ယူတာဖြစ်မယ်"

ဟု ကောက်ချက်ချသည်။ မိသားစုဝင်များ တစ်ဦးချင်းခေါ်မေးသည်။ လုံးဝမဖြစ်နိုင်။ ရပ်ကွက်အတွင်းမှာ စုံစမ်းရတော့သည်။ မယုတို့အိမ်သို့ အဝင်အထွက် မည်သူရှိမည်နည်းဟု စုံစမ်းနေဆဲ။

"အမေ .. အမေ ... မခင်သန်းတစ်ယောက် သုံးစွဲပုံက ထူးခြားနေတယ်။ ငွေတွေတအားသုံးနေတယ်"

အမြဲလို ငွေကြေးလိုအပ်၍ ချေးငှါးသုံးစွဲနေသူက ပိုက်ဆံအထပ်လိုက် တရှမ်းရှမ်းသုံးနေပုံက အံ့ဩစရာပင်။ မယုကိုယ်တိုင်ပင် စခန်းမှူးထံ အကျိုးအကြောင်း ပြောရတော့သည်။

* * *

"အဲဒီနေ့က မယုတို့အိမ်ကို ထွက်လာခဲ့တယ်။ အိမ်ရောက်တော့ သော့ခတ်ထားတာနဲ့ လှည့်ပြန်မလို့ပဲ။ နောက်တော့ အိမ်သော့ဝှက်ထားတတ်တဲ့နေရာကို ကျွန်မကသိတယ်လေ။ မယုတို့က သော့ပိုမထားကြဘူး။ အိမ်အရင်ပြန်ရောက်သူက ဝင်လို့ရအောင် သော့ကိုထားထားတတ်တယ်။ အခန်းထဲကဗီရိုကို သွားခဲ့တယ်။ မယုရဲ့ဗီရိုက ဒီအိမ်ရဲ့ဘဏ္ဍာတိုက်ပဲလေ။ ကျွန်မက အမြဲ မယု ဗီရိုထဲ အဝတ်မီးပူတိုက်ပြီး ရှင်းလင်း ထည့်ပေးရတာမို့ ဘယ်နေရာမှာ ဘာ ထားလဲ သိနေတာပဲလေ။ ရွှေထုပ်ကို ပဲ ယူခဲ့တယ်။ ငွေတွေတွေ့သားပဲ မယုကိုသနားလို့ ချန်ခဲ့ပေးတာ"

မခင်သန်းက သူလုပ်ခဲ့သမျှ ထွက်ဆိုပေး၍ တော်တော့သည်။ မျက်မြင် အိမ်နီးချင်းသက်သေက လည်း ...

"ဟုတ်တယ် အဲ့ဒီမိန်းမလာတာ မြင်တယ်။ နေ့လယ် ၁ နာရီလောက် က။ သူတစ်ယောက်တည်း အိမ်တံခါး ဖွင့်ဝင်သွားတာတွေ့တယ်။ ခဏ အကြာ လက်ထဲမှာ ကြွပ်ကြွပ်အိတ် အမည်းရောင်ကိုင်ပြီး ပြန်ထွက်လာ တာ တွေ့တယ်။ သူက ဒီလိုပဲ ဝင် ထွက်နေကျမို့ သည်အတိုင်းပဲ လာ လာစဉ် မှတ်ယူထားခဲ့တာပါ"

သက်သေကလည်း ခိုင်လုံပြီ ယူထားသူကလည်း ဝန်ခံပြီဆိုတော့ မခင်သန်း အိမ်လည်လာရင်း ခိုးယူခဲ့ သည့် ပစ္စည်းများရောင်းချထားရာသို့ သွားရောက် သိမ်းဆည်းရတော့သည်။

ဩော် ... လောက ... လောက လူတွေရဲ့စိတ်ဓာတ်တွေ ပြောင်းလဲ ကုန်အောင် လောဘ၊ ဒေါသ၊ မောဟ စိတ်များ ကြီးစိုးသောအခါ ခင်မင်ရင်းနှီးသူ အတွင်းလူလည်း ယုံမှတ်လို့ မရပါလားဟူ၍ ...။

ဟန်သီဇင်

www.burmeseclassic.com

# နိဗ္ဗာန်ဈေး

ပိုက်မင်းဝေ

သီတင်းကျွတ်ကာလ ရုံးပိတ်ရက်မို့ ဇနီးသည်၏မိဘ(ကျွန်တော့်ယောက္ခမ)များရှိရာ ယုဇနဥယျာဉ်မြို့တော်သို့ ကန်တော့ရန် ကျွန်တော်တို့မိသားစု သွားရောက်ဖြစ်ခဲ့သည်။ ထိုအ[illegible]ကဆို နှစ်စဉ်နှစ်တိုင်း ကန်တော့နေကျ။ မပြင်းဖူးခဲ့။ ယခုတော့ သီတင်းကျွတ်မတိုင်မီ စာရေးဆရာကြီးတစ်ဦး၏ ကန်တော့ခြင်းနှင့် မုန့်ဖိုးပေးခြင်း အလေ့အထ စာတစ်ပိုဒ်ကိုဖတ်မိပြီး သွားကန်တော့ချည်ကိုပင် စိတ်ထဲ မသိုးမသန့် ဖြစ်မိသည်။ မုန့်ဖိုးလုံးဝမမျှော်လင့်သော်လည်း သည်လိုစာမျိုး ယောက္ခမကြီးများဖတ်ထားမိလျှင် သတိမထားထားသောအရာတစ်ခု သတိထားသွားမည်မှာ ကျိန်းသေပင်။ သူတို့အတွေးများတွင် လာရောက်ကန်တော့သူ ကျွန်တော့်တို့ကို တစ်မျိုးမြင်လာနိုင်သည်။ သာမန် လူပြိန်းတွေးမျိုးတွေကိုး။ သို့နှင့် ဇနီးဖြစ်သူကို ကြောက်(အဲလေ) ချစ်လွန်း၍ ခေါင်းညိတ်လက်ခံလိုက်ရသည်။ သို့ဖြင့် ယုဇနသို့ရောက်လာချေပြီ။

"ဟာ . . သမီးတို့သားတို့ပါလား။ လာပော့ . . ငါ့မြေးတွေတောင် မတွေ့ရတာကြာပြီ။ တွေ့ချင်နေတာနဲ့ အတော်ပဲ"

"အဖေ . . အမေကော"

"နိဗ္ဗာန်ဈေး သွားလေရဲ့၊ ပြန်ရောက်ခါနီးပါပြီ"

မကြာမီ ဈေးခြင်းတောင်းဆွဲ၍ ယောက္ခမကြီး ပြန်ရောက်လာချေပြီ။ ပါးစပ်ကလည်း ဗျစ်တောက်ဗျစ်တောက်နှင့်။

"အမေကြီး ဘာဖြစ်လာတာလဲ"

"ဘာဖြစ်ရမှာလဲ၊ သည်လိုအခါကြီးရက်ကြီးဆို ဘာဝယ်ဝယ် ဈေးကလည်း ကြီးသမှတော်"

"အမေ . . . အဖေပြောတော့ နိဗ္ဗာန်ဈေးသွားတာဆို"

"အေး . . ဟုတ်တယ်။ ဟုတ်တာမှ နိဗ္ဗာန်ဈေးပဲ"

"ဩော် . . ကျွန်တော်က ကျွန်တော်တို့ဆီမှာလို သီတင်းကျွတ်တို့၊ တန်ဆောင်တိုင်တို့လို ရက်မျိုးမှာ ရပ်ကွက်တိုင်း လမ်းတိုင်းမှာ ပျော်စရာရွှင်စရာ နိဗ္ဗာန်ဈေးမှတ်လို့။ နေပါဦး ဟိုတစ်ခေါက်လာတုန်းက အဲ့သည်ဈေး မတွေ့ပါလား။ အသစ်ဖွင့်လိုက်တဲ့ဈေးလား"

"သည်လိုကွယ့် ငါ့သားရဲ့၊ နင့်အဖေဈေးဖိုးပေးတဲ့ပိုက်ဆံ မလောက်ဘူးလို့ နေ့တိုင်းပြောတော့ နင့်အဖေလည်း ဈေးလိုက်ကြည့်ဦးမယ်တဲ့။ အမေလည်း သူ့ကို ဈေးတစ်ရက်တည်း ခေါ်သွားလိုက်တာ၊ အဲသည်မှာ သူပေးထားတဲ့နာမည်ပဲ။ ဈေးနှုန်းမြင့်ချက်ကတော့ နတ်ပြည်ခြောက်ထပ်တောင် ကျော်နေပြီ၊ အမည်မပေးရသေးတဲ့ သည်ဈေးသည်တစ်ခါ ရပ်ကွက်လူကြီးတွေ ဈေးအမည်ရွေးဖို့ တိုင်ပင်ရင် 'နိဗ္ဗာန်ဈေး'လို့ပေးဖို့ အဆိုတင်သွင်းရမတဲ့၊ ကဲ . . . နိဗ္ဗာန်ဈေးအဓိပ္ပာယ်"


"ဩော် . . . နိဗ္ဗာန်ဈေး . . . နိဗ္ဗာန်ဈေး"

ပိုက်မင်းဝေ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အတ္တကြီးသူ၏နောက်ဆုံးလမ်း

တင့်ထူး(ဇေယျဝတီ)

စံတိုး၊ လှမင်းနှင့် ကျော်လင်းတို့ လူရွယ်သုံးယောက်က ရွာထဲတွင် သူပေလူတေများ ဖြစ်ကြ၏။ မိဘများ၏ စီးပွားရေးအလုပ်တွင်လည်း ဝင်ကူညီ လုပ်ကိုင်ပေးရမှန်း မသိကြ၊ သက်သာသလိုသာ နေခဲ့ကြသည်၊ နေ့စဉ်နှင့်အမျှ အိမ်ကပ်ကြသည်မရှိ။ သုံးယောက်သား တတွဲတွဲနှင့်သာ ရွာထဲတွင် လမ်းသလားနေကြသည်။

သူတို့တို့ ကြက်ဝိုင်းတွင်လည်း တွေ့ရတတ်၏၊ ထန်းတော၌လည်း မြင်ရ၏၊ အရက်ရောင်းသည့် အိမ်၌လည်း သူတို့ရှိနေတတ်ကြသည်။ အလုပ်ကိုသာ လက်ကြောတင်းအောင် ဝင်မလုပ်ကြသော်လည်း အသောက်အစား၊ လောင်းကစားကိုတော့ ပုံမှန်လုပ်ခဲ့ကြသည်။

"ဟေ့ . . . စံတိုးရေ၊ ငါတို့ ဒီနေ့ညမှာ ကြက်သားဟင်းချက်စားကြရင် ကောင်းမယ်ဟေ့"

"မင်းတို့ ကြက်သားချက်စားချင်တာတော့ ဟုတ်ပါပြီ၊ ကြက်က ဘယ်ကရမှာလဲဟ။ ငါတို့မှာ ဝယ်စရာ တစ်ပြားတောင် မရှိကြဘဲနဲ့ကွာ"

"လှမင်း မင်းအိမ်ကကြက်တွေရော"

"ဟာ . . . ငါ့အိမ်ကကြက်တွေ အားလုံး ကြက်နာကျလို့ တစ်ကောင်မှ မကျန်တော့ဘူးလေကွာ"

"မင်းတို့ ဘာမှပူပန်မနေကြနဲ့၊ ညရောက်လာရင် ကြက်သားဟင်းစားရရင် ပြီးရောမဟုတ်လား"

"မင်းက ကြက်ဘယ်ကရမှာမို့လို့လဲ စံတိုးရဲ့"

"မင်းတို့ ရွာအနောက်ပိုင်းက ကိုစံဖြိုးတို့အိမ် သိတယ်မဟုတ်လား"

"အေး . . . သိတယ်လေ"

"အဲဒီအိမ် အောက်ထပ်မှာ ကြက်အိပ်တန်း ရှိနေတယ်ကွ"

"ဩော် . . . ဩော် ဒါဆိုရင် ငါတို့သဘောပေါက်ပြီဟေ့"

ညက တဖြည်းဖြည်း ညဥ့်နက်လာသည်၊ ကျေးလက်တောရွာဆိုတော့ နေ့ဘက်တွင် လယ်ထဲချောင်းထဲ၊ တောင်ပေါ်အလုပ်များ ပင်ပင်ပန်းပန်း လုပ်ကိုင်ကြရကာ ညဘက်တွင် ၉ နာရီလောက်ရောက်သည်နှင့် စောစောအိပ်ရာဝင်ခဲ့ကြသည်။

စံတိုးတို့အဖွဲ့လည်း ထိုအိမ်နားသို့ ကပ်လာခဲ့ကြသည်။

"ကဲ . . . ကျော်လင်းနဲ့ လှမင်းက ခြံဝကစောင့်နေကြဟေ့၊ ငါပဲ အိမ်အောက်ဝင်ပြီး ကြက်ဝင်ခိုးတော့မယ်"

"အေး . . . သတိနဲ့ထားသွားဦးကွ"

စံတိုးမှာ အမှောင်ထဲတွင် သတိထားပြီး အိမ်အောက်သို့ ဝင်လာခဲ့သည်၊ ကြက်အိပ်တန်းတွင် ကြက်များ စီတန်းပြီး အိပ်နေသည်ကို မည်းမည်းသဏ္ဌာန်များ မြင်တွေ့နေရသည်၊ ထိုစဉ်တွင် အိမ်ပေါ်မှ လင်မယားနှစ်ယောက် စကားပြောနေသံကိုကြားလာရသည်၊

"ကိုစံဖြိုး ကျွန်ုပ်တို့သားလေးကို ဒီနွေမှာ ရှင်ပြုပေးရတော့မယ်လေ၊ ရှင်ပစ္စည်းတွေလည်း သွားမယူသေးပါလားတော့"

"အေးအေးနေစမ်းပါကွာ၊ ရှင်ပြုမယ့်လနားနီးတော့ ငါသွားဖော်ပြီး ယူပေးပါ့မယ်"

"ရှင့်ပစ္စည်းတွေက ရှိနေတာရော သေချာလို့လား"

"အို . . . ဘာလို့မသေချာရမှာလဲကွ၊ ဂျပန်ခေတ်က လုယက်ခံရမှာကြောက်လို့ ငါကိုယ်တိုင်ပဲ အမှတ်အသားနဲ့ မြှုပ်ထားခဲ့တာပဲ"

"အဲဒီ မှတ်သားပြီး မြှုပ်ထားခဲ့တဲ့နေရာကော ရှင်သေသေချာချာ မှတ်မိရဲ့လား၊ တော်တော်ကြာ သွားဖော်ယူခါမှ နေရာမှားပြီး ရှာမတွေ့ခဲ့ရင် အလုပ်လုပ်ဖို့ ခက်မယ်လေ"

"မှတ်မိပါတယ်ကွ၊ မြယာပင်ကြောပေါ်က သစ်ပုပ်ပင်ကြီးသုံးပင်ဖိုခနောက်ဆိုင်ပေါက်နေတဲ့အလယ်မှာ ငါသေသေချာချာ တူးမြှုပ်ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com

တာပဲ။ ဟိုတစ်လောကတောင် အဲဒီနေရာကိုရောက်လို့ ကြည့်မိတော့ သစ်ပုပ်ပင်ကြီးတွေလည်းရှိနေတယ်။ ခြေရာလက်ရာလည်း မပျက်ဘူးကွ"

အိပ်ရာထဲမှ လင်မယားနှစ်ယောက် တိုင်ပင်ပြောဆိုနေသံကို စံတိုးက အိမ်အောက်မှ ကြမ်းခင်းပျဉ်နားကပ်၍ နားထောင်ကြည့်ခဲ့သဖြင့် အလုံးစုံကြားလာခဲ့လေသည်။

"ဟာ . . ကိုစံဖြိုး သူ့မိန်းမကို ပြောပြနေတဲ့ ပစ္စည်းတွေမြှုပ်ထားတဲ့နေရာဟာ ဟိုမြယာပင်ကြောပေါ်က သစ်ပုပ်ပင်ကြီးသုံးပင်ဆိုင်ပြီး ပေါက်နေတဲ့နေရာရဲ့ အလယ်မှာတဲ့"

ထိုနေရာသို့ စံတိုးမှာ သူ့ဖခင်နှင့် ဝါးခုတ်သွားရင်း မကြာခဏရောက်ဖူးခဲ့သည်။ သို့သော်လည်း ထိုနေရာက ဂျပန်များနှင့် တော်လှန်ရေးရဲဘော်များ တွေ့ဆုံတိုက်ပွဲ ဖြစ်ထားသည့်နေရာဖြစ်၍ မကျွတ်လွတ်သူတို့က ခြောက်လှန့်တတ်သဖြင့် သိကြသူတွေက အဖော်မပါဘဲ မသွားဝံ့ခဲ့ကြပေ။ ထို့ကြောင့်ပင် ကိုစံဖြိုး ပစ္စည်းများ မြှုပ်ထားသည့်နေရာမှာ ရန်သူမျိုးငါးပါးဘေးမှ ကင်းဝေးနေခဲ့ခြင်းဖြစ်သည်။

"ဟာ . . . စံတိုး၊ ကြာလှချည်လားကွာ။ ငါတို့ အမှောင်ထဲမှာ ခြင်အကိုက်ခံပြီး စောင့်နေကြရတာကွ"

"အိုကွာ . . . ကြာဆို အိမ်ရှင်လင်မယားက မီးမှိတ်ထားပေမယ့် စကားပြောနေကြလို့ သူတို့အိပ်တဲ့အထိ ထိုင်စောင့်နေရတယ်လေ"

"မင်း ကြက်တောပါလာရဲ့လား စံတိုး"

"ပါပါတယ်ကွ ဟောဒီမှာ ကြက်မတမ်းမလေး"

"ကဲ . . . ကဲ၊ ဒါဆိုရင် ကျော်လင်းတို့အိမ်ကို သွားပြီး ချက်စားကြမယ်"

သုံးယောက်သား ထိုညကခိုးလာသော ကြက်သားချက်နှင့် ထမင်းအစ စားခဲ့ကြပြီး ညဥ့်နှစ်ချက်တီးအချိန်ရောက်မှ အသီးသီး အိမ်ပြန်ခဲ့ကြလေသည်။

***

အချိန်က ဆောင်းနှောင်းပိုင်းရောက်လာခဲ့ပြီ ဖြစ်သည်။ လယ်သမားများလည်း စပါးများရိတ်သိမ်းပြီးခဲ့၍ ဆောင်းသီးနှံတို့ကိုပင် ထပ်၍စိုက်ထားခဲ့ကြပေပြီ။ ထိုဆောင်းသီးနှံများ ရိတ်သိမ်းကာ ရောင်းချပြီးကြလျှင် နွေဘက်၌ အလှူအတန်းများ ကျင်းပကြတော့မည်ဖြစ်သည်။

"အင်း . . . ကိုစံဖြိုးတို့လည်း ဒီနွေမှာ သူ့သားကိုရှင်ပြုပေးတော့မှာပဲ။ ရှင်ပြုပေးနိုင်အောင် မြယာပင်ကြောက သူမြှုပ်ထားတဲ့ ပစ္စည်းတွေကို သွားဖော်ယူတော့မှာပါလား"

စံတိုးမှာ နွေဘက်တွင် ကိုစံဖြိုးသွား၍ မတူးဖော်ယူမီတွင် လက်ဦးမှုရအောင် သွားတူးယူလိုနေသည်။ ခက်သည်က သူတစ်ယောက်တည်း ထိုနေရာသို့ လူမမြင်သူမမြင် မသွားဝံ့နေခြင်းဖြစ်သည်။ အဖော်ခေါ်ရပြီဆိုပါက အဖော်လိုက်သူအား ပစ္စည်းခွဲဝေပေးရမည်ဖြစ်သည်။

"ငါ အဖော်ခေါ်မယ်ဆိုရင်တော့ လှမင်းတစ်ယောက်ကိုပဲ ခေါ်မယ်။ ဟိုကောင် ကျော်လင်းက ပါးစပ်က ဟောင်ဖွာဖွာဆိုတော့ နှုတ်မလုံရင် ဒုက္ခရောက်ကြမယ်"

"ငါအချိန်ဆွဲနေလို့ မဖြစ်တော့ဘူး။ လှမင်းနဲ့ နှစ်ယောက်တည်း တိုးတိုးတိတ်တိတ် တိုင်ပင်ပြီး လက်ဦးမှုရအောင် သွားတူးမှဖြစ်တော့မယ်"

"မင်းဟာက သေချာလို့လား စံတိုးရာ။ တော်တော်ကြာ သွားမောကြီး ဖြစ်နေပါ့မယ်ကွာ"

"ဟာ . . . ကြက်ခိုးတဲ့ညက ကိုစံဖြိုးကိုယ်တိုင် သူ့မိန်းမကို ပြောပြနေတာ ငါ့နားနဲ့ ဆတ်ဆတ်ကြားခဲ့ရတာပါကွာ"

"အေးလေ၊ သေချာတယ်ဆိုရင်တော့ မင်းနဲ့ငါ သွားတူးကြမယ်။ ရလာတဲ့ပစ္စည်းကတော့ ညီတူညီမျှပဲနော်"

ထိုသို့တိုင်ပင်ကြပြီးနောက် နှစ်ရက်ခန့်အကြာတွင် ရွာမှမည်သူ့ကိုမှ အသိမပေးကြဘဲ မြယာပင်ကြောသို့ ထွက်လာခဲ့ကြလေသည်။

"ဟော . . . ရှေ့မှာတွေ့လား အဲဒါ သစ်ပုပ်ပင်သုံးပင် ဖိုခနောက်ဆိုင် ရှိနေတဲ့နေရာပဲကွ လှမင်းရ"

"ဒီသစ်ပုပ်ပင်ကြီး သုံးပင်အလယ်မှာ မြှုပ်ထားတာတဲ့လားကွ"

"ဟုတ်တယ် ငါတို့စပြီး တူးကြမယ်ဟေ့"

အိတ်ထဲတွင် အပြားလိုက်ထည့်လာခဲ့သော ပေါက်တူးပြား ဝါးရိုးတပ်ကြသည်။ ပြီးလျှင် စတင်၍ တူးကြလေသည်။ ခါးလော



www.burmeseclassic.com

www.burmeseclassic.com

ကောင် တူးကြသော်လည်း မြှုပ်ထားသည်ဆိုသော ပစ္စည်းများက တွေ့သေးချေ။

"မင်းပြောတဲ့ ပစ္စည်းတွေက ရှိရောရှိသေးရဲ့လားကွ၊ တူးရတာ ဆတ်တွေတောင်ပေါက်ကုန်ပြီကွ"

"အားမလျှော့စမ်းပါနဲ့ကွာ၊ ဆတ်တူးရှာကြတာပေါ့၊ ဘယ်သူမှ တော့ လာတူးထားတဲ့အရာ မရှိသေးဘူး မဟုတ်လားကွ"

"ဒေါက် . . . ဂုတ်"

"ဟော . . တစ်ခုခုကို ပေါက်မိတဲ့အသံပဲကွ"

ထိုအသံကြားလာသဖြင့် နှစ်ယောက်စလုံး စိတ်ဝင်စားသွားခဲ့ကြသည်၊ ဆက်လက်၍ တူးခဲ့ကြရာ မြေအိုးကလေးတစ်လုံး ပေါ်လာခဲ့တော့သည်။

"ဟုတ်ပြီဟေ့ မြေအိုးကလေးဟို မြန်မြန်ဖော်ထုတ်လိုက်ကွာ"

"ကဲ . . . အဖုံးကလေး ဖွင့်ကြည့်ကြရအောင်"

"ဟာ . . . အထဲမှာ လက်ကောက်၊ ဆွဲကြိုး၊ လက်စွပ်တွေပါလားဟ"

"ငါတို့တော့ လာပြီးတူးရကျိုးနပ်ပြီဟေ့"

"ဒီပစ္စည်းတွေအားလုံးဟာ အလေးချိန် ဆယ့်ငါးကျပ်သားလောက် ရှိနိုင်တယ်ကွ"

"မင်းနဲ့ငါ တစ်ယောက်တစ်ဝက် ညီတူညီမျှပဲနော် စံတိုး"

"အေးပါ လှမင်းရာ မင်းနဲ့ငါ ညီတူညီမျှ ခွဲဝေယူကြမှာပေါ့ကွာ"

နှစ်ယောက်သား ပစ္စည်းများ တူးယူ၍ ရခဲ့ကြပြီဖြစ်၍ ထိုပစ္စည်းများကို စံတိုးက သေသေချာချာထုပ်ပိုးပြီး နှစ်ယောက်အတူ ပြန်လာခဲ့ကြလေသည်။

"အင်း . . ကိုစံဖြိုးသာ ဒီသစ်ပုပ်ပင်ကြီးတွေဆီကို ရောက်လာရင်တော့ ငါတို့တူးထားတာမြင်တွေ့ရင် ရူးများသွားမလားပဲကွာ"

"ဘယ်ပြောနိုင်ပါ့မလဲကွာ၊ သူအနှစ်နှစ်အလလ မြှုပ်ပြီးထားတဲ့ သူ့ပစ္စည်းတွေ တခြားလူတူးသွားပြီလို့သိရင် မင်းပြောသလို ရူးချင်လည်းရူးသွားနိုင်တာပဲလေ"

"ဘာပဲဖြစ်ဖြစ်ကွာ ငါတို့စွန့်စွန့်စားစားနဲ့ ကြိုးပမ်းပြီးရခဲ့ကြတာဆိုတော့ ငါတို့ပစ္စည်းဖြစ်ပြီလေ၊ မင်းရော ငါရော နှုတ်လုံဖို့တော့ လိုမယ်နော် လှမင်း"

"လုံပါတယ်ကွာ၊ ဘယ်သူကကိုယ့်ကိုယ်ကို အမှုပတ်အောင် ပြောမှာလဲကွာ"

"ဟေ့ . . . စံတိုး ငါတို့လာလမ်းအတိုင်း ပြန်ကြလို ဖြစ်ပါ့မလားကွ၊ လမ်းမှာ ဒီပစ္စည်းတွေ လာတူးယူမည့် ကိုစံဖြိုးတို့လူတွေနဲ့တွေ့ရင် တွေ့နိုင်တယ်ကွ"

"အင်း . . . မင်းစဉ်းစားမိတာ မှန်တယ်၊ ကိုစံဖြိုးတို့လည်း ဒီပစ္စည်းကို လာတူးယူဖို့ တာစူနေတာကွ"

"ဒီလိုဆိုရင် ငါတို့နှစ်ယောက် တခြားလမ်းကနေ အခြေအနေကြည့်ပြီး ပြန်ကြမယ်ကွာ"

သူတို့နှစ်ယောက် တခြားလမ်းမှ တောတိုး၍ လာခဲ့ကြလေသည်။

"ဟေ့ ကောင် စံတိုး၊ ပစ္စည်းတွေက ဘယ်တော့ဝေစု ခွဲကြမှာလဲကွ"

"မင်းကလည်းကွာ ဖြည်းဖြည်းပေါ့ကွာ၊ ဘယ်သူကထွက်ပြေးမှာလဲကွ၊ ငါတို့ရွာနားပြန်ရောက်ရင် နှစ်ယောက်အတူ ခွဲဝေယူပြီး အိမ်ပြန်ကြတာပေါ့ကွာ"

"အင်း . . လှမင်းဆိုတဲ့ကောင်က ရလာတဲ့ပစ္စည်းတွေအပေါ်မှာ တော်တော်စုံမက်တဲ့အကောင်ပဲ"

"ငါဒီအကောင့်ကို တစ်ယောက်တည်းမသွားဝံ့လို့ အဖော်သာခေါ်လာခဲ့ရပေမယ့် ဒီပစ္စည်းတွေရှိနေတဲ့ နေရာကို သိလာတာက ငါပဲ၊ ငါပြောမှ လှမင်းကသိခဲ့ရတာပဲ၊ ဒီတော့ တူးလို့ရတဲ့ပစ္စည်းတွေကို သူ့ကို တစ်ဝက်ခွဲပေးရမယ်ဆိုရင် ငါ့အတွက် တော်တော်နစ်နာမှာပဲ"

စံတိုးမှာ ရလာသည့်ပစ္စည်းများမှ လှမင်းကို တစ်ဝက်တိတိ ညီညီမျှမျှ ခွဲဝေပေးရမည်ကို တွန့်တိုလာမိတော့သည်။

"ဒီလှမင်းဆိုတဲ့အကောင် မရှိတော့ရင် ဒီပစ္စည်းတွေအားလုံး ငါတစ်ယောက်တည်းပဲ အပိုင်ရမှာပဲ"

စံတိုးမှာ ပစ္စည်းမာန်တက်လာကာ သူ၏လုပ်ဖော်ကိုင်ဖက် လှမင်းကိုပင် တစ်ဝက်ခွဲပေးရမည်ကို နှမြောလာခဲ့သည့်အလျောက် လှမင်းအပေါ် အမြင်မကြည်လင်နိုင်ခဲ့တော့ပေ။

"ငါ ဒီလှမင်းကို ပစ္စည်းတစ်ဝက်ခွဲမပေးရအောင် တစ်နည်းနည်းနဲ့ ဒီကောင့်ကိုအပျောက်ရှင်းပစ်မှပဲ"



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းမာန်နှင့် လှမင်းအပေါ် အပျောက်ရှင်းပစ်နိုင်ရန် အတ္တကြီးစွာ တွေးတောလာခဲ့တော့သည်။

"ဟာ . . . ငါတို့လာခဲ့တဲ့လမ်းက လာလမ်းမဟုတ်လေတော့ တောင်ကုန်း တစ်ကုန်းရဲ့ထိပ်ပေါ်ကို တက်လာနေတာပဲ စံတိုးရ"

"ဒါက အရေးမကြီးဘူးကွ၊ လောလောဆယ် ရေငတ်နေတာက အရေးကြီးတယ်ဟေ့၊ ငါတို့ ရေရှာပြီး သောက်ကြမှဖြစ်မယ်"

"ဟာ . . . ဟိုတောင်အောက်ခြေက ကျောက်တုံးကျောက်ခဲကြီးတွေကြားထဲမှာ ရေစီးဆင်းနေသံ သဲ့သဲ့ကြားရတယ်။ ဟော့ . . အောက်မှာ ရေတွေ့နိုင်တယ်ကွ လှမင်းရ"

"နေစမ်းပါဦး ငါ တောင်ကုန်းထိပ်ကနေပြီး ငုံ့ပြီးနားစွင့်ကြည့်ပါဦးမယ်ကွာ၊ ရေဟုတ်နေရင်လည်း တောင်အောက်ကို ဆင်းသွားပြီး သောက်ကြတာပေါ့"

လှမင်းက တောင်ကုန်းထိပ်မှ အောက်ဘက်သို့ငုံ့ပြီး နားစွင့်ကြည့်နေလေသည်။

"ဟာ . . ဒါ ငါ့အတွက် အခွင့်အရေးပဲ၊ ကဲ . . . ကွာ သွားပေတော့ လှမင်းရေ"

စံတိုးလည်း ငုံ့၍နားစွင့်ကြည့်နေသော လှမင်းအား နောက်ဘက်မှ အားနှင့်တွန်းချလိုက်တောသည်။ လှမင်းခမျာ တောင်ထိပ်မှ အောက်ဘက် ကျောက်တုံးကျောက်ခဲများပေါ်သို့ ခြေလွတ်လက်လွတ်ကျသွားကာ လုံးဝမလှုပ်ရှားခဲ့တော့ပေ။

"ကဲ . . ဘယ့်နှယ်ရှိစ လှမင်းရေ၊ မင်း အဲဒီတောင်အောက်က ကျောက်တုံးတွေပေါ်မှာ ထာဝရသာ အိပ်နေခဲ့ပေတော့ဟေ့၊ ငါကတော့ ပစ္စည်းအားလုံးကို ငါတစ်ယောက်တည်းသာပိုင်ဆိုင်ပြီး ပြန်ပြီကွာ၊ နှုတ်ဆက်ခဲ့ပါတယ် သူငယ်ချင်း လှမင်းရေ"

စံတိုးလည်း တူးယူ၍ရလာခဲ့သော ရွှေထည်ပစ္စည်းများအား သူတစ်ဦးတည်းသာ ပိုင်ဆိုင်တော့မည်ဟု အားရဝမ်းသာဖြစ်ကာ ထိုနေရာမှ တစ်ယောက်တည်း ထွက်ခွာလာခဲ့တော့သည်။

မှောင်စပြုနေသော တောလမ်းခရီးတွင် သူတစ်ယောက်တည်း ခပ်သုတ်သုတ် လှမ်းလာနေ၏။

"ဟာ . . . ငါ့ခြေထောက်မှာ ပူခနဲဖြစ်သွားပြီး အဆိပ်တက်လာပါလား"

"ဟင် . . ငါ့မျက်လုံးတွေ ပြာလာပြီး ဘာမှမမြင်ရတော့ပါလား"

စံတိုးလည်း အဖော်ကင်းမဲ့စွာ တစ်ကိုယ်တည်း တောင်ကုန်းပေါ်တွင် မြွေဆိပ်ကိုခံစားရင်းမှ တစ်ခဏအကြာတွင် လုံးဝမလှုပ်ရှားတော့ဘဲ ငြိမ်သက်သွားခဲ့ရတော့သည်။

"ဟော့ကောင်တွေ၊ သွက်သွက်လာကြဟေ့ ရောက်ခါနီးပြီကွ"

ကိုစံဖြိုးတို့လူစုမှာ မြုပ်ထားသော ပစ္စည်းများတူးယူရန် တက်လာခဲ့ခြင်း ဖြစ်သည်။

"ဟာ . . . ဒီမှာ လူသေ အလောင်းတစ်လောင်းပါလား"

"ဟာ . . . ဒီကောင်က စံတိုး ပဲ၊ ရွာက စံတိုးနဲ့ လှမင်းပျောက်သွား တာ ဒီတောထဲရောက်နေကြတာကို"

"ဟိုး . . . တောင်အောက်ခ ကျောက်တုံးတွေအပေါ်မှာလည်း အလောင်းတစ်လောင်းတွေ့ရတယ်ဗျ"

"အဲဒါ လှမင်းရဲ့အလောင်းပဲ ဖြစ်လိမ့်မယ်ဟေ့"

သူတို့ စံတိုးအလောင်းကို အနီး ကပ်ကြည့်ကြရာ ရတနာပစ္စည်းထုပ် နှင့် သူ့ကိုကိုက်လိုက်သော မြွေ နေသည်ကို တွေ့ခဲ့ကြသည်။

"ကိုစံဖြိုး . . . သစ်ပုပ်ပင်မျာ အလယ်မှာ မြွေတွင်း လတ်လတ် ဆတ်ဆတ်တူးထားတာတွေ့ခဲ့တယ်ဗျ"

"အင်း . . . ဒီနှစ်ကောင်ဟာ ငါ့ရတနာတွေ လာတူးကြပြီး လှမ ကို ဝေစုပေးရမှာစိုးလို့ ချောက်ထဲ တွန်းချခဲ့ပြီး ရွှေတွေကိုယူအလာမှာ မြွေကိုက်သေခဲ့တာပဲ ဖြစ်မယ်ဟေ့"

"အင်း . . စံတိုးဟာ အထော အတ္တကြီးတဲ့ကောင်ပဲ၊ နောက်ဆုံး တော့ လောဘဇောတိုက်ပြီး အတ္တ ကြီးခဲ့တဲ့အတွက် သူနဲ့ထိုက်ထ တဲ့လမ်းကို သွားခဲ့ရတာပါလား"

ကိုစံဖြိုးတို့လည်း သူ့ရတနာ များကို လာတူးရာတွင် မတူးကြရ နှင့် စံတိုးရဲ့အလောင်းဘေးမှ ရတနာ ပစ္စည်းများကိုယူကာ ပြန်ခဲ့ကြသည် စံတိုးတို့အဖြစ်ကိုတော့ ရွာရောက် သူ့မိဘများအား အကြောင်းကြား ပေးရမည်ပင် ဖြစ်လေတော့သည်။

တင့်ထူး(ဇေယျ



www.burmeseclassic.com

www.burmeseclassic.com

# စိန်နားကပ်နှင့် ပဲကြီးလှော်

အောင်ဝင့်(မြောင်းမြ)

(၁)

လကုန်ရက် လစာထုတ်အပြီး ညနေခင်း သူငယ်ချင်းရဲ့အိမ်မှာ ကျွန်တော်တို့ဆုံနေကျ ပြောလိုက်ဆိုလိုက်၊ ငြင်းလိုက်ခုံလိုက်၊ စားလိုက်သောက်လိုက်၊ ပြီးမှအိမ်ပြန် . . .။

(၂)

"သားရေ . . ဈေးဘက်များရောက်ခဲ့ရင် အမေ့အတွက် အမောလုံးဆေးလေးတစ်ထုပ်လောက် ဝယ်ခဲ့ပါလား။ ဒီရက်ထဲမှာ အမေ မောမောနေလို့နော်သား"

"ဟုတ်ကဲ့အမေ၊ သား ဝယ်လာခဲ့ပါ့မယ်"

"အေးကွယ် သာဓု . . သာဓု သာဓု"

အမေ ဝမ်းသာကြည်နူးစွာနဲ့ ခေါ်လိုက်တဲ့ သာဓုသံဏာ ကျွန်တော့်ရင်ထဲ အေးသွားစေသည်။

(၃)

မိတ်ကပ်၊ ရေမွှေး၊ မျက်နှာသစ်ဆေးရည်၊ ကိုယ်လိမ်းပေါင်ဒါ၊ လက်သည်းဆိုးဆေးများ အပါအဝင် အလှအပပစ္စည်းများဝယ်ပြီး ဈေးထဲမှ ခပ်သုတ်သုတ် ချေလှမ်းကျဲကျဲနှင့် ကျွန်တော်ထွက်လာခဲ့သည်။

ပြုံးပြုံးလေးနဲ့ အညှအခရာ တီတီတာတာအသံရှင် ချစ်ဇနီးလေး မျက်နှာ မြင်ယောင်နေမိသည်။ ကျွန်တော်ဝယ်လာတဲ့ သူ့အတွက်ပစ္စည်းတွေ မြင်ရတွေ့ရရင် သူဝမ်းသာမှာ။ သူဝမ်းသာတာကို ကျွန်တော်မြင်ရရင် ကျွန်တော်လည်းဝမ်းသာမှာ။

ယခင်က သူ့လက်သူ့ခြေနဲ့ သူကြိုက်တာသူဝယ်နေကျ။ ကျွန်တော့်သူငယ်ချင်း ဇနီးမောင်နှံ လင်တမယားတို့ အလိုက်သိတတ်ပုံ၊ သင့်မြတ်ပြီး ကြည်နူးကြပုံများ ကျွန်တော်အားကျမိပြီ၊ ဒီလမှစကာ ကိုယ့်ဇနီးအတွက် ကိုယ်တိုင် သူကြိုက်တတ်တဲ့ပစ္စည်းတွေ ဝယ်လာပေးခြင်းဖြစ်သည်။ ပစ္စည်းတွေ သူမြင်ရရင် သူ့ရဲ့ ကြည်နူးဝမ်းသာမှုအသွင်ကို မြင်ချင်၊ တွေ့ချင်လွန်းလှ၍ အိမ်ကိုမြန်မြန်ရောက်အောင် ခက်သွက်သွက် သုတ်ခြေတင်လိုက်သည်။

(၄)

"ယေား . . . အချစ်လေး ဒီမှာကြည့်စမ်း"

ဝယ်လာတဲ့ အလှပြင်ပစ္စည်းတွေ ဇနီးကိုလှမ်းပေးလိုက်သည်။

"ဟယ် . . . ပစ္စည်းအကောင်းစားလေးတွေ၊ ပျော်လိုက်တာ။ ဒါမှ မေ့အချစ်ဆုံး မောင်"

ဇနီးသည် လှပလန်းဆန်းနေသလောက် ကျွန်တော့်မှာ ချွေးသံရွှဲရွဲနှင့် မောဟိုက်နွမ်းနယ်နေသည်။ သူမလေး သိဟန်မတူ။ သူကြိုက်တတ်တဲ့ အလှပြင်ပစ္စည်းတွေ သူ့ကိုပြချင်ဇောနှင့် မပြေးရုံတစ်မည် လျှောက်လာရခြင်းပင် မဟုတ်ပါလား။ ချစ်တဲ့အတွက် ရမ္မက်ရဲ့ကျေးကျွန် ချွေးထွက်လွန်နေပါပြီ။

"ဟူး . . . မောလိုက်တာ"

ဇနီးသည်မကြားအောင် တိုးတိုးလေး ရေရွတ်ပြီး ညည်းညူမိသည်။ ဇနီးသည်က ကိုယ့်ကို အချစ်ပိုအောင်၊ ကိုယ်အချစ်ပိုတာ သူသိအောင်၊ သူ့အလိုကျ အလိုက်သိဆောင်ရွက်ခဲ့တဲ့ ကျွန်တော်။ အမေ မောနေလို့ မှာလိုက်တဲ့ အမောလုံးဆေးလေးတစ်ထုပ်ဝယ်ပေးဖို့ကျတော့။


အောင်ဝင့်(မြောင်းမြ)



www.burmeseclassic.com

www.burmeseclassic.com

# မောင်တော်ထိန်



www.burmeseclassic.com

www.burmeseclassic.com

# ပထမဦးဆုံးရှော့သည်

□ မောင်တော်ထိန်

"စိတ်ဝင်စားတယ်ဆိုရင် ပြောရတာပေါ့။ ကျုပ်က သချိုင်းထဲမှာနေတယ်။ စန္ဒာလတော့မဟုတ်ဘူးနော်။ ဘဝကပေးတဲ့ ကုသိုလ်ကြောင့်လား။ ကျုပ်ကြောင့်လားဆိုတာ ခင်ဗျားစဉ်းစားကြည့်ပေါ့။ ခု သချိုင်းထဲမှာနေတာ ငါးနှစ်ရှိပြီ။ ဟောဒီ သချိုင်းကုန်းအကြောင်း ကျွမ်းနေပြီ။ ဒီသချိုင်းအပြင် ဟောဟိုမှာ လှမ်းမြင်နေရတဲ့ လှော်ကားတောကြီးအကြောင်းပါ ကျွမ်းနေပြီ"

"အဲ ... သချိုင်းကုန်းက လွတ်လပ်တယ်။ အေးဆေးတယ်။ တည်ငြိမ်တယ်။ နေတတ်ရင် သိပ်စိတ်ချမ်းသာတယ်။ တရားထိုင်စရာမလိုဘူး။ နေ့တိုင်း တရားရစေရမယ်။ သံဝေဂတွေ အလီလီရစေရမယ်။ ဖြစ်ပျက်အရာတွေ ချက်ချင်းသိသွားမယ်။ လူတွေရဲ့ဘဝအဆုံးကို ဒီကနေထိုင်ပြီး သုံးသပ်နိုင်တယ်။ အရွယ်သုံးပါးရဲ့ အနိစ္စသဘောကို အနီးစပ်ဆုံးလက်တွေ့ မြင်ရတဲ့နေရာပဲ။ သချိုင်းကုန်းမှာ အဆိုးဆုံးက လူကိုမီးရှို့တဲ့အနံ့ပဲ။ ခုကျတော့လည်း ခံနိုင်ရည်ရှိပါပြီ။ ကြောက်ရော၊ လန့်စရာ၊ သွေးပျက်စရာဆိုတာ ကျုပ်မှာရော၊ ကျုပ်မိန်းမမှာရော၊ ကျုပ်ကလေးတွေမှာရော လုံးဝလုံးဝပဲ။ ဒါကြောင့် ကျုပ်ကို ရွာထဲကလူတွေက သချိုင်းကုန်းကလူတဲ့ ... ဟား ... ဟား ... ဟား"

"ဦးပေတ"

အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း။ မျက်နှာသွယ်သွယ် ယစ်ထုပ်ကြီး။ တစ်ရွာလုံးက သူ့ကို မသိသူမရှိ။ ဈေးထဲ၊ အရပ်ထဲ၊ ကားဂိတ် စသည့်လူစည်ကားရာအရပ်တွင် ဦးပေတကို မြင်ရတတ်၏။ ကုတ်အင်္ကျီ နက်ပြာစုတ်၊ ပုဆိုးညစ်ညစ်တိုတိုနှင့် ဒယီးဒယိုင် ယစ်ထုပ်ကြီး ဦးပေတကို ကလေးများက အရူးကြီးဟုပင် ခေါ်ကြ၏။ အမှန်တော့ ဦးပေတ မရူးပါ။ အချိန်တိုင်း မူးနေသည်သာဖြစ်ပါသည်။

ကိုလွင်မောင် ဦးပေတကို မြင်ဖူးသည်မှာ ကြာပြီ။ သူကလည်း ကလေးများကဲ့သို့ပင် အစက အရူးကြီးဟုပင် ထင်မိသည်။ တစ်ခါ ဦးပေတက သူ့ထံပိုက်ဆံတောင်းဖူးသည်။ ကိုလွင်မောင် သည်ရွာသို့ရောက်သည်မှာ တစ်နှစ်ကျော်ခန့်သာ ရှိသေးသည်။ သူ့ဇနီးက သည်ရွာသူ။ ကိုလွင်မောင်တို့မိသားစုက ရန်ကုန်မြို့ထဲတွင် နေကြသည်။ စနေ၊ တနင်္ဂနွေ ရုံးအားရက်များတွင် ဇနီး၏မိဘများရှိရာသို့ အလည်အပတ် လာရောက်ကြသည်။ တနင်္လာနေ့ နံနက်စောစောတွင် ရန်ကုန်သို့ ပြန်ကြသည်။

သူ့ဇနီး၏ရွာသည် ရန်ကုန်မြို့နှင့် မိုင် ၂၀ ကျော်ဝေးသည်။ ဇနီးနှင့် ပတ်သက်၍ ကိုလွင်မောင်သည် ဤရွာမှ အိမ်နီးနားချင်းများနှင့် မိတ်ဆွေဖြစ်သည်။ အခင်မင်ဆုံးမိတ်ဆွေမှာ ကိုမင်းမင်း။ ကိုမင်းမင်းသည် ဤရွာသားစစ်စစ်ဖြစ်သည်။ တစ်ရွာလုံး သူ၏ဆွေမျိုးများ ဝိုင်းဝိုင်းလည်ရှိ၏။ သူ့ဖခင်ကား သည်ရွာတွင် မျက်နှာဖုံး။ ကိုလွင်မောင် ရွာသို့ရောက်သည်နှင့် အားလပ်ချိန်တွင် ကိုမင်းမင်းနှင့် စကားလက်ဆုံကျ၊ ရွာနီးချုပ်စပ် လျှောက်သွားကြသည်။ ကိုမင်းမင်း၏ အပေါင်းအသင်းများထံ လည်ပတ်ကြသည်။

ကိုမင်းမင်းကား ဘွဲ့ရလူငယ်တစ်ဦးဖြစ်သည်။ မိဘလက်ငုတ်လက်ရင်းလုပ်ငန်းဖြစ်သော ငါးပိလုပ်ငန်းကို ဦးစီးသည်။ ဈေးထဲတွင်လည်း ငါးပိဆိုင်ဖွင့်ထားသည်။ တစ်ရွာလုံးမှ ဈေးသည်ဈေးဝယ်များသည် ကိုမင်းမင်းတို့ ငါးပိဆိုင်တွင် ဖောက်သည်ယူကြသည်။ ကိုမင်းမင်းတို့ငါးပိက နာမည်ရသဖြင့် အနီးအနားရွာများထိ စိုးမိုးထားပါသည်။ ကိုလွင်မောင်ကိုလည်း လက်ဆောင်ပေးတတ်သည်။ ရန်ကုန်ရောက်၍ အိမ်တွင် ငါးပိကျိုပါက အိမ်ပတ်ဝန်းကျင်က ကိုမင်းမင်း၏ငါးပိမွှေးရနံ့ကို စွဲမက်ကြသဖြင့် ကိုလွင်မောင် ရွာသွားသည့်အခါ မှာတတ်ကြသည်။

ထို့ပြင် ထိုရွာ၌ မြန်မာ့ဆေးမြီးတိုဖြစ်သော ဆေးမြစ်များလည်း ဖေါ်သည်။ ဥပမာ နလင်ကျော်နှင့် အခြားဆေးဖက်ဝင် သစ်ဥသစ်ဖုများ စုံလင်

www.burmeseclassic.com

လှသည်။ အိမ်နီးနားချင်းများက ငါးပိမှာကြသလို ကိုမင်းမင်းတို့ရွာမှ ဆေးမြစ်စုံတို့ကိုလည်း မှာတတ်ကြပါသည်။ ဆေးမြစ်စုံပေါ်ဆို ရွာတွင် လှော်ကားတောကြီးက ဆေးမြစ်စုံ၊ ဆေးရွက်စုံ၊ သားငါးမှအစ ထွက်ရှိခြင်းကြောင့် ဖြစ်ပေသည်။ လှော်ကားတောကြီးကား ထိုရွာ၏ အသက်သွေးကြောဆိုကလည်း ဆိုနိုင်ပါသည်။

ယခုအပတ် ရွာသို့ရောက်တော့လည်း ထုံးစံအတိုင်း ငါးပိအော်ဒါပါသလို ဆေးမြစ်စုံကလည်း အော်ဒါပါလာလေသည်။ ထို့ကြောင့် ကိုလွင်မောင်က ကိုမင်းမင်းကို ပြောရသည်။

"ကိုမင်းမင်း ... ကျွန်တော် နလင်ကျော်မြစ်စစ်စစ် လိုချင်တယ်ဗျာ"

"ရတယ်လေ ကျွန်တော့်အိမ်မှာ ရှိတယ်၊ ယူခဲ့မယ်"

"ဟာ ... မဟုတ်ဘူး။ မြို့ထဲက မှာလိုက်တာ။ ဝယ်မလို့ စစ်တာလိုချင်တယ်".

"ဒါဆိုရင် ... ဦးပေတမိန်းမက ဆေးမြစ်စုံရောင်းတယ်။ မစစ်မှာမပူနဲ့။ နလင်ကျော်တင်မကဘူး။ တခြားဆေးမြစ်ဆေးရွက် ခင်ဗျားလိုချင်တာ အကုန်ရမယ်။ သူ့ဆီသွားကြတာပေါ့"

"ဦးပေတဆိုတာ ဘယ်သူများလဲဗျ"

"ခင်ဗျားသိပါတယ်ဗျာ။ ကားဂိတ်မှာ မူးမူးပြီး သီချင်းအော်အော်ဆိုနေတဲ့ လူကြီးလေဗျာ"

"အင်း ... ဟိုကလေးတွေ လိုက်နောက်နေတဲ့ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း လူကြီးလား။ ကျုပ်ဆီတောင် တစ်ခါ လက်ဖက်ရည်ဖိုးတောင်းလို့ ပေးလိုက်ဖူးတယ်ဗျ"

"ဟုတ်တယ် အဲဒါ ဦးပေတပဲ"

"ကြည့်လည်းလုပ်ပါဗျာ။ တော်ကြာ မူးပြီး ပေါက်ကရတွေရောင်းလိုက်လို့"

"မူးတာကတော့ မူးတာပေါ့ဗျာ။ သူထမင်းစားဖို့တော့ မလိမ်ပါဘူး။ တကယ့် လူရိုးကြီးပါဗျာ။ အရက်သောက်တာကလွဲပြီး မလိမ်ဘူး၊ မခိုးဘူး၊ အလစ်မသုတ်ဘူးဗျ"

"ဒါဖြင့်လည်း သူ့မိန်းမဆီသွားရအောင်ဗျာ။ ခု ဆယ်နာရီလောက်ဆို ရှိဦးမလား"

"ဆယ်နာရီဆိုတော့ ဈေးကွဲပြီဗျ။ ရှိတော့မှာမဟုတ်ဘူး။ အိမ်ကိုလိုက်မှ ဖြစ်မယ်။ ညနေလောက် ခင်ဗျားအားမလား"

"အားပါတယ်ဗျာ။ သွားတာပေါ့။ သူ့အိမ်က ဘယ်မှာလဲ"

"သချိုင်းကုန်းထဲမှာ"

"ဗျာ ... သချိုင်းကုန်းထဲမှာ။ ဒါဆို ညနေသွားလို့ မိုးချုပ်နေရင် သရဲခြောက်ခံနေရဦးမယ်"

"မခြောက်ပါဘူးဗျာ။ ကျုပ်လည်းပါသားပဲ။ ခင်ဗျားကလည်း ကလေးကျနေတာပဲ"

"နေပါဦးဗျ။ နေစရာရှားလွန်းလို့ ဘာဖြစ်လို့များ သချိုင်းထဲ သွားနေရတာလဲဗျာ။ ရွာထဲမှာ အိမ်တွေပေါလွန်းလို့"

"ဒါတော့ မသိဘူးဗျာ။ ဟိုကျမှ ခင်ဗျားမေးကြည့်။ ဒီညနေ ခင်ဗျား မသွားရဲဘူးလား"

"ဒီလိုလုပ်ပါဗျာ။ ဒီညနေ သူ့မိန်းမ ဈေးထဲမှာရှိလား၊ မရှိဘူးလား ဆိုတာ ဈေးထဲသွားကြည့်ကြမယ်။ ရှိရင် ဈေးထဲမှာပဲဝယ်လိုက်မယ်။ မရှိဘူးဆိုရင် မနက်ဖြန် တနင်္ဂနွေမနက်စောစော လက်ဖက်ရည်လေးဘာလေးသောက်ပြီး သွားကြတာပေါ့ဗျာ။ ဘယ့်နှယ်"

"ခင်ဗျား ကောင်းသလိုသာလုပ်။ ကျွန်တော်ကတော့ အားတယ်"

"ဟုတ်ပြီ။ ဒါနဲ့ သူတို့က အစတည်းက သချိုင်းထဲမှာနေတာလား"

"မနေပါဘူးဗျာ။ လွန်ခဲ့တဲ့လေးငါးဆယ်နှစ်လောက်က ဈေးထဲမှာ သွားစိုက်ဆိုင် ဖွင့်ထားတာဗျ။ အဲဒီတုန်းကတော့ သွားစိုက်ဆရာပေါ့။ နောက် တဖြည်းဖြည်း ယစ်ထုပ်ကြီးဖြစ်လာပြီး ဆိုင်ပြုတ်၊ ဘဝပျက်ပြီး သချိုင်းထဲ ရောက်သွားတာပေါ့ဗျာ"

"အင်း ... ဒုက္ခ ဒုက္ခ။ အေး ဗျာ၊ မနက်ဖြန်ကျရင်သွားမယ်နော် ကျွန်တော် ခင်ဗျားအိမ်ကို လာခဲ့မယ် သူ့မိန်းမကို ဈေးထဲမှာရှာမယ်။ တွေ့ ရင် ပြီးရောပေါ့ဗျာ။ မတွေ့ရင်တော့ ခင်ဗျားရော၊ ကျွန်တော်ရော သချိုင်း ထဲ ရောက်ပြီပေါ့"

ညနေဘက်တွင် ကိုမင်းမင်း သည် ကိုလွင်မောင်အိမ်သို့ ရောက် လာသဖြင့် ညနေဈေးတွင် ဦးပေတ ဇနီးကို သွားရောက်ရှာကြရာ မတွေ့ ရပေ။ မနက်တွင်မှ တစ်ကြိမ်ထပ်ရှာ ရန် ပြောကြပြီး ကိုမင်းမင်းပြန်သွား လေသည်။

နောက်နေ့ တနင်္ဂနွေနေ့နံနက် တွင် ကိုလွင်မောင်သည် ကိုမင်းမင်း အိမ်သို့သွား၏။ နှစ်ဦးသား လက်ဖက် ရည်ဆိုင် ထိုင်ကြပြီးနောက် ဈေးခင် ထဲတွင် ဦးပေတ၏ဇနီးကို ရှာကြ သည်။ ခါတိုင်း ဦးပေတဇနီးရောင်း ကျ နေရာတွင် ရှာကြသော်လည်း မတွေ့သဖြင့် ဈေးပတ်လည်တွင်ရှာ ပြန်၏။ တစ်ခေါက်ကြာ နှစ်ခေါက်

www.burmeseclassic.com

[..]သော်လည်း မတွေ့ရပေ။

"တဲ ... ဒါဆိုရင် သချိုင်းထဲကို [..]ကြစို့ဗျာ"

ကိုမင်းမင်းကဆိုသဖြင့် နှစ်ဦး [..] စကားပြောရင်း ချုံးဖြူပိုက်ကြီး [..]ကျော်၊ ကားလမ်းကိုဖြတ်လျှောက် [..]ကြ၏။ နံနက် ၉ နာရီကျော်ခန့် [..]ပြီ။ ဘုန်းကြီးကျောင်း လမ်းကြို [..]ကြားလေးထဲ ဝင်လိုက်ကြသော [..] သချိုင်းကုန်းကိုမြင်နေရလေပြီ။ [..]ဦးသား သချိုင်းဘေးမှ ကပ် [..]လျှောက်လာကြ၏။

ရွာသချိုင်းကား တိတ်ဆိတ်နေ [..] ပြိုပျက်နေသော အုတ်ဂူတချို့ [..] သချိုင်းလို သေသေသပ် [..] အမဲ့မရှိ ပုံစံတကျမဟုတ်။ အချို့ [..] ပြိုက[..] အချို့ မြေပုံများ [..]ထားသဖြင့် အပေါက်တွေ [..]နေ၏။ အုတ်ဂူအချို့မှာ ကြာ [..]ပြီဖြစ်၍ မြေကြီးပေါ်သို့ အုတ်ပုံ [..]နေလေသည်။ အချို့မြေပုံများ [..]ထားသဖြင့် အပေါက်ကြီးများ [..]နေ၏။ ကိုလွင်မောင်တို့နှစ်ဦး ဖြတ် [..]သည့်နေရာ မလှမ်းမကမ်းတွင် [..]အချို့ တွေ့ရ၏။ အချို့မြေပုံများ [..] မကြာမီက မြေပုံဖြစ်သဖြင့် ဝါး [..]များ၊ ပန်းခွေခြောက်များ တွေ့ရ [..] အနံ့အချို့ ထွက်နေ၏။

"ရွာသချိုင်းထဲလာရတာ ... [..]ယ်ပါလားဗျာ"

ကိုလွင်မောင် သက်ပြင်းချရင်း [..]ည်းမိ၏။ ကိုမင်းမင်းကတော့ ရှေ့ [..]သာ တစိုက်စိုက်သွားနေ၏။ ကို [..]င်မောင်ကတော့ ဟိုသည်လျှောက် [..]ည့်ကာ ဂနာမငြိမ် နောက်မှကပ်၍ [..]ိုက်ရ၏။

"မရောက်သေးဘူးလား ... ကိုမင်းမင်း"

"ဟောဟိုက ချုံပုတ်တွေကျော်ရင် ရောက်ပြီ"

ကိုလွင်မောင် လှမ်းကြည့်လိုက်ရာ သချိုင်းအဆုံးလောက်တွင် ဝါးပင်များ၊ ဆူးပင်များပြည့်နေသည့် ချုံပုတ်ကြီးတစ်ခုကို တွေ့ရပါသည်။ သိပ်မဝေးတော့။ နှစ်ဦးသား ဆက်လျှောက်လာကြရင်း ချုံပုတ်ကိုကွေ့လိုက်သည်နှင့် ခွေးဟောင်သံများကြားရလေသည်။

"ကိုမင်းမင်း ... ခွေးတွေဟောင်နေတယ်"

"လာပါဗျ။ ကိစ္စမရှိပါဘူး။ ဦးပေတရဲ့ခွေးတွေပါ"

ချုံပုတ်ကြီးကို ကွေ့ပတ်ကျော်လိုက်သောအခါ တဲကြီးတစ်တဲကိုတွေ့ရလေသည်။ ခွေးတွေက သူတို့အနီးသို့ ရောက်လာကြပြီး ဟောင်နေကြသည်။ ဝင်တော့မကိုက်ပေ။ ကိုမင်းမင်းက သူ့လက်ထဲတွင်ကိုင်ထားသော တုတ်ဖြင့်ခြောက်၏။ ခွေးကလေးငါးခြောက်ကောင်ခန့် ရှိမည်။

"ဟဲ့ခွေးတွေ ... သွားစမ်း"

ကလေးခပ်ရွယ်ရွယ်တစ်ဦးက ခွေးများကိုအော်ရင်း နီးရာအကောင်ကိုရိုက်လိုက်မှ ခွေးများငြိမ်ကျသွားလေသည်။

"ဦးမင်းမင်းပါလား ဘာကိစ္စ"

"ထုံးစံအတိုင်း မင်းအဖေဆီ ဆေးမြစ်ဝယ်ရင်း ဆိုပါတော့ကွာ။ ရှိရဲ့လား"

"အဖေရွာထဲသွားတယ်။ တော်ကြာပြန်လာလိမ့်မယ်။ အမေကတော့ ဆေးမြစ်သွားရှာနေတယ်။ ထိုင်လေဦး"

ကလေး၏ဖိတ်ခေါ်မှုကြောင့် ကိုလွင်မောင်နှင့်ကိုမင်းမင်းတို့နှစ်ဦး တဲကြီးထဲသို့ဝင်ကာ ဝါးခင်းထားသော ကွပ်ပျစ်တွင် ထိုင်လိုက်ကြလေသည်။ တဲအခြေအနေကို လေ့လာလိုက်သောအခါ အောက်ဆင့်တွင်ဝါးခင်းထားပြီး အပေါ်ဆင့်တွင် ပျဉ်ချပ်တချို့ခင်းထားသည်ကို တွေ့ရလေသည်။ အမိုးကတော့ ကျိုးတိုးကျဲတဲ။ အကာကလည်း ခပ်ကျဲကျဲ။ မီးဖိုပေါ်တွင် တည်လက်စ ရေနွေးအိုးမည်းမည်းကြီး တင်ထား၏။ ပိန်ချိုင့်လိမ်ကောက်၍ အိုးမဲပြည့်နှက်သောခွက်များ မီးဖိုဘေးဝါးစင်ပေါ်တွင် ပိုးလိုးပက်လက် နေရာယူထားကြ၏။ အိုးခြမ်းပဲ့ထက်ပိုင်းကျိုး ဖွန်း၊ အဖျားတိုယောက်မများကလည်း ပန်းကန်စင်မခိုင်တခိုင်ပေါ်တွင် ပြန့်ကျဲနေ၏။ ကိုလွင်မောင်ကတော့ တစ်အိမ်လုံးကို မျက်စိကစားနေ၏။

"မင်းအဖေ ပြန်လာပါ့မလားကွ"

ကိုမင်းမင်းက ချာတိတ်ကိုမေးသောအခါ -

"လာမယ်ဦးလေး။ ရွာထဲမှာ ဝမ်းနုတ်ဆေးသွားဝယ်တာ"

"မင်းအမေရော ဘယ်အချိန်ပြန်ရောက်မလဲ"

"ထမင်း စားချိန်လောက်ဆို ရောက်မှာပါ။ ဆေးမြစ်တွေကုန်နေလို့ အစ်မနဲ့ တောထဲသွားနေတာ"

ကောင်လေးက ကိုမင်းမင်း စကားကို ပြန်ဖြေရင်း မီးဖိုပေါ်မှ ရေနွေးအိုးကြီးကို လက်ဖက်ခြောက်ခပ်ကာ ကိုလွင်မောင်ရှေ့တွင် လာချလေသည်။ အက်ရာပရပွနှင့် နှုတ်ခမ်းပဲ့ ရေနွေးပန်းကန်များလည်း ချပေး၏။ ကိုမင်းမင်းကတော့ ချလာသောရေနွေးအိုးကို ငှဲ့၍ လွင်မောင်ဘက်သို့ နှုတ်ခမ်းပဲ့ ရေနွေးပန်းကန်တစ်ခွက်ဖြင့် ချပေးလိုက်သည်။ ကိုလွင်မောင်က

www.burmeseclassic.com

ရေနွေးပန်းကန်ကိုကြည့်လိုက်၊ ကိုမင်းမင်းကိုကြည့်လိုက် လုပ်နေလေ၏။ ကိုမင်းမင်းကတော့ ရေနွေးပန်းကန်ကို ကောက်ယူလိုက်ပြီး မှုတ်၍သောက်နေလေသည်။

"ဝုတ် .. ဝုတ် .. ဝုတ် .. ဝုတ်"

တဲတွင်ခွေအိပ်နေသော ခွေးများ လူသံကြား၍ ဟောင်ကာ တဲပြင်သို့ပြေးထွက်သွားကြလေသည်။

"ဟော ... အဖေပြန်လာပြီနဲ့တူတယ်"

ချာတိတ်ကပြောရင်း တဲပြင်သို့ထွက်ကြည့်လေသည်။ ခွေးဟောင်သံများ တဲနားသို့ပြန်နီးလာသည်။ တဲတွင်းသို့ အင်္ကျီမပါ၊ မျက်နှာသုတ်ပဝါ ခေါင်းပေါင်း၍ဝင်လာသူကား ဦးပေတ။

"ဟော ... ကိုမင်းမင်းပါလား။ ရောက်နေတာကြာပြီလား"

"မကြာသေးပါဘူးဗျာ"

"ဘာကိစ္စများရှိလို့တုန်း"

ဦးပေတက ကိုမင်းမင်းကိုနှုတ်ဆက်ရင်း ခေါင်းမှမျက်နှာသုတ်ပဝါကို ချွတ်ကာ တဲပေါ်သို့တက်၏။

"လာ .. အပေါ်ကိုတက်ကြဗျာ။ ဘာဖြစ်လို့ ကွပ်ပျစ်မှာထိုင်နေရတာလဲ။ အပေါ်တက်ပါ။ အေးအေးဆေးဆေးပဲ မဟုတ်လား"

ကိုမင်းမင်းနှင့် ကိုလွင်မောင်တို့က ပျဉ်ခင်းထားသောအဆင့်ပေါ်သို့ တက်လိုက်ကြပါသည်။ အပေါ်သို့ရောက်သောအခါ ဦးပေတက ...

"ကဲဆို ... ဘာကိစ္စ"

"ဟောဒီ ကျုပ်မိတ်ဆွေက နလင်ကျော်မြစ်စစ်စစ် လိုချင်လို့တဲ့ဗျာ။ နောက် ခင်ဗျားအကြောင်းလည်း သူက စိတ်ဝင်စားတယ်တဲ့ဗျ"

ကိုမင်းမင်းက နိဒါန်းမပျိုးဘဲ တုံးတိလိုရင်းကို ပြောချလိုက်၏။ ဦးပေတက ကိုလွင်မောင်ကို လှမ်းကြည့်လိုက်၏။ ကိုမင်းမင်းက ဆက်ပြော၏။

"သူက ခင်ဗျားအကြောင်းကို သိချင်တယ်တဲ့ဗျာ ... အဲဒါ"

"သိပ်ပြီးသိချင်တယ်၊ စိတ်ဝင်စားတယ်ဆိုရင် ပြောရတာပေါ့"

ဦးပေတက ရေနွေးတစ်ခွက်ကို မှုတ်ကာ မော့လိုက်၏။ သည်ကနေ့အဖို့ ဦးပေတ ယစ်ရွှေရည် မမှီဝဲရသေးပုံပေါက်၏။ တည်တည်ငြိမ်ငြိမ် လေးလေးနက်နက် တွေးနေပုံရ၏။

◆

"ကျုပ်ကို လူတွေက သင်္ချိုင်းကုန်းထဲကလူတဲ့။ ဟီဟိ .. ဟုတ်ပါတယ်။ ကျုပ်က သင်္ချိုင်းကုန်းထဲမှာနေတာကိုး။ လက်ရှိအနေအထားအရ သိပ်ကိုမှန်တာပေါ့ဗျာ။ ဘာဖြစ်လို့ မသေဘဲနဲ့ သင်္ချိုင်းကုန်းထဲရောက်တာလဲဆိုတော့ အရက်ကြောင့်ပေါ့ဗျာ။ အရက်ကြောင့်ပေါ့။ အစကတော့ သွားစိုက်ဆရာ။ "Dentis"ပေါ့ဗျာ။ ကိုမင်းမင်းတို့အဖေကို မေးကြည့်ပါ။ သွားစိုက်ဆရာဘဝတုန်းက ရွာထဲမှာ ကျုပ်မှကျုပ်။ နောက် ကျုပ်အရက်သောက်တယ်။ တဖြည်းဖြည်းနဲ့ အရက်စွဲလာတယ်။ အလုပ်ပျက်တယ်။ စိတ်ပါမှ အလုပ်လုပ်တယ်။ မပါရင်မလုပ်ဘူး။ ဒီတုန်းက ကျုပ်မိန်းမက ရွှေတွဲလဲ ငွေတွဲလဲပေါ့။ စုဆောင်းထားတာလေး တွေရှိတယ်။ အရက်စွဲလာတော့ အလုပ်ပျက်။ အလုပ်ပျက်တော့ ရှိတာလေးတွေ ပေါင်သောက်၊ ရောင်းသောက်။ အကြွေးတင် ပြန်မဆပ်နိုင်။ အတိုးကကြီး နောက်ဆုံး ဆိုင်ပြုတ်ရော။ အိမ်ကလေးလည်း သောက်တဲ့ အရက်ထဲ ပါသွားရော။ အိမ်ကြီးကနေ အိမ်လေးဖြစ်။ အိမ်လေးကနေ အိမ်ငှားဖြစ်။ နောက် အိမ်ငှားမနေနိုင်တော့ ကျုပ်ဆွေမျိုးတွေခြံထဲ ကပ်နေ။ တစ်နှစ် နှစ်နှစ်လောက်နေတော့ သူတို့လည်း ကျုပ်ဒဏ်မခံနိုင်တော့ဘူး။ နောက်တော့ မောင်းထုတ်ခံရတာပေါ့။ ဝင်ငွေကလည်း ကျုပ်မိန်းမဈေးရောင်းလို့ရတဲ့ငွေလေးပဲပေါ့။ တစ်နေ့ရောင်း တစ်နေ့စား။ ကျုပ်အရက်ဖိုးတောင် မကာမိဘူး။ အရက်ကလည်းဖြတ်မရဘူး။ ကြာလေဆိုးလေ"

"ဆွေမျိုးခြံထဲက ထွက်လာတော့ ကျုပ်ကို သနားတဲ့လူက ခြံထဲမှာ တဲထိုးနေပေါ့ဆိုလို့ တဲကလေးထိုးနေ။ ကလေးက သုံးယောက်။ သူတို့လေးတွေကလည်း အမေနဲ့ကူဈေးရောင်း။ ဆေးရွက်ရာ။ ကျုပ်ကတော့ သောက်မြဲသောက်။ အဲ ... ဒါပေမယ့် ကျုပ်က မရှိလို့တော့ အလစ်မသုတ်ဘူး၊ မခိုးဘူး။ အပေါင်းအသင်း ဟောင်းတွေဆီက လိုက်တောင်းတယ်။ မိတ်ဆွေသစ်တွေဆီကလည်း အလှူ... တယ်။ အဲ ... နှိပ်ပေးတယ်။ နှိပ်... ပေးတယ်။

လူဆိုတာက ကံဆိုးပြီဆိုရင် ဆက်တိုက်ဆိုးတော့တာနော်။ ကျုပ်ကို ခြံထဲထားတဲ့လူက ဆုံးပါလေရော။ သူ့သားသမီးတွေက ဖယ်ခိုင်းတော့တာပေါ့။ ကျုပ်ကလည်း ဖယ်ပေး... ပါ။ ဒါပေမယ့် သူတို့က အချိန်မပေးတော့ဘူး။ တရားစွဲပြီးရုံးတင်တယ်။ ကိုယ့်ဟာကိုယ်တောင် စားဖို့မလွယ်... တာ။ ရုံးသွားဂါတ်သွားနဲ့ ငွေမရှိ... ရှိတဲ့အိုးတွေခွက်တွေရောင်းပြီး ... စရိတ်လုပ်ရပါတယ်ဗျာ။ တရားဆို...

www.burmeseclassic.com

ရားလည်း စွဲတာပဲနော်။ ဒီတော့ ပ်က ဘာလုပ်ရမှာလဲ။ ငွေလည်း တ်နိုင်ဘူး။ ဖယ်ပေးပါ့မယ်။ တစ် နစ်ရက် အချိန်ပေးပါဆိုပြီး ရှိခိုး ာင်းပန်တယ်။ တရားသူကြီးကို ရဲတွေကိုရော အားလုံးကို သေ ချာချာ ပုဆစ်တုပ်ပြီး ရှိခိုးတောင်း တာပါ။ လေးလေးစားစားပါဗျာ''

''အဲဒါလည်း မရပါဘူးဗျာ။ အဲ နေ့ပဲ တဲဖျက်စေဆိုလို့ ကျုပ်နဲ့ကျုပ် မ တဲကိုဖျက် ရသမျှပစ္စည်းလေး ယူပြီး လမ်းမှာပုံ၊ ဘယ်သွားရမှန်း ဖျက်ထားတဲ့ တဲပုံပေါ်မှာထိုင်ပြီး ားစုတွေ ငေးနေရတာပေါ့။ လမ်း လမ်းလာတွေနဲ့ ရွာထဲကလူတွေ စုတ်သပ်၊ တချို့ကလည်းပြုံး။ ကလည်း မမြင်ဟန်ဆောင်လို့''

''ကျုပ်တို့ စဉ်းစားတယ်။ ရွာထဲ အဆင်မပြေတော့ဘူး။ စဉ်းစား စား သိပြီ၊ သတိရပြီ။ အကောင်း နေရာ ဘယ်သူနဲ့မှ ပြဿနာမပေါ် တဲ့နေရာ၊ ပတ်ဝန်းကျင်မရှိတဲ့နေ ရာ အေးချမ်းတဲ့နေရာ။ ကဲ ... လာ တော့ မိန်းမဆိုပြီး နိုင်သမျှပစ္စည်းလေး တွေသယ်၊ ရွာနောက်ဘက်ကိုထွက်ခဲ့ ကြတာပေါ့။ ကျန်တဲ့ပစ္စည်းလေးတွေ တော့ အရပ်ကိုအပ်ခဲ့ပြီး နောက် တစ်ခေါက် လာသယ်ပါ့မယ်ဆိုပြီး တောင်းပန်ခဲ့ရတယ်။ လမ်းထိပ်ရောက် တော့ ကျုပ်ကိုခင်တဲ့ကောင်လေးတစ် ယောက်က သူ့လှည်းနဲ့လိုက်ပို့မယ်ဆို လို့ ကျန်တဲ့ပစ္စည်းလေးတွေပြန်တင်၊ ဟောဒီသချိုင်းကုန်းထဲ ပြောင်းခဲ့ကြ တာပါဗျာ''

''ရောက်ခါစဆိုရင် ကျုပ်တို့ သားစု အိပ်တောင်မအိပ်ရဲဘူးဗျို့။ ဒီတော့ ကျုပ်က ရဲဆေးတင်ပြီးရင်း တင်၊ သောက်ပြီးရင်းသောက်၊ ဒါမှ မိန်းမနဲ့ကလေးတွေကို အားပေးရ။ သချိုင်းကုန်းမှာ ဗိုလ်ကျမယ့်လူမရှိဘူး၊ အတင်းပြောမယ့်လူ မရှိဘူး။ အားလုံး လွတ်လွတ်လပ်လပ်နေကြ။ ညဆိုရင် ကျုပ်ကထိုင်စောင့်။ ပုလင်းကအဖော်။ ပုလင်းရှိရင် သတ္တိပေါ့။ ဒီလိုနဲ့ ရဲဆေးတင်ပေးလိုက်တာ အားလုံးအဆင်ပြေသွားပေါ့။ အဲ .. အဲ ... ခုခင်ဗျားတို့ထိုင်နေတဲ့ပျဉ်တွေ၊ ဝါးတွေဆိုရင် ဟောဒီသချိုင်းရဲ့ ကောင်းမှုပေါ့။ ရွာထဲမှာနေတုန်းက အိမ်ထက်တောင်သားနားတယ်။ ကျယ်ဝန်းတယ်''

''ပျဉ်တွေက ခေါင်းပျဉ်တွေ၊ ဝါးတွေက အသုဘစင်က။ ကျုပ်ခိုးတာမဟုတ်ဘူး။ မီးသင်္ဂြိုဟ်မယ့်လူတွေဆီက တောင်းထားတာ။ ဝါးကပ်တွေကလည်း ထိုနည်းလည်းကောင်းပဲ။ သူတို့စွန့်ခဲ့တာတွေကို ယူထားတာ။ ခေါင်းဆိုလို့ ကျုပ်မီးသင်္ဂြိုဟ်တဲ့လူတွေဆီက ခေါင်းတစ်လုံးရတယ်။ ပထမဆုံး ခေါင်းပေါ့။ ခေါင်းကိုယူပြီး အိမ်ပေါ်တင်ထားလိုက်တယ်။ မအားတာနဲ့ မဖျက်နိုင်သေးတာ။ မှုးမှုးနဲ့ ညဘက်ပြန်လာတော့ အိမ်ကလူတွေအားလုံး အိပ်ကုန်ပြီ။ ကျုပ်က အိမ်ပေါ်ကိုလှမ်းအတက် ခေါင်းကြီးက ကြွတက်လာသလိုလို၊ လှုပ်လာသလိုလို။ အင်း ... ကျုပ်ကလည်း တစ်ကိုယ်လုံးယိုင်နေလို့များ လှုပ်နေတာလား။ အို ... ဘာဖြစ်ဖြစ် ကျုပ်ရှူးရှူးနဲ့ ပန်းထည့်လိုက်မှ ငြိမ်သွားသကိုးဗျ ... ဟဲဟဲ''

ဦးပေတက အားရပါးရပြောပြီး ရေနွေးတစ်ပန်းကန် မော့ချလိုက်၏။ ပြီးတော့ ဆေးလိပ်ဖွာ၏။ ကွမ်းတံတွေးကလည်း တပျစ်ပျစ်ထွေးလိုက်သေး၏။ ဦးပေတက ဆက်ပြောပြန်၏။

''သချိုင်းဆိုတာက သရဲမဟုတ်ဘူးဗျ။ လူတွေဗျလူတွေ။ လူတွေက အုတ်ဂူတွေဖောက်လား ဖောက်ရဲ့။ တော်ကြာ ဖိုင်းထောင်သလား ထောင်ရဲ့။ ကြက်ဖိုင်းရော၊ အရက်ဖိုင်းရော၊ မိန်းမဖိုင်း အို ... စုံလို့။ တစ်ခါ အရက်ဖိုင်းနဲ့မိန်းမဖိုင်း သချိုင်းထဲလာပြီး ဖိမ်ခံနေကြတာ နားမခံသာအောင်ပဲဗျာ။ ဒါနဲ့ ကျုပ်အမြင်ကတ်ကတ်နဲ့ ပုဆိုးခြုံပြီး သူတို့မြင်လောက်တဲ့နေရာကနေ မြေပုံပေါ်တက်ပြီး လက်ကားရား၊ ခြေကားရား အသံတိတ်လှုပ်ရှားလိုက်တာ ဟား .. ဟား .. ဘာပြောကောင်းမလဲ သုတ်ခြေတင်လိုက်ကြတာ။ ပုဆိုးတွေ၊ ထဘီတွေ၊ ကြက်ကြော်တွေ၊ အရက်တွေ၊ အချိုရည်ပုလင်းတွေ အကုန်ထားခဲ့ကြတာ။ နောက်ကို လှည့်တောင်မကြည့်တော့ဘူးဗျို့ ... ဟားဟားဟား''

''နောက် ထင်းခုတ်တဲ့သူတွေ။ ဟောဒီလော့်ကားတောကြီး ပြုန်းတာလည်း မပြောနဲ့။ ကျုပ်ခပ်ငယ်ငယ်ကတည်းက သိန်းချီပြီး သက်ဆိုင်ရာက စိုက်လိုက်တာ။ ဘာပြောကောင်းမလဲ ခုတ်တဲ့သူတွေက ခိုးဝင်တာတစ်မျိုး၊ ပိုက်ဆံပေးဝင်တာတစ်မျိုးနဲ့ ခုတ်လိုက်ကြတာ။ ပထမ ကြီးကြီး၊ နောက် ခပ်ရွယ်ရွယ်၊ နောက် ခပ်ငယ်ငယ်၊ နောက်တော့ဗျာ အမြစ်ကပါတူးပြီး လိုတော့တာဗျို့။ ဘာပင်မှမထားဘူး။ သစ်တောဌာနတွေ့ရင် ဖမ်းသိမ်းတယ်။ သိမ်းရင် နောက်တစ်ချောင်း ထပ်ထုတ်တယ်။ ထပ်ခုတ်တယ်။ အရေးယူတယ်ဆိုတာကလည်း တစ်ထောင်မှာတစ်ယောက်။ နောက်ကျတော့ သစ်ပင်ပါမက ကန်ကြီးကိုကာထားတဲ့ သစ်တောတွေ၊ ကျောက်တိုင်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ပါ လဲကုန်ပါရောလားဗျာ။ ပစ်ခတ်ဖမ်းဆီးခြင်း ခံရမည်ဆိုတဲ့ ဆိုင်းဘုတ်ဟာ ရယ်စရာတောင် ဖြစ်နေပါရောလားဗျာ"

"အရက်ပုန်းဈေး ဆိုတာလည်း ဒီတောကြီးထဲမှာ တစ်ပုံကြီး။ အုပ်စုလိုက် အုပ်စုလိုက်။ တစ်ခါ ကျုပ် ဆေးမြစ်ရှာရင်း ခလုတ်တိုက်မိပါလေရော။ တိုက်မိတဲ့ခဲကို ဓားနဲ့ထိုးပြီး ခွဲပစ်လိုက်တာ ခဲမှမဟုတ်ဘဲ။ လားလား စိမ်ရည်အိုးကြီး ဖြစ်နေတာကိုးဗျ။ ကျုပ်လည်း မောမောနဲ့ ပွဲတော်တည်ပစ်လိုက်တာ တဝကြီးပဲဗျ။ နောက် ပါတဲ့ရေဘူးထဲထည့်ပြီး အိမ်ကိုသယ်ခဲ့တာပေါ့ဗျာ။ နွားခိုးသတ်တဲ့ လူတွေကလည်း ဒီတောကြီးထဲမှာ သူတို့ခြေရာတွေချည်းပါပဲ။ တောထဲဝင်သွားလို့တော့ တော်တော်နက်လာပြီဆိုတာနဲ့ နွားရိုးတွေတွေ့ရပါလိမ့်မယ်။ အရိုးတောင်လိုပုံ ဆိုသလိုပေါ့။ နွားခိုးသတ်ပြီး အသားယူ၊ အသည်းယူ၊ အရိုးကျတော့ မြုပ်တော့မြုပ်ပါရဲ့။ ဒါပေမယ့် ကမန်းကတန်းဆိုတော့ နည်းနည်းပေါ်နေတာနဲ့ ခွေးကဆွဲ၊ ဟိုအကောင်ကဆွဲ၊ ငှက်ကဆွဲနဲ့ မြေကြီးပေါ် အကုန်ပြန့်ကြဲကုန်တာပါပဲ"

"အမဲသားဆိုလို့ ကျုပ် တောထဲအပြန် ချုံထဲမှာ အထုပ်ကြီးတစ်ထုပ် တွေ့ပါလေရော။ မြွေရေခွံအိတ်ကြီးနဲ့ဗျို့။ သွေးတွေစွန်းလို့။ ကျုပ် ပထမတော့ လန့်သွားတာပေါ့။ မတွေးကောင်းတွေးကောင်း လူသတ်ပြီးများ ထည့်ထားသလား၊ ဘာများလဲ ခပ်လန့်လန့်နဲ့ ရှေ့ကိုတဖြည်းဖြည်းတိုးပြီး အထုပ်ကြီးနားကပ်၊ ဓားနဲ့ထိုးကြည့် ကလော်ကြည့်။ နောက် အထုပ်ကို ချည်ထားတဲ့ကြိုးကိုလှီး။ တဖြည်းဖြည်း အထုပ်ကို လန့်လန့်ကြောက်ကြောက်နဲ့ဖွင့်။ အထုပ်လဲပွင့်သွားရော လားလား အမဲအူစုံအသည်းစုံတွေဗျို့။ ကျုပ် တအားဝမ်းသာသွားပြီး တစ်ခါတည်း အိမ်ကိုမနိုင်တနိုင်နဲ့ ထမ်းယူခဲ့တာပေါ့ဗျာ"

"အိမ်ရောက်တော့ ဘာပြောကောင်းမလဲ။ တချို့ကိုပြုတ်၊ တချို့ကိုချက်။ ဟဲဟဲ ...ကျုပ်တို့တစ်အိမ်သားလုံး တစ်ပတ်စာလောက် ဖူလုံသွားတာပေါ့။ ဒါနဲ့ ပြောရဦးမယ်။ အဲဒီ အမဲသားတွေချက်နေတုန်း ဖြုန်းဆို ရဲသားနှစ်ယောက် ကျုပ်အိမ်ရှေ့ကို ရောက်လာပါလေရောဗျာ။ ကံကောင်းချင်တော့ တည်ထားတဲ့အမဲသားအိုး အဖုံးပေါ်မှာ ကျုပ်က ဂေါ်ဖီထုပ် လှီးလက်စကြီး တင်ထားမိတာကိုး။ ပြုတ်ထားတဲ့အမဲသားတွေကတော့ ကျပ်ခိုးစင်ပေါ်ရောက်နေပြီ။ ရဲတစ်ယောက်က

"ဦးပေတ ဘာတွေချက်နေတာလဲ"ဆိုတော့ ကျုပ်က –

"ဟာ ... ဆရာ ကားဂိတ်က ပေးလိုက်တဲ့ ပန်းဂေါ်ဖီနဲ့ငါးခြောက်ချက် နေပါတယ်။ ဆရာတို့မြည်းပါဦး"

လို့ ပြောလိုက်တော့ သူတို့က

"နေပါစေ။ ခင်ဗျားအိမ်ရှေ့ကနေ နွားဆွဲသွားတဲ့လူတွေများ မတွေ့မိဘူးလား"

လို့ မေးတော့ ကျုပ်ကလည်း

"မတွေ့မိပါဘူးဗျာ။ ဘာကိစ္စရှိလို့လဲ"ဆိုပြီးမေးတော့ နွားခိုးပေါ်တဲ့လူတွေ လိုက်ဖမ်းမလို့လို့ပြောပြီး ထွက်သွားကြလေရဲ့"

"ကံကောင်းလို့ဗျို့။ တကယ်လို့များ ကျုပ်တည်ထားတဲ့ အမဲသားအိုးကို ဖွင့်ကြည့်လိုက်မယ်ဆိုရင် ဘုရားဘုရား ကောင်းကောင်း တရားခံဖြစ်ပြီပေါ့ဗျာ"

"တောထဲက လောင်းကစားဝိုင်းကလည်း ရှိသေးသဗျ။ အဲဒီလို လောင်းကစားကြရင်း မပြေလည်လို့ အသေအလဲ သတ်ကြဖြတ်ကြတာတွေ၊ နွားခိုးပေါ်ရင်း ကတုံးပေါ်ထိ ကွက်လို့ ခံလိုက်ရတာတွေ၊ အိုဗျာ မမြင်ချင် မတွေ့ချင်အဆုံး။ တစ်ခါ လေ နွားပေါ်ရင်း လွတ်သွားလို့ လည်ပင်းပြတ်လုနီးနွားကြီးက တော လျှောက်ပြေးပြီး မြင်မြင်ရာခွေ့လို့ ကျ ကြပုံကြတဲ့လူတွေကတစ်မျိုး၊ ပြော မဆုံးပေါင် တောသုံးတောင်ပါပဲဗျာ"

"တိရစ္ဆာန်တွေဆိုရင်လည်း တောကြီးထဲမှာ ပေါမှပေါသကိုး။ တောကြက်၊ တောဝက်၊ ငှက်မျိုး ဖမ်းတတ်ရင် ရသပေါ့ဗျာ။ ကျုပ်တ ခါ တောထဲအဝင် ဝါးရုံပင်တွေကြား စပါးကြီးမြွေကြီး အိပ်နေတာတွေ့ ခေါင်းကိုဓားနဲ့ခုတ်ပြီး လိုချင်တဲ့လူ ကို ရောင်းစားလိုက်တာ မြက်မြက် လေးစားလိုက်ရသဗျို့။ ဟောဟိုထ မှာ အမှတ်တရ မြွေအရေခွံကြီးတော ရှိသေး"

"ဒီသချိုင်းနဲ့ ဒီလော့ဂ်ကား ကြီးဟာ ကျုပ်အတွက်တော့ အ ကောင်းပဲဗျာ။ ဒါကြောင့် ဒီသချိုင် ကျုပ်တတ်နိုင်သလောက် ဂရု တယ်။ အသုဘချလာတဲ့လူတွေဆို ကျုပ်တတ်နိုင်သလောက်ကူညီတ ဘုန်းကြီးပင့်မလား၊ ဇရပ်သန့်ရှင်း လုပ်မလား၊ ဘာမဆို ကျုပ်လုပ် တယ်။ သူတို့ကလည်း ကျုပ်ကို ကြေးလေးဘာလေး ပေးကြပါတ ချကြည့် ဟောဟို ခင်ဗျားတို့ဝင်လာ သချိုင်းဝက ဂူဆိုရင် ပေါက်သွာ ကျုပ် မနက်ဖြန် ပြန်ဖာမယ်။



www.burmeseclassic.com

www.burmeseclassic.com

ည်းရှိတယ်။ အင်္ဂတေလည်းရှိတယ်။ ကျုပ်ကိုနှင်ချပြီး တရားစွဲတဲ့သူနဲ့မိန်းမဆုံးတယ်။ ကျုပ်ကိုယ်တိုင်ကျင်းတူးပေးတယ်။ ဇာရားနာရာကနေ မြေကျတဲ့အထိ ကျုပ် တာဝန်ယူတယ်။ ရက်လည်တော့ သူ့အိမ်မှာရေချပ်၊ ပန်းကန်ဆေး အားလုံးလုပ်ပေးတယ်။ သူတို့မိသားစု အခု ကျုပ်ကို သဘောပေါက်သွားပြီ''

''ကျုပ်မရှိခင်က ဒီဇရပ်ကြီးဟာ အမိုးတွေလန် ဖုန်တွေဗရပွနဲ့ ပင့်ကူအိမ်တွေစွဲလို့။ လမ်းဆိုလည်း သွားလို့ရုံလေး။ ခုကြည့် လမ်းလည်းကောင်းသွားပြီ။ အမိုးတွေလည်း ကျုပ်ကိုယ်တိုင် တက်ရိုက်ထားတာ ကောင်းသွားပြီ။ သံဃာစင်လည်း သပ်သပ်ရပ်ရပ်ရှိသွားပြီ။ မနက်တိုင်း တံမြက်စည်းလှည်း၊ ဖုန်သုတ်''

''ဇရပ်ဆိုလို့ ဒါ သချိုင်းဇရပ်နော့။ ဒါတောင် လူတချို့က အခွင့်အရေးယူကြသေးတယ်။ ညဆိုရင် အရက်ပုန်းသမားတွေ လာခိုကြတယ်။ မူးတွေလည်း စတည်းချတယ်။ ကျုပ်တစ်ခါ မူးမူးနဲ့ သံဃာစင်အောက် ဝင်အိပ်နေမိတယ်။ အရက်ပုန်းသမားတွေကလည်း မှောင်ရီပျိုးတော့ တောထဲက ထွက်လာကြပြီး ဇရပ်မှာစတည်းချ။ မနက်စောစောမိုးလင်းတာနဲ့ ကားစီးပြီး မြို့ထဲပို့ကြတယ်ပေါ့။ ကျုပ်က မူးမူးနဲ့ဟောက်ပြီး အိပ်နေတာကိုး။ ကျုပ်အသံကို ဒီကောင်တွေကြားသွားတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကြာတော့ လန့်လာတယ်ထင်ပါရဲ့။ သုတ်ခြေတင်လိုက်ကြတာဗျာ။ ကျုပ်တောင် လန့်နိုးသွားတယ်။ သံဃာစင်ပေါ်တက်ကြည့်လိုက်တော့ ဒီကောင်တွေယူလာတဲ့ ချက်အရက်ပုံးတွေ ကျန်ရစ်ခဲ့တာကိုးဗျ။ ကျုပ်လည်း အပြတ်ဟားတိုက်ပြီး ရိက္ခာအဖြစ် သိမ်းပိုက်လိုက်ရတာပေါ့ဗျာ''

''ခုဆို ကျုပ်ကို လူတွေကယုံကြည်မှုရှိလာတယ်ခင်ဗျ။ မူးတာက တစ်ပိုင်းပေါ့။ ရဲတွေဆိုလည်း ကျုပ်ကူညီသင့်တာ ကူညီတယ်။ လူတွေရဲ့ နာရေးကိစ္စတွေဆိုရင်လည်း ငွေမလိုဘဲ လုပ်အားနဲ့ကူညီတယ်။ ဒါကြောင့် ကျုပ်အတွက် စားဝတ်နေရေး သချိုင်းထဲမှာနေတာကလွဲလို့ အရပ်ထဲကထက် ကောင်းတယ်။ စားဖို့ဆို ကျုပ်တို့မိသားစု ဆေးမြစ်စုံရှာတယ်။ ဒါက အဓိကလုပ်ငန်းပဲ။ ဟောဟိုကားလမ်းမကြီးက မြို့ဝင်ဂိတ်ကလည်း ရာသီကုန်တွေဖြစ်တဲ့ ခရမ်းချဥ်သီး၊ လိမ္မော်သီး၊ ဂေါ်ဖီထုပ်၊ ဖရဲသီး၊ စိမ်းစားဥ၊ မုန်ညင်းစတာတွေကိုလည်း ပို့ပေးတော့ ကျုပ်ကားဂိတ်ရောက်ရင် ကားဆရာတွေက ပေးတတ်ကြတယ်''

''မြို့ထဲမှာနေနေ၊ ရွာမှာပဲနေနေ၊ သချိုင်းထဲမှာပဲနေနေ လူ့ကျင့်ဝတ်မပျက်ဖို့တော့ လိုတယ်ပေါ့ဗျာ။ အရက်ကိုတော့ ကြိုက်တယ်။ မူးရင် ဆိုမယ်၊ ကမယ်၊ မတိုတူး၊ မလိမ်တူး''

''ကဲ ... နေလည်းအတော်မြင့်ပြီ။ ခင်ဗျားတို့လည်း ဆာကြရောပေါ့။ အိမ်မှာစားမလား''

''ဟာ ... ရပါတယ်''

''ဒါဆို ခင်ဗျားတို့လိုချင်တဲ့ နလင်ကျော်မြစ်ကို ကျုပ်က လက်ဆောင်ပေးလိုက်ပါ့မယ်''

''မဟုတ်တာ ဦးပေတရယ်။ ဝယ်ဖို့လာတာဗျ''

ကိုလွင်မောင်က ပြောသည်။

''နောက်တစ်ခါမှပေးပါ။ ဒီတစ်ခါ လက်ဆောင်ပေါ့။ ကျွန်တော့်အိမ်ကိုလာလည်တဲ့ဧည့်သည်ထဲမှာ ပထမဦးဆုံးဧည့်သည်မို့ ကျုပ်ရဲ့ အထူးလက်ဆောင်ပါဗျာ''

''ကဲ ... ဒါဆိုရင်လည်း လက်ခံလိုက်ပါဗျာ''

ကိုမင်းမင်းကပြော၏။

''ကျုပ်လေးငါးနှစ်အတွင်း သချိုင်းထဲမှာနေခဲ့သလောက် မှတ်မိသမျှ ပြောပြီးပြီ။ ခင်ဗျားတို့ မယုံသကာဖြစ်မှာတွေ၊ တခြား အံ့သြစရာတွေကိုတော့ မပြောတော့ပါဘူးဗျာ။ ဒီလောက်ဆို ခင်ဗျားတို့လည်း နားညောင်းရောပေါ့''

''အဖေ အသုဘချလာပြီ''

ဦးပေတသားလေးက အိမ်ထဲဝင်လာပြီးပြော၏။

''ဟုတ်သားပဲ။ ဒီနေ့ရွာတောင်ပိုင်းက ဦးရွှေတောင်ရဲ့ အသုဘဘဲ။ ကဲ ခွင့်ပြုပါဦး ကိုမင်းမင်းတို့ရေ''

ဦးပေတက စကားဖြတ်ပြီး သူ့လုပ်ငန်းစရန် ပြင်သည်။ ကိုမင်းမင်းနှင့် ကိုလွင်မောင်တို့လည်း တဲပြင်သို့ထွက်ခဲ့ကြလေသည်။ ကိုလွင်မောင်က ဦးပေတ၏သားလေး လက်ထဲသို့ ငွေနှစ်ဆယ်မုန့်ဖိုးပေးလိုက်သည်။ သချိုင်းတွင်းသို့ရောက်သောအခါ အသုဘပို့သူများနှင့် ငိုယိုသူများ ဆွေမျိုးမိသားစုများက ငြိမ်သက်နေသော သချိုင်းအား သက်ဝင်လှုပ်ရှားစေလေသည်။

ကိုလွင်မောင်နှင့် ကိုမင်းမင်းတို့သည် အသုဘကို ငဲ့စောင်းကြည့်ရင်း သချိုင်းမြေကိုကျော်ကာ ကားလမ်းမကိုဖြတ်၍ ရွာတွင်းသို့ ဦးတည်လျက်။

**မောင်တော်ထိန်**

(၁၉၇၉ ခုနှစ်က အတွေ့အကြုံ တစ်ခုအား တင်ပြခြင်းဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# တောပြောင်းသောကျွန်

■ ညွန့်မောင်ဦး

ကိုဘမောင်မှာ သူတို့လောက အခေါ် ခါးသမား(ခါးပိုက်နှိုက်)တစ်ယောက်ဖြစ်သော်လည်း အနေအထိုင် ကျစ်လျစ်ပြီး အပြောအဆိုကောင်းသည်။ သပ်သပ်ရပ်ရပ်ဝတ်စားတတ်သောကြောင့် သူ့ကိုခါးတစ်ယောက်ဖြစ်မှန်း လူတော်တော်များများမသိကြပါ။ ကိုဘမောင်က မိသားစုနှင့် အတည်တကျ နေထိုင်သော်လည်း တစ်နေရာမှာ ကြာကြာမနေပါ။ ရပ်ကွက်ပြောင်း၊ အိမ်ပြောင်း၍ နေထိုင်သည်။ သူတို့လောကမှ လူတွေမှလွဲပြီး အပြင်လောကမှာ မိတ်ဆွေမထားပါ။ တွေ့သည့်လူနှင့် ရေလိုက်ငါးလိုက် ပေါင်းသည်။ မိမိနေထိုင်သော ရပ်ကွက်မှာ သာရေး နာရေးများရှိလျှင် ကူညီသင့်သလောက် ကူညီသည်။ ရပ်ကွက်ထဲမှလူများက လူကြီးတင်မြှောက်လျှင် အကြောင်းအမျိုးမျိုးပြပြီး ငြင်းသည်။ မိမိအလုပ်အကိုင်နှင့် ဝင်ငွေကိုမေးလျှင် ပွဲစားလုပ်သည်။ အတိုးရင်းပွားပေးသည်ဟု ဖြေသည်။ ကိုဘမောင်မှာ အရွယ်ကောင်းစဉ်က ခါးအလုပ်ကို မိုက်မိုက်ကန်းကန်း လုပ်ခဲ့သည်။ ထောင်လည်းသုံးကြိမ်လောက် ကျဖူးသည်။ သို့သော် ခါးသမားများမှာ ထောင်ထဲမှာ တစ်နှစ်ကျော်ကျော်သာ နေရ၍ အနေကောင်း၍ စုဆောင်းတတ်သော ကိုဘမောင် ထောင်ကျနေသည်ကို မသိကြပါ။ ထိုသို့မသိကြခြင်းမှာ ကိုဘမောင်မိန်းမကလည်း အနေအထိုင်တတ်၍ ဖြစ်သည်။ ယခုအချိန်ထိလည်း ကိုဘမောင် ခါးလုပ်ငန်းကို လုပ်နေသည်။ သို့သော် ကိုယ်တိုင်မလှုပ်ရှားဘဲ တပည့်များမွေးထားသည်။ တပည့်များရလာသည့် ပစ္စည်းကို ထုခွဲရောင်းချပေးသည်။ အော်နာတောင်းသည်။ ခေါင်းပုံဖြတ်သည်။

သံလုံးဆိုသောလူငယ်မှာ တောရွာတစ်ရွာမှ ရန်ကုန်မြို့ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းကို ရောက်လာပြီး အလုပ်ရှာနေသူဖြစ်သည်။ သံလုံးကျောင်းကို ရောက်လာခြင်းမှာ သူ့ရွာက ဦးပဉ္ဇင်းတစ်ပါး ထိုကျောင်းမှာရှိနေ၍ ရောက်လာခြင်းဖြစ်သည်။ သံလုံးမှာ ငယ်စဉ်က မိဘများမရှိ၍ ဦးလေးနှင့်အဒေါ် လင်မယားမှာ သားသမီးမရှိ၍ မွေးစားထားခြင်းဖြစ်သည်။ သံလုံးက မွေးစားမိဘများကို အမေ၊ အဖေဟုသာခေါ်သည်။ မွေးစားထားသောမိဘများက သံလုံးကိုအလိုလိုက်ပြီး ကျောင်းထားပေးသည်။ သံလုံးကံဆိုးသည်က ခြောက်တန်းအရောက်မှာ မွေးစားဖခင်ဆုံးသွား၍ ကျောင်းထွက်လိုက်ရပြီး သားအမိနှစ်ယောက်ရှိသည့်ပစ္စည်းကလေး မြိုးမြိုးစားသောက်နေရသည်။ သည်အချိန်မှာ လူပျိုပေါက်ဖြစ်လာသော သံလုံးမှာ ဝတ်ချင်စားချင်၊ သုံးဖြုန်းချင်လာသည်။ ထိုအခါ သံလုံးက မွေးစားမိခင်ကို အပူကပ်သည်။ အဘွားကြီးကလည်း ချစ်၍ထုတ်ပေးသည်။ သံလုံးမှာ အလုပ်လုပ်နိုင်သည့်အရွယ်ရောက်လာသော်လည်း အလုပ်အကြောင်း မစဉ်းစားဘဲ မိန်းကလေးများကိုသာ စိတ်ဝင်စား၍ ရပ်ရွာမှာရှိသော အလှူအတန်းများနှင့် ပွဲလမ်းသဘင်များမှာသာ အချိန်ကုန်နေသည်။ မိမိတို့အိမ်မှာ မိခင်ကြီးက ရှိသည့်ပစ္စည်းကလေးများ ရောင်းချစားသောက်နေရသည်ကို သံလုံးမသိပါ။ ထိုအချိန်မှာ မိခင်ဖြစ်သူက သံလုံးကို အလုပ်လုပ်ရန် ပြောလာသည်။

BURMESE CLASSIC

"သား ...အမေတို့မှာ မင်းအဖေထားခဲ့တဲ့ ပစ္စည်းကလေးတွေကို သားအမိနှစ်ယောက် ထိုင်စားနေကြတာ ကုန်ပြီ။ သားအလုပ်တစ်ခုခုလုပ်ပါလားကွယ်"

"ကျွန်တော် ဘာအလုပ်လုပ်ရမှာလဲ။ အမေရှာပေးရင် သားလုပ်မယ်"

"တို့ရွာမှာတော့ လယ်အလုပ်၊ ကိုင်းအလုပ်ပဲရှိတယ်။ ငွေရှိရင်တော့ အရောင်းအဝယ်လုပ်လို့ ရတာပေါ့။ အမေတို့မှာ ငွေမရှိတော့ လယ်ငှား(အလုပ်သမား)ကစပြီး လုပ်ရမှာပေါ့"

"ဘယ်သူ့လယ်မှာ လုပ်ရ



www.burmeseclassic.com

www.burmeseclassic.com

လဲ။ အမေပြောပေး ကျွန်တော်လုပ်မယ်''

"မင်းအရွယ်က ငယ်သေးတယ်။ ဦးဖိုဘလယ်နဲ့ပဲ သင့်မယ်။ ဦးဖိုဘက လူငယ်တွေကို စိတ်ရှည်ရှည်နိုင်းတတ်တယ်။ ငွေလည်းလွယ်ဟယ်''

"ဦးဖိုဘလယ်မှာတော့ မလုပ်ချင်ဘူးအမေ။ သူ့သမီး အေးအေးက ကျွန်တော်နဲ့ ကျောင်းနေဖက်ဆိုတော့ ကျွန်တော်ရှက်တယ်''

"ကိုယ့်မှာ ငွေမရှိလို့ ရိုးရိုးသားသားအလုပ်လုပ်တာ ရှက်စရာမဟုတ်ဘူး။ ဒါဖြင့် ငါ့သားက ဘယ်သူ့လယ်မှာ လုပ်ချင်လဲပြော၊ အမေပြောပေးမယ်''

"ကျွန်တော် ရန်ကုန်ကိုသွားပြီး အလုပ်ရှာလုပ်မယ်။ လယ်လုပ်ရတာ ပင်ပန်းတယ်။ ငွေလည်းများများမရဘူး။ ရန်ကုန်မှာ သည်ရွာကျောင်းက ဦးပဥ္စင်းရှိတယ်။ သူ့ကို အလုပ်ရှာနိုင်းမှာပေါ့''

"ကိုယ်မသွားဖူးတဲ့မြို့ကို မသွားပါနဲ့သားရယ်။ အမေလည်း မခွဲနိုင်ဘူး။ လောလောဆယ်မှာ ငါ့သားသွားဖို့ လမ်းစရိတ်လည်းမရှိဘူး''

"ရန်ကုန်မှာက အလုပ်ပေါတယ်။ ငွေရှာရလည်းလွယ်တယ်။ သား ငွေရအောင်ရှာပြီး အမေ့ဆီပို့ပေးပါ့မယ်။ လမ်းစရိတ်သာ ရှာပေးပါ''

သံလုံးမှာ အလုပ်ကို လက်ကြောတင်းအောင် မလုပ်နိုင်သည့်အပြင် လယ်ရှင်ဦးဖိုဘသမီး အေးအေးနှင့်လည်း မတည့်သောကြောင့် ရွာမှ ဦးပဥ္စင်းပေးခဲ့သော လိပ်စာနှင့် ရှာ၍ ရန်ကုန်မြို့ရှိ ဦးပဥ္စင်းနေသော ကျောင်းကိုရောက်လာသည်။ ကျောင်းရောက်သော်လည်း တခြားကျောင်းသားများလို ကျောင်းဝေယျာဝစ္စ အလုပ်မလုပ်ဘဲ ထိုင်စားနေ၍ ဦးပဥ္စင်းက သံလုံးကို ကျောင်းမှာမထားချင်ပါ။ ကျောင်းကိုလာသော လူတွေနှင့် တွေ့တိုင်း သံလုံးကို အလုပ်ရှာပေးရန် ပြောပါသည်။ ထိုအချိန်မှာ လူကြီးလူကောင်းဟန်ဆောင်၍ တပည့်ရှာနေသော ကိုဘမောင်နှင့်တွေ့ပါသည်။ ကိုဘမောင်က မှင်ကောင်းကောင်းနှင့်

"မင်း ဘာမှမပူနဲ့။ ဦးလေးမှာ အလုပ်တွေအများကြီး ရှိတယ်။ မင်းနဲ့သင့်တော်သည့်အလုပ် ရစေရမယ်။ လခလည်းရမယ်။ ငါနှင့်လိုက်ခဲ့''

"ကျေးဇူးတင်ပါတယ်။ ဦးလေး နိုင်းတဲ့အလုပ် ကျွန်တော်ကြိုးစားလုပ်ပါ့မယ်''

"ခုလို ကူညီပေးတဲ့အတွက် တကာကြီးကို ကျေးဇူးတင်ပါတယ်။ သံလုံး ... မင်းအဝတ်အစားတွေယူပြီး တကာကြီးနဲ့လိုက်သွားပေတော့''

ဦးပဥ္စင်းမှာ ဝန်ထုပ်ဝန်ပိုးကြီးကျသွား၍ ဝမ်းသာသွားသည်။ သံလုံးမှာ မိမိလိုပတ်ပြည့်သွား၍ ကိုဘမောင်နောက်မှ ကုပ်ကုပ်ကလေး လိုက်သွားသည်။ အိမ်ရောက်သောအခါ သံလုံးနှင့် အရွယ်နည်းနည်းကြီးသော သူ့တပည့်တစ်ယောက်နှင့် မိတ်ဆက်ပေးသည်။

"သံလုံး ... သူ့နာမည်က မောင်ချိုလို့ခေါ်တယ်။ မင်းက ကိုချိုလို့ခေါ်။ မင်းအလုပ်ထဲ မဝင်ခင် မောင်ချိုနဲ့လိုက်သွားပြီး ရန်ကုန်မြို့ကို လိုက်လည်။ မောင်ချိုစကား နားထောင်ပါ''

"သူ့အဝတ်အစားတွေက နွမ်းနေတယ်။ ကျွန်တော်ကြည့်ပြီး ပြုပြင်ပေးလိုက်မယ် ဆရာ''

"ဟာ ... ပြင်ပေးရမှာပေါ့။ လူမှာအဝတ်၊ တောင်းမှာအကွပ်တဲ့။ မင်းက တောသားပုံမပေါက်နေတဲ့ သံလုံးနဲ့ မတွဲချင်ဘူးလား။ ငါလုပ်ပေးပါ့မယ်။ မင်းသာ သံလုံးဗဟုသုတရအောင် လုပ်ပေးပါ။ သံလုံး ... မင်း မောင်ချိုနဲ့အိပ်၊ မောင်ချိုနဲ့စား''

မောင်ချိုမှာ ကိုဘမောင် ကျွေးမွေး ပညာသင်ပေးထား၍ 'ခါး'(ခါးပိုက်နှိုက်)လောကမှာ နာမည်ရနေသူဖြစ်သည်။ ကိုဘမောင်မှာ 'ခါး'များ တတ်အပ်သော ပညာများဖြစ်သည့် အပူး၊ အကပ်၊ အနှိုက်၊ အခွဲ ပညာများတွင် အခွဲပညာမှာ အတော်ဆုံး အသေသပ်ဆုံးဖြစ်သည်။ တစ်ချိန်က ဆဖ္မ်ပြားစေ့တစ်စေ့နှင့် ငွေသိန်းချီရသောလမ်းမှာ ကိုဘမောင် လျှောက်ခဲ့သောလမ်း ဖြစ်သည်။ သံလုံးမှာ မောင်ချိုနှင့်တွဲမိမှ ဦးဘမောင်အကြောင်းသိသွားသော်လည်း နောက်ဆုတ်၍ မဖြစ်နိုင်တော့မှန်းသိ၍ ထိုလုပ်ငန်းကိုသာ ဆက်လုပ်နေသည်။ ကိုဘမောင်မှာ သံလုံးသည် အလုပ်ထဲမှာပျော်သွားရန် သွေးဆောင်သည့်အနေနှင့် ရွာကို အလည်ပြန်နိုင်းသည်။ အဘွားကြီးကိုလည်း ငွေပို့ပေးနိုင်းသည်။ ကိုဘမောင်က –

"လူဆိုတာ အပြောအဆိုယဉ်ကျေး။ အဝတ်အစား သပ်သပ်ရပ်ရပ်ဝတ်၊ နေတတ်ထိုင်တတ်ရတယ်။ ဒါမှ လူအထင်ကြီးတယ်။ ခုချိန် မင်းရွာကိုပြန်ရင် မိန်းကလေးတွေဝိုင်းနေမှာ''

"ကျွန်တော် ရွာကိုပြန်လည်ချင်စိတ် မရှိတော့ပါဘူး။ အခုရှိနေလို့သာ ပြန်ရတာ။ ပြန်လည်း နေရဲတော့

www.burmeseclassic.com

...တော့တ်ဘူး''

"အနေအထိုင်တတ်ဖို့ပဲ လို
...လို့ မင်းကို ဦးလေးပြောပြီးပြီပဲ။
...နေပေါ့ကွာ''

သံလုံးရဲ့ဘဝမှန်ကို မသိသူများ
...သံလုံးအလုပ်ကောင်းသည်၊ အနေ
...လည်း ပြောင်းသွားသည်ဟု
...နေကြသည်။ သံလုံး ခါးဘဝမှာ
...သည်နေသည်မှာ လုပ်သက်မရင့်
...သော်လည်း ကိုဘမောင်အတွက်
...ရှိသင့်သလောက်ရှိပြီး သံလုံး
...သုံးနိုင်စွဲနိုင်လာသည်။ သည်
...ဖြစ်ချင်တော့ တစ်ညနေ လူ
...သောဈေးတစ်ဈေးမှာ ကိုချို
...နှစ်ယောက် ပိုက်ဆံအိတ်ကြီးကိုင်
...ထဲတိုးနေသော အဒေါ်ကြီး
...ယောက်ကို တွေ့၍ နှစ်ယောက်
... နောက်ကလိုက်နေသည်။ ကိုချို
...ထမ အိတ်ကိုခွဲရန်ပြင်နေသော်
...လည်း ခွဲခွင့်မသာ၍ လက်တပြင်ပြင်
...နေရာမှ နောက်ဆုံး အဒေါ်ကြီး
...အိတ်ကို ဓတ်ကနဲဆွဲယူပြီး သံလုံးကို
...ပေးလိုက်သည်။ သံလုံးမှာ ပထမ
...ကြောက်နေပြီး နောက် လူအုပ်ထဲတိုး
... ပြေးထွက်သွားသည်။ ကိုချိုလည်း
...သံလုံးပြေးသည့်ဘက်ကို မပြေးဘဲ
...ဘက်နားရှိ လူအုပ်ထဲဝင်ကပ်နေ
...လိုက်သည်။ အလုခံရသော အဒေါ်
...ကြီးမှာ ဝဝဖိုင့်ဖိုင့်ကြီးဖြစ်သော်လည်း
...အော်သည်။ လူတွေကြားအောင် သံ
...ကုန်အော်သည်။

"လုပ်ကြပါဦး၊ လာကြပါဦး။
...ကျွန်မပိုက်ဆံအိတ် လုသွားပြီ လိုက်
...ကြပါ''

ထိုအခါ လူအုပ်ကြီး အဒေါ်ကြီး
အနား ဝိုင်းအုံလာကြသည်။ မေးသူက
မေးကြသည်။ အဒေါ်ကြီးကဖြေသည်။

"လုသွားသူက ငယ်ငယ်ပဲရှိ
သေးတယ်။ အင်္ကျီအနက်ဝတ်ထား
တယ်။ ဟိုဘက်ကိုပြေးသွားတယ်။
ဖမ်းကြပါရှင်၊ ငွေတွေပါသွားတယ်''

ထိုအချိန်မှာ သံလုံးက လူအုပ်
ကြီးကို လွန်လာပြီဖြစ်၍ ကိုချိုကိုစောင့်
ရင်း နောက်ကို လှည့်ကြည့်၊ လူအုပ်
ကြီးပြေးလိုက်လာသည်ကို မြင်လိုက်ရ
သည်။ "အင်္ကျီအနက်နှင့်လူကို ဖမ်း
ကြပါ''ဟူသောအသံကိုပါကြားရ၍
ရှေ့ကိုစွပ်ပြေးရာမှာ မမျှော်လင့်ဘဲ
အုတ်ခဲကျိုးတစ်လုံးကို တိုက်မိ၍ လဲ
ကျသွားသည်။ လူအုပ်ကြီးကလည်း
သံလုံးအနား ရောက်လာပြီး တစ်
ယောက်တစ်ချက် ဝိုင်းရိုက်ကြသည်။

"တော်ကြတော့။ သေသွားရင်
မင်းတို့ကို အမှုပတ်နေမယ်။ တာဝန်
ရှိတဲ့အတိုင်း ရဲစခန်းပို့လိုက်''

ထိုအမှုနှင့် သံလုံး ထောင်ထဲ
ရောက်သွားသည်။ အမှုစစ်နေစဉ်မှာ
ကိုချိုလာတွေ့သည်။ ကိုဘမောင်က
ကိုယ်တိုင်မလာဘဲ အဝေးကနေ
ထောက်ပံ့ပေးသည်။ သံလုံးမှာလည်း
ထောင်ထဲမှာ အပေါင်းအသင်းအသစ်
တွေနှင့် တွေ့သည်။ အပေါင်းအသင်း
အသစ်များထဲမှာ ငမိုးခေါ် နက်ကျော်
နှင့် သံလုံးပို၍ ခင်မင်သွားသည်။ နက်
ကျော်က လူဆိုးလူမိုက်တွေထဲမှာ
ဘဝအကြောင်း တော်တော်လေ့လာ
ထားပြီး သံလုံးကို ပြောသည်။

"ကဲ ... သံလုံး မင်းပြောလို့သိ
ရသလောက် မင်းက သူများအခိုင်းခံ
ပြီး ထောင်ထဲရောက်လာရတာပဲ။ မင်း
ကို သနားဖို့မကောင်းဘူး''

"သူက လမ်းပြပေးတဲ့ဆရာဆို
တော့ လုပ်ပေးရတာပေါ့ဗျာ။ အခိုင်းခံ
ရတယ်လို့ မပြောပါနဲ့''

"ဆရာကို လုပ်ကျွေးရမယ်လို့
ရှေးလူကြီးတွေ ဆုံးမတဲ့ထဲမှာ ပါပါ
တယ်။ မကောင်းမှုတွေ သင်ပေးတဲ့
ဆရာကိုပြောတယ်လို့ ငါမထင်ဘူး။
မင်း အခု ထောင်ကထွက်ရင် တစ်စင်
ထောင်ပြီး လုပ်စားတော့။ ဒါမှ မင်းဘ
ဝတိုးတက်မှာ''

"ဘာလုပ်ရမှန်း မသိပါဘူးဗျာ။
ဘာမှလည်းမလုပ်တတ်တော့ သည်
အလုပ်ပဲ လုပ်ရမှာပဲ''

"မင်းကိုမေးမယ်။ ခု မင်းလုပ်
တဲ့အလုပ်က ကောင်းတဲ့အလုပ်လား''

"ကောင်းတဲ့အလုပ် မဟုတ်ဘူး
ဆိုတာ လူတိုင်းသိတာပဲ''

"မကောင်းတဲ့အလုပ် မင်းဆက်
လုပ်မယ်ဆိုရင် သည့်ထက်ကောင်းတဲ့
အလုပ်၊ ဝင်ငွေပိုရတဲ့အလုပ် လုပ်ပါ
လား။ လုပ်ချင်ရင် အပြင်ရောက်တော့
ငါပြောမယ်''

သံလုံး လွတ်ရက်ရောက်၍
အပြင်ရောက်လာသောအခါ ကိုဘ
မောင်ဆီကိုပဲ ပြန်ရောက်သွားသည်။
ယခင်လိုပဲ ပြန်လှုပ်ရှားနေသည်။ တစ်
နေ့ ကိုဘမောင်က လုပ်ကွက်တစ်ခုခု
ပေး၍ အသေးစိတ်ညွှန်ကြားသည်။

"သံလုံး .. ခုငါပြောတဲ့အတိုင်း
ဟိုအဘွားကြီးနောက် လိုက်သွား။ သူ
ရောဝတီတိုင်းက သူ့ရွာကိုပြန်လိမ့်
မယ်။ သင်္ဘောပေါ်မှာဖြစ်ဖြစ်၊ ရွာကို
သွားတဲ့လမ်းမှာဖြစ်ဖြစ် လွယ်အိတ်ကို
ရအောင်ယူ။ လွယ်အိတ်ရတာနဲ့ မင်း



www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်မလာဘဲ မန္တလေးမြို့ကို သွား ရှောင်နေပါ။ လေးငါးရက်ကြာရင် ငါ လာခေါ်မယ်''

''မန္တလေး ဘယ်မှာနေရမှာလဲ''

''မင်းနေရမယ့်အိမ်လိပ်စာ ငါ ပေးမယ်။ ပိပိရိရိလုပ်။ အချိုကြီးပွ ဖပါက်ပဲ''

ကိုဘမောင် ခိုင်းသည့်အတိုင်း သံလုံး အဘွားကြီးနောက်ကိုလိုက်ရာ သုံးရက်အကြာမှ လွယ်အိတ်ရခဲ့သည်။ လွယ်အိတ်ကို ဖြေကြည့်ရာမှ ငွေ ၅၀၀၀ နှင့် ဆွဲကြိုးသုံးကုံး၊ လက်စွပ် သုံးကွင်း၊ လက်ကောက် ငါးကွင်းတွေ့ ရသည်။ ဝမ်းသာအားရနှင့် ရန်ကုန်ကို ပြန်ခဲ့သည်။ ပြန်လာရင်း နက်ကျော် ပြောသော စကားများကို သတိရလာ သည်။ သတိရပြီးနောက် ဆုံးဖြတ် ချက်ချလိုက်သည်။

''ငါ့ကြိုးစားမှုနဲ့ငါရတာ ဦးဘ မောင်ကို ပေးစရာမလိုဘူး။ သည် ပစ္စည်းတွေထုခွဲပြီး ဘဝသစ်ကို ငါထူ ထောင်မယ်''

ထိုဆုံးဖြတ်ချက်နှင့်အတူ သံလုံး ရွာကိုပြန်လာသည်။ ပြန်လာပြီး မကြာ မီမှာပင် နေအိမ်ကိုပြင်၍ မိခင်ကြီး သဘောတူသော မိန်းကလေးနှင့် လက်ထပ်လိုက်သည်။ မိန်းကလေးက သံလုံးရန်ကုန်ကိုပြန်လျှင် ခေါ်သွား မည်ထင်၍ မေးသည်။

''အစ်ကို ရန်ကုန်ပြန်ရင် ကျွန်မ ပါလိုက်မယ်နော်''

''ကိုယ် ရန်ကုန်မပြန်တော့ဘူး။ အလုပ်ကထွက်လိုက်ပြီ။ သည်မှာနေ ပြီး လယ်လုပ်မယ်''

သံလုံးမှာ ရွှေထုပ်နှင့် မိန်းမရ လိုက်သော်လည်း မပျော်နိုင်ပါ။ ဘယ် နေ့မှာ ကိုဘမောင်လိုက်လာပြီး ဒုက္ခ ပေးမည်လဲဟု တွေးမိ၍ အိပ်မပျော်ပါ။ မိမိစိတ်ကူးထားသော လယ်ဝယ်ရန် လည်း မစဉ်းစားရဲသေးပါ။ သည်လို နှင့် တစ်နေ့ မိမိတခြားရွာကို သွားနေ စဉ်မှာ လူနှစ်ယောက် မိမိကို လာမေး သည်ဟုကြားရသောအခါ သံလုံး အိမ် မှာမနေရဲတော့ဘဲ သောင်းကျန်းသူ များအဖွဲ့ထဲ ရောက်နေသော မိုးနက် ခေါ် နက်ကျော်နှင့်သွားတွေ့၍ အကူ အညီတောင်းသည်။ နက်ကျော်က သောင်းကျန်းသူအဖွဲ့ဝင်ဖြစ်၍ သံလုံး ကို တပ်သားအဖြစ်လက်ခံရန် ပြော ပေးရာ အဖွဲ့က လက်ခံလိုက်သည်။

''သံလုံး မင်းလောလောဆယ် အသက်မသေချင်ရင် ငါတို့အဖွဲ့နဲ့နေ ပြီး အဖွဲ့ကညွှန်ကြားတာ လုပ်ပါ။ လောလောဆယ် ငါသည်လောက်ပဲ ကူညီနိုင်တယ်''

''ကျေးဇူးတင်ပါတယ်။ ကျွန် တော် သူတို့နဲ့တွေ့ရင် ခါးပိုက်နှိုက်ဖြစ် တာသိသွားပြီး ရွာသားတွေလက်က ရဲလက်ထဲရောက်သွားမှာ။ ကူညီတာ ကျေးဇူးတင်ပါတယ်''

''တိုတိုပြောရရင် ငါလည်း ရန် ကုန်မြို့မှာ ဒုစရိုက်မှုမျိုးစုံ လုပ်ခဲ့၊ ကျင် လည်ခဲ့သူပါ။ အခုအလုပ်ကတော့ မကောင်းတာလုပ်တာချင်းတူတူ အဖွဲ့ အစည်းဆိုတော့ လူကြားကောင်း တယ်။ ဒါကြောင့် ငါ ဝင်ခိုနေတာ''

ရွာကလူတွေက သံလုံးတောခို သွားကြောင်းသိသွားပြီး သံလုံးမှာ တစ်ခါတစ်ခါလောက်သာ ရွာထဲခိုးဝင် ပြီး မိန်းမနှင့်တွေ့ရသည်။ သောင်း ကျန်းသူအဖွဲ့မှာ ရွာတွေမှာ ဆက် ကြေးလိုက်ကောက်ရပြီး မကြာခဏ လည်း အစိုးရစစ်တပ်နှင့် တိုက်ပွဲဖြစ်၊ တိုက်ပွဲဖြစ်လည်း လက်နက်ကောင်း၍ လူအင်အားများသော အစိုးရတပ်ကို ရင်မဆိုင်ရဲ၍ ပြောက်ကျားစစ်ဆင်ရေး နှင့်သာ ရင်ဆိုင်ပြီး အစိုးရစစ်တပ် လိုက်မတိုက်နိုင်သော တောတွင်းကို တပ်ဆုတ်သွားပြီး ရွာတွေမှာ ကိုယ် ရောင်ဖျောက်နေကြသည်။ အစိုးရတပ် ကလည်း တောထဲတောင်ထဲမှာ စခန်း ချတပ်မစွဲထားနိုင်၍ ပြန်ခဲ့ကြသည်။ သည်လိုနှင့် တစ်လခန့်အကြာမှာ သောင်းကျန်းသူများပြန်ရောက်လာကြ ပြီး ရွာတွေမှာ ဆက်ကြေးပြန်ကောက် သည်။ ဆက်ကြေးမပေးနိုင်၊ မပေးချင် သူများကို သတ်သည်။

သည်လိုနှင့် နောက်တစ်ကြိ ဆက်ကြေးကောက်ရာမှာ ကင်းပုန်း ထားသော အစိုးရစစ်သားများနှ တိုက်ပွဲဖြစ်ရာမှာ သံလုံးနှင့်နက်ကျေ တို့နှစ်ယောက် တိုက်ပွဲကျသွားသည် နက်ကျော်အကြောင်းမသိသော ရွ သားများက နက်ကျော်ကို သနား သလို သံလုံးတို့ရွာသားများကလည် သံလုံးမှာ ရန်ကုန်မှာအလုပ်အကို ကောင်းနေပါလျက် သက်သက်ရွာ ပြန်လာသည်ဟု ပြောနေကြသည် တကယ်တော့ သူတို့နှစ်ယောက်ဝ သမင်ဟန်ဆောင်နေကြသော ကျ မှန်းမသိကြပါ။

ညွှန့်မော



www.burmeseclassic.com

www.burmeseclassic.com

# လမ်းညွှန်

စိုးယဉ်ထွန်း

ရပ်ကွက်ထဲတွင် ကိုရွှေက အပေါင်းအသင်းများသည်၊ ရပ်ကွက်လူမှုရေးကိစ္စ အကြောင်းစုံတွင် ယ်ဟိုစ္စကိုမှ မငြင်းပယ်သူ၊ ကိုရွှေက ဇနီးသည်နှင့် အလျှဉ်းသင့်လျှင် တိုလိုက်ပါသွားတတ်ပြီး သာမှု ကိုလည်း အသွားအလာ များသည်၊ ထိုအတောအတွင်းရောက် လာသော ဧည့်သည်များမှာ ကိုရွှေ နှင့်မတွေ့ရဘဲ အိမ်တံခါးပိတ်၊ ခြံ တံခါးပိတ်ထားသည်နှင့်သာ ကြုံရပြီး ပြန်လှည့်ကြရသည်၊ ကိုရွှေကလည်း အရေးတကြီးတွေ့ရန် လိုအပ်သူဖြစ် ပါက စိတ်ညစ်ရသည်။

"ဗျို့ ဆရာရွှေ၊ ဟိုနေ့က အိမ် လာတာ တံခါးပိတ်ထားတယ်ဗျာ"

"အေးဗျ . . . ကျုပ် ခဏလေး ပါ၊ စောင့်နေရင်တွေ့မှာ"

ကိုရွှေက ဟိုသွားသည်သွား နှင့် ဧည့်သည်တွေမှာ လွဲရတာများ ၍ အပြောများနှင့် အကြံလည်းပေး ကြသည်၊ ကိုရွှေကိုယ်တိုင်ကလည်း ခေါင်းစားမိတာလေးကို အကောင် အထည်ဖော်၍ နေအိမ်တွင် လူကျန် မရှိလျှင် ခြံတံခါးဘေးတွင် သံချိတ် လေးနှင့် စာတန်းတစ်ခု ချိတ်ဆွဲ လိုက်သည်၊

"ဟ . . . ကိုရွှေ အခုတော့ အဆင်ပြေတယ်ဗျာ"

"ဆရာရွှေရေ၊ ကောင်းတယ် ဗျာ"

ကိုရွှေအိမ်သို့ လာသမျှဧည့် သည်များက သဘောကျနှစ်ခြိုက်စွာ ဖြင့် ခြံတံခါးတွင် စိုက်ထားသော စာ တန်းလေးကိုကြည့်ကြပြီး တစ်ယောက် တစ်မျိုးစီ ပြောကြသည်၊

ကိုရွှေအိမ်ခြံတံခါးတွင် စာ တန်းလေးချိတ်ပြီး တစ်ပတ်ခုနစ်ရက် အကျော်နေ့တွင် အခါတိုင်းလိုပင် ကိုရွှေက ဇနီးဖြစ်သူနှင့် ဈေးသို့လိုက် ၍ လိုအပ်သည်များဝယ်ပြီး ပြန်လာ ကြသည်၊ အိမ်ခြံဝအရောက်တွင်

"ဟိုက် . . . လာ . . . လာကြ ပါဦးဟ"

"အဲတော့ . . ကုန်ပါပြီ"

ကိုရွှေတို့ ဇနီးမောင်နှံ၏ တအံ့ တသြ စိုးရိမ်နှမြော ဒေါသသံအပါ အဝင် ရသစုံအသံက ခပ်ကျယ်ကျယ် ထွက်သွားပြီး ဘေးအိမ်များမှလူတွေ ရောက်လာကြ၍ ပစ္စည်းများကို ဝိုင်း ၍ကြည့်ရှုပေးကြပြီး ရပ်ကွက်အုပ် ချုပ်ရေးမှူးကို အိမ်အဖောက်ခံရ ကြောင်း အသိပေး အကြောင်းကြား လိုက်သည်၊

"အင်း . . . ဆရာရွှေအိမ်က ဖောက်ခံရတာ ကိုယ်တိုင်ညွှန်လို့ အဖောက်ခံရတာပဲ"

"ဗျာ . . ဘယ် . . . ဘယ်လို"

"အဟင်း . . . ဆရာရွှေရဲ့ခြံဝ က ဧည့်သည်အသိပေးစာက ဖောက် ထွင်းသမားကို ညွှန်သလိုဖြစ်နေတာ ကိုး"

"ဟင် . . . ပြောပါဦးဗျာ"

"ဆရာရွှေက ဈေးသွားသည်၊ နာရီဝက် မိနစ် ၃၀ ကြာမည်လို့ ဧည့် သည်ကို စိတ်အေးအောင် အသိပေး ပေမယ့် သူခိုးဖောက်ထွင်းကို မိနစ် ၃၀ အချိန်ရတယ်၊ လုပ်စရာရှိတာ လုပ်လို့ လမ်းညွှန်ပေးသလိုဖြစ်သွား တော့ အကွက်ဆိုက်ပြီး ဖောက်ထွင်း သွားတာပဲဗျ"

"ဟာ . . . အေး . . . ဟုတ်"

ဘေးလူများကပါ ခေါင်းညိတ် ကြသည်၊ ကိုရွှေက အိမ်ခြံဝမှ စာ တန်းကိုဆွဲဖြုတ်ပြီး ဆုတ်ပစ်လိုက်ပေ မယ့် ပစ္စည်းအတော်များများမှာ ပါ သွားရှာပြီကော . . .၊

စိုးယဉ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပြစ်မှုဝိညာဉ်

❖ သိမ်မွေ့သူ

ဘာဘစက်ရုံမှူးကြီးတစ်ယောက် ... ကျွန်မတို့အိမ်သို့ ရောက်လာပါ ... ရောက်လာသည့်အချိန်မှာ ည ၈ ... ကျော်ပါပြီ။ ဖေဖေနှင့် မေမေသည် ... အတွက် နေရာထိုင်ခင်းပေးသလို ... မှ အအေးနှင့်မုန့်များ ချပေး၏။

"ဆရာ ဘယ်ကလှည့်လာတာလဲ"

"အင်ဂျင်နီယာဘက်ကနေ လာခဲ့ ... ကိုရဲ"

"တစ်ယောက်တည်းလား ဆရာ"

"ဟို ... အင်ဂျင်နီယာဘက်သွား ... လုံခြုံရေးတစ်ယောက်ရယ်၊ အင် ... နီယာဌာနက တစ်ယောက်လေ။ သူ ... နှုတ်လွှတ်လိုက်ပါပြီ"

"ဘာများထူးလဲ ဆရာ"

"ထူးတယ်တော့ မဟုတ်ပါဘူး။ တို့ ... စက်ရုံကိုရောက်ခါစ ကိုရဲလိုပေါ့။ လက် ... ထောက်မန်နေဂျာလေ။ အင်း ... အနှစ် ... ကျော်ခဲ့ပါပြီ။ အဲဒီတုန်းက စက်ရုံမှူး ... ကြီးက ဦးသိန်းတဲ့ ကိုရဲရဲ့"

"ဟုတ်ကဲ့ ဆရာ"

"အကြောင်းက ဆရာကြီးဦးသိန်း ... မန်နေဂျာဘဝမှာ ဖြစ်ခဲ့တဲ့အဖြစ်အပျက် ... ကြာခဲ့ပြီပေါ့။ ဒီလို လပြည့်ကျော် ၁ ... ရက်နေ့လေ။ ဒီနေ့လည်း လပြည့် ကျော် ... ရက်မဟုတ်လား ကိုရဲ"

"ဟုတ်ပါတယ်ဆရာ။ မနက်က ... စက်ရုံထဲမှာ စက်ကြီးဌာနက ပိုင်းဆရာ ... ကြီးပြောတယ်။ ယော့ကောင်တွေ၊ ဒီနေ့ လပြည့်ကျော် ၁ ရက်ကွနေ့ဘ်။ ရန်မဖြစ်ကြနဲ့၊ ပြစ်မှုမကျူးလွန်ကြနဲ့လို့ ပြောသံကြားမိတယ်ဆရာ"

စက်ရုံမန်နေဂျာ ဦးသောင်းထိုက် ဘာမျှမပြောဘဲ ပကတိအပြုံးလေးဖြင့် ဖေဖေ့စကားကိုနားထောင်နေ၏။ ဖေဖေက ဘာအကြောင်းမှန်း မသိကြောင်းနှင့် စောစောက ဘာဘစက်ရုံမှူးကြီးပြောခဲ့သလို ထူးတယ်တော့ မဟုတ်ပါဘူးဆိုတဲ့ စကားက ထူးခြားနေမည်ကို ကျွန်မ ဖြေမြင်လိုက်ပါသည်။

"ဆရာ ဘာများဖြစ်ခဲ့ဖူးပါသလဲ"

"ဟင် ... ဪ ... သမီးလေး မအိ သရဲတစ္ဆေကြောက်တတ်လား"

"ကြောက်တယ်တော့ မဟုတ်ပါဘူး။ မကြုံဖူးပါဘူး ဘာဘ"

ဘာဘမန်နေဂျာကြီး ပြောသင့်၊ မပြောသင့် စဉ်းစားနေပုံရပါသည်။ ဘာဘမန်နေဂျာကြီးသည် စကားအလွန်နည်းသူဟု ဖေဖေနှင့်မေမေ ပြော၍လည်း သိထားရပါသည်။

"ဒီလို ကိုရဲ့ရေ၊ သမီးတို့လည်း နားထောင်ကြ။

တစ်ခါက ဒီစက်ရုံမှာ ခွဲစက်ဝန်ထမ်းနှစ်ယောက် စကားများရန်ဖြစ်ကြတယ်။ နှစ်ယောက်စလုံး ကြီးမားတဲ့ပြစ်မှုကြီး ကျူးလွန်ကြသူတွေလေ"

ခွဲစက်လုပ်သား ကျားကြီး(ခေါ်)တင်မြင့်နှင့် ကွက်ကျော်(ခေါ်)သန်းအောင်တို့နှစ်ယောက်သည် တိုင်ပင်ဖော် တိုင်ပင်ဘက်၊ ခိုးဖော်ခိုးဘက်၊ သောက်ဖော်သောက်ဘက်။ တိုင်ပင်ဖော်တိုင်ပင်ဘက်ဆိုရာတွင် ကျွန်းသစ်ခွဲသားများ ခိုးထုတ်ရန် တိုင်ပင်၏။ တစ်စိတ်တစ်ဝမ်းတည်း ခိုးယူပြီးသောသစ်များအား အတူရောင်းပြီး ထက်ဝက်ခွဲဝေယူကြသည်။

ကျွန်းသစ်ခိုးယူမှုသည် ကြီးမားသော ပြစ်မှု၊ ပြည်သူပိုင်ပစ္စည်း ခိုးယူမှုကို အမြဲပြစ်မှုကျူးလွန်နေကြလေသော သေဖော်သောက်ဖော် နှစ်ယောက်။ တစ်ခါတစ်ခါမှာ ကွက်ကျော်သည် ကျားကြီးအပေါ် ကွက်ကျော်ရိုက်၊ တစ်ပတ်ရိုက်၊ ပညာပြ၏။ အနည်းနှင့်အများ လုပ်လေ့ရှိသော်လည်း နည်းသည့်အခါ သိသွားပါက ဘာဘာညာညာ အကြောင်းပြ၏။ များသည့်အခါ ဘူးခံငြင်းဆို စကားများကြသည်။

သည်ယနေ့မှာတော့ နှစ်ယောက်သား ခွဲသားလေးနှစ် ရှစ်ပေအရှည် ကျွန်းအနှစ်တွေ လွယ်လွယ်ကူကူ မဟုတ်သော်လည်း ဗလလည်းကောင်း၊ လျင်မြန်သွက်လက်သော ကျားကြီးနှင့် သန်မာ၍ သူခိုးပါးဝနေလေသော ကွက်ကျော်တို့သည် လုပ်ငန်းစကြ၏။ ဒီတစ်ချီ ကောင်းကောင်းရ၍ နှစ်ယောက်သား အမြည်းကောင်းကောင်း၊ အရက်ဖြူမဟုတ်၊ ရမ်အရက်ဖြင့် နှစ်သက်စွာ စားသောက်ကြပြီး ရရှိသောငွေခွဲဝေရာတွင် ပို၍မူးနေ



www.burmeseclassic.com

www.burmeseclassic.com

သော ကျားကြီးထက် ကွက်ကျော်အမြတ်ထုတ်လိုက်သည်ကို ကျားကြီးမသိလိုက်။

နောက်နေ့ ကျွန်းခွဲသား လေးနှစ်အရည်ရှစ်ပေ ကျွန်းများ ပျောက်ဆုံးသည်ကို စက်ရုံမှူးကြီးသိ၍ မကြာခဏပျောက်ရှမှုသည် အပြင်မှ ဖောက်ထွင်းဝင်ရောက်ခိုးယူခြင်းမဟုတ်။ အတွင်းမှခိုးထုတ်ခြင်းသာ ဖြစ်ကြောင်း သုံးသပ်ပြီးလျှို့ဝှက်စွာတပ်လှန့်ထားလိုက်သည်။

သုံးရက်မြောက်သောနေ့ လပြည့်ကျော် ၁ ရက်၊ ခွဲစက်တွင် သစ်လုံးကုန်နေ၍ သစ်မခွဲရသည့် သုံးရက်မြောက်နေ့ပင်။ သစ်မခွဲရသဖြင့် ကျားကြီးနှင့်ကွက်ကျော်တို့ အရက်ဖြူပင် မသောက်နိုင် ဖြစ်နေ၏။ လုပ်ကိုက်နှင့်ငွေ အတူမနေဆိုသည့်အတိုင်း ရရစားစား ဝါးဝါးမျိုမျို။ ပညာလည်းမဲ့၊ တခြား အတတ်ပညာလည်း မရှိ။ အလုပ်ကြမ်းဘဝ ခိုးရဲ၏။ ရန်ဖြစ်ရဲ၏။ ရိုက်နှက်ရဲကြ၏ ဆိုသောမသမာသည့် အတတ်ပညာကို အဟုတ်ထင်နေကြရာမှ -

"ကျားကြီး…တို့ ခွဲသားမရှိဘူး။ ဟိုမှာပုံထားတဲ့ ပကာ(ပကာဆိုသည်မှာ သစ်လုံးကြီးများအား လေးဘက်လေးတန် အပွသားတွေ အကာအခွံ၊ အခေါက်တွေ ခွဲထုတ်ထားသည့် အကာသားအား ပကာဟု ခေါ်ဝေါ်ကြသည်)ပဲ ပြောင်ရအောင်"

"ဟင်…ဟိုပကာ၊ ဟာကွာ၊ ဘာဈေးရမှာလဲ"

"ဝေ့းရ၊ မသောက်ရတာ ဒီနေ့နဲ့ ဆို သုံးရက်ကွ။ ဆာလှပြီ။ မတတ်နိုင်ဘူးကွ။ ရတာပဲ အရက်ဖိုးရှာမယ်ကွာ"

"လုပ်ကွာ။ မင်းသတိပေးမှ ဟောဒီသောက်ပါးစပ်က ဆာလာပြီ။ ပြည့်…ဟိုနေ့က ငါမူးတယ်ဆိုပြီး မင်း ငါ့အပေါ်ဖိုလ်ကျသွားတာ ငါသိတယ်နော်"

"အောင်မာ…မှူမှူတာတလေး သောက်တဲ့ အရက်နဲ့ စားတဲ့အမြည်းအတွက် နတ်ရတာပေါ့ဟ"

"မင်းကတော့ကွာ၊ အမြဲကွက်ကျော်ရိုက်ဖို့ပဲ"

"ဘာကွ…"

"ငါသိနေတာ ကြာပြီ။ မင်းသိပ်လူလည်မလုပ်နဲ့နော်"

နှစ်ယောက်သား ပကာသားခိုးရင်း စည်းရိုးအပြင်သို့ ထိုးထုတ်နေရင်း စကားများနေကြ၏။ သူတို့ခိုးထုတ်နေသည်ကို စက်ရုံအပေါ်ထပ်မှ မှန်ပြောင်းဖြင့် ချောင်းမြောင်းကြည့်နေသော စက်ရုံမှူးဦးသိန်းနှင့် လက်ထောက်စက်ရုံမှူးတို့အား သူတို့မသိ။ ဖမ်းဆီးရန် အသင့်ပြင်ထားသည့် ခွဲစိတ်တာဝန်ခံနှင့် လုံခြုံရေးအဖွဲ့သားများသည်လည်း အသင့်ဖြစ်နေ၏။ စက်ရုံမှူးကြီးထံမှ အမိန့်စောင့်နေကြချိန်။ ထိုအတွင်း -

"ကျားကြီး၊ သောက်စကားမများနဲ့။ ငါက အကုန်ဖော်မှာနော်"

"ဟ…မင်းကဖော်တော့ ငါကလည်း အကုန်အန်ထုတ်ပြမှာပေါ့ကွ။ မင်းကိုယ်မင်း ကွက်ကျော်ဆိုပြီး အမြဲကွက်ကျော်ရိုက်တာ ငါခံရပေါင်းများပြီကွ"

"တော်ကွာ ကျားကြီး၊ အရက်ငတ်လို့ ခေါ်နေတာ။ ငါ့လက်တွေက သွေးဆာနေတယ်နော်၊ ဟင်းဟင်းဟင်း"

"ဘာကွ၊ ကဲကွာ…ကဲကွာ…ကဲကွာ"

"ဟာ…ဟာ…မင်း…မင်း…ပြောင်း"

"အင်း…တောက်"

ကျားကြီးသည်လည်း ဒေါသတကြီး လက်ထဲမှာကိုင်ထားသော ပကာသားအခြမ်းဖြင့် ကွက်ကျော်၏ ရင်ဝသို့ဆောင့်ထိုးလိုက်သည်တွင် ပကာသားအခြမ်းအချွန်မှာ ကွက်ပျော်၏ ရင်ခေါင်းဝမ်းဗိုက်ထဲ ထိုးဝင်ပြီး နောက်ကျောသို့ပင် ပေါက်အထွက်။ ကွက်ကျော်သည်လည်း နောက်ဆုံးအင်အားသုံးပြီး သူ့လက်ထဲရှိ ပကာအခြမ်းဖြင့် ကျားကြီး၏မျက်နှာအား ဖြတ်ရိုက်လိုက်စဉ် ကျားကြီး၏ လျင်မြန်မှုကြောင့် မျက်နှာဘယ်ဘက်သို့ လွဲအရောင် ဦးခေါင်းနောက်ခြမ်းသို့ ဓားဖြင့်ခုတ်ချဘိအလား နောက်စေ့အခြမ်းကွဲကာ "အင်း…အင်း"ဆိုသည့်အသံနှင့်အတူ သွေးတွေ၊ ဦးနှောက်တွေ ကြည့်မကောင်း၊ ရှုမကောင်း နှစ်ယောက်စလုံး သွေးအိုင်တွေထဲ လဲကျသွားလေသည်။

"ဟော့ကောင်တွေ…ဟော့ကောင်တွေ"

စက်ရုံမှူးကြီး ဦးသိန်းနှင့် လက်ထောက်စက်ရုံမှူး၊ စက်ဆရာ၊ ဝိုင်းဆရာ၊ လုံခြုံရေးအဖွဲ့တွေ အပြေးအလွှားရောက်သွားတော့ နှစ်ယောက်စလုံး သွေးအိုင်ထဲမှာ။

"ဟော့ကောင် ကျားကြီး၊ ကျားကြီး"

"ဟာ…ကွက်ကျော်၊ ကွက်ကျော်။ သတိထားကြ၊ သတိထားကြ"

"ဆ…ဆရာကြီး၊ ဆရာကြီး၊ ဒီအကောင်…အကောင်…ကျားကြီး၊ ကျားကြီးလေ…ကျားကြီး၊ ကျွန်တော့်ကို ပကာနဲ့ထိုး…ထိုးတယ်"

မဟုတ်ဘူး ဆရာကြီး။ ကွက်ကျော်…ကွက်ကျော်ခေါင်းဆောင်ပြီး သစ်…သစ်ခိုး…ခိုးတာ"

"ဘာ…ဘာ…အား…ဟော့ကောင် ကျား ကျားကြီး၊ ငါသေတဲ့ အခါ မင်း…မင်းကိုမကျေဘူးကွ။ အင်းအင်း"

"ကွက်ကျော်၊ ငါသေဖြစ်တောင်

www.burmeseclassic.com

ကျော့ဘူး...ဘူး...အား"

နှစ်ယောက်စလုံး အချီအချ မပီသေဖော်ပြောရင်း မျက်လုံးကြီးတွေ နီနီရဲရဲ ပြူးထွက်တော့မည့်ဆဲဆဲမှာပင် သေဆုံးသွားကြလေတော့သည်။

"သူတို့နှစ်ယောက် သစ်ခိုးမှုဆိုတဲ့ ကြီးမားတဲ့ ပြစ်မှုကြီးတွေရယ်၊ ခိုးရောင်းပြီး သောက်ကြ စားကြ နောက်ဆုံးတော့ အသေဆိုးနဲ့ သေကြရတာပေါ့ ကိုရဲ။ သူတို့ ခိုးဖုက်ရမိုရတဲ့ငွေတွေ သုံးစွဲတဲ့ ဇနီးသားသမီးတွေလည်း သံမှုရည်သောက်ရသလို အပုမီးက အားလုံးအတွက် မီးထောင်တိုက်အသွင်းခံကြရတာပေါ့"

"ဆရာ...ကျွန်တော်ကြားဖူးတာ၊ ကြားဖူးတာမဟုတ်ပါဘူး။ ကျွန်တော့် အဖေ အမြဲဆုံးမတဲ့ စကားထဲမှာ ငရဲဆိုတာ နီးနီးလေး။ အနားပတ်ဝန်းကျင်မှာ အမြဲရှိနေတာတဲ့"

"မှန်လိုက်တာ ကိုရဲရယ်။ ခုတွေ့ပြီမဟုတ်လား။ ပြစ်မှုတစ်ခုခု ကျူးလွန်ရင် ချက်ချင်း၊ ဒါမှမဟုတ် ရှေ့ဆင့် နောက်ဆင့် တန်ပြန်ခံရစမြဲပဲလေ"

"ဟို...ဘဘပြောတဲ့ လပြည့်ကျော် ၁ ရက်ရယ်၊ သရဲကြောက်တတ်သားလို့ မေးတာနဲ့ အခုပြစ်ခဲ့တာ ဆက်စပ်နေသလား ဘဘ"

"ဟ...သမီးလေးက စိတ်ဝင်စားနေတာကိုး။ အေး...ဘဘပြောရမယ့် စကား ကျန်သေးတယ်။ အဲဒီလပြည့်ကျော် ၁ ရက်နေ့ ညဘက်ရောက်တိုင်း သရဲနှစ်ကောင်ရန်ဖြစ်ကြတဲ့အသံ၊ ဟို.. ရိုက်နှက်သံတွေ၊ ညည်းညူသံ၊ ကြောက်လန့်ဖွယ်အော်သံတွေ ဒီစက်ရုံခွဲစက်ကြီးဘက်၊ ဒါမှမဟုတ် သူတို့ခိုးထုတ်တဲ့ စည်းခြံဘက်မှာ အမြဲကြားရတယ်။ ခြောက်လှန့်မှုတွေကတော့ အဲဒီ လပြည့်ကျော် ၁ ရက်ညတိုင်း လုံခြုံရေးအဖွဲ့တွေ၊ စက်ကြီးနဲ့ အင်ဂျင်နီယာဌာနက ဝန်ထမ်းတွေဆို အပြင်တောင် မထွက်ရဲအောင် ကြောက်လန့်ကြတယ်။ သူတို့နှစ်ယောက် သေဆုံးတာ လပြည့်ကျော် ၁ ရက်လေ။ ညနေ နေဝင်လုဆဲဆဲပေါ့ သမီး"

"အုဂ္ဂ..အုဂ္ဂ..အုဂ္ဂ"

"အုဂ္ဂ...အုဂ္ဂ...ဂ္ဂဂ္ဂ"

"ကိန်..ကိန်..ကိန်..ကိန်"

"ဝုန်း..ဖြောင်း...အား..ဖူး"

လပြည့်ကျော် ၁ ရက် ညဦးတွင် လသည် တစ်နာရီလောက် နောက်ကျမှ ထွက်သလို၊ ခွေးအူသံတွေကား ညံပါလေပြီ။ ဟောင်သံမဟုတ်။ တစ္ဆေသရဲမြင်၍ ကြောက်လန့်ထွက်ပြေးရင်း အူကြသည့် အသံတွေမဆုံးမီ ရိုက်နှက်သံတွေ၊ နာကျင်၍ ညည်းညူသံတွေ ဆက်ထွက်လာသည်တွင် လုံခြုံရေးအဖွဲ့ မီးထိုးကြည့်ပါက တစ်ခါတစ်ရံ မြူမြူအကောင်ကြီး နှစ်ကောင်လုံး တွေ့ရ၏။ သူတို့ သတ်ပုတ်လုံးထွေးရင်း ပျောက်ကွယ်သွားသော်လည်း ရိုက်သံ၊ ထိုးကိုက်သံတွေ၊ အော်ဟစ်သံတွေ ကြားရစမြဲ။ နောက်ဆုံးတော့ အမိန့်စာအမျိုးမျိုးပြန်ရ၊ သံဃာတော်တွေ ပင့်ဖိတ် ပရိတ်ရွတ်ရ၊ လပြည့်ကျော် ၁ ရက်ရောက်တိုင်း တရားရေအေး တိုက်ကျွေးရင်း ပရိတ်ရည်ဖျန်း၊ ဆန်မန်းပေါက်ပေါက်ကြဲပြင်း ဆက်တိုက်လုပ်ရလေသည်။

"ဘဘ...ခုကော အဲဒီသရဲတွေ ရှိသေးလား"

"နောက်ပိုင်းတော့ မရှိကြတော့ပါဘူး။ ဆရာကြီးဦးသိန်း ပြောသွားတာ မှတ်မိနေသေးတယ် သမီးလေးရဲ့။ ဘာတဲ့၊ ဒီနှစ်ကောင်ဟာ သရဲဘဝရောက်တာတောင် ပြစ်မှုကျူးလွန်နေကြတယ်တဲ့"

"ဗျာ...ဆရာ၊ ဘယ်လို"

"သြော်...ဒီလိုလေ။ လူ့ဘဝမှာ သစ်ခိုးမှုဆိုတဲ့ ကြီးမားတဲ့ ပြစ်မှု၊ အချင်းချင်း သတ်ဖြတ်မှုတွေ ကျူးလွန်ကြမှုတော့ မကျွတ်မလွတ်တဲ့ ဘဝအထိ အဲဒီပြစ်မှုက ပါသွားတာပေါ့။ ဒေါသနဲ့ မောဟလေ။ ဒေါသနဲ့အတူပါသွားတဲ့ မောဟကြောင့် လူသတ်မှုဆိုတဲ့ အလွန်ကြီးမားတဲ့ ပြစ်မှုကြီးတွေပေါ့။ သရဲဘဝအထိ သူတို့နှစ်ယောက် အခဲမကြေ ပြစ်မှုကျူးလွန်နေဆဲလေ။ ဆရာကြီးဦးသိန်းက 'ပြစ်မှုဆက်မြဲ သရဲနှစ်ကောင်'လို့တောင် နာမည်ပေး ပြောသွားတာပေါ့"

"ကြောက်စရာပဲ ဆရာ။ ပြစ်မှု ပြစ်မှု"

"ကဲ...ကိုရဲနဲ့ မချို့ သြော်... သမီးလေး မအိတို့ရေ။ ဘဘပြန်တော့မယ်နော်"

"ဆရာ...ကျွန်တော်လိုက်ပို့ပေးမယ်လေ"

"မပို့နဲ့တော့ ကိုရဲရေ၊ လပြည့်ကျော် ၁ ရက် လထွက်နောက်ကျပေမယ့် ခုတော့ လကြီးက ထိန်ထိန်သာနေပါပြီ။ ဟဲဟဲဟဲဟဲ...သွားပြီနော်"

"ဟုတ်ကဲ့ပါ ဆရာ"

"အုဂ္ဂ...အုဂ္ဂ..အုဂ္ဂ"

"ဟဲဟဲဟဲဟဲ...ကိုရဲရေ၊ ခွေးတွေတော့ အူနေသေးတယ်ကွ။ ဟားဟား ဟားဟား..."

ကျွန်မတို့အိမ်ပေါ်မှ ဆင်းသွားသော ဘဘစက်ရုံမှူးကြီး၏ နောက်ကျောကို ကြည့်ရင်း ခွေးတွေအူသံကြောင့်လားမသိ၊ ကျွန်မ ကြက်သီးတွေ ထသွားမိသည်ကတော့ အမှန်ပါ။

သိမ်မြေ့



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မြေရှင်နှင့် မြေစားသူ၊ ငွေအတိုးပေးသူနှင့် ငွေတိုးယူသူ၊ အပေါင်ခံသူနှင့် ပေါင်သူ၊ ငွေချေးသူနှင့်ငွေယူသူတွေဟာဘယ်ခေတ်၊ ဘယ်ကာလကစပြီး ပေါ်ပေါက်လာကြသလဲတော့ မသိပါ။ ခေတ်အဆက်ဆက်တော့ ရှိလာကြစမြဲပါ။ လူ့သမိုင်းမှာ ဘယ်ချိန်ကစပြီး ပေါ်ပေါက်လာကြတယ်ဆိုတာကတော့ သုတေသီတွေရဲ့ အလုပ်ပါ။ ဒါပေမဲ့အခုမျက်မှောက်ခေတ်အထိတော့ ရှိနေကြတာပါပဲ။

ငွေချေးသူကလည်း အတိုးရင်းပွားအမြတ်လိုချင်လို့ ငွေချေးတယ်၊ ငွေယူသူကလည်း မိမိလတ်တလော အကြပ်အတည်းဘဝအခက်အခဲကို ရင်ဆိုင်ဖြေရှင်းဖို့ အတိုးဘယ်လောက်ပဲပေးရပေးရ ငွေကိုယူတယ်။ လူဆိုတာက အကြောင်းအမျိုးမျိုးအခက်အခဲတွေ အကြပ်အတည်းတွေ မလွဲသာမဖယ်သာတဲ့ ပြဿနာတွေတက်တတ်စမြဲပါ။

အချိန်တန်လို့ ယူထားတဲ့

www.burmeseclassic.com

www.burmeseclassic.com

ငွေကို ပြန်မဆပ်နိုင်တော့ အခက်ကယ်ကြုံရပါတယ်။

တစ်ချိန်က တရားဝင်ငွေချေးခွင့် ဥပဒေတွေပြပြီး (Money Tender Act) ချစ်တီးဆိုတဲ့ ငွေရှင် ကြေးရှင်တွေ မြန်မာပြည်ထဲ လိုမ့်ဝင်လာပြီး မရှိဆင်းရဲသားတွေကို ငွေအမြောက်အများ ချေးငှားတဲ့လုပ်ငန်းတွေ လုပ်လာကြပါတယ်။

ချေးငှားတဲ့လူတွေက မသိနားမလည် စာမတတ် ပေမတတ် ဆင်းရဲသားတောင်သူလယ်သမား အလုပ်သမားတွေပါ။ ချစ်တီးတွေက ငွေချေးတော့ တရားဝင် အော်ဒီမန်စာချုပ်ဆိုတဲ့ ငွေချေးစာချုပ်နဲ့ ချေးပါတယ်။ အဲဒီစာချုပ်ထဲမှာ အရင်းကဘယ်လောက် အတိုးကဘယ်လောက် ဘယ်နေ့ပြန်ဆပ်ရမယ် စတဲ့အချက်တွေပါပါတယ်။

ဟော. . . အချိန်တန်တော့ ရာသီဥတုကလည်း ဖောက်ပြန် သီးနှံကလည်း အထွက်လျော့၊ ကျန်းမာရေး အခြေအနေကလည်း မကောင်းတော့ ပြန်ဆပ်ရမယ့်အချိန်မှာ မဆပ်နိုင်ခဲ့ပါဘူး။

ဒီတော့ ချစ်တီးကစာချုပ်နဲ့ အကြပ်ကိုင်ပါတယ်။ စာချုပ်မှာကလည်း ချေးတဲ့သူက စာမတတ်လို့ လက်ဗွေနှိပ်ပြီး ကြက်ခြေသားခတ်ပေးလိုက်ရပါတယ်။ ချေးငွေအတိုး ငွေဘယ်လောက်ချေးလို့ ဘယ်လောက်ရေးထားမှန်း မသိခဲ့ကြပါဘူး။ ကြောင်တောင်ကန်းတဲ့အဖြစ်မျိုးနဲ့ လက်ဗွေနှိပ် ကြက်ခြေခတ်ခဲ့ရတဲ့ ဘဝတွေပါ။

ငွေပြန်ဆပ်ချိန်ရောက်လို့ မဆပ်တော့ ချစ်တီးကအကြပ်ကိုင်ပါတယ်။ နောက်ဆုံး တရားရုံးမှာ တရားစွဲတောင်းခဲ့ပါတယ်။ တရားဥပဒေကို အားကိုးသမှု ပြုလာကြပါတယ်။ တရားရုံးဆိုတာကလည်း ဥပဒေအရ ဆုံးဖြတ်ပေးရမှာဆိုတော့ စာချုပ်မှာ လက်ဗွေတွေ ကြက်ခြေခတ်တွေဟာ ငွေယူသူက သူကိုယ်တိုင်ပြုလုပ်ထားတာပါ လို့ ဝန်ခံနေမှတော့ တရားရုံးက သူ့ကို အရှုံးမပေးလို့ တရားပါ့မလား။ တရားရုံးဆိုတာ မျက်နှာလိုက်လို့ရတာမှ မဟုတ်ဘဲ။ ချိန်ခွင်လိုလျှာထွက်လို့ရတာမဟုတ်ဘူး။ တိကျနေရမယ်။ မှန်ကန်နေရမယ်။ စာချုပ်မှာ အထောက်အထားတွေ တွေ့နေရမှတော့ ငွေယူသူ ရှုံးစေပေါ့ အမိန့်ကချမှတ်ပေးရတယ်။ အမိန့်က ဒီတင်ရပ်မနေပါဘူး။ ငွေယူသူထံကရှိတဲ့ အိမ်တွေ၊ လယ်တွေ၊ ခြံတွေပါသိမ်းဖို့ရောင်းဖို့ ဖာရီမှု ဆိုတာကြီးမှာ အမိန့်တွေက ဆက်တိုက်လာရပါတယ်။

အဲဒါကြောင့် တစ်ချိန်က တောင်သူလယ်သမားတွေဟာ၊ အိမ်ဆုံး၊ လယ်ဆုံး၊ နောက်ဆုံး သမီးပါ ချစ်တီးလက်ကိုပေးအပ်ရပြီး ကောက်ဆွနဲ့စကောတောင် ပြောနိုင်မှ ကျန်တယ်ဆိုတဲ့ဘဝကို ရောက်ခဲ့ရတယ်မဟုတ်လား။ ဩော် . . . ဒုက္ခ ဒုက္ခ။

အဲ ယနေ့မျက်မှောက်ခေတ်မှာတော့ ဒီငွေကို အရင်းအနှီးသဖွယ် အသုံးပြုပြီး မတရားငွေတိုးပေး ခေါင်းပုံဖြတ်အမြတ်ကြီးစားတာတွေကောပျောက်ပျက်သွားကုန်ပြီလားလို့ ကြည့်လိုက်တော့ အသွင်သစ်ဟန်ပန် သစ်ဒီဖိုင်းအသစ်အမျိုးမျိုးနဲ့ တိုးတက်လို့လာနေပါလား။ ကြည့်လေတွေ့ရမှာပေါ့။

ရပ်ကွက်ထဲမှာ ဒေါ်ပြုံးရီဆိုတဲ့ အမျိုးသမီးကြီးတစ်ယောက်ရှိတယ်။ ဂင်တိုတိုပုပုပါပဲ။ အသားကလေးကတော့ ဖြူပါတယ်။ သူ့ရှေ့ကိုင်းမျက်မှန်နဲ့ ဝတ်စားထားတဲ့ ငါးကျပ်သားလောက် ဆွဲကြိုး၊ လက်နှစ်ဖက်မှာလည်း လက်ကောက်က အပြည့်နဲ့ဆိုတော့ သူ့ပုံက ခန့်ထည်နေပါတယ်။

သူ့ယောက်ျားကတော့ မယ်မယ်ရရဘာအလုပ်မှ လုပ်တာမတွေ့ပါဘူး။ ဒါပေမဲ့ အရက်ကလေးကတော့ တမြမြနဲ့ပါ။ ကျန်းမာရေးအတွက် စားကောင်းအောင် သောက်တယ်ထင်ပါရဲ့။

သားသမီးသုံးယောက်အနက် သားအကြီးနှစ်ယောက်ကစက်ရုံမှာ အလုပ်သွားလုပ်နေပါတယ်။ သမီးငယ်တစ်ယောက်ကတက္ကသိုလ်တက်နေပါတယ်။ တိုက်နဲ့၊ ကားနဲ့ အိမ်ထောင်ပစ္စည်းကလည်း အပြည့်အစုံပဲ။ ရပ်ကွက်ထဲမှာလည်း ...သရေရှိသားစုစာရင်းဝင်ပါတယ်။ ခြံတွေ

www.burmeseclassic.com

အိမ်တွေကိုလည်း တော်တော်များများ ဝယ်ထားပါတယ်။

ဒေါ်ပြုံးရီဟာ နာမည်လိုက်အောင်ပဲ ပြုံးပြုံးရယ်ရယ် ရှိပြီးစကားပြောကလည်းချိုပါတယ်။ ဒါတင်မကသေးပါဘူး၊ ရပ်ကွက်ထဲမှာ လှူရေးတန်းရေးမှာလည်း လက်မနှေးပါဘူး။ ရပ်ကွက်ထဲက ဘုန်းကြီးကျောင်းမှာ ဇရပ်တွေ ကျောင်းတွေတောင် လှူထားသေးလေရဲ့၊ ဩော် ကောင်းလိုက်တဲ့ ကုသိုလ်ကံ၊ မုဒိတာပွားမိပါတယ်။

တစ်နေ့ ကျွန်တော့်ရုံးခန်းကို အဲဒီရပ်ကွက်ထဲကပဲ ဒေါ်တင်ရီဆိုသူ ရောက်လာပါတယ်။ သူက ကျွန်တော့်အမှုသည်ဟောင်း။

"လာဗျို့ ဒေါ်တင်ရီ၊ မတွေ့တာတောင် အတော်ကြာပြီပဲ"

"ဟုတ်ပါတယ်ဆရာ၊ တစ်စွရှိမှပဲ ဆရာ့ဆီရောက်လာရတယ်ဆိုပါတော့"

"ဘာပဲဖြစ်ဖြစ်ဗျာ၊ တွေ့ကြရတာပေါ့"

ရုံးခန်းရှိ ဆက်တင်ခုံမှာ ထိုင်မိကြတော့ ဒေါ်တင်ရီကစပါတယ်။

"ဆရာ၊ ကျွန်မအမှုတစ်ခုတော့ ဖြစ်လိမ့်မယ်နဲ့တူတယ် ဆရာရဲ့"

"ဟာ ခင်ဗျားဟာကလည်း အမှုမှ မဖြစ်သေးဘဲ၊ ကျွန်တော့်ဆီလာတာ စောမနေဘူးလား"

"ကြည်ရေးထက် ကာကွယ်ရေးက အရေးကြီးတယ်မဟုတ်လား ဆရာရဲ့"

သူကလဲ မခေ၊ ခေတ်ပညာတတ်တစ်ယောက်ပါ။

"ကဲ ဆိုပါဦးဗျာ"

"ဒေါ်ပြုံးရီလေ ဆရာရဲ့"

"ရပ်ကွက်ထဲက ဒေါ်ပြုံးရီလား ဘာဖြစ်လို့လဲ"

"ဟာ၊ ဆရာမသိဘူးလား၊ ပြုံးပြုံးနဲ့ အစွယ်ကိုငေါ်ထွက်နေတဲ့ဘီလူးမ ဆရာရဲ့၊ လူတွေရဲ့ကုပ်သွေးတွေစုပ်တာများနေပြီ"

"အမယ်လေး၊ ခင်ဗျား ပြောတာ လန့်စရာကြီးပါလား၊ ဘယ်လို ဖြစ်တာလဲ ပြောပါဦး"

"ကျွန်မက တစ်မြို့တည်းသားတွေမို့သိတယ်။ သူတို့က ဒီမြို့ကမဟုတ်ဘူး။ဟိုအညာက ကျွန်မတို့နဲ့ တစ်မြို့တည်းပဲ သူ့ယောက်ျားက မူးယစ်ဆေးဝါးမှောင်ခိုအရောင်းအဝယ်လုပ်ရာကနေ ကြီးပွားလာတာ"

"ဩော်"

"ခုတော့ ဒီမြို့ကိုပြောင်းလာပြီး သူ့ယောက်ျားက ဒီအလုပ်တွေလုပ်ပုံမရတော့ဘူး၊ အဲဒါပေမဲ့ ဒေါ်ပြုံးရီက လယ်သမားတွေကို စပါးပေး၊ ပဲပေးတွေနဲ့ ငွေချေးတယ်။ မြို့ပေါ်မှာလည်း အတိုးကို ပက်ပက်စက်စက်ယူပြီး ငွေချေးတယ်။

"အင်း ဆက်ပါဦး"

"သူကငွေချေးရင် အရမ်းချေးတာမဟုတ်ဘူး၊ သူ့မှာ ရှေ့နေတစ်ယောက်ရှိတယ်၊ အဲဒီရှေ့နေနဲ့ စာချုပ်တွေ ဘာတွေ အပိုင်ချုပ်ပြီးချေးတာ၊ ယူငွေမှာ အတိုးပါ ပေါင်းပြီး ငွေကို အယူပြ ရတယ်၊ သတ်မှတ်ထားတဲ့အချိန်မှ ပြန်မဆပ်ရင် သူကတရားစွဲတယ်၊ တရားစွဲတော့လည်း သူပဲနိုင်တယ်၊ စာချုပ်စာတမ်းအထောက်အထားနဲ့ဆိုတော့ တရားရုံးကလည်း သူ့ပဲအနိုင်ပေးရတာပေါ့"

"အင်းပေါ့၊ အထောက်အထားအရ ဆုံးဖြတ်ရမှာပေါ့"

"ဒါတင်မကသေးဘူး၊ အိမ်ကိုအပေါင်ထားရင်လည်း အိမ်ကို သူ့ဆီကယူတဲ့ငွေပေါ်မှာ အတိုးပါ ပေါင်းထားပြီး စရန်ပေးစာချုပ်ချုပ်တယ်၊ တစ်ခါတစ်ရံ အရောင်းအဝယ်စာချုပ်ချုပ်တယ်၊ ရက်ပြည့်လို့မှ ပြန်မပေးနိုင်ရင်တော့ တရားစွဲပြီး အိမ်သိမ်းပြီသာမှတ်တော့"

"ဩော်. . ဒီလိုလားချုပ်တဲ့ စာချုပ်တွေက ငွေတိုးပေးတာကို ဖုံးကွယ်ထားတဲ့ ဟန်ဆောင်စာချုပ်တွေပေါ့"

"ဟုတ်တယ် ဆရာရဲ့၊ ငွေရင်းပေါ်ကို အတိုးပေါင်းပြီး ငွေယူပြထားရတာ၊ ရက်ပြည့်လို့မှ ပြန်မဆပ်နိုင်ရင် တရားစွဲခံရ၊ အိမ်ကို ထိုးပေးရနဲ့ သူ့အနိုင်ကြီးပဲ"

"အဲဗျ. . ငွေယူသူတွေကလည်း သိသိကြီးနဲ့ လက်မှတ်ထိုးရတယ်ဆရာရဲ့၊ သူ့သဘောကျစာချုပ်မချုပ်ပေးရင် သူက ငွေ

www.burmeseclassic.com

ပေးရဦးမလဲ"

"ဩော် ဒါဆိုစာမတတ်ပေမတတ်လို့မဟုတ်ဘူးနော် ကြောင်တောင်မြင်ရက်သားနဲ့ ငုံ့ခံရတာ"

"အဲဒါကိုဆရာတို့ ဥပဒေအရရော မကာကွယ်ပေးနိုင်လား။ အမှုဖြစ်တိုင်းသူပဲ နိုင်တာပဲ တစ်မြို့လုံး ဒေါ်ပြုံးရီသိမ်းထားတဲ့ အိမ်တွေ၊ မြေတွေလည်း မနည်းတော့ဘူး"

"ဥပဒေကတော့ မှန်ရင်မှန်တဲ့အတိုင်း အကာအကွယ်တော့ ရနိုင်တာပေါ့ဗျာ"

"ကာကွယ်လို့ရရင်တော့ ကောင်းပါတယ်ဆရာ၊ ဒီလိုသာ ဒေါ်ပြုံးရီပဲ နိုင်နေမယ် ဆိုရင်တော့ ဒီတမြို့လုံးဒေါ်ပြုံးရီသိမ်းတော့မယ်"

"ဟဲ၊ ဟဲ အခုလည်း ခင်ဗျားအိမ်ကို သိမ်းတော့မယ်နဲ့တူတယ်"

သူပြောနေတာလိုရင်း သူ့ကိစ္စ မရောက်သေးလို့ ကျွန်တော်ကဖြတ်ပြီး မေးလိုက်ပါတယ်။

"ဆရာ့ဝမ်းထဲ ပုဏ္ဏားလေးရှိလားတော့မသိဘူး၊ ဟုတ်တယ် ဆရာရေ၊ သိပ်ခါနီးနေပြီ"

"ဆိုပါဦး"

"ကျွန်မသားလေး နိုင်ငံခြားသွားမယ့်ကိစ္စနဲ့ ပတ်သက်ပြီး ငွေလိုလို့ ကျွန်မဒေါ်ပြုံးရီဆီက ငွေ သိန်း (၃၅၀)တစ်ဆယ်တိုးနဲ့ ဆွဲရတယ်ဆရာ၊ သူက အိမ်အရောင်း စာချုပ်ချုပ်ပေးရမယ်ဆိုလို့ အရောင်းအဝယ်စာချုပ် ချုပ်ပေးလိုက်ရတယ်"

"ဩော်"

"သူ့ကြွေးကိုပြန်ဆပ်ဖို့ ဆယ်လသတ်မှတ်ထားတယ်"

"ဟုတ်ကဲ့၊ ခင်ဗျားယူတဲ့ သိန်း (၃၅၀)ထဲမှာ ရှစ်လအတွက် အတိုးပါပြီးသားပေါ့"

"ပါပြီးသားပေါ့ဆရာ"

"အိမ်နဲ့မြေကို သူ့လက် အပ်လိုက်ရလား"

"မအပ်ရဘူးဆရာရဲ့၊ ကျွန်မတို့မိသားစုပဲဆက်နေတယ်"

"ဒီတော့ဘယ်လို ခင်ဗျားတို့ကို ထားသလဲ"

"ကျွန်မတို့ကို ဒီအိမ်မှာ ဒေါ်ပြုံးရီက ရှစ်လအလကားအခမဲ့နေခွင့်ပြုထားတယ်ဆိုတဲ့ စာချုပ်နဲ့ ချုပ်ပြီးထားရတယ်"

"ခင်ဗျားတို့ကလည်း လက်မှတ်ထိုးပေးလိုက်တာပဲလား"

"သူကလည်း ရှေ့နေနဲ့ ဘာနဲ့လုပ်တော့ သိသိကြီးနဲ့ လက်မှတ်ထိုးပေးလိုက်ရတယ်"

"ဒါဆို ကြောင်တောင်ကြီး မြင်ရဲ့သားနဲ့ ငုံ့ခံရတာပေါ့"

"ဟုတ်တယ်၊ ဆရာပြောသလိုပဲဖြစ်နေပြီ၊ ဒါဟန်ဆောင် စာချုပ်မှန်းသိရဲ့သားနဲ့ လက်ခံလိုက်ရတာ"

"အခု နောက်ဆုံးအခြေအနေက ဘယ်လိုဖြစ်နေပြီလဲ"

"ငွေယူပြီး နှစ်လလောက်တော့ သူ့ငွေတွေပြန်မပေးသေးဘူး၊ အခု ကျွန်မသားလေး အလုပ်အကိုင်အဆင်ပြေတော့ သူ့ငွေတွေ တစ်ချို့ပြန်ဆပ်တယ်၊ ပြန်ဆပ်တော့ အထောက်အထားတွေလည်း ဘာမှပြန်မပေးဘူး၊ ကျွန်မတို့ သုံးလလောက်ပြန်ဆပ်တာ သိန်း(၁၅၀)လောက်ရှိသွားပြီ ဒါပေမဲ့ သူ့ဆီကဘာမှအထောက်အထားပြန်မပေးဘူး၊ အခုနောက်ပိုင်းသားကလည်း အလုပ်အဆင်မပြေတော့ ငွေဆက်မသွင်းနိုင်ဘူး၊ ရှစ်လပြည့်ရင် သူ အိမ်သိမ်းတော့မှာပေါ့ဆရာရဲ့"

"အင်း . . စာချုပ်အရဆိုတော့လည်း သူ့အရေးဆိုနိုင်တာပေါ့"

"အဲဒါကြောင့် ဆရာ့ဆီ မေးလာတာ ဘယ်လိုကြိုတင်ကာကွယ်ထားရရင်ကောင်းမလဲလို့"

ပြဿနာက ကျွန်တော့်ခေါင်းပေါ်ရောက်လာပါတယ်

တဖက်က စာချုပ်စာတမ်းနဲ့ အပိုင်လုပ်ထားလေတော့ ဥပဒေအရပဲ ရှန်းထွက်ရမှာ လွယ်တော့ မလွယ်လှပေဘူး၊ ဒေါ်ပြုံးရီလုပ်ထားတာကို ကြည့်လေ၊ သူက အိမ်ကိုအပိုင်ဝယ်တဲ့ စာချုပ်နဲ့ချုပ်ထားပြီး ဒေါ်တင်ရီတို့ကို အခမဲ့ထားတဲ့စာချုပ်နဲ့လည်း အခမဲ့ထားကြောင်းချုပ်ထားပြီးပြီ။ (၇)လပြည့်လို့မှ ကြွေးမကျေရင် အလွယ်လေးတရားစွဲပြီးနှင်ချလိုက်ရုံပဲ၊ အလွယ်လေးအကြံပေးဖို့ကတော့ အခက်

"ဒေါ်တင်ရီရေ၊ ဥပဒေကတော့ မမှန်တာကို မယ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ာအကွယ်တော့ ရနိုင်ရမှာပေါ့ ကဲ ... ခင်ဗျား လာမယ့် လာနေ့ ပြန်လာခဲ့၊ ကျွန်တော် ကြံပေးပါ့မယ်''

''ကူညီပါဦး ဆရာရယ်''

''ကူညီစဉ်းစားပေးပါ့ မယ်ဗျာ''

ဒေါ်တင်ရီနှုတ်ဆက်ပြီး သွားပါတယ်။ ကျွန်တော်က ခန်းထဲမှာ ထိုင်နေရင်း နိုင်ငံခြား ရေးဆရာတစ်ယောက်ရေးထား တဲ့ စာပိုဒ်လေးခေါင်းထဲကို ရောက်လာပါတယ်။

"There is always crime after the grate fortume" စီးပွား ချမ်းသာခြင်း နောက်မှာ ရာဇ ဝတ်မှုအမြဲရှိတယ်တဲ့၊ အင်း ... မှန်ပေသလိုပဲ။

နှုတ်တစ်ရာစာတစ်လုံး ဆိုတဲ့စကားလိုပဲ။ ဒေါ်ပြုံးရီ အမှု တွေမှာ နိုင်နေတာက သူ့မှာ စာချုပ်စာတမ်းတွေအတိအကျနဲ့ကို သူကသူ့ရှေ့နေနဲ့တောင် စာချုပ် ချုပ်လိုက်သေးတယ်။ ချုပ်ထား တာကတော့ ဟန်ဆောင်စာချုပ် တွေ၊ အနှစ်သာရကတော့ ငွေတိုး ပေးတာအမြတ်ကြီးစားတာ။

ဥပဒေမှာကလည်း ဆို ထားတယ်လေ။ သက်သေခံဥပဒေ ပုဒ်မ–၉၂မှာဆိုရင်–

''အဆိုပါစာချုပ်ကို ချုပ် ဆိုသူအချင်းချင်းဖြစ်စေ၊ ၎င်းတို့မှ တစ်ဆင့်အကျိုးခံစားခွင့် ရရှိထား သူများက ဖြစ်စေ၊ ထိုစာချုပ်ပါ စည်းကမ်းချက်များကို ငြင်းဆိုရန် ပြောင်းလဲရန် ဖြည့်စွက်ရန် သို့မ ဟုတ် နုတ်ပယ်ရန်အတွက် နှုတ် ဖြင့် သဘောတူညီချက် သို့မဟုတ် ထုတ်ဖော်ပြောဆိုချက်ကို သက် သေခံအဖြစ် လက်ခံခြင်းမပြုရ'' လို့ဆိုထားပါတယ်

ဒီတော့ အရောင်းအဝယ် ကတိစာချုပ်ချုပ်ထားတဲ့သူက ဒီ စာချုပ်ဟာ အရောင်းအဝယ် စာ ချုပ် မဟုတ်ပါဘူး။ အငှား စာချုပ် ချုပ်ထားတဲ့သူက အငှားစာချုပ် မဟုတ်ပါဘူးလို့ ငြင်းဆိုပိုင်ခွင့် မရှိ ပါဘူး။ ရှိနေရင်လည်း စာချုပ်ဟာ အလကားဖြစ်နေမှာပေါ့ ဒေါ်ပြုံးရီ က ဒါနဲ့ ကိုင်ထားတာ။

ဒါပေမဲ့ ဒီစာချုပ်ဟာ အရောင်းအဝယ်စာချုပ် မဟုတ် ကြောင်း၊ ဟန်ဆောင်ချုပ်ဆိုထား တာဖြစ်ကြောင်း၊ အခြားနိုင်လုံတဲ့ အထောက်အထားတွေရှိရင်တော့ ငြင်းဆိုလို့ရကြောင်း၊ အဲဒီ သက် သေခံ ဥပဒေပုဒ်မ–၉၂ ခြွင်းချက် တွေမှာ ပြဋ္ဌာန်းထားပါတယ်။

ဒီတော့ ဒီအထောက် အထားတွေမပြနိုင်သမျှတော့ ဒေါ်ပြုံးရီ ဥပဒေအရ အိမ်တွေကို သိမ်းနေဦးမှာပါပဲ၊ မသိနားမလည် တဲ့လူတွေကတော့ တရားရုံးတွေ ကို အပြစ်တင်ချင်ရင် တင်နေ တတ်ပါတယ်။ အမျိုးမျိုးဝေဖန်ချင် ရင်ဝေဖန်နေတတ်ပါတယ်။ တရား ရုံးဆိုတာက မတရားတာ မမှန် တာလုပ်တဲ့နေရာမှ မဟုတ်တာဘဲ ဟာ။

ဒီတော့ ဒေါ်တင်ရီကို ဥပဒေနဲ့အညီ အကြံပေးရတော့မှာ ပေါ့။

တနလ်ာနေ့ရောက် တော့ ဒေါ်တင်ရီရုံးခန်းကို ရောက် လာပါတယ်။

''ကဲ ဆရာရေ အကြံ လေး ဘာလေးပေးပါဦး''

ကျွန်တော်က ရယ်ကျဲကျဲ လုပ်ပြီး ပြောလိုက်ပါတယ်။

''ဒေါ်တင်ရီတို့က အရောင်း စာချုပ်မှာ လက်မှတ်ထိုးလိုက်တယ် မဟုတ်လား''

''ဟုတ်တယ်လေ ... ဆရာရဲ့''

''ဒေါ်ပြုံးရီက သူ့အိမ်ပါ ဆိုပြီး ခင်ဗျားကို အခမဲ့နေထိုင်ခွင့် ပြုထားတဲ့ စာချုပ်မှာကော လက် မှတ်ထိုးလိုက်တယ် မဟုတ်လား''

''ဟုတ်ပါတယ်''

''တကယ်အရောင်းစာချုပ် အငှား စာချုပ်မဟုတ်ဘဲနဲ့ ခင်ဗျား တို့က ဘာဖြစ်လို့ လက်မှတ်ထိုးရ သလဲ''

''သူက ဒီလိုဟန်ဆောင် စာချုပ်လုပ်ပေးမှ ငွေချေးမယ်လို့ အကြပ်ကိုင်ထားလို့ ဆရာရဲ့''

''အင်း အဲဒါမျိုးတွေက တော့ အခုခေတ်ပေါ်ငွေချေး နည်း တွေပါပဲဗျာ ... နောက်တော့ တရား ရုံးကို ခုတုံးလုပ်ပြီး အနိုင်ယူကြ တရားရုံးကလည်း အထောက်အထား သက်သေခံချက်တွေနဲ့ဆိုတော့ ဒုံး



www.burmeseclassic.com

www.burmeseclassic.com

ဖြတ်ပေးရန်. တစ်နည်းအားဖြင့်
အားပေးသလိုမျိုး ဖြစ်နေတာပေါ့"

"အခုလည်း ဒေါ်ပြုံးရီက ကျွန်မကို ဒီအချိုးချိုးတော့မှာ ဆရာရဲ့"

"သေချာတာပေါ့"

"ကျွန်မဘက်ကရော၊ ကာကွယ်ဖို့ ဘယ်လိုပြင်ဆင်ထားရမလဲ"

သူကျွန်တော့်ကို အားကိုးတကြီး ကြည့်နေပါတယ်။ ကျွန်တော်က ဖြည်းဖြည်းချင်း ပြောလိုက်တယ်။

"လွယ်ပါတယ်ဗျာ ခင်ဗျားတို့ဘက်က ဒါဟာ ဟန်ဆောင်လုပ်ထားတဲ့စာချုပ်ပါလို့ သိတဲ့လူ ဘယ်သူရှိလဲ"

"အသိသက်သေအဖြစ် လက်မှတ်ထိုးထားတဲ့လူတွေတော့ ရှိတယ်ဆရာရဲ့၊ အဲဒီသက်သေတွေက ကျွန်မဘက်ကလိုက်မှာ မဟုတ်ဘူး ဒေါ်ပြုံးရီဘက်ကပဲ လိုက်မှာပေါ့"

"အင်း. . . ဒါလည်း ဟုတ်ပါတယ်၊ သူ့ဘက်ကပိုင်တဲ့ စိတ်ချရတဲ့ လူတွေလုပ်ထားမှာပေါ့ ခင်ဗျားတို့ကလည်း သူ့ငွေကို ပြန်ဆပ်မှာပဲ မဟုတ်လား"

"ကျွန်မတို့က ဆပ်မှာပါ ဆရာရယ်၊ ဆပ်လို့ပဲ သိန်း (၁၅၀) လောက်ပေးပြီးပြီ။ ကျွန်မသားလေး နောက်တစ်လနှစ်လလောက်ဆို အလုပ်ပြန်ကောင်းလာမှာပါ၊ သူ့ ငွေဆပ်ပေးမှာပါ၊ ဒါပေမဲ့ အဲဒီငွေတွေသူ့ကိုပြန်ဆပ်တာကို အထောက်အထားတွေ ပြန်မပေးကတည်းက ကျွန်မက သူမရိုးသားဘူးလို့ ထင်တယ်"

"ဟုတ်တယ်၊ ရိုးရိုးသားသားဆိုရင် ဘယ်လောက်ပေးတယ်၊ ဘယ်လောက်ရတယ်ဆိုတာ အထောက်အထား ရှိရမှာပေါ့၊ ဒီလို အထောက်အထားပြန်မပေးတာဟာ သူ့ဘက်မှာ အကြောင်းရှိပါတယ်"

"ဒါကတော့ ဆရာတို့ ဥပဒေသမားချင်းပဲ မွှေမွှေချင်းတော့ ခြေမြင်ကြမှာပေါ့"

"ဟုတ်ပါတယ်၊ ဘာအကြောင်းရှိတယ်ဆိုတာ ကျွန်တော် ရိပ်မိနိုင်ပါတယ်၊ ဒီတော့ ဒီလိုလုပ်ပါ၊ ခင်ဗျားသူ့ကို ငွေပြန်သွင်းနိုင်တဲ့လမှာ ငွေကို အသိသက်သေနဲ့သူ့ကိုသွားပေးပါ၊ ငွေလက်ခံရရှိကြောင်း အထောက်အထား တစ်ခုခုပြန်တောင်းပါ"

"သူက မပေးရင်ကော ဆရာ"

"သူကအထောက်အထား မပေးရင် ငွေကိုမပေးပါနဲ့၊ ခင်ဗျားပေးတဲ့ငွေက အလကား ဖြစ်သွားပါလိမ့်မယ်"

"ဒါဆို ဘယ်လိုလုပ်ရမလဲ ဆရာ"

"စာတိုက်ကဖြစ်ဖြစ်၊ ဘဏ်က ဖြစ်ဖြစ်၊ သူ့လိပ်စာနဲ့ အသိသက်သေနဲ့ ငွေပို့ပါ"

"သူ လက်မခံရင်ရော ဆရာ"

"လက်မခံရင် ခင်ဗျားဆီ ငွေပြန်ရောက်လာပါလိမ့်မယ်"

"ဒါပေမဲ့ ခင်ဗျားငွေလွှဲပေးပို့တယ်ဆိုတဲ့အထောက်အထား တော့ ရပြီမဟုတ်လား"

"ဟာ ဟုတ်တယ်ဆရာ"

"အဲဒီတော့ ခင်ဗျား စာချုပ်တွေရော ပျက်ရောပေါ့။ မပျက်သေးဘူးလား"

"ဟား . . ဟုတ်တယ် ဆရာပျက်ပြီ ဆရာ"

"ဒါဆို ကျွန်တော်အကြံပေးတဲ့အတိုင်းသာ လုပ်ပေတော့"

"ဟုတ်ကဲ့ပါဆရာ"

ဒေါ်တင်ရီကျေနပ် ဝမ်းသာစွာ ပြန်သွားပါတယ်။


ဟန်ဆောင်စာချုပ် ချုပ်ပေးရသူများ သတိထားကြဖို့ပါ သက်သေခံဥပဒေပုဒ်မ-၉၂ရဲ့ ခြွင်းချက်တွေလည်းရှိပါတယ် အဲဒီခြွင်းချက်နဲ့အညီ အထောက်အထားတင်ပြနိုင်အောင် ကြိုးစားအသင့်ပြင်ထားကြပါ။ ခေါင်းငုံ့မခံကြပါစေနဲ့လို့ . . .။

ကိုမောင်စံသိန်း
(ဗိုလ်ချုပ်ရွာ)



www.burmeseclassic.com

www.burmeseclassic.com



# ထူးခြားတဲ့ ကလောင်ရှင်

**ကိုမောင်သန်းဝင်း**

စာရေးဆရာတို့ရဲ့ ကလောင်အမည်ပေးပုံတွေက စုံစီနဖာ။ မွေးရာချက်မြုပ်ဒေသအမည်နဲ့ ယှဉ်တွဲပြီး ကလောင်အမည်ပေးသူတွေ ...ည်၊ ရွှီရဲ့။ ပုသိမ်မောင်သောင်း ...ဉ်၊ မင်းရွှေသိန်း(ဇင်းကျိုက်)၊ ...ောင်မြင့်မား(ဘိုကလေး)စသည်။

ရယူခဲ့တဲ့ ပညာရေးဘွဲ့ထူးအရ ...ောင်ရှား(ဘူမိဗေဒ)၊ ကိုမျိုး(မြန်မာ...)၊ တင်မော်(ဓာတု)စသည်။ မိဘ ...ောင်ဖွားဆွေမျိုး ညာတကာနဲ့ ဆက်နွယ်ပြီး မြမောင်သား၊ ဒေါ်အုန်းကြည်သား၊ ဘစောတူ၊ ဘိုးသာမြေး စသည်။


သို့ကလို မွေးရပ်ဇာတိကိုလည်း ကိုယ်စားမပြု၊ ရရှိဘွဲ့လည်း တွဲဖက်မလုပ်၊ မိဘဆွေမျိုးသင်္ဂဟကိုလည်း မဖော်ကျူးတဲ့ ထူးခြားတဲ့ကလောင်အမည်၊ ဘာတဲ့ မောင်တင်ဝင်း (ကရင်မလင်)တဲ့။ ကြားဖူးတာက ကရင်မလင်ဆိုတာ ရုရှားနိုင်ငံတနန်းတော်။ စိတ်ဝင်စားဖို့ အတော်ကောင်းတဲ့ ကလောင်အမည်။

တစ်နေ့ အဲဒီကလောင်ရှင်နဲ့ တပူးတတွဲလုပ်နေတဲ့ ဆရာတစ်ယောက်ကို တခုတ်တရ မေးကြည့်တယ်။

"မောင်တင်ဝင်း (ကရင်မလင်)ဆိုတာလား။ မောင်တင်ဝင်းရဲ့ဇနီးက ကရင်လူမျိုးပါတဲ့" ဟုတ် ဟုတ်သေးရဲ့။

**ကိုမောင်သန်းဝင်း**

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တိုက်ပျက်ကြီး၏ မာယာ

မော်တင်သိန်းဇော်ဇ

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ရာ သော ၁၉၄၀ ပြည့်နှစ် တစ်ဝိုက်ခန့် ကာက ဖြစ်လေသည်။ စစ်ဒဏ် ကြောင့် သေကျေသူများနှင့် ပြိုပျက်နေ သော တိုက်တာနေအိမ်တို့နှင့် ရန်ကုန် ကြီးတစ်မြို့လုံးမှာ ခံစားတွေ့မြင် ကြုံ ကြရသူတို့အတွက် အတွေးတလည် ထိတ်လန့်ခြောက်ခြားဖွယ်ပင် ကောင်းလှ သည်။ တစ်နေ့၌ ရန်ကုန်မြို့လယ် အဓိကအသွားအလာ အချက်အချာ လမ်းကြောင်းကျသော အနောက် ရပ်ကွက်ကြီးရှိ အများနည်းတူ ဗုံး ထိသင့်ထားသော ပြိုပျက်ယိုယွင်းနေ သည့် မှိုင်းညို့နေသော ဂျုန်ရှိသော တိုက် ကြီး ဗုံးထိတိုက်တစ်တိုက်ဆီသို့ စစ် ဘေးရှောင်ခဲ့သည့်တစ်စုတို့ စစ်ပြေးကြရင်း ရောက်ကာ ခိုလှုံနေထိုင်၍ အခြေချကြ လေသည်။ မယားညီအစ်ကိုမိသားစု တစ်စု နှင့် အိမ်ထောင်စုပေါင်း ကလေး ကြီး စုစုပေါင်း ခုနစ်ဦးခန့်ဖြစ်ကာ ထိုစစ်ပြေး ကြသည့်တို့မှာ ရှိသောစေအရပ်များ၌ တသောရေးအတွေးကိုင်ရှိုင်း အဲ့အတုတ် များ ဖြစ်ကြသည်။ နေ့ဘက်ဆိုလျှင် သီးမိုးပေါက်တွေ ကြွေကျ၊ ရွာချသလို တွေကြား၊ စက်သေနတ်တွေပစ်နှင့် တုံအရုံး မရှုမလှသေဆုံးကြရ၊ ည ဘက်ဆိုလျှင်လည်း ထိုမှန်ဒဏ်ရာရသူ တို့က ညည်းတွားအော်မြည် ငိုကြွေး ကြ အမည်ခေါ်ပြီး လူပျောက်တွေကို

လိုက်လံကာ အော်ရှာကြ။ တစ်ခါ ထိ မှန်၍ သေဆုံးရသော မကျွတ်မလွတ်သူ တို့က အော်ဟစ်ကြ၊ ခွေးတွေက အူ ကြ၊ ပေါင်ကြနှင့် မြို့ပျက်ကြီး ဖြစ်နေ သော မြို့ကြီးတစ်မြို့လုံးတို့မှာ ချောက် ချားတုန်လှုပ် ထိတ်လန့်စရာတို့နှင့် သွေး ပျက်ဖွယ်ပင် ကောင်းနေတော့သည်။

တိုက်အိမ်ပျက်ကြီးတွင် ခိုအောင်း နေထိုင်သော စစ်ပြေးမိသားနှစ်စုပေါင်း တို့ကတော့ တစ္ဆေသရဲ အဆိုးအယက် အမောတကောနှင့် အသက်ရင်ပြီး ဝမ်း ရေးအတွက် ထွက်ရှာဖွေလိုက်ကြ၊ ဘုရားခတ်ပြုလိုက်ကြ၊ မေတ္တာပို့ အမျှ ဝေကြ၊ စားသောက်နေလိုက်ကြ၊ ဗုံး ရှောင်လိုက်ကြနှင့် စစ်ကြီးကိုရှောင်တိမ်း နားခိုရင်း နေထိုင်ခဲ့ကြလေသည်။ ထိုသို့ ယှဉ်းစစ်ပြေးခဲ့ကြသည့် မိသားစုတို့အနေ နှင့် ထိုတိုက်ပျက်ကြီးပေါ်တွင် နေထိုင် ခိုလှုံလာကြရင်း ညဘက်များတွင် ထူး ခြားလှသော အိမ်ရှေ့အခန်းအတက် လှေကားကြီးပေါ်မှ အတက်အဆင်းလုပ် နေကြသည့် ခြေသံများ၊ အိမ်ရှေ့လမ်းမ ပေါ်ကြီးကနေပြီး လေလွင့်ခွေးတစ်အုပ် တို့က တိုက်ပျက်ကြီးအား လှမ်းကြည့် ပြီး ထိုးကာ တစ်ရှူးထိုးဟောင်သံ၊ အူ သံဆိုးများ၊ တိုက်ပျက်ကြီး၏ အိမ် နောက်ဖေးရှိ အိမ်သာပေါ်မှ ရေတိုင်ကီ ပျက်ဆီတစ်ပိုကမှ ကြောက်မက်ထိတ် လန့်ဖွယ်ရာ အတွေးကောင်းလှသော လူ

ညည်းတွားငိုရှိုက် သက်ပြင်းချသံကြီးကို ကြားကြရ၊ သတိထားမိကြလေသည်။

အနေအနည်းငယ် ကြာရင့်လာ သောအခါတွင် ထိုစစ်ပြေးမိသားစုတို့ အနေနှင့် ထိုတိုက်ပျက်ကြီးအကြောင်း ကို တစ်စွန်းတစ်စမျှ ကြားသိကြရလေ သည်။ ထိုတိုက်ပျက်ကြီးတွင် တစ်ခါ က ညားခါစ လင်မယားနှစ်ဦး နေထိုင် ခဲ့ကြသည်။ လင်ဖြစ်သူက မြားမွေ ရာဂ သောင်းကျန်းသူဖြစ်ဘာ ကလေးပျက် ကျချိုး သူဓါင်နီးဖြစ်သူ မကျန်းမမာဖြစ် ကာ သေလုမျောပါးကြီးမှု ရောဂါဝင် ခံစား နေအော်ဟစ်ညည်းတွားနေရပြီး ကာယ်ဖါ ယူဖါ တစာစာဘဝမျိုး ရေ မဝင် အစာမဝင်ဘဝတွင် နောက်ဆုံး အချိန်ဖြစ်နေ ရောက်နေချိန်တွင် သုံးဝ မပြုစုဘဲ နောက်ဆာစ်ယောက်ကိုယင် အိမ်ပေါ်သို့ ပြောင်ခြောင်တင်၊ တစ်ကြိမ်း ခေါ်တင်ကာ ရေတွင်းပင် ပေါင်းသင်း အကြည်ဆိုက်ခဲ့လေရာ မမာမကျန်း ဖြစ်နေရှာသည့် ဇနီးသည် လူနာမှာ ကိုယ်စိတ်ထိခိုက် ဆင်းရဲကျင်၍ စိတ် ဖြောင့်တောဘဲ အသေဆိုးနှင့် သေဆုံး သွားခဲ့ရရှာပြီး အယူတိမ်း၊ မကျွတ် မလွတ်ဖြစ်ကာ တိုက်ကြီးပေါ်တွင် သရဲမ ဝိစိမ်းအမည်နှင့် နေထိုင်စောင့်ကြပ်၍ မင်းမူသောင်းကျန်းနေသည်ဟုလည်း သတင်းရ၊ ကြားသိရလေသည်။

တစ်ညတွင်တော့ ထိုတိုက်ပျက်

www.burmeseclassic.com

ကြီးတွင် နေထိုင်ကြသော စစ်ပြေးဒုက္ခသည်အထဲမှ အရွှန်းဖောက် အနောက်အပြောင်သန်သူတစ်ဦးဖြစ်သူက အာရုံတစ်ခု ဝင်စားမိကာ အိမ်သာခန်းထဲသို့သွားပြီး အိမ်သာအပေါ်က ရေတိုင်ကီပျက်ကြီးကို ခဲတစ်လုံးနှင့် လှမ်းပစ်လိုက်ကာ မော့ကြည့်လျှ -

"ကဲ . . . မိစိမ်းရေ ငါဖဲသွားရိုက်မလို့။ နင်လိုက်ခဲ့ပါလားဟယ်။ ငါဖဲနိုင်ရင် နင်လည်း စားရမှာပေါ့။ ငါကျွေးမှာပါ။ လိုက်ခဲ့နော်"

ဟု လှမ်းအော်ခေါ်ပြီး ဖဲဝိုင်းကိုသွားလေသည်။ ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို ထိုအနောက်အပြောင်သန်သူက ထိုညတွင် ဖဲနိုင်ခဲ့ပြီး ညသန်းခေါင်ဈေးမှ ခေါက်ဆွဲကြော်များ မုန့်ပဲသရေစာများ ဝယ်ယူကာ ပြန်ခဲ့လေသည်။ ပြန်ရောက်တော့ တိုက်ပျက်ကြီးနေ စစ်ပြေးမိသားစုတို့ တပျော်တပါးနှင့် ဝိုင်းဖွဲ့ကာ စားသောက်ကြလေသည်။ မနောက်တစ်ညတွင်လည်း ထိုဖဲသမားက မိစိမ်းကို အသံပြုလှမ်းခေါ်ငင်ပြီး ဖဲသွားရိုက်ရာ ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင်ပင် ထပ်မံကာ ဖဲနိုင်ပြန်သဖြင့် ထုံးစံအတိုင်းပင် အပြန်တွင် ခေါက်ဆွဲကြော်နှင့် မုန့်ပဲသရေစာများကို ဝယ်ယူခဲ့ပြီး ပြန်ခဲ့လေသည်။ ထိုညတွင်လည်း ထိုစစ်ပြေးမိသားစုတို့ ဝိုင်းဖွဲ့ကြကာ တပျော်တပါးနှင့် စားသောက်ကြရင်း ပျော်ရွှင်မြူးထူးကြလေသည်။ ထိုသို့ စားသောက်နေကြခိုက် ခဏမျှအကြာခန့်တွင် အိမ်နောက်ဖေး အိမ်သာခန်းထဲက ကျယ်လောင်ပီပြင်လှသော တောက်ခေါက်သံကြီးတစ်သံကို

နောက်ပိုင်းရက်ကာလများတွင် တိုက်ပျက်ကြီးနေ စစ်ပြေးမိသားစုတို့က သရဲမမိစိမ်းနှင့် ရင်းနှီးမိပြီး အထာကိုသိသွား။ နားလည်မိသွားကြကာ စားကြရင်လည်း မမေ့ဘဲ မိစိမ်းအတွက် စတီပစ်ပေး။ အပြင်သွားကြရရင်လည်း အိမ်ကို မစိမ်းအား စောင့်ရှောက်ပေးရန် အိမ်ကို အပ်နှံသွားကြလေသည်။

စားနေသူအားလုံးတို့ အထင်အရှား အပီအသကြီးပင် နားနှင့်ဆတ်ဆတ်ပင် ကြားလိုက်ကြရလေသည်။ အိမ်သာခန်းထဲက ပီသထင်ရှားလွန်းလှသော တုန်လှုပ်ထိတ်လန့်စရာ ကောင်းလှသော တောက်ခေါက်သံကြီးတစ်သံကို ညဉ့်သန်းခေါင်ယံကျော်ပြီး အလွန်တိတ်ဆိတ်နေသော ညဉ့်အမှောင်ထုကြီးကာလတွင် ကြားလိုက်ကြရသဖြင့် စားသောက်နေကြသော စစ်ပြေးမိသားစုတို့အားလုံး ပုတုဝဉ်လှသားများဖီဖီ လန့်ဖျပ်၍ ကြောက်ရွံ့သွားကြလေသည်။ နောက်တော့မှ ထိုစစ်ပြေးမိသားစုထဲက လူကြီးဖြစ်သူ တစ်ဦးက တစ်စုံတစ်ရာကို အမှတ်ရဝင်စား သတိပြုမိကာ -

"ဪ . . . သိပြီ ဟုတ်သားပဲ။ မိစိမ်းကို မေ့နေကြတာပဲ။ မိစိမ်းအသံပေးလို့ ဒေါသထွက်၊ စိတ်ဆိုးတယ်ထင်တယ်။ ဟုတ်ပ မိစိမ်းရယ်။ ဆောရီးနော် . . ."

ဟု ရေရွတ်မြည်တွန်ပြောဆိုပြီး ဖျတ်ခနဲ ဆိုသလို ခေါက်ဆွဲကြော်တ[...] ထုပ်ကို လှမ်းကောက်ဆွဲလိုက်ကာ အိမ်[...] သာခန်းထဲ ကပျာကယာပြေးသွားပြီး ရေတိုင်ကီပျက်ကြီးပေါ်ဆီသို့ ခေါက်ဆွဲ[...] ကြော်တစ်ထုပ်ကို အမောတကော[...] အလျှင်စလိုနှင့် အမြန်အဆန် ပစ်တင်[...] ပေးလိုက်ကာ -

"မိစိမ်းရေ . . . ဆောရီးနော်။ [...] လို့ပါဟယ်။ စားပါနော်။ နောက်ဆို[...] တို့မမေ့တော့ပါဘူး။ ထပ်မပြုပါနဲ့တော့[...]"

ဟု တရင်းတနှီး အရေးတယူ[...] အိမ်သူအိမ်သားရင်းတစ်ဦး လူစင်စစ်[...] ပြောဆိုသလို လှမ်းအော်ပြောလိုက်လေ[...] သည်။ ထူးဆန်းလှသည်ဟု ဆိုရပေ[...] မည်နယ် ခေါက်ဆွဲထုပ်ကို ပစ်ပေးလိုက်[...] ပြီးနောက်၌ အိမ်သာခန်းထဲက တော[...] ခေါက်သံကို ထပ်မံ၍ အလျှင်းမှ[...] မကြားကြရတော့ချေ။

နောက်ပိုင်းရက်ကာလများတွ[...] တိုက်ပျက်ကြီးနေ စစ်ပြေးမိသားစုတို့[...] သရဲမ မိစိမ်းနှင့် ရင်းနှီးမိပြီး အထာ[...] သိသွား။ နားလည်မိသွားကြကာ စား[...] ရင်လည်း မမေ့ဘဲ မိစိမ်းအတွက် စ[...] ပစ်ပေး။ အပြင်သွားကြရရင်လည်း အိ[...] ကို မစိမ်းအား စောင့်ရှောက်ပေးရန် [...] ကို အပ်နှံသွားကြလေသည်။ [...] အချင်းချင်း လူသားမိသား[...] အတူ[...] တစ်ဦးပမာနယ် ဆက်[...]ကြလေသည်[...]

www.burmeseclassic.com

www.burmeseclassic.com

**စစ်ကြီးပြီးဆုံးပြီး နောက်တွင်တော့ တိုက်ပျက်ကြီး၏ အိမ်သာအပေါ် ရေတိုင်ကီပျက်ကြီးပေါ် နေသော သရဲမမိစိမ်း တိုက်ပျက်ကြီး၏ မာယာရှင် ကျွတ်သွားရှာပြီဟု . . .**

■ ■ ■ ■ ■ ■

တကယ်မှာတော့ ထိုအချိန်မှာ စစ်ကြီးအတွင်း ခေတ်ပျက်ကာလဆိုး၊ အရေးဥပဒေအုပ်ချုပ်ရေး ကင်းမဲ့နေရာ စစ်အတွင်းကာလဆိုးဖြစ်၍ ဓားပြများ တောကြောင်လူဆိုးများ၊ အလစ်သုတ်များ၊ လင်းခွဲများ၊ သူခိုးသူဝှက်များ၊ ဒိန်းစားများ၊ ကာမဘီလူးများ၊ အယောင်ဆောင်လူဆိုးများ၊ ဖောက်ထွင်းခိုးဝှက်သူများ၊ လုယူနှိပ်စက်သူများ ရှိခဲ့၍ ဒုက္ခသည်အများကို လုယက်သတ်ဖြတ်ခဲ့ကြ၊ နှိပ်စက်ဒုက္ခပေး၊ မင်းမူခဲ့ကြသော်လည်း၊ ထိုတိုက်ပျက်ကြီးနေ ယင်းစစ်ပြေးမိသားစုတို့မှာ ဥပဒ်ဘေးရန် အနိုးအပျောက်၊ အလှ စသဖြင့် ပြင်ပမှ ဘေးဥပဒ်ရန်အန္တရာယ်ဆိုးတစ်စုံတစ်ရာတို့ကို အခြားတစ်လမ်းသည်းနေ ဘဝတူ စစ်ပြေးဒုက္ခသည်များလို ထူးဆန်းလှစွာ အလျဉ်းမျှပင် ခံစားခဲ့ကြရချေ။

သရဲမမိစိမ်းက ကာကွယ်ခုခံ ကူညီပေးသည်ဟု ထိုစစ်ပြေးမိသားစုတို့က ထင်ရှားပီပြင် ဆန်းကြယ်လှသော ကိုယ်တွေ့ဖြစ်အင်ဖြစ်ရပ်ဆန်းကလေးအချို့တို့နှင့် အလေးအနက် အခိုင်အမာမှု ယုံကြည်ကြလေသည်။ ကျေးဇူးတင်မိကြလေသည်။

တစ်ချိန်တုန်းကဆိုလျှင် တစ်ခုသော နွားရိုင်းသွင်းချိန် မှောင်ရိပျိုးစအချိန်၌ စစ်ပြေးမိသားစုတို့သည် ထိုတိုက်ပျက်ကြီး၏ နောက်ဖေးခန်းထဲတွင် ထိုနေ့ညစာအတွက် စုဝေးကာ ထမင်းစားနေကြလေသည်။ ထိုစဉ် ခေတ်ပျက်တောကြောင် ဓားပြလူဆိုးတစ်စုတို့သည် ထိုသရဲမ မိစိမ်းနေသည့် တိုက်ပျက်ကြီးနေ စစ်ပြေးမိသားစုအား လုယက်တိုက်ခိုက် သတ်ဖြတ်ရန်အတွက် လှေကားပေါ်သို့ တိတ်တိတ်ကလေး ခြေဖော့နင်းကြပြီး တုတ်၊ ဓားများ ကိုင်ဆွဲ၍ တက်လှမ်းခဲ့ကြလေသည်။ သို့သော် လှေကားအလယ်ခန့်မျှသာရောက်ကြချိန်တွင် သရဲမ မိစိမ်း၏ ခြောက်လှန့်ကာကွယ်တားဆီးလိုက်မှုကြောင့် ထိုဓားပြလူဆိုးတစ်စုတို့ ယူငင်လာသော တုတ်၊ ဓားနှင့် အခြားတိုက်ခိုက်ဆီတို့မှ လုယက်တိုက်ခိုက်လာခဲ့သော ပစ္စည်းအထုပ်အပိုးများကိုပင် ပြန်မကောက်၊ သတိမရနိုင်တော့ဘဲ ပစ်ချကာ လှေကားပေါ်မှ နောက်ပြန်လန်လဲကျကာ အော်ဟစ်ပြီး ခွေးပြေး၊ ဝက်ပြေး ပြေးဆင်းသွားကြရရှာသည့် ဖြစ်အင်ဆန်းတစ်ရပ် ဖြစ်ပေါ်ခဲ့ဖူးသည်။

ထိုနည်းတူ တစ်ခါကလည်း ထိုတိုက်ပျက်ကြီး၏ တိုက်ရှေ့ဝရန်တာ၏ အောက်နားကြားအဟာ နေရာလွတ်တစ်ကြောဆီမှ ထိုမိသားစုတို့၏ မွေးကင်းစရင်သွေးငယ်လသားအရွယ်ရှိ ကလေးငယ်မှာ အနီးနှင့် ရစ်ပတ်ပြီး လူးလွန့်ကာ အောက်ဘက်မြေပြင်ဆီသို့ ကျခါနီးတွင်လည်း ထူးခြားဆန်းကြယ်လှစွာနှင့် လွတ်မြောက်ခဲ့ရသည့် ဖြစ်အင်ဆန်းတစ်ရပ်ကိုလည်း ကြုံတွေ့ ဖြစ်ပေါ်ခဲ့ဖူးကြလေသည်။ စစ်ကြီးကာလအတွင်း တစ်လျှောက်၌ ထိုတိုက်ပျက်ကြီးတွင် အဆိုပါ စစ်ပြေးဒုက္ခသည် မိသားစုတို့သည် နာနာဘာဝ ဝိညာဉ်ပရလောကသား မကျွတ်မလွတ်ရှာသေးသည့် မိစိမ်းအမည်ရှိ သရဲမနှင့် သင့်မြတ်စွာ အတူမှီခိုနေထိုင်ခဲ့ကြလေသည်။

စစ်ကြီး ပြီးဆုံးပြီးနောက်တွင်တော့ တိုက်ပျက်ကြီး၏ အိမ်သာအပေါ် ရေတိုင်ကီပျက်ကြီးပေါ်နေသော သရဲမ မိစိမ်း တိုက်ပျက်ကြီး၏ မာယာရှင် ကျွတ်သွားရှာပြီဟု ထိုတိုက်ပျက်ကြီးနေ စစ်ပြေးဒုက္ခသည် မိသားစုတို့က အိမ်အထဲမှနှင့် ရေတိုင်ကီနားတစ်ဝိုက်ဆီမှ တိုက်ရှိ အခန်းပျက်ဆီတို့မှ အရျက်ပေးသံ၊ တောက်ခေါက်သံ၊ ညည်းတွားသံ စသဖြင့် အသံထူးတစ်စုံတစ်ရာကို အတော်ကြာ မကြားကြရတော့၍ ဝမ်းသာဝမ်းနည်းနှင့် သိရှိယုံကြည်ကြပြီး ကြုံကြိုက်တိုင်း သရဲမ မိစိမ်းကို ထိုတိုက်ပျက်ကြီးတွင် ခိုလှုံနေထိုင်သွားခဲ့ကြရာ နောက်ဆုံးနေ့ရက် အချိန်ထိတိုင် အမျှပေးသွားခဲ့ရှာကြသည်။

ယော်တင်သိန်းငင်



www.burmeseclassic.com

www.burmeseclassic.com



# မလုံသည့်အိုး

## ဆွေမြင့်

www.burmeseclassic.com

www.burmeseclassic.com

# မလုံသည့်အိုး

• ဆွေဖြင့်

တံခါးခေါင်းလောင်းသံကို ကြားလိုက်ရသောအချိန်သည် အလွန်အရာ ညဥ့်နက်လှချေပြီ။

ကည်းခိုဆောင်ပိုင်ရှင် ဒေါ်ခင်မမကျော်သည် တည်းခိုသူတစ်ဦးဖြစ်သော ခင်မောင်ထွေးနှင့် စကားထတ်ဆုံကျနေသည်။ သူမ၏ တည်းခိုဆောင်သို့ မကြာခဏလာရောက်တည်းခိုလေ့ရှိသူ ခင်မောင်ထွေးနှင့် အမှတ်မထင် စကားစပ်မိရာမှ ခင်မောင်ထွေး၏ အစ်မတစ်ဦးဖြစ်သူ တျော့ကျော့မေသည် တစ်ချိန်က ခင်မမကျော်နှင့် တစ်မြို့တည်းနေ၊ တစ်ကျောင်းတည်းမှထွက်ခဲ့သူ ဖြစ်ကြောင်း သိခဲ့ရသည်။

ထို့ကြောင့် ခင်မမကျော်၏ ဇစ္စကွကာလအခြေအနေကို သတင်းစလင်း မေးရင်းမြန်းရင်း အချိန်ကုန်မှန်းမသိ ကုန်သွားခဲ့သည်။ ထို့ကြောင့် စကားစဖြတ်၍ အသီးသီး ကိုယ့်အိပ်ခန်းကို ဝင်ကြတော့မည့်အချိန်ရောက်ခါမှ တည်းခိုဆောင်အောက်ထပ် တံခါးအပြင်ဘက်ရှိ လျှပ်စစ်လူခေါ်ခေါင်းလောင်းမြည်သံကို ကြားလိုက်ရခြင်း ဖြစ်သည်။

ထိုနယ်မြေဒေသသို့ တစ်ခါတစ်ရံရောက်ရှိလာ၍ တည်းခိုဆောင်တွင် တည်းခိုလေ့ရှိကြသူများသည် လူမျိုးစုံ၊ အကြောင်းအရာ ဖြစ်ရပ်အဖုံဖုံတို့ကြောင်းဖြစ်စေ၊ ခရီးသည်တင်ကား အဝင်နောက်ကျ၍ (သို့မဟုတ်) ရထားအချိန်မှန်မဝင်၍ ဖြစ်စေ ယင်းသို့ အချိန်မဲ့အခါမဲ့ ရောက်လာတတ်ကြသည်။ မည်သို့သောသူဖြစ်စေ သူမ၏ တည်းခိုခန်းတွင် တည်းခိုခမှန်မှန်ပေးလျှင် ပြဿနာမရှိပါချေ။

ယနေ့ ညသန်းခေါင်အချိန်တွင် ရောက်ရှိလာပြီး ဤတည်းခိုဆောင်၌ တည်းသူသည်လည်း နောက်တစ်နေ့ နံနက်မိုးသောက် အလင်းရောက်သည်နှင့် တစ်ညစာ တည်းခိုခပေးရလေ့ရှိသည်။ အကယ်၍ နာရီပိုင်းမျှဖြစ်စေ တည်းလျှင်လည်း တစ်ညစာယူလေ့ရှိသည်။

ထို့နည်းတူ တည်းခိုဆောင်တွင် တည်းခိုသူများအသုံးပြုရန် တယ်လီဖုန်းကို အောက်ထပ်အဝင်ပေါက်ဘေးရှိ စားပွဲပေါ်တွင် မှတ်ပုံတင်စာအုပ်ကြီးနှင့်ကပ်လျက် နေရာချထားသည်။ ဖုန်းပြောခကိုလည်း သတ်မှတ်ထားသောနှုန်းထား တန်ရာတန်ကြေးထက် နှစ်ဆယူသည်။ "မကျေနပ်လျှင် မဆက်နဲ့၊ ဖုန်းအသုံးမပြုနဲ့" ဟူသော စာတန်းချိတ်ဆွဲထားသည်။

မည်သို့ပင်ဖြစ်စေ အရေးကြီးလျှင်ကြီးသလို ဖုန်းဆက်ကြသူတို့က ဒေါ်ခင်မမကျော်၏ တည်းခိုဆောင်ဖုန်းဆက်ခကို မည်သူမဆို ဈေးဆစ်ခြင်းအလျဉ်းမရှိ ကျေကျေနပ်နပ်ပေးဆက်သွားကြသည်ချည်းပင်။

ယခုဆိုလျှင် ဒေါ်ခင်မမကျော်သည် ဝတ်ထားသောထဘီကို တင်းတင်းရင်းရင်းပြင်ဝတ်ကာ လှေကားမှ တစ်လှမ်းချင်း ဆင်းလာခဲ့သည်။

မီးခလုတ် နှိပ်လိုက်သည်နှင့် တစ်ပြိုင်နက် အောက်ထပ်တစ်ခုလုံးရှိ အမှောင်ထုသည် အဝေးသို့ပြေး၍ လွင့်သွားလေတော့သည်။

ဒေါ်ခင်မမကျော်က တံခါးမဖွင့်မီ . . .

"ဘယ်သူလဲ၊ ဘာကိစ္စလဲ"

ဟူ၍ သံပြတ်နှင့် လှမ်းမေးသေးသည်။ ဒါကလည်း သူမ၏ မေးရိုးမေးစဉ် ထုံးစံမျှသာ ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အပြင်ဘက်တွင်ရပ်နေသူကို ဒေါ်ခင်မမကျော်က ချောင်းကြည့်ပေါက်မှ ကြည့်၍ အကဲခတ်နေသည်။

ယင်းကဲ့သို့သော လူ[illegible]ခတ်



www.burmeseclassic.com

www.burmeseclassic.com

အတတ်ပညာကို သူမအနေနှင့် တစ်မိနစ်အတွင်း အကဲဖြတ်နိုင်စွမ်းရှိသည်။ သူ၏အကဲခတ်မှုသည် ရှစ်ဆယ်ရာခိုင်နှုန်းမျှ မလွဲတမ်း မှန်ကန်နေတတ်သည်။ ကျန်သော နှစ်ဆယ်ရာခိုင်နှုန်းကလည်း ဒက်ထိ မမှန်သည့်တိုင် နီးနီးကပ်ကပ် နီးစပ်နေတတ်သည်။ ကျွမ်းကျင်ရာ လိမ္မာစမြဲမဟုတ်ပါလား။

စင်စစ်အားဖြင့် ဒေါ်ခင်မမကျော်သည် လူဆိုးလူကောင်းခွဲခြားတတ်သော အတတ်ပညာသည် နှစ်ပေါင်းများစွာသော အတွေ့အကြုံအရ ဝါရင့်စွာ တတ်မြောက်နေလေပြီဟု ဆိုရပေမည်။

"ကျွန်တော် အခန်းတစ်ခန်းငှားချင်လို့ပါ"

အပြင်ဘက်မှ အမျိုးသား၏ အဖြေစကားအဆုံးတွင် ဒေါ်ခင်မမကျော်က တံခါးဖွင့်လိုက်ပြီးဖြစ်သွားသည်။

လူစိမ်းအမျိုးသားက အတွင်းသို့ဝင်ရောက်သည်နှင့် တစ်ပြိုင်နက် သူမတံခါးကိုပိတ်၍ ကလန့်ထိုးလိုက်သည်။ ထို့နောက် ထိုသူ၏ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်သည်။

သူမ၏ ဦးနှောက်တွင်းရှိ မှတ်ဉာဏ်အကန့်ထဲတွင် ဤသူသည် လူဆိုးတစ်ယောက် ဖြစ်ချင်ဖြစ်နေမည်၊ သို့မဟုတ် တခြားအရေးတကြီးကိစ္စတစ်ခုခု ရှိကောင်းရှိနိုင်မည်ဟူသော တောက်ချတ်ချလိုက်မိသည်။

"မောင်ရင်က ဘယ်လောက်ကြာကြာတည်းမှာလဲ"

ဒေါ်ခင်မမကျော်က ပြတ်ပြတ်သားသားလေသံဖြင့် မေးသည်။ စင်စစ်အားဖြင့် အသက်လေးဆယ်ဝန်းကျင် တည်းခိုဆောင်ပိုင်ရှင် အမျိုးသမီးကြီးအနေနှင့် အခန်းငှားလိုသူတိုင်းကို ချွဲချွဲပျစ်ပျစ် ပြောစရာအကြောင်းမရှိပါချေ။

"တစ်ညတည်းပါ။ ကျွန်တော် ရွှေညောင်ရောက်တော့ ကားနဲ့လိုက်ခဲ့တယ်။ အချိန်မရှိတော့လို့ လွယ်လင်ဆက်သွားဖို့ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် ဒီမှာတစ်ညတည်းပြီးတော့ မနက်ဖြန်ခရီးဆက်ရမယ် ခင်ဗျ"

ထိုသူက မလိုအပ်ဘဲနှင့် ရှည်လျားပေများနေသည်။

"ကောင်းပြီလေ။ အခန်းခက ထောင့်နှစ်ရာကျမယ်။ မနက်စာ ဘရိတ်ဖတ်စ်အပါအဝင်ပေါ့။ ကျေနပ်လား"

ဒေါ်ခင်မမကျော်၏ အမေးကို ထိုသူက ဦးခေါင်းညိတ်ပြသည်။

"ကျေနပ်ပါတယ်။ ဒါပေမယ့် ဘရိတ်ဖတ်စ်တော့ စားဖြစ်ချင်မှ စားဖြစ်မှာပါ။ သိပ်တော့ မသေချာဘူး။ ကျွန်တော်က စောစောနိုးတာနဲ့ စောစောထသွားရမှာမို့ပါ"

ဒေါ်ခင်မမကျော်က လူစိမ်း၏စကားကို အလေးအနက်မထားပါချေ။ အဝင်တံခါးအနီးရှိ စားပွဲပေါ်၊ စားပွဲတင် တယ်လီဖုန်း၏ဘေးရှိ မှတ်ပုံတင်စာရင်းစာအုပ်ကြီးကို လှန်လိုက်သည်။ ဖယားကွက်ချထားသော စာမျက်နှာကို ထောက်ပြ၍ လူစိမ်းရှေ့သို့ ထိုးပေးသည်။

"ဟောဒီ စာအုပ်ကြီးထဲမှာ ဖြည့်လိုက်ပါဦး"

ထိုသူသည် အိတ်ထဲမှဘောလ်ပင်ကိုထုတ်၍ မှတ်ပုံတင်စာအုပ်ကြီး၏ စာမျက်နှာပေါ်ရှိ ဖယားကွက်များအတိုင်း လွယ်ကူပေ့ါပါးစွာ စာရင်းသွင်းနေသည်။

"စိုးလွင်မြင့် . . . သထုံ"

ဟူ၍ အရင်ဆုံးဖြည့်သည်။

စင်စစ်အားဖြင့် သူ့နာမည်သည် စိုးလွင်မြင့်မဟုတ်ကြောင်းနှင့် သူသည် လွန်ခဲ့သောဘဝတစ်လျှောက်လုံး သထုံမြို့သို့ တစ်ခါတစ်ခေါက်မျှ မရောက်ဖူးကြောင်းကို ဒေါ်ခင်မ
ကျော် သိမည်မဟုတ်ပါလေ။

တကယ်တမ်းဆိုရသော် ဒေါ်ခင်မမကျော်အနေနှင့် သမားရိုးကျ လုပ်ရိုးလုပ်စဉ်အကြောင်းတစ်ခုကို ဆော
ရွက်နေခြင်းမျှသာ ဖြစ်သည်။ သို့ဖြ
ရာ ထိုသူ၏နာမည် စိုးလွင်မြင့်ဟုတ်
သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သူ
အဖို့အရေးမပါ။ အရာမဟုတ်၊ အရေး
ကြီးသည်က တည်းခိုခန်းခ အငြ
အလည်ပေးဖို့ ပဓာနဖြစ်သည်။

စိုးလွင်မြင့်ဆိုသူက ဒေါ်ခင်မ
ကျော်ပြောသည့်အတိုင်း အခန်း
တစ်ညစာ အပြည့်အဝမပေးမီ
တည်းရမည့်အခန်းကို အကဲခ
လိုက်သေးသည်။

"ကဲ . . ကျုပ်နေ့ကောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com

စတားဆုံးသည်နှင့် သူမက ဦးဆောင်လျက် အပေါ်ထပ်သို့ တားထစ်များအတိုင်း တက်သွား ။ စိုးလွင်မြင့်ဆိုသူသည် ဒေါ်ခင် ကျော်၏ ခြေသလုံးအက်အက် များကိုကြည့်ရင်း လှေကားသုံး ခန့်ခွာလျက် တက်လိုက်လာခဲ့ သည်။ လှေကားထိပ်သို့ ရောက် နေသော ဒေါ်ခင်မမကျော်က ချက် နောက်သို့လှည့်ကြည့် တ်သည်။

"မောင်ရင့်သေတ္တာက အတော် မယ့်ပုံပဲ။ ပင်ပန်းမှာပဲနော်။ ဇာများ ထည့်လာလို့လဲ"

"ာအုပ်တွေပါ"

"ဪ . . ဪ"

ဒေါ်ခင်မမကျော်သည် လှေ ထိပ်နှင့် မလှမ်းမကမ်းရှိ အခန်း ခန်း၏တံခါးကို သော့ဖွင့်သည်။ တွင်းသို့ဝင်၍ မီးခလုတ်ဖွင့်သည်။

စိုးလွင်မြင့်ဆိုသူသည် သူဆွဲ သော လက်ဆွဲသေတ္တာကြီးကို ခန်း၏အလယ်တွင်ချလိုက်သည်။ နောက် ခုတင်ခေါင်းရင်းရှိ ပိတ် သောပြတင်းပေါက်ကိုဖွင့်သည်။

နောက်ဖေးဘက်မှ အမှိုက်ပုံ အနံ့သည် အပေါ်ထပ်သို့တိုင် အောင် ထောင်းခနဲ ဝေ့တက်လာ သည်။ သူက မသိမသာ နှုတ်ခမ်း စ်ချက် ရှုံ့သည်။

"ပြတင်းတံခါး ဖွင့်လို့ကတော့ နံ့ဆိုးတွေ တက်လာမှာပဲ။ ဒါပေ ယ့် ခဏကြာရင် လေနဲ့အတူ လွင့်ပါသွားမှာပါ။ ကဲ . . . စိတ်တော့မရှိနဲ့နော်။ ဒီအခန်းကိုကြိုက်ပြီဆိုရင် တည်းခိုခကြိုပေးရတယ်။ ဒါထုံးစံပဲ"

ပြတင်းပေါက်တွင် ရပ်နေမိသော ထိုသူသည် သူ၏နောက်ကျောဘက်မှ ဒေါ်ခင်မမကျော် အသံကြောင့် ကမျာကယာ လှည့်ကြည့်သည်။

"ဪ . . ဟုတ်ကဲ့ ဟုတ်ကဲ့ပါ။ အခန်းကို သဘောကျပါတယ်"

ထိုသူက ပြောပြောဆိုဆိုဖြင့် ပိုက်ဆံအိတ်ထဲမှ ငွေစက္ကူရာတန် အချို့ကိုထုတ်၍ တစ်ရွက်ချင်း သေချာစွာစစ်၍ ရေတွက်နေသည်။ ယင်းသို့ရေတွက်နေစဉ် အမှတ်မထင် ဒေါ်ခင်မမကျော်ကို လှမ်းကြည့်လိုက်မိသည်။ ထိုအခါ သူမ၏ မျက်လုံးအစုံက သူ့လက်ချောင်းများကို ကြည့်ရှုအကဲခတ်နေသည် ဟု သတိပြုမိလိုက်သောအခါ သူ စိတ်ကျဉ်းကျပ်သွားသည်။

"ဘာဖြစ်လို့များ ဒီမိန်းမကြီးက ငါ့လက်တွေကို သေချာငုံ့ကြည့်နေပါလိမ့်။ ငါ့လက်မှာလဲ ဘာမှစွန်းပေမနေပါဘူး။ ဘို . . . လက်ကိုကြည့်တာ ဟုတ်ချင်မှဟုတ်မှာပါ။ ပိုက်ဆံစေ့မစေ့ လိုက်ကြည့်နေတာဖြစ်မှာပါ"

ဟူ၍ သူ့ကိုယ်သူ ဖြေသိမ့်မိသည်။

ဒေါ်ခင်မမကျော်သည် ထိုသူ လှမ်းပေးသော ငွေစက္ကူများကို လက်ခံလှမ်းယူပြီးနောက် ဘာတစ်ခွန်းမှမပြောဘဲ လှည့်ထွက်သွားသည်။ ထိုအခါကျမှ သူသည် သက်ပြင်းမောတစ်ချက်ကို လေးလေးပင်ပင် ချလိုက်မိသည်။

ထို့နောက် သူသည် တည်းခိုခန်းတံခါးကိုပိတ်၍ အတွင်းမှ သေချာစွာ ကလန့်ထိုးလိုက်သည်။ သေတ္တာကြီးကို ခုတင်အောက်သို့သွင်း၍ နေရာချလိုက်ပြီးသောအခါ အိပ်ရာပေါ်တွင် ကျောဆန့်လိုက်သည်။

ထိုအခိုက်အတန့်တွင် အခန်းပြင်ဘက် လူသွားစင်္ကြံမှ စကားသံများကို ကြားရသည်။ တစ်ချိန်တည်းမှာပင် သူ့အခန်းတံခါးကို အပြင်မှ ခေါက်နေသည်။

သူက ရင်တလှပ်လှပ်ဖြင့် တံခါးကလန့်ဖြုတ်၍ဖွင့်လိုက်သည်။

"မောင်ရင့်အခန်းမှာ မျက်နှာသုတ်ပဝါ မထားရသေးဘူးမဟုတ်လား။ ရော့ . . ."

ဒေါ်ခင်မမကျော်က ဖြူစင်သန့်ရှင်းသော မျက်နှာသုတ်ပဝါခေါက်လျက်သားတစ်ထည် လှမ်းပေးသည်။

သူမ၏ နောက်ကျောဘက်တွင် လူတစ်ယောက် ရပ်နေသည်။

"သူ့နာမည်က ခင်မောင်ထွေးတဲ့။ မောင်ရင့်အခန်းနဲ့ ကပ်လျက်မှာနေတယ်"

ဒေါ်ခင်မမကျော်က မိတ်ဆက်ပေးသည်။ သူက စိတ်မပါသော်လည်း ဟန်လုပ်၍ တစ်ချက်မျှပြုံးပြလိုက်မိသည်။ ခင်မောင်ထွေးဆိုသူက . .

www.burmeseclassic.com

www.burmeseclassic.com

"မိတ်ဆွေက ဘယ်နှရက် လောက်နေမှာလဲ"

ဟု၍ စပ်စုသည်။

"တစ်ညပါပဲ။ ကျွန်တော်က မနက်စောစော လွယ်လင်ဘက်ကို ခရီးဆက်စရာ ရှိနေလို့ပါ"

သူက အလိုက်သင့် ဖြေလိုက်သည်။ သူ့စိတ်ထဲ၌မူ "အတော်စပ်စုတဲ့ လူစားပါလား" ဟူ၍ ရေရွတ်နေမိသည်။

"သိပ်အစောကြီးလည်းမထွက်နဲ့ဦး မိတ်ဆွေ။ ညဦးပိုင်းတုန်းက အစောင့်ကိုသတ်ပြီး စက်ိုးဆိုင်ဗိုဒေါင်ထဲက အဖိုးတန်မစွည်းတွေ ဖောက်ထွင်းယူသွားသတဲ့"

ခင်မောင်ထွေး စကားကြောင့် သူ့ရင်၌တွေပန်းတွေ တုန်လာရသည်။ ခင်မောင်ထွေးဆိုသူသည် ဘာကြောင့်များ မိမိမျက်နှာကို စူးစူးရဲရဲကြည့်နေပါလိမ့်ဟူ၍ အတွေးတစ်ခု ဖြစ်ပေါ်လာသည်။

သို့ရာတွင် "ဒါ သက်သက်မဲ့ ငါအတွေးချော်နေတာ ဖြစ်မှာပါလိမ့်မယ်" ဟု သူ့အတွေးကို ဦးခေါင်းထဲမှ ဖယ်ရှားပစ်လိုက်သည်။

"ရဲတွေကတော့ အခုအချိန် လောက်ဆိုရင် တစ်မြို့လုံး ပိုက်စိပ်တိုက်ရှာနေလောက်ပြီ။ မောဘီမြို့ စွန်ဘက်ကိုတော့ ရှာဖို့မလွယ်ဘူး။ အင်မတန်ခေါင်လို့ပေါ့"

"ဒါပေါ့လေ။ ဒါက ရဲတွေရဲ့ လုပ်မြဲလုပ်စဉ်တွေပဲ မဟုတ်လား"

စိုးလွင်မြင့်ဆိုသူက စကားဖြတ်ပြောလိုက်သည်။ ထို့နောက် တည်းခိုခန်းတံခါးပိတ်ရန် ဟန်ပြင်လိုက်စဉ်မှာပင် . . .

"လူသတ်မှုဆိုတာကို ကျူးလွန်သူတိုင်း ပျောက်ကွက်ဟာကွက် သဲလွန်စတစ်ခုခု ကျန်ခဲ့တာဆိုတော့ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကျိန်းသေမိကြတာမျိုးပဲလေ"

သူသည် ခင်မောင်ထွေး၏ တင်ပြချက်ကို ပြန်လည်ဆွေးနွေးချင်စိတ်မရှိတော့ပါချေ။ ဦးခေါင်းတစ်ချက်ညိတ်ပြပြီးနောက် အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။

ခုတင်ပေါ်တွင် လဲလျောင်းနေသည့်တိုင်အောင် နံရံတစ်ချပ်ခြားနေသော ဘေးခန်းမှ ချိုးချိုးချွတ်ချွတ် အသံများကို ကြားနေဆဲဖြစ်သည်။ အခန်းအပြင်ဘက် တော်ရစီဒါတွင် ထွန်းထားသော မီးရောင်သည် အခန်းတံခါးအောက်ခြေနှင့် ကြမ်းပြင်စပ်ကြားမှ အတွင်းသို့ အလင်းရောင်တန်းတစ်ခု ဖြစ်ပေါ်နေသည်။

ခေတ္တမျှကြာသောအခါ တစ်ဖက်ခန်းတံခါးဖွင့်သံ ကြားလိုက်ရသည်။ စိုးလွင်မြင့်ဆိုသူ၏ နှလုံးခုန်နှုန်းက အတိုင်းမသိ မြန်ဆန်လာသည်။ အသက်ရှူသံမြင်း၍ ကျယ်လောင်လာသည်ဟုမှတ်ထင်မိသည်။

တစ်ဖက်ခန်းမှ ထွက်လာသော ခင်မောင်ထွေးဆိုသူ၏ အရိပ်သည် အခန်းတံခါးနှင့် ကြမ်းပြင်စပ်ကြားရှိ အလင်းရောင်တန်းကို ကွယ်လာသည်။ ထိုသူသည် မိမိ၏အခန်း တံခါးအပြင်ဘက်တွင် ရောက်ရှိရပ်တန့်နေသည်ဟု ယူဆရသည်။

မကြာမီ အလင်းရောင်တန်း ပြန်လင်းလာသည်။ တစ်ချိန်တည်းမှာပင် တစ်စုံတစ်ယောက်သည် လှေကားထစ်များကို ညင်သာစွာဖော နင်းလျက် ဆင်းသွားသံကြားရသည်။

ထိုအခါ စိုးလွင်မြင့်သည် အခန်း တံခါးပိတ်ထားရာသို့ လျှောက်သွား သည်။ တံခါးကလန့်ကို အသာအယာ ဖွင့်၍ တံခါးရွက်ကို တစ်လက်မခန့် ဖွင့်ဟလျက် တည်းခိုခန်းအပြင်ဘက် သို့ ချောင်းကြည့်လိုက်သည်။

သူမြင်ရသည်မှာ လူတစ် ယောက်၏ ဦးခေါင်းဆိပ်ပိုင်းတို့ နောက်စေ့ဘက်မှ မြင်နေရသည်။ ထိုသူသည် သူ၏ကြီးစွာလျှော့လျက် ဖြည်းဖြည်းချင်း ဆင်းသွားနေသော ခင်မောင်ထွေးဆိုသူပင်ဖြစ်သည်။

စိုးလွင်မြင့်က အခန်းပြင်ဘက် သို့ ကျော့ကယ်ယာထွက်သည်။ လှေ ကားထိပ်သို့ ဦးတည်လျှောက်သည်။ သူ လှေကားထိပ်သို့ ရောက်ရှိသော အခိုက်အတန့်တွင် တင်မောင်ထွေး သည် လျင်မြန်သွက်လက်သော ခြေ လှမ်းများဖြင့် တယ်လီဖုန်းတင်ထား သော စားပွဲရှိရာသို့ သွားချေပြီ။

ထိုသူသည် စကားပြောခွက်ကို မယူ၍ ပါးစပ်နှင့်ကပ်လိုက်သော အချိန်တွင် စိုးလွင်မြင့်သည် အခန်း တွင်းသို့ ပြန်လည်ပြေးဝင်သည်။ သူ့တွင် လုပ်စရာဟူ၍ တစ်ခုသာ ကျန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့အတွက် အချိန်ကလည်း များစားစား မကျန်တော့ပါချေ။ ရှင်နှင့်အမျှ အရေးကြီးလာလေပြီ။

သူ့တွင်ပါလာသော ပစ္စည်းများ သေတ္တာတွင်းသို့ စနစ်တကျ စုစု စည်း နေရာချပြီးလျှင် သေတ္တာ သော့ခတ်သည်။ ထို့နောက် ဖွင့် သောပြတင်းပေါက်မှ တွဲလွဲခို၍ လျှောက်ပိုက်ကို အားပြုဖက် တာ ဆင်းလိုက်သည်။

နောက်ဖေးလမ်းကြားထဲသို့ ရောက်သွားစဉ် သေတ္တာတခြား၊ အခြား ကိုးရိုးကားရားဖြစ်သွား သည်။ ဖင်ထိုင်လျက်သား ဆောင့် ခြင်းဖြစ်သောကြောင့် တင်ပါးဆုံ မျက်ခနဲ နာကျင်လိုက်ရသေး သည်။ သို့ရာတွင် သူက ဝေဒနာကို အရေးမထား။

လူးလဲထကာ သေတ္တာကိုဆွဲ ၍ နောက်ဖေးလမ်းကြားထိပ်သို့ သုတ်သုတ်လျှောက်သွားသည်။ မ်းမကြီးပေါ်သို့ ရောက်သွားသော ခါ အချိန်မဲ့အခါမဲ့ သွားလေ့သွား ရှိသော ခရီးသည်များကို ပို့ဆောင် လေ့ရှိသော တက္ကဆီကား တစ်စင်း လေကိုတွေ့လိုတွေ့ငြား အရပ်လေး ျက်နှာကို မျက်လုံးဝေ့ကြည့်သည်။

မကြာမီ သူ့နောက်မှမောင်း သော တက္ကဆီကားတစ်စီးကို ခြင်လိုက်ရသည်။

သူက ကမန်းကတန်းတား သည်။ ကားက သူ့ဘေးတွင် တိခနဲ ရပ်တန့်သွားသည်။ သူပျော်သွား သည်။ သို့ရာတွင် သူ့ပျော်ရွှင်မှုမှာ စက္ကန့်ပိုင်းမျှသာ။

"အချိန်မတော်ကြီးမှာ သုတ် သီးသုတ်ပျာနဲ့ ဘယ်သွားမလို့လဲ မိတ်ဆွေ"

ဟူသော မေးခွန်းနှင့်အတူ ကားပြတင်းမှ ဦးခေါင်းထွက်၍ မေး လိုက်သူမှာ ရဲယူနီဖောင်းဝတ်ဆင် ထားသော ရဲအရာရှိတစ်ဦး ဖြစ် သည်။ မောင်းသူက ရဲတပ်သားတစ် ယောက်။ ရဲပတ္တရောင်ကားဖြင့် မဟုတ်ဘဲ သာမန် တက္ကဆီကားပုံ ပြောင်းလာခဲ့ကြခြင်းပင်။

သူ ဘာစကားမှ ပြောစရာမရှိ တော့။

"ခင်ဗျားသေတ္တာကြီးက . . . အတော်လေးမယ့်ပုံပဲ၊ အထဲမှာ ဘာ တွေပါလို့ ဒီလောက်လေးတာလဲဗျ"

ဟူသော နောက်ထပ်မေးခွန်း တစ်ခု ထပ်မံကြားလိုက်ရသည်။ ထို အချိန်မှ စ၍ စိုးလွင်မြင့်ဆိုသူ အတွက် ဖြေစရာမလိုတော့။ ပြေး၍ လည်းလွတ်စရာ အကြောင်းမရှိပါ တော့ချေ။ တည်းခိုခန်းရှိ ခင်မောင် ထွေးဆိုသူက ဖုန်းဆက်အကြောင်း ကြားသောကြောင့်သာလျှင် အစစ် အဆေး အမေးအမြန်း အဖမ်းအဆီး ခံရသည်ဟူ၍ စိတ်ထဲတွင်ကျိတ်၍ ကျိန်ဆဲနေလေသည်။

× × × × ×

ထိုအချိန်တွင် တည်းခိုခန်းပိုင် ရှင် ဒေါ်ခင်မမကျော်၏ အခန်းတံခါး ကို တခေါက်ခေါက်ခေါက်နေသူက ခင်မောင်ထွေးဆိုသူပင် ဖြစ်သည်။

တံခါးခေါက်သံကြောင့် ဒေါ်ခင် မမကျော်သည် ဖရိုဖရဲဖြစ်နေသော ဆံပင်ကို တစ်ပတ်လျှိုပြန်လည်ရစ် ပတ်ရင်းဖြင့် အိပ်ရာမှထကာ အခန်း တံခါး ဖွင့်လိုက်သည်။

"ကျွန်တော် မပြောဘဲ မနေ နိုင်တော့လို့ အခုလိုနိူးပြီး ပြောရတာ ပါ ဒေါ်ခင်မမရယ်၊ ဒီအကြောင်းကို ကျွန်တော့်ရင်ဘတ်ထဲမှာ မျိုသိပ် မထားနိုင်တော့လို့ပါ။ အဲဒီကိစ္စက လည်း မကြာသေးခင်ကမှ ကျွန် တော် ကိုယ်တိုင်ဖုန်းဆက်ပြီး လှမ်း မေးလိုက်လို့ သိရတာပါ"

ခင်မောင်ထွေးက စကားကို ခေတ္တရပ်၍ ပြည့်ပြည့်ဝဝကြီး တစ် ချက်ပြုံးလိုက်ပြီးနောက် . . .

"ကျွန်တော့်မိန်းမ ခုလေးတင် မွေးပြီ၊ ယောကျ်ားလေးတဲ့ ဒေါ်ခင် မမ၊ ကိုးပေါင်တောင်ကျော်သတဲ့၊ ကလေးရော မိခင်ပါ ကျန်းကျန်းမာ မာ ရှိပါသတဲ့ဗျာ"

ဟူ၍ လှိုက်လှိုက်လှဲလှဲ ဝမ်း မြောက်အားရစွာ ပြောလိုက်လေ တော့သည်။ စင်စစ်အားဖြင့် စိုးလွင် မြင့်ဆိုသူသည် ခင်မောင်ထွေးဖုန်း ဆက်ခြင်းကို အထင်လွဲခဲ့သည်၊ မည် သို့ပင်ဖြစ်ပါစေ အိုးမလုံ၍ အုံပွင့် ခြင်းသာလျှင် ပဓာနဖြစ်ပါသတည်း။

■ ချေမြင့်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အပြန်ခရီးမှာလေ

မုဒုံသုမွန်

(၁)

"ဟုတ်တယ် ... မုဒုံကြီးပြောသလို ကျွန်တော် သေရမှာကိုလည်း မကြောက်တော့ဘူး"

တစ်ချိန်က ... ရောင်းရင်းကြီး စာရေးဆရာကိုစန်း ကျွန်တော့်အားပြောကြားသော စကားပင်ဖြစ်၏။ ကျွန်တော်တို့နှစ်ဦးသည် ရန်ကုန်မြို့တစ်နေရာဆီမှ ပြောင်းရွှေ့လာပြီး၊ ယုဇနဥယျာဉ်မြို့တော်၌ လာရောက် အခြေချနေထိုင်သူများ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူက တစ်ကိုယ်ရေ တစ်ကာယ သမား။ မြို့ထဲမှလာသူ ဖြစ်သည်။ ကျွန်တော်က ဒဂုံမြောက်ပိုင်းမှ မိသားစုနှင့်အတူ ပြောင်းရွှေ့လာသူ ဖြစ်သည်။ သူ့တွင် စာရေးတာကလွဲပြီး ဘာမှ အလုပ်အကိုင်မရှိ ဖြစ်သည်။ သူနေတာက အခန်းလွတ် သူငယ်ချင်း အခန်းမှာ အိမ်စောင့်အဖြစ်နေရသည်။ တစ်ခုတော့ရှိသည်။ သူသည် လက်ကိုင်ဖုန်းတစ်လုံး မဲပေါက်ထားသည်။ ထိုဖုန်းကို ထိုစဉ်က ပေါက်ဈေး သိန်းသုံးဆယ်နှင့်ရ၍ ရောင်းထားသည်။

ထိုရောင်းရသော သိန်း ၃၀ ကို မြို့ထဲရှိ မိတ်ဆွေတစ်ဦးအား အတိုးနှင့် ပေးထားသည်။ ထိုအတိုးငွေနှင့် သူစားသောက်နေသည်။ သူ့အတွက် စားသောက်စရိတ် မဖူလုံစရာ မရှိတော့ပါ။ ခက်တာက သူ့မှာ အပေါင်းအသင်းအခြွေအရံတွေ များသည်။ အခြွေအရံဆိုသည့်အတိုင်း ခြွေစရာရှိနေ၍ ရံနေမည့်သူများ ဖြစ်၏။ ယခင်သူနေသော မြို့ထဲမှာလည်း ဒီအတိုင်း ဖြစ်၏။

ယခု ယုဇနဥယျာဉ်မြို့တော်သို့ ရောက်ရှိလာတော့လည်း အပေါင်းအသင်း အခြွေအရံသစ်တွေ တိုးလာ၏။ ထိုအပေါင်းအသင်းများကား ... ဆိုက်ကားသမားတွေ၊ ဘတ်(စ)ကားသမားတွေ ဖြစ်၏။ အကြောင်းက သူ့ပတ်ဝန်းကျင်တွင် ဆိုက်ကားဂိတ်တွေ၊ ကားဂိတ်တွေ ရှိသည်။

ပြီးတော့ ပုံကျရပ်ကွက်၊ ကျူးကျော်ရပ်ကွက်လည်း ရှိသေးသည်။ ထိုကျူးကျော်ရပ်ကွက် ဆိုက်ကားဂိတ်နှင့် ကားဂိတ်ကို အကြောင်းပြုပြီး စားသောက်ဆိုင်၊ အရက်ဆိုင်တွေလည်း ရှိသည်။ ယမကာအရက်ကို စွဲစွဲလမ်းလမ်းနှင့် ကြိုက်နှစ်သက်သော ကိုစန်းတစ်ယောက် အရက်ဆိုင်မှာ တစ်နေကုန်နေသည်။

ထိုသို့နေမှတော့ စွပ်ကယ်စွပ်ကယ်နှင့် ဝင်လိုက်ထွက်လိုက် ခြေရှုပ်နေသော ဆိုက်ကားသမားတွေ၊ ကားစပယ်ယာတွေနှင့် လုံးထွေးသွားတော့၏။ ဘယ်အထိ လုံးထွေးသွားရသနည်းဆိုသော် သူနေသော အိမ်ခန်းသည် ထိုအပေါင်းအသင်းများ၏ ညအိပ်ညနေ အခန်းကြီး ဖြစ်လေတော့၏။

"ပြီးတော့ ကျွန်တော်သေရင်လည်း စည်ကားလိုက်မယ့်ဖြစ်ခြင်း။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အပေါင်းအသင်းတွေက အများကြီးလေ"

မှန်ပါသည်။ တစ်ချိန်က ကိုစန်း၏ကျေးဇူးကြောင့် မဂ္ဂဇင်းတိုက်ပိုင်ရှင်ဖြစ်သွားသူတွေ၊ လုပ်ငန်းရှင် ဖြစ်သွားသူတွေ ရန်ကုန်မြို့အနှံ့တွင် ရှိနေကြသည်။ ကိုစန်း နာရေးသတင်းကြားသည်နှင့် မိုးထဲရေထဲမှ ပြေးလာပြီး ကူညီကြမည်ဟု သူဆိုလိုခြင်း ဖြစ်သည်။ ကျွန်တော်ကလည်း တစ်ယောက်တည်းနေလို့ သေရမှာကြောက်စရာမလိုကြောင်း။ အရပ်ကောင်းတော့ အလောင်းလှမှာ သေချာကြောင်း ရှင်းပြရသည်။

သည်လိုနှင့် သူသည် တစ်ကိုယ်တော်ဟု ခေါ်ဆိုရမည်ဖြစ်သော ဘဝကို နှစ်နှစ်နီးပါး ဖြတ်သန်းလာပြီး တစ်နေ့မှာတော့ သူ့သူငယ်ချင်း ကိုသက်ဆိုသူ သူ့မြေးအာနီးနှင့်အတူ ရောက်လာသည်။ ကိုစန်းက သူနှင့်အတူ လာနေရန် ဖိတ်ခေါ်လိုက်ခြင်း ဖြစ်သည်။

ကိုသက်ကလည်း ဇနီးသည် [illegible] ဆုံး၊ ချွေးမဖြစ်သူနှင့် မတည့်၍ အိမ် [illegible] အိမ်မဲ့ဖြစ်သူ ဖြစ်၏။ ခုလို ကိုစန်း [illegible] အတူနေရန် လက်ကမ်းလိုက်တော [illegible] ကိုသက်အဖို့ နေ့ချင်းညချင်း နတ် [illegible] နတ်နန်းသို့ ရောက်သွားသလို ဖြ [illegible] တော့၏။ ပြီးတော့ ကိုသက်ကလည် [illegible] ကိုစန်းနည်းတူ ယမကာသမားမို့ [illegible] ပေးမီးယူ ဖြစ်သွားပါတော့သည်။

ကျွန်တော်လည်း မကြာမကြ [illegible] ဆိုသလို အားလျှင်အားသလို သူ [illegible] ပိုင်းဖွဲ့သောနေရာသို့ ရောက်ရင်း [illegible] အကြောင်း ပေအကြောင်း၊ [illegible] အကြောင်း တောင်အကြောင်းတို့ [illegible] ဖြစ်ပါတော့၏။ တစ်ခါတစ်ရံ [illegible] သံဝေဂတရားအကြောင်း စကား [illegible] ရာမှ အထက်ပါအတိုင်း သေခြ [illegible] အကြောင်းကို ပြောမိပါတော့သည်။

(၂)

ကျွန်တော်တို့သည် ၄ နှစ် [illegible] ကျော်အထိ ထိုသို့ ရံဖန်ရံခါ တွေ့ [illegible] သည်။ ထိုအတောအတွင်း ကို [illegible] ကျန်းမာရေးက ဟိုယခင်ကလိုမဟု [illegible] တော့။ အထူးဖြင့် သူ့မျက်လုံး [illegible] သည်မှ တရှောင်ရှောင်ဖြစ်လာသ [illegible] ဆရာဝန်ကလည်း အရက်မသော [illegible] ရန် ညွှန်ကြားထားသည်။ အထူးသ [illegible] သူသောက်နေသော အရက်မှာ စံ [illegible] မမီသော ချက်အရက်သာသာဖြ [illegible] ကျန်းမာရေးကို ထိခိုက်လွယ်သည် [illegible]

ထို့ကြောင့်လည်း စိတ်တိုရန် [illegible] သည့် စရိုက်တွေ ပေါ်လာသည်။ အ [illegible] သဖြင့် ကိုသက်၏တူ အာနီးအ [illegible] ဖြစ်သည်။ အာနီးအပေါ် [illegible] မကြည်လင်လာတော့ ကိုသက် [illegible]



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကိုစိန်းအပေါ် စိတ်ကွက်စိတ်ပျက်လာတော့သည်။

ထို့နောက် သူတို့နှစ်ဦးသည် တစ်အိမ်တည်း၊ တစ်ခန်းထဲမှာ အတူနေပေမယ့် စကားလည်း မပြောကြ။ မျက်နှာချင်းဆိုင်မိတာတောင်မှ မျက်နှာလွှဲနေကြ၊ ယမကာဆိုင်ကိုလည်း အတူမသွားကြ။ တစ်ဦးဆိုင်မှာ ရှိနေလျှင် တစ်ဦးက အိမ်မှာနေကြသည်အထိ ဖြစ်၏။

ဤသို့ မေးပြောခေါ်ထူး အဆင့်တောင် မရှိတော့သော ကာလမှာပင် ကို ကိုသက်တစ်ယောက် မဂ္ဂဇင်းကိစ္စအတွက် မြို့ထဲသို့ မနက်ကတည်းက ထွက်သွားသည်။ နေ့လယ်လောက်မှ ပြန်လာသည်။ ထုံးစံအတိုင်း ယမကာဆိုင်သို့ တက်သွားသည်။ သူ့အား ယမကာအပေါင်းအသင်းများရော၊ ဆိုင်ရှင် မိန်းမကြီးရော ကျီးအာသလို ဝိုင်းမေးကြသည်။

"ဟဲ့ ... ကိုစိန်းရော။ ခါတိုင်းဆို အရက်ဆိုင်ကို ဆင်းလိုက်၊ တက်လိုက်လုပ်နေတာ လေးခါလောက်ရှိပြီ။ ဒီနေ့ တစ်ခါတောင် ဆင်းမလာဘူးဆိုတော့"

"ဟုတ်တယ် ... မနေ့ကလည်း ရင်ထဲမကောင်းဘူးလို့ ညည်းနေတယ်။ သွားကြည့်ပါဦး သေနေလားမသိဘူး"

"ဟာ ... ကျွန်တော် မနက်က ထွက်သွားတော့ အိပ်နေတာပဲ။ ကဲ ... အာနီ။ အခြေအနေ သွားကြည့်စမ်း"

ကိုသက်က အာနီးကို ခိုင်းလိုက်သည်။ အာနီးကလည်း သူနှင့် အစေးမတည့်သည့် ကိုစိန်းအား ဦးလေးတော်သူစကားကို မလွန်ဆန်နိုင်လွန်း၍ သွားကြည့်သည်။ ခဏကြာတော့ အာနီး အပြေးတစ်ပိုင်းနှင့် ရောက်လာသည်။ မောလွန်း၍ ဟောဟဲလိုက်နေသည်။

"နှိုးလို့ မရဘူး"တဲ့။

သည်တော့မှ ကိုစိန်းရှိရာ ပြေးသွားကြသည်။ သူတို့သွားပြီး အကြာမှ ကျွန်တော်လည်း စာရေးပြီး၍ ထိုနေရာ ယမကာဝိုင်းသို့ ရောက်သွားတော့သည်။ ကိုစိန်းအဖြစ်ကိုသိ၍ သွားခြင်းမဟုတ်။ သွားရိုးသွားစဉ် ထုံးစံအတိုင်း သွား၏။

"ဆရာ့သူငယ်ချင်း ကိုစိန်း သေပြီလေ"

ယမကာ လုလင်တစ်ယောက်က သတင်းပေးခြင်းကြောင့် ကျွန်တော် ကိုစိန်းဆီ ရောက်သွားခဲ့သည်။ နာရီကိုကြည့်လိုက်တော့ ညနေ ၂ နာရီထိုးပြီးဖြစ်၏။ ကိုသက်တစ်ယောက် တိုက်လှေကားရင်းမှာ ပျာယာခတ်နေသည်။ ထိုလှေကားရင်းရှိ တိုက်ခန်းတွင် ဖုန်းတစ်လုံးရှိသည်။ ကိုစိန်းဆုံးနေတာက အပေါ်ဆုံးထပ် ငါးလွှာမှာ ဖြစ်၏။

"ကိုသက် ဘယ်ဆီ အကြောင်းကြားထားလဲ"

"ကိုမောင်မြင့်ကို အကြောင်းကြားထားတယ်။ စနေနေ့မို့ မဂ္ဂဇင်းတိုက်တွေ ပိတ်တယ်။ သူ့သူငယ်ချင်းတွေအားလုံးကို ဖုန်းဆက်ထားတယ်။ ရုံးဖွင့်မှ လာမှာတဲ့"

"သူငယ်ချင်းတွေဆီ ဖုန်းဆက်ပြီး ဘာလုပ်ရမှာလဲ။ အရေးကြီးတာက အလောင်းမြေကျဖို့ပဲ။ ခု ... ၂ နာရီကျော်ပြီ။ နာရေးကူညီမှုကို အကြောင်းကြားပြီးပြီလား။ ဘာတဲ့လဲ"

"နာရေးကူညီမှုအသင်းက သေဆုံးကြောင်း လက်မှတ်မပါဘူးဆိုရင် သူတို့ လာလို့မရဘူးတဲ့"

"ကဲ ... ဒါဆိုရင် လက်မှတ်ထိုးရအောင်လုပ်လေ။ လမ်းဆယ်အိမ်မှူး၊ ရာအိမ်မှူး မရှိဘူးလား"

"သူတို့ အကူအညီ မရဘူးဗျ"

"မရရင် ကိုယ့်ဘာသာ လက်မှတ်သွားရှာမယ်။ ကိုသက် ... ခင်ဗျားမှာ ပိုက်ဆံ ဘယ်လောက်ရှိလဲ။ ကိုစိန်းမှာကော ပိုက်ဆံဘယ်လောက်ရှိလဲ"

"တစ်ပြားမှ မရှိဘူး"

ကျွန်တော့်အိတ်ထဲမှာ ငွေနှစ်ထောင်လောက်ရှိတယ်။ ကျွန်တော် ကြားဖူးတာက ဆရာဝန်၏ သေဆုံးကြောင်းလက်မှတ် ရယူလိုလျှင် ငွေ ၁၅၀၀ ပေးရသည်ဟု သိထားသည်။ ထို့ကြောင့် ကိုသက်ကိုခေါ်ကာ အနီးအနားရှိ ဆေးခန်းဆရာဝန်များထံ သွားကြသည်။ သူတို့က သူတို့ကုသထားသော လူနာမဟုတ်လျှင် မပေးနိုင်ဟု ဆိုသည်။ ခက်တာက ကိုစိန်းသည် ဘယ်အချိန်ကတည်းက သေဆုံးသည်ဟု မပြောနိုင်ခြင်းပင်ဖြစ်၏။

ယုဇန A.B အတွင်းရှိ ဆရာဝန်များထံ သွားပြီးပြီဖြစ်၏။ တစ်ဦးတစ်ယောက်ဆီမှ လက်မှတ်မရခဲ့ပါ။ သည်လိုနှင့် မိုးကြီးချုပ်တော့မည်။ မိုးချုပ်အချိန်မရှိလျှင် နာရေးအသင်းကို အကူအညီတောင်း၍ ရမည်မဟုတ်။ ခက်တော့ ခက်နေပြီဖြစ်၏။ စစ်တောင်းရပ်ကွက်သို့ သွားရမည် ဖြစ်၏။

ကံကောင်းချင်တော့ ဈေးထဲ

www.burmeseclassic.com

တွင် စာရေးဆရာ ကိုပိုက်နှင့် ဆုံဖြစ်သည်။ သူ့အား အကျိုးအကြောင်းကို ပြောရာ သူ့တွင် ဈေးဖိုးတစ်ထောင် ပါသည်ဆို၍ ...

"ဘာပဲဖြစ်ဖြစ် ... အဲဒါသာ ပေးဗျာ"

ဆိုပြီး ဆိုက်ကားငှားကာ စစ်တောင်းရပ်ကွက်သို့ သွားသည်။ ဆရာဝန်ကိုလည်း ဆိုက်ကားတစ်စီးနှင့် ခေါ်ခဲ့သည်။ အိမ်ရောက်တော့ ဆရာဝန်စီးလာသော ဆိုက်ကားကို ပြန်လွှတ်လိုက်သည်။ ဆိုက်ကားခတော့ တောင်းတောင်းပန်ပန်နှင့် ဈေးလျှော့ကာပေးလိုက်သည်။

ဆရာဝန်လည်း ကိုစန်းကိုကြည့်လိုက်တော့ သေဆုံးတာ ၁၂ နာရီ ကျော်ပြီ။ ပါးစပ်နှင့် နှာခေါင်းမှာလည်း သွေးတွေထွက်နေသည်။ သူလက်မှတ် မပေးရဲ။ ဆေးရုံကြီးကိုပို့လိုက်ရန် ညွှန်ကြားသည်။ ခုမှ ပိုခက်ပြီ။ ဆေးရုံကို ပို့ပို့၊ ရေဝေးကိုပို့ပို့ ကားခလိုသည်။ ဘယ်သူက ပို့ပေးမှာလဲ။ ဘယ်သူက ငွေစိုက်ပေးမှာလဲ။

ကိုစန်း၏ သူငယ်ချင်းများထံ ဖုန်းဆက်တော့ ...

"အချိုပွဲ ပို့လိုက်မယ်"

"ထုံးစံအတိုင်း သုံးရက်ထားပါ"တဲ့။

"နာမည်တစ်လုံးရထားတဲ့ စာရေးဆရာကို ခမ်းခမ်းနားနား သဂြိုဟ်မှပေါ့"

ငွေရေးကိစ္စ အဆင်ပြေမှာလား ဆိုပြီး ဖုန်းဆက်ပေမင့် သူတို့ဆန္ဒတွေကိုသာ ညွှန်ကြားခဲ့သည်။ ထို့နောက် ကျွန်တော်လည်း ရေမိုးချိုးရန် အိမ်ပြန်ခဲ့သည်။

ဂု–နာရီနီးပါးရှိမှ ကိုစန်းရှိရာသို့ ရောက်လာပြန်သည်။ မီးကမလာ ဖြစ်နေသည်။ သူ့တိုက်ခန်းထဲမှာ ဖယောင်းတိုင်မီးသာ ထွန်းထားသည်။ ထူးခြားတာက ရဲအရာရှိတွေပါရောက်နေသည်။

"ကိုသက် ... ခင်ဗျား ရဲကို ခေါ်လိုက်တာလား"

"ဟုတ်တယ်လေ။ ကူညီပါရစေ ဆိုတဲ့ စာတန်းကို သတိရပြီး ခေါ်လိုက်တယ်"

"သူတို့က ဘာပြောလဲ"

"သူတို့က သေရိုးသေစဉ်မဟုတ် ဆိုတဲ့ သံသယနဲ့ ကျွန်တော်တို့ တူဝရီးကို ဖမ်းချုပ်တယ်"

ကံကောင်းတာက စာရေးဆရာ နှုတ်ခမ်းမွေးလည်း ကျွန်တော်နှင့်အတူ ပါလာသည်။ သူက မြို့နယ် စာနယ်ဇင်း အတွင်းရေးမှူးဖြစ်သည်။ သူနှင့် ရဲအရာရှိသည် မိန်းမဘက်က ဆွေမျိုးတွေမို့ ဘယ်လိုလုံးလိုက်သည် မသိ။ ပြေလည်သွားသည်။ သူကတောင် အကြံပေးသေးသည်။ စည်ပင်ကားနှင့် ဆေးရုံပို့လျှင် တစ်သိန်းလောက်ကျမည်တဲ့။

အဲဒီလို ငွေကြေးနဲ့ စကားပြောရမှာကိုကြောက်လို့ နာရေးကူညီမှုအသင်းကို အကူအညီတောင်းရခြင်း ဖြစ်၏။ ဆရာဝန်လက်မှတ် မရ၍ နာရေးကူညီမှုအသင်း၏ ကူညီခြင်းကို မရရှိခဲ့ပါ။ ရရှိအောင်လည်း ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက မကူညီကြပါ။ ကံဆိုးသည့် ကိုစန်းဖြစ်၏။ သေတာတောင် ဖြောင့်ဖြောင့် မသွားရပါလား။

ထို့နောက် ကျွန်တော်တို့လည်း ပြန်ခဲ့သည်။ ကိုသက်နှင့် ရဲများသာ ကျန်ခဲ့သည်။ နံနက်ကျတော့ ကျွန်တော် ထပ်မံအခြေအနေကိုသိရန် လာခဲ့ပြန်သည်။ ဤအခါ ကိုစန်းအလောင်း ဆေးရုံသို့ရောက်သွားပြီဖြစ်ကြောင်း သတင်းစကားကို ကြား၍ ဝမ်းသာမိသည်။

"ဘာကားနဲ့ ပို့လိုက်တာလဲ"

"ကားနဲ့ မဟုတ်ဘူးဆရာ။ ဆိုက်ကားနဲ့ပါ"

"ပိုက်ဆံ ဘယ်လောက် ပေးရလဲ"

"သုံးသောင်းပါ ဆရာ"

"ဘယ်သူ စိုက်ပေးတာလဲ"

"စွမ်းချက်တဲ့ မှော်ရုံကပါ။ သူတို့လည်း စေတနာပါလို့ မဟုတ်ဘူး"

"ဘာလို့ ပြောနိုင်ရတာလဲ"

"ရပ်ကွက် နှာလို့လေ။ အနံ့အသက်က ထွက်လာပြီလေ။ ဆိုက်ကားသမားလည်း အရက်မူးအောင် တိုက်ထားပြီး အလောင်းကို စောင်နဲ့ ထုပ်ပြီး ယုဇန၊ တောင်ဒဂုံ၊ မြောက်ဒဂုံကိုဖြတ်ပြီး မြောက်ဥက္ကလာဆေးရုံ ကို ရောက်သွားတာပေါ့ ဆရာ ..."

ကျွန်တော့်မြင်ကွင်းထဲမှာတော့ အပေါင်းအသင်း ပေါ်များသော ကိုစန်း တစ်ယောက်အား အုံနှင့်ကျင်းနှင့် လိုက်ပို့မည်ဟု ထင်ထား၏။ ခုတော့ ကိုစန်း၏ အပြန်ခရီးကား ခြောက် ခြောက်သွေ့သွေ့နှင့် တိတ်ဆိတ်စွာ ဆိုက်ကားဆရာသာ အဖော်ပါလာ တကား။

လကွေးကွေးနှင့် မြူခြေတွေ အုပ်ဆိုင်းနေသော ညချမ်း ၂ နာရီ လောက်မှာပေါ့ ...။

www.burmeseclassic.com

# မြန်မာပီသသော စုံထောက်

ဝင်းမြအောင် (မြိတ်)

မြန်မာပြည်စုံထောက်ဌာနတစ်ခု၌ သင်တန်းပို့ချနေပါသည်။ ဤစုံထောက်ဌာနကို "ပါဝါနင်ဂျာစုံထောက်အဖွဲ့" ဟူ၍ ကလေးများက အမည်ပေးထားပါသည်။

သင်[illegible]းမှူး= "သူခိုးဆိုတာ ဘယ်လိုဟာ[illegible]ခေါ်ပါသလဲ ပြော[illegible]မ်းပါ"

သင်တန်းသားများ= "သူပိုင်ဥစ္စာ မသိသာအောင် ယူတာသူခိုးဖြစ်ပါတယ်"

သင်တန်းမှူး= "ဒီလိုဆိုရင် ပြည်သူပိုင်ထား ပစ္စည်းများကို လုပ်သားပြည်သူ မသိမှုဘဲယူသူ သူခိုးဖြစ်တယ်ဟူ၍မှတ်"။

သင်တန်းသားများ= "ဟုတ်"

သင်တန်းမှူး= "ခါးပြဆိုတာ ဘယ်လိုဟာကို ခေါ်ပါသလဲ ပြောစမ်းပါ"

သင်တန်းသားများ= "....."

(တစ်ယောက်မျှ ဖြေသံမကြားရပါ။)

သင်တန်းမှူး= "သူပိုင်ဥစ္စာဖြစ်သည့်ဟာကို သဒ္ဓါဖြူစင် မပေးချင်လည်း သွင်ပြင်ဟန်မူ ခြိမ်းခြောက်ယူသော် ထိုလူခါးပြဖြစ်တယ်ဟူ၍မှတ်။ ပိုင်ရှင်က မပေးချင်လည်း "ခါးပြ" ပြီးတော့ အတင်းဓမ္မတိုက်ယူတာကို "ခါးပြတိုက်တယ်" ... ခေါ်တယ်လို့ မင်းတို့မကြားဖူးဘူးလား"

သင်တန်းသားများ= "ကြားဖူးပါတယ်"

သင်တန်းမှူး= "ဥပမာကွာ ဝန်ထမ်းဌာနတစ်ခုက၊ အချိန်ကြာအောင် ဆွဲထားတာတို့ အစည်းအဝေးသွားနေတယ်တို့၊ ဟိုအကြောင်းပြ၊ ဒီအကြောင်းပြ၊ မနက်ဖြန်မှ လာပါတို့၊ မနက်ဖြန်လာပြန်တော့လည်း သဘာက်ခါပြန်ချိန်းတာတို့ဆိုတာ လုပ်ပိုင်ခွင့်ကို လက်နက်သဖွယ်ပြတာ၊ အဲဒါ"ခါးပြတိုက်"တာပဲ၊ ကဲ နောက်နေ့တွေမှ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးစတဲ့ သင်တန်းတွေကို ဆက်လက်ပို့ချမယ်"

\+ + +   + + +

ကာတွန်းဇာတ်လမ်းထဲမှာ စုံထောက်မောင်စံရှားဖြစ်သော်လည်း၊ ကျွန်ုပ်တို့၏ စုံထောက်ကျော်သည် မောင်စံပေါ ဖြစ်ပါသည်။ သင်တန်းမျိုးစုံတက်ပြီးနောက်ပိုင်း ပါဝါနင်ဂျာစုံထောက်အဖွဲ့တွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေခဲ့ပါသည်။

မောင်စံပေါ တာဝန်ကျသော တိုင်းဒေသကြီးတွင် တစ်နေ့ ဆယ်လောင်းပြိုင်လူသတ်ခါးပြတိုက်သည့်အမှုတစ်ခု ပေါ်ပေါက် လာသည်။ ထိုအမှုကို မောင်စံပေါကိုယ်တိုင် လိုက်ပါဆောင်ရွက်ရသဖြင့် အဖက်ဖက်က လိုလေသေး မရှိရအောင် စေ့စပ်သေချာစွာ ဆောင်ရွက်ခဲ့ရာ လူသတ်သမားတို့၏ ကျည်အမျိုးအစားကအစ သဲလွန်စမကာ နိုင်လွန်စ အဆုံးသုံးသပ်ပြီး အစီရင်ခံစာ တင်သွင်းလိုက်ပါသည်။

"ဤအမှုသည် ... သေနတ်ဒဏ်ရာဖြင့် သေသဖြင့် "ခါးပြ"တိုက်တာမဟုတ်သောကြောင့် "ခါးပြတိုက်မှု"မမည်ပါကြောင်းဟူ၍ဖြစ်သည်။ ထို့ကြောင့် ဟိုတုန်းက စုံထောက်သည် စံရှားသလောက် ယခုခေတ်စုံထောက်သည် စံပေါဖြစ်၍ မောင်စံပေါလည်း တိုက်ပုံ၊ ခေါင်းပေါင်းနှင့် ရာထူးတိုးသွားသည် ဟုကြားရပါတော့သည်။

ဝင်းမြအောင် (မြိတ်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လူသုံးမျိုး

မောင်မောင်(ပိတောက်မြိုင်)

အမှန်အတိုင်း ဝန်ခံရလျှင် မဟာသင်္ကြန်ကာလနှင့် ဝါတွင်းကာလများမှာပင် ဥပုသ်သီလဆောက်တည်ရန် ဓမ္မာရုံသို့ မှန်မှန်ရောက်ဖြစ်ပါသည်။ ဓမ္မာရုံဆိုသည်မှာ တရားဓမ္မများ စုစည်းရာ၊ ရွှေခပ်သိမ်းကင်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့သွားရာ ခရီးလမ်းအတွက် အထောက်အကူပြုရန်နှင့် သူတော်စင်၊ သူတော်ကောင်းများ တရားဓမ္မ ဆွေးနွေးရာနေရာဟု ဆိုပါလျှင် မှန်မည်ထင်ပါသည်။ (မှားလျှင် ခွင့်လွှတ်ကြပါ။ ပြင်ပေးကြပါရန်)။

ဓမ္မာရုံသည် ရပ်ကွက်တိုင်းလိုလိုပင် ရှိသည်။ အမြော်အမြင်ကြီးမားသူ၊ ဘာသာရေး လူမှုရေး အကျိုးရည်ရွယ်၍ စိတ်အားထက်သန်သူများ၏ ဦးဆောင်မှုဖြင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများ၏ စုပေါင်းအိုနွေငွေဖြင့် တည်ဆောက်ခြင်းဖြစ်သည်။

တကယ်တော့လည်း လွယ်ကူသောကိစ္စမျိုးမဟုတ်ပေ။ အများနှင့်ဆိုင်သော ကိစ္စဖြစ်၍ ထွေလာကျွေကာ ပြဿနာတွေ ခွင့်လွှတ်နိုင်ခြင်း၊ ဗွဲ့လုံ့လ, ဝီရိယတို့ဖြင့် ဆောင်ရွက်နိုင်၍သာလျှင် ခံ့ညားထည်ဝါ၊ တင့်တယ်သော ဓမ္မာရုံကြီးတစ်ခု ဖြစ်လာရသည်။

၁၃-၈-၁၃ နေ့က သီလပွဲတွင် သီလပေး၊ တရားပြဆရာတော်၏ သတိပေးဆုံးမစကား သုံးခွန်းကလည်း ဦးစီးခေါင်းဆောင်သူ ဓမ္မာရုံအမှုဆောင်များနှင့် ရပ်ကွက်သူရပ်ကွက်သားများ အလေးထားမှတ်သားစရာ ကောင်းလှပါသည်။

ဦးစီးခေါင်းဆောင်လုပ်သူ ဓမ္မာရုံအမှုဆောင်များသည် -

(၁) သစ္စာရှိရမည်။

(၂) မေတ္တာထားရမည်။

(၃) စေတနာရှိရမည်။

အလွန်မှန်ပါသည်။ ဦးစီးခေါင်းဆောင် အမှုဆောင်များဘက်ကလည်း လုပ်ကြကိုင်ကြရတာ သိပ်တော့လွယ်ကူလှသည် မဟုတ်ပါ။ အများနှင့် ဆက်ဆံရသော အလုပ်ဖြစ်၍ အခက်အခဲများက အနည်းနှင့်အများ ကြုံတွေ့နိုင်ပါသည်။ ဓမ္မာရုံသို့ လာရောက်ကြသူများကလည်း မူလရည်ရွယ်ချက်မှာ သီလဆောက်တည်၊ တရားဘာဝနာများ အားထုတ်ရန်ဖြစ်သည်။

သို့သော်လည်း ပုထုဇဉ်လူသားတွေ ဖြစ်ကြသည့်အလျောက် လောဘ၊ ဒေါသ၊ မောဟ မပယ်နိုင်ကြသေးသူများလည်း ပါကောင်းပါနိုင်ပါသည်။ မိမိဆန္ဒကို ရှေ့တန်းတင်ထားသော အတ္တသမားများလည်း ပါတတ်ပါသေးသည်။

ဥပုသ်နေ့ တစ်နေ့မှာ မမျှော်လင့်သော ကိစ္စလေးတစ်ခု ကြုံဖူးပါသည်။ စေတနာရှင်တစ်ဦးက ဆရာတော်နှင့်တကွ ဥပုသ်သီလ လာရောက်ဆောက်တည်သူများကို ကြက်ဆီထမင်းဖြင့် ညှော်ခံကျွေးမွေးလှူဒါန်းသည်။ အမှုဆောင်များနှင့် လုပ်အားပေးသူများက ထမင်းပန်းကန်များကို တစ်ဦးချင်းထံ လိုက်လံချပေးသည်။

ဤတွင် . . .မဖြစ်ကောင်းသော ပြဿနာလေးတစ်ခု ဖြစ်သွားသည်။ အသက်ခပ်ကြီးကြီး ပုဂ္ဂိုလ်တစ်ဦးက သူ့ပန်းကန်ထဲတွင် အရိုးများသော ကြက်သားတုံးထည့်ပေးသည်ဟု ပြဿနာလုပ်သည်။

ပန်းကန်လာချပေးသူက "မဟုတ်ပါဘူး ဦးလေးရယ်။ ဟိုက ပြင်ပေးလိုက်တဲ့အတိုင်း ယူလာတာပါ။ ရွေးယူလာတာ မဟုတ်ပါဘူး"ဟု ယဉ်ကျေးစွာ တောင်းပန်စကားဆိုသည်။

သို့သော်လည်း ထိုပုဂ္ဂိုလ်ကြီးက မကျေနပ်။ အချေအတင်ပြောရာက ပဋိပက္ခအသွင် ဆောင်သွားသည်။ တော်လေးသည်။ ပန်းကန်လာချပေးသူ အမှုဆောင်က ထွက်လာသော ဒေါသကို အချိန်မီ သည်းခံခွင့်လွှတ်လိုက်နိုင်သဖြင့် ပဋိပက္ခကနေ ရန်ဘက်သို့ ရောက်မသွားခဲ့ခြင်းဖြစ်သည်။ တကယ်တော့ စားသုံးသူက အတ္တနှင့်လောဘကို ရှေ့တန်းတင်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ညှော်ခံသူကလည်း စေတနာကို အစော်ကားခံရ၍ ဒေါသထွက်ခဲ့ရခြင်းဖြစ်သည်ဟု ဆိုရပေမည်။

× × ×

ဤမွှာရုံကြီးတွင် အမှုဆောင်အဖွဲ့၏ ကြိုးပမ်းချက်ကလည်း သာဓုခေါ်စရာကောင်းလှသည်။ ဥပုသ်နေ့တိုင်း ဆရာတော်ကို ဆွမ်းကပ်သည်။ ဥပုသ်သည်များကို ကျွေးမွေးညှော်ခံနိုင်ရန် စီစဉ်ကြသည်။

မွှာရုံသို့ လာရောက်၍ သီလဆောက်တည်ကြသူများကလည်း မနည်းလှ။ အထူးသဖြင့် မဟာသင်္ကြန်ကာလနှင့် ဝါတွင်းကာလတို့တွင် များပြားလှသည်။ ညှော့်ပရိသတ်များလေ ချက်ပြုတ်ညှော်ခံ ကျွေးမွေးရသူများအနေဖြင့် အခက်အခဲများ ကြုံရလေဖြစ်သည်။

မွှာရုံမှာ ညှော်ခံကျွေးမွေးရသည်က အလှူတို့၊ မင်္ဂလာဆောင်တို့လို ဖိတ်စာနှင့် ကန့်သတ်ဖိတ်ထားတာမျိုး မဟုတ်။ ဒီတစ်ပတ် လူများသော်လည်း နောက်တစ်ပတ် လူနည်းချင် နည်းတာမျိုးဖြစ်သည်။ ဤအခါ ချက်ရပြုတ်ရသည်မှာ မလွယ်ကူလှပါ။ မှန်းဆချက်ရတာမျိုးဖြစ်သည်။

ပိုသည်များလည်းရှိသည်၊ လိုသည်များလည်း ရှိသည်။ ပိုသွားသည့်အခါ တချို့က တီးတိုးဆိုကြသည်။ ကိုယ့်အိတ်ထဲက မဟုတ်တိုင်း ဖုံးပေါလအောလုပ်တယ်၊ လိုသွားတဲ့အခါကျပြန်တော့လည်း ကိုယ့်ပိုက်ဆံကျနေတာပဲ စသည်ဖြင့် ပြောကြသည်။

လူတွေရဲ့ပါးစပ်က အလွန်ခက်သည်။ မိမိဝန်ထမ်းဘဝက ကြုံခဲ့ရတာလေးသွားသတိရသည်။ မိမိက အထက်အရာရှိတစ်ဦး၏ ကိုယ်ရေးအရာရှိ လုပ်ဖူးသည်။ ထိုစဉ်က အဆင့်တိုးမြင့်ရေးစာမေးပွဲ ဖြေရသည်။ ပထမတစ်ကြိမ်တွင် မိမိရာထူးမရခဲ့။ ဤအခါ အများက ဆိုကြသည်။ ဒီကောင်အတော်ညံ့တဲ့ကောင်၊ လူကြီးနားနေပြီး…။

ဒုတိယအကြိမ် ရာထူးတိုးမြင့်ရေးပေါ်လာသည့်အခါ အများနည်းတူ မိမိလည်း ဝင်ဖြေသည်။ ကံအားလျော်စွာ တစ်ဆင့်မြင့်ရာထူးရခဲ့သည်။ ဤအခါ အများက ဆိုကြပြန်သည်။ "ဒီကောင်က ရမှာပေါ့ကွာ၊ လူကြီးနားနေတာပဲ" တဲ့။ မိမိဒေါသထွက်ပြီး ကလော်တုတ်ခဲ့ဖူးသည်။

× × ×

မွှာရုံအမှုဆောင်လူကြီးများနှင့် လုပ်အားပေးကြသူများ အလွန်သည်းခံခွင့်လွှတ်နိုင်ကြသည်။ ချီးကျူးစရာကောင်းပါသည်။ အထူးသဖြင့် ချက်ရေးပြုတ်ရေးနှင့် လုပ်အားဒါန ဝါသနာပါသူ အမျိုးသမီးကြီး သုံးလေးယောက်ရှိသည်။ အလွန်စေတနာထက်သန်သည်။

ကိုယ်တိုင်ဈေးသွားသည်၊ ကိုယ်တိုင်ဦးဆောင် ချက်ပြုတ်သည်။ ချက်ရင်းပြုတ်ရင်း လိုအပ်တာလေးများရှိပါက မိမိအိတ်ထဲကစိုက်၍ ဝယ်ခြမ်းစေသည်။ ဤမျှစေတနာကောင်းသော အမျိုးသမီးကြီးတစ်စု ဖြစ်သည်။ ကျွေးရင်းမွေးရင်း ဟင်းကုန်သွားပါက သူတို့တစ်တွေကတော့ အိုးနယ်စားသူများသာ ဖြစ်သည်။ သူတို့ချက်ပြုတ်ထားသည်များကို ညှော့်ပရိသတ်များ အားရပါးရမြိန်ရေရှက်ရေ သုံးဆောင်နေသည်များကိုကြည့်ပြီး ပီတိဖြစ်နေသူများဖြစ်သည်။

ဤကဲ့သို့ စေတနာရှင်များ မွှာရုံတိုင်းတွင် ရှိသင့်ပါသည်။ တချို့သော မွှာရုံများတွင် အလှူတစ်ခု အကြောင်းပြု၍ ချက်ကြပြုတ်ကြ၊ စားကြသောက်ကြ၊ ချိုင့်ကြီးချိုင့်ငယ်ဖြင့် သယ်ကြ၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအိမ်သို့လည်း ပို့ကြရဟု သတင်းစကားတွေ ကြားဖူးသည်။

ချက်ရေးပြုတ်ရေး လုပ်အားဒါနပေးရသည်ကို ဝါသနာကြီးသူ အမျိုးသမီးကြီးတစ်ခု၏ ခင်ပွန်း၏စကားသံကလည်းစိတ်ဝင်စားစရာကောင်းပါသည်။

"ကျွန်တော့်အမျိုးသမီးက အိမ်မှာဆိုရင် ဖင်နာတယ်၊ ခေါင်းနာတယ်နဲ့ ဘာမှ မည်မည်ရရ မလုပ်နိုင်ပါဘူး အိမ်ဖော်ကောင်မလေးကိုပဲ လက်ညှိုးညွှန်ခိုင်းနေတာဗျ။ မွှာရုံကိစ္စဆိုရင်တော့ အဖိတ်နေ့ကတည်းက အ… ကြီးထတယ်။ သူတို့အဖွဲ့တွေ ဈေးသွ… ကြတယ်။ တစ်နေ့ကုန် ချက်ကြပြုတ်… ကြတယ်။ ညနေမှ အိမ်ပြန်လာတယ်"

"ဥပုသ်နေ့ကျပြန်တော့လည်း မိုး… မလင်းခင်ကတည်းက မွှာရုံကိုသွား… တယ်။ ကျုပ်ကလိုက်ပို့ပေးရတယ်။ ညှော့်… ပရိသတ်တွေကို ကျွေးရမွေးရ ညှော်… ရတာကို သူမှာ ပီတိတွေဖြာလို့"

"အဲ…အဲ…ညနေ အိမ်ပြ… ရောက်လာရင်တော့ ပြဿနာစတော့… တာပဲ။ ခါးကကိုက်သလိုလို၊ ကျော… ကအောင့်သလိုလို၊ ဇက်ကြောက တင်… သလိုလိုနဲ့ ပက်လက်ကုလားထိုင်… မှာ ခြေပစ်လက်ပစ် ထိုင်ချ… တာပဲဗျို့။ အိမ်ဖော်ကော… မကလေး… တော့ ဇက်ကြောနှိပ်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com

"မတော်လို့ ကောင်မလေးများ ဆိုရင်..."

"ဟာ...ဗျာ၊ ခင်ဗျားကလည်း စာရေးဆရာပီပီ အတွေးကဲ့ တယ်လေး ထွက်ပါလား"

သူက မလုံမလဲမျက်နှာဖြင့် ပြုံး၍ပြောသည်။ ကျွန်တော်က အရွှန်းဖောက်၍ ဆိုလိုက်သည်။

"ကိုယ့်ဇနီးကို ဇက်ကြောခွဲပေးတာ ရှက်စရာမဟုတ်ပါဘူး ဆရာရယ်။ ကျွန်တော်ဆိုရင် ဇနီးက ခဏခဏ ခြေထုံးကြွက်တက်တတ်တယ်။ ကျွန်တော် နှိပ်ပေးလိုက်တာပဲ။ ကိုယ်နှိပ်ပေးလို့ သူသက်သာသွားရင် ပီတိဖြစ်ရတာပေါ့ဗျာ"

"ခင်ဗျားကိုတော့ ယုံပါတယ်ဗျာ၊ ယုံပါတယ်"

"ဟား...ဟား...ဟား"

နှစ်ယောက်သား အားရပါးရ ရယ်မောလိုက်ကြသည်။

သတ်မှတ်ထားချက်အတိုင်း နံနက် ၁၀ နာရီတွင် ဆရာတော်ထံမှ သီလယူကြရမည်ဖြစ်သည်။ သီလယူလိုသူများ ကြိုတင်၍ တဖွဲဖွဲရောက်လာကြသည်။ ဓမ္မာရုံကြီးအတွင်း ပြည့်လုနီးပါးဖြစ်သည်။ သတိပြုမိသည်မှာ အမျိုးသားများထက် အမျိုးသမီးများက ပိုများသည်ကို တွေ့ရသည်။ နတ်ပြည်တွင် နတ်သားတစ်ပါးလျှင် နတ်သမီး တစ်ထောင်ငါးရာ စံစားရသည်။ ထိုစကားသည် ဖြစ်နိုင်ဖွယ်ရှိသည်ဟု ဆိုရပေမည်။

လူများတော့ စကားများကြသည်မှာ အမှန်ပင်ဖြစ်သည်။ တူရာတူရာ အုပ်စုလိုက် ပြောကြဆိုကြ၊ ရယ်ကြမောကြသည်မှာ လက်ဖက်သုပ်ပင် ဆက်ရက်ကျသည့်နှယ် ဖြစ်နေသည်။ သားရေး သမီးရေး စီးပွားရေး စုံလှသည်။ နိုင်ငံရေးလည်း ပါသည်။ အားကစား၊ ဘောလုံးပွဲ၊ လက်ဝှေ့ပွဲ ကိစ္စတွေလည်းပါသည်။ ဓမ္မစေတီခေါင်းလောင်းကြီး ဆယ်ယူနေသည့်ကိစ္စပင် ပါလိုက်သေးသည်။

အတွင်းရေးမှူးက မောင်းတစ်ချက်ထုလိုက်သည့်အခါမှပင် ဆူညံသံများတိတ်သွားသည်။ အတွင်းရေးမှူးက

"ဓမ္မမိတ်ဆွေများခင်ဗျား။ ကိုးပါးသီလယူရန် အချိန်နီးကပ်ပြီဖြစ်ပါ၍ နေရာယူကြပါရန်"

ဆိုလိုက်သည့်အခါ ပို၍တိတ်ဆိတ်သွားတော့သည်။

ဆရာတော်က တရားဟောပလ္လင်ပေါ်သို့ ကြွချီလက် ကိုးပါးသီလပေးသည်။ ပြီးနောက် လူ့ဒါန်းမှုအစုစုအတွက် ရေစက်ချ အနုမောဒနာတရားဟောကြားတော်မူသည်။ ၁၆-၉-၁၄ ဥပုသ်နေ့က ဆရာတော်ဟောကြားခဲ့သော တရားတော်မှာ မှတ်သားဖွယ်ရာ အလွန်ကောင်းလှသည်။ တရားခေါင်းစဉ်က "လူသုံးမျိုး" ဖြစ်သည်။

(၁) အသက်ကြီးသော်လည်း အသိဉာဏ်မရှိ၊ မိုက်မဲသောလူ။

(၂) အသက်ငယ်သော်လည်း အသိဉာဏ်ရှိ၍ လိမ္မာရေးခြားရှိသောလူ။

(၃) အသက်လည်းကြီးသည်၊ အသိဉာဏ်လည်းရှိသည်။ လိမ္မာရေးခြားရှိသောလူတို့ ဖြစ်သည်။

"အဲဒီလူသုံးမျိုးထဲမှာ ဒကာကြီးတို့၊ ဒကာမကြီးတို့ ဘယ်လိုလူမျိုးဖြစ်တယ်ဆိုတာ မိမိကိုယ်မိမိ ပြန်စဉ်းစားကြည့်ကြပါ။ မှားနေလျှင်လည်း အချိန်မီ ပြင်လိုက်ကြဖို့ ဘုန်းကြီးတိုက်တွန်းပါတယ်"

ဟု မိန့်တော်မူခဲ့သည်။

ဆရာတော်၏ တရားတော်အပေါ် မိမိအာရုံစိုက် နာကြားနေရှင်းက နံပါတ်(၁)လူစားမျိုးဖြစ်မည်ကို ကြောက်သွားခဲ့မိသည်။ တစ်ဆက်တည်းမှာပင် မိမိစိတ်အစဉ်တို့သည် အာရုံတစ်ပါးသို့ လွင့်စဉ်သွားခဲ့ရာ မိမိဝန်ထမ်းဘဝ မင်္ဂလာတောင်ညွန့်ရဲစခန်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က နံပါတ်(၁)လူစား၊ အသက်ကြီးသော်လည်း အသိဉာဏ်မရှိ မိုက်မဲလှသော လူကြီးတစ်ယောက်အကြောင်း သတိရမိတော့သည်။

× × ×

"မုဒိမ်းမှုတစ်ခု ဝင်လာတယ်ဆရာ"

ရဲစခန်းထဲဝင်လာသော စခန်းမှူးကို ရဲစာရေးကြီးက သတင်းပို့လိုက်ခြင်းဖြစ်သည်။

"မုဒိမ်းမှုဆိုတော့လည်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၃၇၆)အရ အမှုဖွင့်ပေးလိုက်ရုံပေါ့ဗျာ။ ဘာများဆန်းသလဲ"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒီအမှုက ဆန်းသလိုဖြစ်နေတယ်ဆရာ"

"စာရေးကြီးရယ်...မုဒိမ်းမှုဆိုတာ အလိုမတူ၊ ခွင့်မပြုမပေး သေနာဘေးနှင့် ထင်ရေးလင်မြောက်၊ ရွယ်မရောက်က၊ သက်အောက် ၁၄၊ မုဒိမ်းရေးလို့ ဆိုထားတယ်လေ။ ဒါပဲမဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ် ဆရာ။ ဒီအမှုက ဖခင်က သမီးကို ပြုကျင့်တဲ့အမှု ဖြစ်နေပါတယ်"

"ဘာဗျ"

www.burmeseclassic.com

စခန်းမှူး အံ့အားသင့်သွားသည်။ ဒေါ်သလည်းဖြစ်သွားတယ်။

"ကျော်မကောင်း၊ ကြားမကောင်း လူ့တကာကြားလို့မှ မသင့်တော်ပါလား။ အဲဒီမုဒိမ်းကောင် အချုပ်ထဲမှာလား။ ထုတ်ပေးစမ်းဗျာ"

"အချုပ်ခန်းထဲ မရောက်သေးပါဘူး ဆရာ။ စောစောကမှ ဖမ်းဆီးဖို့ နယ်ထိန်းအဖွဲ့ သွားနေတုန်းပါ"

"ဘယ်မှာဖြစ်တာလဲ"

"အမဲဈေးနားက ကျူးကျော်ရပ်ကွက်မှာပါ"

"ကောင်းပြီ။ နယ်ထိန်းအဖွဲ့ ပြန်ရောက်လာရင် ကျုပ်ကို ချက်ချင်း သတင်းပို့ဖို့ ပြောလိုက်"

"ဟုတ်..."

စခန်းမှူးက သူ့ရုံးခန်းထဲဝင်သွားပြီး အလုပ်လုပ်နေသည်။ ခဏအကြာတွင် နယ်ထိန်းအဖွဲ့ ပြန်ရောက်လာသည်။ အသက် ၇၀ ကျော်ခန့် အဘိုးကြီးတစ်ယောက် ပါလာသည်။ နယ်ထိန်းခေါင်းဆောင်က စခန်းမှူးကို သတင်းပို့လိုက်သည်

စခန်းမှူးက ပါလာသော အဘိုးကြီးကို စူးစိုက်ကြည့်လိုက်သည်။ ဆံပင်က ကျိုးတိုးကျဲတဲ၊ နဖူးက ပြောင်ပြောင်၊ မျက်တွင်းက နက်သည်။ နှုတ်ခမ်းက ထူသည်။ နှာခေါင်းက ပွသယောင်ရှိသည်။ အသားက နီးစပ်စပ်၊ အရပ်က ခပ်ပြတ်ပြတ်။ အသားအရေက ပြည့်ပြည့်တင်းတင်းမရှိ။ ကြည့်ကောင်းသော လူရုပ်လူ့ပုံမျိုးမဟုတ်ဟု ဆိုရပေမည်။

"ထိုင်ဗျာ..."

စခန်းမှူးက သူ့စားပွဲရှေ့ရှိ ကုလားထိုင်လွတ်ကို ညွှန်ပြလိုက်သည်။ အဘိုးကြီးက မရွံ့မရဲဖြင့် ဝင်ထိုင်လိုက်သည်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

"ထွန်းဝင်းပါ"

"အဘအမည်"

"ဦးကြာမြင့်ပါ"

"အသက်က"

"၇၆ နှစ်ကျော်ပါပြီ"

"အလုပ်အကိုင်က"

"အငြိမ့်ထဲမှာ နိုးတီးပါတယ်"

"နိုးပတ်တီးတာကို ပြောတာလား"

"မဟုတ်ဘူးခင်ဗျ"

"ဒါဆို နိုးဆိုတာ ဘာကိုပြောတာလဲ"

"ခြောက်လုံးပတ်လို့လည်း ခေါ်ပါတယ်။ ပုံကလေးခြောက်လုံး၊ ကြီးစဉ်ငယ်လိုက် စီထားပါတယ်။ အထက်မှာ ဒေါက်စင်လေးနဲ့ ခပ်ကြီးကြီး ပုံတစ်လုံး တင်ထားပါတယ်။ အဲဒါကို စကွန့်လို့ ခေါ်ပါတယ်။ အဲဒီပုံတွေကို တီးရတာကို နိုးတီးတယ်ဟု ခေါ်တာပါ"

"ကျွန်တော်တို့ အငြိမ့်လောကမှာ နိုးတီးတဲ့သူဟာ အဓိကနေရာတစ်ခု ဖြစ်ပါတယ်။ မင်းသမီးက နိုးတီးကွက်အပေါ်မှာ မူတည်ကရပါတယ်။ မင်းသမီး မှားနေရင် နိုးသမားက ဖေးမပေးလိုက်ရင် အခြင်ပြေသွားပါတယ်။ နိုးသမား ညစ်ပတ်ရင်လည်း မင်းသမီး အိုးနင်းခွက်နင်းဖြစ်ပြီး ဒုက္ခရောက်ကြတော့တာပါပဲ။ အဲဒါ နိုးသမားနဲ့ မင်းသမီးဟာ သဟဇာတဖြစ်ကြရပါတယ်"

× × ×

"ဒါတွေ ထားလိုက်ပါတော့ဗျာ။ အခုခင်ဗျားကျူးလွန်ခဲ့တဲ့ အမှုက လူကြားမကောင်း၊ သူကြားမကောင်း။ ကိုယ့်သမီးကိုယ်..."

စခန်းမှူးက သူ့ပါးစပ်က ထွက်ရမှာပင် ဝန်လေးနေမိသဖြင့် သူ့စကားကို ဆက်မပြောဘဲ ရပ်ထားလိုက်သည်။ ဦးထွန်းဝင်းက ခေါင်းကြီးအောက်စိုက်လျက် ငြိမ်နေသည်။ စခန်းမှူးက သူ့စကားကို ပြန်ဆက်လိုက်သည်။

"ခင်ဗျား ဘယ်လိုက ဘယ်လိုမှားခဲ့တယ်ဆိုတာ ပြောစမ်းဗျာ"

ဦးထွန်းဝင်း ခေါင်းမော့လာပြီး မရဲ့တရဲ လေသံလေးဖြင့် မပွင့်တပွင့် ပြောလာသည်။

"ကျွန်တော် မှားပါတယ် ဆရာလေးရယ်"

"အဲဒါတွေ ပြောမနေပါနဲ့တော့ဗျာ။ ခင်ဗျားအမှားက ပြင်လို့ရတဲ့အမှားမဟုတ်ဘူးဗျ"

"ဟုတ်ပါတယ် ဆရာလေးရယ်။ တကယ်တော့ မြခင်ဟာ ကျွန်တော့်သမီးအရင်း မဟုတ်ပါဘူး။ ကျွန်တော့် ဇနီး တင်မေက ပါလာတဲ့ မယားပါ သမီးပါ"

"မယားပါသမီးဆိုလည်း ဒီအဖြစ်မျိုးကတော့ ဆိုးလွန်းတယ်ဗျာ"

စခန်းမှူးက စိတ်သက်သာရာရှိသွားသည်။ စကားကိုလည်း အေးအေးလေးဖြင့် ပြောလိုက်သည်။

"ခင်ဗျားတို့ကိစ္စက ပြီးခဲ့တာလည်း ပြီးခဲ့ပါပြီ။ ကာယကံရှင် ကျွန်တော်တို့ဘက်ကလည်း ဆက်လုပ်စရာရှိသေးတယ်။ ဖြစ်ကြောင်းကုန်စင်ကို ပြောစမ်းဗျာ"

"ဟုတ်ကဲ့ ကျွန်တော်ပြောပါမယ်။ ယခု ကျွန်တော်ရှုံထားတဲ့ မိန်းမ

www.burmeseclassic.com

ငါးယောက်မြောက်ပါ"

"ဟာ…ဦးထွန်းဝင်းရယ်။ မိန်းမ သက်စေ့များယူမယ်လို့ စိတ်ကူးထား သလား"

"ဒီလိုလည်းမဟုတ်ပါဘူး ဆရာ ရယ်။ ကျွန်တော်က အိမ်ထောင် ကံမကောင်းပါဘူး။ ပထမ အိမ် ထောင်က ဆုံးသွားတယ်။ နောက်တစ် ယောက် ယူလိုက်တယ်။ မကြာခင်မှာ ပစ္စည်းတွေယူပြီး ထွက်ပြေးသွား တယ်။ နောက်တစ်ယောက်ယူပြန် တယ်။ မကြာခင်မှာ ဆုံးသွားပြန်တယ်။ နောက်တစ်ယောက် ထပ်ယူတယ်။ ကြော့ ။ လင်ငယ်နောက်လိုက်သွား ပြန်တယ်။ အခုနောက်ဆုံးယူထားတဲ့ တင်မေက ဒု ငြိမ့်မင်းသမီးပါ။ ကျွန် တော်က နိုးတီးဆရာ။ သူက အငြိမ့် မင်းသမီးဆိုတော့ ငြိသွားတာပေါ့။

သူကလည်း ကျွန်တော်နဲ့ဆို အိမ် ထောင်သုံးဆက်ပါ။ ကျွန်တော်နဲ့ ယူကြ တော့။ ဆယ်နှစ်အရွယ်သမီးကလေး တစ်ယောက်ပါလာတယ်။ မြခင်ပေါ့"

"အင်း…ခင်ဗျားတို့နှစ်ယောက် ဟာလည်း ကြောင်ခံတွင်းပျက်နဲ့ ဆက် ရက်တောင်ပံကျိုးတို့ တွေ့ကြသလိုပေါ့"

"ဟာ • • •ဆရာလေးကလည်း ပြောရော့မယ်"

"ကဲ…ဆက်ပြောပါဦး"

"ကျွန်တော်တို့ အငြိမ့်ဆရာ မြခင် လေးက လိုက်ပါနေရင်းက အရွယ်လေး ရောက်လာတော့ သူလည်း အငြိမ့်မင်း သမီး ဖြစ်လာပါတယ်။ ကျွန်တော့်မိန်းမ တင်မေကတော့ ကျွန်တော်နဲ့ ညားပြီး တယ်မကြာပါဘူး။ မီးယပ်ပိန်၊ မီးယပ် ခြောက်ဖြစ်လာတယ်။ ဝမ်းရေးအတွက် အငြိမ့်ကိုတောင် တွဲတွဲပိုးပိုးနဲ့ လာနေရ ပါတယ်။

မြခင်ကလည်း လူရွှင်တော်တစ် ယောက်နဲ့ ယူလိုက်ကြပါတယ်။ တယ် မကြာဘူး။ ကွဲသွားကြတယ်။ ကားစပယ် ယာတစ်ယောက်နဲ့ ထပ်ယူကြတယ်။ ခဏပါပဲ။ ကွဲသွားပြန်တယ်။ နောက်ဆုံး တော့ ကျွန်တော်တို့နဲ့အတူနေပြီး အငြိမ့် ပဲ ဆက်ကနေပါတယ်"

"ခင်ဗျားတို့ ဇာတ်လမ်းတွေက လည်း သပွတ်အူလိုက်ပြီး စိတ်ပျက် စရာကြီးပါလားဗျာ။ ကဲ• • •လိုရင်းကို တိုရှင်းပဲ ပြောစမ်းပါဗျာ"

"အဲဒီနေ့က အငြိမ့်ကပြီးအပြန် မြခင်က သူ့အိပ်ခန်းထဲမှာ အိပ်နေ တယ်။ သူ့အမေ တင်မေက နေ မကောင်းလို့ ဆေးခန်းသွားပြတယ်။ ကျွန်တော်က ခပ်ထွေထွေနဲ့ အပြင်က ပြန်လာတယ်။ အိမ်ပေါ်တက်ပြီး မြခင် အခန်းကို လိုက်ကာကလေး ဖယ်ကြည့် လိုက်တော့ မြခင်အိပ်နေပုံက မလုံမလဲ နဲ့ ကြည့်မကောင်း။ ရှုမကောင်း။ ဒါနဲ့ ကျွန်တော်လည်း စိတ်မထိန်းနိုင်တော့ ဘဲ…"

"တော်တော့ • • •တော်တော့။ ဦးထွန်းဝင်း ဆက်မပြောနဲ့တော့။ ကောင် မလေးက မကျေနပ်လို့ တိုင်တာလား"

"အဖြစ်က ဒီလိုပါ ဆရာလေး ရယ်။ တင်မေက ဆေးခန်းကပြန် ရောက်လာပြီး ကျွန်တော်တို့နှစ်ယောက် ကို အခန်းထဲမှာ တွေ့သွားတယ်။ မြခင် က သူ့အမေကို ငိုယိုပြီး တိုင်တယ်။ တင်မေက ဒေါသထွက်ပြီး ဓားခွဲလိုက် လို့ ကျွန်တော် အိမ်ပေါ်က ခုန်ချပြေးခဲ့ ရတယ်။ နောက်တော့ ရဲစခန်းတိုင်တယ် လို့ သိရတာပါပဲ။ နယ်ထိန်းဆရာတွေ လာခေါ်လို့ ရဲစခန်းရောက်လာခဲ့ရတာပါ"

"အေးပေါ့ဗျာ။ ကာယကံရှင်က အလိုမတူဘူးဆိုရင်တော့ မုဒိမ်းမှုဖြစ်ပြီ ပေါ့ဗျာ။ ကိုယ်ပြုသမျှဒဏ် ကိုယ်သာခံ ပေတော့ ဦးထွန်းဝင်းရေ။ ဟော့…ကင်း မှူး ဦးထွန်းဝင်းကို အချုပ်ခန်းထဲ ထည့် လိုက်"

"ဟုတ်ကဲ့ပါ စခန်းမှူး"

အမှုက ထင်ရှားနေသည်။ သက် သေခံ အထောက်အထားတွေကလည်း ခိုင်လုံနေသည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၇၆) (မုဒိမ်းမှု)ဖြင့် တရားစွဲတင်ခဲ့ သည်။ ဦးထွန်းဝင်းတစ်ယောက် ထိုက် သင့်သော ပြစ်ဒဏ်ကို ခံရမည်သာ ဖြစ်တော့သည်။

× × ×

မိမိ၏ စိတ်အစဉ်တို့သည် အာရုံ တစ်ပါးသို့ မည်မျှမျောပါသွားသည်မသိ။ ဆရာတော်၏ ရေစက်ချတရားအဆုံး တွင် မွေမိတ်ဆွေအပေါင်းတို့က "သာဓု၊ သာဓု" ရွတ်ဆိုလိုက်မှပင် မိမိလည်း ယောင်ရမ်းသာဓုခေါ်လိုက်မိပါတော့သည်။

ဩော်…ဆရာတော်ဟောကြား ခဲ့သော လူသုံးမျိုးထဲက နံပါတ်(၁)လူ မျိုး အသက်ကြီးသော်လည်း အသိ ဉာဏ်မရှိ၊ မိုက်မဲသည့်သူသည် ဦးထွန်း ဝင်းလို လူမျိုးပင် ဖြစ်ပေလိမ့်မည်။

မောင်မောင်(ပိတောက်မြိုင်)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မြွေဟောက်စံမင်း

❒ မြင့်ဦးဦးမောင်

မြွေပွေးဆိုသည်ကား သူ့ဘာသာသူ ငြိမ်ငြိမ်ကလေး နေတတ်၏။ အထိမှသာ ကိုက်တတ်၏။ မြွေပွေးသည် ယားလည်းယားတတ်၏။ မြွေပွေးတွက်များထဲတွင် ယားတတ်သော အကွက်များပါ၏။ ထိုယားကွက်ကို သွားထိပါက ကလိထိုးလိုက် သည်နှင့် အတူတူပင်။

မြွေဟောက်ကား အဆိပ်ပြင်း၏ ဒေါသကြီး၏။ ပါးပျဉ်းထောင်ပြီး ထိုးထိုးတတ်၊ ကိုက်တတ်လေ၏။ မြွေပွေးကဲ့သို့ ငြိမ်ငြိမ်မနေ။ အမြဲပင် သွားလာနေတတ်၏။ မြွေဟောက်၏ ဦးခေါင်းခွံသည် အလွန်ပါးလွှာလေ၏။ ဦးခေါင်းပေါ်တက်၍ ဦးနှောက်အောက်အစားခံရမည်ကို အလွန်ကြောက်၍ ခေါင်းကို အထိမခံ။

ဖားရုပ်နှင့်မျှား၍ ပင့်ကူရုပ်နှင့် ခြောက်သော်လည်း မရ။

ပါးလွှာသော ဦးခေါင်းခွံထဲမှ ညက်နီညာဏ်နက် အလွန်များသော ဦးနှောက်။

အငြိမ်မနေ သွားလာနေတတ်သော . . .၊

ပါးပျဉ်းထောင်၍ လိုက်တတ်၊ ထိုက်တတ်သော . . .၊

ဒေါသလည်းကြီး၊ အဆိပ်လည်းပြင်းသော . . .၊

မြွေဟောက်တစ်ကောင် ပြည်သူ့ရဲတပ်ဖွဲ့ထဲမှ ပါးပျဉ်းထောင်လာလေပြီ။

သူကား . . .

မြွေဟောက်စံမင်းပေတည်း။ ရဲစုံထောက် မြွေဟောက်စံမင်း။

"မြွေဟောက်စံမင်း" . . .။

× × ×

အခန်း(၁)

ကုလားကွဲ ရဲကင်း။

ကုလားကွဲနယ်ကား တော်တော် အခြေအနေဆိုးဝါးနေသည်။

သောင်းကျန်းသူတွေ ဝိုင်းဝိုင်းလည်နေသည်။ ဓားပြတွေကလည်း ထနေသည်။ သူပုန်ထ၍ ဓားပြတွေ သောင်းကျန်းနေခြင်းဖြင့် တစ်နယ်လုံး ရှုပ်ထွေးပွေလီနေ၍ မငြိမ်မသက်ဖြစ်နေသည်။

နာမည်အကြီးဆုံးကား ချစ်ဝိုင်းနှင့် ချစ်သိုင်း ညီအစ်ကိုနှစ်ယောက်၏ ဂိုဏ်းဖြစ်သည်။ အလံနီသောင်းကျန်းသူများဖြစ်သည်။

သူတို့နှစ်ယောက်ကို စံမင်းသိသကဲ့သို့ စံမင်း ကုလားကွဲရကင်းသို့ ရောက်နေကြောင်းလည်း ချစ်ဝိုင်းတို့ညီအစ်ကိုက သိသည်။ စံမင်းစိတ်ထဲမှ တစ်ကိုယ်တည်းပြောနေမိသည်။

"ကဲ . . မတတ်နိုင်ဘူး သူငယ်ချင်းတို့ရေ။ မင်းတို့နဲ့ ငါတို့က ဘဝချင်းခြားသွားပြီ။ ငါက လက်နက်ကိုင်ရဲ၊ မင်းတို့က လက်နက်ကိုင်သောင်းကျန်းသူ။ ကိုယ့်အသက်ကိုယ်လုရတော့မယ်။ မင်းတို့ကို ငါကမချရင် မင်းတို့က ငါ့ကို ချတော့မယ်။ မင်းတို့အချတော့ ငါမခံနိုင်ဘူး။ ဒီတော့ ငါကပဲ စချရတော့မယ်"

ကုလားကွဲ ရဲကင်း၌ကား တပ်စိတ်တစ်စိတ်သာ ရှိသည်။

လက်နက်ကိုယ်စီနှင့် ရဲဆယ့်တစ်ယောက်သာစောင့်သော ရဲတင်းဖြစ်သည်။ သည်လူအင်အား၊ သည်လက်နက်အင်အားဖြင့် သွားတိုက်ဖို့နေနေသာသာ ခုခံရန်ပင် မလွယ်တူပေ။ သည်တော့ နည်းစနစ်သုံး ပရိယာယ်ဖြင့် ရင်ဆိုင်ရပေတော့မည်။

ငယ်ငယ်တ ဓားပြများ၊ ထောင်ထွက်များ၊ တော်လှန်ရေးသမားများ၊ အလံနီ၊အလံဖြူများ၊ သူခိုးကြမ်းပိုးဘဝဖြင့် တောထဲတွင် ကျင်လည်ခဲ့ဖူး၍ မြွေမြွေချင်း ခြေမြင်သည်။

သို့ကြောင့်လည်း မြွေဟောက်ဘမင်းဟု အမည်တွင်ခဲ့ခြင်းဖြစ်၏။

www.burmeseclassic.com

အလံနီချစ်ဝိုင်းကား စည်းရုံးရေး ကောင်းသည်ဖြစ်၏။ လယ်တဲယာတဲများတွင် နေထိုင်ကြသော တောင်သူလယ်သမားများကို အပိုင်စည်းရုံးထားနိုင်သူဖြစ်သည်။ ရက်ပိုင်းလောက် လေ့လာစုံစမ်းလိုက်သည်နှင့် စံမင်းသိသည်။

ချစ်ဝိုင်းက စည်းရုံးရေးကောင်းသူဖြစ်၍ သူ၏စည်းရုံးရေးကို ပျက်ပြားအောင် ဆောင်ရွက်ရပေတော့မည်။ သူ့လူတွေကို ကိုယ့်လူတွေဖြစ်စေရန် လုပ်ယူရတော့မည်။

စံမင်းက ဆရာဖြစ်သူ ရဲကင်းအုပ်ဦးမြိုင်နှင့် တိုင်ပင်သည်။ သဘောတူညီချက်၊ ခွင့်ပြုချက်ယူသည်။ ခွင့်ပြုချက်ရသည်နှင့် တိုက်ကင်းလှည့်သည်။ အင်အားပြသည်။

လယ်တဲယာတဲများသို့ဝင်သည်။ တဲတစ်တဲတွင် ချက်ပြုတ်စားသောက်ကြလျှင် ခပ်လှမ်းလှမ်းတဲမှ တဲရှင်များကို သွားရောက်ခြိမ်းခြောက် ဟိန်းဟောက်သည်။

"အလံနီတွေ ခင်ဗျားတို့တဲကို လာတယ် မဟုတ်လား။ ခင်ဗျားတို့ လက်ခံကျွေးမွေးလိုက်ကြတယ်မဟုတ်လား"

"မဟုတ်ပါဘူး ဆရာကြီးရယ်။ လာတာတော့ လာပါတယ်။ ဘာမှ မကျွေးလိုက်ပါဘူး။ လာတာကို လက်ခံရတာကလည်း ကြောက်လို့ပါ"

"ခင်ဗျားတို့ မညာနဲ့။ အလံနီတွေသာ ဦးနှောက်နဲ့မျက်စိ ရှိတာမဟုတ်ဘူး။ သတင်းထောက်လှမ်းနိုင်တာမဟုတ်ဘူး။ ကျုပ်တို့က အစိုးရတာဝန်ရှိ ရဲသားတွေ။ ကျုပ်တို့ကိုလည်း သတင်းပေးတဲ့သူ ရှိတာပဲ။ ကျုပ်တို့နဲ့ ရင်းနှီးတဲ့သူတွေ ရှိတာပဲ။ ခင်ဗျားတို့ သတိကောင်းကောင်းထား။ နောက်ကို သောင်းကျန်းသူ လက်ခံရင် ဖမ်းမယ်"

မားနှစ်လက်ကြားတွင် နေထိုင်သော မြေစာပင်များဖြစ်၍ စံမင်းတို့ ငေါက်ငမ်းလျှင်လည်း ဖိမ့်ဖိမ့်တုန်အောင်ကြောက်သည်။ သောင်းကျန်းသူတွေလာလျှင်လည်း ကြောက်သည်။

စံမင်းက သူ့နည်းစနစ်ကို ပိုင်ပိုင်အသုံးချသည်။ ရွာနီးချုပ်စပ် တစ်နယ်လုံးတွင် အကောင်အထည်ဖော်သည်။

တဲတစ်တဲတွင် ဝင်ရောက်၍ ချက်ပြုတ်စားသောက်သောအခါ ရဲများသည် တဲရှင်များနှင့် ရင်းနှီးမှုရသည်။ ထိုတဲမှ တဲရှင်က ရဲတွေကို သတင်းပေးသည်။ သည်လိုသည်ကဲ့သို့ အခြားတဲများက ထင်မြင်ကြသည်။

ယင်းကြောင့် တဲရှင်များအချင်းချင်း ယုန်ထင်ကြောင်ထင် ထင်လာကြသည်။ စိတ်ပမ်းကွဲပြားကာ တစ်တဲနှင့်တစ်တဲ မယုံသင်္ကာ ဖြစ်သွားကြသည်။

ထိုသို့ပြုလုပ်ခြင်းအားဖြင့်၊ ထိုသို့ထင်ခြင်းအားဖြင့် စံမင်းတို့ ချက်ပြုတ်စားသောက်နေသော တဲရှင်မှာ သောင်းကျန်းသူတို့၏ အထင်အမြင်မှားကာ အသတ်ခံရနိုင်သည်။

သည်လိုမဖြစ်စေရန် စံမင်းက အကင်းပါးရသည်။

တဲဆယ်တဲရှိလျှင် ငါးတဲကို ရင်းနှီးမှုပြသည်။ ကျန်ငါးတဲကိုသာ ဟိန်းဟောက်ခြိမ်းခြောက်သည်။

ယင်းကြောင့် အင်အားချင်းမျှနေသော တဲနီးပါးချင်း တစ်တဲကို တစ်တဲက မျက်စိဒေါက်ထောက်ကြည့်နေသယောင် ထင်မှတ်စေရန် စီစဉ်ထားခဲ့ခြင်း ဖြစ်သည်။

အောင်မြင်ပါသည်။ သုံးလအတွင်း ရဲကင်းနှင့် သုံးလေးမိုင်ဝန်းကျင်တစ်ခုလုံးကို သွေးခွဲပြီးဖြစ်သွားသည်။

သောင်းကျန်းသူတို့၏ အဝင် အထွက်၊ လူအင်အား၊ လက်နက် အင်အား သတင်းကို ချက်ချင်းဆို သလို လာရောက်သိတင်းပို့ကြသည် ခိုင်မာသော သတင်းများဖြစ်သည်

ချစ်ဝိုင်းတို့ ညီအစ်ကို ယခ က ဘယ်သူ့ကို ဘာလုပ်ခဲ့သည်၊ ယ ဘာလုပ်နေသည်၊ ဘယ်မှာကျ စားသည် ဆိုသည့် ကိစ္စများလည် ဘူးပေါ်သလို ပေါ်လာတော့သည်

"ချစ်ဝိုင်း အားအထားဆုံး က သူ့ဦးလေး ဦးပွပါဆရာ။ လ နက်တချို့ကို သူ့ဦးလေးဆီမှာ အ ထားတယ်။ ကျန်တဲ့လက်နက် ကိုတော့ သူနဲ့ သူ့တပ်သားတွေ ထားကြတယ်"

"ဟုတ်လား။ ဦးပွက ဘယ် နေသလဲ"

"လက်ပံပင်ချောင်းဝက တဲ ဆရာ"

"ဟာ ဒါဆိုရင် ဟုတ်ပြီ"

"ပြီးတော့ . . ဆရာတို့ သတိထား"



www.burmeseclassic.com

www.burmeseclassic.com

"ဘာများလဲဗျာ"

"အခု ချစ်ဝိုင်းက ရဲဘော်ဖြူ
...နှ်တင်းနဲ့ ပေါင်းသွားပြီ။ မဟာ
...ာစ်လိုက်ပြီ"

"တပ်ပေါင်းစု သဘောပေါ့"

"ဟုတ်တယ်ဆရာ သူတို့နှစ်ဖွဲ့
...မိရင် ဆရာတို့ရဲကင်းကို ဝင်စီး
...စီးနိုင်တယ်"

"ဟဲ . . ဟဲ . . စီးရဲရင်စီးပေါ့
... မြွေဟောက်စံမင်းရဲ့ နေရာပါ။
...တို့ကလည်း သတိနဲ့ပါ"

"ကျွန်တော် လာသတင်းပေး
...တိုတော့ မပေါက်ကြားပါစေနဲ့
...။ ပေါက်ကြားသွားရင် ချစ်ဝိုင်း
...စ်ဖြစ်၊ သူ့ညီ ချစ်သိုင်းကဖြစ်
... သူ့ဦးလေး ဦးပွကဖြစ်ဖြစ် ကျွန်
...ာ့တို သတ်ပစ်ကြမှာ"

"တောက်တီးတောက်တဲ့ဗျာ။
...သို့ သတင်းပေါက်ကြားရမှာလဲ။
...များနဲ့ ကျွန်တော်နဲ့ ဆက်ဆံကြ
...လည်း ပိပိရိရိ ရှိသားပဲ။ သူတို့
...ိမိနိုင်ပါဘူး"

"ရဲဘော်ဖြူ ဗိုလ်ရန်ကင်းက
...ည်း အကွက်သမားပါ။ ချစ်ဝိုင်းဆီ
... လက်နက်တွေကို အပိုင်စီးဖို့ ကြိုး
...းနေတာ။ သူတို့ချင်း သွေးကွဲ
...အာင်လုပ်နိုင်ရင် သိပ်ကောင်းမယ်"

"သွေးကွဲအောင်လုပ်ဖို့က လွယ်
...ယ်လေးပါ။ ဦးပွကိုဖမ်း။ လက်
...တ်တွေသိမ်းပြီးရင် ဦးပွကို ပြန်
...တ်ပေးထားလိုက်ရင် ချစ်ဝိုင်းနဲ့
...န်ကင်း သွေးချင်းကွဲပြီပေါ့"

ထိုစကားကို စံမင်းစိတ်ထဲမှ
...ပြာခြင်းဖြစ်သည်။ တကယ့်တကယ်
နှုတ်မှထွက်လာသည်ကား . .

"စိတ်ချပါဗျာ . . ။ မကြာခင်
ပြဿနာတွေ ဖြေရှင်းပြီး ဖြစ်သွားပါ
လိမ့်မယ်။ ကျုပ်တို့မှာလည်း အထူး
အစီအစဉ်နဲ့ အကွက်ချထားတာတွေ
ရှိပါတယ်။ မြွေဟောက်လုပ်တဲ့ . .
အလုပ်ပါ"

သတင်းလာပေးသူ ရွာသား
တစ်ဦးကို သည်ကဲ့သို့ပြောပြီး ပြန်
လွှတ်လိုက်သည်။ စံမင်းရင်ထဲတွင်
ကား ပုရွက်ဆိတ်တွေ အကောင်
တစ်ထောင်လောက် ခုန်နေပြီ။ ချစ်
ဝိုင်း၏ အားကိုးအားထားသူဖြစ်သော
သူ့ဦးလေးဖြစ်သူ ဦးပွ၏သတင်းကို
ရလိုက်သောကြောင့် ဖြစ်သည်။

ရဲကင်းသို့ သုတ်ခြေတင် ပြန်
လာသည်။ ရဲအုပ်ဦးမြိုင်ထံ သတင်း
ပို့သည်။ ဦးမြိုင်မျက်နှာကြီး ဝင်းထိန်
သွားသည်။

"တပည့်စံမင်း၊ မင်းဟာ တော်
တော်အားကိုးရတဲ့ သူပါလားကွာ"

"ဪ . . . ဆရာရယ်၊ ရန်
သူနဲ့ယှဉ်ပြိုင်ရင် ကိုယ်ကနိုင်မှ ဖြစ်
မှာပေါ့။ ကိုယ်က မကိုင်ရင်၊ မနိုင်ရင်
သူက အပိုင်လုပ်သွားမှာပေါ့"

"ကဲ . . ဒါဆိုရင် မနက်ဖြန်
နာရီပြန် ၂ ချက်ထိုးလောက် စပြီးချီ
တက်ကြမယ်၊ ဦးပွကို ၅ နာရီထိုး
လောက်ဆို ဝိုင်းမိနေမှဖြစ်မယ်"

အစီအစဉ်များဆွဲပြီး စောစော
အိပ်ရာဝင်ကြသည်။ တစ်ရေးနိုးသည်
နှင့် အသင့်ပြင်ကြသည်၊ ၂ ချက်ထိုး
သည်နှင့် ရဲကင်းမှ စတင်ထွက်လာ
ကြသည်။

ခပ်ပြင်းပြင်း ချီတက်လာခဲ့ကြ
ရာ လက်ပံချောင်းဝသို့ ရောက်ရှိလာ
ကြသည်။

ဦးပွ၏တဲကို ဝိုင်းသည်။ ဦးပွ
နှင့် မိသားစုကို အဆင်သင့်ပင်တွေ့
ရသည်။ ဦးပွကိုဖမ်းပြီး စစ်ဆေး
သည်၊ နာကျင်အောင်ပင် မလုပ်
လိုက်ရ၊ ဦးပွက ချက်ချင်းဖော်သည်။
မလွတ်နိုင်ပြီဆိုသည်ကို သဘော
ပေါက်သည်။

"ဆရာတို့ပြောတဲ့ ကတိအတိုင်း
တော့ တည်ကြပါစေဆရာ။ ကျွန်
တော်က သောင်းကျန်းသူလည်းမဟုတ်
ပါဘူး၊ တူတွေက သောင်းကျန်းသူ
တွေဖြစ်နေတော့ သူတို့အပ်ထားတာ
တွေကို လက်မခံရင် ကျွန်တော့်ကိုပါ
အန္တရာယ်ပေးမှာ စိုးရိမ်ရပါတယ်။
လက်နက်တွေရှိပါတယ်၊ ကျွန်တော့်
ကို လက်နက်ဆယ့်တစ်လက် အပ်
ထားပါတယ်"

ချောင်းစပ်တွင် မြှုပ်ထားသော
လက်နက်များကို တူးဖော်၍ပေး
သည်။ ဦးပွပြောသည့်အတိုင်း ဆယ့်
တစ်လက်ပင်ဖြစ်သည်။

"ကဲ . . ဦးပွ၊ ကျုပ်တို့ပေးထား
တဲ့ ကတိတည်စေရပါမယ်၊ ခင်ဗျား
ကို မဖမ်းပါဘူး။ လျှို့ဝှက်သတင်း
ပေးတဲ့သူက စာနဲ့ရေးပြီး လက်နက်
တွေထားတဲ့နေရာကို သတင်းပေးလို့
လက်နက်တွေရတယ်၊ အဲဒီလို အထက်
ကို အစီရင်ခံလိုက်မယ်"

"ကျေးဇူးကြီးလှပါတယ် ဆရာ"

"အရေးကြီးတာက ဒီလက်
နက်တွေနဲ့ပတ်သက်ပြီး ချစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com

ဦးပွတို အန္တရာယ်ပေးမှာ၊ ပြဿနာ ရှာမှာတိုပဲ တွေးပူမိတယ်"

"ဒါအတွက်တော့ ကိစ္စမရှိပါဘူး ဆရာ . .။ သတင်းပေးတဲ့သူက သတင်းသွားပေးလို့ လာဖမ်းတယ်။ ဒါကြောင့် ဖော်ပေးလိုက်ရတယ်လို့ ပြောရင်ရပါတယ်"

"ကဲ . . . ဒါဆိုရင် ကျုပ်တို့ပြန်မယ်"

ရဲအုပ်ဦးမြိုင် နာမည်ကောင်း ရလေပြီ။ ဆုငွေနှင့် နာမည်ကောင်း လက်မှတ်ရသည်။ စံမင်းလည်း ရိုးရိုးရဲတပ်သားဘဝမှ အရစ်တစ်ရစ် တိုးလေပြီ။

ဒုတပ်ကြပ်ကလေး စံမင်းဖြစ်လေသည်။ မြွေဟောက်သည် ထင်ရှားလာခဲ့ပြီး နှစ်ပတ်ခန့်ကြာသော် ရဲကင်းသို့ လူတစ်ယောက် ရောက်လာသည်။

စာတစ်စောင်ပေးသည်၊ ရဲအုပ်ဦးမြိုင်က စာကိုဖတ်ပြီး ပြုံး၍ စံမင်းဘက်သို့လှည့်၍ပြောသည်။

"ချစ်သိုင်းက အလင်းဝင်ချင်လို့တဲ့ ဆရာစံမင်း"

"ရော့ . . ဒီစာကိုဖတ်ကြည့်"

စံမင်း စာကိုဖတ်လိုက်သည်။ စာလာပို့သူကိုကြည့်၍ မေးလိုက်သည်။

"ခင်ဗျားလည်း ချစ်ဝိုင်း၊ ချစ်သိုင်းတို့ရဲ့ တပည့်ပေါ့"

"ဟုတ်ပါတယ်ဆရာ"

"ကောင်းပါတယ်ဗျာ။ ခင်ဗျားတို့ အမြင်မှန်ရတာ"

"ကျွန်တော်တို့အားလုံး စိတ်ဓာတ်ကျကုန်ကြပြီ ဆရာရဲ့။ ဗိုလ်ကြီးချစ်ဝိုင်း အသတ်ခံရကတည်းက ဆိုပါတော့"

"ဗျာ . . ဟာ ချစ်ဝိုင်းအသတ်ခံရတယ် ဟုတ်လား။ ဘယ်သူက သတ်တာလဲ။ ဘာကြောင့်လဲဗျာ"

"ဗိုလ်ရန်ကင်းက သတ်တာပါ။ ဦးပွဆီမှာအပ်ထားတဲ့ လက်နက်တွေ ဆရာတို့သိမ်းသွားပြီးဆိုတဲ့ သတင်းလည်းရရော ဗိုလ်ရန်ကင်းက ဗိုလ်ချစ်ဝိုင်းကို အထင်လွဲတယ်။ သစ္စာဖောက်ဆိုပြီး သေနတ်နဲ့ ပစ်သတ်လိုက်တယ်"

စံမင်းက စိတ်ဝင်တစားဟန်ဖြင့် နားထောင်ပေးနေသည်။

"ဗိုလ်ရန်ကင်းတပ်နဲ့ ကျွန်တော်တို့တပ် တိုက်ပွဲဖြစ်တယ်။ ကျွန်တော်တို့ဘက်က လူဆယ့်ခြောက်ယောက်ကျတယ်။ ဗိုလ်ချစ်သိုင်းလည်း သီသီကလေးလွတ်လာတာ၊ ဒဏ်ရာပါရလာတယ်"

"အခု အလင်းဝင်မှာက ဆယ့်လေးယောက်နော်"

"ဟုတ်ကဲ့ ဟုတ်ပါတယ်ဆရာ"

"လက်နက်တိုယ်စီ ပါကြရဲ့လား"

"ပါပါတယ်ဆရာ၊ ကျည်ဆန်တော့ သိပ်မရှိကြတော့ပါဘူး"

"ကျည်ဆန်က အရေးမကြီးပါဘူး။ ကဲ . . ဗိုလ်ချစ်သိုင်းကို သွားခေါ်တော့ဗျာ၊ ကျုပ်တို့လည်း အလင်းဝင်အခမ်းအနားအတွက် ပြင်ဆင်ထားပါ့မယ်"

အားလုံး အလုပ်ရှုပ်သွားကြရသည်၊ အလင်းဝင်မည့်သူက ဝင်မည်ဆိုတော့လည်း အပြန်အလှန်အားဖြင့် လေးစားမှုကို ပြကြရပေဦးမည်။ အခမ်းအနားတစ်ရပ်ဖြင့် ကြို ဆိုကာ လက်ခံရပေမည်။

ရွာထဲမှ ရွာသူကြီးများကိုပါ ခေါ်ယူ၍ ပရိသတ်စည်စည်ကားကားဖြင့် လက်နက်ချ အလင်းဝင်ပွဲ အခမ်းအနားကို ကျင်းပကြလေသည်။

စံမင်းပခုံးပေါ် နောက်ထပ် အရစ်တစ်ရစ် ခုန်တက်လာပြန်သည်။ တပ်ကြပ်စံမင်း ဖြစ်လေပြီ၊ မြွေဟောက်ပါးပျဉ်းကို မြင်ကြရလေပြီ။

× × ×

## အခန်း(၂)

ကုလားကွဲ ကင်းဘုတ်တွင် နေ ထိုင်စဉ်အတွင်း အဖြစ်အပျက်အမျိုး မျိုး ကြုံတွေ့ရသည်။

ကိုယ့်ကိုကိုယ် လည်လှပြီထင် သော စံမင်းတစ်ယောက် သောင်း ကျန်းသူများအပေါ်တွင် ခေါင်းထုံး ပေါ်ထိပ်ကွက်၍ ချင်ပေါ်ကထုံး လုပ်ခဲ့သမျှ အချင်းချင်းနဲ့ကျတော့ နှစ်ချီနှစ်မောင်း ခံလိုက်ရသည်။

ပထမတစ်ကြိမ်မှာ တိုက်ကင် လှည့်စဉ်ကဖြစ်သည်။

ရဲတပ်ဖွဲ့ဝင် ခုနစ်ယောက် သုံး ညနှင့်သုံးရက် တိုက်ကင်းလှည့်ပြ သည်။ အေးချမ်းမည်ထင်သော ဒေ ရာများကိုသာ ထွက်ရဲကြခြင်းလည် ဖြစ်သည်။

မအေးချမ်းသော နေရာမျ ဆိုရင် ခုနစ်ယောက်တည်းသာ အင် အားရှိသည့် စံမင်းတို့အဖွဲ့အား



www.burmeseclassic.com

www.burmeseclassic.com

ဦးတိတ်ဖမ်း တိုက်ခိုက်ကြမည်ဖေကန်။

သုံးရက်မြောက်ညနေတွင် ကံအားလျော်စွာ သတင်းရသည်။ ရဲဘော်ဖြူ ရန်ကင်းတို့အဖွဲ့ အချင်းချင်း စိတ်ဝမ်းကွဲကြပြီး၊ အုပ်စုနှစ်စုခွဲ၍ အချင်းချင်း တိုက်ပွဲဖြစ်ကြပြီဆိုသော သတင်းရသည်။

သတင်းပေးလာသူတို့ကိုပင်ခေါ်၍ တိုက်ပွဲဖြစ်ပွားရာသို့ လိုက်လာကြသည်။ စံမင်းတို့ ရောက်သွားသောအခါ တိုက်ပွဲကြီး ဆုံးနေလေပြီ။ သောင်းကျန်းသူစခန်း၌ ခေါင်းပြတ်ကြီးတစ်လုံးသာ သွေးသံရဲရဲဖြင့် ကျန်နေခဲ့သည်။

"ဟာ . . ရန်ကင်း . . ရန်ကင်း အဲဒါ ဗိုလ်ရန်ကင်းရဲ့ ခေါင်းကြီးပေါ့"

"ဟုတ်လားဗျ ဆရာကြီး၊ ဒါဗိုလ်ရန်ကင်းရဲ့ခေါင်း အစစ်လား"

တပ်ကြပ်မောင်ဗိုလ်က သတင်းပေးသူ ရွာသားနှစ်ဦးကို မေးသည်။

"ဟုတ်ပါတယ် . . သေချာပါတယ်ဆရာရဲ့။ ကျုပ်က သူ့ကို အကြိမ်ပေါင်းများ ချက်ပြုတ်ကျွေးဖူးတာ"

တပ်ကြပ်မောင်ဗိုလ်က ဗိုလ်ရန်ကင်းဦးခေါင်းပြတ်ကြီးကို တောင်းထဲထည့်၍ ယူလာသောအခါ စံမင်းက မေးသည်။

"ဒါကြီး ဘာလုပ်ဖို့လဲ ဆရာ"

"ခင်ဗျားမသိပါဘူး။ အသာနေစမ်းပါ။ ဒါသိပ်အရေးကြီးတယ်"

မိမိထက် တစ်ရစ်ကြီးသူဖြစ်၍ စံမင်းဘာမျှပြန်မပြော။ တပ်ကြပ် မောင်ဗိုလ် လုပ်ပုံကိုင်ပုံကိုလည်း နားမလည်။ သည်လိုနှင့် ခေါင်းပြတ်ကြီးကိုယူပြီး ပြန်လာကြသည်။

ရဲကင်းတွင် ဦးမြိုင်လည်းမရှိ။ ရဲကြပ်ကြီးလည်း ဆေးရုံတက်နေသည်။ တပ်ကြပ်မောင်ဗိုလ်သည် ဤစခန်းတွင် အကြီးဆုံးဖြစ်နေသည်။

မောင်ဗိုလ်က ခေါင်းပြတ်ကြီးကိုယူပြီး စခန်းသာမြို့သို့ ပြန်သွားသည်။ ခရိုင်ရဲဝန်ကို သွား၍ပြသည်။ ဗိုလ်ရန်ကင်းအဖွဲ့နှင့် တိုက်ပွဲဖြစ်သည်။ ခုခံသဖြင့် ခေါင်းဖြတ်၍ ယူခဲ့ရသည်။ ယင်းသို့ လိမ်လည်ပြောဆို၍ အစီရင်ခံသည်။

အကျိုးကျေးဇူးကား ကုလားကွဲကင်းဘုတ်သို့ မောင်ဗိုလ်ပြန်လာသောအခါ ရဲကြပ်ကြီးမောင်ဗိုလ်ဖြစ်လာခြင်းပင်။ နှစ်ရစ်မှ သုံးရစ်သို့ တိုးလာခြင်းပင်ဖြစ်သည်။

အကြောင်းစုံကို သိရသောအခါ စံမင်း မကျေမနပ် ဖြစ်ရသည်။ သို့ရာတွင် ရဲအုပ်ဦးမြိုင်က စံမင်းကို ချော့မော့ပြောဆိုသည်။ အမှန်အတိုင်း အထက်သို့သွား၍ အစီရင်မခံရန်နှင့် ယခုကဲ့သို့ အထက်လူကြီးများက ထင်မှတ်ခြင်းမှာ မိမိတို့ရဲကင်း နာမည်ကောင်းရကြောင်း ပြောဆိုသည်။

ဩော် . . . ဒီလိုပါကလားဟု၍ စံမင်းနားလည်လိုက်သည်။ လည်သူစားစတမ်းပါတကား။ မလည်သူခံသွား၍၊ လည်သူစားစတမ်းပါကလား။

နောက်တစ်ကြိမ်တွင်ကား စံမင်း အသားလွတ် ခံလိုက်ရခြင်းပင်။ ခေါင်းတုံးပေါ် ထိပ်ကွက်သွားသူမှာလည်း မောင်ဗိုလ်ပင်ဖြစ်သည်။

စံမင်းနှင့် သိကျွမ်းသော ဓားပြလက်ပောင်းကြီး တစ်ယောက်က စံမင်းကို သတင်းပေးသည်။ သရက်ပင်ရွာစုမှ လယ်သမားတစ်ဦးဖြစ်သူ ကိုသံဒိုင်တွင် လက်နက်ပုန်းတွေ ရှိသည်ဟူ၍။

သည်မှာ စံမင်းတစ်ယောက် ကင်းလှည့်မည် အကြောင်းပြ၍ ရဲဘော်လေးယောက်ကိုခေါ်၍ ထွက်လာသည်။ သရက်ပင်ရွာစုတွင် ကိုသံဒိုင်ကိုရှာသည်။

မတွေ့။ ကိုသံဒိုင်သည် ရွာမှာမနေ၊ လယ်တဲတွင်နေကြောင်း သိရသည်။ လယ်တဲသို့ လိုက်သွားကြသည်။ လယ်တဲတွင်လည်း မတွေ့ရ။ လယ်တဲနှင့် ခပ်လှမ်းလှမ်းတွင် လယ်ထွန်နေသူ တစ်ယောက်ကိုသာ တွေ့ရသည်။

"ဘာကိစ္စရှိလို့ပါလဲ ဆရာကြီးတို့"

"ကိုသံဒိုင်နဲ့ တွေ့ချင်လို့ပါ"

"သံဒိုင်ဆိုတာ ကျွန်တော်ပါပဲ"

"ဒါဆိုရင် ခဏတက်ခဲ့ပါဦး"

လယ်ထွန်ခြင်းကို ရပ်ဆိုင်း၍ ကိုသံဒိုင် လယ်ကန်သင်းပေါ်တက်လာသည်။ ကျွန်ုရရပင်စကားပြောသည်။

"တဲကို သွားကြရအောင်ဗျာ။ ရေနွေးကြမ်းလေးဘာလေး သောက်ရင်းပေါ့"

"မသောက်တော့ဘူးဗျာ။ ကိစ္စက အရေးကြီးတယ်"

"ဟော့ . . ချိန်ကွာ။ သေနတ်နဲ့ချိန်ထား။ တုပ် လက်ပြန်ကြိုးတုပ်"

ကိုသံဒိုင်ကို ဝိုင်းထားကြသည်။

www.burmeseclassic.com

လက်ပြန်ကြိုး အတုပ်ခံရပြီ ဆိုလျှင်ပင် ကိုသံဒိုင် မျက်လုံးပြူးသွားသည်။ ကြွေပျက်၍ မျက်နှာကလေး ငယ်သွားသည်။

"ကျွန်တော့်ကို ဘာကြောင့် ဒီလိုလုပ်ကြတာလဲဗျာ"

"ဘာကြောင့်ရမလဲကွ။ မင်းဝှက်ထားတဲ့ လက်နက်ပုန်းတွေ ဘယ်မှာလဲ။ ပြောစမ်းမြန်မြန်"

"ကျွန် . . . ကျွန်တော့်မှာ ဘာလက်နက်မှ မရှိပါဘူး ဆရာရယ်"

"အောင်မယ် . . ခင်ဗျား တယ်လျှာရှည်ပါလား။ ကျုပ်တို့က တိတိကျကျသတင်းမရဘဲ ခင်ဗျားဆီ ဒုက္ခခံပြီး လာပါ့မလား။ မြွေဟောက်အကြောင်း ခင်ဗျားသိပါတယ်"

"မ . . မရှိတာအမှန်ပါဆရာ"

"ကဲဟေ့ . . မောင်စံပ ဒီကောင် ခေါင်းမာမယ့်ပုံပေါ်တယ်။ ဆွဲခဲ့စမ်း ဒီဘက်ကို"

လက်ပြန်ကြိုး တုပ်လျက်သား ရေစပ်သို့ ဆွဲခေါ်သွားကြသည်။

စံမင်းက သံဒိုင်ကို ရေထဲသို့ ကန်ချလိုက်သည်။ သံဒိုင် ရေထဲသို့ ပလုံ ပလုံနှင့် မြုပ်နေသည်။ လက်နှစ်ဖက်ကို ကြိုးနဲ့တုပ်ထားသည်ဖြစ်ရာ ရေကူး၍မရ။

ရေမွန်းနေမှ ကြိုးစကိုဆွဲပြီး ကုန်းပေါ်သို့တင်သည်။ သံဒိုင်၏ ပါးစပ်နှင့် နှာခေါင်းမှ ရေများအန်ထွက်လာကြသည်။ ဧမောလည်း တော်တော်ပင် မောဟိုက်နေပြီ။

"ကဲ . . . ပြောမလား မပြောဘူးလားကွ . . သံဒိုင်"

"ကျွန် ကျွန်တော့်မှာ တကယ်မရှိလို့ပါ ဆရာ"

"ဘာမရှိရမှာလဲ။ မင်းဟာ တောကျော်တို့အဖွဲ့နဲ့ ဆက်ထားတဲ့ ကောင်ပဲ။ ဟေ့ . . စံပ၊ ချကွာ။ ရေထဲကိုထပ်ပြီးကန်ချ"

"မလုပ် . . . မလုပ်ပါနဲ့ ဆရာကြီးရယ်။ ပြော . . ပြောပါ့မယ်"

"အေး . . ပြောမယ်ဆိုရင်ပြော။ မပြောရင် ပြောအောင်လုပ်တဲ့နည်းတွေ အများကြီးကျန်သေးတယ်"

"ပြော . . ပြောပါ့မယ်ခင်ဗျာ ဟို . . ဟို . . ရေထဲမှာပါ"

"ဘာကွ ရေထဲမှာဟုတ်လား။ မင်းရူးနေသလား။ သေနတ်ကို ရေထဲမှာ ထားလို့ရမလား။ သံချေးတွေတက်ကုန်မှာပေါ့"

"ရှိ . . ရှိပါတယ်ဗျာ။ တကယ်ပါ။ ရေထဲမှာ မြှုပ်ထားပါတယ်"

ကြိုးကိုဆွဲ၍ ခေါ်လာကြသည်။ သံဒိုင်ညွှန်ပြသော နေရာသို့ ရောက်လာကြသည်။ လက်တွင်တုပ်ထားသောကြိုးကို ဖြေပေးလိုက်သည်။ သို့ရာတွင် ခြေထောက်တစ်ဖက်ကိုကား ကြိုးနှင့်ချည်ထားသည်။

"ဒီကောင် ရေငုပ်ပြီး ထွက်ပြေးချင်လည်း ထွက်ပြေးမယ့်အကောင်။ ခြေတစ်ဖက်ကို ကြိုးချည်ထား။ ကြိုးတန်းလန်းနဲ့ ငုပ်ပစေ။ တော်တော်ကြာ လူမသတ်ချင်ဘဲ သတ်နေရဦးမယ်။ လူက အရေးမကြီးဘူး။ လက်နက်က အရေးကြီးတယ်"

လုံချည်ကိုချွတ်၍ သံဒိုင်ရေထဲသို့ ဆင်းသွားသည်။ မကြာမီ ဘွားခနဲရေထဲမှပေါ်လာသည်။ သစ်သား ခေါင်းကြီးကို ထမ်းလျက်ဖြစ်သည်။

"ဟာ . . မသာခေါင်းကြီး လားဟေ့။ ဘာလဲ အလောင်းဖေ လာတာလား"

စံပက ဆိုသည်။ စံမင်းလည်း အံ့အားသင့်နေသည်။

သံဒိုင်က ခေါင်းကြီးကို တုန် ပေါ်သို့ သယ်လာသည်။ ခေါင်း ဖွင့်လိုက်သည်။ ခေါင်းထဲတွင် လ နက်များကို တွေ့ရသည်။

စံမင်း အံ့အားသင့်သွားသည် လက်နက်များကို ဖယောင်း လောင်း၍ ငုံထားခြင်းဖြစ်သည် ဖယောင်းခံနေသောကြောင့် ရေ မထိ။ သံချေးမတက်နိုင်။

"ဟိုက် . . ဘင်ဂျိုကြီးပါလား ဟေ့။ ဘယ့်နှယ်ဘင်ဂျိုကြီးကို ထ မြှုပ်ထားတာပါလိမ့်"

သည်စကားကိုကား စံမင်းစိ ထဲမှ ပြောခြင်းသာဖြစ်သည်။

ဖယောင်းများကို ခွာထု လိုက်သောအခါ လက်နက်များထွ လာသည်။ စံမင်းထင်သော ဘင် ကြီးမှာ ဘင်ဂျိုမဟုတ်။ ဂျပန်စ သေနတ်ကြီး ဖြစ်နေသည်။

ဂျပန်စက်သေနတ်ကြီးမှာ ကြိုးပစ်သလို မြည်သည်။ ဘ ဂန်းပစ်သကဲ့သို့ ဒက် ဒက် ဒ မမြည်။ ဝေါ ဝရော ဝေါဟူ၍ ဟိန်း၍ထွက်သည်။ ဂျပန်ခေတ် ဂျပန်တို့ အားအထားရဆုံး လ နက်ကြီးတစ်မျိုး ဖြစ်သည်။

"အေး . . မင်းကို သက်ညှာ

www.burmeseclassic.com

www.burmeseclassic.com

အနေနဲ့ မဖမ်းဘူး။ လက်နက်ပုဒ်မနဲ့ ဖမ်းရင် ထောင်ကျနေဦးမယ်။ ထောင် ဝါကျဦးမှာ နားလည်လှသားကွ သံဒိုင်"

"ဟုတ် . . . ဟုတ်ကဲ့ဆရာ။ ကျေးဇူးကြီးလှပါတယ်"

"မင်း လက်နက်တွေ အသိမ်းခံရတဲ့အတွက် မင်းလူတွေနဲ့ပေါင်းပြီး ငါတို့ကို ဒုက္ခပေးဖို့မကြံနဲ့၊ အန္တရာယ်ပေးဖို့ မကြိုးစားနဲ့၊ မြွေဟောက်အကြောင်း မင်းသိပါတယ်။ မင်းမိန်းမနဲ့ ကလေးတွေတော့ မစားသာဘူး မှတ်၊ ငါ့မျက်နှာကိုမထောက်ရင် မင်းမျက်နှာကိုလည်း ထောက်စရာမလိုဘူး"

"မပေး . . မပေးပါဘူးဆရာ။ ကျွန်တော်လည်း ဒီအလုပ်တွေကို စိတ်ပါလို့လု[illegible]က မဟုတ်ပါဘူး။ သူတို့တို ကြောက်လို့ လုပ်ရတာပါ"

စံမင်းတို့ပြန်လာကြသည်။ စခန်းသို့ရောက်လျှင် ခေတ္တရဲကင်းအုပ်ဖြစ်သူ ရဲကြပ်ကြီးက ဂျပန်စက်သေနတ်ကြီးကို တအံ့တသြ ကြည့်သည်။ ရိုင်ဖယ်ငါးလက်ကိုဂရုမစိုက်။

"ကဲ . . . ဆရာစံမင်း။ ကျုပ် ဒီလက်နက်တွေ မြို့မှာ သွားအပ်လိုက်ဦးမယ်။ ဆရာဦးမြိုင်လည်း မနက်ဖြန်သဘက် ပြန်ရောက်လာပါလိမ့်မယ်၊ စခန်းသာမှာ ဦးမြိုင်နဲ့ တွေ့ချင်လည်းတွေ့မယ်၊ ဒီက ရဲဘော်တွေကို ဆရာစံမင်းအုပ်ချုပ်ပါ"

"ဟုတ်ကဲ့ ဆရာ၊ ရဲဘော် ဘယ်နှယောက်ဆရာခေါ်သွားမလဲ"

"မခေါ်တော့ဘူး၊ ဒီမှာ အင်အားနည်းနေလိမ့်မယ်"

သည်သို့ပြောပြီး ရဲဘော်တစ်ယောက်အား မော်တော်တစ်စီး အငှားခိုင်းလိုက်သည်။ ရိုင်ဖယ်ငါးလက်နှင့် စက်သေနတ်ကြီးကို မော်တော်ပေါ်တင်၍ ရဲကြပ်ကြီး မောင်းဗိုလ် ထွက်သွားသည်။

ကင်းဘုတ်တွင် စံမင်းတို့သာ ကျန်ခဲ့သည်၊ သည်တွင် စံပကဆိုသည်။

"ဆရာ ကျွန်တော်တို့မှာ ကျည်ဆန်တွေ နည်းနေပြီဆရာ"

"အေး . . အဲဒါဘာဖြစ်လဲ"

"ကျည်ဆန်နည်းတော့ လုံခြုံမှုအတွက် စိုးရိမ်ရတာပေါ့၊ အရေးရယ် အကြောင်းရယ်ဆို ဘယ့်နှယ်လုပ်မလဲ"

"မင်းပြောတာ ဟုတ်တယ်၊ အလံနီနဲ့ ရဲဘော်ဖြူတွေ ပြန်ထလာကြပြန်ပြီ၊ သောင်းကျန်းသူဆိုတာ စစ်ဗိုလ်သေသွားရင် နောက်တစ်ဗိုလ် ရောက်လာတတ်လာစမြဲပဲ၊ တကယ်လို့ တို့စခန်းကို ဝင်စီးရင် ဘယ့်နှယ်လုပ်မလဲ"

"ဒါကြောင့် ပြောတာပေါ့ဆရာ၊ ကျွန်တော်တို့မှာ လူအင်အားရော လက်နက်အင်အားပါ နည်းနေလေ့ရှိတယ်၊ ဒီအထဲ ကျည်ဆန်ကနည်းနေတော့ ပိုစိုးရိမ်ရတယ်"

"အေးကွာ၊ ဆရာကြီး ဦးမြိုင်ကလည်း ကျည်ဆန်များများရအောင် မလုပ်နိုင်၊ ဒီတစ်ခါ ဆရာကြီးလာရင်တော့ အပြင်းအထန်ပြောမယ်"

"သူက အထက်လူကြီးတွေ ရှေ့ရောက်ရင် သိပ်ကြောက်တတ်တာ ဆရာရဲ့"

"ဒါလည်း ဟုတ်တယ်ကွ စံပ၊ သူက အသက်လည်းကြီး၊ သားသမီးကလည်းများ၊ ပင်စင်ကလည်း နီးနေပြီဆိုတော့ ပြဿနာဖြစ်မှာ၊ အထက်လူကြီးတွေရဲ့ အငြိုငြင်ခံရမှာ သိပ်ကြောက်နေတယ်"

သည်လိုပြောပြီး စံမင်းငိုင်၍ စဉ်းစားနေသည်၊ သည်မှာ စံပက ထပ်၍ဆိုသည်။

"ဆရာ အရက်သောက်မလား ဆရာ၊ ကျွန်တော် ဖွတ်ဥတွေပြုထားတယ်"

"ဟေ . . . ဖွတ်ဥဟုတ်လား၊ မင်းဘယ်ကရသလဲ"

"ကျွန်တော်နဲ့ခွန်သာ သွားရှာကြတာ"

"ဖွတ်ဥ လိပ်သည်း တွဲ[illegible]ခဲဆိုတာ သိပ်ဆိမ့်၊ သိပ်ကောင်းပေါ့ကွာ၊ ကဲ . . . ချကြမယ်ကွာ"

အရက်သောက်ရင်း ဖွတ်ဥစားရင်း စံမင်းနှုတ်ဆိတ်နေသည်၊ ငြိမ်၍ စဉ်းစားနေသည်။

ကင်းဘုတ်တွင် ကင်းအုပ်ဦးမြိုင်လည်း မရှိ၊ ဒုတိယကင်းအုပ် ရဲကြပ်ကြီးလည်း မြို့တိုသွားနေသည်၊ ယင်းကြောင့် ကင်းဘုတ်တွင် ကျန်နေသော မိမိသာ တာဝန်ခံအုပ်ချုပ်နေရသည်။

အရက်ရှိန်လေး တမြမြနှင့် ထမင်းစားကြသည်၊ ညကင်းအတွက် စီစဉ်ပေးပြီး ခေတ္တမျှ လဲလျောင်းအနားယူသည်၊ အိပ်၍ကား မပျော်၊ စံပပြောသော ကျည်ဆန်နည်းနေ

www.burmeseclassic.com

သည့်ကိစ္စသာ နားထဲတွင်ကြားယောင်နေသည်။

ခေတ္တမှေးမှိတ်ရန် စိတ်ကူးရ၍ မျက်လုံးမှိတ်ထားသော်လည်း အသိက နိုးနေသည်။ ကျည်ဆန်သာ လုံလုံလောက်လောက် ရှိနေလျှင် သိပ်ပူစရာမလို။ တိုက်ပွဲဖြစ်ကာ ကြာရှည်တောင့်ခံနိုင်မည်။ ကျည်ဆန်မရှိတော့သော သေနတ်မှာ သံတုတ်သာသာသာ အသုံးဝင်တော့သည်။

ကျည်ဆန် . . ကျည်ဆန် များများရလျှင်ကောင်းမည်။ လုံခြုံမည်။

မြွေဟောက်၏ ပါးလွှာသော ဦးခေါင်းခွံထဲမှ ဦးနှောက်သည် ညာဏ်နီညာဏ်နက်များဖြင့် အရောင်တောက်နေတော့သည်။

မှောင်လာပြီ။ လဆုတ်လကွယ် လုနီးပြီမို့ ကင်းဘုတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင် မှောင်နေပြီ။

ကင်းသမားနှစ်ယောက်က ရေနံဆီပုံးလွတ်များထဲတွင် မီးခွက်ကြီးများထွန်း၍ ကင်းဘုတ်လေးဘက်လေးတန်တွင် ထွန်းညှိထားကြသည်။ ယင်းကြောင့် ရဲကင်းဘုတ်တခိုဝယ် မီးခွက်မှ အလင်းရောင်ကလေးမျှသာ အလင်းရောင်ရှိသည်။

သည်လိုနှင့် နံနက် ၄ နာရီထိုးချိန်။ မိုးလင်းလုနီးပြီး အရုဏ်တက်ပေတော့မည်။

သည်အချိန်တွင် မမျှော်လင့်သောအသံများ ထွက်ပေါ်လာသည်။

"ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒက် ဒက် . . ဒက်"

"ဒုတ် . . ဒုတ် . . ဒုတ် . . ဒုတ် . . ဒုတ် . . ဒုတ်"

"ဒိုင်း . . ဖောင်း . . ရှီး"

"ဟေ့ . . . ခွေးကောင်တွေ၊ ခွေးကောင်တွေ လက်နက်ချ"

"ဒက် . . ဒက် . . ဒက်"

"ဟေ့ . . . လက်နက်လိုချင်ရင် နင်တို့နှမနဲ့ လာလဲကွ၊ တောကောင်တွေရ"

"တပ်ပေါင်းစုကွ တပ်ပေါင်းစုက မင်းတို့ကို ဝိုင်းထားပြီ"

"လက်နက်ချကွာ၊ မသာမဖြစ်ချင်ရင်"

"တပ်ပေါင်းစုလားဟေ့၊ ငါတို့က ညှပ်ပေါင်းပြီး ထုလွှတ်လိုက်မယ်"

"ဒက် . . ဒက် . . ဒက် . . ငါနာမည် မြွေဟောက်စံမင်းတဲ့ဟေ့"

တိုက်ပွဲသည် ပထမပိုင်းတွင် ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာပြီး မကြာမီ အားပျော့သွားသည်။ တစ်ဖက်နှင့်တစ်ဖက် ပါးစပ်သေနတ်သာ တစ်ချိန်လုံးပစ်ပြီး သေနတ်သံမှာ ကြိုကြားကြိုကြားသာ ထွက်ပေါ်နေသည်။

ကင်းဘုတ် အဆောက်အအုံများတွင် ကျည်ဆန်ရာများထင်နေပြီ။ မီးထွန်းသည့် သံပုံးများလည်း အပေါက်တွေ ဖြစ်နေပြီ။

သည်လိုနှင့် မိုးလင်းလာသည်။ သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားကြပြီ။ *

စံမင်းတို့ဘက်မှ အကျအဆုံးလုံးဝမရှိ။ ညကတိုက်ပွဲကြောင့် ကုလားကွဲရွာနှင့် ရွာနီးချုပ်စပ်ရွာများမှ ရွာလူကြီးများ ရောက်ရှိလာကြသည်။ သတင်းမေးကြသည်။

အခြေအနေ ကောင်းကြောင်း၊ အကျအဆုံး အထိအခိုက်မရှိကြောင်း သိရမှ ပြန်သွားကြသည်။

တပ်ပေါင်းစု၊ တပ်ပေါင်းစုဆိုသောစကားသည် ရပ်ရွာဝန်းကျင် တစ်ခို ပျံ့နှံ့သွားသည်။ ထိုသတင်းသည် မြို့သို့ပါ ပေါက်ကြားသွားသည်။

နောက်တစ်နေ့ နံနက်တွင် ရန်ကုန်သတင်းစာများ၌ ရဲကင်းအား တပ်ပေါင်းစု သောင်းကျန်းသူများ ဝင်စီးသောသတင်းများပါလာသည်။

ဤအကြောင်း စံမင်းမသိ။ မိမိ ရဲကင်းသို့ ခရိုင်ဝန်နှင့် အဖွဲ့များ ရောက်လာမှ သူတို့ယူလာသော သတင်းစာများကို ဖတ်ရှုရ၍ သိရခြင်းဖြစ်သည်။

ကုလားကွဲ ရဲကင်းကို သောင်းကျန်းသူများ ဝင်စီး၊ ဒုတပ်ကြပ်စံမင်းနှင့် ရဲဘော်များက ကာကွယ်ဟု၍ ခေါင်းစဉ်တပ်ထားသည်။

နံနက် ၄ နာရီခန့်တွင် အလစ်အငိုက်ဖမ်း၍ သောင်းကျန်းသူ တပ်ပေါင်းစုများက ဝင်စီးကြကြောင်း၊ ရဲတပ်ဖွဲ့က ရှုပ်ရှုပ်ချွံချွံ ခုခံကာကွယ်ကြကြောင်း၊ မိုးလင်းခါနီးမှ သောင်းကျန်းသူများ ဆုတ်ခွာသွားကြကြောင်း စသည်ဖြင့် ဖြစ်သည်။

ခရိုင်ဝန် ရဲအဖွဲ့တွင် ရဲအုပ်ဦးမြိုင်နှင့် ရဲကြပ်ကြီးလည်း ပြန်၍ပါလာကြသည်။ တိုက်ပွဲအခြေအနေကို မေးကြသည်။ ကင်းဘုတ်တွင် မှန်ထားသော ကျည်ဆန်ရာများကို စစ်ဆေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com

စံမင်းကမူ အေးအေးဆေးဆေး ဘာမျှမထူးခြားသလိုပင် မေးသမျှ မေးခွန်းများကို ပြန်၍ဖြေသည်။ နံနက်စာစားရင်း ခရိုင်ဝန်က စံမင်းကိုပြောသည်။

"မင်းကိုငါ ဒီကင်းဘုတ်ကို တမင်ဆိုလိုက်တာကွ ဆရာစံမင်းရ"

"ဟုတ်ကဲ့ ဝန်မင်း"

"မင်းက ဖြတ်ထိုးဉာဏ်ကောင်းတယ်။ သောင်းကျန်းသူတွေအကြောင်းလည်း မင်းက နားလည်တယ်။ အခု တော့ . . မင်းက ငါထင်တာထက် ထောင် ပိုပြီးတော်နေတယ်။ ရဲကြပ်ကြီးနဲ့ မင်းနဲ့ပေါင်းပြီး လက်နက်ပုန်းတွေ ထုတ်နိုင်တယ်"

"သောင်းကျန်းသူတွေရဲ့ စည်းဝေးပွဲကိုမှောင်လည်း အားထုတ်နိုင်တယ်။ အခု စခန်းကိုဝင်စီးတော့လည်း ကြံ့ကြံ့ခံ တာကွယ်နိုင်တယ်။ ဒါကြောင့် မင်းကို ဒုတပ်ကြပ်အဆင့်ထနေ ဂျမ်းပရှိုးရှင်းနဲ့ ရဲကြပ်ကြီးခန့်တယ်။ ရဲကြပ်ကြီး မောင်ဗိုလ်ကိုလည်း နယ်ပြောင်းလိုက်တယ်။ သူ့တိုလည်း ရဲအုပ်ရာထူးပေးလိုက်တယ်"

စံမင်းရော ရဲကြပ်ကြီးများပါ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်။ ခရိုင်ရဲဝန်က စံမင်း၏ရဲကင်းအတွက် ကျည်ဆန်များ၊ လက်နက်များ အပြည့်အစုံ ဖြည့်တင်းပေးခဲ့ပြီး ပြန်လည်ထွက်ခွာသွားသည်။

ရဲအုပ်ဦးမြိုင်၏ ပြောပြချက်အရ စံမင်း၏စိတ်ထဲတွင် မခံချိမခံသာဖြစ်နေသည်။ ယခု ရဲအုပ်ဖြစ်သွားသော ရဲကြပ်ကြီးသည် စခန်းသာမြို့သို့သွား၍တစ်ပတ်ရိုက်ပြန်ပြီ။

ပထမတုန်းကတည်းက သူတို့အချင်းချင်း ပစ်သတ်ခေါင်းဖြတ်ထားသော ဗိုလ်ရန်ကင်း၏ ဦးခေါင်းကို သူကိုယ်တိုင် သတ်ဖြတ်ခဲ့သည့်ပမာ ဟန်ဆောင်ခဲ့ဖူးပြီ။

ယခုလည်း စံမင်းဖော်ထုတ်၍ သိမ်းဆည်းရမိခဲ့သော သေနတ်ပုန်းများကို သူကိုယ်တိုင် ပါဝင်ဖော်ထုတ်ခဲ့သည့်ပမာ လိမ်လည် အသားယူပြန်ပြီ။ ရာထူးပင် တစ်ဆင့်တိုးသွားပြန်ပြီ။

"ဆရာကြီးလူနဲ့ ကျွန်တော်နဲ့တော့ ကြာကြာတွဲနေရင် သိပ်ဖြစ်တော့မယ် မထင်ဘူး ဆရာကြီး။ အခု သူရာထူးတိုးပြီး နယ်ပြောင်းသွားတာ သိပ်ကောင်းတယ်။ လက်နက်ပုန်းကိုဖော်ထုတ်ခဲ့သူက ကျွန်တော်။ သူ လုံးဝမပါဘူး။ ဒါကို သူက ပါသယောင် အသားယူတယ်"

"ကဲပါ . . . ငါ့တပည့်ရာ။ မင်းလည်း ရာထူးတိုးလာပြီပဲ။ ဒုတပ်ကြပ်ကနေ တပ်ကြပ်ကြီးအဖြစ် ခုန်ပြီးတိုးထားတာပဲ။ တို့ရဲကင်း နာမည်ရတာပေါ့။ သူလည်း ရှိမှမရှိတော့ဘဲ၊ နယ်ပြောင်းသွားပြီပဲ မြွေဟောက်ကြီးရယ်၊ ငြိမ်ငြိမ်ပဲနေပေးပါ"

စံမင်း စိတ်ပြေသွားသည်။ ကျည်ဆန်များ အပြည့်အဝ ရထားလိုက်သည်က တစ်ကြောင်း၊ လက်နက်အဟောင်းများနှင့် လက်နက်အသစ်အကောင်းစားများ လဲလှယ်ပေးသွားသည်က တစ်ကြောင်း၊ သူကိုယ်တိုင် ရဲကြပ်ကြီးဖြစ်လာသောကြောင့် တကြောင်း ဖြစ်သည်။

စံမင်း စိတ်ထဲတွင်လည်း ပြုံးမိလေသည်။ သည်အပြုံးက အဓိပ္ပာယ်များစွာပါသည်။ အမှန်စင်စစ် တစ်နေ့ညကပစ်ခတ်ကြခြင်းမှာ တကယ့်တိုက်ပွဲ ဖြစ်ပွားခြင်းမဟုတ်။ သောင်းကျန်းသူတွေက လာရောက်ပြီး ဝင်တိုက်ခြင်းလည်း မဟုတ်။

သူကိုယ်တိုင် သူ့ရဲကင်းကို သူ့တပည့်များနှင့် ပစ်ခတ်ကြခြင်းသာဖြစ်သည်။ ရန်သူများနှင့် တိုက်ပွဲဖြစ်သယောင် ဟန်ဆောင်ပစ်ခတ်ကြခြင်းသာ ဖြစ်သည်။

စံမင်း၏ရည်ရွယ်ချက်မှာ အစက တစ်ခုတည်းသာရှိခဲ့သည်။ တိုက်ပွဲဖြစ်ဟန်ဆောင်ပြီး ကျည်ဆန်များ ထုတ်ယူမည် သည်ရည်ရွယ်ချက်သာရှိခဲ့သည်။ ကျည်ဆန်များကို ရှိုးရိုးတောင်းက ပေးချင်မှပေးမည်။ တိုက်ပွဲဖြစ်လျှင်ကား မုချပေးရတော့မည်။

ယခုသော် သူ့ရည်ရွယ်ချက်လည်း အပြည့်အဝ အောင်မြင်သွားသည်။ သတင်းစာထဲတွင်ပါ၍လည်း နာမည်ကြီးသွားသေးသည်။ ရာထူးလည်း တက်သေးသည်။

သူ့ဟာသူထင်၍ သူ့အထင်အတိုင်းဖြစ်လာသော အကျိုးတရားများသည်ကား ကိုယ့်တာဝန်မဟုတ်ဟု စံမင်းက ယူဆသည်။

စံမင်းကား ဤမျှဉာဏ်နီဉာဏ်နက်များသူပေတည်း။

*(ဆက်လက်ဖော်ပြပါမည်။)*

မြင့်ဦးဦးအောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သတင်းထောက်ဒီပစော် နှင့် ဘတ္တာလက်ခုပ်ထဲက ချစ်စာမှီး

● ဗညားဦး(အိမ်မဲ)

(၁)

မင်းထင်သည် ကားကို ထိုးရပ်လိုက်သည်။

ကားတံခါးကို မဖွင့်သေးဘဲ နံဘေးတွင်ထိုင်လိုက်လာသော မြဝတ်ရည်ကို တိမ်းညွတ်ကြည့်လိုက်သည်။ မြဝတ်ရည်သည် ကားတံခါးကိုဖွင့်ရန်ပြုလိုက်စဉ် မင်းထင်က ကားတံခါးကို ပြန်ဆွဲလိုက်ရင်း . . .

"မြဝတ်ရည်၊ ဘယ်လိုလဲ ငါတောင်းထားတဲ့ အဖြေကို ခုထိမပေးသေးဘူးလား"

"မင်းထင် . . နင့်ပါးစပ်ကို ပိတ်ထားလိုက်ပါ။ ဘယ်နှခါပြောရမလဲ၊ နင့်ကို ငါပြန်မချစ်နိုင်ဘူး၊ ကားတံခါး ဖွင့်စမ်းပါ"

မျက်နှာကြောတင်းတင်းနှင့် ပြန်ပြောလိုက်သူမှာ မြဝတ်ရည်။

"မဟုတ်သေးဘူး မြဝတ်ရည်ရယ်၊ ဘာလဲ . . ငါက နင်တို့ရဲ့ကားဒရိုင်ဘာဖြစ်နေလို့လား ပြောစမ်းပါဦး မြဝတ်ရည်"

"ငါ့မှာ ဒီလိုအဆင့်အတန်းခွဲတဲ့စိတ် မရှိဘူး မင်းထင်၊ အချစ်ဆိုတဲ့ စကားလုံးဟာ ငါ့ရင်ဘတ်နဲ့ စိမ်းနေသေးတယ်၊ ဒါကြောင့် ငါ့ရင်ဘတ်ထဲမှာ အချစ်ကို မခံစားတတ်သေးဘူး"

"မြဝတ်ရည် . . . နင်စကားတတ်တိုင်း လျှောက်ပြောမနေနဲ့၊ ငါ့ရင်ဘတ်ထဲမှာ နင့်ကို အချစ်ဆုံးပဲ"

"ကဲ . . . ကားတံခါးဖွင့်စမ်းပါ၊ ဟိုမှာ ဖေဖေကြည့်နေတယ်"

မြဝတ်ရည်၏ စကားကြောင့် ထိတ်ထိတ်ပျာပျာဖြစ်သွားသူမှာ မင်းထင်၊ မင်းထင်သည် တိုက်ရှေ့ကို လှမ်းကြည့်လိုက်သည်။

တိုက်ရှေ့တွင် ရပ်ကြည့်နေသူမှာ ဦးဖေကျော်၊ ကားတံခါးကို ဖွင့်ပေးလိုက်သူမှာ မင်းထင်၊

မြဝတ်ရည်သည် ကားပေါ်မှ ဆင်းကာ ဦးဖေကျော်ထံလျှောက်လာသည်။

"သမီး ပြန်လာပြီလား"

"ဟုတ်ကဲ့ဖေဖေ"

မြဝတ်ရည်သည် ဦးဖေကျော်ကို ပြုံးရိပ်ဝေလျက် ခေါင်းညိတ်ပြပြီး တိုက်ထဲကိုပြေးဝင်သွားသည်။

"မင်းထင် . . . ၆ နာရီကျရင် ညစ်ခံပွဲတစ်ခု သွားစရာရှိတယ်၊ ကြားလား"

"ဟုတ် . . ဟုတ်ကဲ့ ဆရာ"

ဦးဖေကျော်သည် မင်းထင်ကို တစ်ချက်လှမ်းကြည့်ပြီး တိုက်ခန်းထဲကို လှမ်းဝင်လိုက်သည်၊ ညစ်ခန်းမထဲတွင် ဒေါ်နီလာထွန်းနှင့် မြဝတ်ရည်တို့ ထိုင်စကားပြောနေကြသည်၊

"သမီးရေ ညစ်ခံပွဲကို လိုက်ရမယ်နော်"

"မလိုက်ချင်ပါဘူး ဖေဖေ"

"မဟုတ်တာ သမီးရယ်၊ လိုက်ခဲ့ပါ၊ မေမေနဲ့ အဖော်ရတာပေါ့"

"ဟုတ်ကဲ့ပါ မေမေ"

မြဝတ်ရည်သည် ဒေါ်နီလာထွန်း၏လက်ကို ဆွဲကိုင်ရင်း ပြောလိုက်သည်၊ ဦးဖေကျော်သည် ပြုံးလျက် . . .

"ဒါပဲကြည့်တော့ နီလာရေ၊ သမီးကတော့ နီလာ့စကားဆိုရင် နားထောင်တာချည်းပဲ"

"နီလာ့သမီးပဲ ဒီလောက်တော့ ရှိမှာပေါ့ အစ်ကိုရဲ့"

www.burmeseclassic.com

"ဟား . . . ဟား . . . ဟား"

ဦးဖေကျော်သည် သဘောကျစွာ ရယ်မောနေလိုက်သည်။

ထိုစဉ် တိုက်ရှေ့တွင် ဆိုင်ကယ် ထိုးရပ်လိုက်သောအသံကြောင့် တိုက်ရှေ့ကို လှမ်းမျှော်ကြည့်လိုက်မိ၏။

ဆိုင်ကယ်ပေါ်မှဆင်းပြီး ရပ်ကာ နွဲ့နွဲ့ရိရိ ပြုံးပြုံးသိသိနှင့် စကားရပ်ပြောနေကြသော ဒါလီထွန်းနှင့် ပိုင်ဝေစိုး။ ဒါလီထွန်းသည် ပိုင်ဝေစိုး၏ပါးကို လိမ်ဆွဲပြီး တိုက်ထဲကိုပြေးဝင်လာသည်၊ ပိုင်ဝေစိုးသည် ကြည်နူးရိပ်နှင့် ဆိုင်ကယ်မောင်းနှင်ထွက်သွားသည်။

ထိုမြင်ကွင်းကို မီးဟုန်းဟုန်းတောက်နေသည့် မျက်လုံးနှင့် လှမ်းကြည့်နေသူမှာ ဒေါ်နီလာထွန်း။ ဒါလီထွန်းသည် ဦးဖေကျော်၊ မြဝတ်ရည်တို့ကို လှည့်မကြည့်ဘဲ အခန်းထဲကို ပြေးဝင်သွားသည်။ ဒေါ်နီလာထွန်းသည် ထိုင်နေရာမှ ဖျတ်ခနဲထပြီး ဒါလီထွန်းအခန်းကိုလိုက်သွားသည်။

"သမီး . . . မေမေ့ရဲ့မေတ္တာတရားကို စော်ကားလိုက်တာလား"

"သမီးဘာလုပ်မိလို့လဲ မေမေ"

"ပိုင်ဝေစိုးနဲ့ သမီးကို မေမေ သဘောမတူနိုင်ဘူးလို့ ပြောထားတယ် မဟုတ်လား။ ပိုင်ဝေစိုးနဲ့ သွားသွားလာလာမလုပ်ဖို့လည်း မေမေ ပြောထားတယ် မဟုတ်လား"

"ဟာ . . မေမေကလည်း သမီးကိုချည်း ဆူနေတာပဲ၊ မမမြဝတ်ရည်ကိုကျတော့ မဆူဘူး"

"သမီးမြဝတ်ရည်က မေမေ့စကားကို နားထောင်တယ်၊ သမီးက မေမေ့စကားကို နားမထောင်လို့ ဆူနေရတာ"

"တော်စမ်းပါ မေမေရာ၊ သမီးသိပါတယ်၊ ကိုယ့်သမီးရင်းကျတော့ အမြဲတမ်းဆူနေတာပဲ၊ ကိုယ့်သမီးမဟုတ်တဲ့သူကျတော့ မေမေက ဖူးဖူးမှုတ်ထားတယ်"

"သမီး နင့်ပါးစပ်ကို ပိတ်လိုက်စမ်း၊ ဟိုကကြားသွားရင် မကောင်းဘူး"

"ကြားသွားလည်း ဘာဖြစ်လဲ၊ သမီးက အမှန်အတိုင်းပြောတာပဲ"

"အေး . . . သမီးကို မေမေ နောက်ဆုံးထပ်ပြောမယ်၊ အဲဒီကောင်နဲ့သမီး လုံးဝအဆက်ဖြတ်ပါ၊ မဖြတ်ဘူးဆိုရင် မေမေ့အကြောင်းသိမယ် ဒါပဲ"

ဒေါ်နီလာထွန်းသည် ဒေါသပြင်းပြင်းနှင့် အခန်းအပြင်ဘက်သို့ ထွက်သွားသည်။

ည ၆ နာရီရောက်သည့်အခါ ဧည့်ခံပွဲသွားရန် ပြင်ဆင်ကြသည်၊ ဦးဖေကျော်သည် အင်္ကျီဝတ်ရင်း

"နီလာရေ . . သမီးလေး ဒါလီကိုလည်း ခေါ်ခဲ့လေ"

"ဒါလီက စိတ်ကောက်နေတယ်၊ မခေါ်တော့ပါဘူး အစ်ကို"

ပြင်ဆင်ပြီး ကားပေါ်ကို တက်လိုက်ကြသည်။

"ကဲ . . မင်းထင် သွားမယ်ဟေ့"

"ဟုတ်ကဲ့ ဆရာ"

မင်းထင်သည် မြဝတ်ရည်၏ အလှကို တစ်ချက်ခံစားကြည့်ပြီး ကားကို မောင်းထွက်လာခဲ့သည်။

ထိုစဉ် အခန်းထဲမှနေပြီး လှမ်းကြည့်နေသော ဒါလီထွန်းသည် ဒေါသဟုန်းဟုန်းပြင်းထန်မှုကြောင့် တစ်ကိုယ်လုံး တုန်တုန်ရီရီနှင့် ပေါက်ကွဲသံများ ထွက်လာခဲ့သည်။

"သွားကြ၊ သွားကြ၊ ပျော်ပျော်ပါးပါးသွားကြ၊ ငါ့မှာတော့ အိမ်စောင့်ဖြစ်နေရတယ်၊ ဟွန်း . . . ငါမကျေနပ်ဘူးဟေ့"

တံခါးကို ဒေါသပြင်းပြင်းထန်ထန်နှင့် လှမ်းပိတ်လိုက်သော အသံသည် ဟိန်းလုံးညံသွားတော့သည်။

"ဂျိမ်း"

* * *

"အေး . . သမီးကို မေမေ နောက်ဆုံးထပ်ပြောမယ်။ အဲဒီကောင်နဲ့သမီး လုံးဝအဆက်ဖြတ်ပါ။ မဖြတ်ဘူးဆိုရင် မေမေ့အကြောင်းသိမယ်၊ ဒါပဲ"

www.burmeseclassic.com

(၂)

မင်းထင်သည် တံခါးကိုမဖွင့်သေးဘဲ မြဝတ်ရည်လက်ကို ဆွဲကိုင်ထိုက်သည်၊

"မြဝတ်ရည်ရယ် . . မင်းကိုငါ သိပ်ချစ်တယ်"

"ဒါ ဘာလုပ်တာလဲ"

"ချစ်လို့ပါ မြဝတ်ရည်"

မြဝတ်ရည်သည် မျက်လုံးနီမြန်းသွားပြီး လက်က မင်းထင်ပါးပေါ်ကို အရှိန်ပြင်းပြင်း ကျရောက်သွား၏၊ မင်းထင်သည် ကြောင်သွားမိ၏၊

"သစ္စာမဲ့ပြီး စည်းမရှိရင် ဒီလိုပဲဆက်ဆံတတ်တယ်ဆိုတာ မင်းထင်နားလည်သွားပြီလား၊ ဒါနောက်ဆုံးဖြစ်ပါစေ"

ကားတံခါးကိုဖွင့်ပြီး ကားပေါ်မှထွက်သွားသော မြဝတ်ရည်ကို ငေးရီကြည့်ပြီး ပါးကိုပွတ်သပ်နေသူမှာ မင်းထင်၊

"မြဝတ်ရည် . . . မြဝတ်ရည်နင်က ငါ့ပါးကိုရိုက်လိုက်တယ်ပေါ့၊ အေး . . ငါ့အကြောင်း သိရမယ်"

မင်းထင်သည် ရင်ဘတ်ထဲမှ အသံတိတ်ရွတ်ဆိုနေမိသည်၊ ထိုစဉ် ဦးဖေကျော်၏အသံက လွင့်ပျံ့လာသည်၊

"မင်းထင် လာခဲ့ဦး"

"ဟုတ်ကဲ့ဆရာ"

မင်းထင်သည် ဦးဖေကျော်ထံကို လျှောက်လာမိသည်၊ ဦးဖေကျော်က ညေ့ခန်းကုလားထိုင်တွင် ထိုင်ခိုင်းလိုက်၏၊

"စောစောက မြင်ကွင်းအားလုံးကို ဦးမြင်လိုက်တယ်၊ ဦးပြောချင်တာက မင်း ဦးဆီမှာ အလုပ်ဆက်လုပ်ချင်ရင် သစ္စာရှိပြီး စည်းကမ်းရှိဖို့လိုတယ်၊ အို . . ဦး နောက်ဆုံးပြောမယ်၊ စောစောကမြင်ကွင်းမျိုး နောက်ထပ်မမြင်ချင်ဘူး၊ ဒါပဲ၊ မင်းသွားနိုင်ပြီ"

"ဟုတ် . . ဟုတ်ကဲ့ ဆရာ"

မင်းထင်သည် အခန်းဘက်ကို တစ်ချက်လှမ်းကြည့်ပြီး တိုက်ထဲမှ ပြေးထွက်သွားသည်၊

ဦးဖေကျော်သည် တော်တော်နှင့် အိပ်မပျော်၊ သမီးမြဝတ်ရည်အတွက် သောကရင်ဝယ် မုန်တိုင်းနှင့်၊ လူးလွန့်လူးလွန့်ပြီး အိပ်ပျော်သွားသူမှာ ဦးဖေကျော်၊

မနက်မိုးလင်းသည့်အခါ ညေ့ခန်းဆောင်မှာ ကော်ဖီနှင့်မုန့်များကို စီစဉ်နေသော ဒေါ်နီလာထွန်းကို လှမ်းမေးလိုက်သည်၊

"နီလာရေ သမီးမြဝတ်ရည်ကို မတွေ့ပါလား"

"အိပ်နေတုန်းပဲလား မသိဘူး အစ်ကို၊ နီလာသွားနှိုးလိုက်ဦးမယ်"

"အေး . . . အေး . . . အေး"

ဒေါ်နီလာထွန်းသည် မြဝတ်ရည်အခန်းဘက်ကို လျှောက်သွားသည်၊ အတန်ကြာတော့ . . .

"အောင်မယ်လေး အစ်ကိုရေ လာပါဦး"

အခန်းထဲမှ ဒေါ်နီလာထွန်း၏ တုန်လှုပ်ချောက်ချားသော အသံထွက်ပေါ်လာသည်၊ အခန်းထဲကို ပြေးဝင်သွားသူမှာ ဦးဖေကျော်၊

"ဘာဖြစ်လို့လဲ နီလာ"

"သမီးမြဝတ်ရည်ကို ကြည့်ပါဦး အစ်ကိုရဲ့"

ခုတင်ပေါ်၌ ပက်လက်အနေအထားနှင့် မြဝတ်ရည် သေဆုံးနေသည်ကို တွေ့လိုက်ရ၏၊ မြဝတ်ရည်ရင်ဘတ်တွင်လည်း သွေးများစိမ့်ပြီး စီးဆင်းနေလျက်၊

ဦးဖေကျော်သည် ချက်ချင်း ရဲစခန်းသို့ဖုန်းဆက်ပြီး အကြောင်းကြားလိုက်သည်၊ ပြီးမှ အခန်းထဲပြန်ဝင်ပြီး မြဝတ်ရည်လက်ကိုကိုင်ရင်း

"သမီး . . . သမီး . . . သမီး အဖြစ်ကဆိုးချည်လားကွယ်၊ ဒါ မင်းထင်လက်ချက်ပဲ၊ တွေ့ကြသေးတာပေါ့ မင်းထင်ရာ"

ထိုစဉ် ရဲကားများရောက်လာပြီး အိမ်ထဲကို လှမ်းဝင်လာကြသူမှာ သတင်းထောက်ဒီပဇော်နှင့် ဒုရဲအုပ်နိုင်မြင့်ဌေး၊

"ဘယ်လိုဖြစ်ကြတာလဲဗျ"

ဒုရဲအုပ်နိုင်မြင့်ဌေးက ဦးဖေကျော်ကိုလှမ်းမေးလိုက်သည်၊ ဦးဖေကျော်သည် မြဝတ်ရည်ကို လက်ညှိုးထိုးရင်း . . .

"ဦးသမီး အသတ်ခံလိုက်ရလို့ပါ"

ဒီပဇော်နှင့် ဒုရဲအုပ်နိုင်မြင့်ဌေးတို့သည် မြဝတ်ရည်ကို သေချာစိုက်ကြည့်နေမိသည်၊ ဒီပဇော်က မြဝတ်

www.burmeseclassic.com

"ကျွန်တော်က
မြဝတ်ရည်ကို·
သိပ်ချစ်တာပါ
ကိုယ့်အသက်တမျှ
ချစ်ရတဲ့လူကို
သတ်ရက်ပါ့မလားဗျာ။
ဒီဓားမြှောင်က
ကြက်တစ်ကောင်ကို
သတ်ပြီး ဟင်းချက်စား
ကြတာပါဗျာ"

ရည်ကို စူးရှစွာကြည့်ရင်း . . .

"ကိုခိုင်မြင့်ဌေး . . ရင်ဘတ်မှာ အပေါက်တွေ့ရတယ်။ ချွန်ထက်တဲ့အရာဝတ္ထု။ ဒါမှမဟုတ်ရင် ဓားနဲ့ ထိုးသွားတာ ဖြစ်နိုင်တယ်"

"ဟုတ်တယ် ကိုဒီပဇော်"

ဒီပဇော်သည် မြဝတ်ရည်ကို မှုခင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံရိုက်ယူလိုက်သည်၊ အခန်းပတ်လည်ကို လိုက်လံကြည့်ရှုနေမိရင်း . . .

"ဒီပြတင်းပေါက်တံခါးက ဖွင့်ပြီးအိပ်တာလား"

"ခါတိုင်း သမီးအိပ်ရင် တံခါးတွေအကုန်ပိတ်ပြီးမှ အိပ်တတ်တယ်၊ ဒီည ပူအိုက်လွန်းလို့ တံခါးများဖွင့်ပြီး အိပ်တာလား မသိဘူး"

ဒီပဇော်သည် အခန်းပတ်လည်ကို မျက်လုံးကစားလိုက်ပြန်သည်၊ အခန်းမျက်နှာကျက်တွင် လေပန်ကာတပ်ထားသည်၊

"အိုက်ရင် လေပန်ကာဖွင့်အိပ်မှာပေါ့၊ မဖြစ်နိုင်ဘူးလား ဦးဖေကျော်"

"ဟုတ်တယ် ကိုဒီပဇော်၊ ခါတိုင်းညဆိုရင် လေပန်ကာဖွင့်အိပ်တတ်တာပဲ"

"ဒါဆိုရင် . . ဒီပြတင်းပေါက်တံခါးက ဘာကြောင့်ပွင့်နေတာလဲ၊ ဒါစဉ်းစားစရာပဲ ကိုခိုင်မြင့်ဌေး"

"ဟုတ်တယ် ကိုဒီပဇော်"

ဒုရဲအုပ်ခိုင်မြင့်ဌေးသည် ပြတင်းပေါက်တံခါးကိုစူးစမ်းကြည့်ပြီး ဦးဖေကျော်ကို လှမ်းမေးလိုက်သည်၊

"ဦးဖေကျော် . . ခင်ဗျားသမီးအတွက် ခင်ဗျားဘယ်သူ့ကို မသင်္ကာစရာလူရှိသလား"

"ရှိပါတယ်၊ ရှိပါတယ်၊ မင်းထင်ပါ"

"မင်းထင်က ဘယ်သူလဲ"

"မင်းထင်က ဦးဆီမှာ ကားဒရိုင်ဘာပါ"

"မင်းထင်ကို ဦးက ဘာကြောင့် ထင်ရတာလဲ"

"ဒီလိုပါ မနက်က မင်းထင်က ဦးသမီးကို လက်ဆွဲပြီးချစ်ရေးဆိုတယ်၊ အဲဒါ ဦးသမီးက မင်းထင်ပါးကိုရိုက်လိုက်တာ ဦးတွေ့တယ်၊ မင်းထင်က သမီးကိုမကျေနပ်ဘဲ ဒေါသမီးဟုန်းဟုန်းတောက်တဲ့ မျက်လုံးနဲ့ လှမ်းကြည့်နေတာ ဦးမြင်လိုက်ရတယ်"

"အခု မင်းထင်ဘယ်မှာလဲ ဦးဖေကျော်"

"သူ့အခန်းမှာ ရှိပါလိမ့်မယ်"

ထိုစဉ် ဒီပဇော်သည် ပြတင်းပေါက်အနီး ကြမ်းပြင်ပေါ်မှာ တစ်စုံတစ်ခုကို ကောက်ယူပြီး

"ဦးဖေကျော် ဒီရင်ထိုးလေးက ဦးသမီးပစ္စည်းလား"

ဦးဖေကျော်သည် ဒီပဇော်လက်ထဲမှ ရင်ထိုးလေးကို သေချာလှမ်းကြည့်လိုက်သည်၊ ရင်ထိုးလေးမှာ လိပ်ပြာပုံလေးနှင့်၊ အရောင်မှာ အပြာနုရောင်၊

"ဒီရင်ထိုးလေးက သမီးဒါ[illegible] ထွန်းရဲ့ ရင်ထိုးလေးပါ"

ဒေါ်နီလာထွန်းက ဝင်ပြော[illegible] လိုက်သည်၊

"တဲ . . . ကိုဒီပဇော် မင်းထ[illegible] အခန်းကို သွားကြည့်ကြရအောင်"

ဒုရဲအုပ်ခိုင်မြင့်ဌေးက ဒီပ[illegible] ကို လှမ်းပြောလိုက်သည်၊ ဒီပ[illegible] က ခေါင်းညိတ်လိုက်ပြီး ခြေလှမ်း[illegible] သွက်လက်မြန်စွာ ထွက်လာခဲ့သ[illegible]

***

(၃)

"ဒီမှာ ဓားမြှောင်တစ်ချော[illegible] တွေ့တယ်ဆရာ"

ရဲဘော်တစ်ဦး၏ စကားပြော[illegible] ဒုရဲအုပ်ခိုင်မြင့်ဌေးသည် ဓားမြ[illegible] ကို လှမ်းယူလိုက်သည်၊ ဓားမြ[illegible] မှာ သွေးစများနှင့်၊ ဓားမြှောင်[illegible] သေချာ ကြည့်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"မင်းထင် မင်းဘာငြင်းချင်သေးလဲ"

"ကျွန် . . ကျွန် ... ကျွန်တော်ရှင်းပြပါ့မယ်"

"မင်း ဘာမှရှင်းပြမနေနဲ့၊ မင်းပဲ ငါ့သမီးကို သတ်တာ၊ မင်းဟာ သစ္စာမရှိတဲ့ကောင်"

ဦးဖေကျော်သည် မင်းထင်၏ အကျီစကို ဆုပ်ကိုင်လိုက်ပြီး ဒေါသထုန်းဟုန်းနှင့် ပြောလိုက်သည်။ ဒီပဇော်က ဦးဖေကျော်ကို လှမ်းဆွဲရင်း

"ဦးဖေကျော် ဒေါသရှေ့မထားပါနဲ့၊ ဒေါသရှေ့ထားရင် အဖြေမှန်ကို ရမှာမဟုတ်ပါဘူး ဦးဖေကျော်"

"ကျွန် . . ကျွန် . . ကျွန်တော်ရှင်းပြပါ့မယ်"

မင်းထင်ပြောနေသည်မှာ တုန်တုန်လှုပ်လှုပ်၊ ဒုရဲအုပ်ခိုင်မြင့်ဌေးက မင်းထင်ကို သေချာစိုက်ကြည့်ပြီး

"ကဲ . . . မင်းထင်၊ မင်းစခန်းရောက်မှရှင်းပါ၊ အခု စခန်းလိုက်ခဲ့ပါ"

"ကျွန်တော်မလိုက်နိုင်ဘူး၊ မြဝတ်ရည်ကို ကျွန်တော်မသတ်ဘူး"

"အေးပါကွာ မင်းအပြစ်မရှိရင်လည်း မင်းကိုပြန်လွှတ်မှာပါ၊ ခုတော့ စခန်းကိုလိုက်ခဲ့ပါ"

"မင်း . . မင်း ငါ့သမီးကို မင်းပဲသတ်တာ၊ မင်းစခန်းလိုက်သွား၊ မင်းလိုသစ္စာမဲ့တဲ့မျက်နှာကို ငါမမြင်ချင်ဘူး"

ဦးဖေကျော်သည် မင်းထင်ကို မျက်လုံးစိမ်းစိမ်းနှင့် ပြောနေသည်။ အဆုံးတော့ စခန်းကို လိုက်သွားသူမှာ မင်းထင်။

စခန်းရောက်တော့ မင်းထင်က ရှင်းပြနေသည်။

"ကျွန်တော်က မြဝတ်ရည်ကို သိပ်ချစ်တာပါ၊ ကိုယ့်အသက်တမျှ ချစ်ရတဲ့လူကို သတ်ရက်ပါ့မလားဗျာ၊ ဒီဓားမြှောင်က ကြက်တစ်ကောင်ကို သတ်ပြီး ဟင်းချက်စားကြတာပါဗျာ"

ဒီပဇော်သည် မင်းထင်ကို စူးစိုက်ကြည့်နေသည်။

ဒုရဲအုပ်ခိုင်မြင့်ဌေးက . . .

"မင်း ဒီဓားမြှောင်နဲ့ ကြက်ကို သတ်ပြီး ဟင်းချက်စားကြတာ ဘယ်သူသိသေးသလဲ"

"ဦးမိုးလုံးကို ခေါ်မေးကြည့်ပါ"

"ဦးမိုးလုံးဆိုတာ ဘယ်သူလဲ"

"ဦးမိုးလုံးက ကျွန်တော်နဲ့အတူတူ ဦးဖေကျော်ဆီမှာ အလုပ်လုပ်နေတဲ့သူပါ"

"ရဲဘော် . . ဦးမိုးလုံးကို သွားခေါ်စမ်းပါ"

"ဟုတ်ကဲ့ဆရာ"

ရဲဘော်သည် သွက်သွက်လက်လက် ထွက်သွားသည်။ ဒီပဇော်က မင်းထင်ကို သေချာကြည့်ရင်း . . .

"မင်း ညက ဦးဖေကျော်တို့အိမ်ဘက်ကို ရောက်သေးလား"

"မရောက်ပါဘူး"

"မင်း ညက ဘယ်အချိန်အိပ်သလဲ"

"အင်း . . ည ၁၀ နာရီလောက်မှာ အိပ်ပါတယ်"

"မင်းမအိပ်ခင် ခြံထဲမှာ ထူးထူးခြားခြားအသံတွေ ကြားရသေးလား"

"မကြားမိပါဘူး ကိုဒီပဇော်"

အတန်ကြာတော့ ဦးမိုးလုံး ရောက်လာသည်။ ဒုရဲအုပ်ခိုင်မြင့်ဌေးသည် ဦးမိုးလုံးကိုလှမ်းကြည့်ရင်း

"ဦးမိုးလုံးထိုင်ပါ၊ ခင်ဗျားကို မေးစရာရှိလို့ပါ၊ မင်းထင်က ညက ဒီဓားမြှောင်နဲ့ ကြက်ကိုသတ်ပြီး ဟင်းစားချက်တယ်လို့ ပြောနေတယ်၊ ဟုတ်သလား ဦးမိုးလုံး"

ဦးမိုးလုံးသည် ဓားမြှောင်ကို သေချာစိုက်ကြည့်ပြီးမှ . . .

"ဟုတ်ပါတယ်၊ မင်းထင် ကြက်ကိုသတ်တာ ဦးကိုယ်တိုင် တွေ့ရပါတယ်"

"ကောင်းပါပြီ၊ ဦးမိုးလုံးပြန်နိုင်ပါပြီ၊ မင်းထင် အခု ဒီဓားမြှောင်ကို ဓာတ်ခွဲခန်းကို ပို့လိုက်မယ်၊ အဲဒီက အဖြေကိုစောင့်ရမယ်၊ အဖြေမှန်ပြန်လာရင် မင်းပြောတာ ခိုင်လုံသလား၊ မခိုင်လုံဘူးလားဆိုတာ သိရမယ်"

ဒုရဲအုပ် ခိုင်မြင့်ဌေးသည် ရဲဘော်တစ်ဦးကို လှမ်းခေါ်ပြီး ဓားမြှောင်ကို ဓာတ်ခွဲခန်းတို့ ပို့ခိုင်းလိုက်သည်။ ဓားမြှောင်တို့ ဓာတ်ခွဲခန်းမှ ပြန်လည်ရရှိလိုက်သည့်နေ့က ဖြစ်သည်။ ဒုရဲအုပ်ခိုင်မြင့်ဌေးသည် ဓာတ်ခွဲခန်းမှ အဖြေစာရွက်ကို သေချာဖတ်ရင်း . . .

"ကဲ . . မင်းထင် ဓာတ်ခွဲခန်းက အဖြေကတော့ ဓားပေါ်ကသွေးဟာ လူသွေးမဟုတ်ဘူး၊ ကြက်သ

www.burmeseclassic.com

ကောင်ရဲ့သွေးဖြစ်ကြောင်း သိရတယ်။ ဒီတော့ မင်းကို ငါတို့ပြန်လွှတ်ပေးလိုက်မယ်။ အကြောင်းထူးရှိရင် ငါတို့ဆီကို အမြန်ဆုံးသတင်းပို့ပါ။ ဟုတ်လား မင်းထင်"

မင်းထည်သည် ဗုရဲအုပ်ခိုင်မြင့်ဌေး၏စကားကြောင့် ဝမ်းသာမျက်နှာနှင့် ခေါင်းညိတ်ပြသည်။

"ကိုဒီပဇော် ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

မင်းထင်သည် ဒီပဇော်ကိုနှုတ်ဆက်ပြီး စခန်းမှပြန်ထွက်သွားသည်။

ထိုစဉ် ဖုန်းသံလွင့်ပျံလာသည်။

"ကလင် . . ကလင် . . ကလင်"

"ဟဲလို အမိန့်ရှိပါခင်ဗျာ"

". . . . ."

"ဩော် . . ဦးဖေကျော်လား။ ဘာအကြောင်းထူးရှိလို့လဲ"

". . . . ."

"ဟုတ်လား ဒါဆိုရင် ကျွန်တော်တို့ အခုပဲလာခဲ့ပါ့မယ်"

ဗုရဲအုပ်ခိုင်မြင့်ဌေးသည် ဖုန်းကို ချလိုက်ပြီး ဒီပဇော်ကို ပြောလိုက်သည်။

"ကိုဒီပဇော် . . ဦးဖေကျော်တို့ အိမ်ကို သွားကြရအောင်"

* * *

(၄)

ဦးဖေကျော်တို့ အိမ်ကိုရောက်သည့်အခါ ဦးဖေကျော်နှင့် ဒေါ်နီလာထွန်း၏ မျက်လုံးများသည် တုန်လှုပ်သည့်အရိပ်များနှင့်တွေ့ရသည်။

**ဒီပဇော်သည်**
**ကျော်ဝေမိုးကို စူး**
**စိုက်ကြည့်လိုက်သည်။**
**နေကာမျက်**
**မှန်အမည်းနှင့်**
**မိုက်ကန်းကန်းပုံမျိုး။**
**လက်မှာလည်း**
**ဆေးမင်ရုပ်တွေနှင့်။**

"ကဲ . . ဦးဖေကျော် ပြောပါဦး"

ဦးဖေကျော်သည် ဒေါ်နီလာထွန်းကို တစ်ချက်ကြည့်ကာ . . .

"ဒီလိုပါ။ မနက်က ခြံထဲမှာ လမ်းလျှောက်နေတုန်း ခြံအပြင်ကနေ လူတစ်ယောက်ဟာ နီလာကို ဓားမြှောင်တစ်ချောင်းနဲ့ ပစ်ပေါက်သွားတယ်"

"ဟုတ်လား ဦးဖေကျော်။ အဲဒီလူကို သေချာမမြင်လိုက်ဘူးလား"

"မမြင်လိုက်ဘူး။ ဦးက ပြေးထွက်ကြည့်တော့ အဲဒီလူက ပြေးထွက်သွားတယ်"

ဒီပဇော်သည် ဒေါ်နီလာထွန်းကို စူးစိုက်ကြည့်ရင်း . . .

"ဒေါ်နီလာထွန်း သေချာစဉ်းစားပြီးမှပြော။ ဒေါ်နီလာထွန်းကို ဓားနဲ့ပစ်ပေါက်သွားတဲ့သူဟာ ဘယ်သူဖြစ်နိုင်မလဲ"

"အင်း . . . ဟိုကောင် ပိုင်ဝေစိုးပဲဖြစ်မယ်"

"ပိုင်ဝေစိုးဆိုတာ ဘယ်သူလဲ"

"သမီးနဲ့တွဲနေတဲ့ ကောင်လေးပါ။ အဒေါ်က ပိုင်ဝေစိုးကို အဒေါ့်သမီးနဲ့ အဆက်ဖြတ်လိုက်ပါ။ နောက်ကို အိမ်ကိုမလာပါနဲ့၊ သမီးနဲ့တွေ့ဖို့ မကြိုးစားပါနဲ့။ ငါ့သမီးနဲ့နင့်ကို လုံးဝ လုံးဝ သဘောမတူနိုင်ဘူးလို့ ပြော လိုက်တယ်။ အဲဒီမှာ ပိုင်ဝေစိုးက အံ ကြိတ်ပြီး အဒေါ့်ကို မျက်လုံးမီးဝင်း ဝင်းတောက်ပြီး ကြည့်သွားတယ်"

ထိုစဉ် ဦးဖေကျော်က ဒေါ်နီ လာထွန်းကို လှမ်းပြောလိုက်သည်

"ကဲ . . နီလာရေ အပေါ်ထ မှာ အေးအေးဆေးဆေး အနား လိုက်ပါဦး"

"ဟုတ်ကဲ့ အစ်ကို"

ဒေါ်နီလာထွန်းသည် စ ဝိုင်းမှထပြီး အပေါ်ထပ်ကို တ သွားသည်။ ဦးဖေကျော်သည် ဒေါ် လာထွန်းကို လှမ်းကြည့်ရင်း . . .

"ဒီပဇော်တို့ကို ဦးပြောစရာ တယ်။ နေ့လယ်က ဒါလီထွန်း အခ ထဲက ဖုန်းပြောသံကို ဦးကြားလိုက် တယ်"

"ဘာထူးခြားချက်တွေ ရှိလို့ လဲ ဦးဖေကျော်"

"ထူးခြားတယ် ဒီပဇော်။ ဒါ ထွန်း ဖုန်းပြောနေတာက ပိုင်ဝေ နင်ဘာလို့ အမေ့ကို ဓားနဲ့ပစ် သွားရတာလဲ၊ ဒို . . အခုမှ မသိတာလဲ၊ ဒါ နင့်ဖက်ချက်ပါ



www.burmeseclassic.com

www.burmeseclassic.com

...တယ်၊ အမေဟာ ငါ့ရဲ့သွေးပါ၊ ...ညီဟာ ငါ့ရဲ့သွေးမဟုတ်ဘူး"

ဦးဖေကျော်၏စကားကို စူး ...နားထောင်နေသူမှာ ဒီပဇော်၊ ... . . .

"တဲ . . . ကိုခိုင်မြင့်ဌေး၊ ကျွန် ...တို့ ပိုင်ဝေစိုးဆီ သွားကြည့် ..."

"ကောင်းတာပေါ့ ကိုဒီပဇော်"

ဒီပဇော်နှင့် ဒုရဲအုပ်ခိုင်မြင့်ဌေး ...ည် ပိုင်ဝေစိုးတို့အိမ်ကို အပြေးနှင် ...ည်၊

"ပိုင်ဝေစိုး . . . ပိုင်ဝေစိုး"

ပိုင် ...စိုးတို့အိမ်ရှေ့ ရောက် ...သည့်အခါ ကားပေါ်မှဆင်းပြီး ဒီပ ...ဇော်က လှမ်း...လိုက်သည်၊ လူ ...တစ်ယောက် ထွက်လာကာ . .

"ဘာကိစ္စ ရှိပါသလဲခင်ဗျာ"

"ပိုင်ဝေစိုးနဲ့ တွေ့ချင်လို့ပါ"

"ပိုင်ဝေစိုးဆိုတာ ကျွန်တော်ပါ ... အိမ်ထဲကိုဝင်ကြပါခင်ဗျာ"

ဒီပဇော်သည် ပိုင်ဝေစိုးကိုသေ ...ကြည့်ရင်း အိမ်ထဲကိုလှမ်းဝင် ...လိုက်ကြသည်၊

"ခဏထိုင်ကြပါဦး၊ ကျွန်တော် ...ကော်ဖီနဲ့မုန့် သွားယူလိုက်ပါဦးမယ်"

"နေပါစေကွာ၊ စကားပြောဖို့ ...လာတာပါ"

"ဟာ . . . မဟုတ်တာအစ်ကို ...၊ ရပါတယ် ကော်ဖီသွားယူလိုက် ...မယ်၊ ခဏလေးပါ အစ်ကို"

ပိုင်ဝေစိုးသည် အိမ်နောက်ဘက် ...ခန်းထဲကို ဝင်သွားသည်၊ ထိုစဉ် အိမ်ရှေ့မှ ဆိုင်ကယ်ထိုးရပ်လိုက် သောအသံကို ကြားလိုက်ရသည်၊ လူတစ်ယောက် ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်ပြီး အိမ်ထဲကိုဝင်လာသည်၊ ထိုလူသည် ဒီပဇော်နှင့် ဒုရဲအုပ်ခိုင် မြင့်ဌေးကို စိမ်းစိမ်းကြည့်ပြီး . . .

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာလာလုပ်ကြတာလဲ"

"ကျွန်တော်က သတင်းထောက် ဒီပဇော်၊ သူက ဒုရဲအုပ်ခိုင်မြင့်ဌေး"

"လာရင်းကိစ္စကို တိုတိုနဲ့လို ရင်းကို ပြောပါ"

"ခင်ဗျား ဘယ်သူလဲ"

"ကျုပ်က ကျော်ဝေမိုး"

"ပိုင်ဝေစိုးနဲ့ ဘာတော်သလဲ"

"ပိုင်ဝေစိုးဟာ ကျုပ်ညီပါ"

ဒီပဇော်သည် ကျော်ဝေမိုးကို စူး စိုက်ကြည့်လိုက်သည်၊ နေကာမျက် မှန်အမည်းနှင့် မိုက်ကန်းကန်းပုံမျိုး၊ လက်မှာလည်း ဆေးမင်ရုပ်တွေနှင့်၊

"ခင်ဗျားတို့ လာရင်းကိစ္စကို ပြောပါဦး"

"ပိုင်ဝေစိုးနဲ့ တွေ့ချင်လို့ပါ"

ထိုစဉ် အခန်းထဲမှထွက်လာသူ မှာ ပိုင်ဝေစိုး၊

"အစ်ကို ပြန်ရောက်ပြီလား"

ပိုင်ဝေစိုးသည် ကျော်ဝေမိုးကို ပြောလိုက်သည်၊ ကျော်ဝေမိုးသည် မျက်နှာထန်ထန်နှင့် . . .

"ဒီလူတွေက မင်းကိုတွေ့ချင် လို့တဲ့၊ ဘာကိစ္စလဲဆိုတာ မေးလိုက် ဦး၊ အိမ်ပေါ်မှာ ရှုပ်ရှုပ်လာမလုပ်နဲ့"

ပိုင်ဝေစိုးသည် ကော်ဖီနှင့်မုန့် များကို စားပွဲပေါ် သို့လှမ်းတင်ရင်း

"သောက်ကြပါဦး အစ်ကို"

"အေးပါကွာ၊ ကဲ . . . မင်းကို မေးစရာရှိတယ်"

"ဘာသိချင်လို့လဲ အစ်ကို"

ဒီပဇော်သည် ပိုင်ဝေစိုးကိုတစ် လှည့်၊ ကျော်ဝေမိုးကိုတစ်ချက် ကြည့် နေလိုက်သည်၊ ဒုရဲအုပ်ခိုင်မြင့်ဌေးက

"မင်း ဒါလီထွန်းကိုသိသလား"

"သိတာပေါ့၊ ကျွန်တော်သိပ် ချစ်ရတဲ့ ချစ်သူလေ"

"မင်းတို့ အဆင်ပြေရဲ့လား"

"အဆင်မပြေပါဘူး၊ ဒါလီထွန်း ရဲ့အမေက တော်တော်ဆိုးတယ်၊ ကျွန် တော်နဲ့ လုံးဝသဘောမတူဘူးတဲ့"

"ဒါဆိုရင် ဒါလီထွန်းအမေကို မင်းမုန်းနေတယ်ပေါ့လေ"

"မမုန်းပါဘူးဗျာ၊ ကျွန်တော် ကတော့ လူတွေအားလုံးကို မေတ္တာ ထားပါတယ်"

ထိုစဉ် ကျော်ဝေမိုးက ဝင်ပြော လိုက်သည်၊

"ခင်ဗျားတို့ ကျုပ်ညီကို ဘာ တွေလာမေးနေကြတာလဲ၊ ကျုပ်ညီ နဲ့ သူ့သမီးကို လုံးဝသဘောမတူဘူး ပြောတဲ့ မိန်းမကို ကျုပ်မုန်းတယ်ဗျာ"

"ကိုကျော်ဝေမိုး ခင်ဗျား ဘာမှ ဝင်မပြောပါနဲ့"

ကျော်ဝေမိုးသည် ဒုရဲအုပ်ခိုင် မြင့်ဌေးကို စိမ်းစိမ်းကြီး တစ်ချက်ပြန် ကြည့်လိုက်သည်၊

"ဒါတွေ ဘာလို့လာမေးနေ တာလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com

"မနေ့က ဒါလီထွန်းအမေကို လူတစ်ယောက် ဓားနဲ့လာပေါက်သွားတယ်။ အဲဒီဓားနဲ့လာပေါက် သွားတဲ့ လူကို စုံစမ်းနေတာ"

"ဘာ . . ဒါလီထွန်းအမေ ဓားနဲ့အပေါက်ခံရတယ်ဟုတ်လား"

"ကဲ . . . ကဲ . . . ခင်ဗျားတို့ ကျုပ်ညီကို ဘာမှဆက်မမေးတော့နဲ့"

ဒေါ်မာန်တင်းပြီး စကားပြောလာသော ကျော်ဝေမိုးကို သေချာစိုက်ကြည့်နေသူမှာ ဒီပဇော်၊ ပြီးမှ

"ကဲ . . . ကိုခိုင်မြင့်ဌေး၊ ကျွန်တော်တို့ပြန်ကြမယ်"

ဒီပဇော်သည် စကားပြောပြီး ကုလားထိုင်မှ ထလိုက်သည်၊ ပြီးမှ ကျော်ဝေမိုးကို စူးစူးစိုက်စိုက်ကြည့်ရင်း အိမ်ပေါ်မှဆင်းလာသည်၊

***

(၅)

ည ၆ နာရီကျော်ကျော်၊

ဦးဖေကျော်၏ တိုက်ရှေ့တွင် မှောင်ရီပြိုကျနေလျက်၊

ထိုစဉ် ဦးဖေကျော်၏တိုက်ရှေ့ရှိ သစ်ပင်ကြီးတစ်ပင်အောက်သို့ ဆိုင်ကယ်တစ်စီး ထိုးရပ်လိုက်သည်၊ ဆိုင်ကယ်ပေါ်မှဆင်းပြီး ဦးဖေကျော်တို့ခြံဝင်းထဲသို့လှမ်းကြည့်ပြီး ဟမ်းဖုန်းထုတ်ကာ ဖုန်းဆက်လိုက်သည်၊

"ဒါလီလား ကိုယ်ပါ၊ ပိုင်ဝေစိုးပါ၊ စကားပြောစရာရှိလို့ ခြံဝကိုထွက်ခဲ့ပါ၊ ခဏလေးပါ၊ အဲဒါတွေကိုယ်ရှင်းပြပါ့မယ်၊ ခြံဝကိုထွက်လာခဲ့ပါ"

**ထိုစဉ် သစ်ပင်**
**အနောက်ဘက်မှ**
**လူတစ်ယောက်ထွက်လာပြီး**
**ပိုင်ဝေစိုး၏လက်ကို**
**ဆွဲယူလိုက်သည်။**
**"ကျော်ဝေမိုး . . .**
**ဒါ ဘာလုပ်တာလဲ"**

ပိုင်ဝေစိုးသည် ဖုန်းကို ဘောင်းဘီအိတ်ထဲကို ပြန်ထည့်ပြီး ခြံဝကိုလှမ်းကြည့်နေသည်၊ အတန်ကြာသည့်အခါ ခြံဝကိုထွက်လာသူမှာ ဒါလီထွန်း။ ပိုင်ဝေစိုးသည် ဒါလီထွန်းကိုမြင်လိုက်သည့်အခါ ဒါလီထွန်း၏လက်ကိုလှမ်းကိုင်ပြီး ဆိုင်ကယ်ပေါ်ကို အတင်းဆွဲခေါ်သည်၊

"ဒါ . . ဒါ . . ဘာလုပ်တာလဲ ပိုင်ဝေစိုး"

"ဘာမှ စကားပြောမနေနဲ့၊ လိုက်ခဲ့ ဒါပဲ"

ဒါလီထွန်းက အတင်းရုန်းထွက်သည်၊ ပိုင်ဝေစိုးသည် ဒါလီထွန်း၏လက်ကိုဆုပ်ကိုင်ထားပြီး ဆွဲခေါ်သည်၊

ထိုစဉ် သစ်ပင်အနောက်ဘက်မှ လူတစ်ယောက်ထွက်လာပြီး ပိုင်ဝေစိုး၏လက်ကို ဆွဲယူလိုက်သည်၊

"ကျော်ဝေမိုး . . . ဒါ ဘာလုပ်တာလဲ"

"မင်းက ဘယ်သူလဲ မင်းနဲ့ဘာဆိုင်လို့လဲ"

"ကျုပ်က သတင်းထောက်ဒီပဇော်ပါ"

ဒုရဲအုပ်ခိုင်မြင့်ဌေးနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်လာပြီး ကျော်ဝေမိုးကို လက်ထိတ်ခတ်လိုက်၏။

ရဲစခန်းရောက်သည့်အခါ ဒီပဇော်သည် ကျော်ဝေမိုးကို သေသေချာချာကြည့်ရင်း . . .

"ခင်ဗျားဟာ ပိုင်ဝေစိုးလား ကျော်ဝေမိုးလားဆိုတာ ခင်ဗျားလက်က ဆေးမင်ရုပ်ကိုကြည့်ရင် ခွဲခြားလို့ရပါတယ်၊ ခင်ဗျားဟာ ကျော်ဝေမိုးပါ၊ နောက်ပြီး ခင်ဗျားတို့အိမ်ကိုလာတုန်းက ပိုင်ဝေစိုးရဲ့စရိုက်နဲ့ ခင်ဗျားရဲ့စရိုက်ဟာ အများကြီးကွာခြားနေတယ်၊ ပိုင်ဝေစိုးစရိုက်ဟာ လူတစ်ယောက်ကို အမှောင်တိုက်ထဲ ပို့နိုင်တဲ့ စရိုက်မဟုတ်ဘူး၊ ခင်ဗျား စရိုက်ဟာ လူတွေကို အမှောင်တိုက် ထဲပို့နိုင်တဲ့ စရိုက်ပါ၊ အဲဒီတုန်းက ဒေါ်နီလာထွန်းကို ဓားနဲ့ပေါက်တဲ့လူ ဟာ ပိုင်ဝေစိုး မဖြစ်နိုင်ဘူးဆိုတာ ကောက်ချက်ချပြီးသားပါ၊ ဒေါ်နီ လာထွန်းကို ဓားနဲ့ ပေါက်တဲ့လူဟာ ခင်ဗျားပဲဖြစ်နိုင်တယ်ဆိုတာ တွေ ဆမိတယ်"

"ဟုတ် . . ဟုတ် . . ဟုတ် တယ်၊ ကျုပ်ရဲ့ အတ္တစိတ်၊ ဒေါ စိတ်တွေကြောင့် ဒီလိုဖြစ်သွားရတာ ပါ၊ တစ်နေ့ ကျုပ်ညီအိမ်ပြန်လာ တော့ တမှိုင်မှိုင်တငေးငေးနဲ့ ဘာဖြစ်နေတာလဲလို့မေးတော့ ကျုပ် ညီက ဒေါ်နီလာထွန်းက သူ့ကိုအပြ

www.burmeseclassic.com

ပြောတယ်၊ ဒါလီထွန်းနဲ့ အဆက်ဖြတ်ပါ၊ ဒါလီထွန်းနဲ့ လုံးဝသဘောမတူနိုင်ဘူး၊ နောက်ကို ဒါလီထွန်းနဲ့ တွေ့ဖို့ မကြိုးစားနဲ့လို့ ပြောလွှတ်လိုက်တယ်၊ ကျုပ်ရင်ထဲမှာ ကျုပ်ညီအတွက် အရမ်းခံစားသွားပြီး ဒေါသထွက်သွားတယ်၊ ဒါနဲ့ ကျုပ် ဒေါ်နီလာထွန်းကို ဓားနဲ့ သွားပေါက်လိုက်တာပါပဲ"

ဒုရဲအုပ်ခိုင်မြင့်ဋ္ဌေးသည် ကျော်ဝေမိုး၏စကားကို စူးစိုက်နားထောင်နေရင်းမှ ဝင်မေးလိုက်သည်၊

"ဒါဆိုရင် မြဝတ်ရည်ကိုသတ်တာ ကျော်ဝေမိုးပဲလား"

"ကျုပ်မသတ်ပါဘူး၊ ဒါတော့ ကျုပ်မသိဘူး"

"သေချာလို့လား ကျော်ဝေမိုး၊ ရဲဘော်၊ ဒါလီထွန်းကို ခေါ်လာခဲ့ပါ"

ရဲဘော်တစ်ယောက်ကို လှမ်းပြောလိုက်သည်၊ အတန်ကြာမှ ရဲဘော်နှင့်အတူ ဒါလီထွန်းရောက်လာသည်၊

"ကဲ . . . ဒါလီထွန်း မြဝတ်ရည်ကိုသတ်တာ ဘယ်သူလဲ"

"ပိုင်ဝေစိုးပါ"

"ကျုပ်ညီမသတ်ဘူး"

ကျော်ဝေမိုး၏အသံသည် ကျယ်လောင်စွာထွက်လာသည်၊ တုန်ခါလှုပ်ရှားသွားသည်၊ ဒုရဲအုပ်ခိုင်မြင့်ဋ္ဌေးသည် ကျော်ဝေမိုးကိုတစ်ချက်ကြည့်ပြီး ရဲဘော်တစ်ဦးကို လှမ်းပြောလိုက်သည်၊

"ရဲဘော် ပိုင်ဝေစိုးကို ဖမ်းလာခဲ့ပါ"

"ကျုပ်ညီမသတ်ဘူး၊ ကျုပ်ညီကို သွားမဖမ်းပါနဲ့"

"ကျော်ဝေမိုး . . ဒါလီထွန်းက ပိုင်ဝေစိုးသတ်တာပါလို့ ခိုင်ခိုင်မာမာပြောနေပြီ"

"မဟုတ်ဘူး၊ ကျုပ်ညီမသတ်ဘူး၊ ကျုပ်ညီကိုတော့ သွားမဖမ်းကြပါနဲ့၊ ကျုပ်သတ်တာပါ"

"အမှန်အတိုင်းကို ပြောစမ်းပါ ကျော်ဝေမိုး"

"ဒီလိုပါ၊ တစ်နေ့ ကျုပ်ညီပိုင်ဝေစိုးဟာ တမှိုင်မှိုင်တငေးငေးဖြစ်နေတာတွေ့ရလို့ မေးကြည့်တယ်၊ ဒီတော့ ကျုပ်ညီက သူ့ချစ်သူ ဒါလီထွန်း အိမ်မှာ အမြဲတမ်း စိတ်ဆင်းရဲနေရတယ်၊ သူနဲ့ဒါလီထွန်းတို့အရေးကိစ္စကို မြဝတ်ရည်က ဝင်ဖျက်တယ်၊ သူ့အမေကလည်း ဒါလီထွန်းကိုပဲဆူတယ်၊ ကြိမ်းတယ်၊ သူနဲ့မတွဲရဘူးလို့ ပြောတယ်၊ ကျုပ်လည်း ကျုပ်ညီအတွက် စိတ်မကောင်းဖြစ်ပြီး ဒါလီထွန်းတို့အိမ်တွင်းရေးကို စုံစမ်းကြည့်လိုက်တော့ ဒါလီထွန်းအဖေဆုံးသွားတာကြာပြီ၊ အခု ဒါလီထွန်းအမေဟာ ဦးဖေကျော်နဲ့ နောက်အိမ်ထောင်ပြုတယ်၊ ဦးဖေကျော်ကလည်း ပထမအိမ်ထောင်နဲ့ သမီး မြဝတ်ရည်ရှိတယ်၊ ဒီတော့ မြဝတ်ရည်နဲ့ ဒါလီထွန်းဟာ သွေးရင်းညီအစ်မတွေ မဟုတ်ဘူး၊ အိမ်မှာ မြဝတ်ရည်ကိုပဲ ဝိုင်းချစ်ကြတယ်၊ ဒါလီထွန်းကိုတော့ ပစ်ပယ်ထားကြတယ်၊ တစ်နေ့ မြဝတ်ရည်နဲ့ ဒါလီထွန်းတို့ အကြီးအကျယ်စကားများကြတယ်၊ အဲဒီမှာ မြဝတ်ရည်က ဒါလီထွန်းကို နင်က ငါတို့အိမ်မှာ လည်းလာတက်နေသေးတယ်၊ ဗိုလ်မကျနဲ့၊ ဗိုလ်ကျရင် အိမ်ပေါ်ကဆင်းသွားရမယ်မှတ်ထားလို့ ပြောတယ်၊ ဒါလီထွန်းက မြဝတ်ရည်ကို စိတ်နာသွားတယ်၊ ဒါနဲ့ ဒါလီထွန်းက ကျုပ်ညီကိုပြောတယ်၊ မြဝတ်ရည်ကို ညကျရင် လာပြီးလုပ်ကြဲဖို့ ပြောတယ်၊ ဒါလီထွန်းက မြဝတ်ရည် အခန်းပြတင်းပေါက်တံခါးကို ဖွင့်ပေးထားမယ်လို့ ပြောတယ်၊ အဲဒါ ကျုပ်ညီကကြောက်ပြီး မလုပ်ရဲဘူးဖြစ်နေတယ်၊ ကျုပ်ညီအကြောင်း ကျုပ်သိတယ်၊ ကျုပ်ရင်ထဲမှာ ကျုပ်ညီအတွက် ခံစားပြီး ဒေါသထွက်မိတယ်၊ အဲဒီညက ကျုပ် ဒါလီထွန်းတို့အိမ်ကို သွားတယ်၊ ဒါလီထွန်းဖွင့်ပေးထားတဲ့ ပြတင်းပေါက်တံခါးကနေဝင်ပြီး မြဝတ်ရည်ကို ဓားနဲ့ထိုးခဲ့တာပဲ"

ကျော်ဝေမိုးသည် ပြောရင်း ငေးငေးမောမော တုန်တုန်ရီရီဖြစ်နေလျက်၊ ဒါလီထွန်းထံမှ ရှိုက်သံတစ်ချက်လွင့်ဝဲထွက်ပေါ်လာသည်၊

ဒီပဇော်သည် ဖျာတင်အင်္ကျီအိတ်ထဲမှ အပြာနုရောင် လိပ်ပြာရင်ထိုးလေးကို ထုတ်ကြည့်ကာ ဒါလီထွန်းကို တစ်ချက်လှမ်းကြည့်လိုက်တော့သည်၊

ဗညားဦး(စိမ်မံ)

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပြီးတော့ … ငွေကိုပါယူမည်

# Five Shots Ended a latin Love Affair

## *by Vincent J.George*

■ ဘနင်း (မြန်မာပြန်)

သူမ၏ ပျော့ပြောင်းသော ဆံပင်ညိုညိုတို့က ဖွာရာကြဲနေသည်။ ဝန်းပွင့်ပုံများပါသည့် အင်္ကျီ၏ စုတ်ပြဲနေသော ရင်ဘတ်စကို ဖြူဖွေး သွယ်လျသောလက်အစုံနှင့် ဆုပ်ကိုင်ကာ ညှိုးငယ်စွာဖြင့် ရပ်လျက်ရှိသည်။

"ကျွန်မပြောပြလိုက်ရင် ကောင်းမယ်ထင်လို့ပါ၊ ကျွန်မ လူတစ်ယောက်ကို သတ်လိုက်မိပြီ"

အမှတ် (၉) ရဲစခန်းမှ တာဝန်မှူးက အနည်းငယ်အံ့အားသင့်ပုံဖြင့် သူမအား မော့ကြည့်လိုက်သည်။

"ဟုတ်ကဲ့ . . မှန်တာပေါ့ ဆီညော်ရာ၊ ဘယ်သူ့ကို ခင်ဗျား သတ်လိုက်တာလဲ"

"အဝေးပြေးလမ်းမကြီးက လူတစ်ယောက်ကိုပါ၊ ကျွန်မနဲ့လုံးဝမသိတဲ့ သူစိမ်းတစ်ယောက်ပဲ၊ သူက ကျွန်မကို စော်ကားဖို့လုပ်လို့"

"သဘောပေါက်ပြီ၊ ကျွန်တော်တို့ အသေးစိတ်တော့ သိရမှဖြစ်မယ်၊ ခင်ဗျားနာမည်က"

"ကျွန်မက အမတ်ကတော် အင်ဂရစ်အော်လီဗာရာပါ"

တာဝန်မှူးမှာ ခဲတံကို ချကာ သူမကို စိုက်ကြည့်နေလိုက်မိသည်။

ပီရူးနိုင်ငံ၊ လီးမားမြို့နေသူတိုင်း သူမ၏ကြွယ်ဝ၍ဩဇာအရှိန်အဝါကြီးသော ခင်ပွန်းသည်အမတ်ကြီး ဟိုဆေးဒီအော်လီဗီရာအား သိကြပါသည်။ သူမ၏ဖခင်မှာလည်း တစ်ချိန်က စိုက်ပျိုးရေးဝန်ကြီး ဖြစ်ခဲ့သည်။

တာဝန်မှူးက သူမအား စုံထောက်ရဲအုပ်ကြီးရာမွန်ပီရက်၏ အခန်းသို့ ချက်ချင်းခေါ်သွားသည်။ သို့ဖြင့် ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၃)ရက်နေ့၏ ပူနွေးသောညနေပိုင်းဝယ် တောင်အမေရိကတိုက်၏ အထူးဆန်းဆုံး၊ လိင်မှုကိစ္စတွင် အရှုပ်ထွေးဆုံးလူသတ်မှုစတင် ဖြစ်ပေါ်လာခဲ့ရပါသည်။

ပီရူးနိုင်ငံရှိ လီးမားမြို့မှာ နိုင်ငံ၏ ဆဌမမြောက်အကြီးဆုံးမြို့ဖြစ်သည်။ လူဦးရေ (၁)သန်း (၇)သိန်းမျှ မှီတင်းနေထိုင်ကြသည်။ ရာဇဝတ်မှုခပ်ကြီးကြီးမျိုး ဖြစ်ခဲလှသည်။ သို့သော် အတိတ်၏ အရိပ်က လွှမ်းမိုးထားဆဲဒေသဖြစ်ရာ၊ ရှင်ပျံဖွယ်ရာအသွေးအရောင်စုံသည့် ဘဝကို ဖန်တီးနေသည့်ကြွယ်ဝသူများ၊ မင်းမျိုးမင်းနွယ်များကြီးစိုးသော အစဉ်အလာကမပျက်သေးပါ။

ထိုအလွှာမျိုးဝယ် ကျင်လည်နေသူတစ်ယောက်မှာ အမတ်ကတော်အင်ဂရစ်ဖြစ်သည်။ သူမ၏ လူမှုရေးကဏ္ဍများကို သတင်းစာတို့တွင်, ပါနေတတ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ သို့ဖြစ်၍ ဤအမှုအား အလွန် ဂရုစိုက်ကိုင်တွယ်ရန် ရဲအုပ်ကြီးပီရက် သိနေပါသည်။

သူက တွယ်ချိတ်တစ်ချောင်းကိုရှာ၍ အမတ်ကတော်၏ အကျီရင်ဘတ်အစကို ချိတ်တွယ်နိုင်ရန် ပေးလိုက်သည်။

''လူတစ်ယောက်ကို သတ်ခဲ့မိတယ်လို့ ဆီညော်ရာပြောခဲ့တယ်နော်၊ ခုအလောင်းက ဘယ်မှာလဲခင်ဗျာ''

ပီရက်က ရည်မွန်စွာ မေးလိုက်သည်။

''ဆန်အစ်စီဒို သွားတဲ့ အဝေးပြေးလမ်းမကြီးရဲ့ လမ်းသွယ်တစ်ခုထဲမှာပဲ လမ်းရဲ့ညာဘက်အခြမ်းမှာလည်း နေပါတယ်''

သူမက နေရာအတိ အကျကို ရှင်းပြသည်။ ပီရက်က အချင်းဖြစ်ပွားရာသို့ ရဲသားတစ်စုကိုလွှတ်လိုက်သည်။

''ကဲ ဖြစ်ပျက်ခဲ့ပုံကို ပြောပါဦးဗျာ၊ အစကနေပဲ ပြောပြပါ''

ပြောလာသည့် သူမ၏ အသံက တုန်ယင်လျက်ရှိသည်။ အသက် (၂၅)နှစ်အရွယ် အမတ်ကတော်သည် ခင်ပွန်းသည်အား လီးမားမြို့အနီးရှိ ခြံကြီးတစ်ခြံတွင် ထားရစ်ကာ ညနေ (၅း၃၀) နာရီတွင် ထွက်ခဲ့သည်။ သူမမောင်းလာသည့်ကားမှာ အမိုးဖွင့် ''ဘွတ်(ခ)'' ကားလေးတစ်စီး ဖြစ်သည်။ တိုဒိုရှိဈေးသို့ထွက်လာခြင်းမှာ ခြံထွက်အာလူးများ ရောင်းချရေးအတွက် ခင်ပွန်းသည်ကိုယ်စား လာခဲ့ခြင်းဖြစ်သည်။

''ဒါပေမယ့် ကျွန်မမှာ တစ်ခြားအလုပ်တွေမပြတ်လို့ တိုဒိုကိုမရောက်ဖြစ်ခဲ့ဘူး၊ ညဆယ်နာရီလောက်မှာတော့ ဗဟိုအဝေးပြေးလမ်းမကြီးအတိုင်း အိမ်ကိုပြန်လာခဲ့တယ်၊ ကားသွား ကားလာ သိပ်မရှိလှဘူး။ ဒါပေမယ့် ကျွန်မနောက်ကို မီနီမိုင်နာကားလေးတစ်စီးနဲ့လူတစ်ယောက် နောက်ကလိုက်လာနေတာကိုမကြာခင်ပဲ သိလိုက်တယ်၊ နောက် သူက ရုတ်တရက် ကျွန်မကားကို ကျော်တက်ပြီး လမ်းကို ပိတ်လိုက်တယ်၊လမ်းဘေးကို ကျွန်မကားရပ်သွားအောင်လုပ်တယ်''

မည်သို့ဆက်ဖြစ်လာသည်ကိုပြောစဉ် သူမ၏မျက်နှာပေါ်ဝယ် ထိန့်လန့်မှုအရိပ်အယောင်က ယှက်ဖြာလာသည်။

''အဲဒီလူက ကားပေါ်က ပြေးဆင်းပြီး ကျွန်မရဲ့ကားတံခါးကို ဆွဲဖွင့်တယ်၊ သူ့မျက်လုံးတွေက ကြောက်စရာကြီးပါပဲ၊ ကျွန်မအတင်းရုန်းပေမယ့် သူကသိပ်ကိုသန်လှတယ်၊ သူကကျွန်မကိုကားပေါ်ကဆွဲချဖို့လုပ်တယ်၊ နောက်ပြီး ကျွန်မအကျီကိုကော ဘရာစီယာကိုပါ ဆွဲဖြတ်ပြီး၊ အနိုင်ကျင့်ဖို့ ကြိုးစားတယ်''

''ကျွန်မ လက်ကိုင်အိတ်က ထိုင်ခုံပေါ်မှာရှိနေတယ်၊ အိတ်ထဲဆောင်ထားတဲ့ ပွိုင့်တူးတူးပစ္စတိုလေးရှိတယ်၊ အိတ်ကို အမှောင်ထဲမှာ စမ်းရှာရင်း သေနတ်ကိုထုတ်ယူလိုက်နိုင်တယ်၊ လုံခြုံရေးသော့ကို ဖြုတ်ပြီး ငါးချက်တိတိ ပစ်ထည့်လိုက်တယ်''

''သူက ကျွန်မကားဘေးမှာ ခွေကျသွားတယ်၊ ခဏကြာတော့ ကားထဲကကျွန်မထွက်ကြည့်တော့ သူသေနေပါပြီ၊ သူ့ကိုအဲဒီမှာထားခဲ့ပြီး ရဲကိုသတင်းပို့ဖို့ ကျွန်မထွက်လာခဲ့တာပဲ''

အမတ်ကတော်က လက်ကိုင်အိတ်ထဲမှ သေနတ်ကိုထုတ်ပြီး ရဲအုပ်ကြီး၏စားပွဲပေါ်သို့ တင်လိုက်သည်။ ရဲအုပ်ကြီးက သေနတ်ကိုစစ်ဆေးကြည့်သည်။ ဤတွင် ကျည်ဆံငါးတောင့်ပစ်ပြီးကြောင်းသိလိုက်သည်။

''ခင်ဗျားက ကိုယ့်ကိုယ်ကိုကာကွယ်တဲ့အနေနဲ့ အဲဒီလူကို ပစ်ခဲ့တာပဲ မဟုတ်လား''

''ဟုတ်ပါတယ်၊ သူက ရက်ရက်စက်စက်ကြမ်းကြမ်းတမ်းတမ်းပဲ ကျွန်မလည်ပင်းကို လက်တစ်ဖက်နဲ့ညှစ်ပြီး မတရားကျင့်ဖို့ လုပ်တယ်၊ ကျွန်မကိုသတ်မယ်လို့တောင် ထင်ပါတယ်''

သူမမှာ အဖြစ်ကိုပြန်တွေးမိကာ ကြက်သီးထသွားဟန် သည်။

''ကျွန်တော်သဘောပေါက်ပါတယ် ဆီညော်ရာ''

ရဲအုပ်ကြီးပီရက်က ကရုဏာသက်စွာ ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားရဲ့လုပ်ငန်းဟာ ...များမှုတတဲ့ သတ်မိခြင်းဖြစ် ...ယ်ဆိုတာ သေချာပါတယ်၊ ...များအတွက် သိပ်နှစ်မြို့စရာ ... မဖြစ်ဘဲ စီစဉ်လို့ရမယ်လို့ ...ည်း မျှော်လင့်ပါတယ်၊ ဘယ်လို ...ဖြစ် ရဲအနေနဲ့ စုံစမ်းရပါဦး ...ယ်၊ ခင်ဗျားကလည်း ပူးပေါင်း ...ညီရလိမ့်မယ်"

"ဟုတ်ကဲ့ပါရှင့်၊ ကျွန်မ ... ဘယ်လိုကူညီရမှာလဲ"

"ပထမဦးဆုံးကတော့ ...ချင်းဖြစ်ရာကိုသွားပြီး ဘယ်လို ...ဖြစ်တယ်ဆိုတာ ခင်ဗျားပြဖို့ပါပဲ"

မြို့တော်၏ ပျော်ရွှင်မှုများစု...ာ ညကလပ်တို့ရှိသည့် ...ကွက်ကိုဖြ...၍ မြို့ပြင်သို့ သူတို့ ...ွက်လာချိန်မှာ ညဥ့်သန်းခေါင် ...ကျော်နေပြီဖြစ်သည်။ လကသာနေသည်။ နွေးနွေးထွေးထွေးရှိသည်။ ပစိဖိတ်သမုဒ္ဒရာမှ တိုက်ခတ်လာသည့် လေပြေလေညင်းက အပူပိုင်းဒေသ၏ သစ်ပင်များကို ယိမ်းနွဲ့နေစေသည်။

မြို့ပြင်သို့ရောက်ပြီး မကြာမီ အုန်းပင်များအုပ်သည့် လမ်းသွယ်လေးတစ်ခုအား အင်ဂရစ်က လက်ညှိုးထိုးပြလိုက်သည်။ အဝေးပြေးလမ်းမကြီးမှ မိတာ့တစ်ရာမျှအဝေးတွင် ရဲကားများ ရပ်ထားသည်ကို ပီရက်မြင်လိုက်ရသည်။

ကားမီးရောင်အောက်တွင် ဟက်လက်လန်လဲနေသူ တစ်ယောက်အားမြင်ရသည်။ မျက်နှာနှင့် ရင်ဘတ်တို့တွင် သွေးများ စွန်းထင်းနေသည်။ အသက်က ၂၇၊ ၂၈ မျှရှိသည်။ အရပ်ရှည်သည်။ ကိုယ်လုံးတောင့်တင်းသည်။ စပိန်သွေးပါသည့် မျက်နှာပေါက်အတော်ပင်ခံ့ညားချောမောပါသည်။ ကိုယ်တိုင်းနှင့် ချုပ်ထားသည့် ဘောင်းဘီနှင့် ရှပ်အင်္ကျီအဖြူကလည်း အမျိုးအစားကောင်းဖြစ်သည်။ အနီးကပ်သေနတ်နှင့် အပစ်ခံရခြင်းကြောင့် သေရသည်ကတော့ ထင်ရှားလှပါသည်။

မီတာအနည်းငယ်မျှဝေးသော လမ်းဘေးတွင် နောက်ဆုံးပေါ်မီနီမိုင်နာကားကလေးတစ်စီး ရပ်လျက်သားရှိသည်။ စက်က သတ်ထားပြီးဖြစ်သည်။

"ကျွန်တော်တို့တွေ့တဲ့ အတိုင်းပဲ ဘာကိုမှမကိုင်တွယ်ရသေးဘူးဆရာ"

ပီရက်လွှတ်လိုက်သည့် ရဲစုံထောက်က သတင်းပို့သည်။

"ဒါပေမယ့် ဆရာပြောသလို အမတ်ကတော်ကို အဲဒီလူဟာ လမ်းမကြီးပေါ်မှာကတည်းက လိုက်ခဲ့ရင် အခုလိုမှောင်နေတဲ့ လမ်းသွယ်လေးထဲကျမှပစ်ရတာတော့ ကျွန်တော်သဘောမပေါက်မိဘူး"

ရဲအုပ်ကြီးပီရက်ကိုယ်တိုင် ထိုအချက်ကို တွေးနေမိပြီးဖြစ်သည်။ အခြားအချက်များကိုလည်းတွေးနေမိသည်။ အဝမ္မသမားသည် ကားပေါ်မှာ အလျှင်စလို ဆင်းခဲ့သည်ဖြစ်ရာ အဘယ်ကြောင့် ကားကို ယခုနှယ် လမ်းဘေးတွင် သေသေသပ်သပ်ရပ်နိုင်လာမည်နည်း။ ကားထဲတွင် သူ တစ်ယောက်တည်းပါပါက အဘယ်ကြောင့် ကားတံခါးနှစ်ခုစလုံး ဖွင့်ထားရသနည်း။

"အလောင်းမှာ သူဘယ်သူ ဘယ်ဝါဖြစ်ကြောင်း သိနိုင်တဲ့ အချက်အလက်တွေ ရှာတွေ့သေးလား"

ပီရက်၏စကားကြောင့် ရဲအုပ်လေးက ပိုက်ဆံအပြည့်နှင့် ပိုက်ဆံအိတ်တစ်အိတ်ကို ထုတ်ပြရှာသည်။

"မှတ်ပုံတင်ကဒ်ပြားအရတော့ သူဟာမြို့စားလေး ဟိုဆေး မာရီယာဆာတိုရီးယပ်(စ်)ပဲ"

ရဲအုပ်ကြီးပီရက်အဖို့ နောက်တစ်ကြိမ်အံ့သြတုန်လှုပ်သွားပြန်သည်။ အမတ်ကတော်အား အနိုင်ကျင့်ရန် ကြိုးစားဖွယ်ရှိသည့် ဤကြောက်စရာမျက်လုံးနှင့် ပုဂ္ဂိုလ်မှာ လီးမားမြို့ရှိ အချမ်းသာဆုံးအမျိုးသမီးများအနက် တစ်ယောက်သောသူ၏ ခင်ပွန်းဖြစ်နေပါသည်။ အင်ဂရစ်လိုပင် အထက်တန်းအလွှာထဲဝယ် ကျင်လည်ကျက်စားနေသူတစ်ဦးပင်ဖြစ်သည်။ တစ်ပါးသူတို့၏ ဇနီးချောများနှင့် တိတ်တိတ်ပုန်းခုတ်သူအဖြစ် နာမည်ကျော်နေသော မြာစွံသူ တစ်ဦးလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကားထဲတွင်လက်ကိုင်ပဝါလေးတကိုတို့နှင့် ငိုနေသော အင်ဂရစ်ထံသို့ ပီရက်လှမ်းလျှောက်သွားသည်။ .

"ဟိုလူက ကျွန်မကို ဘယ်လိုလုပ်ခဲ့တယ်ဆိုတာပြရမလားဟင်"

သူမက ကူညီစိတ်ကြီးစွာဖြင့် မေးရှာသည်။

"ခုတော့ မလိုသေးဘူး ဆီညော်ရာ၊ ကျွန်တော်ရုံးခန်းကိုပဲ ပြန်ပြီး အဖြစ်အပျက်ကို ဆွေးနွေးကြည့်ကြရအောင်"

ရဲစခန်းသို့ရောက်ပြီးနောက် ပီရက်က ပြောင်ပင်ပြောလိုက်သည်။

"ခုညကအဖြစ်ကို ခင်ဗျားအမှန်အတိုင်းပြောခဲ့တာ မဟုတ်ဘူး...၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

သူမကဝန်ခံလိုက်သည်။

"ကဲ ခုအမှန်အတိုင်းသာပြောတော့ဗျာ၊ ခင်ဗျားယောက်ျားကိုညနေငါးနာရီခွဲမှာ ခြံမှာထားခဲ့ပြီး ခင်ဗျားဘယ်တွေသွားလဲ၊ ဘာတွေလုပ်ခဲ့လဲ"

ယခုအခါတွင် အင်ဂရစ်မှာ အငိုတိတ်နေပြီဖြစ်သည်။ တွယ်ရာမဲ့ဟန်မျိုး၊ စိတ်ဆင်းရဲနေပုံမျိုး ရှိနေသည်။

"ကျွန်မက ကျွန်မချစ်သူနဲ့သွားတွေ့တာပါ၊ သူကလီးမားမှာ နာမည်ကြီးရှေ့နေကျော်တစ်ယောက်မို့ သူ့နာမည်ကိုတော့ မပြောနိုင်ပါဘူး၊ ကျွန်မကတစ်နေရာကနေ သူ့ဆီဖုန်းလှမ်းဆက်လိုက်တယ်၊ သူက သူ့ကားနဲ့လာခေါ်ပါတယ်၊ ကျွန်မတို့မြို့စွန်က လူရှင်းတဲ့ဟိုတယ်တစ်ခုကိုသွားပြီး ညကိုးနာရီခွဲလောက်အထိနေခဲ့ကြတယ်၊ နောက် ကျွန်မကားရပ်ခဲ့တဲ့နေရာကို သူလိုက်ပို့ပြီးပြန်သွားတာပဲ"

သူမကပြန်မည်အပြု ကားဘီးတစ်ဘီး လေမရှိတော့သည်ကို သိလိုက်သည်။ ထိုစဉ် မီနီမိုင်နာနှင့် လူစိမ်းတစ်ယောက်ရောက်လာသည်။ ၎င်းက ကားဘီးလဲပေးရင်း အင်ဂရစ်အားစကားစမြှင်မပြတ်ဘဲ ကားဘီးလဲပြီးနောက် သူနှင့် လျှောက်လည်ရန် ဖိတ်ခေါ်လိုက်သည်။

"သူ့ကို ကျွန်မတစ်ခါမှ မမြင်ဖူးတော့ ငြင်းလိုက်ပါတယ်၊ ကြောက်လည်းကြောက်တာနဲ့ ကျေးဇူးပဲလို့တစ်ခွန်းထဲပြောပြီး၊ ကားပေါ်အပြေးတက်မောင်းထွက်ခဲ့တယ်၊ သူဟာနောက်ကလိုက်လာတယ်၊ အဝေးပြေးလမ်းမကြီးကနေ လမ်းသွယ်ထဲ ကျွန်မကားမောင်းဝင်ဖြစ်အောင်လုပ်တယ်၊ အဲဒီနောက်တော့ ကျွန်မပြောခဲ့သလို ကျွန်မကို အဓမ္မကျင့်ဖို့လုပ်တာနဲ့ ပစ်သတ်လိုက်မိတာပဲ"

သူမ၏ စကားတို့မပီပြင်ဟု ပီရက်ကတော့ ထင်သည်။ ယခင်ဇာတ်လမ်းတွင် အမည်မဖော်လိုသည့် ချစ်သူတစ်ယောက်နှင့် ကားဘီးပေါက်ခြင်းအဖြစ်တို့ ထပ်မံဖြည့်စွက်ရုံသာရှိသည်။ ထို့ပြင် သေဆုံးရသူသည် ဝတ်ကောင်းစားလှ ဝတ်ထားသည်။ လက်များကလည်း ကားဘီးလဲပေးခဲ့သည့်နှယ် ပေကျံခြင်းမရှိ၊ စုတ်ပြဲနေသည့် အင်ဂရစ်၏ အင်္ကျီရင်ဘတ်မှာ ဖုံများပေကျံနေသည့် လက်နှင့်ဆွဲဖြဲထားပုံမရပါ။

"ခင်ဗျားပစ်သတ်လိုက်တဲ့လူဟာ မြို့စားလေးဟိုဆေးဆာတိုရီးယပ်ပဲ ဆီညော်ရာ၊ သူ့ကိုတစ်မြို့လုံးကသိနေတာမို့ ခင်ဗျားလည်း သိမှာသေချာနေတယ်"

"သူ့ကို ကျွန်မတစ်ခါမှ မမြင်ဖူးဘူး"

"သူဟာ ခင်ဗျားတို့ကျင်လည်နေတဲ့ အလွှာထဲကပဲ"

"ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်မတို့လင်မယားက သိပ်ပြီး သွားသွားလာလာရှိတာမှ မဟုတ်ပဲ၊ ကျွန်မတို့နှစ်ယောက်က တစ်ယောက်က တစ်ယောက်ကို သိပ်ပြီးကြင်နာပြီး အိမ်မှာပဲအနေများကြတာပါ"

"ဗျာ.. ခင်ဗျားပြောတော့ ညကပဲချစ်သူနဲ့ချိန်းတွေ့တယ်ဆို"

"ဟုတ်ပါတယ် ဒါ ဆန်းလို့လား၊ လီးမားကအိမ်ထောင်ရှင်မိန်းမအများစုမှာ ချစ်သူတွေရှိနေတတ်ကြတာပဲ၊ အိမ်ထောင်ကျပြီးတဲ့နောက်မှာ ကျွန်မမှာချစ်သူတွေအများကြီးပဲ၊ကျွန်မ ယောက်ျား

www.burmeseclassic.com

ကိုယ်တိုင် ရွေးပေးခဲ့တာတောင် ရှိသေးတယ်''

ပီရက်မှာ သူမအားအံ့သြ တွန်လှုပ်စွာကြည့်လိုက်မိသည်။

''အမတ်ကြီးဟာ ကျွန်မ ထက်အသက်အများကြီးကြီးတယ်၊ အဲလိင်ပိုင်းဆိုင်ရာကိစ္စမှာ ကျွန်မ နဲ့ မမျှတာဘူး၊ သူက ကျွန်မနဲ့ သင့် တော်မယ့်ချစ်သူတွေကိုရွေးပေးတယ်၊ သူရွေးပေးတာ အကုန်လုံးကို ကျွန်မ လက်ခံတာပဲ၊ သူ့ကိုကျွန်မ ချင်ပြီးလေးစားသလို သူ့ဆန္ဒအား လုံးကိုလည်း လိုက်နာရပါတယ်''

ပီရက်မှာ ဤအဖြစ်မျိုး ကိုမကြ ုံးခဲ့ပါ။ သို့သော်ချမ်းသာ သူများအလွှာက မည်သို့မဆိုဖြစ် နိုင်ကြောင်း မှတ်လိုက်မိသည်။

''မြို့စားလေးကို ခင်ဗျား ဒီသလို အချစ်ရေးရာကိစ္စတွေရှိ နေမယ်လို့ ကျွန်တော်ယုံတယ် ဆီညော်ရာ''

ပီရက်က တဲ့တိုးပင်ပြော လိုက်သည်။

''ခင်ဗျားတို့ဟာ သူကား နဲ့ အဲဒီနေရာကို သွားကြတယ်၊ ချစ်သူတွေဖြစ်တတ်တဲ့ ရန်ဖြစ်မှု မျိုးဖြစ်ကြတယ်၊ ခင်ဗျားကဒေါသ နဲ့သေနတ်ကို ဆွဲထုတ်တယ်၊ သူ က ကားပေါ်ကဆင်းပြေးတယ်၊ ခင်ဗျားက ပစ်လိုက်တယ်၊ သူ လဲ သွားတော့ ခင်ဗျားက ကားတစ် ဖက်တံခါးကို ဖွင့်ဆင်းပြီး ထပ် ပစ်သတ်လိုက်တာပဲ''

အင်ဂရစ်၏မျက်လုံး အစုံမှာထိတ်လန့်နေသည့် သမင်မလေး ၏မျက်လုံးများပမာ ဖြစ်လာသည်။

''မဟုတ်ဘူး . . ရှင်ပြော သလိုမဟုတ်ဘူး''

သူမက လေသံစူးစူးနှင့် အော်ပြောလိုက်သည်။

''ကျွန်မဟာ ကျွန်မ ယောကျ်ားမသိဘဲ ဘယ်ချစ်သူမှ မရှိဘူး၊ သူဟာမြို့စားလေးဆာတို ရီးယပ် (ခ) ဆိုတာလည်း ကျွန်မ မသိဘူး၊ သူ ကျွန်မကို အတင်း အဓမ္မလုပ်လို့ ပစ်သတ်လိုက်တာပဲ၊ ကဲပါရှင် ကျွန်မယောကျ်ားရှိတဲ့ အိမ်ကို ပြန်ပါရစေတော့''

''ဆောရီးပဲဗျာ၊ လုံ လောက်တဲ့စစ်ဆေးမှုတွေ မပြီး မချင်း ခဏတော့ ခေါ်ထားရဦး မယ် ဆီညော်ရာ''

အချင်းဖြစ်ပွားရာတွင် ပီပြင်သောသဲလွန်စတို့မရပါ။ သို့ သော် အင်ဂရစ်၏ ကားဘီးပေါက် ၍ လဲထားခြင်းမရှိကြောင်းတော့ အဖြေရခဲ့သည်။

သူမ၏ချစ်သူဆိုသူကို လည်း ရဲကရှာတွေ့ခဲ့သည်။ သူနှင့် အင်ဂရစ်တို့ချိန်းတွေ့သည်မှာ အမှန်ဖြစ်ကြောင်းအစစ်ခံသည်။ အင်ဂရစ်နှင့် မြို့စားလေးသည် အမှန်တကယ်ပင် မသိကျွမ်းကြ ဘူးလား။ ချစ်သူတွေဖြစ်ကြပါ သလော ဆိုသည့် အချက်ကိုတော့ ရဲကအဖြေရှာရန်လိုခဲ့သည်။ သို့ဖြင့် ၎င်းတို့အလွှာရှိမိသားစုများ၏ အစေခံများ၊ ညကလပ်နှင့် မိုတယ် တို့မှ ဝန်ထမ်းတို့ထံမှ ခြေဦးလှည့် ကြရသည်။

အင်ဂရစ်နှင့် သူမ၏ အသက် (၄၀)အရွယ်ခင်ပွန်းသည် တို့ဆက်ဆံရေးကတော့ အလွန်အံ့ သြဖွယ်ကောင်းကြောင်းသတင်းရ ခဲ့သည်။ သူမ၏ဖခင်မှာ ကမ္ဘာစစ် ပြီးချိန်၌ ပီရူးနိုင်ငံသို့ ထွက်ပြေး လာကာ စားသောက်ဆိုင်ဖွင့်ခဲ့ သည့် ဂျာမန်လူမျိုးတစ်ယောက် ဖြစ်သည်။ အင်ဂရစ်က ဖခင်ဆိုင် တွင် အလုပ်လုပ်ရင်း ဟိုဆေး အော်လီဗီရာနှင့် တွေ့ဆုံခဲ့သည်။ ဖခင် တားမြစ်ရာကြားမှပင် ဟို ဆေးနှင့် လက်ထပ်လိုက်သည်။

ဟိုဆေးမှာ အင်ဂရစ်၏ ဖခင်နှယ် စည်းစနစ်တင်းကြပ်သူ ဖြစ်သည်။ မားခုတ်ကောင်းသည်။ သေနတ်ပစ်တည့်သည်။ ဂျူဒို ပညာကျွမ်းကျင်သည်။ သူ၏ခြံကြီး ကိုပင် အလွန်တင်းကြပ်စွာ အုပ် ချုပ်တတ်သည်။

အင်ဂရစ်သည် သူ့အတွက် သင့်လျော်သော ဇနီးသည် ဖြစ် နိုင်မဖြစ်နိုင်သိရန် စမ်းသပ်မှုများ လုပ်ခဲ့ကြောင်း၊ ဟိုဆေးကိုယ်တိုင် ရဲအား အစစ်ခံခဲ့သည်။ အင်ဂရစ် အားသူကမျက်တောင် တစ်ချက်မျှ မခတ်ဘဲ နေလုံးကြီး အားစိုက် ကြည့်နိုင်းသည်။ နာကျင်မှုကို အသံမထွက်ဘဲ တင်းခံနိုင်သလော သိရန်၊ ကိုယ်ခန္ဓာကို အပ်များနှင့် ထိုးစိုက်ကြည့်ခဲ့သည်။ သူမ၏ ကိုယ်ခန္ဓာသည် သူ့အတွက် နှစ်လို



www.burmeseclassic.com

www.burmeseclassic.com

မှုကိုပေးနိုင်မပေးနိုင် သိစေရန်၊ လူသူပြတ်သည့် ကမ်းခြေတစ်နေရာတွင် အဝတ်အစားမဲ့နှင့် နေစေခဲ့သည်။

ထိုအချက်တို့ကို ဟိုဆေးကျေနပ်ပြီးနောက် လက်ထပ်လိုက်သည်။ သူမ၏ဖခင်ကမူ ဟိုဆေးတို့မျိုးရိုးတွင် စိတ်မှုမမှန်မှုရှိသဖြင့် ကန့်ကွက်ခဲ့သည်။ ဟိုဆေး၏မိခင်သည် စိတ်မှုမမှန်သည့် သမိုင်းရှိသည်။ အစ်ကိုတစ်ယောက်မှာလည်း စိတ္တဇဆေးရုံတွင် နေခဲ့ရသည်မှာကြာပြီးဖြစ်သည်။

အင်ဂရစ်နှင့် ဟိုဆေးတို့၏ အိမ်ထောင်ဦးမှာ သာယာခဲ့သည်။ သမီးနှစ်ယောက်ထွန်းကားခဲ့သည်။ ထို့နောက် ဟိုဆေးမှာ ဇနီးသည်၏ ရုပ်ပိုင်းဆိုင်ရာ သာယာမှုအပေါ် စိတ်ကုန်ခန်းခဲ့သလို ရှိလာသည်။ ကိုယ်ကြိုက်သလို ကိုယ်နေရန်သဘောတူခဲ့ကြသည်။ သို့သော်ခင်ပွန်းသည် တစ်ယောက်အနေဖြင့် ဟိုဆေးက အင်ဂရစ်အတွက် ချစ်သူများကို ရွေးပေးခဲ့သည်။ သူကဖြတ်ဆိုလျှင် ဖြတ်ရသည်။ ဤအတိုင်းပင် ဟိုဆေးက ရဲကို အစစ်ခံခဲ့ပါသည်။

အင်ဂရစ်အတွက် သူရွေးပေးခဲ့သူများအမည်ကို ဟိုဆေးက ပြောပြသည်။ ရဲကငင်းတို့အား စုံစမ်းကြည့်သည်။ ၎င်းတို့အားလုံးမှာ ဟိုဆေးထက်အသက်ကြီးနေကြသလို သူ့လောက်လည်း ရုပ်ရည်ရူပကာမရှိသူများ ဖြစ်ကြောင်း ရဲကတွေ့လာရသည်။

နောက်စိတ်ဝင်စားဖွယ်တစ်ချက်မှာ ထိုအရွေးချယ်ခံရသူများအနက် အများစုမှာ ဟိုဆေးနှင့် စီးပွားဖက်ဖြစ်ခဲ့သူများ ဟူ၍ပင်၊ တစ်မျိုးဆိုသော် အမြတ်အစွန်းကောင်းကောင်း ရရေးအတွက် ဟိုဆေးကဇနီးသည်အား လက်ဆောင်အဖြစ် ပေးအပ်ခဲ့ပုံရှိခြင်းပင်။

ထိုအချက်မှန်ခဲ့ပါမူ အင်ဂရစ်ကလည်း ငြင်းဆန်ခြင်း ရှိခဲ့ပုံမရပါ။ သူမသည် အတွေ့အကြုံသစ်ကိုလိုလားသည့် ရမ္မက်သားကောင်ဖြစ်သည်မှာ ထင်ရှားလှသည်။ သို့သော် ရဲအဖွဲ့အဖို့ အမေးကြွယ်ရတော့သည်။ ဟိုဆေး ရွေးချယ်ပေးသည့်အဘိုးကြီးများအနက် သူမငြင်းဆန်ခဲ့သူ ရှိမရှိ။ သူမကိုယ်တိုင် မြို့စားလေး ဆာတိုရီးယပ်(ခ)လိုလူစားမျိုးကို ရွေးချယ်ခဲ့ခြင်း ရှိမရှိဟူ၍ပင်။

ပီရက်က ထိုသို့သာ အမတ်ကြီးအား မေးခဲ့သည်။

"မဖြစ်နိုင်ပါဘူး၊ သူဟာ သိပ်ကိုတာဝန်ကျေတဲ့ဇနီးသည်တစ်ယောက်ပါ၊ ကျွန်တော့်ဆန္ဒကို ကျော်ပြီး သူမလုပ်ပါဘူး"

"ဒါပေမယ့် မြာပွေတဲ့လူလို နာမည်ကြီးနေတဲ့ မြို့စားလေး ကိုတော့ သူသိနိုင်တယ်၊ ခင်ဗျားတို့နှစ်ယောက် စလုံး သိနှင့်ပြီးလည်း ဖြစ်နိုင်တယ်"

"သူ့ကို ကျွန်တော်တို့လင်မယားမသိဘူး"

အမတ်ကြီးဟိုဆေးက အပြတ်ပင် ဖြေသည်။

သို့သော် သူကတစ်ခ
တော့ ဝန်ခံလာသည်။ အချင်းဖြ
သည့် ညက သူအိပ်ပျော်နေစဉ်
ဆယ့်တစ်နာရီလောက်တွင် အင်
ဂရစ်လာနှိုးကြောင်း၊ သူမအာ
အဓမ္မပြုရန် ကြိုးစားသူတစ်
ယောက်အား သတ်ခဲ့မိကြောင်
ပြောသည်။ သို့ဖြင့် သူကရဲ
သွားသတင်းပို့ရန် ပြောလိုက်
ကြောင်းပင် ဖြစ်သည်။

ဤတွင် ရဲကစဉ်းစာ
ပြန်သည်။ ဟိုဆေးသည် သူ့ခွင်
ချက်မရဘဲ မြို့စားလေးနှင့် အ
ဂရစ်တို့ အချစ်ဇာတ်လမ်းခင်
သူကိုယ်တိုင်သတ်ကာ ဇနီးသ
အား မုဒိမ်းမှုဇာတ်ကွက် ဆင်
ပေးခြင်းလော။

မြို့စားလေးဆာတိ
ယပ်၏ သမိုင်းကို ရဲဘက်က
သည်။ သူသည် စပိန်နိုင်
အသက် (၂၃) ခုနှစ်အရွယ်
ရောက်လာခဲ့သူဖြစ်ရာ သူ့ထံ
မင်းမျိုးအလွှာတို့ မိတ်ဆက်
သည့် စာတစ်စောင်ပါလာသ
သူ့ကိုယ်သူမြို့စားလေးတစ်ဦ
အမည်ခံသော်လည်း အကယ်
စစ်မြို့စားမဟုတ်။ သူ၏ရုပ်
ဆက်ဆံရေးမွန်ရည်မှုတို့ဖြ
အမျိုးသမီးများကြားတွင် ရေ
စားခဲ့သည်။ လီးမားတွင် အ
သာဆုံးစာရင်းဝင်မိသားစုမှ ပိုင်

www.burmeseclassic.com

www.burmeseclassic.com

ကပြား၊ အိုလင်ကာဒူဒက်ဆို နှစ်နှစ်အတွင်း လက်ထပ်ခဲ့သည်။ သို့သော် မြာပွေမှုက ဆုတ်တန့်ခဲ့ပါ။ ယခုကိစ္စတွင်တော့ ဆာတိုရီးယပ်သည် အင်ဂရစ်နှင့် ညီကျွမ်းကြောင်းနှင့် တိတ်တိတ် ချစ်သူတွေဖြစ်ကြောင်း၊ အိုလင်ဘာက ရဲအဖွဲ့ထံအစစ်ခံခဲ့ပါသည်။

စုံစမ်းစစ်ဆေးသော အမှုများမပြီးစဉ် အင်ဂရက်တစ်ယောက် မေဆင်ဒီဆန်တီဆေးရုံ၌ အစောင့်များနှင့် ထားခဲ့သည်မှာ (၁၇) လ မျှကြာခဲ့သည်။ ထို့နောက်တွင်တော့ အစိုးရရှေ့နေချုပ်က အင်ဂရစ်အား ဆာတိုရီးယပ်သတ်မှုဖြင့် စွဲချက်တင်လိုက်တော့သည်။

အင်ဂရစ် အပြစ်မရှိကြောင်း ဘိုဆေးကခုခံရန် ပီရူးတွင် နာမည်အကြီးဆုံးရှေ့နေတစ်ယောက်ကို ငှားလိုက်သည်။ ၎င်းမှာ နောင်တွင်လွှတ်တော်ဥက္ကဋ္ဌဖြစ်လာမည့် ဒေးဗစ်အဂီလာကော်နီဂျိုပင် ဖြစ်သည်။

အမှုအား ၁၉၆၅ခုနှစ် မေလထဲတွင် စတင်ကြားနာခဲ့သည်။ ဤအခါတွင်တော့ ဆေးရုံတွင် စိတ်ထောင်းကိုယ်ကြေဖြစ်ခဲ့ဟန်ရှိသည့် အင်ဂရစ်ကဖြောင့်ချက်ပေးပါတော့သည်။

"ဟုတ်ပါတယ် ဆာတိုရီယပ်ကို ကျွန်မသတ်ခဲ့တာပါ၊ သူဟာရသင့်တာထက်ပိုပြီး အလိုကြီးခဲ့လို့ပါ၊ တကယ်တော့ အများကြားဖူးတဲ့ ကောလဟာလတစ်မျိုးဟာလည်းမှန်ပါတယ်၊ အဲဒါဘာလဲဆိုတော့ ကျွန်မယောက်ျားဟာ သူ့ကြွယ်ဝမှုတိုးပွားစေရေးအတွက် လာဘ်ထိုးတဲ့အနေနဲ့ သူ့လုပ်ဖော်ကိုင်ဖက်တွေနဲ့ ကျွန်မကိုလွှတ်ပေးခဲ့ပါတယ်၊ ကိုယ့်အလိုကော ခင်ပွန်းသည်ရဲ့အလိုပါပြည့်စေတဲ့အတွက် အစကတော့ ကျေနပ်သယောင်ရှိခဲ့ပါတယ်၊ နောက်ပိုင်းတော့ ဒီအဖြစ်ပျက်ကို ကျွန်မလက်မခံနိုင်တော့ပါဘူး။

ကိုယ်တိုင်ရွေးတဲ့ ချစ်သူတွေ ရှိခဲ့တယ်၊ ရဲကိုအစစ်ခံခဲ့တဲ့ ရှေ့နေတစ်ဦးလိုမျိုးနဲ့ ဆာတိုရီးယပ် လူမျိုးကိုပါ၊ ဒါတွေကိုတော့ ကျွန်မယောက်ျား မသိပါဘူး၊ ကျွန်မဆန္ဒသက်သက်ပဲဖြစ်တယ်၊ သူသာသိရင် ကျွန်မကိုနှိပ်စက်မှာပါ။

ဆာတိုရီးယပ် (စ်)နဲ့ အစက အဆင်ပြေသလောက် နောက်ပိုင်းမှာ သူ့စိတ်ကိုသိလာရတယ်၊ တစ်စုံတစ်ခုခုနဲ့မြူဆွယ်ပြီး လူကိုအပိုင်သိမ်းတတ်တဲ့လူတွေရှိသလို ဆာတိုရီးယပ် (စ်) ကတော့ လူကိုပိုင်အောင်ကိုင်ပြီးမှ ငွေကိုယူမယ့် လူမျိုးပါ၊ သူကကျွန်မတို့ အဖြစ်ကို ကျွန်မယောက်ျားကိုပြောလိုက်မယ်၊ သက်သေခံဓာတ်ပုံတွေလည်းရှိတယ်တဲ့၊ ဒီလိုမဖြစ်စေချင်ရင် ငွေတစ်သိန်းပေးရမယ်တဲ့၊ ဒီအတွက် ကျွန်မ တော်တော်စဉ်းစားရတယ်၊ ကျွန်မယောက်ျားသာသိရင်မလွယ်ဘူး၊ သူ့စိတ်ကပုံမှန်မဟုတ်ဘူး၊ ရက်စက်ကြမ်းကြုတ်မှုကို မွေ့လျော်တတ်တယ်၊ ကျွန်မကို တစ်ခါတည်းမသတ်ဘဲ တတိတိညှဉ်းဆဲသတ်မှာသေချာတယ်၊ ဒါကြောင့် ဆာတိုရီးယပ်ကို အပြတ်ရှင်းဖို့ဆုံးဖြတ်လိုက်ပါတယ်၊ အချင်းဖြစ်တဲ့နေ့ဟာ သူ့ကိုငွေပေးမယ်လို့ ချိန်းပြီးတွေ့ခဲ့တာပါ၊ လမ်းသွယ်ထဲကို သူ့ကားနဲ့ပဲ ကျွန်မတို့သွားပါတယ်။

အဲဒီရောက်တော့ သူ့ကိုကားပေါ်က ဆင်းအောင်ကြံပြီး လက်ကိုင်အိတ်ထဲက ငွေထုတ်မလိုနဲ့ သေနတ်ထုတ်ပြီး ပစ်လိုက်တာပဲ၊ သူလဲကျသွားမှ ကျွန်မအောက်ဆင်းပြီး နောက်ထပ်လေးချက်ပစ်လိုက်တာပဲ၊ ကျွန်တာကတော့ ရဲကသိပြီးဖြစ်တဲ့အတိုင်း ကျွန်မကို မတရားစော်ကားလို့ခုခံတဲ့အနေနဲ့ သတ်ရတယ်လို့ ဖန်တီးခဲ့တယ်"

ဤတွင်တရားရုံး၏ အဆုံးအဖြတ်ကိုသာ နာယူရန်ဆုံးဖြတ်လိုက်ရပါတော့သည်။ တရားရုံးက သက်သာသည်ထင်၊ အလှည့်စားခံရသည့် မိန်းမသားဖြစ်၍ တစ်သက်တစ်ကျွန်းပြစ်ဒဏ် ချမှတ်လိုက်သည်ဟူ၏။

**ဘနှင်း(မြန်မာပြန်)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရွာသာရွာပါ မရွာပါနဲ့မိုး

မောင်ညီဦး(က.စ.လ)

*အမောင် ... **

*အခုလာမယ့် စနေနေ့မနက် ကိုးနာရီ သယ်နင်းကျွန်းက ဒေါ်ဒေါ်စောတို့အိမ်ကို ဆက်ဆက်လာခဲ့ပါ။ ကားပါယူခဲ့နော်။*

*ခင်ချိုသက်*

ညနေဘက် ကားသိမ်းပြီး အိမ်ပေါ်တက်လိုက်သည်နှင့် ဖေဖေလှမ်းပေးသော စာတစ်စောင်ကို ဖတ်လိုက်ရသည့်အတွက် ကျွန်တော် အတိုင်းမသိ ဝမ်းသာသွားသည်။ ယနေ့ ဗုဒ္ဓဟူးနေ့သာ ရှိသေးသော်လည်း မနက်ဖြန် စနေနေ့သာ ဖြစ်လိုက်ချင်ပါဘိတော့သည်။ ထို့နောက် ကျွန်တော့်နှလုံးသားထဲမှ စကားတစ်ခွန်းကို ရွတ်ဆိုမိလိုက်သည်ကား ...

''လာဖြစ်အောင် လာခဲ့မှာပေါ့ မမရယ် ...''

××××××××

တစ်နေ့မနက် ကျွန်တော် ကားမောင်းလာစဉ် ကြည့်မြင်တိုင်၊ ဗားကရာကုန်းတံတားအနီးတွင် အမျိုးသမီးတစ်ယောက် ကားငှားသဖြင့် သူသွားလိုရာ သယ်နင်းကျွန်း၊ စံပြဈေးအနီး တိုက်အိမ်ကြီးဆီသို့ ပို့ပေးခဲ့သည်။ ထိုမှအပြန် ထမင်းစားချိန်ရောက်သဖြင့် ထမင်းဆိုင်ရှေ့တွင် ကားကိုရပ်လိုက်သည်။ ကားတံခါးကို သေချာစွာ ပိတ်နေစဉ် ကား၏နောက်ဘက်ခန်းတွင် ပိုက်ဆံအိတ်တစ်လုံးကို အမှတ်မထင် တွေ့လိုက်ရသဖြင့် အမြန်ကောက်ယူလိုက်ပြီး ထမင်းဆိုင်ထဲသို့ ဝင်လာခဲ့သည်။

ထမင်းမစားမီ အဆိုပါ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်လိုက်ရာ ငွေသုံးသိန်းကျော်နှင့် မခင်ချိုသက်အမည်ပါ မှတ်ပုံတင်တစ်ခုကို တွေ့လိုက်ရသဖြင့် ယခုပို့ခဲ့သော အမျိုးသမီး၏ ပစ္စည်းဖြစ်မှန်း သိလိုက်ရသည်။ သို့သော် ကျွန်တော့်၏စိတ်ထဲဝယ် ကံကောင်းသောနေ့ဟု မှတ်ယူလိုက်တော့သည်။

''နောက်တစ်ပတ် ဖေဖေဓာတ်မှန်ထပ်ရိုက်ရဦးမယ်နော်''

ဟု မနေ့က ဖေဖေပြောထားသောစကားနှင့် –

''သားရေ ... သားဖေဖေသောက်တဲ့ဆေး ကုန်တော့မယ်နော်''

ဟု မနက်က မေမေမှာလိုက်သောစကားများက နားထဲတွင် ထပ်တလဲလဲကြား၍ယောင်လာသည်။

''မောင်ဇော်မင်းရယ် ...။ မင်းကားစပေါ်တင်ထားတာ သုံးသိန်းတည်းမို့ နောက်နှစ်သိန်းလောက် ထပ်တင်ပါလားကွာ''

ဟု ကားပိုင်ရှင် ဦးနိုင်ဝင်း လွန်ခဲ့သော သုံးရက်လောက်က ပြောထားသောစကားကိုလည်း ပြန်၍ ကြားယောင်မိလိုက်ပြန်သည်။

ဒီရက်ပိုင်းအတွင်း ကျွန်တော်လိုအပ်နေသော ငွေကြေးအခက်အခဲကိစ္စများ ယခုအလွယ်တကူ အဆင်ပြေသွားခဲ့လေပြီမို့ ကျွန်တော် အတိုင်းမသိ ဝမ်းသာမိသည်။ ထို့ကြောင့် ထမင်းစားပြီး အိမ်သို့ပျော်ရွှင်စွာ ကားမောင်းပြန်လာခဲ့သည်။ သို့သော် သုဝဏ္ဏတံတားအနီးအရောက်တွင် ကျွန်တော့်စိတ်ထဲဝယ် အသိတစ်ခုဝင်လာခဲ့တော့သည်။

သုံးသိန်းဆိုသော ငွေသည် ပိုင်ရှင်အတွက် အချိန်မည်မျှ စုဆောင်းထားရမည်နည်း။ ယခုလောလောဆယ် သူအသုံးလို၍သာ ယူဆောင်လာခြင်း ဖြစ်ပေလိမ့်မည်။ အကယ်၍ ငါပြန်မပေးပါက ငါတို့ ကားလောကသားတွေအတွက်

www.burmeseclassic.com

အထင်သေးစရာ ဖြစ်လာနိုင်သည်။ စသည်ဖြင့် သို့လောသို့လော စဉ်းစားမိလိုက်ခြင်းနှင့်အတူ နောက်ဆုံး "ငါ့မိဘရဲ့ရောဂါကို သန့်ရှင်းတဲ့ ငါ့လုပ်အားခနဲ့ပဲ ဆေးကုမယ်"ဟု စိတ်ကိုဆုံးဖြတ်လိုက်ပြီး သယ်နီးကွင်း၊ စံပြဈေးဘက်သို့ ကားကို ပြန်မောင်းလာခဲ့တော့သည်။

အိမ်ရှေ့မှ ကားဟွန်းတီးသော်လည်း အိမ်ထဲက တစ်ယောက်မှ ထွက်မလာ။ ခြံဝမှ ဘဲလ်ကိုနှိပ်လိုက်မှ အသက်ငါးဆယ်ကျော်ခန့် အဒေါ်ကြီးတစ်ယောက် ထွက်လာ၏။ ပိုက်ဆံအိတ်ထဲမှတွေ့သော မှတ်ပုံတင်ကို ကျွန်တော် ထုတ်ပြလိုက်မှ

"အဲဒါ ဒေါ်ဒေါ်တူမ ခင်ချိုသက်ရဲ့ မှတ်ပုံတင်ပါ။ လာ ... အိမ်ထဲဝင်ခဲ့လေ"

ကျွန်တော် အိမ်ထဲသို့ ဝင်လိုက်သွား၏။ အိမ်ထဲသို့ရောက်သည်နှင့် အဒေါ်ကြီးက အသံပြုလိုက်၏။

"တူမကြီးရေ ... အိမ်ရှေ့မှာ ဧည့်သည်"

အဒေါ်ကြီးက အသံပြုလိုက်သည်နှင့် မှတ်ပုံတင်ပိုင်ရှင် မခင်ချိုသက် ထွက်လာပြီး ကျွန်တော့်ကို မြင်လိုက်သည်နှင့် မျက်တောင်မခတ်ဘဲ တအံ့တသြဖြင့် ကျွန်တော့်ကို စိုက်၍သာ ကြည့်နေတော့သည်။ သို့သော် သူ့ထံမှ မည်သည့်စကားမှ မပြောမီ သူ၏ပိုက်ဆံအိတ်နှင့် မှတ်ပုံတင်ကို ကျွန်တော် အရင်လှမ်းပေးလိုက်၏။ သူပြုံးပြလျက် လှမ်းယူလိုက်ပြီးနောက် –

"မမက အဲဒီပိုက်ဆံအိတ်ကို ကားပေါ်မှာ ကျန်ခဲ့တယ်လို့ မထင်ဘူးကွယ့်။ ဆိုင်တစ်ဆိုင်မှာ ကျန်ခဲ့တယ်ပဲ ထင်နေတာ။ အခုလို လာပြန်ပေးတာ ကျေးဇူးတင်ပါတယ်ကွယ်"

"မမအိတ်ထဲက ပိုက်ဆံကို ပြန်စစ်လိုက်ပါဦး။ အားလုံး သုံးသိန်းကျော်ပါ"

ထိုသို့ ကျွန်တော်က ပြောသော်လည်း သူက ပြုံးမြိပြုံးနေလျက်နှင့် –

"ဟုတ်လား။ ကိစ္စမရှိပါဘူး။ မမက အိတ်ထဲမှ ငွေဘယ်လောက်ပါလို့ ပါမှန်းတောင် မသိပါဘူးကွယ်။ ဩော် ... ဒါနဲ့ မောင်လေးက ဘယ်မှာနေလဲ"

မောင်ဖော်မင်း။ အမှတ်(---)၊ မြင်တော်သာလမ်း။ (-)ရပ်ကွက်၊ သာကေတ ဟူသော ကျွန်တော်၏ လိပ်စာအပြည့်အစုံကို ပေးခဲ့သည်။

ကျွန်တော်ကသာ ပစ္စည်းရှင်းကိုယ်ချင်းစာ၍ ပြန်ပေးသည်။ သို့သော် ငွေကြေးပြည့်စုံသူတို့ကကျတော့ ခပ်ပေါ့ပေါ့။ ကျပ်သုံးသိန်းကျော်ကို ကျပ်သုံးဆယ်လောက်များ သဘောထားလေရော့သလားမသိ။ ပျောက်ဆုံးသွားသည်ကိုလည်း အရေးမလုပ်၊ ပြန်ပေးသည်ကိုပင် မမှုသလိုလို တွေ့ရခြင်းကြောင့် ကျွန်တော့်စိတ်ထဲတွင် ဘဝင်မကျ ဖြစ်ခဲ့ရသည်။

နောက်တစ်နေ့ ကျွန်တော်ကားသိမ်းပြီး အိမ်ပြန်ရောက်သော် ယနေ့မနက်က မခင်ချိုသက် အိမ်သို့လာသွားကြောင်းနှင့် ဖေဖေ တီဘီရောဂါဖြစ်မှန်းသိ၍ ချက်ချင်းဆေးများ သွားဝယ်ပေးထားခဲ့ကြောင်း ဖေဖေက အားရဝမ်းသာ ပြောပြလိုက်သည်။ ကျွန်တော်၏ ရိုးသားမှုကို ဂုဏ်ယူနေသည့် အပြုံးများက ဖေဖေနဲ့ မေမေ့ထံတွင် တွေ့မြင်လိုက်ရသည်။

နောက်တစ်ပတ် ဖေဖေ ဓာတ်မှန်ရိုက်ရမည့်နေ့ ဖြစ်သဖြင့် ကျွန်တော် အစောကြီး ကားမောင်းထွက်ခဲ့သည်။ ညနေသုံးနာရီကျော်သည်နှင့် ကားမောင်းခလည်း ကျပ်တစ်သောင်းခန့် ရရှိပြီးဖြစ်၍ ဖေဖေ့ကို ဆေးခန်းလိုက်ပို့ရန် အိမ်သို့ ပြန်လာခဲ့သည်။ အိမ်ရောက်သော် မမခင်ချိုသက်လာ၍ ဖေဖေ့ကို ဆေးခန်းလိုက်ပို့ပေးသွားကြောင်း။ ဓာတ်မှန်ရိုက်ခနှင့် ဆေးဝါးများကို တစ်လစာဝယ်၍ ဒါနပြုသွားကြောင်းနှင့် ကားအုံနာထံသို့ ငွေနှစ်သိန်းကိုလည်း စပေါ်ထပ်မံတင်ပေးသွားကြောင်း ဖေဖေက အားရဝမ်းသာ ပြောပြ၏။ ထို့နောက် ဖေဖေ့ထံမှ မမခင်ချိုသက်အတွက် ဆုတောင်းပေးသော မင်္ဂလာဆုတောင်းသံများကို မထပ်အောင် ကြားနေရခြင်းကြောင့်လည်း ကျွန်တော် စိတ်ချမ်းမြေ့ခဲ့ရပါသည်။

ကျွန်တော် ပြန်ပေးသောငွေသည် သုံးသိန်းနှင့် လေးသောင်းခန့်သာ ဖြစ်၏။ ကျွန်တော်ပြန်ပေးစဉ်က ပြန်မပေးလည်း မမှုသည့် အနေအထားကို တွေ့မြင်ခဲ့ရသော်လည်း ယခုအခါတွင် သူကိုယ်တိုင် ကျွန်တော့်အိမ်သို့ ရောက်လာပြီး သူနှင့်လည်း ဆွေမတော်မျိုးမတော်သော ကျွန်တော့်၏ မိဘများ၏ ကျန်းမာရေးပါမက ကျွန်တော် အပူတပြင်းလိုအပ်နေသည့် ကားစပေါ်ငွေနှစ်သိန်းကိုပါ မည်သူ့မှ မကူအညီမတောင်းပါဘဲလျက် အဘယ့်ကြောင့် ကူညီထောက်ပံ့ပေးနေရသနည်း ဟူသော အတွေးများက ညအိပ်ရာဝင်တိုင်း မစဉ်းစားဖြစ်ခဲ့သော နေ့ဟူ၍ မရှိ...

တစ်နေ့မနက် နှစ်နာရီခန့်တွင် ကျွန်တော် မျက်နှာသစ်၊ ရေချိုးနေစဉ် မမခင်ချိုသက် ရောက်လာသည်။ ခြံထဲ... ဝင်လိုက်သည်နှင့် –

"အမောင်ကားမထွက်ခင် မ... အချိန်မီ လာခဲ့တာ။ ဒါနဲ့ အမောင့်ဖေဖေ... နိုးပြီလား။ အမောင့်ဖေဖေကို ဆေးကော... မှန်မှန်တိုက်ရဲ့လား"

မမခင်ချိုသက်၏ အမှတ်မထ... သုံးနှုန်းပြောဆိုမှုများကြောင့် ကျွန်တော်... ဘာမှပြန်မပြောနိုင်။ "ဟုတ်ကဲ့"ဟူသော... တစ်ခွန်းတည်းကိုသာ ပြန်၍ ဖြေနိုင်... သည်။ ထို့နောက် သူအိမ်ပေါ်သို့ တ... သွားပြီး ဖေဖေနှင့်အတူ စကားသွားပြော... နေပြန်၏။

"အမောင် ... မင်းကားသွား... မမကို လိုက်ပို့နော်။ အမောင့်ဖေဖေ... အတွက် မမ ဆေးဝယ်ပေးခဲ့မယ်။ မမ...

www.burmeseclassic.com

တ်ကို ခဏပြန်မလို့။ တစ်လလောက် မယ်။ မမတို့ ပြန်မလာခင် အမောင့် အဖေ ဆေးကုန်နေမှာစိုးလို့ ဆေးဝယ် ထားခဲ့ရအောင် အမောင့်ကားမထွက် ခင် အချိန်မီ မမ အိမ်ကစောစောထွက် လာခဲ့တာ''

ထို့နောက် ကျွန်တော့်ကားအုံနာ အိမ်မှ ကားသွားယူခဲ့သည်။ သူကိုယ်တိုင် ကားခေါင်းတံခါးကိုဖွင့်၍ ဝင်ထိုင်လိုက် သည်။ သူ့ကိုယ်မှ တန်ဖိုးကြီးရေမွှေးနံ့က တသင်းသင်း။

ပထမဦးစွာ ပုဇွန်တောင်၊ ရေကျော် လမ်းရှိ မိုးသီးဆေးခန်းသို့ မောင်းနိုင်းပြီး ဖေဖေ့အတွက် ဆေးနှစ်လစာ ဝယ်ပေး သည်။ ပြီးနောက် သာကေတ ရွှေပုဇွန် မုန့်တိုက်သို့ မောင်းနိုင်းပြီး သူတို့မိသားစု အတွက်သာမက ဖေဖေနဲ့ မေမေအတွက် ပါ မုန့်များဝယ်ပေးပြီး သဃ်န်းကျွန်းအိမ် သို့ လိုက်ပို့ခိုင်းခဲ့သည်။ သဃ်န်းကျွန်း အိမ်သို့ ရောက်သည်နှင့် မြိတ်မြို့သို့ ခရီး သွားမည့်အဖွဲ့သားများ မမကို စောင့်မျှော် နေကြလျက်။

အဘယ့်ကြောင့် သူ ကျွန်တော်နှင့် ကျွန်တော့်မိဘများအပေါ် စေတနာပြည့်ဝ ရလေသနည်း။ ကျွန်တော့်နာမည်ကို သိ ပါလျက်နှင့် အဘယ့်ကြောင့် 'အမောင်' ဟု ခေါ်ရသနည်း။ စသည့် ထိုမေးခွန်း နှစ်ခုကို ကျွန်တော့်နှလုံးသားမှ အထပ် ထပ် မေးနေမိသည်။

အသက်က လေးဆယ်ခန့်၊ ခန္ဓာ ကိုယ်အချိုးအစားက လှပကြော့ရှင်း သည်။ ခေတ်ဆန်ဆန် ဝတ်စားတတ် သည်ဆိုသော်လည်း မြန်မာမှုအသွင်မှ ယိမ်းမသွားသည့် သဘာဝအလှများ ကြောင့် တစ်ခါမှ ချစ်သူမရှိခဲ့ဖူးသော ကျွန်တော့်နှလုံးသားက အချက်ပြလာ၏။ တစ်ရေးနိုးတိုင်းလည်း သတိမရဘဲ မနေ နိုင်။ ခရီးသွားနေသူ မမကို တမ်းတလာမိ တော့သည်။

ပြန်များရောက်လေပြီလားဟူသော အတွေးနှင့် တွေ့ချင်မြင်ချင်သော နှလုံး သားစိတ်၏ စေ့ဆော်မှုကြောင့် သဃ်န်း ကျွန်း အိမ်ရှေ့ပါမက ကြည့်မြင်တိုင်၊ ဗား ကရာကုန်းအနီးသို့ပါ ကားမောင်းရင်း မယောင်မလည် ရောက်သွားမိသည့် ရက် များက မရေတွက်နိုင်တော့။

ထစ်နေ့ ညနေဘက် ကျွန်တော် အိမ်ပြန်ရောက်သည်နှင့် မမ အိမ်သို့ လာ သွားသည်ကို ဖေဖေက ခရီးဦးကြို၍ ပြောလိုက်သဖြင့် ကျွန်တော် ဝမ်းသာမိ သည်။ ဖေဖေ၊ မေမေတို့အတွက် မြိတ်မြို့ မှအပြန် လက်ဆောင်များ ပေးသွားသည့် အပြင် ကျွန်တော့်ကိုလည်း မနက်ဖြန်နေ့ လယ် သဃ်န်းကျွန်းအိမ်သို့ လာခဲ့ရန် မှာ သွားခြင်းကြောင့်လည်း ကျွန်တော် ပို၍ ဝမ်းသာရပြန်သည်။

နေ့လယ် တင်နာရီခန့်အချိန် ...။

သဃ်န်းကျွန်းအိမ်ရှေ့သို့ ကျွန် တော် ကားကိုရပ်လိုက်သည်နှင့် ခြံဝတွင် အသင့်လာစောင့်နေသော အဒေါ်ကြီးက တံခါးဖွင့်ပေး၏။ ကျွန်တော် အိမ်ထဲဝင် လိုက်သွားသည်နှင့် မမကို ကျွန်တော် မမြင်ရသေး။ ဧည့်ခန်းအတွင်းရှိ လူကြီး၊ လူငယ်၊ ကလေး စုစုပေါင်း ရှစ်ယောက် ခန့်၏အကြည့်က ကျွန်တော့်ထံသို့ ရောက် နေကြသည်။ သို့သော် သူတို့၏အကြည့် တွင် တချို့က ပြုံးစိပြုံးစိနှင့် သူတို့၏ အသိမိတ်ဆွေတစ်ယောက်ကို တွေ့ရ သကဲ့သို့သော အနေအထားနှင့် ကျွန် တော့်ကို လိုလားခင်မင်နှစ်သက်သော အကြည့်များဟု ကျွန်တော်သိရသည်။ မမ ကျွန်တော့်အကြောင်း သူတို့ကို ဘာ တွေများ ပြောထားပါလိမ့်ဟု သံသယ အတွေး ဝင်မိလိုက်သေးသည်။ ထို့နောက် မမက ပါတိတ်အပြာရောင်ဝမ်းဆက်ကို လှပသပ်ရပ်စွာ ဝတ်ဆင်၍ ထွက်လာပြီး ကျွန်တော်နှင့်အတူ ကားဖြင့် လိုက်ပါလာ ခဲ့သည်။ ခါတိုင်းကဲ့သို့ပင် မမထံမှ ရေမွှေး နံ့က တသင်းသင်းရလျက်ပင်။

သိမ်ကြီးဈေးကုန်တိုက်တွင် စပို့ရှပ် အင်္ကျီနှစ်ထည်၊ ရှပ်အင်္ကျီနှစ်ထည်နှင့် လုံချည်လေးထည်ကို မမကိုယ်တိုင် စိတ် တိုင်းကျရွေး၍ ကျွန်တော့်ကို ဝယ်ပေး၏။ ပြီးနောက် ပန်းဆိုးတန်း J-Donut ဆိုင် တွင် နှစ်ယောက်အတူ မုန့်စားခဲ့သေး သည်။ ပြီးနောက် မမနေထိုင်ရာ ကြည့် မြင်တိုင်အိမ်သို့ လိုက်ပို့ခိုင်းသည်။ ယခင် ကားစတင် ငှားရမ်းခဲ့သည့်နေရာဖြစ်သော ဗားကရာကုန်းအနီးတွင် ကားကိုရပ်နိုင်း ပြီး ကျွန်တော့်ကို လက်ပြနှုတ်ဆက်၍ လမ်းတစ်ဖက်ခြမ်းရှိ စတိုးဆိုင်ထဲသို့ ဝင် သွားသည်ကို မြင်လိုက်ရ၏။

ထိုနေ့မှစ၍ ကျွန်တော် အိပ်ရာဝင် တိုင်း မမ၏ပုံရိပ်များက ကျွန်တော့်ကို စိုးမိုးနေတော့သည်။ ကျွန်တော့်နှလုံးသား ကို ပို၍ ရင်ခုန်စေသည်က "အမောင့်မှာ ချစ်သူရှိသလား"ဟု မမ မေးလိုက်သည့် စကားတစ်ခွန်းနှင့် ကျွန်တော် ခေါင်းခါပြ လိုက်သည့် အမူအရာကလေးများပင် ဖြစ် ရပေတော့သည်။ မမက စတင်၍ စကား ဖြင့် လမ်းခင်းလာပေပြီမို့ နောက်တစ်ခါ ဒီလိုအခွင့်အရေးကြုံလျှင် ကြိုးစား၍ ဖွင့်ဟချစ်ရေးဆိုတော့မည်ဟု ကြိုတင် ကြံစည်စိတ်ကူးထားလိုက်မိပါတော့သည်။

xxxxxxxx

"သားရေ ... မနက်ဖြန် စနေနေ့ နော်။ သားမေ့နေဦးမယ်"

ညအိပ်ခါနီး ဖေဖေက သတိပေး လိုက်ခြင်း ဖြစ်သည်။ ကျွန်တော်က မမေ့ နိုင်ရန် မမရေးပေးခဲ့သော စာရွက်ကလေး ကို ခေါင်းအုံးဘေးတွင်ထားကာ ညတိုင်း ဖတ်ကြည့်နေသည်ကို ဖေဖေသိဟန်မတူ ပါ။ ယနေ့ သောကြာနေ့ဖြစ်၍ မနက်ဖြန် အတွက် ကြိုတင်ရင်ခုန်နေရပေပြီ။

မမ၏စာတွင် –

"စနေနေ့မနက် ကိုးနာရီအရောက်

www.burmeseclassic.com

သယ်နီးကျွန်းက ဒေါ်ဒေါ်စောတို့အိမ်ကို ဆက်ဆက်လာခဲ့ပါ။ ကားပါယူလာခဲ့ပါ” ဟု ဆိုနေမှတော့ ...။

××××××××

မနက်ကိုးနာရီတိတိအချိန် သယ်နီးကျွန်းအိမ်ရှေ့သို့ ကားကိုရပ်၍ ကားတံခါးဖွင့်ကာ ထွက်လိုက်သည်နှင့် ကျွန်တော်၏ မျက်လုံးနှစ်ဖက်ကို နောက်ဘက်မှ ညင်သာသော လက်နှစ်ဖက်ဖြင့် ပိတ်ထားလိုက်သည်။ ကျွန်တော် အမြဲအမှတ်ရနေသော ရေမွှေးနံ့ကြောင့် မမဖြစ်မှန်း ကျွန်တော်သိလိုက်သည်။ ကျွန်တော်လည်း မမ၏လက်ကို ကြင်နာစွာ ဆွဲကိုင်ဖယ်၍ လှည့်ကြည့်လိုက်သည်။ အဖြူရောင်ဝမ်းဆက်ကလေးကို ဝတ်ဆင်လျက် နေကာမျက်မှန်ပန်းရောင်ကလေးကို တပ်ဆင်ထားခြင်းကြောင့် မမ၏အလှက ယခင်ကရက်များထက် ပို၍လှပနေသည်။ မမ ကားတံခါးကို ကိုယ်တိုင်ဖွင့်၍ ဝင်ထိုင်လိုက်သည်။ ကျွန်တော်လည်း ကားကို စက်နှိုးလိုက်ပြီး –

“ကျွန်တော် ဘယ်ကိုမောင်းပေးရမလဲ မမ”

ကျွန်တော်မေးလိုက်သော်လည်း မမက ပြန်မဖြေ။ ကျွန်တော့်ကိုစိုက်ကြည့်ကာ ပြုံးပြလိုက်ပြီး ရှက်သွေးဖြန်းလျက် ခေါင်းကို ငုံ့နေလိုက်၏။ ကျွန်တော်လည်း ရင်ခုန်စွာဖြင့် ကန်တော်ကြီး မြေပဒေသာ ဥယျာဉ်သို့ ကားမောင်းလာခဲ့သည်။ ပန်းဥယျာဉ်တွင် နှစ်ယောက်အတူ စကားထိုင်ပြောပြီး ကြက်လျှာစွန်းဒံပေါက်ဆိုင်တွင် ဒံပေါက်အတူတူစားကြသည်။ ပြီးနောက် မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံတွင် ရုပ်ရှင်အတူတူကြည့်ကြသည်။ ရုပ်ရှင်ရုံထဲတွင် ကျွန်တော်သည် မမ၏ ပခုံးကို ကြင်နာစွာ ဖက်လိုက်စဉ် –

“ကလင် .. ကလင် ... ကလင်”

နံနက်ခြောက်နာရီ သံပတ်ပေးထားသော နာရီနှိုးစက်သံကြောင့် ကျွန်တော် အိပ်ရာမှ နိုးထလိုက်၏။ ထိုနာရီနှိုးစက်သံကြောင့်လည်း ကျွန်တော်၏ အိပ်မက်ကမ္ဘာလေး ပျက်ပြယ်သွားရတော့သည်။ ဒီအိပ်မက်ကလေးကား ယနေ့၏ ရှေ့ပြေးနိမိတ်ဖြစ်ပါစေဟု ဆုတောင်းလိုက်မိသည်။

××××××××

မမချိန်းဆိုထားသော မနက်ကိုးနာရီတိတိ သယ်နီးကျွန်းအိမ်သို့ ကျွန်တော်ရောက်သွားခဲ့သည်။ ယခင်ကကဲ့သို့ အိမ်ရှင် ဒေါ်ဒေါ်စောက ပြုံးရွှင်လျက် ခြံမှ ကြိုတင်စောင့်နေ၏။ မကြာမီ ဆလင်းဘက်တစ်လုံးကိုလွယ်လျက် မမထွက်လာ၏။ ကျွန်တော် ဒီနေ့မနက်က မက်ခဲ့သော အိပ်မက်ထဲမှအတိုင်း မမက အဖြူရောင်ဝမ်းဆက်ကလေးကို ဝတ်ဆင်ထား၍ ကျွန်တော် အံ့သြခြင်းနှင့်အတူ မမကို အပြုံးဖြင့် နှုတ်ဆက်လိုက်၏။ သို့သော် မမတစ်ယောက်တည်းတော့မဟုတ်။ ရှစ်နှစ်အရွယ် ယောကျ်ားလေးတစ်ယောက်နှင့် ခြောက်နှစ်အရွယ် မိန်းကလေးတစ်ယောက် မမနောက်မှ အဖော်လိုက်ပါလာ၏။ သူတို့သုံးယောက် ကားနောက်ခန်းတွင် အတူစီးနင်းလိုက်ပါလျက် မမသွားလိုသည့် မင်္ဂလာဒုံလေဆိပ်သို့ မောင်းနှင်ပေးခဲ့သည်။ လေယာဉ်ကွင်းသို့ရောက်သည်နှင့် မမနှင့် ကလေးနှစ်ယောက် လေဆိပ်ဧည့်ကြိုဆောင်ထဲသို့ ဝင်သွားတော့သည်။

ယခင်နေ့များထက် ယနေ့ မမမျက်နှာ ပို၍ရွှင်လန်းနေ၏။ သို့သော် မမ ကျွန်တော့်ကို အပြုံးဖြင့်ကြိုဆိုသော်လည်း ယခင်လို စကားဖော်ဖော်ရွှေရွှေ မပြော။ ပြောဖို့လည်း အချိန်ရဟန်မတူ။ သူ့လက်မှ နာရီကို မကြာမကြာ ငုံ့ကြည့်နေခြင်းက မမစိတ်လောနေဟန်ရှိ၏။ ဒီကလေးနှစ်ယောက်က မမ၏ သားသမီးတွေများ ဖြစ်နေလေမလား။ ယခု လေဆိပ်ကို အ
လာလုပ်ကြသနည်းဟု ကျွန်တော် စိ
ထဲမှ အမျိုးမျိုးတွေးဆနေမိ၏။

ထိုင်းနိုင်ငံမှ အင်တာနေရှင်န
လေယာဉ်ကြီးတစ်စီး ဆိုက်ရောက်
၏။ မကြာမီ အသားဖြူဖြူ၊ နိုင်ငံခြား
စုံနှင့် လူတစ်ယောက် ခရီးဆောင်အိ
နှစ်လုံးကိုဆွဲ၍ ကျွန်တော့်ကားဆီသို့
ရောက်လာပြီး –

“မင်္ဂလာပါ မောင်ဇော်မင်း”

ရုတ်တရက် ကျွန်တော့်ကို နှု
ဆက်လိုက်သည်။ ထိုသူကို ကျွန်တော
မသိ၊ သို့ဖြစ်၍ ကျွန်တော်စိုက်ကြည့်လို
ပြီး မေးရန်ပြင်လိုက်စဉ် မမရောက်လာ

“အမောင် ... ဒါ မမအမျိုးသ
ဦးဝင်းကိုလေ။ အခု နိုင်ငံခြားက ပြန်
တာကွယ့်”

မမက မိတ်ဆက်ပြောပြလိုက်
ထိုသူ၏ ပစ္စည်းအိတ်များကို ကားနော
ဘက် အဖုံးထဲတွင် ကျွန်တော်ကိုယ်တို
ထည့်သိမ်းပေးပြီး ကြည့်မြင်တိုင်သို့ က
မောင်းထွက်ခဲ့တော့သည်။ မမနှင့် ကျွ
တော် စတွေ့သည့်နေရာ (သို့မဟုတ်) မ
ကို ပြန်ပို့ပေးခဲ့သည့်နေရာသည် မ
အိမ်ရှေ့တည့်တည့်ပင် ဖြစ်နေတော့သည

ကားပေါ်မှ မမ အမြန်ဆင်း
သော့ခတ်ထားသော ခြံတံခါးနှင့် အိ
တံခါးများကို ဖွင့်လိုက်သည်။ ကျွန်တေ
လည်း ကားထဲမှ ပစ္စည်းများကိုထုတ်
အိမ်ထဲသို့ သယ်ပို့ပေးလိုက်သည်။ မ
အမျိုးသား၏ ဖော်ရွေမှုကြောင့် ဧည့်ခ
ဆောင်တွင် ကျွန်တော် ခဏထိုင်
လိုက်စဉ် မမ၏ အိမ်ဧည့်ခန်းတွင် ပုံ
ချိတ်ထားသော ကျွန်တော်၏ဓာတ်ပုံနှ
ကို အမှတ်မထင်တွေ့လိုက်ရ၍ ကျွ
တော် အံ့သြသွားမိတော့သည်။ မအံ့
ဘဲ မနေနိုင်ခြင်း ဖြစ်ရသည်က
မကျူမီက မမကိုယ်တိုင် ကျွန်တော့်
ဝယ်ပေးခဲ့သော စပို့ရှပ်နှင့်ထဲမှ သ



www.burmeseclassic.com

www.burmeseclassic.com

ကောင်ပုံပါသော စပို့ရှပ်အဝါရောင် ရိုက်ထားသော ကျွန်တော်၏ ဓာတ်ပုံ နေ၏။ ထိုစပို့ရှပ်ဖြင့် ကျွန်တော်တစ်ခါ ဓာတ်ပုံရိုက်ထားခြင်းမရှိခဲ့။ တစ်ဖန် စ်ခုထူးခြားနေသည်မှာလည်း ဘွဲ့ဝတ်စုံ ရိုက်ထားသော ကျွန်တော်၏ပုံ ဖြစ် ပြန်၏။ အဘယ်ကြောင့်ဆိုသော် ကျွန် တော် ဆယ်တန်း နှစ်နှစ်ဆက်တိုက်ကျ ကားလောကထဲသို့ ဝင်ရောက်နေ ည်မှာ သုံးနှစ်မျှပင်ရှိနေခြင်းကြောင့် ၏။

"မောင်ဇော်မင်း ... ဓာတ်ပုံတွေ မင်းနဲ့တူလို့ အံ့ဩနေတာလား"

အိမ်ခန်းထဲမှ ထွက်လာသော ဝင်းကို၏ စကားကြောင့် ကျွန်တော် တွေးရပ်သွား၏။

"အဲဒီဓာတ်ပုံက ချို့ရဲ့မောင်လေး င် ဂ်လွင်ဦးရဲ့ပုံလေ။ မောင်ကျော် င်ဦးက ပြီးခဲ့တဲ့နှစ်ကပဲ မြိတ်မြို့မှာ ရေ း ဆုံး ဘယ်။ မင်းနဲ့ တစ်ပုံစံ ည်းပဲနော်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။

"မင်းကို စတွေ့ပြီးကတည်းက ချို့ သူ့မှာ မောင်လေးတစ်ယောက် အစား ရပြီဆိုပြီး အစ်ကို့ဆီကို ချက်ချင်း ကြောင်းကြားတယ်။ ပြီးတော့လည်း ရဲ့မိဘတွေကိုပါ ဆေးဝါးကုသထောက် ပေးတာတွေ၊ မောင်ကျော်လွင်ဦးမွေးတဲ့ လမှာ မောင်ကျော်လွင်ဦး ဝတ်လေ့ တ်ထရှိတဲ့၊ ကြိုက်နှစ်သက်တဲ့ အဝတ် စားတွေကို ချို့ကိုယ်တိုင် မင်းကို လိုက် ယ်ပေးတယ်ဆိုတဲ့အကြောင်းတွေကို ည်း ဖုန်းနဲ့ အစ်ကို့ကို ပြန်ပြောပြတယ်"

ဦးဝင်းကို၏စကားကြောင့် ကျွန် တော် ဘာပြန်ပြောရမှန်းပင်မသိ ဖြစ် ိုက်ရသည်။ ထို့နောက် -

"ရော့ ... ဒါတွေက အစ်ကို့ရဲ့ င်ခြားပြန်လက်ဆောင်"

ဦးဝင်းကို သူနိုင်ငံခြားမှဝယ်လာ သည့် သားရေအိတ်အသစ်တစ်လုံး၊ ရှပ် အင်္ကျီအသစ်နှစ်ထည်နှင့် ဘောင်းဘီရှည် အသစ်နှစ်ထည်ကို လက်ဆောင်အဖြစ် ကျွန်တော့်ကို ပေးပြန်၏။ ထို့နောက် -

"ညီလေး မပြန်နဲ့ဦးနော်။ မင်းမမ က ကတ်ကြေးကိုက်ကြော်နေတယ်"

အပြစ်ရှိသူတစ်ယောက် ဖြစ် ကြောင်း ကျွန်တော့်ကိုယ်ကျွန်တော် ချက် ချင်းသိလိုက်ရပြီ ဖြစ်သောကြောင့် မမတို့ အိမ်တွင် ခဏပင် ဆက်၍ထိုင်နေဖို့ရန် အတွက် ကျွန်တော့်စိတ်ထဲမှ မလုံမလဲ ဖြစ်နေတော့သည်။

"အမောင် ... လာလေ၊ မမတို့နဲ့ ကတ်ကြေးကိုက် စားသွားဦးနော်"

မမ၏ဖော်ရွေမှု၊ ဦးဝင်းကို၏ လက် ဆွဲခေါ်မှုကြောင့် ကျွန်တော် မငြင်းသာ တော့ပေ။

"အစ်ကိုက မော်လမြိုင်သားကွ။ မင်းမမက မြိတ်သူလေ။ ကိုယ့်မှာကော၊ ချို့မှာကော မိဘတွေ မရှိကြတော့ဘူးကွ။ သယ်နီးကျွန်းက ချို့အဒေါ် ဒေါ်ဒေါ်စော တို့ကိုပဲ မိဘတွေလို သဘောထားပြီး စောင့်ရှောက်နေကြရတာကွ။ အခုဆိုရင် မင်းတို့မိသားစုလည်း အစ်ကိုတို့ မိသားစု လို ဖြစ်သွားပြီပဲ။ လိုတဲ့အကူအညီရှိရင် အချိန်မရွေးပြောနော်။ အစ်ကိုက နိုင်ငံ ခြားသင်္ဘောကပ္ပတိန်ဆိုတော့ သင်္ဘော တစ်ခေါက်ထွက်ရင် တစ်နှစ်ခွဲ၊ နှစ်နှစ် လောက် ကြာတတ်တာကွ။ အစ်ကို သင်္ဘောပြန်ထွက်ရင်လည်း မင်းမမနဲ့ မင်း ရဲ့တူ၊ တူမလေးတွေကို စောင့်ရှောက်ပေး ထားနော်"

ဦးဝင်းကို၏ ရိုးသားဖြူစင်မှုနှင့် ပွင့် လင်းခြင်း၊ ဖော်ရွေပျူငှာခြင်းများက ကျွန် တော် မလေးစားဘဲ မနေနိုင်သကဲ့သို့ မမ ၏ ကျွန်တော့်အပေါ် ဆက်ဆံခဲ့သည်များ ကလည်း ကျွန်တော် ထာဝရလေးစား တန်ဖိုးထားရပေလိမ့်မည်။

မကြာသေးမီက ကွယ်လွန်သွားရှာ သူ မမ၏မောင်နှင့် ကျွန်တော်က ရုပ်ချင်း တူနေ၍ သူ့မောင်တစ်ယောက်သဖွယ် ခင်မင်တွယ်တာရုံမျှမက ကျွန်တော်၏ မိဘများကိုပါ သူ၏မိဘများသဖွယ် သဘောထားကာ ကူညီထောက်ပံ့မှုများ ပြု၏။ ကျွန်တော့်အပေါ် ထားရှိသည့် မေတ္တာရိုးသားဖြူစင်မှုကို ပေါ်လွင်စေရန် ကျွန်တော့်ကို သယ်နီးကျွန်းအိမ်သို့သာ ဖိတ်ကြားတတ်၏။ တစ်ခါတစ်ရံ ကြည့် မြင်တိုင်အိမ်သို့ လိုက်ပို့ပေးသည့်အခါ ပတ်ဝန်းကျင် အမြင်မတင့်သဖြင့် အိမ်သို့ အလည်မခေါ်သည့်အပြင် ကျွန်တော့် အနေဖြင့် ဘယ်အိမ်မှန်းပင် မသိရအောင် မျက်ခြည်ဖြတ်လိုက်၏။ ဖြစ်ရပ်မှန်သမျှကို လည်း နိုင်ငံခြားရောက် ခင်ပွန်းထံသို့ မခြွင်းမချန်ဘဲ ပွင့်ပွင့်လင်းလင်း တင်ပြ ခြင်းကိုကပင် မမ၏ စံထားလေးစားရမည့် အချက်များသာ ဖြစ်နေပေသည်။

ကျွန်တော်သည် လူ့ယဉ်ပီပီ မမ၏ လုပကြော့ရှင်းမှုနှင့် အနေနီးမှုကြောင့် ရင်ခုန်လာမိ၏။ မမ၏ ဖြူစင်သော စေတ နာကို တစ်မျိုးထင်၍ ကျွန်တော် သာယာ လာ၏။ သို့သော် ကျွန်တော့်၏ တစ်ဖက် သတ်ဖြစ်ပေါ်ခံစားနေရသည့် ဆန္ဒကို အချိန်မီ ပြန်လည်ထိန်းချုပ်ပြင်ဆင်နိုင်မှု အတွက် ယခုလို တိုက်ဆိုင်မှုအကြောင်း များ ရှိလာခြင်းကိုက ကျွန်တော့်ဘဝ အတွက် ဖြူစင်သန့်ရှင်းမှုကို ပေါ်လွင် ထင်ရှားအောင် ပြန်လည်ပြုပြင်နိုင်စွမ်းပေ တော့မည့် အထောက်အပံ့များပင် ဖြစ်နေ သည်မို့ ကျွန်တော့်နှလုံးသားမှ စကားစု တစ်စုကို ရေရွတ်မိလိုက်ပါတော့သည်။


"လေးစားမိပါတယ်၊ ခွင့်လွှတ်ပါ မမရယ် ..."

---

**မောင်ညီဦး(က.စ.လ)**

---

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# စားသွားပေါက

# မှားရည် တစ်စက်

ဆန်းဝင်း(အောင်မြေ)

" ဝမ်း တီး ကျ ဆိမ့် "

စားပွဲထိုးကလေး၏ လက်ဖက်ရည်ကောင်တာဖက် လှမ်းအော်လိုက်သောအသံကြောင့် တစ်ကြိမ်နှစ်ကြိမ်မျှသာ ဤဆိုင်သို့ လာရောက်သောက်ဖူးသော ဖောက်သည်ဟူ၍ အများထင်ကောင်းထင်ကြပေမည်၊ အမှန်က စားပွဲထိုးကလေး၏ ပါးနပ်လိမ္မာမှုကြောင့်ဖြစ်ပေမည် မောင်အောင်တင့် ဤဆိုင်သို့ရောက်သည်မှာ ဤအကြိမ်နှင့်မှ နှစ်ကြိမ်သာရှိသေးသည်။

ဆိုင်ဝန်းကျင်အား အကဲခတ်လိုက်သည် ဘောလုံးပွဲဝါသနာအိုးများ ငြင်းခုံနေသော အသံများ။ အကြွေးကိစ္စကို တုန့်ပြန်ရှင်းလင်းရေးများ ပြောဆိုနေကြသူ၊ ဝမ်းချိန်းက ဘယ်ပုံ၊ တစ်လုံးလုံးပြောင်းက ဘယ်သို့ စသည့်ဆွေးနွေးသံ၊ တီဗီက တရုတ်ကားက ဓားသံက တရှမ်းရှမ်းနှင့် နားထဲအတော်ခံရခက်၊ သို့သော် မောင်အောင်တင့် ကားနားကိစ္စကို အာရုံမကျ၊ လျစ်လျူရှုလျက် မျက်စိကိုသာ လျှင်လျှင်ထားအလုပ်များလျက်သာ . . .

အကျီဖြူလက်တို လည်ကတုံးဖြင့် ဦးဂျမ်းချည်ချောလုံချည်အညိုကွက်နှင့် လွယ်အိတ် အစင်းကြားတစ်လုံးလွယ်လျက် စာအုပ်များ ဂျာနယ်များပါ ပါဝင်သေးသည့် အများအမြင်တွင်ကား ဘောလုံးဝါသနာအိုး အသက် ၄၀ ကျော်ခန့်ရှိ လူရွယ်တစ်ယောက် အလုပ်မယ်မယ်ရရရှိသေးဟန်မတူ၊ ပွဲစားယောင်ယောင် အရောင်းအဝယ်သမားဟူ၍ပင်အများထင်ကောင်းထင်နိုင်သည်။

ဤလက်ဖက်ရည်ဆိုင်သို့ လာရောက်သောက်ခြင်းကား မောင်အောင်တင့် လက်ဖက်ရည်ကြိုက်ခြင်းကြောင့်တော့ မဟုတ်ပါပေ၊ အရေးလွန်စွာကြီးသော ကိစ္စတစ်ခုအား မျက်မြင်ကိုယ်တွေ့ ချဉ်းကပ်လေ့လာလိုသောကြောင့်ဖြစ်သည်။ ထိုအချိန် သူထိုင်သောစားပွဲနှင့် ကျောခြင်းကပ်လျက် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ ဝင်ရောက်ထိုင်လာကြသည် ထိုင်လျှင်ထိုင်ခြင်းအမျိုးသမီးကပင် . . .

"အမလေး အစ်ကိုရယ် ညက ကျမမက်တဲ့ အိပ်မက်က တဲ့တိုးကြီးစင်းသလား မမေးနဲ့ ကျမအစ်မဆီက ငွေနှစ်တစ်ရှက်ချေးပြီး ထိုးလိုက်တယ် မှတ်ကရော"

"နင်ဘယ်သွားထိုးလိုက်တာလဲ"

"အင်း . . . ဒီမှာပဲလေ ရတယ် တိုးတိုးတိတ်တိတ်ပေါ့"

အမျိုးသမီးက လက်ဖက်ရည်ဖျော်သောကောင်တာဖက်သို့ မျက်စပစ်မေးငေါ့ပြလိုက်၏။ မောင်အောင်တင့် ချက်ခုံနှစ်ဖက် မြင့်တက်သွားလေ၏။ ဒီလိုကိုး ဟု လည်း မှတ်ချက်ချလိုက်မိလေတော့၏။

"ရှင်း မယ်"

www.burmeseclassic.com

"လာ ပါပြီ"

မောင်အောင်တင့် လက်ဖက်ရည် ဆိုင်မှ ထွက်ခဲ့ပြီး ကားဂိတ်သို့ လျှောက် လာခဲ့သည်။

"ဟုတ်တော့ ဟုတ်သည်"

ဒါပေမယ့် မသေချာသေးဘူး၊ မရေရာသေး သေချာဖို့၊ ရေရာဖို့လို သည် မိနစ်နှစ်ဆယ်ခန့်အကြာ မောင် အောင်တင့် မှတ်တိုင်တစ်ခုတွင် ဆင်း လိုက်၏ မှတ်တိုင်က ရဲစခန်းမှတ်တိုင် ပို၍ တိတိကျကျပြောရလျှင် ပဲခူးလမ်း မှတ်တိုင်. . .

"ဆရာအောင်တင့် အခြေအနေ"

"အခြေအနေကတော့ ကောင်းမှာ ပါ စခန်းမှူး"

"အဲဒီလက်ဖက်ရည်ဆိုင်က ဖွင့် တာမကြာသေးဘူးကွ၊ ဘယ်လိုတယ်လို ခပ်မြန်မြန်စီးပွားတက်သွားသလဲ စုံစမ်း တော့မှ ခိုင်လုပ်နေတာကိုးကွ၊ ပိရိတယ် သတိရှိတယ်၊ အရှောင်အတိမ်းကောင်း တယ်ဆိုတဲ့ သဘောပေါ့ကွာ"

"အို စခန်းမှူးကြီးရယ် ဘယ် လောက်ပဲပိရိ အရှောင်အတိမ်းကောင်း ကောင်း ဥပဒေလက်က မလွတ်ပါဘူး လေ၊ ခဏစောင့်ကြည့်ပါ ဦး၊ ကျွန်တော့် နာမည်အောင်တင့်ပါဗျာ"

"ဟဲ··ဟဲ··ဟဲ ယုံပါတယ်၊ ယုံပါ တယ်ဗျာ ကဲ ဆက်လုပ် ဆက်လုပ် လိုအပ်တာရှိရင်ပဲ ဖြစ်ဖြစ် အကြောင်း ထူးရင်ပဲဖြစ်ဖြစ် သတင်းအမြန်ပို့"

" စိတ်ချ စခန်းမှူး "

*** *** ***

"မှူးယစ်ဆေး သုံးစွဲခွင့်မပြု"

"ဥပဒေနှင့် မကင်းသော ကိစ္စ မှန်သမျှ မပြုလုပ်ရ"

လက်ဖက်ရည်ဆိုင်နံရံတွင် ကွန်ပျူ တာစာလုံးနှင့် ကဒ်လောင်းချိတ်ဆွဲထား သောဆိုင်၊ ပေါလစ်များပြောင်လက်နေ သော သောင်းကျော်တန်စားပွဲ သောင်း ကျော်တန် ထိုင်ခုံများနှင့်သော ခင်းကျင်း ထားသော အနီးဆိုင်ကာ 'လွန်စွာပင် လက်ဖက်ရည်ရောင်းကောင်း လူကျချိန် ထိုင်ခုံကမလောက်၊ မောင်အောင်တင့် ချောင်ကျကျစားပွဲတွင် နေရာယူလျက် ဘယ်လက်မှ စီကို ဖိုက်နာရီအား ကြည့် လိုက်၏ အချိန်က ညနေစောင်း ၃- နာရီလွယ်အိတ်တွင်းမှ ဗလာစာအုပ် တစ်အုပ်ကိုထုတ်၍ ဂဏန်းများ ရေး လိုက် မျဉ်းတို၊ မျဉ်းရှည် တားလိုက်၊ မြှားပြလိုက် အုပ်စုဖွဲ့လိုက် ခွဲထုတ်လိုက်၊ ပေါင်းလိုက်မြှောက်လိုက်နှင့် ပြုလုပ်ပြီး နောက် ရွေးချယ်ထားသော ဂဏန်း အား စာရွက်အတိုတွင် ရေးလိုက် လေ၏။ ပြီးလျှင် စားပွဲထိုး ကလေးအား' လက်ဖက်ရည်ဖိုးရှင်းရန် ခေါ်လိုက်၏။

"သား ဘယ်လောက်ကျလဲကွ"

"တစ်ရာ့ငါးဆယ်နဲ့ လေးဆယ်နဲ့ ပေါင်းတစ်ရာ့ကိုးဆယ်ကျပါတယ်ဆရာ"

"အေးရော့ ငါးရာတန် ရော့ ဒါကို ငါ့ကို နှစ်ရာဖိုးစီထိုးပေးကွာ ရတယ် မို့လား"

"အဲ· · ·မအောဘူးလား"

"အာ· · ·ပေါ့ကွာ မအောရင်ခံသွား ရမှာပေါ့ကွ"

"ဟုတ်ပြီ ငါးရာတန် တစ်ရာ့ကိုး ဆယ်ယူမယ်"

ဟု၍ စားပွဲထိုးကလေးက ... လျက် ကောင်တာနားသို့ကပ်၍ ... ပြောကာ စာရွက်တိုကလေးအား ... လိုက်၏ ကောင်တာမှ လူသည် ... ကျလူထင်မှတ်၍ ဘောင်ချာ ... ချောသေးသေးလေးတွင်ရေး၍ ... မှတ်ထိုးပြီး ကျန်ငွေအား အမ်း... လေ၏။ စားပွဲထိုးကလေးက ... ဝက်ဝက် ယူလာပြီးပေးလိုက် ... ၏။ မောင်အောင်တင့် လွယ်အိတ်... သေသေ ချာချာထည့်ရလေသည်။

ယနေ့ကား ပြန်ရန် အချိန်... သောကြောင့် ထိုဆိုင်မှ ထွက်ခဲ့ရ... တော့၏။

ကံပင်ကောင်း၍လော၊ ကြက်... ဆန်အိုးတိုးလော မသိ။ ညနေဂ... ထွက်ချိန်မောင်အောင်တင့်(၂၀၀)... ဖိုးပေါက်ပြီ။ ညနေ(၅)နာရီခွဲချိန်... လက်ဖက်ရည်ဆိုင်သို့ မောင်အော... တင့် ထွက်ခဲ့လေတော့၏။

"ဝမ်း တီး ကျဆိမ့် လာပြီ"

မကြာမီ လက်ဖက်ရည်တစ်... လာချရင်း သွက်လက်ချက်ချာ... စားပွဲထိုးက မောင်အောင်တင့် ... သို့ကပ်၍· · ·

"ဦးလေး နေ့ခင်းက ထိုး... ပေါက်တယ်လေ မထုတ်သေးဘူး... နှစ်ရာဖိုးလေ ကျွန်တော်ထိုးပေး...

"ဩော်· · ·ဟုတ်လား။ မေ့... မေ့နေတယ်ကွာ။

www.burmeseclassic.com

နေဦးကွ ဘောင်ချာ ရှာကြည့်ဦးမယ်၊ အေးဒီမှာ ဒီမှာ ကဲ့ရော့ သွားထုတ်ကွာ မင်းမုန့်ဖိုးရဖို့ ကြိမ်းသွားပြီ ဟုတ်လား"

"စားပွဲထိုးကလေး ပျော်သွားသည်နဲ့ဘောင်ချာကိုယူ၍ ကောင်တာသို့သွားလျက် တိုးတိုးတိတ်တိတ် ဘောင်ချာပြ အကျိုးအကြောင်းပြောလေ၏။ အစောကတည်းက(၂၀၀)ဖိုး အတွက်ငွေကို ရေတွက်ပြီး အဆင်သင့်သားရောကွင်းဖြင့် စီးလျက်ထားသော ကောင်တာ ထိုင်သမားက စားပွဲထိုးအား သေသေချာချာမေး၍ ပေးလိုက်၏။

စားပွဲထိုးက ငွေကို ခါးတိုအင်္ကျီဖြင့်ခုံလျက်မောင်အောင်တင့်ဆီသို့ ရောက်လာ၏။ မောင်အောင်တင့်အား စားပွဲအောက်ဖက်ကိုကွယ်ကာ၍ပေး၏ မောင်အောင်တင့်အလိုက်သင့်ယူ၍ လွယ်အိတ်တွင်ထည့်ပြီးအသင့်ရှိသော ငါးရာတန်တစ်ရွက်အားစားပွဲထိုးကလေးအား ပေးလျက်ဆိုင်တွင်းမှ ထွက်ခဲ့လေ၏။

*** *** ***

"ဘုတ်"

"ဟ ဘာလဲဟ ဆရာအောင်တင့်မင်းဟာက"

" သြော် အကောင်းဆုံးသက်သေခံအလျှော်ငွေလေစခန်းမှူးရဲ့ နစ်ရာဖိုးပေါက်လို့ လျော်လိုက်တာဗျာ"

"အဲ ဒါထက် အဲဒီဘောင်ချာက"

"မိတ္တူကူးထားတယ်၊ မပေါက်လို့ လွှင့်ပစ်ထားတဲ့ ဘောင်ချာသုံးလေးခုပါ စုထားပြီးသား ကဲ"

"လက်ဖက်ရည်ဆိုင် ရောင်းအားကောင်းတယ်နော်"

"လက်ဖက်ရည်လည်းကောင်းပါတယ်ဗျာ၊ စည်းနဲ့ကမ်းနဲ့ဆိုရင် သူတို့စီးပွားဖြစ်နိုင်ပါတယ်၊ ဒီတရားမဝင်အလုပ်တွေ မလုပ်သင့်ပါဘူး"

"အေးလေ အဲဒါက လောဘလေကွာ လောဘကဲလေ ကောင်းနေသလိုရှိတော့ မြောက်ပြီး ကုသိုလ်မှန်းအကုသိုလ်မှန်း မသိတော့ဘူးကွနော် စိတ်မကောင်းစရာပေါ့ကွာ"

"ဘယ်တတ်နိုင်မလဲ စခန်းမှူးကြီးရယ် တာဝန်က တာဝန် အလုပ်က အလုပ်၊ လူမှုရေးက လူမှုရေးတစ်ကန့်စီရှိနေပါတယ်။အခုင်း ကဲ သွားပါဦးမယ်"

ဟု ဆို၍ မောင်အောင်တင့် စခန်းမှူးအား အလေးပြုလိုက်၏။

"လေးစားပါတယ် ဆရာအောင်တင့် ဆက်လုပ်ပါ"

မောင်အောင်တင့် ထိုင်သောလက်ဖက်ရည်ဆိုင်တွင် နံနက်တစ်ကြိမ် ညနေတစ်ကြိမ် ပုံမှန်အချိန်မှန်ထိုင်နေကျဖြစ်သော ဆံပင်တစ်ခေါင်းလုံးဖွေးနေအောင်ဖြူလျက်ရှိသော ဉပဓိခန့်ခန့်ကျွဲကော်မျက်မှန်ကိုင်းနှင့် ဝဝဒေါင်ကောင်းကောင်း အသက် ၅၀ ကျော်အရွယ်အသားလတ်လတ် လူကြီးတစ်ဦးကား အထက်ပါအခြေအနေအရပ်ရပ်တို့အား အကဲခတ်မိနေသည်။

လူစိမ်းဖြစ်သော ရဲလည်း ဖြစ်ဟန်တူသော မောင်အောင်တင့်အား အကဲခတ်မိပြီးသာပင်ထိုပုဂ္ဂိုလ်ကားလက်ဖက်ရည်သောက်သည်၊လမ်းလည်းလျှောက်သည် ပြီးလျှင် အောင်မြေသာယာဘုရားစေတီတော်ကြီးအား ဖူးမြော်လျက်ပုတီးလည်းစိပ်လေသည်။ လက်ဖက်ရည်ဆိုင်ရှင်ကား ထိုပုဂ္ဂိုလ်အား မည်သို့သဘောထား ခင်မင်လေးစား ကြည်ညိုသည်မသိ နေ့စဉ်နှစ်ကြိမ်သောက်သောလက်ဖက်ရည်ကိုအမြဲလှူသည်။သို့သော်ထိုပုဂ္ဂိုလ်ကလည်း နေ့စဉ်ပိုက်ဆံအမြဲထုတ်ပေးမြဲပင်။ သို့သော် စားပွဲထိုးကပိုက်ဆံမယူ ပြန်လည်ပေးသည်ချည်းသာ။ ထို့ကြောင့်လည်း ထိုပုဂ္ဂိုလ်အတွက် စိတ်ထဲတွင် ကျေးဇူးတစ်ခုကဲ့သို့ ခံစားရလျက် မကြာမီကျရောက်လာတော့မည့် ဆိုးကျိုးအန္တရာယ်အားကာကွယ်လိုစိတ်ရှိ၏။ သို့သော် ရင်းရင်းနှီးနှီးမရှိလှ၊ ရင်းနှီးမှုမရှိ၍ စကားမပြောဖြစ်၊ သတိပေးရာပေးကြောင်း ပြုလုပ်လို၏။ သို့သော် အရာမဟုတ်ဟုလည်း ယူဆမိ၏။ ဆရာသခင်၏ ဆုံးမ စကားနားထဲဝင်လာ၏။

"တပည့်ရေ လောကမှာ ကျေးဇူးရှိလို့ဆိုပြီး ပြန်ဆပ်မယ်ဆိုရင် ကပ်ကမ္ဘာတွေဆုံးသော်မှ ပြီးဆုံးနိုင်မှာမဟုတ်ဘူး၊ အေး မဆပ်လို့ကကွာ မဖြစ်ပြန်ဘူး။ ခင်ပွန်းကြီးဆယ်ပါးထဲပါဝင်လာရင်တော့ ဆပ်ဖြစ်အောင်ဆပ်ပေတော့၊ ဆင်းရဲတဲ့လူ တွေ့တိုင်းလှူဒါန်းနေမယ်ဆိုရင် သူဌေးဖြစ်လည်းမွဲသွားမှာဘဲ အဲဒါပေမယ့် ဒါနဆိုတဲ့တရားကို ပါရမီဆယ်ပါးမှာ ထိပ်ဆုံးက ပြထားတယ်လေ အဲဒီတော့ ဆိုလိုရင်း



www.burmeseclassic.com

www.burmeseclassic.com

အနက်ကို သဘောပေါက်အောင်တွေး ကွဲ" ဟု ဆုံးမခဲ့ဖူးလေ၏။ သတ္တဝါအများမြတ်စွာဘုရားနှင့်တွေ့ဆုံကြရပေမယ့် ကျွတ်ထိုက်သူသာ မြတ်စွာဘုရားက ကယ်မပေးတာဘဲ" ဟု အချုပ်သဘောကိုပေါက်ပြီးသား"

ဤဆိုင်မှသည် အခြားလက်ဘက်ရည်ဆိုင်သို့ပြောင်းမှ တော်ပေမည်ဟု မှတ်ချက်ပြုလျက် အဆိုပါ ဆံပင်ဖြူဖြူနှင့် ဒေါင်ကောင်းကောင်း အင်္ကျီဖြူလည်ကတုံးနှင့် အဆိုပါဖောက်သည်တစ်ဦးကား ထိုနေ့မှစ၍ မောင်အောင်တင့်မတွေ့ရတော့ပေ။ မောင်အောင်တင့် ဤဆိုင်တွင် နေ့စဉ်ဝင်ထွက်လက်ဖက်ရည်သောက် နှစ်ရာဖိုး သုံးရာဖိုးပေါက်ထားဖူးလေပြီ။ လက်ဖက်ရည်ဆိုင်ကား ဘောလုံးပွဲ ပြသရန်ဟု ဆိုလျက် စလောင်းတပ်ဆင်ပြီး ညဖက်ဘောလုံးပွဲများပါ ပြသလျက်ရှိလေတော့၏။

မောင်အောင်တင့် ကား ညဖက်ပါ လက်ဖက်ရည်ဆိုင်သို့ ဘောလုံးပွဲကြည့်ရန် ရောက်လာရလေသည်။

"ဟိတော ပဒေသ" ဆုံးမစာတွင် ဘဝပျက်ကြောင်း အကြောင်းတရား (၄)ပါးရှိလေသည်။ ပထမ အကြောင်းကား ရုပ်ဆင်းအင်္ဂါချောမော လုပတင့်တယ်ခြင်းဖြစ်၏။ သို့ဖြစ်လျှင် ချစ်သူများ၊ ခင်သူများ ဝိုင်းဝိုင်းလည်လာလေပြီ။ ဒုတိယ အကြောင်းရင်းကာ ငွေကြေးဥစ္စာ ပေါကြွယ်ဝခြင်းဖြစ်၏။ အလုပ်အကျွေး အခြွေအရံများ ဝိုင်းဝိုင်းလည်လာမည်ဖြစ်၏။ တတိယ အကြောင်းရင်းကာ အာဏာရှိခြင်းပင်ဖြစ်၏။ သို့ဖြစ်လျှင် အပေါက်အမျိုးမျိုးမှ ဝင်ရောက်ဆည်းကပ်စားလျက် လူမျိုးစုံတွေ့ရပေတော့မည်။

စတုတ္ထ အကြောင်းရင်းကာ မှန်မမှန် မဆုံးဖြတ်တတ်သော ဉာဉ်ကို ပိုင်ဆိုင်သော သူများပင်အလျှင် ဦးအောင် ပြောကြားသူကို ယုံကြည်တတ်၏။ ထို့ကြောင့် မှားသင့်သည်များ မှားလျက် ဘဝပျက်တတ်ပေသည်။

ယခုလက်ဖက်ရည်ဆိုင် ပိုင်ရှင်အား တစ်စုံတစ်ယောက်၏ ဦးစီးညွှန်ကြားမှုနှင့် နှစ်လုံးသုံးလုံးရောင်းခြင်း ဘောလုံးပွဲလောင်းကစားခြင်း၊ဒိုင်ပြုလုပ်ခြင်းများကို တိတ်တဆိတ်မှသည် ပြောင်ကျကျ အနေအထားနီးပါး လုပ်ကိုင်လာလေတော့ပြီ။ ထို့ကြောင့် ငွေကြေးအင်အားစုမိဆောင်းမိလာ လေတော့၏။

တစ်နေ့ နေ့လည် ထိုလက်ဖက်ရည်ဆိုင်ရှေ့သို့ ဒတ်ဆန်းကားတစ်စီး ရပ်လာသည် လူကအပြည့် အသေအချာကြည့်လျှင် ဤရပ်ကွက်ဥက္ကဋ္ဌနှင့် ဆယ်အိမ်မှူးများဖြစ်သည်၊ ရာအိမ်မှူးအဆင့်ရှိသူက ကားပေါ်မှဆင်းလာလျက် ကောင်တာထိုင် ဆိုင်ရှင်အား စကားတီးတိုးပြောလိုက်သည် ခဏအကြာ ဆိုင်ရှင်ကောင်တာမှဆင်း၍ ကားပေါ်တက်သွားကြပြီး ဆက်လက်မောင်း၍ ထွက်ခွာသွားသည်။

*** *** ***

တစ်လခန့် အကြာတွင် လက်ဖက်ရည်ဆိုင်ရှင်ကား နှစ်လုံးသုံးလုံးလောင်းကစားပုဒ်မနှင့် ထောင်ကျသွားလေတော့၏။နှစ်လခန့်အကြာတွင် ထိုလက်ဖက်ရည်ဆိုင်၌ အခြားဆိုင်ရှင် တစ်ဦး ဆိုင်နာမည်တစ်ခုနှင့် ပြောင်းလဲတပ်ဆင်လျက် ရောင်းချနေသည်ကိုလည်း ကောင်းအသုပ်၊ မုန့်ဟင်းခါး၊ ထမင်းကြော်စသည့် တစ်မိသားစုလုံးချွေး တစ်လုံးလုံးနှင့် လွန်စွာရောင်း၍ ကောင်းလှကြောင်း၊ ဆံပင်ဖြူဖြူနှင့် လူကြီးက တွေ့မြင်နေရပေတော့၏။

ပြီးခဲ့သော ဆိုင်ရှင် အဖမ်းခံရပြီးနောက်တွင် လက်ဖက်ရည် အမြဲလာသောက်သော လွယ်အိတ်တစ်လုံးနှင့် အင်္ကျီဖြူလည်ကတုံးနှင့် လူရွယ်အား ဆံပင်ဖြူကြီးသည် ယနေ့ထိ မတွေ့ရတော့ကြောင်း အမှတ်ပြုမိလေတော့၏။

ယခင်စဉ်က ဖခင်ကြီးပြောဖူးသော စကားအား ဆံပင်ဖြူဖြူလူကြီး ကြားယောင်မိလေတော့၏။ "ငါ့သား အစိုးရမင်းများနဲ့ ဥပဒေ မလွတ်ကင်းတာ ဘာမှမလုပ်မိစေနဲ့ကွ အဲဒါဆို မင်းတစ်သက်လုံး အေးချမ်းပြီ အဲ တစ်ခုခု အပြစ်သင့်ပြီဆိုရင်တော့ ငရဲပြည်ဆိုတာ သေမှရောက်တာ မဟုတ်ဖူးဆိုတာ မသေခင်တွေ့သွား လိမ့်မယ်ကွ" ဟု၍ နားထဲတွင် ပဲ့တင်ထပ်လျက် ကြားယောင် နေပါတော့ သတည်း။

မှတ်ချက်။ ထောင်ကြီးရုံခန်းမှ(　　)နေ့ ကွယ်လွန်သွားသော တပ်ကြပ်ကြီး အောင်တင်အား ဂုဏ်ပြုလျက်... (စာရေးသူ)

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ

ဆန်းဝင်း [အောင်မြေ]



www.burmeseclassic.com

www.burmeseclassic.com



# ပေါ့ပေါ့နေ ပေါ့ပေါ့စားကြသူများ

## ဝေအီကို

'ဓောင်ကျော်မျိုး'. . ဆိုတဲ့ အကောင်က ဘယ်သောအခါမှ ဇာတ်ကြောင်းတင်းတင်း လုပ်မယ်ကိုင် ယ်မရှိဘူး။ ဟိုနား လတ်လျားလတ် လျား၊ သည်နား လတ်လျားလတ် လျားနဲ့၊ လွှတ်ပေါက်ကရ လုပ်လေ့ ထုပ်ထရှိသနော့။ ပြောမယ်ဆို သင်း က ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားထဲကပဲ လေ။

ဘာထူးမှာလဲ။ စိုးသူလည်း သည်နည်းကား။ အားအားရှိ ဂိမ်း အချိန်ပြည့်ထိုင်ပြီး မှန်ပွတ်ဖုန်းတစ် လုံးနဲ့ ပွတ်ပွတ်နေတတ်တာဆိုတော့ သူတလည်း ပေါ့ပေါ့နေ ပေါ့ပေါ့စား ပဲဥစ္စာ နော့။

မေဖြူတို့၊ ခိုင်ချိုတို့ အသိုက်ကို ကြည့်ဦးမလား။ သန်းမတုပ်နိုင်တော့ အတင်းတုပ်နေတာပဲလေ။ မည်မည် ရရ နင်ပဲငဆလုပ်ရတာ မရှိကြဘူး ဆိုတော့လည်း ပေါ့ပေါ့နေ ပေါ့ပေါ့ စား အုပ်စု။

ဒါတွေကိုကြည့် သိမြင်တွေ့ရ တော့ ဇက်ကြောထဲမယ် စစ်ခနဲ စစ် ခနဲဆိုသလို ထိုးထိုးတက်လာရော။ နေပြင်းပြီဆိုတာနဲ့ နားထင်ကြော တွေက ထောင်တက်လာပြီး သွေး လေးကာ လူက ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်လာသမို့ ဘာများစားမိလည်း တွေးကြည့်တော့ တရားခံက အုန်း နို့ခေါက်ဆွဲ အာတွေ့တာနဲ့ နှစ်ပွဲဆင့် စားခဲ့မိတယ်မှတ်ရဲ့။

ရှုံးဆင်းလို့သာ သွားတယ်။ မလန်းဘူး။ မူးဝေရီတွေနေတော့တာ မို့ ပြနေကျ ဒေါက်တာ့ပွေးဆီရောက် လို့ သွေးပေါင်ချိန်တဲ့အခါ ကျတာ တဲ့။ သွေးပေါင်ချိန်က ၁၅၀၊ ၁၁၀ တဲ့။ ကောင်းရော . . .။

ဒေါက်တာပွေးတပြောတယ်။

"အာစရိ ပေါ့ပေါ့နေ ပေါ့ပေါ့ စား"တဲ့။

"ဘာပြောတယ် ဒေါက်တာ"

"ဟုတ်တယ်လေ အာစရိက သွေးတိုးနေတာလေ။ အငန်လျော့ ပြီး ပေါ့ပေါ့အစာတို စားပါ။ စိတ်ကို လည်း တိုတွေးသည်တွေးနဲ့ စိတ် ဆင်းရဲစရာတွေ မစဉ်းစားနဲ့၊ ပေါ့ ပေါ့ပါးပါးနေပါ။ ဒါမှ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားမှ သွေးမတိုးမှာလေ"တဲ့။

ဝေအီကို

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မျက်နှာချော တစ္ဆေမ

ဇော်မော်လင်း

## အခန်း(၁)

မော်ဘီလေတပ်စခန်းဝန်းကျင် ရွာသိမ်လေးများတွင် မျက်နှာချောမဆိုသူလေး ရှိသည်။ မျက်နှာချောမဆို၍ အထင်မကြီးလိုက်ပါနှင့်။ တစ္ဆေသရဲမ ဆစ်ကောင်သာ ဖြစ်သည်။

သူမကို ကျွန်တော်တို့တပ်မှ Air Man ဘော်တွေက Miss Plane Face ဟု ကဗျာဆန်ဆန် ဘိုသံပါပါ နာမည်လှလှ ...သး ပေးထားသည်။ ဘာ့ကြောင့်ဆိုသော် သူမတွင် မျက်နှာပါရှိသော်လည်း မျက်လုံး၊ မျက်ခုံး၊ နှာတံနှင့် နှုတ်ခမ်းအစုံ မပါရှိသောကြောင့် ဖြစ်သည်။

သို့သော် သူမတွင် မျက်နှာပြင် ပြောင်သလင်းခါနေသော်လည်း ကိုယ်ဟန်ကြော့ရှင်း၍ ရှည်လျားနက်မှောင်သော ဆံပင်ကို ပိုင်ဆိုင်ထားသူလေး ဖြစ်သည်။ ထို့ကြောင့်လားမသိ၊ ရွာနီးချုပ်စပ်မှ ရွာသူရွာသားများကလည်း မျက်နှာချောမလေးဟု တင်စားခေါ်ဝေါ်ကြသည်။

ဤသို့ ခေါ်ဆိုကြသော်လည်း ရွာသူရွာသားများသည် သူမအား ကြောက်ရွံ့သည်က အမှန်ဖြစ်သည်။ သူမသည် ဆည်းဆာပြည့်လကွယ်ညဉ့်များတွင် ရွာဝင်ရွာထွက် မြေနီလမ်းများနှင့် တပ်အဝင်မြေနီလမ်းတို့တွင် ဆံပင်ဖားလျားချလျက် လမ်းသလားနေတတ်သည်။ ဤသို့ လမ်းသလားသည်ကို အချို့က ချစ်သူကို လိုက်ရှာနေသည်ဟု ဆိုသည်။ အချို့က ရန်သူကို လက်စားချေရန်ဟု ဆိုသည်။ အမှန်တော့ မည်သူမျှ ရေရေရာရာမသိပါ။

သို့သော် ထိုမျက်နှာတစ္ဆေမနှင့် ပက်ပင်းတိုးခဲ့သော Air Man နှစ်ယောက်ရှိသည်။ အပတ်စဉ် ၂/၇၆ RAOA မှ CPL အောင်မျိုးနှင့် M.T မော်တော်ယာဉ်မှ L.A.C မင်းနိုင်တို့ ဖြစ်ကြပါတော့သည်။

× × ×

## အခန်း(၁)

### လေတပ်က ဆရာကြီး

M.T. မော်တော်ယာဉ်မှ L.A.C မင်းနိုင်သည် Living-Out ဗဟိုပြင်နေ ရဲဘော်များအား မြို့တွင်းသို့ သိုက်ပို့ပြီး မော်ဘီတပ်စခန်းသို့ ပြန်လာခဲ့သည်။ ရှစ်မိုင်လမ်းဆုံသို့ ရောက်လျှင် ညဉ့် ၁၀ နာရီကျော်နေပြီ ဖြစ်သည်။ ထို့ကြောင့် တရုတ်ကြီးအရှပ်၏ အရက်ဆိုင်တွင် အရက်ဝင်သောက်သည်။

အရှပ်သည် ဆိုင်တွင်းသို့ မင်းနိုင်ဝင်လာသည်ကိုတွေ့လျှင် တအံ့တဩလေးအား လှမ်းအော်ပြောသည်။

"လေတပ်ကဆရာကီး လာတယ်။ ထုံးစံအတိုင်း..."

အရှပ်၏ ထုံးစံအတိုင်းဆိုသည် သူ၏ သုံးနေကျစကားမှ စကားဝှက်ဖြစ်သည်။ အစားအသောက်မှာလျှင် အသားလှော်ထည့်ရန်နှင့် အရက်မှာလျှင် ပက်ခြင်းနိုးရန် ဖြစ်သည်။ မင်းနိုင်သည် ထိုစကားဝှက်ကို အစက မသိခဲ့ပါ။ သို့သော် သူထက် စီနီယာများက ဘာသာပြန်ပေးထားသောကြောင့် ယခု နားကျနေပြီ ဖြစ်သည်။

"ဘာစားမလဲ လေတပ်ကဆရာကီး"

"ခေါက်ဆွဲကြော်"

"ဘာနဲ့လဲ၊ ကြက်သားလား၊ ဝက်သားလား၊ ဘဲသားလား"

"ဝက်သား"

ထိုအခါ အရှပ်က နောက်ဘက်မှ စားပိုမှူးကို လှမ်းအော်ပြောသည်။

"လေတပ်ကဆရာကီးကို ဝက်သားနဲ့ ခေါက်ဆွဲကြော်၊ ထုံးစံအတိုင်း တစ်ပွဲ"

သို့သော် မင်းနိုင်သည် မသိကျိုးကျွံပြုလျက် ရမ်သုံးပက်မှာလိုက်သည်။

"Rum Three"

"ဟော့...လေတပ်ကဆရာကီး

www.burmeseclassic.com

ကို ရမ်သုံးပက်၊ ထုံးစံအတိုင်း"

"ထုံးစံအတိုင်း ဝက်သားကိုလည်း လျှော့ထည့်မယ်၊ ခေါက်ဆွဲကိုလည်း နှုတ်မယ်၊ အရက်ကိုလည်း ပက်ခြင်နိုး မယ်ဆိုရင် ကျွန်တော်လည်း မစားတော့ဘူး။ သောက်လည်းမသောက်တော့ဘူး။ တပ်ရောက်မှပဲ ကြည့်ရှင်းတော့မယ်"

မင်းနိုင်စကားကိုကြားလျှင် အရှုပ်သည် ကောင်တာမှထ၍ မင်းနိုင်လက်ကိုဆွဲထားပြီး ပြောသည်။

"တောင်းပန်ပါတယ် လေတပ်က ဆရာကီးရယ်။ နောက်ကို ထုံးစံအတိုင်း မလုပ်တော့ပါဘူး။ ကျွန်တော့်ဆိုင်ကို အားပေးပါ။ နောက်ကို ထုံးစံအတိုင်း မလုပ်တော့ပါဘူးလို့ လေတပ်ကဆရာကီးတွေကိုလည်း ပြောပေးပါ"

ဟုဆိုပြီး မင်းနိုင်ကို စားပွဲဝိုင်းတွင် တရိုတသေ ထိုင်ခိုင်းသည်။

သည့်နောက်ခတော့ မင်းနိုင်သည် အရက်ကို ခပ်သွက်သွက်သောက်သလို၊ ခေါက်ဆွဲကြော်ကိုလည်း ခပ်မြန်မြန်စားပြီး ဆိုင်ထဲမှ ထွက်ခဲ့ပါတော့သည်။

× × ×

## အခန်း(၃)

## နင်က သရဲမ

လကွယ်ညဥ့်မို့ အာကာတစ်ခွင်တွင် ကြယ်ပွင့်များ ကင်းနေသည်။

မင်းနိုင်သည် မိုးစက်လေးများ ကျလာသောကြောင့် တပ်အဝင် မြေနီလမ်းသို့ ရောက်လျှင် ရှေ့မီး၊ နောက်မီးများကို ဖွင့်ပြီး မောင်းဝင်ခဲ့သည်။

မြေနီလမ်း၏ တစ်ဖက်တစ်ချက်ရှိ ချုံတောများမှ ယုန်ညိုညိုလေးများ ထွက်လာသည်ကို ကားမီးရောင်အောက်တွင် မြင်နေရသည်။ ယုန်သားကြိုက်သော သူ၏ဆရာ FIT/SGT တင်ဦးအတွက် ကားနှင့် ဝင်ကြိတ်၍ ကောက်ယူရန် စိတ်ကူးမိသေးသည်။ ဤလို မိုးနှောင်းရာသီတွင် ချုံတောမှ ထွက်လာသော ယုန်ညို၊ ယုန်ကျားလေးများကို ကားနှင့် ဝင်တိုး၍ ကောက်ယူခဲ့သည်မှာ အကောင်မနည်းတော့ပါ။ ထိုမှ လူပြောသူပြောများသော မျက်နှာချောမလေးထံ သူ့စိတ်က ရောက်သွားသည်။

သူမသည် အခုလို လကွယ်ညဥ့်မျိုးတွင် မြေနီလမ်းပေါ်၌ ချစ်သူကို ရှာဖွေတတ်သလို ရန်သူကို လက်စားချေရန်လည်း ရှာဖွေတတ်သည်ဟုဆိုသော စကားများကို သူကြားထားသည်။ အို . . .ဘာပဲဖြစ်ဖြစ် အခုလို မိုးဖွဲဖွဲညဥ့်မျိုးတွင် မျက်နှာချောမလေးနှင့် တွေ့ရလျှင် ဇိမ်ပဲဟု တွက်မိသည်။

အမှန်တော့ မင်းနိုင်သည် မည်သည့်အခါမှ ဤလိုစိတ်ကူးရဲရဲကို ကူးဝံ့သူမဟုတ်။ ယခု အာလေးစွပ်လာသည်မို့ "ချစ်လိုက်တာ ချောလေးရယ်၊ သိပ်သိပ်ချစ်၊ အရမ်းချစ်"ဟု နှုတ်မှပင်ထွက်သွားသည်။

ထိုစဉ် . . .

ကားရှေ့မီးရောင်အောက်တွင် မျက်နှာချောမလေး ဘွားခနဲပေါ်လာသည်။ သူမသည် ဆံပင်ဖားလျားချလျက် ကားမီးရောင်အောက်တွင် ကားရှေ့မှ ကျောပေးလျှောက်နေသည်ကို တွေ့လိုက်ရသည်။

"ဟိုက် . . ."

လက်တွေ့တွင် မင်းနိုင် တွန့်သွားသည်။ ချစ်ပါတယ်ဆိုတဲ့ စကားတွေ ဘယ်ရောက်ကုန်သည်မသိ။ သောက်လာသည့်အရက်လည်း ပျောက်သွားသည်။ ကြောက်စိတ်ဝင်လာသောကြောင့် မျက်နှာချောမကို နောက်မှ ကားနှင့်ဝင်တိုက်ရန်ဆုံးဖြတ်လိုက်သည်။

မဖြစ်သေး။ တခြေမဟုတ်ဘဲ လူဖြစ်နေလျှင် ပြဿနာတက်နိုင်သည်။ တကယ်တော့ အခုလို ညဥ့်အချိန်မတော်တွင် တပ်မိသားစုဝင်တစ်ယောက်သည် မည်သည့်အကြောင်းနှင့်မှ တစ်ကိုယ်ထီးတည်း လမ်းသလားစရာအကြောင်းမရှိပါ။ မင်းနိုင်သည် မျက်နှာချောမအား နောက်မှ ကားနှင့် ဝင်တိုက်ရန် ဆုံးဖြတ်လိုက်သည်။

"ဝုန်း"

မျက်နှာချောမ ပျောက်သွားသည်။ မင်းနိုင်သည် ကားကိုရပ်ပြီး အရဲစွန့်၍ မျက်နှာချောမကို ရှာလိုက်သည်။

"ဟီး . . ဟီး . . . ဟီး"

တစ်ဖက်မှ မျက်နှာချောမရယ်သံ ပေါ်လာသည်။ သူမသည် ရှည်လျားနက်မှောင်သော ဆံပင်ကြီးကို ခါလိုက်သောကြောင့် လေတွင်ပျံဝဲသွားသည်။

"ဝိုး . . . ဝိုး"

"ဟီး . . ဟီး . . . ဟီး"

ပါးစပ်ပေါက် မရှိသော်လည်း တဟီးဟီးရယ်သံပေးလျက် ကားထဲဆီသို့ ချဉ်းကပ်လာသည်။

"Miss Plane Face"

မင်းနိုင် လန့်ပြီးအော်လိုက်သည်။

"ဟီး . . ဟီး . . . ဟီး"

မျက်နှာချောမ ကားတံခါးကို ဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဝုန်း"

ကားတံခါး ပွင့်သွားသည်။

အတွင်းသို့ဝင်ရန် မျက်နှာချောမ ကြိုးစားသည်။

"ဟီး...ဟီး...ဟီး"

"မဝင်နဲ့၊ မဝင်နဲ့"

ဟု ဆိုပြီး ကားတံခါးကို မင်းနိုင် မြန်ပိတ်သည်။

"ဝုန်း"

"ဟီး...ဟီး...ဟီး"ဆိုပြီး မျက်နှာချောမသည် သူ၏မျက်နှာပြောင်ကြီးကို ကားပြတင်းပေါက်မှ ပြသည်။

"နင့်ကို မချစ်ဘူး၊ နင့်ကိုချစ်တယ်ဆိုတာ ငါအရက်မူးလို့ပြောတာ။ သွား၊ သွား...ကားပေါ်မတက်နဲ့"

"ဟီး...ဟီး...ဟီး"

"ဝိုး...ဝိုး"

မျက်နှာချောမ ရယ်သံပြုလျက် ခေါင်းယမ်းလိုက်သည်။ လေထဲတွင် ဝဲပျံနေသော ဆံပင်များသည် ပိတုန်းများပျံသကဲ့သို့ တဝိုးဝိုးနှင့် အသံထွက်လျက် ရှိသည်။

"အခု ငါအရက်မူးပြေသွားပြီ၊ နင့်ကို မချစ်ဘူး၊ နင်ကသရဲမ၊ ငါကလူ"

ဟု ပြောပြောဆိုဆို မင်းနိုင်သည် စက်ကုန်ဖွင့်လျက် ကားကိုမောင်းပြေးပါတော့သည်။

× × ×

## အခန်း(၄)
## ချစ်ပါတယ် မျက်နှာချောမလေးရယ်

L.A.C. မင်းနိုင်သည် မျက်နှာချောမကို ကြောက်၍ထွက်ပြေးခဲ့သော်လည်း အဆောင်သို့ပြန်ရောက်လျှင် ကျန်ရဲဘော်များအား မျက်နှာချောမကို ချစ်ရေးဆိုခဲ့ကြောင်း ဝှံကြွားပြောဆိုသည်။

ထိုအခါ Air Frame မှ L.A.C. ဂျပုကျော်မြင့်က မင်းနိုင်သည် လူချောတစ်ယောက်ဖြစ်ကြောင်း၊ သူကဲ့သို့ လူပုတစ်ယောက်ဖြစ်လျှင် မျက်နှာချောမသည် လက်ခံမှာမဟုတ်ကြောင်း ပင့်လိုက်သောကြောင့် မင်းနိုင်မှာ လက်မတထောင်ထောင် ဖြစ်နေသည်။

မင်းနိုင်အကြောင်းကို သိထားသော ကျန်လူများကလည်း မြှောက်ပင့်ပြောဆိုသောကြောင့် မင်းနိုင်မှာ သွားတဖြီးဖြီးနှင့် မနေခွေ့လျက်ရှိသည်။

ထိုစဉ် အဆောင်မှူး CPL မောင်မောင် ရောက်လာပြီး မျက်နှာချောမသည် သူအလိုသို့မလိုက်လျှင် ကုပ်ချိုးစားကြောင်း ခပ်တည်တည်နှင့် ဖိန့်လိုက်သည်။ ထိုအခါ မင်းနိုင်သည် အနီးရှိ သူ၏ ခုတင်ပေါ် ပြေးတက်၍ "ချစ်ပါတယ် မျက်နှာချောမလေးရယ်၊ ချစ်ပါတယ်"ဟု တုန်တုန်ယင်ယင်နှင့်ပြောပြီး စစ်စောင်ကြီးကို လုံအောင်ခေါင်းမြီးခြုံလျက် ညည်းညူနေတော့သည်။

ဤတွင် အဆောင်မှူး မောင်မောင်လှသည် Light Off ခေါ် အဆောင်မီးကို ငြိမ်းလိုက်ပါတော့သည်။

× × ×

## အခန်း(၅)
## သက်ကြီးတက္ကသိုလ်ကျောင်းသား စစ်သား

အပတ်စဉ် ၂/၇၆ ရေဒါမှ CPL အောင်မျိုးသည် တာဝန်တစ်ဖက်ဖြင့် သက်ကြီးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိထားသူ ဖြစ်သည်။

တစ်ည၌ အောင်မျိုးသည် Lecture ပြီးဆုံးသည့်အတွက် ရန်ကုန်တက္ကသိုလ်(ရာမည)ဆောင်မှ မော်ဘီတပ်စခန်းသို့ ဘတ်စ်ကားစီးပြီး ပြန်လာခဲ့သည်။ ကိုးလောင်းကွေ့သို့ ရောက်လျှင် ကားဘီးပေါက်သွားသောကြောင့် နောက်ကားပြောင်းစီးရသည်။

ကိုးလောင်းကွေ့ဆိုသည်မှာ ထိုနေရာတွင်ရှိသော ကုက္ကိုပင်ကြီးနှင့် ဒေါ်ဂျစ်ကားတိုက်မိ၍ ကားပေါ်တွင်စီးလာသော ယောက်ျား၊ မိန်းမ ကိုးယောက် ပွဲချင်းပြီး သေဆုံးသောကြောင့် ကိုးလောင်းကွေ့ဟု အမည်တွင်ခြင်းဖြစ်သည်။ အခုလို ညဉ့်အချိန် ကိုးလောင်းကွေ့တွင် ကားဘီးပေါက်သည်မှာ နိမိတ်မကောင်းဟု ဆိုကြသည်။ အောင်မျိုးသည် စစ်သားပီပီ ထိုအယူအဆကို လက်မခံပါ။

ထိုစဉ် နောက်ကားပေါ်လာသည့်အတွက် အောင်မျိုးသည် ကားနောက်ကို ခိုလျက် လိုက်ပါခဲ့ပါတော့သည်။

× × ×

## အခန်း(၆)
## Dry-Day

CPL အောင်မျိုးသည် လေယာဉ်နစ်ကောင်သို့ရောက်လျှင် ကားပေါ်မှ ဆင်း၍ တပ်တွင်းသို့ဝင်ခဲ့သည်။ လေယာဉ်နစ်ကောင်မှ Main Gate တပ်ဝသို့ ရောက်ရှိရန် တစ်မိုင်သာသာခန့် လျှောက်ရမည်။ ထိုကြောင့် သူအဝင်



www.burmeseclassic.com

www.burmeseclassic.com

ကားကြုံစောင့်ရန် စိတ်ကူးရသည်။

သို့သော် ယနေ့ Dry-Day ယာဉ်ကန့်သတ်ရက်။ အကယ်၍ ကားကြုံစောင့်လျှင် နံနက်သာလင်းသွားမည်။ တပ်ထဲဝင်မည့်ကား မရှိ။ နံနက် ၇ နာရီတွင် Duty ဝင်ရဦးမည်။

ထို့ကြောင့် အောင်မျိုးသည် မြေနီလမ်းလေးအတိုင်း လမ်းလျှောက်ဝင်ခဲ့ပါတော့သည်။

× × ×

## အခန်း(၇)

## သရဲမလည်း အသည်းနှင့်ပါ

လကွယ်ညဉ့်မို့ ကောင်းကင်တွင် ကြယ်ပွင့်များ ပျောက်နေသည်။ မိုးသက်လေများ ခပ်ကြမ်းကြမ်းတိုက်နေ၏။

မြေနီလမ်း၏ ဝဲယာရှိ ချုံတောများ ယိမ်းထိုးနေသည်။ ရုတ်တရက်ကြည့်လျှင် ချုံတောလေးများသည် တစ္ဆေသရဲတို့ ကခုန်နေကြသည်နှင့် တူသည်။ ထိုမှ CIL အောင်မျိုးသည် မျက်နှာချောတစ္ဆေမထံ စိတ်ရောက်သွားသည်။

မျက်နှာချောမသည် လပြည့်လကွယ် ညဉ့်များတွင် မြေနီလမ်းလေးတွင် လမ်းသလားတတ်သည်။ ဤသို့ လမ်းသလားသည်မှာ လူပျိုချော ကိုလူချောများကို ရှာသည်ဟု G.R.S (Groung Radio Station) မြေပြင်ဆက်သွယ်ရေးမှ ရဲဘော်အချို့က ဆိုထားသောကြောင့် အောင်မျိုးသည် သေသပ်စွာဖြီးထားသော သူ၏ခေါင်းမှဆံပင်များကို ဖွလိုက်သည်။

"အူး..."

တပ်ဦးရွာမှ ခွေးအူသံ ကြားရသည်။ တပ်ဦးရွာဆိုသော်လည်း အိမ်ခြေ ခုနစ်လုံးမပြည့်ပါ။ မျက်နှာချောမသည် တပ်ဦးရွာမှ ကိုလူချောများကို လိုက်ရှာနေသည်လား။ ဤသို့မဟုတ်လျှင် ရန်သူကို လက်စားချေရန် လိုက်ရှာနေသည်လား။ အောင်မျိုးသည် ဘာရယ်မသိ၊ လွယ်ထားသော လွယ်အိတ်လေးကို ပခုံးပြောင်းလွယ်၍ ရှေ့ဆက်ခဲ့သည်။

"အူး..."

ခွေးအူသံများ ပေါ်လာပြန်သည်။ ဤတစ်ကြိမ်တွင် ခွေးအူသံသည် တပ်ဦးရွာမှ မဟုတ်။ တစ်ဖက်အဝေးရှိ ဂျပန်ကင်ပေတိုင်ရုံးဟောင်းကြီးမှ ဖြစ်သည်။ ကုန်းမြင့်ပေါ်တွင်ရှိသောကြောင့် လူသတ်ကုန်းဟု အမည်ဆိုးနှင့် ကျော်ကြားခဲ့သော ဂျပန်ကင်ပေတိုင်ရုံးကြီးသည် ယခု ထင်ထင်ရှားရှားမရှိသော်လည်း အမည်ဆိုးကြောင့် လူသတ်ကုန်းဟု ခေါ်ဆိုဆဲဖြစ်သည်။ နှစ်ပေါင်း ၃၀ ကျော်ခဲ့သော်လည်း အမည်မပျောက်သေး။ မျက်နှာချောမသည် ထိုစဉ်ကပင် ရှိခဲ့သည်လား။ အကယ်၍ မျက်နှာချောမသည် ထိုစဉ်ကပင် ရှိခဲ့လျှင် ယခုအခါ အသက်သုံးဆယ်ကျော်ပြီ ဖြစ်သည်။ အောင်မျိုးနှင့်ဆိုလျှင် အသက်ဆယ်နှစ်ကြီးသည်။ အပျိုကြီးမ။ မျက်နှာချောမသည် ထိုစဉ်အတွင်း ရည်းစားဘယ်နှဦးထားခဲ့ပြီးပြီလဲ၊ သို့မဟုတ် ရန်သူ ဘယ်နှဦးကို လက်စားချေပြီးပြီလဲ။ အောင်မျိုးသည် မဆီမဆိုင်အတွေးများနှင့် ချုံတောများကို ဖြတ်ကျော်ခဲ့သည်။

"အူး..."

ရှေ့ကွေ့ရှိ ချုံတောဆီမှ ခွေးအူသံ ပေါ်လာသည်။ ဆွဲဆွဲငင်ငင် သံရှည်ပြု၍ အူသည့်အသံကြောင့် အောင်မျိုး ခေါင်းကြီးသွားသည်။ ခွေးများသည် ညဉ့်အချိန်တွင် မကောင်းဆိုးဝါးများနှင့်တိုးလျှင် သံရှည်ပြု၍ အူတတ်ကြောင်း အောင်မျိုးသိထားသောကြောင့်ဖြစ်သည်။

ဤတွင်...အသင့်ပါလာသော ဆေးပေါ့လိပ်ကို ထုတ်၍ မီးညှိလိုက်သည်။ အကြောင်းဆိုသော် မျက်နှာချောမနှင့်တိုးလျှင် သူမ၏မျက်နှာပြောင်ကြီးကို ဆေးလိပ်မီးနှင့် ထိုးရန်ဖြစ်သည်။

ရှေ့ရှိ ချုံတောအချိုးကို ဖြတ်ရ ဦးမည်။ ဘယ်အချိန်၊ ဘယ်ချုံတော ဘယ်နေရာက မျက်နှာချောမ ထွက်လာမလဲ။ အောင်မျိုး မခန့်မှန်းတတ် သည်တော့ ဆေးပေါ့လိပ်ကို မီးရဲအောင် ဖွာပြီး ရှေ့ဆက်ခဲ့သည်။

ချုံတောများလွန်လျှင် G.R.S. သွားရန် ခြေနင်းလမ်းခွဲလေးသို့ ရောက် သည်။ ထိုလမ်းခွဲသို့ ရောက်လျှင် Main Gate နှင့် မဝေးတော့။ တစ်ခေါ်လောက် သာရှိသည်။ မျက်နှာချောမကို မှ မလိုတော့ပါ။

သို့သော်...

ခြေနင်းလမ်းခွဲလေးသို့ ရောက် လျှင် ကြက်သီးထလျက် အောင်မျိုး ခေါင်းကြီးသွားသည်။ အောင်မျိုးသည် ဆေးပေါ့လိပ်ကို ဆက်တိုက်ဖွာလျက် ခြေနင်းလမ်းလေးရှိ အုတ်ခုံလေး လှမ်းကြည့်လိုက်သည်။

အုတ်ခုံဖြူဖြူတွင် ရဲဘော် ယောက် ခေါင်းငုံ့ထိုင်နေသည်ကို



www.burmeseclassic.com

www.burmeseclassic.com

ရသောကြောင့် အောင်မျိုး စိတ်သက်သာရာ ရသွားသည်။ ထိုရဲဘော်သည် တပ်ပြင်သို့ ခိုးထွက်ရန် အခြားရဲဘော်ကို စောင့်နေဟန်ရှိသည်။ ထို့ကြောင့် အောင်မျိုးသည် ထိုရဲဘော်ထံ သွားလိုက်သည်။

ထိုရဲဘော်သည် ခေါင်းငုံ့ထိုင်နေရာမှ အောင်မျိုး သူ့အနီးသို့ရောက်လျှင် ခေါင်းမော့လိုက်သည်။

"Oh. Miss Plane Face"

အောင်မျိုး လန့်အော်လိုက်သည်။

သူမနှင့်တွေ့လျှင် သူမ၏ မျက်နှာပြင်အား ထိုးရန်အသင့်ပြင်လာသော ဆေးပေါ့လိပ် လက်မှလွတ်ကျသွားသည်။

"ဟီး...ဟီး...ဟီး"

ပါးစပ်ပေါက် မရှိသော်လည်း တဟီးဟီးအသံပြုလျက် ထရပ်သည်။ လက်နှစ်ဖက်ဆန့်တန်းပြီး အောင်မျိုးထံလာသည်။

အောင်မျိုးသည် လွယ်ထားသော စစ်လွယ်အိတ်ကို လက်ပြောင်းကိုင်လိုက်သည်။ မျက်နှာချောမ နောက်မဆုတ်ပါ။ လက်နှစ်ဖက်ကို ဆန့်တန်းလျက် တဟီးဟီးနှင့် အောင်မျိုးထံ ချဉ်းကပ်လာသည်။ လွယ်အိတ်နှင့်ရိုက်ရန် နောက်သို့ အောင်မျိုးဆုတ်လိုက်သည်။

ထိုစဉ်...

မျက်နှာချောမ ရှေ့တိုး၊ အောင်မျိုး နောက်ဆုတ်နှင့် Main Gate အနီးသို့ ရောက်လာသည်။ ထိုစဉ်...

"ဝုန်း..."

နောက်မှ ကမူနှင့် တိုက်မိသောကြောင့် အောင်မျိုး နောက်လန်ကျသည်။

"ဟီး...ဟီး...ဟီး"

မျက်နှာချောမ အကြိုက်တွေ့သွားသည်။ မျက်နှာချောမသည် လဲကျနေသော အောင်မျိုးအား ဝင်ရောက်မွေ့ဖက်ပြီး သူမ၏ ပြောင်သလင်းခါနေသော မျက်နှာပြင်ကြီးဖြင့် ပွတ်တိုက်နမ်းရှုပ်သည်။

"အား..."

ရေခဲတုံးဖြင့် ပွတ်တိုက်သကဲ့သို့ ခံစားရသောကြောင့် အောင်မျိုးထံမှ အသံထွက်သွားသည်။

"ဟီး...ဟီး...ဟီး"

မျက်နှာချောမက ခပ်ကြမ်းကြမ်းပွတ်တိုက်သောကြောင့် အောင်မျိုး အလူးအလဲခံနေရသည်။

"ကျား..."

"ဗုန်း"

အောင်မျိုးသည် ညာသံပေးပြီး မျက်နှာချောမကို အောက်မှ ခြေစုံပစ်၍ စောင့်ကန်လိုက်သည်။

"အင့်..."

မျက်နှာချောမ ညည်းညူသံနှင့်အတူ နောက်သို့ကျသွားသည်။ အောင်မျိုး လူးလဲထပြီး မျက်နှာချောမကို ရင်ဆိုင်ရန် စစ်လွယ်အိတ်ကို အသင့်ပြင်လိုက်သည်။

မျက်နှာချောမသည် ချစ်သူကိုတွေ့သည့်အလား ခေါင်းလေးကို ခါယမ်းလိုက်သောကြောင့် ရှည်လျားနက်မှောင်သော ဆံပင်များ လေတွေင် ဝဲပျံသွားသည်။

"ဒိုး...ဒိုး"

ထိုမှ မျက်နှာချောမသည် ကိုယ်ဟန်ကြော့ကြော့ကို မက်လုံးပေးပြီး အောင်မျိုးကို ဝင်ဖက်သည်။ အောင်မျိုးသည် ဝင်ပူးလာသည့် မျက်နှာချောမအား စစ်လွယ်အိတ်နှင့် အပြန်အလှန် ဆင့်ကဲဆင့်ကဲ ရိုက်လိုက်သည်။

"ဗုန်း"

"အင့်"

"ဗုန်း..ဗုန်း"

"အင့်...အင့်"

"ဗုန်း..အင့်..ဗုန်း..အင့်..ဗုန်း..အင့်"

"ရပ်၊ ဘယ်သူလဲ"

မိန်းဂိတ်မှ ချဲလင့်ခေါ်သံ ထွက်လာသည်။

"CPL အောင်မျိုး"

"မလိုချင်ဘူး။ Pass Ward"

"လိမ္မော်သီး"

"ဝင်ခဲ့"

အောင်မျိုးသည် Mate Gate သို့ ရောက်လျှင် မျက်နှာချောတစ္ဆေမကို လှည့်ကြည့်လိုက်သည်။

မျက်နှာချောတစ္ဆေမသည် အောင်မျိုးကို လက်ပြနှုတ်ဆက်ရင်း အမှောင်ထဲတွင် ပျောက်ကွယ်သွားပါတော့သည်။

[ M.T မှ မင်းနိုင်နှင့် RADA မှ အောင်မျိုးသို့ အမှတ်တရ ]

ဇော်မော်လင်း

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




# ချစ်သမျှသာ လွမ်းရစ်ပါတော့...

ချစ်ရင်မောင် (ကျောက်တော်)

၂၀၁၂ခုနှစ်၊ ဇူလိုင်လခန့် ဖြစ်သည်။

အနောက်တောင် မုတ်သုံလေများ တသုန်သုန်တိုက်ခိုက်လျက်။ မိုးစက်လေးများ တဖွဲဖွဲကျနေသည်။ ရခိုင်ပြည်နယ်၊ ဘူသီးတောင်မြို့ ဆိပ်ကမ်း၌ ခရီးသည်၊ ကုန်သည်၊ အလုပ်သမားများဖြင့် စည်ကားလျက်ရှိနေသည်။

"ပူ...ပွဲ...ပူ..."

ဘူးသီးတောင်ဆိပ်ကမ်းမှ စစ်တွေမြို့သို့ထွက်ခွာမည့် ဓညဝတီ(၁) ပြည်တွင်းခရီးသွား သင်္ဘောဥဩသံရှည် (၃)ချက် ဥဩဆွဲနေပြီဖြစ်သဖြင့် ကျွန်တော်သင်္ဘောပေါ်သို့ အပြေးအလွှား တက်လာခဲ့သည်။ ထိုစဉ်–

"အောင်မလေး... လုပ်ပါဦးရှင့်"

ဆိုသည့် အသံတစ်သံ နားထဲကြားရ၍ နောက်သို့ လှည့်အကြည့်တွင် ကျွန်တော့်နောက်၌ မိန်းကလေးတစ်ဦး သင်္ဘောပေါ် အတက်အဆင်းအဝရှိ သံလက်ကိုင်တန်းကို လှမ်းကိုင်ရန်ကြိုးစားနေ၏။ သို့ရာတွင် သင်္ဘောမှာ ဆိပ်ကမ်းမှ စတင်ထွက်ခွာစပြုနေပြီဖြစ်၍ လူတစ်ခန္ဓာလုံးလုံး သင်္ဘောပေါ်မရောက်ဘဲ ခြေထောက်တစ်ဖက်နှင့် လက်တစ်ဖက်တည်းသာ သံလက်ကိုင်တန်းကို ဖမ်းမိပြီးအပေါ်မရောက် အောက်မကျ တန်းလန်းကြီးဖြစ်

www.burmeseclassic.com

နေလေသည်။ လတ်တလောမိန်းကလေး၏ လက်တစ်ဖက်ကို ဖမ်းဆွဲပြီး ဆွဲတင်ပေးလိုက်မှ သင်္ဘောပေါ်သို့ ရောက်ရှိလာခဲ့၏။

မိန်းကလေးချောမှာ သင်္ဘောစီးရန်ပြေးလာသည်က တစ်ကြောင်း၊ အပေါက်ဝတွင် လူများရှုပ်ထွေးနေသည်က တစ်ကြောင်းကြောင့် တော်တော်လေး သူ့အဖြစ်ကိုသူ ထိတ်လန့်ကြောက်ရွံ့မောပန်းသွားပုံပေါ်သည်။

"ကျေးဇူးတင်ပါရှင်။ ရှင်သာဆွဲလို့ မမီလိုက်ရင် မိုးတော့ ရေထဲပြုတ်ကျကျန်ခဲ့မှာ သေချာတယ်"

ဟု အမောတလေနှင့် ပြောရှာလေ၏။ ကျွန်တော်လည်း သူမ၏ ကျေးဇူးတင်စကားကို အသိအမှတ်ပြုသည့် အနေဖြင့် ပြုံးပြခဲ့ပြီး ဧည့်ဝတီနှစ်ထပ် သင်္ဘောကြီး၏ အပေါ်ထပ်သို့ တက်လာခဲ့သည်။ ထိုင်ခုံတစ်လုံး သင်္ဘောသားဆီမှ ငှားရမ်းနေထိုင်စဉ် –

"ဟာ ... ရှင်နဲ့ပြန်ဆုံရတာကိုး။ ဒီဘက်ကခုံက မိုးရဲ့ထိုင်ခုံလေ။ ဒီက မိုးရဲ့သူငယ်ချင်းတွေ"

"ဪ ... ဟုတ်လား၊ ကောင်းတာပေါ့ဗျာ။ သင်္ဘောစီးရင်း အပျင်းပြေ စကားလေး ဘာလေး ပြောလို့ရတာပေါ့"

*** ***

(၂)

"ဟုတ်တယ် ... မိုးလည်း တစ်နေကုန် စကားပြောဖော်မရှိဘဲ ထိုင်စီးရတာ ပျင်းတယ်"

ဆိုပြီး ကျွန်တော့်ဘေးနားကပ်ကုလားထိုင်ခုံပေါ်တွင် ဝင်ထိုင်လေတော့သည်။ သူမတွင် သူ့သူငယ်ချင်း (၅) ယောက် ပါလေ၏။ စစ်တွေ–ဘူးသီးတောင်သို့ပြေးဆွဲနေသော ပြည်တွင်းရေကြောင်း သင်္ဘောသည် ဤအချိန်ခါက ဧည့်ဝတီ (၁/၂/၃)ဟူ၍ သင်္ဘောသုံးစင်းတည်းသာ ရှိလေခဲ့သည်။မနက်(၈)နာရီတွင် ဘူးသီးတောင်ဆိပ်ကမ်းမှ စတင်ထွက်ခွာလျှင် စစ်တွေမြို့တော်သို့ ညနေစောင်း (၅)နာရီခွဲ (၆)နာရီလောက်မှ ရောက်တတ်သည်။ ထို့ကြောင့် တစ်နေကုန်ထိုင်စီးရမှာ "ပျင်းစရာပဲ"ဟု ပြောရခြင်းဖြစ်၏။

" ရှင်လည်းစစ်တွေထိ သွားမှာပဲ မဟုတ်လား"

"ဟုတ်တယ် ... ဒီက မိုးတို့က ရော ..."

"မိုးနာမည်ရင်းက 'သျှမ်းမိုးဝေ'ပါ။ မိုးလို့ပဲခေါ်နိုင်ပါတယ်"

"ခေါ်ခွင့်ရလည်း ဝမ်းသာ ပါတယ် မိုး။ မိုးက .. မိုး .. မိုးဆိုပြီး စကားထဲ ထည့်ထည့်ပြောတတ်တော့ ကျွန်တော်ခွင့်မတောင်းဘဲ ခေါ်လိုက်မိတာကိုတော့ တောင်းပန်ပါတယ်ဗျာ"

"ရပါတယ်ရှင်။ အဲ ... နေစမ်းပါဦး။ မိုးနာမည်က ပြောပြီးပြီ၊ ရှင့်နာမည်ကို လည်း ပြောဦးလေ"

"ချစ်ရင် ... မောင်လို့ပဲ ခေါ်ပါ မိုး"

"ရှင် ..."

"ဆောရီး ... မိုး တစ်မျိုးများ ထင်သွားလားတော့မသိဘူး။ ဒီမှာ ကျွန်တော့်ရဲ့ နိုင်ငံသားစိစစ်ရေးကတ်လေ"

ဟုပြောပြီးအင်္ကျီအိတ်ကပ် အတွင်းရှိ စိစစ်ရေးကတ်အား ထုတ်ပြလိုက်သည်။ သည်တော့မှ အလှမဒီကညာချောက ...

"ဪ ... ရှင့်နာမည်က မိန်းကလေးတွေခေါ်ရမှာ တစ်မျိုးကြီးပဲနော်။ နာမည်က ချစ်ရင်မောင်ဆိုတော့ မခေါ်ဝံ့တော့ဘူး။ အစ်ကိုတစ်ယောက်လိုပဲ 'အစ်ကို'လို့ပဲ ခေါ်လိုက်မယ်နော် ... ဖြစ်မလား"

"ဖြစ်ပါတယ် ..."

"ဪ ... မိတ်ဆက်ပေးဖို့ မေ့နေတယ်။ ဒါက မိုးရဲ့အချစ်ဆုံးသူငယ်ချင်းတွေ။ သူတို့ကတော့ မိုးလို စကားသိပ်မများဘူး။ ဒါက အိအိနိုင်၊ ဒါက နိုင်မာချို၊ ဒီက မိမိ၊ ဟိုဘက်နှစ်ယောက်က နုနုဝင်းနဲ့ ရီရီသန်း"

" ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျ"

သူမ၏ စကားကြွယ်ပုံကို ဂုဏ်ဖော်လျက် သူမ၏ သူမ၏သူငယ်ချင်းတစ်ဦးချင်းစီအား သွက်လက်စွာ မိတ်ဆက်ပေးလေတော့သည်။ သူမ၏ ဖြူစင်သန့်ရှင်းသည့် မျက်နှာလေးကို တစ်မှိတ်မှိတ်ကြည့်ပြီး စကားအပြောကောင်းသည့် သူမနှင့် ပြောနေရသည်က ကျွန်တော့်ရင်ထဲမှာ အလိုလိုကြည်နူး ရင်ခုန်နေမိသည်။

သင်္ဘောပေါ်တွင် သူမတို့သူငယ်ချင်းတစ်သိုက်နှင့် ဟိုပြောသည်ပြော အချိန်တွေ ဘယ်လိုကုန်လို့ ကုန်သွားကြသည် မသိ။ လက်ကနာရီ မြှောက်ကြည့်လိုက်တော့ ညနေ(၅)နာရီခွဲတောင် ရှိနေလေပြီ။ ဆတ်ရိုးကျ ချောင်းအတွင်းသို့ သင်္ဘောကွေ့အဝင် မိုး(ခေါ်)သျှမ်းမိုးဝေတို့၏ စကားပြောပုံအရ –

"မိုးတို့က ကျောက်ဖြူဘက်က ထင်တယ်"

"ဟုတ်တယ် အစ်ကို။ ဒါပေမဲ့ မိုးတို့ အခု စစ်တွေမောလိပ်မှာပဲနေတယ်။ အစ်ကိုအားရင် လာလည်နော်။ မိုးတို့အကုန်လုံး အိမ်နီးနားချင်းတွေချည်းပဲ"

"လိပ်စာမသိဘဲနဲ့ ဘယ်လိုလာလည်ရမှာလဲ မိုး"

"လွယ်ပါတယ် အစ်ကို။ မောလိပ်ရပ်ကွက်ထဲမှာ သျှမ်းမိုးဝေကို မသိတဲ့သူ မရှိပါဘူး။ ဘယ်သူ့မေးမေး အစ်ကို့ကို ညွှန်ပြမှာပဲ"

"ဒါဆိုလည်း ကောင်းပါပြီဗျာ။ ကျွန်

www.burmeseclassic.com

တော် အခွင့်ကြုံရင် လာလည်ပါမယ်။ ဒါ ... မိုးပစ္စည်းတွေအကုန်ပါပြီလား။ ကျန်ခဲ့မှ ပျောက်သွားဦးမယ်မိုး။ ကျွန်တော်တို့ နောက်ပြန်ဆုံကြရင်လည်း နှုတ်ဆက်ဖို့မမေ့နဲ့နော်''

ဟု ပြောပြီးသဘောၤပေါ်မှ ဆင်းသွားတော့ သူတို့အုပ်စုနှင့် လမ်းခွဲခဲ့ကြသည်။ မြင်မြင်ချင်းချစ်မိပြီဆိုတာ ဒါမျိုးပဲထင်တယ်။ ခုမှ တွေ့ကြပေမဲ့ စကားပြောပွင့်လင်းတဲ့ သူမရဲ့စကားတွေကြောင့် နှလုံးသားမှာ နောက်ထပ်သူမနှင့် ပြန်ဆုံတွေ့မှာ တွေးကြောက်ပြီး ရင်ထဲမှာ ခုလုခုလုပေါ့။

*** ***

(သုံး)

အခွင့်ကြုံရင် လာလည်ပါဦးမည်ဟု ပြောမ ့သော ပြောခဲ့ရသည်။ ကျွန်တော်သည် မော ်တောမြို့၊ အမှတ်(--) ခြံတပ်ရင်း။ (မှ)မိုင်တွင် တာဝန်ကျနေသည်။ သူတို့နေထိုင်တဲ့ စစ်တွေကို ရုံးကိစ္စအရေးကြီးမှ မလွဲမရှောင်သာ ရောက်လာတတ်၏။ တာဝန်ကိုယ်စီနဲ့ နိုင်ငံတော်အတွက်တာဝန်ထမ်းဆောင်နေကြသူတွေမို့ မိုးတို့ထံစိတ်က မကြာမကြာ ရောက်နေပေမဲ့ လူကတော့ဖြင့် အဲဒီကာစ ပြန်မဆုံ၊ မရောက်နိုင်ခဲ့။

အကြောင်းအမျိုးမျိုးကြောင့် စစ်တွေရောက်ဖြစ်သော်ငြား တာဝန်ကတစ်ဖက်နှင့် သူမဆီသွားမတွေ့ဖြစ်ခဲ့။ တစ်ခါဆုံဖူးရုံနှင့် မျက်လုံးထဲပြေးမထွက်သော်လည်း နှလုံးသားရင်ခုန်မှုချင်း ရင်ဆိုင်သွားမတွေ့ဝံ့တာကလည်း ပါသည်ဟု ဝန်ခံချင်သည်။ တစ်လကျော်ခန့် အကြာမှာတော့ စစ်တွေကို ထပ်မံရောက်ဖြစ်ခဲ့သည်။ လေးကြိမ်မြောက်ရောက်ရှိခြင်းပင်။ ကျွန်တော်စစ်တွေရောက်ရှိတော့များသောအားဖြင့် ရှိုင်းပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်အရန်ရဲတပ်ဖွဲ့ ကြားစခန်းမှာ တည်းခိုခဲ့တယ်။ တစ်နေ့ညနေစောင်းမှာ ဘုရားဖူးသူများ စည်ကားနေသည့် မြို့လယ်က လောကနန္ဒာစေတီတော်မြတ်ကြီးကို လမ်းလျှောက်ပြီး ဘုရားဖူးသွား

"အစ်ကို ... လာလည်မယ်ဆိုပြီး ပျောက်ချက်သားကောင်းလှချည်လား။ ဘာလို့လာမလည်တာလဲ။ မိုးတို့ကို မခင်လို့ပေါ့။ မိုးကတော့ လာမလား လာမလားနဲ့ နေ့တိုင်းမျှော်နေမိတာ''

ကျွန်တော် နောက်သို့လှည့်ကြည့်လိုက်တော့ ကျွန်တော်သိပ်ကိုမြင်ချင်၊ တွေ့ချင်လှတဲ့ မိုးတို့သူငယ်ချင်းတစ်သိုက်ကို မမျှော်လင့်ဘဲ အမှတ်မထင် တွေ့လိုက်ရပါသည်။ ဖြူစင်ဝင်းပနေတဲ့ အသားအရေပေါ်မှာ ခရမ်းနုရောင် ရခိုင်ထည်ဝမ်းဆက်ကို မြန်မာဆန်ဆန် ဝတ်ဆင်ထားပြီး လှချင်တိုင်းလှနေတဲ့ မိုးလေးကို အငေးသားကြည့်နေမိသည်။ ပြီးတော့ ချိုသာစွာခေါ်လိုက်သည့် "အစ်ကို" ဆိုတဲ့ အသံလေးနွဲ့နွဲ့လေးနဲ့ "နေ့တိုင်းမျှော်နေမိတာ''ဆိုတဲ့ စကားလုံးတွေက ရန်ခုန်သံတွေ ရပ်သွားမတတ်ပါပဲ။

စတွေ့ကတည်းက သဘောရိုးနဲ့ အစ်ကိုခေါ်ခွင့်ပေးခဲ့ပေမဲ့ ခုတော့လည်း အသံချိုကိုပင် တမ်းတတွေ့ချင် မျှော်လင့်နေမိသည်။ ခုတော့ ကံထောက်လို့ မိုးရယ်၊ မမျှော်လင့်ဘဲ နောက်ထပ်ပြန်ဆုံကြသည်ကို အတိုင်းအဆမရှိ ပျော်နေမိသည်။

"ကြည့် ... အစ်ကိုကဘာတွေငေးနေတာလဲ။ မိုးကို မမှတ်မိဘူးလား။ မမြင်ဖူးတာကျနေတာပဲ။ ကဲ ... ပြောပါဦး။ ဘာလို့မလာတာလဲဆိုတာ''

"လာလည်ချင်တာပေါ့ မိုးရယ်။ ဒါပေမဲ့ ...''

"တော်ပါ၊ ဘာ ... ဒါပေမဲ့လဲ။ အစ်ကိုတို့ရဲတွေက တာဝန်တွေနဲ့ အလုပ်တွေနဲ့ မအားလို့ ဘာညာပြောဦးမလို့လား။ ဒီတစ်ခါတော့ မရဘူး။ အစ်ကို။ သန်ဘက်ခါကျရင် မိုးရဲ့မွေးနေ့ပဲ။ အဲဒါ၊ အစ်ကိုနဲ့အတူ အဲဒီနေ့မှာ ဘုရားတွေလိုက်ဖူး။ ငါးတွေ လွှတ်ပြီးဆုတောင်းမယ်။ ဘယ်လိုလဲ ... လိုက်ပို့ပေးမယ်မဟုတ်လား''

"သန်ဘက်ခါဆိုတော့ ကျွန်တော်ရှိနိုင်သေးတယ် မိုး။ ကျွန်တော်က ဒီမှာ နောက်ထပ် လေး၊ ငါးရက်လောက် ကြာဦးမှာ။ ဒီတော့ မိုးရဲ့မွေးနေ့မှာတော့ ကျွန်တော်ဖြစ်အောင် လိုက်ပို့ပေးမှာပါနော် မိုး။ စိတ်သာချ''

"အိုကေ ... အစ်ကိုအခု လောကနန္ဒာဘုရား သွားမှာမဟုတ်လား။ လာ ... မိုးနဲ့အတူသွားမယ်။ ပြီးရင် မိုးကို လက်ဖက်ရည်လိုက်တိုက် ... ဒါပဲ''

အောင်နိုင်သူသဖွယ် ရင်ကော့ကော့၊ ခြေလှမ်းသွက်သွက်ဖြင့် ရှေ့မှဦးဆောင်ပြီး သူမ ခေါ်သွားတော့သည်။ လောကနန္ဒာ ဘုရားဖူးပြီး လက်ဖက်ရည်ဆိုင်တွင် အကြာကြီးထိုင်ကြသည်။ စကားကြွယ်ဖောင်ဖွဲ့၍ ပြောပြမဆုံးနိုင်တော့။ ကျွန်တော်အပေါ်မှာ စိုးမိုးနိုင်လွန်းသည့် စကားလုံးတွေနှင့် အိပ်စက်အနေ ား ယူနေခဲ့တဲ့ နှလုံးသားကို လှုပ်နှိုးခဲ့သည်။

သူ့မွေးနေ့မှာ သူ့အား သမိုင်းဝင် သလုံးတော်ဘုရားသို့ သွားရောက်ပြီး ငါးအရှင်လွှတ်ရင်း ဆုတောင်းမေတ္တာများ ပို့သကြသည်။ စစ်တွေမြို့ပေါ်ရှိ ထင်ရှားသော ဘုရားတစ်ဆူဖြစ်သည့် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးနှင့် အခြားထင်ရှားသော ဘုရားများအား လိုက်ဖူးကြသည်။ ထိုနေ့ညနေ အကောင်းဆုံးစားကော်ဆက်မှာ ညနေစာစားရင်း ရင်ခုန်လှိုက်မောစရာ ရင်ထဲက စကားလုံးများ ဖွင့်ပြောဖြစ်ခဲ့ကြသည်။

အဲဒီ နောက်ပိုင်းမှာတော့-



www.burmeseclassic.com

www.burmeseclassic.com

'မောင်ရယ်'၊ 'မိုးရယ်'နဲ့ ကျွန်တော်တို့ရဲ့အတွဲကို သာယာလှပတဲ့ စစ်တွေဟိုတယ်၊ အပန်းဖြေကမ်းခြေ၊ ပွိုင့်ကမ်းခြေ၊ အုန်းတောနဲ့ နဒီသောင်ယံ၊ မင်းသားကြီးကျောက်တန်း၊ ရှခင်းသာလမ်း၊ တက္ကသိုလ်ငယ်လမ်းနှင့် သလုံးတော်၊ လောကနန္ဒာဘုရားတွေပေါ်မှာ မတွေ့ချင်အဆုံး မြင်တွေ့ကြရမည်။

ခေါင်းစဉ် အမျိုးမျိုးဖြင့် တာဝန်တွေလစ်ဟင်း စစ်တွေသို့ရောက်ရှိ လာတတ်ခဲ့သည်။ တစ်နေ့သောအခါ တပ်ရင်းတပ်ရေးအရာရှိမှ –

"ဆရာချစ် ... ခုတလော ဆရာက စစ်တွေကို သွားဖို့ဆို ခေါင်းစဉ်မရှိခေါင်းစဉ်တွေပတ်ရှာပြီး သွားနေတာ များနေပြီ။ ရုံးမှာလည်း ရုံးလုပ်ငန်းတွေ ဂရုစိုက်နော်။ ခင်ဗျားရုံးလုပ်ငန်းမှာ သိပ်အာရုံမရောက်ဘူးဖြစ်နေတယ်။ သွားတာများတော့ အရပ်သားစိတ်ပေါက်လိမ့်မယ်ဗျ။ ဆရာက လက်နက်ကိုင်တပ်ဖွဲ့ဝင်တစ်ယောက်ဆိုတာလည်း သတိရဦးလေဗျာ"

ဟူ၍ ပြောရလောက်အောင်ထိ ကျွန်တော့်ဘက်က လုပ်ငန်းပိုင်းဆိုင်ရာတွင် ဟာကွက်များ ရှိနေခဲ့သည်။

နောက်ပိုင်းတွင် တစ်ပတ်တစ်ခါ ပုံမှန်အင်အားညှိနှိုင်းရန် အလုပ်တာဝန်ဖြင့် စစ်တွေကို အမြဲလာရလေ၏။ သွားတိုင်း၊ လာတိုင်း ကျွန်တော့်ကောင်မလေးတို့ အုပ်စု အမြဲပါတတ်သည်။ ကျွန်တော် စစ်တွေကိုသွားမယ့်နေ့ဆို မောင်တောမှ ဘူးသီးတောင်သင်္ဘောဆိပ်ကမ်းသို့ သင်္ဘောအမီပြေးဆွဲနေသော လိုင်းကားတစ်စီး သူတို့တစ်စီးလုံးလုံး ငှားကာကျွန်တော့်အားလာခေါ်၍သွားတတ်သည်။ ကျွန်တော်က ယူနီဖောင်းကြီးနှင့် ကားခေါင်းပိုင်းက သူနှင့်ယှဉ်တွဲ စီးသွားသည်။ စစ်ဆေးရေးဂိတ်တွေမှ ယူနီဖောင်းနှင့် ကားခေါင်းမှာ ကျွန်တော်ပါတော့ တပ်ဖွဲ့ဝင်မိသားစုပဲဆိုပြီး အစစ်အဆေးသိပ်မရှိချေ။ ဤသည်ကိုပင် သူတို့နှစ်သက်သည်ဟု ဆိုကြသည်။ သူတို့သည် မောင်တော အမှတ်(၁)ရပ်ကွက်ရှိ သူ့အဒေါ်အိမ်မှာတည်း၍ ကျွန်တော်စစ်တွေသွားသည့်အခါ ပြန်ပြန်လိုက်တတ်ကြသည်။ ကျွန်တော်နှင့် ချစ်သူဘဝရောက်ကတည်းက ကျွန်တော် စစ်တွေသွားလျှင် သူစစ်တွေက သူတို့အိမ်မှာနေ၍ ကျွန်တော်ပြန်လျှင် အတူပြန်၍ မောင်တော သူ့အဒေါ်အိမ်မှာပဲတည်းပြီး နေတတ်သည့်အကျင့် သူ့မှာရှိနေချေပြီဖြစ်၏။

*** ***

(လေး)

တစ်နေ့တော့ .....

အဲဒီနေ့ကို ကျွန်တော်တစ်သက် မမေ့နိုင်တော့။ ကျွန်တော်၏ ရုံးခန်းထဲတွင် ကျွန်တော်ရုံးလုပ်ငန်းများဆောင်ရွက်နေစဉ် –

"ဆရာ ... ဆရာ့ကို တပ်ရင်းမှူးက သူ့ရုံးခန်းလာခဲ့ပါတဲ့"

ဟူ၍ ရဲတပ်ရင်း၏ တပ်ရင်းမှူးရုံးတာဝန်ကျ လက်ဖြောင့်ရဲတပ်သားမှ လာရောက်ခေါ်သဖြင့် ချက်ချင်း ကျွန်တော်ရဲတပ်ရင်းမှူးရုံးခန်းသို့ သွားရောက်ပြီး အလေးပြု အရိုအသေပေး သတိဆွဲ၍

"အမိန့်ရှိပါ"

"အေးကွာ ... တိုင်းအထက်က တာဝန်တစ်ခု ငါ့ကိုတာဝန်ပေးအပ်လာတယ်။ မှုဝါဒတစ်ရပ်အနေနဲ့ပေါ့ကွာ"

"ဟုတ်"

"အဲဒါ ပြောရရင်တော့ စိတ်မကောင်းဘူး။ ဒါပေမဲ့ ခုတလော ဒုစရိုက်နှိမ်နင်းရေးနဲ့ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ဖို့ ငါတို့ရဲတပ်ရင်းကို နယ်မြေခံရဲ မူးယစ်အထူးက တပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းလုပ်ဆောင်ဖို့ တာဝန်ပေးအပ်လာတော့ ဒီတာဝန်နဲ့ သင့်တော်မယ့်သူ၊ ထမ်းဆောင်နိုင်မယ့်သူက မင်းနဲ့ဆိုပိုသင့်တော်မယ်လို့ ထင်တယ်၊ ဒါကြောင့် ဒီတာဝန်ကို မင်းကိုပဲတာဝန်ပေးအပ်မယ်။ မင်းတာဝန်ကျေပါစေ၊ ဒါအမိန့်ပဲ"

"ဟုတ် ..."

"မင်းနဲ့တွဲတွဲနေတဲ့ ကောင်မလေး နာမည်က ဘာ ..."

"သျှမ်းမိုးဝေပါ"

"ဟုတ်ပြီ။ အဲဒီကောင်မလေး တွေက မောင်တောဘက်ကနေ စစ်တွေ ကို မူးယစ်ဆေးဝါးတချို့နဲ့ စိတ်ကြွဆေး ပြားတွေ ကယ်ရီပို့နေတယ်ဆိုပြီး နိုင်မာ တဲ့သတင်းတွေရရှိထားတယ်။

ဒါကို တားဆီးကာကွယ်နှိမ်နင်း ဒီတာဝန်ကို မင်းတို့၊ ငါတို့ကို ယုံကြည် တာဝန်ပေးအပ်တာဖြစ်တယ်။ တာဝ အချစ်ကို ခွဲခြားပြီးဆောင်ရွက်ပါ။ တာဝ ကျေပါစေ၊ ဒါပဲ ..."

ဟု ပြောလိုက်သည့် အမိန့်အ ကျွန်တော့်နှလုံးသား ဗဟိုအလယ်တ တည့်တွင် သုံးဆယ့်ခြောက် ခွင်းဗုံးထ လုံး အခွင်းခံလိုက်ရသည့်အလား ခံ လိုက်ရသည်။ တပ်ဖွဲ့ဝင်ကို အယော ကယ်ရီပို့နေတယ်ဆိုပါလား။ ဒါဆို ကျ တော့်ကို အယောင်ပြ ... ဘုရား ... ဘုရား။ ကျွန်တော် "ဘုရား"တရ ကိန်းပါလား။

"မဖြစ်နိုင်ဘူး။ ဒီကိစ္စ လုံးဝဖြစ် ဖွယ်မရှိဘူး။ သူတို့တွေဟာ လွတ်လ လပ်လပ် သွားလာနေတတ်သူပါ။ အကြောင်း ကျွန်တော်အသိဆုံးပါပဲ" စိတ်ထဲတွင် အကျောက်အကန် ငြင်း နေမိ၏။ သို့သော် တပ်ရင်းမှူးသ အတိကျ ခိုင်မာကြောင်း။ မသာယ နည်းစနစ်ကို မသိရသေးကြောင်း။ အထ မှယုံကြည်၍ ပေးအပ်သည့်တာဝန်

www.burmeseclassic.com

နှစ်စွာထမ်းဆောင်ရန်လိုကြောင်း ပေးလိုက်၏။ အလေးပြုပြီး ပြန် ထွက်တွင် လေးလံသောခြေလှမ်းများ အချစ်နှင့်တာဝန် ဆက်နွယ်လာ ည်။ ကျွန်တော်ဘာဆက်လုပ်သင့် နည်း။ အထက်အရာရှိကြီးတစ်ဦးက အပ်သည့်တာဝန်ကို ဥပေက္ခာပြု မနာခံဘဲ အချစ်ကိုသာ ဦးစားပေး သလား။ ကြိုတင်ကာကွယ်မှု (၉)မျိုး ပါတဲ့ မူးယစ်ဆေးဝါးမှုဟာ အမျိုးသား တာဝန်အဖြစ် ဆောင်ရွက်သင့်သည် ဥပေက္ခာပြုရမှာလား။ စဉ်းစားရ ်နေ၏။

*** ***

(ငါး)

တာဝန်နှင့် နှလုံးသားဇာတ်လမ်း တွေးနေသည့် ကျွန်တော်သည် မိမိ နယ်တွင် တာဝန်ထမ်းဆောင်အလုပ်ရှုပ် နေခဲ့၍ ချစ်သူမိုးတို့ အုပ်စုနှင့် မဆက် ယ်၊ သွားမတွေ့ဖြစ်ဘဲ နှစ်ပတ်ကျော် ကျော်ခန့်ရှိနေခဲ့သည်။ တစ်နေ့ မောင် တောမြို့ မြို့မစည်ပင်သာယာဈေးကြီးနှင့် မွေးမြူရေးဘဏ်ကြားက လက်ဖက်ရည် ဆိုင်မှာ လက်ဖက်ရည်သောက်နေစဉ် ချစ်သူ မိုး ရောက်လာခဲ့သည်။

"မောင်ကလည်းသိပ်နေ နိုင်တာပဲ။ မောင်က မောင်ရှိရာမလာနဲ့ဆိုလို့သာ မိုးကနေသာ နေရတာ၊ စိတ်ကမောင့်ဆီ မှာပဲ။ ကိုယ့်ချစ်သူတစ်ယောက်ကို မတွေ့ဘဲနေနိုင်လိုက်တာ။ မေ့တောင်မေ့သွားပြီလားမသိဘူး။ မောင်တို့လေးမိုင်မှာ အသစ်တွေ့နေလို့လား မောင်"

"ဟိုတစ်ပတ်က မောင်ရောက်လာသေးတယ်။ မိုးမှမရှိတာ"

ဟူ၍ အမှန်တကယ်မလာဖြစ်ဘဲ အမျက်ပြေစေလိုကြောင်း စကားအကြောင်းနှိုက်မိလေတော့ သူစစ်တွေပြန်သွားခဲ့ကြောင်း မျက်နှာချိုဖြင့် ပြန်သွေးရှာပါသည်။ သူ ဒုတိယတစ်ခေါက် ပြန်လာ၍ (၃)ရက်ခန့်သာ ရှိသေးသည်ဟု ဆို၏။ အကယ်၍သာ သူဘယ်မှမသွားပါဘူး။ သူ့အခေါ်အိမ်မှာပဲ မောင့်ကို မျှော်ရင်းရှိပါတယ်ဟု ဖြေလာသော်ငြားလည်း ပြန်ထုချေဖြေရှင်းရန် စကားအသင့်ရှိပြီးသား။ ထိုစဉ် အတွေးတစ်ခု သတိဝင်လာ၍ –

"မောင် သန်ဘက်ခါ စစ်တွေသွားဖို့ရှိတယ်။ မိုးကောပြန်လိုက်ဦးမလို့လား"

"ဟာ ... မောင်ကလည်း မောင်သွားရင် မိုးဘယ်တုန်းကနေခဲ့ဖူးလို့လဲ။ မောင်နဲ့ တွေ့ချင်လို့နေချင်လို့လည်း မိုးဒီကို အကြောင်းမရှိ အကြောင်းရှာလို့ အခေါ်ဆီလာနေတာနော်။ မောင်သာ မိုးသေးမှာရှိရင် ဘယ်ဆီပဲရောက်ရောက်ပေါ့ မောင်ရယ် ... မိုးလိုက်မှာပေါ့"

လျှာသွက် အာသွက်နဲ့ စကား တီတီတာတာ ချွဲချွဲနွဲ့နွဲ့လေးပြောတတ်ရှာတဲ့ မိုးရယ်။ မောင်စိတ်မကောင်းဖြစ်နေတာ မိုးမသိပါလား။ မိုးသာ မောင်နှင့် အတူပါလာရင် မောင့်တာဝန်ကို မောင် ဆောင်ရွက်တော့မှာ။ ဒီကိစ္စ မိုးမပါပါစေနဲ့ကွာ။ မောင်ဆုတောင်းပေးပါတယ် မိုးရယ် ...။

"မောင် ဘာတွေငေးပြီး စဉ်းစားနေတာလဲ။ မောင့်ကြည့်ရတာ ဖျတ်လတ်တက်ကြွမှုမရှိဘူး။ ဘာတွေစိတ်ကူးနေတာလဲ။ မောင်နော်၊ မောင်နေမကောင်းဘူးလား"

"နေကောင်းပါတယ် မိုးရယ်။ စိတ်ထဲ သိပ်မလန်းဖြစ်နေမိလို့ပါ"

"ဘာတွေ စိတ်မကောင်းဖြစ်နေတာလဲ မောင်ရယ်။ စိတ်ကို ပျော်ပျော်ထားစမ်းပါ။ စိတ်ညစ်ရင် အသက်တိုတတ်တယ်။ ဆုံးရှုံးခဲ့တဲ့အချိန်အတိုင်းအတာ တစ်မိနစ်ကို မကုန်ခန်းနိုင်တဲ့ ထာဝရအချိန်သမုဒ္ဒရာကြီးက အစားဝယ် မပေးနိုင်ဆိုပြီးတော့ ဆရာပီမိုးနှင်း အဆိုအမိန့်ကို မောင်ကြားဖူးတယ် မဟုတ်လား။ မိုးနဲ့တွေ့တဲ့အချိန်လေးကိုတော့ မိုးမဆုံးရှုံးချင်ပါဘူး မောင်။ ကဲ ... မောင် ထိုင်နေဦးမှာလား။ မိုးသဘက်ခါ မောင်နဲ့ အတူလိုက်လို့ရအောင် လုပ်စရာ၊ ပြင်ဆင်စရာရှိတာကို သွားပြင်ဆင်လိုက်ဦးမယ်။ မောင်ထုံးစံအတိုင်းပဲ စောင်နေနော်"

"သြော် ... မိုး။ မောင့်ကို တစ်ရင်းက ကားကြုံလို့ သင်္ဘောအမီလိုက်ပို့မှာမို့ သင်္ဘောဆိပ်ရောက်မှ ပြန်ဆုံကြတာပေါ့"

မိုးမျက်နှာ ကွက်ခနဲ ပျက်သွားခဲ့သည်။ ပြီးမှ –

"မိုးတို့ကားနဲ့လိုက်ခဲ့လို့ မရဘူးလား မောင်ရယ်။ မိုးက မောင်နဲ့ပဲအတူတူ သွားချင်တာ။ မောင်ကလည်းကွာ ...။ ကဲပါ .. ဒါဆိုလည်းပြီးရော။ မောင် မိုးသွားလိုက်ဦးမယ်နော်"

နှုတ်ဆက်ထွက်သွားခဲ့သည်။

မိုးကို ခေါင်းညိတ်ပြရုံကလွဲ၍ မိုး၏ နောက်ကျောပြင်ကိုငေးကြည့်ကျန်ခဲ့ရင်း သက်ပြင်းပူပူလေးတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

"ဟူး ... ရင်မောရပါလား မိုးရယ်"

*** ***

(ခြောက်)

ဘူးသီးတောင်မှ စစ်တွေသို့ထွက်ခွာမည့် ပြည်တွင်းရေကြောင်းသင်္ဘော ရေညဝတီ(၁)သင်္ဘောပေါ်သို့ တက်လာခဲ့ပြီး အထက်တန်းခရီးသည် (၂)ယောက်ခန်း(၁)ခန်း နေရာယူလိုက်ပြီး သင်္ဘောဝရန်တာပေါ်မှ ချစ်သူမိုးလာမည့်လမ်းကို မျှော်နေမိသည်။ နာရီမြှောက်ကြည့်လိုက်တော့ ၇း၄၅ နာရီတောင် ရှိနေပြီဖြစ်

"ဟော ..."



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်အမျှော်လင့်ကြီး မျှော်လင့်နေသော ချစ်သူမိုးသည် သူ့ကိုယ်ရံတော် သူငယ်ချင်း(၅)ဦးနှင့်အတူ သင်္ဘောသို့ ဆင်းလာသည်ကို တွေ့ရ၏။

"မိုးရယ် ... မောင်ဒီမှာ"

ဟု ဝမ်းသာအားရ ကျွန်တော်လှမ်းခေါ်လိုက်ပါသည်။ သူက ခေါင်းလေးကို အသာညိတ်ပြီး ကျွန်တော်ရှိသော သင်္ဘောအပေါ်ထပ်ခရီးသည် အခန်းသို့တက်လာခဲ့ကြသည်။ အခန်းတွင်းသို့ ရောက်သည်နှင့် သူတို့ခရီးဆောင်အိတ်လေး ကိုယ်စီအား အိပ်စင်အောက်သို့ ထည့်သွင်းကြသည်။ ပြီးလျှင် ပါလာသည့် ထမင်းချိုင့်များအား အိပ်စင်အနီးရှိစားပွဲပေါ်တွင်တင်ကာ "အပေါ်ထပ်ရှိ ကုလားထိုင်တွင် သူတို့(၅)ယောက် ရှိနေမည်"ဟုပြောပြီး အသီးသီးထွက်သွားကြသည်။ အခန်းထဲတွင်ကား ချစ်သူမိုးနှင့် ကျွန်တော်ပင် ကျန်နေရစ်ခဲ့လေ၏။

ချစ်သူမိုးက သင်္ဘောဆိပ်ကမ်းကခွာပြီးကတည်းက ဝတ္ထုစာအုပ်တစ်အုပ်ကိုင်ပြီး အိပ်ခုတင်ပေါ် လဲလျောင်းလျက် ဇာတ်လမ်းထဲက ချစ်သူမောင်နှံအကြောင်း ပြောနေသည်မှာ ပြော၍မဆုံးတော့။

"မိုးနဲ့မောင်လည်း မြန်မြန်လက်ထပ်ကြရ အောင်နော်"ဆိုတာလည်း ကြားဖြတ်ပါလာခဲ့၏။ ကျွန်တော်လည်း သူ့ဘေးနားတွင် ယှဉ်တွဲလဲလျောင်းလိုက်၏။ ထိုစဉ် မမျှော်လင့်ဘဲ မတော်တဆ သူမကိုယ်ခန္ဓာပေါ်သို့ လက်ထိသွား၏။ ထိုစဉ် မသက်မသာဖွယ်ရာ အချက်တစ်ခုအား လက်ထဲတွင် ခုလုလုထိတွေ့လိုက်ရသည်။ သို့သော်လည်း လက်ကိုပြန်ရုပ်ပြီး ဣန္ဒြေရရနေလိုက်ကာ ထထိုင်နေလိုက်၏။ အိတ်ထဲမှ စီးကရက်တစ်လိပ်ကို ယူလိုက်ပြီး မီးညှိဖွာရင်း အခန်းပြင်သို့ ထွက်ခဲ့၏။ ထိုစဉ် ချစ်သူမိုးလည်း အိပ်ရာမှထလိုက်လာပြီး-

"မောင် ထမင်းစားချိန်ရောက်ပြီ။ မိုးကတော့ ဗိုက်ဆာလာပြီ။ မောင် မဆာသေးဘူးလားဟင်။ ဟိုကောင်မတွေ စားတော့မလား သွားမေးလိုက်မယ်။ မောင်လိုက်ဦးမလား "

"မိုးသွားနှင့်ပါ မောင်အခန်းစောင့်ကျန်ခဲ့မယ်လေ"

"ဒါဆို မိုးသွားမေးလိုက်မယ်နော်"

ဟုဆိုပြီး ထွက်ခွာသွား၏။ ထိုစဉ် ပေးလာသော အခွင့်အရေးကို လက်လွတ်မခံဘဲ လျင်မြန်စွာပင် အိပ်စင်အောက်တွင်ထည့်ထားသော သူမတို့အိတ်အား စမ်းသပ်ကြည့်လိုက်သည်။ တံဆိပ်ကင်းမဲ့၍ လေသာသားဖြင့် ပြုလုပ်ထားသော အိတ်အမျိုးစားများဖြစ်သည်။ အရောင်ချင်းသာကွာနေကြသည်။ သော့တုဖြင့် အိတ်ကိုဖွင့်စစ်သေးရာ အထဲတွင်အဝတ်အစားမှလွဲ၍ မည်သည့်အရာဝတ္ထုကိုမျှ မသင်္ကာဖွယ်မတွေ့ရှိရ·

သို့သော် အိတ်ဖွဲ့စည်းပုံမှာကား ထူးခြားနေသည်။ အပြင်အိတ်အသားထပ်နှင့် အတွင်းအိတ်အသားထပ် မသိမသာအနေအထားဖြင့် ထူနေသည်။ သာမန်အားဖြင့်တော့ မသိမသာ။ အိတ်နံရံမှာ မာတောင့်နေပြီး လက်ဖြင့်ပုတ်ခတ်လျှင် အထဲတွင် အခေါင်းရှိသည့်အသံမျိုး ထွက်ပေါ်လာလေ၏။ သို့သော် အိတ်ကို ဖိကြည့်သော်လည်း အိတ်ကပိ၍မသွားသည်က ထူးနေသည်။ အထဲတွင် တစ်ခုခုရှိနိုင်သည်ဟု အထင်နှင့် သဲလွန်စလိုက်ရှာကြည့်သည်။ မကြာပါ။ အိတ်အတွင်းသား အပေါ်ကြိုးချိတ်၏ တစ်နေရာတွင် ဇစ်တစ်ခုအား မသင်္ကာဖွယ်တွေ့ရှိ စမ်းသပ်မိ၏။ ဇစ်အား ဆွဲဖွင့်ကြည့်လိုက်ရာ မူးယစ်ဆေးဝါးပစ္စည်းအချို့အား အစီအရီထည့်ထားသည်ကို တွေ့ရှိရ၏။ အိတ်၏ဖွဲ့စည်းပုံမှာ ကျမ္မာဇီတွေကတောင် လက်မြှောက်ပေးရလောက်အောင် စည်းစနစ်ကောင်းမွန်စွာ တီထွင်ဖန်တီးထား၏။ အိတ်(၆)လုံးစလုံးတွင် ၎င်းအတိုင်းပါရှိလေ၏။ ဒါကြောင့်လည်း ကြီးကြီးကျယ်ကျယ်လုပ်နေသည်ဟု သတင်းရတာဖြစ်မည်။

အားလုံးကို နေရာမပျက်ပြန်လည်ထားလိုက်ပြီး သင်္ဘောပေါ်တွင် အသင့်လိုက်ပါလာသော မူးယစ်တပ်ဖွဲ့မှ ရဲမေတပ်ဖွဲ့ဝင် တချို့အား အင်္ကျီကော်လံတွင် အသင့်တပ်ဆင်ဆက်သွယ်ထားသော စကားပြော ဆက်သွယ်ရေးစက်ဖြင့် လှမ်းပြီး အကြောင်းကြားထားလိုက်ကာ ချစ်သူမိုးအလာကို ပုံမှန်အနေအထားဖြင့် စောင့်မျှော်နေလိုက်၏။

မကြာခင်မှာပင် ခုန်ဆွခုန်ဆွဖြင့် လျှောက်လှမ်းလာသည့် ချစ်သူမိုး ရောက်ရှိလာတော့ ခါးကလေးဖက်ပြီး အခန်းအတွင်းသို့ ပြန်လှည့်အဝင် –

"အဲဒီကောင်မတွေက ရသေ့တောင်ရောက်မှ စားမယ်ပြောတယ်။ မောင်နဲ့ မိုးသာ စားလိုက်ကြရအောင်နော်"

"မိုးဆာနေရင် စားလိုက်ပါ။ မောင် ဗိုက်သိပ်နေမကောင်းလို့ ဒီနေ့ထမင်းမစားတော့ဘူး။ ရသေ့တောင်ရောက်မှ မောင်လည်း ဆန်ပြုတ်တစ်ခွက် ဝယ်သောက်တော့မယ်"

"ဒါဆို မိုးစားတော့မယ်နော် ..."

ထမင်းချိုင့်လေးအားဖွင့်ကာ စတင်စားလေတော့သည်။ အပြစ်မဲ့သူကလေး တစ်ဦးပမာ စားသောက်နေသော ချစ်သူမိုးအား ငေးကြည့်နေရင်း ရဲပညာမျက်လုံးဖြင့် သူမခန္ဓာကိုယ်အား မသိမသာ အကဲခတ်လိုက်၏။ သူမ ထမင်းစားသောက်ပြီးမကြာပါ။ ရသေ့တောင်ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်နေပြီဖြစ်၍ အခန်းအပြင်ထွက်ကာ မူးယစ်တပ်ဖွဲ့မှ ရဲမေများနှင့် နယ်မြေခံရဲတပ်ဖွဲ့နှင့် ဆက်သွယ်

www.burmeseclassic.com

ပြုလုပ်ပြီး ငြိမ်နေလိုက်သည်။

သိပ်မကြာပါ။ မူးယစ်တပ်ဆွယ်မှ တပ်ဖွဲ့ဝင် ရဲမေတချို့နှင့် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်တချို့ ယူနီဖောင်းအပြည့်အစုံဖြင့် သူမသူငယ်ချင်း(၅)ဦးအား ခေါ်ဆောင်လာသည်ကို မြင်သောအခါ အံ့ဩထိတ်လန့် မုန်းတီးသည့် မျက်နှာဟန်အပြည့်နှင့် ကျွန်တော့်အားလှမ်းအကြည့်မှာ မူးယစ်တပ်ဆွယ်မှ တပ်ဖွဲ့ဝင် ရဲမေတချို့က–

"ကျေးဇူးတင်ပါတယ် ကိုရင်မောင်"

ဟုဆိုပြီး မိုးကို လက်ထိတ်ခတ်ဖမ်းဆီးခဲ့သည်။ ရဲမေတချို့မှ သူမတို့ ခန္ဓာကိုယ်အား အခန်းအတွင်း၌ လုံခြုံစွာဖြင့် ရှာဖွေစစ်ဆေးခဲ့ရာ အတွင်းခံ(ဘရာစီယာ) အကျီအတွင်း၊ရင်တုနှင့် တင်ပါးတွင် တင်ထုများ တပ်ဆင်ထားသည်။ ၎င်းတို့၏ အထဲတွင် စိတ်ကြွဆေးပြားများ တချို့အား စစ်ဆေးတွေ့ရှိရပြီး ပြည်သူ့လက်တွင် မဖြန့်ဝေမီ ကြိုတင်ကာကွယ်တားဆီး ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ ပစ္စည်းများအား သက်သေခံလူကြီးများ ရှေ့မှောက်တွင် ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ ရှာဖွေပုံစံတွင် ရေးသွင်း၍ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့သည်။

ချစ်သူမိုး(ခေါ်)သျှမ်းမိုးဝေတို့ အုပ်စုသည် ကျွန်တော်နှင့်တွေ့တွေ့ချင်း လှည့်ကွက်ဆင် အရောတဝင်ဖြင့် သံယောဇဉ်ညှို့ယူခဲ့ကြသည်။ ယူနီဖောင်းဝတ်ပြီး ခရီးသွားလာတတ်သည့် ကျွန်တော့်အပေါ် ချစ်သူဘဝဖြင့် ကောင်းကောင်းကြီး အခွင့်ရေးယူခဲ့သည်။ကားတစ်စီးလုံးလုံးငှား၍ မူးယစ်ဆေးဝါးများ သယ်ဆောင်သွားကြသည်။ ဒါကို တဏှာရာဂ အချစ်စိတ်မှုန်နေ၍ မရိပ်မိခဲ့သည်မှာကား အမှန်ပင်။ မိန်းကလေးတစ်ဦး၏ ညှို့ယူအားတွင် တပ်ဖွဲ့ဝင်တစ်ယောက်၏ ကျွန်ခြင်းဖြစ်သည်။ ကံကောင်း၍သာ ဒုက္ခမရောက်ခဲ့ရသည့် အဖြစ်ပင်။ သို့သော် နှလုံးသားထဲက ချစ်သူမိုးကိုကား မုန်းတီး၍မရနိုင်ခဲ့။ သူမအပေါ် အံ့ဩယူကြုံးမရဖြစ်မိခဲ့သည်။ သူတို့ဘဝရဲ့ လက်တွေ့အမှန်တရားကိုလည်း လက်ခံမိချေပြီ။

"မောင် ... မောင်ရဲ့ ချစ်ခြင်းတရားဟာ ဒါပဲလားမောင်။ ကိုယ့်ချစ်သူတစ်ယောက်ကို ရက်ရက်စက်စက် လက်ထိတ်ခတ်ပြီး ဖမ်းစီးခိုင်းဝံ့တဲ့ မောင့်ရဲ့ နှလုံးသားကို မိုးသေတစ်ပန် သက်တစ်ဆုံး .. မေ့မှာမဟုတ်ပါဘူးမောင်။ မောင်ပေးလိုက်တဲ့ အချစ်တွေဟာ မိုးဘဝအတွက် သင်ခန်းစာအဖြစ် တစ်သက်လုံး သတိရနေမှာပါ မောင်။

မောင့်ကို အစကတည်းက ခံစားတတ်တဲ့ နှလုံးသားမပါတဲ့ လူတစ်ယောက်လို့ မိုးသိခဲ့ရင် သိပ်ကောင်းမှာပဲနော် မောင်။ ဒါပေမဲ့ နှလုံးသားမပါတဲ့ မောင့်ကို မိုးနောက်ဆုံးစကား တစ်ခွန်းအနေနဲ့ မိုးပြောခဲ့မယ်။ မောင့်ကို မိုးဘဝထက်မက ချစ်တယ်မောင်။ မိုးဘဝထက်မက ချစ်ရတဲ့ ချစ်သူတစ်ယောက်ကပေးတဲ့ အပြစ်ဒဏ် မိုးကျေကျေနပ်နပ် ပြုံးပြုံးလေး မိုးခံယူသွားမှာပါ။ မောင်ကျေနပ်လိုက်ပါ။ မောင့်နိုင်ငံနဲ့ လူမျိုး။ မောင့်တပ်ဖွဲ့အတွက် မောင်တာဝန်ကျေပါတယ်။ မောင့်လို တာဝန်ကိုလေးစားတဲ့ သူတစ်ယောက်ကို မိုးချစ်ခွင့်ရခဲ့လို့လည်း မိုးဂုဏ်ယူမဆုံးပါဘူး။ မောင်ဆက်လုပ်စရာရှိတာ ဆက်လုပ်ပါမောင်။ မောင်ကံကောင်းပါစေ မောင်ရယ် ..."

မိုးရဲ့ နောက်ဆုံးစကားများ မမေ့နိုင်တော့ပါ။ မိုးနဲ့မောင် ဒီတစ်သက် ပြန်ဆုံကြမယ်ဆိုတာ မမျှော်လင့်တော့။မိုးရယ် မောင့်ကိုခွင့်လွှတ်ပါကွယ်။ဘယ်သူတစ်ယောက်မှ ကိုယ့်ရဲ့ချစ်သူတစ်ယောက်ကို အဲဒီလို ရက်ရက်စက်စက် လုပ်ချင်မှာ မဟုတ်ပါဘူးကွာ။ မောင်တို့ရဲတပ်ဖွဲ့ဝင်တွေမှာ တာဝန်နဲ့အချစ် ပတ်သက်လာခဲ့ရင် နှလုံးရဲ့ခံစားချက်ကို ထည့်မစဉ်းစားရဘူး မိုးရယ်။ ပေးအပ်တဲ့ တာဝန်အရ ဥပဒေအတိုင်းသာ ဆောင်ရွက်သွားရတယ်။ မောင့်ကိုပေးအပ်တဲ့တာဝန်ကို မောင်ကျေပွန်စွာဆောင်ရွက်ရပေမဲ့ မိုးရယ် .. မောင့်ရဲ့နှလုံးသား မောင့်ရင်ထဲမှာ ဘယ်လောက်ကြေမွနေတယ်ဆိုတာ မိုးမှမသိနိုင်တော့တာ။ မောင့်ရင်ထဲမှာ နှလုံးသားမရှိတာ မဟုတ်ပါဘူးကွာ။ ခံစားတတ်တဲ့ လူသားတစ်ယောက်ထဲက လူသားတစ်ယောက်ပါ မိုးရယ် ...။ဆွဲ့အနေတဲ့ မောင့်ရင်ထဲကစကားလုံးများနဲ့ အတူ ...

မူးယစ်တပ်ဖွဲ့မှ ရဲမေများထံသို့ လွှဲပြောင်းအပ်နှံခဲ့ပြီးသည့်တိုင် မောင့်ရင်ထဲက စကားတွေမိုးနားလည်အောင်၊ မိုးသိနိုင်အောင် မပြောနိုင်ခဲ့ပေမဲ့ မောင်တို့ရဲ့ အဖြစ်အပျက် ဇာတ်ကြောင်းလေးတွေကို 'မိုး'အမှောင်မှလွတ်မြောက်တဲ့ တစ်နေ့ (ပြစ်မှုတွေကို ဥပဒေနှင့် ဆေးကြောသန့်စင်ပြီးသည့်တစ်နေ့)ကျလို့ရှိရင် မိုးနားလည်သိမြင်နိုင်ပြီး ဖြူစင်သန့်ရှင်းသည့် လူ့ဘဝလမ်းခရီးထက် မိုးဘဝလျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းရင်း ချစ်သမျှသာလွမ်းရစ်လေပြီမယ် မိုးရယ်။

(မှတ်ချက် ။ ။ ဖြစ်ရပ်မှန်တစ်ခုအား သင်ခန်းစာယူနိုင်ရန် ယူနီဖောင်းဖြင့် ခရီးသွားလာတတ်တဲ့ တပ်ဖွဲ့ဝင်များ သတိထားဆင်ခြင်သုံးသပ်နိုင်ပါစေ)

**ချစ်ရင်မောင်(ကျောက်တော်)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဒရိုင်ဘာကာင်း

## ရှစ်ခွင်ကျော် - ဖော်ဝင်တော်သီ

၁၉၇၇ ခုနှစ်စ ပွင့်လင်းရာသီ ကာလ ကွန်ဖွိုင်(ယာဉ်တန်းများ) လမ်း နီသင့်လျော် ချောမွေ့ချိန်။ ကုန်းလမ်း ပို့ဆောင်ရေးဌာနပိုင် TE-11 ကုန်တင် ယာဉ်ကြီးတွေနဲ့ ကျိုင်းတုံတပ်နယ်နဲ့ အသခံပြည်သူတွေအတွက် ရိက္ခာနဲ့ အုပ်ချုပ်မှုပစ္စည်းတွေ သယ်ပို့စဉ်က ဖြစ်ပါတယ်။

ကျွန်တော်ဦးစီးတပ်ခွဲတစ်ခွဲဟာ ယာဉ်ပေါ် လိုက် လုံခြုံရေးတာဝန်နဲ့ တောင်ကြီး–ကျိုင်းတုံ ခရီးစဉ်အစ ဖြစ်တဲ့ အောင်သ ပြေစခန်းမှာ လိုက်ပါရ မယ့် တီအီးကားကြီးခေါင်းခန်းထဲ တက်ရောက်နေရာယူလိုက်ချိန်မှာ ဒရိုင် ဘာ မမြင်တွေ့ရပေမယ့် ဆတ်ပြား (ထိုင်းနိုင်ငံလုပ်တံဆိပ် အရက်ပုလင်း ပြား)နှစ်ဖာ (နှစ်ပါကင်) ဒရိုင်ဘာထိုင် ခုံမှာ မြင်တွေ့ရပါတယ်။

ပြည်ပကလာတဲ့ပစ္စည်း အပြင် လမ်းကြောင်းကိုဦးတည်နေတာ သဘာ ဝမကျလို့ ပဟေဠိလို ဖြစ်နေပါတယ်။

ကျွန်တော် စဉ်းစားခန်းဖွင့်နေဆဲ မှာပဲ ယာဉ်ပေါ်လိုက်ပါမယ့် ခရီးသည် (မှောင်ခိုကုန်သည်) တစ်ယောက်စ၊ နှစ်ယောက်စ ဆတ်ပြားတွေ ဒရိုင်ဘာ ခုံပေါ် လာတင်တာဟာ အပြားနှစ်ဆယ် ကျော်သွားပါပြီ။

ဆယ်ဦးမြောက်လောက်မှာ ဆတ် ပြားပုလင်းလာတင်တဲ့ ခရီးသည် လင် မယားကို သိလိုသမျှ မေးခွန်းထုတ် ကြည့်ပါတယ်။

"ဆတ်ပြားတွေ ဒီလောက် အများကြီး ဘာလုပ်ဖို့တုံး"

"ဒရိုင်ဘာကာင်း အတွက်လေ။ ဗိုလ်လုံလည်း ကျင်တတ်ရင် ကျင်ပေါ့"

မြန်မာလူမျိုးစစ်စစ် ဖြစ်ပေမယ့် သုံးနှုန်းနေကျ ရှမ်းစကားနဲ့ ဗိုလ်ကြီး လည်း သောက်တတ်ရင် သောက်ပါလို့ ပြောလိုက်တာပါ။

"အင်း ... သောက်တတ်ပါ တယ်။ ဒါပေမယ့် ကျိုင်းတုံမရောက် မချင်းဟာ တာဝန်ချိန်ပဲလေ။ ကျွန် တော် တာဝန်ချိန်မှာ မသောက်တတ် ပါဘူး။ ဒါနဲ့ မေးပါဦးမယ်။ ခင်ဗျားတို့ ဒရိုင်ဘာနာမည်က မောင်ကာင်းလား"

"ကြဲကြဲဖန်ဖန် ဗိုလ်လုံကလည်း ယာဉ်မောင်းမှာ ဘုရင်တစ်ဆူလို ကျွမ်း ကျင်လို့ ကျွန်တော်တို့ ခရီးသည်တွေက ရော သူတို့ဒရိုင်ဘာ အချင်းချင်းကပါ ဒရိုင်ဘာကာင်းလို့ နာမည်ပေးထားတာ ပါ"

"ဒါလောက် အရက်တွေအများ ကြီး ခင်ဗျားတို့ဒရိုင်ဘာကာင်း သောက် နိုင်ရဲ့လား"

ကျွန်တော့်အမေးကို အမျိုးသမီး က –

"တစ်လမ်းလုံး ဗိုလ်လုံ မြင်ရပါ လိမ့်မယ်။ ရေမသောက်ဘဲ အရက် ချည်းပဲ သောက်တာ"

လို့ ဝင်ဖြေပါတယ်။

"အရက်ကို ရေလိုသောက်မှ တော့ ခင်ဗျားဒရိုင်ဘာ မမူးဘဲ နေပါ့ မလား။ မောင်းလို့ကော ရပါဦးမလား"

"မူးတာပေါ့ ဗိုလ်လုံရယ်။ မျက် တောင်စင်း၊ ဖက်ကျိုးအောင် မူးတာ။ ဒါပေမယ့်နော် သောက်ချင်သလောက် သောက်၊ မူးချင်သလောက်မူး။ ကား မောင်းပြီဆိုရင်တော့ ကားအဆွဲ ငြိမ့်ငြိမ့် လေးပဲ။ ကျွန်မတို့များ သူမသောက် ဘူး၊ မမူးဘူးဆိုရင် စီးတောင်မစီးရဲဘူး"

ကျွန်တော်နဲ့ ခရီးသည်လင် မယား စကားကောင်းနေဆဲမှာပဲ ဖက် ကျိုးပြီး လမ်းမလျှောက်နိုင်အောင် အမူးလွန်နေသူ တစ်ယောက်ကို ခရီး သည်နှစ်ယောက် ဘယ်ညာထိန်းပြီး ကျွန်တော်လိုက်ပါမယ့်ကားဆီကို ခေါ် လာပါတယ်။

"အဲဒါ ဒရိုင်ဘာကာင်းပဲ ဗိုလ်လုံ"

ကျွန်တော်ခေါင်းညိတ်ပြီး အသိ အမှတ်ပြုလိုက်ပါတယ်။

တောင်ကြီး–ကျိုင်းတုံ လမ်း ကြောတစ်လျှောက်လုံးဟာ မြေပြန့် မြေ ညီ ဖြောင့်တန်းကျယ်ဝန်းတဲ့ လမ်းတွေ မဟုတ်ပါဘူး။ တောင်ခါးပန်းတွေကို ဖဲ့ပြီး ဖောက်ထားတာဖြစ်လို့ အတက် အဆင်းတွေ၊ အကွေ့အကောက်တွေ မရေမတွက်နိုင်အောင် ပေါများလှပါ

www.burmeseclassic.com

တယ်။ လွယ်လင်တောင်၊ ခေါင်းနွဲ့တောင်၊ မိုင်းပြင်းတောင် စပါယ်ရှယ် တောင်ကြီးတွေဟာ ပေလေးငါးထောင် အမြင့်ရှိတဲ့ တောင်ကြီးတွေပါ။ အောက်ခြေကိုကြည့်လိုက်ရင် လေးလုံးခြောက်ဖက် ရောမသစ်ပင်ကြီးတွေရဲ့ ပင်စည်ဖွေးဖွေးဟာ ခဲတံချောင်း အရွယ်လောက်ပဲ မြင်ရပါတယ်။ ဒရိုင်ဘာ တစ်ချက်ကလေး သတိလစ်ပြီး ချောက်ထဲကို ထိုးကျသွားရင် အသက်ရှင်ဖို့ လမ်းမရှိသလို ကားကိုလည်း ပြန်တင်ဖို့ ဘယ်လိုမှ စဉ်းစားလို့ မရပါဘူး။

အရက်ပဲ သောက်ပြီးဆိုမှတော့ မမူးဘဲနေပါ့မလား။ ဆတ်ပြားဟာ အရက်ပြင်းပါ။ ရေဆတူရောသောက်ရင်တောင် လည်ချောင်းထဲ ပူဆင်းသွားပါတယ်။ မီးဟုန်းဟုန်းတောက်တဲ့ သူ့ချည်းပဲ ရေမရောဘဲ သောက်လို့ကတော့ မီးကျီးခဲ မျိုချလိုက်သလို အဝင်ဆိုးမှာပါ။

စဉ်းစားရင်း ကျောချမ်းလာတယ်။ အဓိပ္ပာယ်မဲ့ မသေချင်ပါဘူး။

"ရှီး ..."

"တီ .. ပေါ် .. တီ"

ကျွန်တော် ကားရှေ့လေကာမှန်ကြီးကို ကြည့်ပြီး ဦးနှောက်စားနေစဉ်မှာပဲ ယာဉ်အုပ်စုမှူး (ကွန်ဗွိုင်အင်ချုပ်) ရဲ့ ခရာရှည်မှုတ်သံနဲ့အတူ ကားဟွန်းသံတွေလည်း ဆူညံသွားပါတော့တယ်။

"တို့အားလုံး နောက်ကားကို ပြောင်းမယ်ဟေ့"

ကျွန်တော် တပ်ခွဲရုံးအဖွဲ့ကို အမိန့်ပေးရင်း ကျွန်တော်ကိုယ်တိုင်လည်း ပစ္စည်းတွေ အသင့်ပြင်လိုက်ပါတယ်။

ကျွန်တော်တာဝန်ယူရမှာ ကျိုင်းတုံအထိ အကွာအဝေး ၂၈၂ မိုင် ရှည်လျားတဲ့ ခရီးရှည်ကြီးပါ။ မိနစ်၊ နာရီပိုင်းလောက်စီးရတဲ့ ခရီးတိုမဟုတ်လို့ တစ်လမ်းလုံး ရင်တထိတ်ထိတ်နဲ့ စီးရမှာပါ။ သုံးညအိပ်လေးရက် အချိန်ကာလကို သည်းထိတ်ရင်ဖိုစွာ ဖြတ်သန်းရမှာပါ။

မိုင်သုံးရာတောင် မပြည့်တဲ့ခရီးကို သုံးညတောင် အိပ်ရတယ်ဆိုရင် လက်ခံယုံကြည်စရာတောင် မရှိပါဘူး။ အဲဒီခေတ်ကာလက အမှန်တကယ် အိပ်ရတာပါ။ လမ်းခုလတ် ယာဉ်အပျက်အဆီးများလို့ အခန့်မသင့်ရင် မိုင်းပြင်းနဲ့ ကျိုင်းတုံကြား တုံတာမှာ ညအိပ်ရတာတောင် ရှိပါသေးတယ်။ ဒါကြောင့် သက်သာချောင်ချိရေးကိစ္စ၊ အုပ်ချုပ်မှုကိစ္စ၊ တပ်ကိစ္စတွေနဲ့ ခရီးသွားရပြီဆိုရင် လေယာဉ်နဲ့ပဲ သွားဖြစ်ပါတယ်။

ကျိုင်းတုံ–တောင်ကြီး အကွာအဝေး အဖြောင့်တိုင်းရင် ဘယ်နှမိုင်ပြောလို့မတတ်ပေမယ့် တောင်ကြီး (ဟဲဟိုး)–ကျိုင်းတုံကို ဖော်ကာဘတ်(စ်) ၂၇ နဲ့ဆို ၄၅ မိနစ်ပဲ စီးရပြီး ကျိုင်းတုံ တောင်ကြီး(ဟဲဟိုး) ခရီးစဉ်ကတော့ မိနစ်ငါးဆယ်၊ တစ်နာရီ ကြာတတ်ပါတယ်။ အကွာအဝေးတူပြီး အချိန်မတူတာက ကျိုင်းတုံကွင်းက တက်တဲ့အခါ ဟဲဟိုးကွင်းကို တိုက်ရိုက် ဦးတည်ပျံသန်းတာမဟုတ်ဘဲ ကျိုင်းတုံမြို့ပေါ်မှာ သုံးပတ်ဝဲပြီးမှ လမ်းကြောင်းတည့်ရလို့ပါ။ ကျိုင်းတုံမြို့ကို ဝန်းရံနေတဲ့ မိုးထိတောင်မြင့်ကြီးတွေနဲ့ လွတ်ကင်းအောင် အမြင့်ပေယူရလို့ဆိုတာ သိရှိရပါတယ်။

ဆိုခဲ့ပြီးတဲ့အတိုင်း လမ်းကြောတစ်လျှောက်လုံး မရေမတွက်နိုင်တဲ့ အကွေ့အကောက်၊ အတက်အဆင်းတွေချည်းပါ။ ခေါက်ရိုးကွေ့တွေ၊ လွန်းတိုကွေ့တွေဆိုရင် ဒရိုင်ဘာကင်းကို ပီပြင်စွာ မြင်ရပါတယ်။

ဒရိုင်ဘာကင်း ကျွန်တော့်ကို သူ့လက်တစ်ဖက်ထုတ်ပြီး လက်ပြပါတယ်။ တစ်ဖက်တည်းမောင်းလို့ ရတယ်ဆိုတဲ့ သင်္ကေတပါ။ လက်မထောင်ပြပါတယ်။ ကျွမ်းကျင်မှုရှိကြောင်း သင်္ကေတပါ။ လက်ချောင်းနှစ်ချောင်း ထောင်ပြပါတယ်။ အေးဆေးပါဆိုတဲ့ သင်္ကေတပါ။

ကျွန်တော်ကြည့်နေမှန်း သိသိကြီးနဲ့ လမ်းပြေတဲ့အခါ လက်ခုပ်တီးလှမ်းခေါ်ပါတယ်။ လက်နှစ်ဖက်လုံး လွှတ်မောင်းလို့ရကြောင်း ကြွားလုံးထုတ်တာပါ။

ကျွန်တော် အကြည့်ကို သူ့အပေါ် သိပ်အထင်ကြီးသလို၊ ချီးမွမ်းသလို၊ အံ့ဩသလို ကြည့်တယ်ဆို့ အထင်ရှိပုံရပါတယ်။ အမှန်က သနားစရာသတ္တဝါတစ်ကောင်လို၊ သေဘေးကိုမမြင်တဲ့ သိုးတစ်ကောင်လို ကြည့်ခြင်းပါ။

တစ်လမ်းလုံး တစွတ်စွတ်နဲ့ သောက်ပြီးသမျှ ဆတ်ပြားအခွံတွေ ထုတ်ပြီး မှောက်ခါပြပါတယ်။ ပြီးတော့ လမ်းဘေးကို ပစ်ချပြပါတယ်။ ပါသမျှ ဆတ် ပြား နှစ်ပါကင်လုံးရော အလွတ်တွေရောဟာ မိုင်းပြင်းအဝင်လောက်မှာတင် ကုန်သလောက် ရှိနေပါပြီ။ ခရီးဆုံး မရောက်လိုက်ပါဘူး။

အရက်သမား ရောက်လေရာမှာ အရက်မရှားပါဘူး။ မိုင်းပြင်းဟာ မြို့နယ်အဆင့်ရှိ မြို့ကြီးပါ။ ဈေးရှိတယ်။ အရက်ဆိုင်တွေ ရှိပါတယ်။ ပြီးတော့

www.burmeseclassic.com

ဒရိုင်ဘာကင်းကို ပြုစုမယ့် မှောင်နို့ညည့် ဒကာတွေလည်း ရှိပါတယ်။ ဒရိုင်ဘာကင်း အမြည်းကောင်းကောင်းနဲ့ ပင်ပန်းနွမ်းနယ်မှုကိုဖြေဖျောက်မှာပါ။

မိုင်းပြင်းဟာ လွင်ပြင်ပါ။ ညီညာပြောင့်ဖြူးတဲ့ မြေပြင်ရှိသလို ယာဉ်တန်း(ကွန်ဗွိုင်) ရပ်နားကွင်းဟာလည်း ညေမျက်နှာပြင်လို ညီညာပြီး ဘောလုံးနှစ်ကွင်းစာလောက် ကျယ်ဝန်းပါတယ်။

တောင်တက်တောင်ဆင်း အကွေ့အကောက် ခေါက်ချိုး လွန်းထိုးကွေ့တွေကို လက်လွှတ်မောင်းခဲ့တဲ့ ဒရိုင်ဘာကင်း၊ ဆတ်ပြား တစ်ပြားပြီး တစ်ပြား ရေသောက်သလို သောက်နိုင်တဲ့ ဒရိုင်ဘာကင်းအတွက် မျက်စိမှိတ်ပြီး တောင် ဓမောင်းပြမှာပါ။

"မောင်း ... ဖောင်း"

"တီ . . တီ ... တီတီတီ"

မိုင်းပြင်မှာတစ်ညအိပ်ပြီး နောက်နေ့ ယာဉ်တန်းတွေ တန်းစီနေရာယူစဉ်မှာ ကျွန်တော့်ဘေး တီအီးကားကြီးဆီက လက်ခုပ်သံရော ဟွန်းတီးသံပါ ကြားရလို့ ကြည့်လိုက်တော့ ဒရိုင်ဘာကင်း ကျွန်တော့်ကို လှမ်းခေါ်ခြင်းပါ။

"ဗိုလ်လုံ ... ကျွန်တော့်ကားနဲ့ လိုက်ခဲ့ပါ"

လို့ ဖိတ်ခေါ်ပါတယ်။ ကျွန်တော် ခေါင်းရမ်းပြတော့ ...

"ဘာလဲ ... ကျွန်တော့်ကို မယုံသေးဘူးလား" လို့ မေးပါတယ်။

"ယုံပါတယ်ကွာ ... ယုံပါတယ် ယုံပါတယ်"

"ယုံရင် လိုက်ခဲ့ပါ။ ကျွန်တော် ဒါရော၊ ဒါရော ပြုစုပါ့မယ်။ ပြီးတော့"

ပထမ ဒါရော လက်ဟန်ခြေဟန်ပြတာက ဆတ်ပြားနဲ့ ပြုစုပါ့မယ်၊ ဒုတိယ ဒါရောဆိုတာက ဘဲကင်ကြီးကို ထောင်ပြတာပါ။ အမြည်းကောင်းပါတယ်ပေါ့။ ပြီးတော့ ဆိုပြီး တစ်ဖက်ကို လှည့်လိုက်တာက ခေါင်းခန်းထဲက နန်းဖျံကို ရည်ညွှန်းလိုက်တာပါ။

နန်းဖျံဆိုတာ ဒရိုင်ဘာကင်းတို့ နှုတ်ဖျားက ကွန်ဗွိုင်မယ်လို့ ခေါ်တဲ့ အချောအလှလေးပါ။

ကျွန်တော် အကြောက်အကန် ငြင်းလိုက်ပါတယ်။ အမှန်တော့ ကျွန်တော့်ကိုရော၊ ကျွန်တော့်ရဲဘော်တွေကိုပါ သေမင်းက လက်မခံဘဲ တွန်းထုတ်လိုက်ခြင်းပါပဲ။

"ရှိုး ..."

ကွန်ဗွိုင်အင်ချုပ် ခရာရှည်မှုတ်ပြီး ဟွန်းသံတွေ၊ စက်သံတွေ ဆူညံစွာနဲ့ ထွက်ခွာခဲ့ပါတယ်။ မြို့အထွက်မှာတော့ လမ်းပြင်တဲ့ မြေထိုး၊ မြေညှိ၊ မြေသယ်တဲ့ ကားဝါကြီးတွေ အစီအရီ တွေ့ရပါတယ်။

ပွင့်လင်းရာသီ ရောက်ပြီဆိုရင် ဒီလိုပဲ လမ်းပန်းအဆင်ပြေချောမွေ့စေဖို့ ပြုပြင်ပါတယ်။ ဘယ်လောက်ပဲ ပြင်ပြင် မိုးတွင်းဆို တောင်ပြို၊ ရေတိုက်စား ရေစီးကြောင်းကျလို့ လမ်းတွေ ပျက်စီးတော့တာပါပဲ။ နောက်နှစ် ကွန်ဗွိုင်ရောက်ပြီဆိုရင် ထပ်ပြင်၊ ထပ်ပျက် သံသရာလည်နေတော့တာပါ။

"ဝုန်း ..."

"လာကြပါဦး .. ကယ်ကြပါဦး"

"တီ ... ပေါ် ... တီတီ"

သတ်မဲ့တုန်ဟီးသံ၊ သက်ရှိအော်မြည်သံ၊ ကားဟွန်းသံတွေ အပြိုင်ကြားနေတဲ့ ကြားကပဲ ...

"ကား ... အက်စီးဒင့်"

ဖြစ်လို့ဆိုတဲ့ အသံဖောက်ထွက်လာပါတယ်။

ကျွန်တော်လည်း ကားတံခါးဖွင့် ခုန်ဆင်းပြီး ကိုက်နှစ်ရာလောက်အကွာ အဝေးရှိတဲ့ အက်စီးဒင့်ဖြစ်တဲ့နေရာကို ပြေးကြည့်ပါတယ်။

လမ်းဘေးရပ်ထားတဲ့ မစ်ဆူဘီရှိ မြေသယ်ကားဝါကြီးတစ်စီးရဲ့ နောက်တည့်တည့်နဲ့ ဝင်အောင်းလိုက်တာ တီအီးကားကြီး ခေါင်းတစ်ခုလုံး ကျုံ့ဝင်နေပါတယ်။ လေကာမှန်ကွဲစတွေ ကားပေါ်မှာရော၊ လမ်းပေါ်မှာပါ ပြန့်ကြဲနေပါတယ်။

"ဒရိုင်ဘာကတော့ ပွဲချင်းပြီးပဲ"

ကွန်ဗွိုင်အင်ချုပ် ပြောစကားအရ ကျွန်တော်ကားနံပါတ်ကို ကြည့်လိုက်ပါတယ်။ တစ်နေ့ ဒီလိုဖြစ်မယ်ဆိုတာ ကြိုတွက်ထားပြီးဖြစ်လို့ သိပ်တော့ အံ့ဩတုန်လှုပ်သွားခြင်း မဖြစ်ပါဘူး။

"ဒရိုင်ဘာကင်း"


ဟုတ်ပါတယ်။ ဒရိုင်ဘာကင်းဟာ မှောင်နို့မယ် အချောအလှ နန်းဖျံကိုပါ အဖော်ခေါ်သွားပါတယ်။

အလမ္မယ်ဆရာ မြွေကိုက်လို့သေ၊ လှေသမား ရေနစ်သေ၊ ဒရိုင်ဘာကားနဲ့သေ နိယာမသဘောတရားတွေဖြစ်လို့ အဆန်းမဟုတ်ပေမယ့် ဒရိုင်ဘာကင်း ဒါလောက် ကျွမ်းကျင်ပါလျက် ဘာကြောင့် ဒီလိုဖြစ်ရလဲလို့ စဉ်းစားကြည့်တဲ့အခါ ယာဉ်ထိန်းရဲ ဆောင်ပုဒ်လေး သတိရလိုက်ပါတယ်။

"မူးရင် မမောင်းနဲ့၊ မောင်းရင် မမူးနဲ့" ... ဆိုတာပါပဲ။

ရှစ်ခွင်ကျော်–ဖောင်တော်ဦး

www.burmeseclassic.com



www.burmeseclassic.com

ယခုဇာတ်လမ်းနှင့် ပတ်သက်ပြီး "ညစျေးတန်း"ဟူ၍လည်းကောင်း၊ "မညီမျှသော တန်ဖိုးများဟူ၍လည်းကောင်း"ခေါင်းစဉ်အဖြစ် အသုံးပြုရန် ကျွန်တော် တစ်မျိုးပြီးတစ်မျိုး စဉ်းစားကြည့်မိခဲ့ပါသေးတယ်။

သို့ပေမင့် ဇာတ်လမ်း၏ အခင်းအကျင်းအား အစမှ အဆုံးတိုင် ကျွန်တော် အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်မိပြီးသည့် နောက်ဝယ် ကျွန်တော်၏ရင်တွင်း၌ ခံစားမိခဲ့သော နောက်ဆုံး အနှစ်ချုပ်သည် "ဖြစ်ရပ်မှန်သော ဇာတ်လမ်း"တစ်ခုမျှသာ ဖြစ်ကြောင်း အပ်ကြောင်းထပ်သည့်ပမာ အဖန်တလဲလဲ ခံစားရရှိခဲ့ရပါတယ်။

ဒါကြောင့် ဇာတ်လမ်းမစမီ ယခုတည်းကပင် စာချစ်သူတို့အား ကျွန်တော်မှ တင်ကြိုမေတ္တာရပ်ခံ ပြောကြားလိုပါတယ်။ ယခုဇာတ်လမ်းသည် စာရေးသူ၏ စိတ်ခံစားမှုတွင် တိမ်းညွတ်ဖြစ်ပေါ်လာသော စိတ်ကူးယဉ်ဇာတ်လမ်းအား ကွန့်မြူးထားသည့် 'ဝတ္ထု'သာလျှင် ဖြစ်ပါတယ်ဟူ၍။

•••••

# ဂျာအရာသည် ဝတ္ထုဖြစ်ပါသည်

■ မောင်ဆွေ(တောင်ငူ)

ဆင်းရဲခြင်း ချမ်းသာခြင်းဆိုတဲ့ လူတန်းစား နှစ်ရပ်ရဲ့ အလွှာခြားနားမှုဟာ ကျောက်ခေတ်ကို လွန်မြောက်ပြီး ယဉ်ကျေးစ ပြုလာခဲ့ကြတဲ့ အချိန်ကာလလောက်ကတည်းက အခြေပြု စတင်လာခဲ့တယ်လို့ ကျွန်တော်က တော့ မှန်းဆလက်ခံထားမိတယ်။

အဲဒီ ယဉ်ကျေးမှုအစပြု ဖြစ်ထွန်းခါစ ကောက်ပဲသီးနှံတွေ စတင်စိုက်ပျိုး စားသောက်လာတတ်ခြင်း၊ တိရစ္ဆာန်အရိုင်းအစိုင်းများကို ယဉ်ပါးအောင် ထိန်းကျောင်းမွေးမြူလာတတ်ကြခြင်းဆိုတဲ့ ယဉ်ကျေးမှု အစောပိုင်းကာလ အချိန်များတုန်းကတော့ ဆင်းရဲခြင်း ချမ်းသာခြင်းဆိုတဲ့ အလွှာကွဲပြားခြားနားမှုဟာ လူမျိုးစုတွေထဲမှာ သိသာထင်ရှားလွန်းလောက်အောင် မရှိခဲ့သေးပေမယ့် ကုန်ပစ္စည်းချင်းဖလှယ်ခြင်း၊ ငွေကြေးအသုံးပြုပြီး လူမျိုးစုအတွင်းနဲ့ လူမျိုးစုတွေ တစ်စုနဲ့တစ်စုအကြား ကုန်ရောင်းဝယ် ကုန်သွယ်မှုတွေ စတင်ပေါ်ပေါက်လာတဲ့ အချိန်ကာလမှစပြီး ဆင်းရဲခြင်း ချမ်းသာခြင်း လူတန်းစား အလွှာကွဲပြားမှုဟာ တောတောင်ရေမြေရာသီဥတု အဆိုးအကောင်းတွေအပေါ်မှာ အခြေခံပြီးတော့ရယ်၊ လူတစ်ဦးချင်းစီရဲ့ လုံ့လဝီရိယကွာခြားမှု၊ စည်းစနစ်ကျနသေချာမှု၊ အမှုအကျင့်တွေ၊ တီထွင်ကြံဆတတ်မှု အရည်အသွေးစတဲ့ လိမ္မာပါးနပ်မှုတွေ၊ ပျင်းရိလေးတွဲ့မှု၊ ရေသာခိုမှု၊ တစ်ဦးချင်းဆီ တာဝန်မကျေပွန်မှု၊ အသိပညာချို့တဲ့မှု၊ ရေခံမြေခံမကောင်းမှု အစရှိတဲ့ အခြေအနေ အရပ်ရပ်ပေါ်မူတည်ပြီး သိသာထင်ရှားစွာ ကွဲပြားခြားနားလာခဲ့ပြီး သမိုင်းဦး ဘုံမြေစနစ်၊ ကျေးကျွန်ပိုင်စနစ်လို အရင်းရှင်ဝါဒ ထွန်းကားလာတဲ့ တိုင်းပြည်တွေမှာ ပိုနဲ့ခြားလို သိသာထင်ရှားစွာ ကွာဟဖြစ်ပေါ်လာခဲ့တယ်။

ဒီလို အခြေအနေရောက်ပြီဆိုရင် ရေကြည်နဲ့ရေနောက်လို့ အရောင်အဆင်း၊ အနံ့၊ အရသာ ကွဲပြားစွာ သူ့မျိုးရိုးနဲ့သူ ဆင့်ဆက်မပြတ် စီးဆင်းသွားတော့မှာပဲလေ။

ရေကြည်ထွက်တဲ့တွင်းဟာ ရေကြည်တွေပဲ ဆင့်ဆက်မပြတ် ထွက်ရှိနေမှာဖြစ်သလို ရေနောက်ပဲထွက်တဲ့တွင်းဟာလည်း ရေနောက်သာ စဉ်

www.burmeseclassic.com

ဆက်မပြတ် ထွက်ရှိနေမှာ။ ဒါ ... နိယာမပဲလေ။

ရေနောက်ချည်းပဲ သမိုင်းစဉ်ဆက် ထွက်ရှိနေတဲ့တွင်းက ရေကြည်တစ်ပေါက် ရရှိထွက်ပေါ်လာဖို့ဆိုတာ အတော့်ကိုကြီးမားတဲ့ ရင်းနှီးပေးဆပ်မှုတွေနဲ့ အရင်းတည်ကြိုးစားပါမှ ရေကြည်တစ်ပေါက် ဖြစ်ကောင်းဖြစ်လာနိုင်ပေမယ့် ရေနောက်အားလုံးကို စဉ်ဆက်မပြတ် ရေကြည်ဘဝ ပြောင်းလဲပေးဖို့ ဆိုတာကတော့ အတော့်ကို မဖြစ်နိုင်တဲ့ကိစ္စပဲလို့ ကျွန်တော် ဒီလိုပဲ မြင်မိတယ်။

ရာဇဝင်နဲ့ချီပြီး မျိုးရိုးစဉ်ဆက်တစ်လျှောက် ချမ်းသာကြွယ်ဝလာခဲ့ကြတဲ့ မိသားစုတွေက ပေါက်ဖွားလာကြတဲ့ မျိုးဆက်သစ်ကလေးတွေအတွက် လမ်းဆက်လျှောက်ဖို့ ငွေပင်ငွေရင်းဆိုတာ မတောင့်မတ မကြောင့်မကြရဘဲ အလျှံအပယ် ရေကန်အသင့်ကြာအသင့်။

ဆင်းရဲတဲ့ မိသားစုက ပေါက်ဖွားလာတဲ့ မျိုးဆက်သစ်တွေအတွက်ကျတော့ အရင်းအနှီး ငွေပင်ငွေရင်းနေနေသာသာ ကံဆိုးရင် ပညာရေးဘက်မှာတောင် တစ်တန်းနှစ်တန်းလောက်နဲ့ ရပ်ပြီး ကလေးကို မိသားစုစားဝတ်နေရေး အကျပ်အတည်း မနိုင်ဝန်ကို အရွယ်မရောက်သေးခင်ကတည်းက ဖွတ်အတင်း ပိုင်းကူထမ်းခိုင်းချင်တဲ့ မိဘက ခပ်များများရယ်။ မိဘတွေကိုယ်တိုင်က ဒီလိုမျိုးပဲ ငယ်စဉ်ကတည်းက ဆင်းရဲခြင်းအမွေဆိုးကို ဆက်ခံသူ မျိုးဆက်တွေဖြစ်ခဲ့ရပေသကိုး။ ဒီတော့လည်း အရင်းအနှီးမဲ့လူတန်းစားမျာ ဆင်းရဲတွင်းနွံက ရုန်းမထွက်နိုင်ကြတော့ဘဲ ဆင်းရဲခြင်း ရွံ့ညွန်ဗွက်အိုင်ထဲမှာ လုံးချာလိုက်နေကြသူတွေ ကမ္ဘာပေါ်မှာ ဒုနဲ့ဒေးပဲ။ ကျွန်တော်တို့တိုင်းပြည်ထဲမှာလည်း ဒီလိုမျိုး ဆင်းရဲသားလူတန်းစားတွေကို မတွေ့ချင် မမြင်ချင်အဆုံး။ အထမ်းသမား၊ အလုပ်ကြမ်းသမား၊ မရမော့မော့ ရမော့မော့ ဆိုက္ကားဆရာများ၊ ပန်းရန်လုကြမ်း၊ လက်သမားလုကြမ်း၊ လမ်းဘေးဈေးသည်၊ ကြုံရာကျပန်းလုပ်ကြရတဲ့ လူတန်းစားတွေ စတာစတာတွေပေါ့။

ကိုင်း ဒီလိုမျိုး ဆင်းရဲသား လူတန်းစားထဲကမှ ကိုလူလူဆိုတဲ့ လူတစ်ယောက်ရဲ့ ဘဝစာမျက်နှာ တစ်ဝက်တစ်ခြမ်းကို ဖွင့်ကြည့်လိုက်ကြပါစို့ရဲ့။

•••••

"ဟေ့ ...ကိုလူလူ၊ ဒီကနေ့ ဘယ်ကိုသွားမလဲ။ ကျုပ်ကတော့ ဈေးဘက်သွားမလို့"

"ဩော် ...အေး။ တင်ဝင်း ပါလားကွ။ မင်းကတော့ စက်ဘီးရှိသမို့ သွားနိုင်တာပေါ့ကွ။ အရွယ်ကလည်း ငါ့ထက်စာရင် ငယ်သေးပေသကိုး။

ငါကျတော့ ဒီသံလမ်းဘက်ခဏသွားမဟေ့။ ရထားပေါ်က ပစ်ချတဲ့ ရေသန့်ဘူးလေးဘာလေး ရှာမှာပေါ့ကွာ။ ပြီးမှ ဘုရားလမ်းဘက်က အမှိုက်ပုံးတွေဘက် သွားတော့မယ်"

ကိုလူလူဆိုသူက စံပယ်ခြံဘက်တွင် နေသည်။ နာမည်က လူလူဆိုသော်လည်း ဘဝကမလှပါချေ။ ဆင်းရဲသားမိသားစုမှ ပေါက်ဖွားလာသည့် မျိုးဆက်သစ်တစ်ဦး ဖြစ်ခဲ့သူပီပီ ငယ်စဉ်ကလည်း ပညာက ကောင်း… မသင်ခဲ့ရ။ ပညာကိုအခြေခံသော အလုပ်အကိုင် မျှော်မှန်းမရ၍ ငယ်… ကတည်းက လက်ဖက်ရည်ဆိုင် တကာလိုက်၍ စားပွဲထိုးလုပ်၍ မိ… များနှင့်အတူ စားဝတ်နေရေးအတွက် ဘဝကို ရပ်တည်ခဲ့ရသည်။

အသက် ၂၀ အရွယ်ရောက် တော့ စံပယ်ခြံရပ်ကွက်က ဘ… ဆင်းရဲသား မိသားစုမှ မနှင်းမွှုံနှင့် … ထောင်ကျခဲ့ပြီး ယခုအသက် … ကျော်လာချိန်အထိ သားသမီးလေး… ထွန်းကားခဲ့ပြီး ဆင်းရဲသားမိသား… ဘဝ၏ မျိုးရိုးဂုဏ်ကို ဆက်၍ … ရှောက်ထိန်းသိမ်းခဲ့ကြရသည်။

ဝင်ငွေနှင့်ထွက်ငွေ မမျှတခြင်း… အပေါ် အခြေခံ၍ ချမ်းသာကြွယ်… များနှင့် ဆင်းရဲနွမ်းပါးမှုများ ဂုဏ်… တစ်မျိုးစီကို ပိုင်ဆိုင်ထားကြသော … တန်းစား အလွှာနှစ်ရပ်တို့တွင် 'ထ… စရာ'မရှိသောသူနှင့် 'စားစရာ'… သောသူဟူ၍ တင်စားပြောဆို… သော ခေတ်အခြေအနေအတိုင်း … စကားတစ်ခုမှာ ကျယ်ပြန့်စွာ ရေ… စားလျက် ရှိနေပါသည်။

လူအချို့၏ ဝင်ငွေမှာ တစ်… အမြတ်ငွေ သိန်းပေါင်းဘီလျံနှင့်… နေ့စဉ်ဝင်နေပြီး အစွန်းထွက်ကိုပင် … စဉ်ကုန်အောင် သုံးစွဲစရာ သုံး၍မ… နိုင်သော အဆမတန်များပြားသ… အမြတ်အစွန်းများရနေကြသည့် … စရာနေရာမရှိသော၊ ထားစရာ… အောင် ပိုလျှံနေသော ကျိုက… ချမ်းသာနေကြသော်လည်း ဒီသိ… ပီးယားနိုင်ငံမှာကဲ့သို့သော တိုင်းပြည်…



www.burmeseclassic.com

www.burmeseclassic.com

သူအများတို့မှာ ငတ်မွတ်ခေါင်းပါးသော အငတ်ဘေးပြဿနာကို ယနေ့အထိတိုင် နှစ်ပေါင်းရှည်ကြာစွာ ခါးစည်းခံနေကြရသည့် စားစရာမရှိသော သူတန်းစားတို့မှာမူ နောင်နှစ်ပေါင်းများစွာလည်း ဆင်းရဲခြင်းလမ်းကို မလျှောက်ချင်ဘဲ လျှောက်နေကြရဦးပေမည်သာ။

ကိုလူလုတို့ အခြေအနေကတော့ အီသီယိုပီးယားလောက်တော့ မဆိုး။ သို့သော် ယနေ့ခေတ်၌ တိုးတက်ပြောင်းလဲလာသော လူနေမှုစနစ် ဘဝအခြေအတိုင်း စွန့်ပစ်ပစ္စည်းများ အမျိုးအစားများပြားလာသကဲ့သို့ တစ်ဖက်မှလည်း တိုးပွားလာသော ပလတ်စတစ်ကောက်သည့် ဆင်းရဲသားလူတန်းစား ဦးရေကလည်း ဒီရေအလားပေမို့ လူတစ်ယောက် ပျမ်းမျှ တစ်နေ့ကုန်ကျစရိတ် ၇၀၀/၈၀၀ ဖိုးအား ကာမိစေရန် မြို့ရွာအနှံ့ အမှိုက်ပုံတကာအမှိုက်ပုံ လှည့်ပတ်၍ အမှိုက်ကောက်ကြရပါသည်။

ရေသန့်ဘူးခွံ၊ ဘီယာဘူးခွံ၊ အအေးဘူးခွံ၊ ဂျပ်စက္ကူခေါ် ကတ်ထူစက္ကူ ဘူး၊ သံတိုသံစ အဟောင်းအဆွေး စက်ဘီးချိန်းကြိုး၊ ဆိုင်ကယ်ချိန်းကြိုး စသည်များအား တစ်နေကုန်အောင် ရှာဖွေကောက်ယူကြရသည်မှာ ကြက်များ အစာကောက်သည့်နှယ် စားလုတ်(ကြက်လည်စလုတ်) သေးသေးကိုပင် ပြည့်အောင် မဖြည့်နိုင်ကြသည့် ကြက်များဘဝပမာသို့နှယ်။

မိသားစု ခြောက်ယောက်ရှိသည့် ကိုလူလုတို့အိမ်၌ သမီးအကြီးဆုံး ၁၇ နှစ်အရွယ် ခင်မြတ်မူက သူ့အမေနှင့်အတူ ဆေးလိပ်လိပ်၊ ၁၅ နှစ်အရွယ် ဒုတိယသား ဖိုးထောင်နှင့်၊ ၁၃ နှစ်အရွယ် တတိယသား ဖိုးမောင်တို့ နှစ်ယောက်က လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုး ဆိုင်အိပ်ဆိုင်စား။ အငယ်မ ခုနစ်နှစ်သမီး သီတာက ကျောင်းနေတုန်း ဒုတိယတန်း။

မိသားစုစီးပွားရေးက နဲ့သမားပါးနှယ် ပိန်ချည့်ဖောင်းချည့် မဟုတ်။ လေမမှုတ်ရသေးသော ပူဖောင်း သဖွယ် အမြဲတမ်း ပြားချပ်နေသည်။ လက်လှုပ်မှ ပါးစပ်လှုပ်နိုင်ကြသော အခြေ။ 'နေ့ဖို့'သာရှိပြီး 'ညစာ'မရှိသော အနေအထား။ ပသို့ဆိုစေကြား သူတကာတွေလို ပိန်းအိတ်ကိုင်းတစ်လွယ်ကာ ဟိုအိမ်ဝင် သည်အိမ်ချောင်း အလစ်မသုတ်။ ထဘီမရုပ်။ လက်ဖြန့်ကာ တောင်းမစား။ ကိုယ့်ဒူးကိုယ်ချွန်ကာ ရုန်းကန်လှုပ်ရှား၍ ရိုးရိုးကျင့်ခဲ့ကြတော့ ကိုလူလုဘဝမှာ နာမည်လှသော်လည်း ဘဝက နေမြဲ၊ ဆင်းရဲမြဲ၊ နုံချာမြဲ၊ မွဲတေမြဲ၊ မဆန်းရေးချ မဆန်း။

ယခင်က ဝေးဝေးလံလံ သွားလာနိုင်သော်လည်း ယခု အသက်ကလေးရလာပြီမို့ သိပ်ဝေးဝေး မသွားနိုင်၍ ရပ်ကွက်နှင့်နီးသော သံလမ်းဘက်သို့ ခေါင်းငုံ့လျှောက်ကာ တွေ့သမျှ ကောက်ယူနေခြင်းဖြစ်၏။

ရထားလမ်းဘေးမို့ ရေသန့်ဘူးခွံ တစ်ခုတလေ၊ .အချိုရည်ဘူးခွံ တစ်ခုတလေမှအပ သိပ်မတွေ့ရ။ ဒါပေသိ ရထားသံလမ်းတွင်သုံးသော ဖာဝီခေါင်းခေါ်သည့် နတ်ခေါင်းကြီးတစ်လုံးတွေ့တော့ ကောက်ယူခဲ့သည်။ သံချေးတက် အဟောင်းကြီးပါပေ။ ဟိုတစ်လောက ကားကို ရထားမှ တိုက်မိပြီး တွဲများချော်၍ သံလမ်းပျက်စီးသွားခဲ့မှုကြောင့် သံလမ်းလုပ်သားများ ပြုပြင်ရင်း ထွက်ကျကျန်နေခဲ့လေသလား မသိ။ အဟောင်းအမြင်း သံချေးတက်မို့ လွှင့်စဉ်ကျန်ရစ် ချန်ထားခဲ့လေသလား မသိ။ သံတစ်ပိဿာ ၁၅၀ ကျပ်ရသည်မို့ ငါး ကျပ်သားလောက်ရှိသော ဖာဝီနတ်ခေါင်းက ငါးကျပ်တစ်ဆယ်လောက်တော့ ရကောင်းပါရဲ့ဟု တွေးကာ ကောက်ယူခဲ့လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ရောင်းရတာပဲလေ"

"ဟေ့လူ ... နေဦး"

နောက်နားဘက်ဆီမှ နက်ကျောကျောအသံနှင့် အမိန့်ပေးလာသူ အသံကြောင့် လှည့်ကြည့်လိုက်မိရင်း ကိုလူလုမှ ...

"ဘာကိစ္စလဲ"

"ဟိုမှာ .. လမ်းဗိုလ်လေး မေးနေတယ်။ ခင်ဗျား ဘယ်ကလဲတဲ့ လိုက်ခဲ့ဦး"

လက်တွင်း၌ ခါးစောင်းခန့်မြင့်သော ကြီးမားလေးလံလှသည့် မူလီကျော်သော ခွကြီးအား ပခုံးမှ ထမ်းလာသူ၏ ဟန်ပန်ကြောင့် ဂိုဏ်းကူလီခေါ် သံလမ်းလုပ်သား တစ်ဦးဖြစ်ကြောင်း သိလိုက်ပြီး ၎င်း၏နောက်၌ သန့်ပြန့်စွာဝတ်ထားသည့် လမ်းဗိုလ်ဖြစ်ဟန်တူသူနှင့် အခြားသံလမ်းလုပ်သား သုံးလေးဦးခန့် တွေ့လိုက်ရသဖြင့် ၎င်းတို့ခေါ်နေရာသို့ အေးဆေးစွာပင် သွားလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ၊ ဘယ်ကလဲ"

"ကျွန်တော့်နာမည် ကိုလူလုပါ ဟောဒီ စံပယ်ခြံရပ်ကွက်ကပါ။ ဘာကိစ္စရှိလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားလက်ထဲက ဇာဝီနတ်ခေါင်း ဘယ်ကဖြုတ်ခိုးလာတာလဲ"

"ခင်ဗျာ ... ကျွန်တော် ဖြုတ်ခိုးလာတာ မဟုတ်ပါဘူး။ ပောပဲ့နား က တွေ့လို့ပါ။ ဟိုတစ်လောက ကားနဲ့ရထား တိုက်မိတုန်းက သံလမ်းတွေ ပြုတ်ထွက်ပျက်စီးသွားလို့ အဲဒီတုန်းက ကျန်ခဲ့တဲ့ ဇာဝီနတ်ခေါင်း အဟောင်းကြီးထင်လို့ ကောက်ခဲ့တာပါ"

"မရဘူးဗျာ။ ရဲစခန်းရောက်မှ ရှင်း"

"ဟာ ... မလုပ်ကြပါနဲ့ဗျာ"

•••••

"လမ်းဗိုလ်လေးရေ။ ကျွန်တော် တစ်ခု မေတ္တာရပ်ခံချင်တယ်။ ဒီဇာဝီနတ်ခေါင်း ဘယ်လောက်တန်ဖိုးသင့်ရမလဲ"

အမှုစစ်လည်းဖြစ်၊ တာဝန်မှူးလည်းဖြစ်သော ရဲအရာရှိတစ်ဦးမှ မေးလိုက်သဖြင့် ....

"၁၅၀၀ လောက် တန်ပါတယ်"

"ဒါဆိုရင်လည်းဗျာ ဒီ ၁၅၀၀ ကို ကျွန်တော်စိုက်ပြီး ပေးသွင်းပါ့မယ်။ သူ့ရဲ့ လက်ရှိအခြေအနေအမှန်ကို သုံးသပ်ကြည့်ရင် သူ့ဘဝရော သူ့မိသားစုဘဝပါ နာကျင်ထိခိုက်လောက်အောင် နစ်မွန်းသွားနိုင်လို့ လူသားအချင်းချင်း သက်ညှာပေးစေချင်ပါတယ်"

"မရဘူးဗျာ။ ဥပဒေအတိုင်းပဲ လုပ်ပါ။ မဟုတ်ရင် ခင်ဗျားတို့ အမှုမဖွင့်ပေးပါဘူးဆိုပြီး ကျွန်တော် အထက်အကြီးအကဲတွေဆီကို စာတင်ရလိမ့်မယ်"

"အမှုဖွင့်တာ လွယ်ပါတယ်။ လူတစ်ယောက်ရဲ့ဘဝသာမက မိသားစုတစ်ခုလုံးရဲ့ ဘဝကိုပါ နစ်မွန်းသွားစေနိုင်လို့ လမ်းဗိုလ်လေးကို မေတ္တာချပ်ခံကြည့်တာပါ။ ဒါပေမယ့် ကျွန်တော်တို့ အမှုဖွင့်လိုက်ပါပြီ။ ကဲ ... ကိုလူလှရေ၊ ပုဒ်မ-၆(၁) နဲ့ ရင်ဆိုင်ဖို့ ပြင်ပေတော့ဗျာ။ ခင်ဗျားကိုက ကံဆိုးပါတယ်။ ပြည်သူပိုင်ပစ္စည်းကိုမှ သွားကောက်ယူမိပေတာကိုး။ ကိုင်း ... ရဲဘော်တို့၊ သူ့ကို အချုပ်ထဲ ထည့်လိုက်ပါပေ့"

"ဗျို့ ... ဗိုလ်ကြီး။ မီးရထားသံလမ်းက နတ်ခေါင်းတွေ ဖြုတ်ခိုးတဲ့ သူခိုး မိထားတယ်ဆိုလို့"

ကျွန်တော့်စကား ဆုံးသော်လည်း အမှုစစ်အရာရှိမှာ မအီမသာ မျက်နှာထားဖြင့် အမှုဖိုင်တွဲတစ်ခုအား ထိုးပေးလာ၏။

"ရော့ဗျာ အဲဒီမှာ တိုင်ချက်"

F.I.R ခေါ်သော ပထမသတင်းပေးတိုင်ချက်အား ဖတ်ကြည့်လိုက်ပြီး ပစ္စည်းစာရင်းအား ဖတ်ရှုလိုက်သော အခါ (၁) လက်ပတ်နာရီ လက်ပတ်ကြိုးအဟောင်းအပြတ် တစ်ခု၊ မာတ်ခဲနာရီ ကြိုးမပါသော ဒိုင်ခွက်အဟောင်း တစ်လုံး၊ ရေသန့်ဘူးခွံ အဟောင်း တစ်လုံး၊ အချိုရည်ဘူးခွံ အဟောင်း တစ်လုံး၊ လေးလက်မ သံချောင်း အဟောင်း အကောက်တစ်ခု၊ ပလတ်စတစ် အရုပ်အသေး အဟောင်း တစ်ခု၊ ရထားသံလမ်း ဇာဝီနတ်ခေါင်း အဟောင်းတစ်ခု။

"ဟင် ..."

ကျွန်တော် များစွာတုန်လှုပ်အံ့ဩသွား၏။

"ဒါလေးနဲ့ အမှုဖွင့်တယ် ဟုတ်လားဗိုလ်ကြီး"

"အေးဗျာ၊ ဘယ်လိုမှ တောင်းပန်ပေးလို့ မရဘူး။ အဲဒီလမ်းဗိုလ်က အမှုဖွင့်တာဆိုတော့ ဖွင့်လို့ရတာပေါ့ဗျာ"

"ဟုတ်တာပေါ့။ နိုင်ငံတော်ပစ္စည်းဆိုပြီး အမှုဖွင့်ခွင့် ရှိတာပေါ့။ သို့ပေမယ့်ဗျာ လူတစ်ယောက် မိသားတစ်စုရဲ့ ဘဝကို ထိခိုက်နာကျင်သွားစေနိုင်တဲ့ ဒီကိစ္စ။ ဒီပုဒ်မတွေ ဒါတွေကို စဉ်းစားချင့်ချိန်သင့်တယ်။ ပညာပေးတဲ့အနေနဲ့ အခြားနည်းလမ်းတွေ ရွေးချယ်ဆုံးမရင် အဲဒီလူလည်း မှတ်သား ပြုပြင်သွားမှာပေါ့ဗျာ"

ကျွန်တော် ထိုအမှုတွဲအား စိတ်မကောင်းစွာနှင့်ပင် တို့လို့တန်းလန်း ရပ်တန်းက ရပ်လိုက်ပြီး တာဝန်ရှိအမှုစစ်ထံ ပြန်၍ပေးအပ်လိုက်ကာ စခန်းထဲမှ ခေါင်းငိုက်စိုက်နှင့် ပြန်ထွက်လာခဲ့၏။

သံမှုလီနတ်ခေါင်းတစ်လုံး လက်ဝယ်တွေ့ရှိမှုအတွက် အရေးယူလိုက်ရသော ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ-၆(၁)နှင့် ယခင်ရက်များက ပဲခူးရိုးမတောင်ပေါ်၌ အစိုးရသတ်မှတ်နှုန်း ကာလတန်ကြေး ကျပ်သိန်း ၂၀၀ ကျော် တန်ဖိုးရှိသည့် လုပ်ငန်းခွင်သုံး စွယ်စုံဆင်ထီးကြီး တစ်ကောင်အား ဆေးထိုးသတ်ဖြတ်၍ အစွယ်အား ဖြတ်ခိုးသွားကြသည့် ဒုစရိုက်သမား တစ်သိုက်အားလည်းကောင်း၊ အလားတူ တောဆင်ရိုင်းသားအမိနှစ်ကောင်အား သတ်ဖြတ်၍ အရေခွံများ ခွာဆုတ် ခိုးယူသွားကြသည့် ဒုစရိုက်သမားတို့အား အရေးယူသည့် ပြည်သူပိုင်ပစ္စည်း ကာကွယ်



www.burmeseclassic.com

www.burmeseclassic.com

ဥပဒေပုဒ်မ–၆(၁)တို့သည် အရေး ခံရသော ပုဒ်မများ၊ ပြစ်ဒဏ်ကန့် တ်ချက်များ တူညီသော်လည်း လွန်ခံရသည့် လက်ဝယ်တွေ့ရှိ သော ပမာဏငွေကြေးတန်ဖိုး၊ ရရှိ သော ငွေကြေးအကျိုးအမြတ်တန်ဖိုး၊ လွန်ရာ၌ထားရှိသည့် စိတ်ဓာတ် တ်မာရက်စက်မှု၊ ဆိုးညစ်မှု အကြ စည် ပက်စက်မှုတို့အား နှိုင်းယှဉ် ဆကြည့်ပါမူ ကိုလူလုသည် ဘဝ ၍ သံလမ်းဘေးတွင် တွေ့ရသော စိနတ်ခေါင်း အဟောင်းအား တစ် တ်စာအတွက် ကောက်ယူမိခဲ့သူ ာ ဖြစ်ချေသည်မို့ အချို့သော ပညာ တ်တချို့မှာ အဘယ်ကြောင့်များ တစ်ဖက်သားအပေါ် ဘဝနှင့်ယှဉ်၍ နားဇ ဘ်လေသလဲဟု ကျွန်တော် ခွန်းများ ဇ ာက်နေမိခဲ့ပါသည်။

•••••

“အဟင်း . . . ဦးက ကျွန်မဘဝ ကို သိချင်တယ်လား”

“ဟောဒီ ရထားသံလမ်းဘေးနဲ့ ရစ်ယာန်ဘုရားရှိခိုးကျောင်းရဲ့အကြား ာ လမ်းကလေးဟာ နေ့ခင်းမှာတော့ ားဂိတ်တစ်ခုပဲလေ။ ညနေ နေဝင် ချုပ်ပြီဆိုရင်တော့ ကျွန်မတို့လို ပျော် တ်ဆက်မယ်ကလေးတွေရဲ့ ညဈေး န်းပေါ့”

“အရင်ကတော့ ရိုးရိုးသားသား ဆေးလိပ်လိပ်တာပဲ။ အမေနဲ့အတူ မ်မှာ တစ်နေ့ ၁၄၀၀/၁၅၀၀ လာက်ရအောင် သားအမိနှစ်ယောက် လိပ်တာလေ။ ဒါပေမယ့် ခုံကြီးက ယာယီတန်း’ချရင် တစ်ပတ်မှာ တစ် နှစ်ခါလောက် လိပ်ရတာ။ သို့ပေ မယ့် အဖေရှိတုန်းကတော့ ကွာခြေ မပျက်ဘူးပေါ့”

“အခု အဖေက ရထားလမ်းက မူလီကောက်တာကို ခိုးပါတယ်ဆိုပြီး မူလီတစ်လုံးနဲ့ တရားရုံးမှာ အမှုရင် ဆိုင်နေရတယ်လေ။ အဲဒီအချိန်ကစပြီး ကျွန်မ ညဈေးတန်းကို ရောက်ခဲ့တာ ပဲ။ ညဈေးတန်းလား ငွေရတယ်။ ရောဂါရမယ်။ ကျွန်မသိတယ်။ ဒါပေ မယ့် ကျွန်မအဖေကို အချုပ်ထဲ ထောင်ထဲပို့တာ ယောကျ်ားသားတွေ လေ။ တရားစီရင်ရေးနယ်ပယ်ကို ကျွန်မ မပြောပါဘူး။ ကျွန်မလည်း ပညာအသင့်အတင့် သင်ရဖူးတယ်။ စာအုပ်တွေလည်း ဖတ်တယ်။ တီဗီက ပေါင်ချိန်ကားဆိုလည်း မလွတ်တမ်း ကြည့်တော့ တရားစီရင်ရေး နယ်ပယ် နဲ့ မဆိုင်ဘူးဆိုတာ ကျွန်မလည်း ဒါလောက်တော့ သိတာပေါ့”

“အခုဟာက ပညာတတ် လူ ယဉ်ကျေးတွေဆိုတဲ့ အဆီစားနေရတဲ့ လူတွေက ကြီးတဲ့အမှုကို ငယ်စေ၊ ငယ်တဲ့အမှုကို ပပျောက်ပါစေဆိုတဲ့ အထက်အကြီးအကဲတွေရဲ့ ဩဝါဒကို မျက်ကွယ်ပြုပြီး ကြွက်ကို ကြောင်က သူခိုးလို့ လုပ်လိုက်သလို ဖြစ်နေတာ လေ”

“အဲဒီတော့ . . . ကျွန်မအဖေ အတွက် ယောကျ်ားတွေကို ကလဲ့စား ချေဖို့ ရောဂါတွေ ဖြိုင်ဖြိုင်ကြီး ဖြန့်ဝေ ပေးဖို့ ကျွန်မ အပျိုရည်ဘဝ အပျက် ခံပြီး ဒီညဈေးတန်းမှာ ရောင်းတန်း လာတင်တာလေ။ မေးကြည့်၊ ကျွန်မ ဈေးအပေါဆုံး အချိုဆုံးနဲ့ လိုက်တယ်။ ဝန်ဆောင်မှု အပြည့်ပေးတယ်။ တစ်ခါ ဆက်ဆံပြီးရင် နောက်ထပ်တစ်ခါ လာအောင် ကျွန်မ အဲဒီလောက် ကြိုး စားတယ်”

“ဒီဆင်းရဲတဲ့ ဘဝကို ကျွန်မခါး သီးတယ်။ ကျွန်မမုန်းတယ်။ ကျွန်မ နာကျင်တယ်။ ကျွန်မအဖေ ထောင် ကျမှာပါ။ ကျွန်မအဖေသာ ဒီလိုမူလီ နတ်ခေါင်း ဇာဝီခေါင်းကို မကောက်ခဲ့ ရင်၊ အဖမ်းခံရမှာမဟုတ်ရင် ကျွန်မတို့ မိသားစု ယိုင်လဲစရာ အကြောင်းမရှိ ဘူး။ ကျွန်မ အပျိုရည်ပျက်စရာ အကြောင်းမရှိဘူး။ ကျွန်မအဖေက လည်း မဆင်းရဲရင် မူလီခေါင်းလို နတ် ခေါင်းလို၊ သံချောင်းအစုတ်အပြတ် တွေ၊ ရေသန့်ဘူး အစုတ်အပြတ်တွေ၊ အချိုရည်ဘူး အစုတ်အပြတ်တွေ ဘယ်ကောက်ပါ့မလဲ။ ဘယ်ကောက် ချင်ပါ့မလဲ။ သူလည်း လူပဲလေ။ သူ လည်း ရှက်တတ်တယ်။ သူ့မှာလည်း သိက္ခာတရားဆိုတာ နားလည်တယ်။ ဒါပေမယ့် တစ်လုတ်စာလေးပါ။ ဒီဇာ ဝီခေါင်းက တစ်လုတ်စာလေးရဲ့ အစိတ် အပိုင်းလေး တစ်ခုလောက်ပါ။ အဲဒီ အတွက် အဖေ အချုပ်ထဲရောက်ပြီး ထောင်လည်း ကျဦးမှာ။ ဒီအတွက် ကျွန်မ . . . ကျွန်မ”

ခင်မြတ်မူရေ့က ကျွန်တော် ခေါင်းငိုက်စိုက်ချပြီး လေးတွဲ့စွာ ပြန် ထွက်လာခဲ့တယ်။ သူ ကျွန်တော့်ရဲ့ နောက်ကျောဘက်မှာ ငိုပြီး ကျန်နေ ရစ်ခဲ့မှာ ကျွန်တော် အတပ်သိနေ တယ်။ ဒါ . . . ဝဋ္ဋတစ်ပုဒ်ပဲလား။ ဟုတ်မှာပါလေ။ ဒါ . . . ဝဋ္ဋတစ်ပုဒ် ပဲ ဖြစ်မှာပါ။

မောင်ဆွေ(တောင်ငူ)

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရခိုင်လုံချည်လေးတစ်ထည်

■ တောင်တွင်းကိုရင်ညြ

(၁)

လည်ကတုံး ရှပ်အင်္ကျီအဖြူရောင် လက်ရှည်၊ တိုက်ပုံအင်္ကျီ အညိုရောင်၊ အင်းမကျူထရံကွက် လုံချည်အစိမ်းရောင် ဝတ်ဆင်ထားတဲ့ အသက် ၁၈ နှစ်အရွယ် လူငယ်တစ်ယောက် ခပ်လှမ်းလှမ်းက အဝင်ဝ ဆိုင်းဘုတ်ကို ဖတ်လိုက်ပါတယ်။

*"မသင်မနေရ အစိုးရမူလတန်းကျောင်း အမှတ်(၁၂)၊ လှိုင်"*

"အင်း ...ကျောင်းကတော့ သေချာပြီ"

တစ်ယောက်တည်း ရေရွတ်ရင်း ကျောင်းထဲကို လျှောက်သွားလိုက်ပါတယ်။ စာအံသံတွေကတော့ ဆူလို့ညံလို့ ...။

"ညအခါ
လသာသာ
ကစားမလား
နားမလား။
သားသားအပါ
အားကစားအရာ
ဝါသနာပါက
အားထားရ။"

ကျောက်သင်ပုန်းရှေ့မှာ ကြိမ်လုံးတစ်ချောင်းနဲ့ ဆရာမတစ်ယောက်။ စာလုံးပေါင်းပြီး တိုင်ပေးနေတာကို တစ်တန်းလုံး ကျောင်းသားတွေက အားရပါးရ အော်ဟစ်ပြီး လိုက်ဆိုနေကြတာ။ တခြားအခန်းက [illegible] သံတွေနဲ့ပါ ရောသွားတော့ [illegible] မလှမ်းမကမ်းမှာရှိတဲ့ [illegible] လမ်းမပေါ်အထိ [illegible] လွင့်နေပါတယ်။

[illegible] တာနဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့စည်းထားတဲ့ စာသင်ခန်းတွေ စီလို့။ အထက်အောက် လွတ်နေတဲ့ ဝါးထရံ ခန်းဆီးတွေနဲ့ ကာရံထားတဲ့ စာသင် ခန်းတွေမှာ ကျောင်းသားတွေက အပြည့်ပါ။ လူရွယ်က အခန်းရှေ့မှာ ရပ်လိုက်တော့ ဆရာမက စာသင်နေတာရပ်ပြီး ထွက်လာပါတယ်။

"ဘာကိစ္စ ရှိလို့ပါလဲ"

"ကျွန်တော့်နာမည် ခင်အောင်ညို့ပါ။ ဒီကျောင်းကို ဆရာအဖြစ် ခန့်လိုက်လို့ ရောက်လာတာပါ"

"ဟား ... ဆရာတစ်ယောက် တိုးလာတာကိုး။ ဝမ်းသာလိုက်တာ ဆရာက လူငယ်ဆိုတော့ အားကိုးရတာပေါ့။ ရုံးခန်းထဲ လိုက်ခဲ့ပါ။ ဆရာကြီးနဲ့ တွေ့ရအောင်"

ဆရာအသစ်လေး ခင်အောင်ညို့ရုံးခန်းထဲရောက်ပြီး မကြာမီမှာ ဆရာကြီး ဦးမျိုးမြင့် ဝင်လာပါတယ်။ ခင်အောင်ညို့က မတ်တတ်ရပ်ပြီး အသင့်ပါလာတဲ့ ခန့်စာကို ထုတ်ပေးလိုက်ပါတယ်။

"ထိုင်ပါ ဆရာ ... ထိုင်ပါ"တဲ့။ ဆရာကြီးက ပြောလိုက်တာ။

၁၉၆၈ ခု၊ နိုဝင်ဘာလ ၁၈ ရက်နေ့ ကပေါ့။

* * *

(၂)

ကမာရွတ်ဘူတာရုံကနေ လှိုင်မြစ်လမ်းအတိုင်း လျှောက်သွားရင်း လမ်းဆုံးခါနီးမှာ ညာဘက်ကို ကွေ့သွားတဲ့ မြေနီလမ်းရှည်ကြီးတစ်ခုကို တွေ့ရမှာပါ။ ဆီခဲစက်ရုံလမ်းပါ။ (ယခု ဘုရင့်နောင်လမ်း) ဆီခဲစက်ရုံလမ်းကို ဦးတိုက်ပြီး အမှတ်(၄)ရပ်ကွက် လမ်းတွေ၊ ပြီးတော့ အေးရပ်ကွက်(၁)လမ်းမှ (၉)လမ်းအထိ လမ်းတွေနဲ့ အမှတ်(၄)ရပ်ကွက် တည်ရှိပါတယ်။ အေးရပ်ကွက်(၉)လမ်းအလွန်မှာတော့ ဆရာလေး ကိုခင်အောင်ညို့တို့ရဲ့ ကျောင်းလေးရှိပါတယ်။

မသင်မနေရ ကျောင်းဆိုတာက အဲဒီအချိန်တုန်းက မူလတန်းကျောင်းတွေကို ဘုန်းတော်ကြီးသင်ကျောင်း၊ မြူနီစီပါယ်ကျောင်း မသင်မနေရကျောင်းနဲ့ အစိုးရမူလတန်းကျောင်းလို့ ခွဲခြားထားပါတယ်။ မသင်မနေရကျောင်းတွေက ယူအန်ဒီပီရဲ့ ထောက်ပံ့ကျောင်းတွေဖြစ်ပြီး ရန်ကုန်မှာ ၁၂ ကျောင်းနဲ့ သန်လျင်မှာ ၆ ကျောင်း။ တစ်နိုင်ငံလုံး ၁၈ ကျောင်းပါ။ ၁၉၇၁ ခုနှစ်နောက်ပိုင်း မသင်မနေရတွေ ဖျက်သိမ်းတော့မှ အ.မ.က ကျောင်းဖြစ်လာပါတယ်။ ဆရာကိုခင်အောင်ညို့တို့ကျောင်းက အ.မ.က(၁၆) လှိုင်မြို့နယ်ပါ။ ယခု အ.လ.က(၈) လှိုင်မြို့နယ်။ အဲဒီကျောင်းမှာ ဆရာကိုခင်အောင်ညို့က ၁၉၆၈ ခုနှစ်ကနေ ၁၉၈၂ ခုနှစ်အထိ မူလတန်းပြ ဆရာဘဝနဲ့ ၁၄ နှစ် တာဝန်ထမ်းဆောင်ခဲ့ပါရဲ့။

* * *

(၃)

အလုပ်ဝင်ပြီးတော့ ဆရာလေး ကိုခင်အောင်ညို့ တတိယတန်းမှာ စာသင်နေပါတယ်။ မူလတန်းကျောင်းတွေမှာ မူလတန်း အထက်ဆင့်နဲ့ အောက်ဆင့်ရယ်လို့ နှစ်ပိုင်းခွဲခြားထားပါတယ်။ အောက်ဆင့်မှာ ကျောင်းမနေဖူးသေးတဲ့ 'ဝ'လုံးတန်း၊ သူငယ်

တန်းနဲ့ ပထမတန်းတို့ ရှိကြတယ်။
အထက်ဆင့်မှာတော့ ဒုတိယတန်း၊
တတိယတန်းနဲ့ စတုတ္ထတန်းပေါ့။
စာသင်ရာမှာ မူလတန်းအောက်
ဆင့်က အလွန်အရေးကြီးတာ
ကလား။ စာတစ်လုံးမှ မတတ်သေးတဲ့
ကလေးတွေကို ကန့်ကုလက်လှည့်
သင်ပေးရတာ လွယ်မှတ်လို့။ အရပ်
အဆွဲမှန်အောင် သင်ရတာ ဒေါ်သန်း
ဝင်းတို့၊ ဒေါ်အုန်းရင်တို့လို ဆရာမကြီး
တွေသာ သင်တတ်တာ။ လူငယ်
ဆရာတွေကတော့ နှစ်တန်း၊ သုံး
တန်း၊ လေးတန်း သင်ရတယ်လေ
ဒါကြောင့် အလုပ်ဝင်တော့ ဆရာ
ကိုခင်အောင်ညို့က တတိယတန်းမှာ
လေးငါးလအကြာမှာ အတန်
တင်စာမေးပွဲပြီးလို့ နွေရာသီကျောင်း
ပိတ်ခဲ့ပါရော။ နောက်နှစ်ကျောင်းဖွင့်
တော့ ဆရာကိုခင်အောင်ညို့
စတုတ္ထတန်း အတန်းပိုင်ဆရာ
အတန်းတက်၊ လူတက် စနစ်
အစိုးရစစ် စတုတ္ထတန်းကို သင်နေ
ဆဲမှာ ဆရာကိုခင်အောင်ညို့
ယောက် စံအောင်နဲ့ ကြုံခဲ့ရပါ
တယ်။
စံအောင်က လူဆိုး။ အရပ်
မှာကို နာမည်ကြီးတဲ့ကောင်။ မိမ
ဖမနိုင်နဲ့ ပြောရဆိုရခက်တဲ့ ကလေး
မနှစ်ကလည်း စတုတ္ထတန်း ကျ
ရစ်တယ်။ ဒီနှစ် ပြန်တက်တ
အသက်က ၁၄ နှစ်လောက်။
ကောင်းကောင်း။ ခပ်တောင့်တော
ကျောင်းသားတိုင်းက စံအောင်
ကြောက်ကြတယ်။ အဲဒါနဲ့ကို စံ
က အခွင့်အရေးရနေတာ။ ကျော
မှာတော့ တစ်ကျောင်းလုံး သူကမိုး



www.burmeseclassic.com

www.burmeseclassic.com

ဆရာကိုခင်အောင်ညို့က ပိန်ပိန်သေးသေး။ လူပုံက ခွံ့ခွံ့။ အသားညိုညိုနဲ့။ အရပ်ထဲမှာဆို စံအောင်က ရှေ့ပြုရမယ့်အထဲမှာမပါဘူး။ ကျောင်းမှာဆရာမို့၊ ဒါတောင် သိပ်ရှိရှိကျိုးကျိုး မဟုတ်တာ ဆရာကိုခင်အောင်ညို့ သိပါတယ်။ ထုံးစံအတိုင်းပါ။ အလုပ်ဝင်စ ဆရာခပ်ငယ်ငယ်တို့ အတန်းထဲ ရောက်စ ဆရာတပည့် အားပြိုင်ပွဲဆို လည်း မှားမယ်မထင်ဘူး။

ဆရာ ကိုခင်အောင်ညို့က လည်း ရရာအလုပ်ဝင်လုပ်ရင်း ဆရာဖြစ်လာတာ မဟုတ်ဘူး။ မျိုးရိုးဗီဇကိုက ဆရာမျိုး။ ဖခင်က ကျောင်းဆရာ။ အစ်မနှစ်ယောက်လုံးလည်း ဆရာမတွေ။ သင်နည်းမှတ်ချက်၊ နေ့စဉ်မှတ်တမ်း၊ ကျောင်းခေါ်ကြိမ်ဇယား၊ ဒါတွေအားလုံး ရေးတတ်ချတ်တတ်။ ဗီဇအရလည်း စာသင်ကောင်းသူတစ်ယောက်ပါ။ ဆရာအတတ်သင် မတက်ရသေးလို့ မပြည့်စုံသေးပေမယ့် စာသင်ခြင်းအလုပ်ကို တော့ အထိုက်အလျောက် ကျွမ်းပါတယ်။ ဆရာကိုခင်အောင်ညို့ရဲ့ အားနည်းချက်က ဒေါသကြီးလွန်းတာပါဘဲ။

ကျောင်းသားတွေအပေါ် စေတနာကောင်းပြီး ဒေါသကြီးလွန်းတဲ့ ဆရာကို ခင်အောင်ညို့နဲ့ ဆိုးလွန်း၊ ပေလွန်း၊ တေလွန်းပြီး လူကိုကြည့်ရင် နှုတ်ခမ်းလေးတွန့်ပြီး မရိုးမခန့် ပြုံးတတ်တဲ့ စံအောင်တို့ ကျောင်းဖွင့်ပြီး တစ်လမကြာမီမှာ တွေ့ကြပါရော။

(၄)

"အားလုံးမတ်တတ်ရပ်။ ဆရာ့ကို နှုတ်ဆက် ... မင်္ဂလာပါဆရာ"

ကျောင်းသားတစ်ယောက်က ဆရာအတန်းထဲဝင်လာတာနဲ့ အားလုံး မတ်တတ်ရပ်ဖို့ သတိပေးလိုက်ပြီး တစ်တန်းလုံး ညီညီညာညာ နှုတ်ဆက်လိုက်ပါတယ်။ ဆရာကိုခင်အောင်ညို့က အတန်းကို တစ်ချက် အကဲခတ်လိုက်ပြီး ...

"မင်္ဂလာပါ ... တပည့်တို့"

"ကျေးဇူးတင်ပါတယ် ဆရာ"

"ကဲ ... အားလုံးထိုင်ကြပါ။ ဒီနေ့ သချ်ာအခန်းသစ် စရအောင်။ စာအုပ်ထုတ်ကြ"

ဒီနေ့ အချိန်နာရီ ရက်လနှစ်တွေ ဖွဲ့ပုံအကြောင်း သင်ရမှာ။ ကလေးတွေ နားအလည်ဆုံးဖြစ်အောင် စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လ၊ နှစ်တွေကို လှေကားထစ်ပုံ သင်္ကေတ အကွက်လေးတွေချပြီး ရေးနေဆဲ ...

"ဒေါက် ..."

သီးစေ့ငယ်တစ်စေ့က ဆရာရေးနေတဲ့ ကျောက်သင်ပုန်းကို လာမှန်ပါရော။ ဆရာက ရုတ်တရက် လှည့်ကြည့်လိုက်တော့ စံအောင် ..။ ဟိုလိုလို ဒီလိုလို လုပ်နေတယ်။ ဒီအချိန်မှာ သူ့ကိုဆုံးမလိုက်ရင် စာသင်ပျက်တော့မှာ။ ဒေါသကိုထိန်းလိုက်ပြီး စာဆက်သင်ဖို့ ကြိုးစားခဲ့ပါတယ်။ ကျောက်သင်ပုန်းဘက် ပြန်လှည့်ပြီး နာရီ၊ မိနစ်၊ စက္ကန့်ပြောင်းတဲ့ လက်ာကို ရေးနေလိုက်တယ်။

"ကဲ ... ဆရာဆွဲထားတဲ့ပုံနဲ့ စာကို လိုက်ကူးကြ"

ကျောင်းသားအားလုံး ဆရာ့စကားအတိုင်း လိုက်ကူးနေကြပါတယ်။ စံအောင်လည်း အပြစ်လုပ်ထားလို့လားမသိဘူး။ လိုက်ကူးနေလေရဲ့။ အားလုံးကူးပြီးပြီဆိုတော့ ဆရာကိုခင်အောင်ညို့က ...

"အားလုံး ရှေ့ကိုလှည့်။ ခါးမတ်ထား၊ နောက်ကိုမှီထိုင်၊ ဒီကို ကြည့်"

class cantrol လုပ်လိုက်တာ တစ်တန်းလုံး အာရုံက ဆရာ့ထံမှာစုနေပါပြီ။ ဒီတော့မှ စာစသင်ပါတော့တယ်။

စက္ကန့်၊ နာရီ၊ မိနစ်၊ ရက်၊ လ၊ နှစ်တွေမှာ အရေအတွက်ချင်း တူရင် စက္ကန့်က အငယ်ဆုံးဖြစ်ကြောင်းနဲ့ စက္ကန့်တွေကို မိနစ်၊ နာရီ၊ လ၊ နှစ် တွေဖွဲ့ချင်ရင် လက်ာမှာပါတဲ့ အချိန် အတာတွေနဲ့ စားရမှာဖြစ်ကြောင်း၊ ထို့အတူ နှစ်တို့၊ လတို့ကို နာရီမိနစ် ဖွဲ့ချင်ရင် မြှောက်ရမှာဖြစ်တဲ့အကြောင်း စိတ်ရှည်လက်ရှည် [illegible]
တယ်။ စာသင်ပြီး [illegible]
ခတ်လိုက်တော့ [illegible]
တယ်။ စံအောင် [illegible]
ကြောင်ငြိမ်ငြိမ်ထိုင် [illegible]
ကျုပ်နေတာလား [illegible]
ကလေးကို [illegible]

"စံအောင် [illegible]
နေတာလဲ။ [illegible]"

[illegible]
ပြီး [illegible]
မထီတရီအပြုံးနဲ့ ဆရာ့ကို လှမ်းကြည့်ပြီး ခေါင်းငုံ့သွားပါတယ်။

နောက်တော့ ဆရာကိုခင်အောင်ညို့က နမူနာပုစ္ဆာခေါ်ပေးပြီး ကျောက်



www.burmeseclassic.com

www.burmeseclassic.com

သင်ပုန်းမှာ တွက်ပြပါတယ်။ အားလုံး လိုက်ကူးခိုင်းပြီး တွက်ပြောက်မှုကို စစ်ဆေးဖို့ ပုစ္ဆာသုံးပုဒ်ပေးလိုက်ပါတယ်။

"ကဲ ... ဒီပုစ္ဆာတွေတွက်ကြည့်။ မပြီးရင် မုန့်စားမဆင်းရဘူး"

ဘာရယ်မဟုတ် ပြောလိုက်တာ။ နားမလည်သူ ရှိမရှိ သိချင်လို့။ နားမလည်သူကို feed back (ပြန်ကျွေးမျှဉ်းကွေး) ပြန်ရှင်းပြရဦးမည်။ တစ်တန်းလုံး ကုန်းပြီးတွက်နေဆဲ ..

"ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင်"

မုန့်စားကျောင်းဆင်း ခေါင်းလောင်း သံက ပေါ်ထွက်လာပါရော။ မုန့်စားမဆင်းရဆိုတဲ့ စကားကြောင့် ကျောင်းသားအချို့ ခေါင်းထောင်ကြည့်ရုံကလွဲလို့ ဘယ်သူမှ မထကြပါ။

ဆရာကိုခင်အောင်ညိုက အတန်းလွှတ်ပေးတော့မယ့်ဆဲဆဲ နောက်ဆုံးတန်းခုံမှာထိုင်နေတဲ့ စံအောင်က ခုံထဲကို စာအုပ်ထိုးထည့်လိုက်ပြီး အတန်းထဲက လှစ်ခနဲ ထွက်သွားပါတယ်။ ဆရာကိုခင်အောင်ညိုရဲ့ ဒေါသက အထွတ်အထိပ် ရောက်သွားပါပြီ။

"ဟေ့ကောင် ... စံအောင်"

အော်လည်း ခေါ်လိုက်ပါတယ်။ သိန်းငှက်လို လျှင်မြန်မှုမျိုးနဲ့လည်း စံအောင်အနားရောက်သွားပြီး အင်္ကျီကုပ်ကိုဆွဲလို့ အတန်းရှေ့ကို ဆောင့်တွန်းလိုက်ပါတယ်။ ဆရာ့ဒေါသက ဘာမှမမြင်နိုင်အောင် အမြင့်ဆုံးရောက်နေပါပြီ။

"မင်း ... မင်း ... ဘာလုပ်တာလဲ"

"ကျောင်းလွှတ်လို့ ဆင်းတာပါ။ မနှစ်ကဆို ကျွန်တော်ဆင်းချင်တဲ့အချိန် ဆင်းတာ"

"မင်း ဆင်းချင်တဲ့အချိန် ဆင်းရအောင် ဒါကျောင်းကွ။ ဇရပ်မဟုတ်ဘူး။ ကျောင်းသားဆိုရင် ကျောင်းစည်းကမ်းကို လိုက်နာရတယ်။ မင်းက ခွေးတစ်ကောင်လောက်တောင် စည်းကမ်းရှိတာ မဟုတ်ဘူး"

ဆရာ့စကားအဆုံးမှာ စံအောင် ဖျတ်ခနဲ တွန့်သွားပါတယ်။ ပြီးတော့ ဆရာ့ကို စူးစူးရဲရဲ ကြည့်နေလေရဲ့။

"ခွေးမှာလည်း ခွေးစည်းကမ်းနဲ့ ခွေးတာဝန်နဲ့။ မင်းက ဘာစည်းကမ်းမှ မရှိဘူးဆိုတော့ ခွေးထက် အဆင့်နိမ့်တဲ့ကောင် ဖြစ်နေပြီ။ ကဲ ... မင်းမှာ အပြစ်ရှိလား။ မရှိဘူးလား"

ဆရာ့ကို ခပ်တည်တည်ကြည့်ရင်း ...

"ကျွန်တော် မသိဘူး" ... တဲ့။

ဆရာကိုခင်အောင်ညို ပေါက်ကွဲသွားပြီ။ နီးရာကြိမ်လုံးကိုဆွဲပြီး စံအောင်ကို သိမ်းကြုံးရိုက်ပါတယ်။ အချက်ပေါင်း များစွာ။ ဒေါသလည်း ပါသွားပြီကို။ ဆရာ့လက်မှာပတ်ထားတဲ့ နာရီကြိုးပြုတ်ပြီး လွင့်စဉ်သွားတဲ့အထိ။ စံအောင်ဝတ်ထားတဲ့ ပုဆိုးလည်း ခပ်ရိရိမို့ ထင်ပါရဲ့။ စုတ်ပြဲနေပြီ။ စံအောင်ရဲ့အပြောအဆိုနဲ့ အမူအရာဟာ ဆရာကိုခင်အောင်ညိုရဲ့ ဆင်ခြင်တုံတရားကို လွှတ်သွားစေတယ် ထင်ပါရဲ့။ စိတ်ရှိလက်ရှိ ရိုက်လိုက်မိတာ။ စံအောင်တင်ပါးမှာ အရိုးရာ ပေါက်ပြဲသွားပါတယ်။ ဒါပေမယ့် စံအောင် မငိုပါ။ မျက်လုံးအိမ်မှာ မျက်ရည်က ခပ်ဝဲဝဲ။ ဘေးအတန်းက ဆရာဦးသန်းရွှေ ရောက်လာပြီး ...

"ဆရာညိုတော်ပါတော့ ...။ စံအောင် ... မင်းနေရာမင်းသွား"

အခြေအနေကို ထိန်းလိုက်ပြီး အတန်းကို မုန့်စားဆင်းလိုက်ပါတယ်။ ဆရာကိုခင်အောင်ညိုလည်း ချွေးတွေ နစ်လို့။ စံအောင်ကို ရုံးခန်းခေါ်ထားပြီး သူ့မိဘတွေ အခေါ်ခိုင်းလိုက်ပါတယ်။ မကြာပါဘူး။ သူ့အဖေ လိုက်လာပါတယ်။

ကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်က ဒီရပ်ကွက်သား။ သြဇာလည်း ရှိပါတယ်။ ရုံးခန်းမှာ မိဘကို အကြောင်းစုံရှင်းပြပြီး ...

"အဖြစ်ကတော့ အဲဒါပါပဲ။ စံအောင်အကြောင်းလည်း မင်းရဲ့သားမို့ မင်းသိပြီးသား။ အားလုံး ဝိုင်းဆုံးမမှ ဖြစ်မယ့်ကောင် မဟုတ်လား"

"ဘာများ ဖြစ်လို့လဲလို့ ဆရာကြီးရယ်။ ကျွန်တော့်သားအကြောင်း ကျွန်တော်သိတာပေါ့။ ဆရာရိုက်တာ အရိုးထင် ပေါက်ပြဲရုံပေါ့။ ကျွန်တော် ဆေးကုပေါ့မယ်။ ဆုံးမပါဆရာရယ်။ ဆရာ့ကိုအပ်ပါတယ်"

မိဘက ဆရာကို အားကိုးတကြီးနဲ့အပ်တော့ ဆရာကိုခင်အောင်ညို တွေးရင်း စိတ်မကောင်းဖြစ်လိုက်တာ။ တပည့်တစ်ယောက်ကို စိတ်အလျောက် မာန်အလျောက် ဒေါသနဲ့ ရိုက်လိုက်မိလို့။ နောင်တရ မဆုံးတော့။

"ကဲ ... စံအောင်၊ မင်းက ဒီအတန်းထဲမှာ အသက်အကြီးဆုံး။ ကျန်တဲ့ကလေးတွေကို မင်းက ထိန်းသိမ်းရမှာ။ အခုတော့ မင်းက ကလေးတွေကို အနိုင်ကျင့်လား၊ ကျင့်မ မတရားလုပ်လား လုပ်ရဲ့နဲ့။ မင်းရဲ့ အမူအကျင့်တွေဖျောက်ပြီး နောင်ကို

www.burmeseclassic.com

ကောင်းကောင်းနေပါ့မယ်လို့ ကတိပေးပါ။ စာကြိုးစားပါ့မယ်လို့ ကတိပေးပါ။ မင်းဒီနှစ် စာမေးပွဲအောင်အောင် ငါသင်ပေးမယ်"

"ဟုတ်ကဲ့ ...ကတိပေးပါတယ် ဆရာ"

* * *

(၅)

နောက်နေ့ စံအောင် ကျောင်းမတက်ပါဘူး။ ခွေးမြီးကောက် ကျည်တောက်များစွပ်မိနေတာလား ဆိုတဲ့ အတွေးနဲ့ စံအောင်အိမ်ကို လိုက်သွားပါတယ်။ အိမ်ရောက်တော့ ဖျားနေတဲ့ စံအောင်ကို တွေ့ရပါတယ်။

"ကဲ ...စံအောင်ကို ဆေးခန်းပို့ရအောင်"

လို့ သူ့မိဘတွေကို ဆရာကိုခင်အောင်ညိုက ပြောတော့ ...

"ဆရာ ...ကျွန်တော် ဘာမှမဖြစ်ပါဘူး ဆရာ"

လို့ ပြောသလို သူ့မိဘတွေကလည်း ...

"ရပါတယ်ဆရာ ...ဒီကောင်ဘာမှမဖြစ်ပါဘူး။ မရှက်စဖူး ရှက်သွားတာထင်ပါရဲ့။ နေကောင်းရင်လွှတ်မှာပါ ဆရာ"

အားလုံးက ဝိုင်းပြောလို့ ဆရာပြန်ခဲ့ရတယ်။ စံအောင် ကျောင်းပြန်တက်တဲ့နေ့ကစပြီး တော်တော် ထူးခြားသွားပါတယ်။ အတန်းထဲမှာ ဘယ်သူ့ကိုမှ မစတော့၊ မနောက်တော့။ အထူးခြားဆုံးကတော့ စည်းကမ်းလိုက်နာလာခြင်းပါ။ အိမ်စာပေးလိုက်ရင် စံအောင် လုပ်မလာတဲ့နေ့ မရှိတော့။ မှားမှားမှန်မှန် ပြီးအောင်တော့ ကြိုးစားခဲ့တာ အမှန်။ စာကျက်ခိုင်းရင်လည်း လုံးလုံးကျက်မလာတာ မဟုတ်တော့။ မရတဲ့အခါလည်း ရှိပါတယ်။ စာမရလို့ အပြစ်ပေးလည်း အေးအေးဆေးဆေး ခံယူပါတယ်။ အဲဒီနှစ်က အရင်းချုပ်လိုက်တော့ စံအောင် စတုတ္ထတန်း စာမေးပွဲကို အောင်သွားပါတယ်။

ကျောင်းကဆရာတွေက ဆရာကိုခင်အောင်ညိုကို ချီးကျူးကြတယ်။ စံအောင့်ကို အောင်သွားအောင် သင်ပေးလိုက်လို့တဲ့။ ဆရာကိုခင်အောင်ညိုကလည်း စံအောင် အောင်သွားတာ ဝမ်းသာဂုဏ်ယူလို့ မဆုံးတော့။

စံအောင် ...စံအောင်။ ဆရာကိုခင်အောင်ညိုဘဝမှာ ဘယ်လိုမှ မေ့လို့ရနိုင်မှာမဟုတ်တဲ့ ဆရာ့ဘဝခရီးဖော် တစ်ယောက်ဆို မမှားပါဘူး။

* * *

(၆)

ကျောင်းသားဆိုတာ ဆရာတွေရဲ့ ဘဝခရီး အဖော်တွေပါ။ နှစ်တွေ အလီလီပြောင်းခဲ့လည်း ဆရာ့ဘဝမှာ တပည့်ခရီးအဖော်တွေနဲ့ ဆက်လျှောက်နေဆဲပါ။

နှစ်တွေ ကြာခဲ့ပါပြီ။ ဆရာဦးခင်အောင်ညိုလည်း ဝါရင့်ဆရာ တစ်ယောက် ဖြစ်နေပြီပေါ့။ လုပ်ဖော်ကိုင်ဖက် ဆရာဦးပိုက်ခြုံရဲ့ စကားနဲ့ပြောရရင် စူဠ P.A.T မဟုတ်တော့ မဟာ P.A.T ဖြစ်နေပြီ။ လုပ်သက်ကဆယ်နှစ်ကျော်ပြီကိုး။ အခုတော့ ဆရာကိုခင်အောင်ညိုကို အလွယ်တကူ ဆရာညိုလို့ ခေါ်နေကြပြီ။ ဆရာညို တော်တော်နားလည်လာတာက ကလေးတွေဆိုးရတဲ့အကြောင်းအရင်း။ ကျောင်းမှာ ပြဿနာဖြစ်တတ်တဲ့ Problem Child တွေကို သေသေချာချာ စမ်းစစ်ကြည့်လိုက်ရင် မိဘတွေရဲ့ ဆင်းရဲမွဲတေမှု၊ အိမ်ထောင်ရေး မသာယာမှုတွေက အများဆုံးပါ။ တကယ်တော့ Problem Child (ပြဿနာကလေး)ဆိုတာ ရှိတာ မဟုတ်ဘူး။ Problem Parent (ပြဿနာမိဘ)တွေကြောင့် ဆိုတာ နားလည်လာပါတယ်။ နောက်တစ်ချက်က ပတ်ဝန်းကျင်။ ပတ်ဝန်းကျင်ရဲ့ လူနေမှုအဆင့်အတန်းကလည်း ကလေးတွေဘဝကို အရောင်ဆိုးပေးနေလေရဲ့။ ပတ်ဝန်းကျင်ရဲ့ အမူအကျင့်တွေက နည်းနည်းဆိုးမယ့်ကလေးကို များများဆိုးအောင် တွန်းပို့တတ်တာကလား။

တစ်နေ့ စတုတ္ထတန်းမှာ ကလေးတွေကို စာသင်နေဆဲ အတန်းပေါက်ဝမှာ လူတစ်ယောက် လာရပ်နေပါတယ်။ ဆရာညိုကို စောင့်နေဟန်မို့ အပြင်ထွက်ပြီး မေးလိုက်ပါတယ်။

"ဘာကိစ္စများ ရှိလို့လဲဟင်"

"ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား"

နှုတ်ခမ်းကိုတွန့်ရင်း မထီတထီ အပြုံးနဲ့ ဆရာ့ကို ပြန်ပြောလိုက်တော့မှ စံအောင့်ငယ်ရုပ်က ဖျတ်ခနဲ ပေါ်လာပါတယ်။

"စံအောင် ...မင်း ...စံအောင် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ။ ဆရာ ရိုက်ပြီး ဆုံးမခဲ့ဖူးတဲ့ စံအောင်ပါ"

"လာ ...လာ ...စံအောင် ရုံးခန်းထဲ သွားရအောင်"

www.burmeseclassic.com

ကလေးတွေကို ခဏထားရစ်ပြီး ရုံးခန်းထဲကို သွားလိုက်ကြပါတယ်။

"တွေ့ရတာ ဝမ်းသာလိုက်တာ။ မင်းအခု ဘာလုပ်နေလဲ။ ဘယ်မှာနေလဲ"

"ကျွန်တော် ရှစ်တန်းနဲ့ တပ်ထဲ ဝင်သွားတာ ဆရာ။ အခု ရခိုင်မှာ ခြေလျင်တပ်ပါ။ တပ်ကြပ်ကြီး ဖြစ်နေပြီ ဆရာရဲ့"

"ဟာ ...ဝမ်းသာလိုက်တာ မောင်စံအောင်ရယ်။ တပ်ကြပ်ဖြစ်ပြီဆိုတော့ ဆရာ့တပည့်က ဘယ်ဆိုးလို့လဲကွ"

"ဆရာ့ ကျေးဇူးပါဆရာ။ ကျွန်တော့်ကို ဒီဘဝရောက်အောင် ပို့ပေးခဲ့တာ ဆရာ့ကျေးဇူးကြောင့်ပါ"

"ဆရာတော့ မရှင်းဘူးကွ။ ပြောပြပါဦး"

"ကျောင်းစည်းကမ်းဖောက် ပြီး ထပြန်လို့ ဆရာ ကျွန်တော့်ကို ရိုက်ဆုံးမတာ မှတ်မိလား ဆရာ"

"ငါ ဘယ်တော့မှ မမေ့ဘူး .. စံအောင်"

"အဲဒီနေ့က ဆရာဆုံးမလိုက်တာ မင်းက ခွေးတစ်ကောင်လောက်တောင် စည်းကမ်းရှိတာ မဟုတ်ဆိုတာ ကျွန်တော့်နားထဲကို အတုံးလိုက် အတစ်လိုက် ဝင်သွားသလိုပဲ ဆရာရယ်။ ငါတကယ်ပဲ ခွေးလောက် စည်းကမ်းမရှိတာ အဟုတ်လား၊ ဟုတ်ကောဟုတ်ရဲ့လားဆိုတဲ့ အတွေးနဲ့ ဆရာ့ကို အံ့ဩပြီးကြည့်နေမိတာ။ ဆရာက စိတ်ဆိုးပြီး ရိုက်လိုက်တာ ကျွန်တော်မို့ ခံနိုင်တာ။ ဒါတောင် ဖျားသေးတယ် ဆရာ ...။

ဖျားလို့ အိမ်မှာနေရင်း အိမ်မှာမွေးထားတဲ့ လေးလုံးဆိုတဲ့ခွေးကို ကြည့်မိတယ်။ ဟုတ်တယ် ဆရာ။ လေးလုံးက တော်တော်စည်းကမ်းရှိတာ။ သူ့အလုပ်သူ အချိန်မှန် လုပ်တယ်။ ညဆို တစ်ညလုံး အိမ်ကို စောင့်ရှောက်တယ်။ အိပ်တာတောင် သူ့ကိုပေးထားတဲ့ နေရာမှာပဲ အိပ်တာ။ အရိုးအရင်း ကျွေးတဲ့သခင်ကိုလည်း သိတတ်လိုက်တာ။ တွေ့ရင် အမြီးတနန့်နန့်နဲ့။ ကျွန်တော်ကတော့ ဘာမှမသိတတ်ဘူး။ ဘာတာဝန်မှလည်း မသိဘူး။ ထင်ရာလုပ်နေတာ။ အိမ်မှာ အကြီးဆုံးပေမယ့် ဘာတာဝန်မှလည်း မယူဘူး။ နောက်ဆုံး ဆရာပြောတာ ဟုတ်တာပဲ။ ငါဟာ ခွေးတစ်ကောင်လောက်တောင် စည်းကမ်းမရှိဘူးလို့ သိလာတယ်။ ကျွန်တော် ပြင်ပါတယ်ဆရာ။ စာလည်း ကြိုးစား၊ စည်းကမ်းလိုက်နာအောင်လည်း ကြိုးစားခဲ့ပါတယ်။ ပညာရေးကတော့ ကံမကောင်းဘူး ထင်ပါရဲ့။ ရှစ်တန်းမှာကျောင်းထွက်ပြီး တပ်ထဲဝင်လိုက်တယ်။

တပ်ထဲမှာ စည်းကမ်းအကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ပါတယ်။ စည်းကမ်းဖောက်တော့မယ် ဆိုတာနဲ့ ဆရာ့စကားကို ကြားယောင်မိတော့တာပဲ။ ကျွန်တော်တို့တပ်ထဲမှာ အရစ်ဆိုတာ တပ်လိုက်၊ ကွာသွားလိုက်နဲ့ ဖြစ်နေတာ တစ်ပုံကြီး။ အသက်နဲ့ လဲပြီး ရထားတဲ့ အရစ်ကို ကျွန်တော် အပြုတ်မခံဘူး။ စည်းကမ်းနဲ့နေတယ် ဆရာ။ အခုဆို နှစ်ရစ်ဖြစ်နေပြီ"

တပည့်ဖြစ်တဲ့ တပ်ကြပ်စံအောင်က သူ့အကြောင်း ပြောပြနေစဉ်မှာ ဆရာ ပီတိအပြုံးတွေနှင့် ခေါင်းတညိတ်ညိတ်။

"ကျွန်တော် အခု ရန်ကုန်ရောက်ခိုက်မှာ ဆရာ့ကို ကန်တော့ချင်လို့ပါ"

လက်ထဲက အထုပ်ကလေးကို စားပွဲပေါ်တင်ရင်း မြေပြင်မှာ ပျပ်ဝပ်ရိုကျိုးစွာနဲ့ ကန်တော့နေတဲ့ တပ်ကြပ်စံအောင်ကိုကြည့်ရင်း ဆရာညို့ရင်ထဲမှာ နင့်နေပါတယ်။

"အခုလိုကန်တော့ရတဲ့ ကုသိုလ်ကံ စေတနာတို့ကြောင့် အန္တရာယ်အပေါင်းမှ ကင်းရှင်းပါစေ၊ တိုက်ပွဲတိုင်း အောင်နိုင်ပါစေ၊ အမျိုးဘာသာသာသနာကို စောင့်ရှောက်နိုင်ကဲ့ ယောကျ်ားကောင်း ဖြစ်ပါစေကွာ"

မောင်စံအောင်က နှုတ်ဆက်ပြီး ပြန်သွားပါပြီ။ ပီတိအဟုန်ကြောင့် မျက်ရည်စတွေ ရစ်ဝဲနေတဲ့ ဆရာညို အထုပ်ကိုဖွင့်ကြည့်လိုက်တော့ ...

ရခိုင်လုံချည် အစိမ်းရောင်လေးတစ်ထည်။ ဆရာညို နှစ်ပေါင်းများစွာ သိမ်းဆည်းထားရပေဦးတော့မယ်။

**တောင်တွင်းကိုရင်ညြ**



www.burmeseclassic.com

www.burmeseclassic.com



# ဥပဒေက ခွင့်ပြုထားသလား

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)

နေ့စဉ်ထုတ် သတင်းစာမျိုးတွင် စာရှုသူ ဖတ်ရှုခွင့်ရှိမည်ဟု ယုံကြည်ပါသည်။ "တရားခံအား ဆက်လက်စစ်ဆေးဖော်ထုတ်ချက်အရ ခိုးမှုနှင့် ပတ်သက်သော ယခင်မှုခင်းသက်သေခံပစ္စည်းများကို သိမ်းဆည်းရမိသည်"ဆိုသော သတင်းများ ဖြစ်ပါသည်။ ကျွန်တော်တို့ ဥပဒေရှုထောင့်မှ စိစစ်သော် ဆက်လက်စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော ပစ္စည်းများသည် ဖမ်းဆီးခံထားရသည့် တရားခံခိုးယူခြင်း ဟုတ်မဟုတ်ဆိုသည်ကို တရားရုံးတော်များက စိစစ်ကြရလေ့ရှိပါသည်။ တရားခံအပေါ် မျှတစွာ ပြစ်ဒဏ်ချမှတ်နိုင်ရေးကား တရားသူကြီးတို့၏ တာဝန်မဟုတ်ပါလား။

တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များ လက်စွဲကျမ်းကို ပြပါဆိုလျှင် "သက်သေခံဥပဒေ"ကို ညွှန်ပြကြပေလိမ့်မည်။ ထိုသက်သေခံဥပဒေကား မူလက အင်္ဂလိပ်ဘာသာနှင့် ဖြစ်၏။ ၁၈၇၂ ခုနှစ်တွင် မွေးဖွားသန့်စင်ခဲ့သည်။ တရားရုံးချုပ်က ၁၉၈၈ ခုနှစ်တွင် မြန်မာဘာသာပြန်ဆိုထုတ်ဝေ၏။ ပြစ်မှုဆိုင်ရာ မှုခင်းများတွင်ဖြစ်စေ၊ တရားမမှုခင်းများတွင်ဖြစ်စေ သက်သေခံဥပဒေနှင့် သက်ဆိုင်၏။ ပုဒ်မပေါင်း ၁၆၇ ခုဖြင့် ပြဋ္ဌာန်းထားသည်။ ကျွန်တော်၏ ဤစာစုတွင် ပုဒ်မတစ်ခု၏ အစိတ်အပိုင်းတစ်ခုမျှကိုသာ တင်ပြနိုင်လိမ့်မည် ဖြစ်ပေသည်။

ကျွန်တော် ဤစာစုကို ရေးသားတင်ပြရန် အကြောင်းပေါ်ပေါက်လာခြင်းသည် နေ့စဉ်ထုတ်သတင်းစာ ဖတ်ရှုနေရင်းမှ ဖြစ်၏။ သတင်းစာဖတ်ရင်းမှ ဥပဒေပြဋ္ဌာန်းချက်နှင့် စပ်ဟပ်နေမိ၏။ တရားဥပဒေစိုးမိုးရေးဆိုသော စကားရသည်လည်း နားမဆံ့အောင် ကြားနေရ၏။ သာမန်ပြည်သူ လက်လုပ်လက်စား၊ တစ်နည်းအားဖြင့် "ဘဝသမား"တို့အတွက် စေတနာချင်စိတ်ဖြစ်မိသည်။

တစ်ပါးသူကို ပေးဝေရန်အတွက် မိမိတွင်ရှိနေဖို့ လိုအပ်ပေသည်။ ပြေးပြေးလွှားလွှား စိစစ်ကြည့်မိသည်။ စုဆောင်းရန် လိုအပ်သမျှ စုခဲ့ပါ၏။ စေတနာသလို ပေးဝေလိုက်ရပေသည်။

သက်သေခံဥပဒေ အခန်း(၇)တွင် သက်သေထူရန် တာဝန်နှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသည်။ ပုဒ်မ-၁၀၁ မှ ၁၁၄ အထိ ပါဝင်၏ ပုဒ်မ-၁၁၄ တွင် "သက်ဆိုင်ရာအမှုရှိ

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ ဖြစ်ပျက်မြဲ ဓမ္မတာလမ်းစဉ်၊ လူတို့၏အပြုအမူ၊ အများပြည်သူနှင့် ပုဂ္ဂလိကကိစ္စရပ်များကို ထောက်ရှု၍ တရားရုံးသည် ဖြစ်ပွားခဲ့ဟန်လက္ခဏာရှိသည်ဟု ထင်မြင်သော အကြောင်းခြင်းရာတည်ရှိလျက်ရှိကြောင်း ယူဆခွင့်ရှိသည်"ဟု ပြဋ္ဌာန်းထားသည်။

ပြဋ္ဌာန်းချက်နှင့်တွဲလျက် ဥပမာများကိုလည်း ထည့်သွင်းထားပေသည်။ ထိုဥပမာများအနက်မှ "ဥပမာ(ဆ)"တွင် "တင်ပြနိုင်ပါလျက် မတင်ပြဘဲထားသည့် သက်သေခံချက်သည် တင်ပြပါက တင်ပြခြင်းမပြုသူ၏အကျိုးကို ဆန့်ကျင်လိမ့်မည်ဟု ယူဆနိုင်သည်"ဟု ပြဋ္ဌာန်းချက်တွင် တွေ့ရသည်။

ကျွန်တော် တွေ့ကြုံရသမျှ အများပြည်သူတို့အနေဖြင့် ပေါ့ပေါ့လွယ်လွယ် သဘောထားကြသည်။ ဥပဒေနှင့်ပတ်သက်၍ လေးလေးနက်နက် သဘောထားစေချင်သည်။ အထက်တွင် ဖော်ပြခဲ့သည့် ဥပမာ သဘောလေးအရပင် ကြည့်ရှုသုံးသပ်ပါက တင်ပြနိုင်ခွင့်ရှိ၊ မတင်ပြ။ ထိုသို့မတင်ပြမှုသည် တင်ပြခြင်းမပြုသူ၏တာဝန်ဟု ဆိုထားသည်။ ဤသို့သောအခါမျိုးတွင် တင်ပြရန် တာဝန်ရှိသူ၏ တာဝန်ပျက်ကွက်မှုကြောင့် တရားရုံးတော်၏ မှတ်ယူခြင်းကို ခံစားရနိုင်ပေသည်။

ပြစ်မှုဆိုင်ရာ မှုခင်းများတွင်ကား တရားစွဲဆိုသူဘက်မှ သက်သေထင်ရှားပြရန် အစဉ်အမြဲ တာဝန်ရှိပေသည်။ တရားမမှုခင်းတွင်ကား ထိုသို့မဟုတ်ဘဲ သက်သေပြရန်တာဝန်သည် တရားစွဲဆိုခြင်းခံရသော တရားပြိုင်ဘက်၌လည်း ရှိတတ်ပေသည်။ တစ်ဖက်တည်း ပုံသေမဟုတ်။ ပြစ်မှုဆိုင်ရာမှုခင်းကိစ္စရပ်ဖြင့် ဦးစွာတင်ပြလိုသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၇၉ စက်ဘီးခိုးမှု ဖြစ်သည်။ တရားခံဖြစ်သူကို တောင်ငူမြို့နယ်တရားရုံးက ပြစ်မှုထင်ရှားခြင်းမရှိ၍ အပြီးအပြတ် လွှတ်သည်။ ရှေ့နေချုပ်ရုံးက တရားရုံးချုပ်သို့ အယူခံတင်သွင်း၏။

တရားခံက ရဲဝံ့ဖမ်းဆီးခံရပြီးနောက်ပိုင်း ကိုးရက်ခန့်တွင် ဖြောင့်ချက်ပေးခဲ့သည်။ တရားရုံးရှေ့အစစ်ခံထွက်ဆိုသောအခါ အချင်းဖြစ်နေ့က သစ်ဖောင်လိုက်နေ၍ တောင်ငူမြို့တွင်မရှိကြောင်း၊ စက်ဘီးမခိုးရကြောင်း၊ ရဲက ရိုက်နှက်၍ ဖြောင့်ချက်ပေးရခြင်းဖြစ်ကြောင်း တင်ပြ၏။

တရားခံသည် ယခင်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၇၉/၄၁၁ အရ စီရင်ခံရဖူးသည်။ သစ်ဖောင်လိုက်နေကြောင်း တရားခံပြသက်သေများက ရုံးရှေ့တွင် တင်ပြထွက်ဆိုကြသည်။ ယခုအချင်းဖြစ် စက်ဘီးခိုးမှုနှင့်ပတ်သက်၍ မျက်မြင်သက်သေမရှိ။ သက်သေခံပစ္စည်းလည်း သိမ်းဆည်းရမိခြင်းမရှိ။ တရားခံ၏ ဖြောင့်ချက်တစ်ခုတည်းသာ ရှိသည်။ ထိုဖြောင့်ချက်သည်လည်း တရားခံ ိ ဆီးခံရပြီး ကိုးရက်ခန့်ကြာမှ ပေးခဲ့ရသည်ကို အမှုတွဲတွင် ပေါ်ပေါက်နေ၏။ ဖြောင့်ချက်အား ထောက်ခံသည့် လွတ်လပ်သော သက်သေလည်း မရှိ။

တရားရုံးချုပ်က တရားခံသည် ယခင်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၇၉/၄၁၁ အရ ပြစ်မှုထင်ရှား စီရင်ခံရ၍ ၎င်းပင် အချင်းဖြစ်စက်ဘီးကို ခိုးယူမည်ဟု တစ်ထစ်ချ ယူဆ ရန် ဥပဒေက ခွင့်ပြုမထားဟု သုံးသပ်ခဲ့ပေသည်။

ဤစီရင်ထုံး အကျဉ်းချုပ်ကို ဖတ်ရှုသုံးသပ်ခြင်းဖြင့် ပြစ်မှုဆိုင်ရာမှုခင်းတစ်ခုချင်းစီအပေါ်တွင် တရားလိုဘက်အနေဖြင့် တရားခံ ပြစ်မှုကျူးလွန်ကြောင်း သက်သေထင်ရှား ပြရန် လိုအပ်သည်ကို တွေ့ရှိနိုင်ပေသည်။ တရားမမှုခင်းနှင့် ပြစ်မှု သဘာဝမတူကြောင်းကိုလည်း ထုတ်နုတ်ဝေငှလိုပေသည်။

သူတို့လူငယ်နှစ်ဦး တရားရုံးတွင် လက်ထပ်ကြသည်။ ထိုနေ့ညတွင် ပျားရည်ဆမ်းခရီးထွက်ရန် ရန်ကုန်ဘူတာကြီးသို့ သွားကြသည်။ ရန်ကုန်ဘူတာကြီးအရောက်တွင် မိန်းကလေးမိဘများက မိန်းကလေးကို အတင်းဆွဲခေါ်လျက် ကားဖြင့်တင်ဆောင်သွားကြသည်။ လူငယ်ကလေးက ရန်ကုန်တိုင်းတရားရုံးတွင် မယားခေါ်လိုမှု စွဲဆိုသည်။ မှုခင်းဖြစ်ပွားခဲ့ချိန်ကား ၁၉၇၂ ခုနှစ်။ ရန်ကုန်တိုင်းတရားရုံးက မယားခေါ်လိုမှု အနိုင်ဒီကရီချမှတ်သည်။ မိန်းကလေးက ထိုဒီကရီကို အယူခံမှု တင်သွင်းသည်။ ဗဟိုတရားရုံးက တိုင်းတရားရုံး၏ ဒီကရီကို အတည်ပြုပြီး အယူခံကို ပလပ်ခဲ့သည်။ ထိုစီရင်ချက်နှင့် ဒီကရီ စီရင်ထုံးဖြစ်လာသည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ယောက်သည် အသက် ၂၀ ပြည့်လျှင် မိဘသဘောတူညီချက်မရှိဘဲ မိမိနှစ်သက်သူကို အိမ်ထောင်ပြုလက်ထပ်နိုင်သည်။ အသက် ၂၀ မပြည့်လျှင် မိဘသဘောမတူ

www.burmeseclassic.com

သက်ထပ်ပါက ထိုလက်ထပ်ထိမ်းမြားခြင်းသည် တရားဝင်သော လက်ထပ်ထိမ်းမြားခြင်း မဟုတ်နိုင်ချေ။ ဤအမှုမှာ အသက်ပြဿနာ ဖြစ်သည်။ မိန်းကလေး၏ ရှေ့နေကြီးက ကျယ်ကျယ်ပြန့်ပြန့် လျှောက်သည်။

ဗဟိုတရားရုံးတွင် မိန်းကလေးဘက်မှ ရှေ့နေကြီးက မိန်းကလေး၏ အသက်သည် ၂၀-၁၀-၇၂ ရက်နေ့တွင် အသက် ၂၀ ပြည့်မည်ဖြစ်သည်ဟု တင်ပြသည်။ လက်ထပ်ခဲ့သည်မှာ ၁၇-၁၀-၇၂ နေ့ဖြစ်၍ မယားခေါ်လိုမှုစွဲဆိုခွင့်မရှိဟု ထုချေခုခံခဲ့သည်။ တရားရုံးတွင် လက်ထပ်သည့်နေ့ရက်၌ မိန်းကလေး အသက် ၂၀ ပြည့်မပြည့်ဟူသော အချက်သည် အရေးကြီးဆုံးအချက် ဖြစ်နေသည်။

တရားရုံးလက်ထပ်စာချုပ်၌ မိန်းကလေး အသက် ၂၀ ဟု ဖော်ပြထားသည်။ မိန်းကလေးက လက်မှတ်ရေးထိုးစဉ်ကလည်း အသက် ၂၀ ဟု ဝန်ခံပြောဆိုခဲ့သည်။ အမှုစစ်ဆေးသော အခါ အသက် ၂၀ မပြည့်သေးဟု ဆန့်ကျင်ထွက်ဆိုသည်။ လက်ထပ်သည့်နေ့က အသက် ၂၀ မပြည့်သေးကြောင်း အသ… ာက်အထားခိုင်ခိုင်လုံလုံ တင်ပြရန် တာဝန်သည် မိန်းကလေးဘက်တွင် ရှိနေသည်။

ဗဟိုတရားရုံးက မူလရုံးအမှုတွဲကို စိစစ်သည်။ မိန်းကလေး၏အသက်နှင့် ပတ်သက်၍ ကျောင်းထွက်လက်မှတ်နှင့် အမျိုးသားမှတ်ပုံတင်လက်မှတ်တို့ကို အားကိုးပြုထားသည်။ ထိုလက်မှတ်များတွင် မိန်းကလေး၏ မွေးသက္ကရာဇ်မှာ ၂၀-၁၀-၅၂ ဟု ဖော်ပြထားသည်။

မူလရုံးတွင် မိန်းကလေး၏ အသက်နှင့်ပတ်သက်၍ ဖွားသေစာရင်းရုံး ဝန်ထမ်းကို မှတ်တမ်းစာအုပ်နှင့်တကွ လာရောက်အစစ်ခံရန် နှစ်ကြိမ်သမ္မန်စာ ဆင့်ခေါ်ခဲ့သည်။ နှစ်ကြိမ်လုံး ယင်းဝန်ထမ်းက ရုံးတော်ရှေ့သို့ ရောက်ခဲ့၏။ မိန်းကလေးဘက်မှပင် ထိုသက်သေကို ပယ်ခဲ့သည်။ မိန်းကလေး၏ အသက်နှင့်ပတ်သက်၍ ဖွားသေစာရင်းရုံးမှတ်တမ်းစာအုပ်တွင် တိတိကျကျ ရှိသော်လည်း မတင်ပြခြင်းသည် အကောင်းဆုံးသက်သေခံချက်ကို မတင်ပြဘဲနေခဲ့သည်ဟု တရားရုံးတော်က ရှုမြင်သည်။

တရားရုံး၏ ရှုမြင်ချက်သည် သက်သေခံဥပဒေပုဒ်မ ၁၁၄(ဆ)အရ သက်သေခံအထောက်အထားရှိပါလျက် မပြသဘဲနေခဲ့လျှင် ထိုသူ၏ အကျိုးကို နစ်နာမည်ဖြစ်၍သာ မပြဘဲနေသည်ဟု ယူဆပေသည်။ လက်ထပ်သည့်နေ့က အသက် ၂၀ ပြည့်ပြီးဖြစ်သည်ဟု လူငယ်ဘက်မှ တင်ပြချက်ကို ဗဟိုတရားရုံးတော်က လက်ခံခဲ့ပေသည်။

လူငယ်ကလေး၏ မယားခေါ်လိုမှု အနိုင်ဒီကရီ ရခဲ့ပါ၏။ ထိုဒီကရီကို မည်သို့မည်ပုံ အတည်ပြုဆောင်ရွက်ကြလေမည်နည်း။ ကျွန်တော်ကား စဉ်းစားမရသေး။

ကျွန်တော် တင်ပြလိုရင်းကား တရားမမှုခင်းတစ်ရပ်တွင် သက်သေခံတင်ပြသင့် တင်ပြထိုက်သော အထောက်အထားတို့ကို အချိန်ကာလနှင့် တစ်ပြေးညီ တင်ပြရန် သက်ဆိုင်ရာအမှုသည်တို့၌ တာဝန်ရှိကြောင်း ဖြစ်ပေသည်။

ဤစာစုတွင် ပြစ်မှုနှင့် တရားမမှုခင်း နှစ်ရပ်ပေါ်တွင် သက်သေခံဥပဒေနှင့်ပတ်သက်၍ အသုံးချဆောင်ရွက်ကြပုံ တစ်စိတ်တစ်ဒေသကို ရှုမြင်နိုင်အံ့ဟု ယူဆပါသည်။

ကျွန်တော်တို့ငယ်ငယ်က လူကြီးသူမများ ပြောကြားသံကို ပြန်လည်ကြားယောင်နေမိပါသည်။ အဝိုလွယ် အရှိုက်ခက်သည်။ ကွဲပါ ကွာပါ ဆိုကြတာက ဝန်းကျင်က၊ လွှမ်းရတာက ကာယကံရှင်တွေ။

စီရင်ထုံးများကို ဖတ်ရှုခြင်းသည် ဇာတ်လမ်းများ ဖြစ်သည်ဟု ဆိုလျှင် မှားအံ့မထင်။ စာရေးဆရာတို့ရေးသား တင်ပြကြသည့် ပြင်ပဝတ္ထုများနှင့်မတူ၊ ကွဲပြား၏။ ဝတ္ထုထဲမှ ဇာတ်ပေါင်းခန်းသည် စာရေးဆရာ၏ ကလောင်သွားပေါ်တွင် အခြေတည်ပေသည်။ စီရင်ထုံးများထဲမှ ဇာတ်သိမ်းကား ထိုသို့မဟုတ်။ ဥပဒေပြဋ္ဌာန်းချက်အပေါ်၌ အဆုံးသတ်ပေသည်တကား။

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)



<u>ကိုးကား</u>

- သက်သေခံဥပဒေပုဒ်မ-၁၀၁ နှင့် ၁၁၄ (ဆ)
- ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မောင်စိုးဝင်း (၁၉၉၃-မတစ-၆၂)
- မခင်စန်းဝင်းနှင့် မောင်တင်မြင့် (၁၉၉၇-မတစ-၂)




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်ကွက်

**မင်းတည်တုံ့**

အရှေ့ဘက်ကောင်းကင်မှ ရောင်ခြည်ဖြူလွလွ ထွက်ပေါ်လာပြီဖြစ်သည်။ မိုးမလင်းခင်ကတည်းက ပြုတ်ထားသည့် ပဲပြုတ်ကို ရောင်းရန် မြမေ အသင့်ပြင်ဆင်ပြီး ဖြစ်သည်။ မြမေ အိမ်မှမထွက်ခင် သူ၏ယောက်ျား ဖော်ကြီးနှင့် သားနှစ်ယောက်ထံ အကြည့်ရောက်သွားသည်။ အားလုံး အိပ်ကောင်းနေဆဲ . . .။

ပဲပြုတ်သည်ဆိုသည်က ဇီရိယ ကောင်းဖို့ လိုသည်။ အချို့ဈေးသည်များနှင့် အပြိုင်ရောင်းမှ တော်ကာကျသည်။ ဤဈေးဗန်းလေးဖြင့် နိစ္စဓူဝ မိသားစုစားဝတ်နေရေးကို ဖြည့်ဆည်းနေရသည်။ သူ၏ယောက်ျားဖြစ်သော ဖော်ကြီး၏ ဝင်ငွေကို မြမေ အဖို့ ယုံကြည်၍မရပေ။

ဖော်ကြီးတစ်ယောက် မြမေနှင့် လက်ထပ်ပြီးခါစက အလုပ်ကောင်းကောင်းလုပ်သည်။ အလုပ်ကရသည့် ဝင်ငွေအားလုံးကို မြမေအား အပ်သည်။ သားငယ်လေးမွေးပြီးချိန်က စပြီး ဖော်ကြီးတစ်ယောက် အလုပ်က ရသည့် ဝင်ငွေကို ပုံမှန်မအပ်တော့ပေ။ တစ်ခါပေးသည့် ငွေကြေးက အထပ်လိုက်။ ထို့အတွက် မြမေ တအံ့တသြမေးလေတော့ ဖော်ကြီး ပြုံးပြုံးပင်ပြန် ဖြေလာသည်။

"ငါအရင်တုန်းကလို ပင်ပင်ပန်းပန်း ငွေရှာစရာမလိုဘူးဟ၊ အလိုက်ကောင်း၊ အကပ်ကောင်းပြီး ဦးနှောက်ကို နည်းနည်းအလုပ်ပေးလိုက်တာနဲ့ လက်ထဲ အထပ်လိုက်ရောက်လာရော . . .။

ဖော်ကြီးပြောသော စကားကို မြမေ နားမလည်၊ သဘောမပေါက်။ သို့သော် ဖော်ကြီးပေးသောငွေများ ပေးပြီး သိပ်မကြာခင် အရင်းအနှီးဟုဆိုကာ ပြန်ယူသည်က ပေးသည်ထက်ပိုနေသည်။ ဒီကြားထဲ မြမေ အရင်းထဲက ဖဲ့ပေးရသည်ကလည်း ရှိသေးသည်။

ထို့အတွက်ကြောင့် ဖော်ကြီး အလုပ်ကို မြမေ စုံစမ်းကြည့်လိုက်သည်။ ဖော်ကြီးတစ်ယောက်နှစ်လုံး၊ သုံးလုံးပေးသော ဘိုးတော်၊ နတ်ကတော်နောက် လိုက်နေသည်တဲ့။ ထို့အတူ ချိုင်းဆရာ၊ ကလင်ဒါဆရာ၊ ပေတံဆရာများနှင့် ပူးပေါင်းကာ ဝင်ငွေရှာနေသည်ဟုသတင်းကြားရသည်။

မြမေရင်ထဲ စိုးထိတ်သွားမိသည်။ ထိုအလုပ်တွေ လုပ်နေတာကြောင့် ဖော်ကြီး ဒီလိုဖြစ်နေရသည်လားဟူ၍ မြမေအတွေးဝင်မိသည်။ သည်အလုပ်က ဥပဒေနှင့် လွတ်ကင်းသည့်အလုပ် မဟုတ်သလို၊ ဘိုးတော်ဂဏန်းဆိုတာကလည်း ကျိန်းသေသည် မဟုတ်။ တစ်ခါ တိုက်ဆိုင်မှုရှိသွားပြီဆိုလူတွေက အဟုတ်ကြီးထင်သွားကြသည်။ တစ်ခါရှုံး ဆယ်ခါပြန်ပေးရသည်ကို မသိတို့တွေ့မြင်ကာ လောဘဇောဖြင့်လိုက်ရင်း အစပျက်ကြသူတွေ ဒုနဲ့ဒေး . . .။

မြမေက အတိုးအကြောင်း အဆိုးအကောင်း ပြောပြသော်လည်း ခေါင်းမာတတ်သည့် ထင်တော်မောင် ဖော်ကြီးက လက်ခံ၊ သူ့အလုပ်ကို ယုံကြည်မှုရှိသည်ဟု ဆိုသည်။ သူ တစ်နေ့ အပိုင်ဂဏန်းကို သေချာပေါက်ရနိုင်သည်ဟု ပြောသည်။

"ငါတို့ယုံလိုက်စမ်းပါ မြမေ ငါက မပိုင်လို့ ထေုပ်သေးတာပါ။ ပိုင်ရင် ငါအချိုကြီးရမှာ ငါ မင်းတို့ သားအမိတွေကို အဝေချောင်အောင် လုပ်ပေးမှာပါ"

ထိုသို့ဆိုလာသော ဖော်ကြီး၏ စကားကြားရသည်တ မြမေအတွက် ဝမ်းသာမှုထက် စိုးရိမ်မှုက ပိုနေသည်။

www.burmeseclassic.com

မြမေအတွေးစကို ဖြတ်လိုက်သည်။ ယခုလက်ငင်း မိသားစုစားဖို့အတွက် မြမေဈေးရောင်းရဖို့ အရေးကြီးသည်။ ပဲပြုတ်တောင်းလေးကို ရွက်ကာ မြမေ အော်လိုက်သည်။

"ပေါဒီက ဝယ်ကြဦးမလား။ ပဲပြုတ်ပူပူလေး"

✿ ✿ ✿

ထိုင်နေကျ လက်ဖက်ရည်ဆိုင်သို့ ဖော်ကြီး လျှောက်လှမ်းခဲ့သည်။ သည်အချိန်ဆို ဆိုင်တွင် လူစုံနေပြီဆိုတာ ဖော်ကြီးသိနေသည်။ ဆိုင်သို့ ရောက်သည်နှင့် ချိုင်းဆရာ၊ ပေတံဆရာ၊ နက္ခတ်ဆရာများ ထိုင်နေကျ ဆိုင်၏ ထောင့်ဆုံးစားပွဲသို့ ဖော်ကြီး ဝင်ထိုင်လိုက်သည်။ လကုန်ထွက်မည့် သုံးလုံးဂဏန်းနှင့်အတူ အပတ်စဉ် ထွက်သည့် နှစ်လုံးဂဏန်းများအား တိုင်ပင်ဆွေးနွေး တွက်ချက်ကြသည်။ ဆိုင်အတွင်းဝင်လာသည့် လူငယ်က

"အစ်ကို ... အခုတလော ဘယ်မှမသွားဘူးလား"

ဟူသော အမေးဖြင့် စားပွဲလွတ် တစ်ခုတွင် ဝင်ထိုင်လိုက်သည်။ လူငယ်၏ အသံကြားရုံဖြင့် ဖော်ကြီးက နှစ်လုံး၊ သုံးလုံးပေးသော ဘိုးတော်၊ နတ်ကတော်တွေဆီ သွားတိုင်း ငှားစီးနေကျ ဆိုင်ကယ်ကယ်ရီ ကောင်လေး ဆိုတာ မကြည့်ဘဲ သိလိုက်သည်။ ကောင်လေးကစကားဆက်လာသည်။

"အစ်ကို .. အခုတလော ဘိုးတော်ပေးတဲ့ နှစ်လုံးဂဏန်း မှန်တယ် ဆိုပြီး နာမည်ကြီးနေတယ်။ အစ်ကို မသွားဘူးလား"

ကောင်လေး၏ စကားသံအဆုံး ဖော်ကြီး သူစိတ်ဝင်စားနေသော ချိုင်း မှအကြည့်ကိုခွာကာ ကောင်လေး ဘက်သို့ အကြည့်ရောက်သွားသည်။ ဒီလိုခွင်မျိုး ဖော်ကြီးအလွတ်မပေး တတ်။ ကောင်လေးကို လိုက်ပို့ပေးရန် အချိန်သတ်မှတ်လိုက်သည်။ ကောင်လေးသောက်သော လက်ဖက်ရည်ဖိုး ကို ဖော်ကြီးရှင်းလိုက်သည်။

✿ ✿ ✿

နောက်တစ်နေ့၌ ဖော်ကြီး ကောင်လေး၏ ဆိုင်ကယ်ဖြင့် ဘိုးတော်နေရာသို့ ရောက်ခဲ့သည်။ ဖော်ကြီးအခြေအနေကို ကြည့်သည်။ အခြားသူများကဲ့သို့ အုတ်ရောရော ကျောက်ရောရော မလုပ်တတ်သည် က ဖော်ကြီး၏ အကျင့်။ ဂဏန်းပေး သည့် နေရာ၌ ဂဏန်းယူမည့်သူများ ရှိနေသည်။ ဖော်ကြီးလည်း ဂဏန်းယူ မည့်သူများနှင့် ခပ်လှမ်းလှမ်းတွင်ထိုင်၍ အခြေအနေကို စောင့်ကြည့်သည်။ ဂဏန်းယူသည့် လူများ တဖြည်းဖြည်း ရှင်းသွားပြီ ဖြစ်သည်။

ဖော်ကြီး အသာအယာ ထသွား ကာ ဘိုးတော်ရှေ့တွင် ထိုင်လိုက် သည်။ ဘိုးတော်အတွက် ဝယ်လာ သော လက်ဆောင်ကို ဘိုးတော်ရှေ့ တွင်ချကာ ကန်တော့လိုက်သည်။ ဘိုး တော်က ဖော်ကြီးအား မျက်တောင် မခတ် အသေအချာကြည့်

> မြမေရင်ထဲ
> စိုးထိတ်သွားမိသည်။
> ထိုအလုပ်တွေ
> လုပ်နေတာကြောင့်
> ဖော်ကြီး
> ဒီလိုဖြစ်နေရသည်
> လားဟူ၍ မြမေ
> အတွေးဝင်မိသည်။
> သည်အလုပ်က
> ဥပဒေနှင့်
> လွတ်ကင်းသည့်
> အလုပ်မဟုတ်သလို၊
> ဘိုးတော်ဂဏန်း
> ဆိုတာကလည်း
> ကျိန်းသေသည်
> မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

ဇော်ကြီး ရလာသော
ဂဏန်းကို ချိုင်းဆရာ
အပြောက သေချာပေါက်၊
ကလင်ဒါဆရာက ကွက်တိ။
ပေတံဆရာကလည်း
ဒီဂရီမလွဲ။ နက္ခတ်ဆရာက
ဂြိုဟ်ရံအပြည့်အစုံ၊
ထိုသို့ ဘက်ပေါင်းစုံက
အခိုင်အခံ့မို့ ဇော်ကြီး၏
လောဘစွမ်းအားနှင့်အတူ
မျှော်လင့်ချက်က
မြင့်တက်လာတော့သည်။

သည်။ ကြည့်နေပြီးမှ မျက်လုံးကို အသာအယာမှိတ်လိုက်သည်။ သူ၏ ဘေးနားတွင် အသင့်ရှိနေသော စာရွက်နှင့် ဘောလ်ပင်အားယူ၍ မျက်လုံးမှိတ်လျက်ပင် ဂဏန်းကို ရေးလိုက်သည်။ မျက်လုံးကို အသာအယာ ပြန်ဖွင့်ကာ ဇော်ကြီးအား ပေးလိုက်သည်။ ဇော်ကြီးအား သေချာစွာ စိုက်ကြည့်ပြီး ပြောသည်။

"သားဟာ ထူးခြားပါတယ်။ ဒါကြောင့် ထူးခြားပါလိမ့်မယ်"

ထိုသို့ပြောအပြီး မျက်လုံးပြန်မှိတ်ကာ တရားထိုင်သည့်ပုံစံဖြင့် ထိုင်နေပြီဖြစ်သည်။ ဇော်ကြီးလည်း ဘုန်းတော်ရေးပေးသော ဂဏန်းစာရွက်ကို အသေအချာ အိတ်ကပ်အတွင်းသို့ ထည့်လိုက်သည်။ ထိုအချိန်တွင် ဘုန်းတော်၏ တပည့်ဖြစ်ဟန်တူသော ကောင်လေးတစ်ယောက်က ဇော်ကြီး အနားသို့ရောက်လာကာ ပြောသည်။

"အစ်ကို အရမ်းကံကောင်းတယ်။ ဘုန်းတော်က ဘယ်လိုလူကိုမှ အဲဒီလို ဂဏန်းမရေးပေးဘူးဗျ။ သူနဲ့ ကျွန်တော်အနီးကပ်နေတာ ကျွန်တော်အသိဆုံး။ ပြီးတော့ ဘယ်သူ့ကိုမှ စကားပြောတာ မဟုတ်ဘူး။ အစ်ကိုကတော့ ထူးခြားတာပဲ"

ထိုသို့ပြောအပြီး ဇော်ကြီး၏ ပျော်ရွှင်မှုက အထွတ်အထိပ်သို့ ရောက်သွားသည်။ ဇော်ကြီးမျှော်လင့်ထားသလို ကံက အကျိုးပေးတာ အပိုင်ကွက်ရပြီ ဖြစ်သည်။

သို့နှင့် ဇော်ကြီးလည်း ဒီတစ်ကွက်မလွဲရအောင် မိမိဘက်က မလစ်ဟင်းရလေအောင် ချိုင်းဆရာများ စုဝေးရာဆီသို့ ရောက်ခဲ့သည်။ ဇော်ကြီး ရလာသော ဂဏန်းကို ချိုင်းဆရာ အပြောက သေချာပေါက်၊ ကလင်ဒါဆရာက ကွက်တိ၊ ပေတံဆရာကလည်း ဒီဂရီမလွဲ၊ နက္ခတ်ဆရာက ဂြိုဟ်ရံအပြည့်အစုံ၊ ထိုသို့ဘက်ပေါင်းစုံက အခိုင်အခံ့မို့ ဇော်ကြီး၏လောဘစွမ်းအားနှင့်အတူ မျှော်လင့်ချက်က မြင့်တက်လာတော့သည်။

သည်တော့ ဇော်ကြီး မြမေတို့ မိသားစုအတွက် လက်ရှိ မြမေ၏ တစ်ခုတည်းသော ရွှေနားကပ်တစ်စုံ သားကြီးရှင်ပြုရန် စုထားသည့်ငွေ၊ ကျောင်းအပ်ရန် သားငယ်အတွက် စုငွေများကို ဇော်ကြီးအရင်းအနှီးပြုလိုက်သည်။ ဒီတစ်ချီက အပိုင်ဆိုတော့ များများရင်းမှ များများရမည်။ ယခုထိုးထားသော ဂဏန်းပေါက်လျှင် မြမေ၏ ရည်ရွယ်မှုထက်ပိုသည့် ပြီးပြည့်စုံမှုများကို လုပ်ပေးနိုင်တော့မည်ဟုတွေးရင်း ပျော်နေမိသည်။

ညနေ ၄ နာရီမတိုင်မီ လမ်းထိပ် လက်ဖက်ရည်ဆိုင်သို့ ဇော်ကြီး ရောက်ခဲ့သည်။ ဂဏန်းမထွက်ခင် ဇော်ကြီးထိုင်မရ၊ ထမရ ဖြစ်လို့နေသည်။ အရင်က . . . ဒီလို ဖြိုက်တု စလောင်းကြည့်တာက ရင်မခုန်ခဲ့၊ အခု ရှိသမျှအကုန်ဖြင့် အောထားပြီမို့ စိတ်ကတော့ လှုပ်ရှားမိသည်။

၄ နာရီခွဲလေပြီ။

တီဗွီမျက်နှာပြင်ပေါ်က [illegible] က ဇော်ကြီးထိုးထားသည့် [illegible] တကယ်တကယ်စင်လွဲပြီဖြစ်သည်။ [illegible] မထွက်မီ ပဲပြုတ်[illegible] ဈေးရောင်းရသော [illegible] သတ်နှင့်လွှမ်းခြုံထားသော [illegible] မျက်နှာ၊ [illegible] လေး၏ မျက်နှာ [illegible] အိမ်အမိုး[illegible] ခေါင်းမိုး[illegible] အပြန်[illegible] ကြေကွဲ[illegible] . . . ။

[illegible]

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အနီရောင်တစ္ဆေလော

# အဖြူရောင်သရဲလော

■ အောင်(ဆေး-၁)

ညတာရှည်လွန်း၍ ပျင်းရိငြီးငွေ့ဖွယ် ကာလများဖြစ်၏။

နယူးယော့မြို့ရှိ သတင်းထောက်များအဖို့ သတင်းဦး၊ သတင်းထူးရရှိရေးအတွက် အလုပ်များနေကြ၏။ ကျူးဘားအရေးအခင်းကာလဖြစ်၍ လှုပ်လှုပ်ရှားရှား ဖြစ်နေကြ၏။

ကျွန်ုပ်သည် လျှို့ဝှက်သည်းဖိုဇာတ်လမ်းတစ်ပုဒ်ကို ရရှိခဲ့ရာ ထိုဇာတ်လမ်းအတွက် စာနယ်ဇင်းလောကမှ လူတစ်ဦးကို ကျေးဇူးတင်ရမည်ဖြစ်၏။

ထိုဇာတ်လမ်းသည် စိတ်ဝင်စားဖွယ်ကောင်း၏။ နယူးယော့ပြည်နယ်အတွင်းရှိ ဝေးလံသော ဒေသတစ်နေရာမှ လယ်တောတွင် ဖြစ်ပျက်ခဲ့၏။

ထိုဒေသရှိ လယ်သမားတစ်ဦးသည် ဇနီးဖြစ်သူနှင့် ကတောက်ကဆဖြစ်ရာမှ ဒေါသထွက်၍ ပုဆိန်ဖြင့် ဇနီးအား ခုတ်သတ်ခဲ့၏။ ပုဆိန်သည် ဇနီးဖြစ်သူ၏ လည်ပင်းအား ပြတ်တောက်စေခဲ့၏။ ထိုဖြစ်ရပ်သည် ကလေးငယ်လေးဦးရှေ့တွင် ဖြစ်ပွားခဲ့၏။

နံနက်ခင်းအချိန်တွင် ဖြစ်ပွားခဲ့သော်လည်း ထိုလယ်သမားသည် လူသတ်မှုကျူးလွန်ပြီးပြီးချင်း ကလေးငယ်များအား အိပ်ရာဝင်စေခဲ့၏။

ကလေးငယ်များ အိပ်ခန်းတွင်းရောက်သောအခါ အလောင်းအား သယ်ယူ၍ ထူထပ်သော သစ်တောအတွင်းသို့ သယ်ဆောင်ကာ မြှုပ်နှံထားခဲ့၏။

ထိုဇာတ်လမ်းကို ကြားရစဉ်က ကျွန်ုပ်သည် အံ့ဩထိတ်လန့်ခဲ့၏။

ထိုတရားခံဖြစ်သူ လယ်သမား၏ အမည်က ဂျူးဖြစ်၏။ ကွယ်လွန်သူ အမျိုးသမီးဖြစ်သူ၏ အကြီးဆုံးဖြစ်သူ ကလေး၏အမည်က ဖရက်ဒီ ဖြစ်၏။

လူသတ်မှုဖြစ်ပွားပြီး တစ်ပတ်ခန့်ကြာသောအခါ ရပ်ဝေး၌နေထိုင်သော အခြားလယ်သမားတစ်ဦးက ထိုအိမ်အရှေ့မှ ဖြတ်သန်းသွား၏။

ဖြတ်သန်းစဉ် အိမ်ရှေ့၌ခွေ့ကစားနေသော ဖရက်ဒီကို မြင်သွား၏။ ထိုသူက ခေတ္တရပ်လိုက်ပြီး မိသားစုအကြောင်း မေးမြန်းလိုက်၏။ ကလေးဖြစ်သူက မိမိတို့မိသားစုသည် နေကြောင်းပါကြောင်း၊ သို့သော် မိခင်ဖြစ်သူမှာ သေဆုံးသွားပြီဖြစ်ကြောင်း ဖြေကြားလိုက်၏။

ထိုသူသည် နာရေးသတင်းကြားလိုက်ရ၍ လွန်စွာထိတ်လန့်သွား၏။ မည်သို့မည်ပုံ သေဆုံးကြောင်း ဆက်လက်မေးမြန်းပါ၏။ ကလေး၏ အဖြေစကားကလည်း ထူးဆန်းနေ၏။

လွန်ခဲ့သော တစ်ပတ်က ဆံပင်နီနီ၊ သွားဖြူဖြူနှင့် လက်ဖြူဖြူရှိသော လူကြီးတစ်ဦး သူတို့အိမ်တွင်းဝင်လာကာ မိခင်ဖြစ်သူအား ပုဆိန်ဖြင့် ခုတ်သတ်သွားကြောင်း ကလေးငယ်က ပြောကြားခဲ့၏။

ထိုဇာတ်လမ်းကို ကြားရသောအခါ မဖြစ်နိုင်ဟု ယူဆ၍ ထိုလယ်သမားက မကျေမနပ်ဖြစ်သွား၏။ တစ်စုံတစ်ရာ ရေရွတ်ကာ ထိုလယ်သမား ထွက်ခွာသွား၏။ ကလေးသဘာဝတောင်ပြော၊ မြောက်ပြော ပြောခြင်းဖြစ်သည်ဟု ယူဆသွား၏။

ထိုသူသည် မယုံတစ်ဝက်၊ ယုံတစ်ဝက်ဖြစ်နေသော်လည်း ထိုသတင်းအား နီးစပ်ရာလူများအား ပြောကြားခဲ့၏။

ကွယ်လွန်သူသည် ယခင်က တနင်္ဂနွေနေ့ နံနက်တိုင်း မက်သော့ဒစ်ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ ပုံမှန်လာလေ့ရှိသူ ဖြစ်၏။ ယခုအခါ သူ့အား မတွေ့ရ၍ အများပြည်သူက သတိထားမိလာ၏။

မကြာမီ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်၏။ လယ်သမားဖြစ်သူ ဂျူးအား လူသတ်မှုဖြင့် ဖမ်းဆီးကြ၏။

ကွယ်လွန်သူအား မြှုပ်နှံရာမှ ပြန်

www.burmeseclassic.com

လည်ဖော်ထုတ်၍ ၎င်း၏ခွေမျိုးသားချင်းများက ပြန်လည်သင်္ဂြိုဟ်ပေးခဲ့၏။

အမှုမှန် ပေါ်ပေါက်ရေးသည် ကလေးငယ်လေးဦးပေါ်တွင် မူတည်နေ၏။ ဖြစ်ပွားစဉ်က မျက်မြင်သက်သေဟူ၍ ထိုကလေးငယ်လေးဦးသာ ရှိ၏။

ထိုကလေးငယ်လေးဦးအား စစ်ဆေးမေးမြန်းသောအခါ အခင်းဖြစ်ပွားစဉ်က ၎င်းတို့ရှိကြောင်း ထွက်ဆိုခဲ့၏။ သို့သော် ကလေးငယ်များက တရားခံသည် ဆံပင်နီနီနှင့်ဖြစ်ကြောင်း ထွက်ဆိုခဲ့၍ စစ်သောသူများ ဦးနှောက်ခြောက်ကုန်၏။ မသင်္ကာခြင်းခံရသူ ဂျူးက ဆံပင်ဖြူနေပြီ ဖြစ်၏။

ကလေးငယ်များက လူသတ်သမားသည် ဖြူဖွေး၍ ကြီးမားသောသွားများရှိကြောင်း ထွက်ဆိုခဲ့၏။ ဂျူးတွင် သွားရစ်ချောင်းသာရှိပြီး ထိုသွားများမှာ သေးငယ်၍ အညိုရောင်ရှိ၏။

ကလေးငယ်များက လူသတ်သမား၏ လက်သည် ဖြူဖွေးနေကြောင်း ထွက်ဆိုခဲ့၏။ ဂျူးတွင် လက်မည်းမည်းများသာ ရှိနေ၏။

ကလေးငယ်များ၏ မျက်နှာက အပြစ်ကင်းစင်နေ၏။ ၎င်းတို့တွင် လိမ်လည်သည့် အမူအရာမရှိ။ ရိုးသားစွာ ထွက်ဆိုနေ၏။

ကလေးငယ်များသည် ထိတ်လန့်တုန်လှုပ်နေ၏။ ကြောက်မက်ဖွယ်ဖြစ်ရပ်ကို တွေ့ကြုံထား၍ ချောက်ချားနေ၏။ ကလေးငယ်တစ်ဦးနှင့်တစ်ဦး ထွက်ဆိုချက်များက ကွဲလွဲခြင်းမရှိ။ တစ်ချိန်တည်းမှာပင် တစ်ခုံတစ်ဦးက နှုတ်တိုက်သင်ကြားပေးထားသလို ဤသည်မရှေးတစ်ထပ်တည်းလည်းမဟုတ်ပေ။ အဓိက အချက်များ တူညီနေခြင်းသာ ရှိ၏။

ကြင်နာတတ်သော အမျိုးသမီးများက ကလေးငယ်များအား လာရောက်နှစ်သိမ့်ကြ၏။ အစားအသောက်များ ကျွေးမွေးကြ၏။

ထုံထိုင်းသော စုံထောက်များက ကလေးငယ်များအား ကာလကြာရှည်စွာ စစ်ဆေးမေးမြန်းကြ၏။

မေးတိုင်း မေးတိုင်း ဆံပင်နီနီ၊ သွားဖြူဖြူနှင့် လက်ဖြူဖြူ ဟူသော အဖြေကိုသာ ရနေ၍ စုံထောက်များ အကြပ်ရိုက်ကုန်ကြ၏။ အခြားမျက်မြင်သက်သေလည်း မရှိသဖြင့် စုံထောက်များ ဦးနှောက်ခြောက်ကုန်၏။

ဂျူးကမူ အချုပ်ခန်းအတွင်း၌ ငြိမ်သက်အေးဆေးစွာ ရှိနေ၏။ ဂျူးက ဘုရားကွယ်ထား၏။ လူသတ်မှုနှင့် ပတ်သက်၍ ဘာမှမသိကြောင်း ထွက်ဆိုထား၏။

၎င်းက ဇနီးဖြစ်သူသည် ခွေမျိုးများထံ အလည်အပတ်သွားရောက်နေသည်ဟု ယူဆ၍ အေးဆေးစွာနေခဲ့ကြောင်း ပြောကြားခဲ့၏။

၎င်းက ဇနီးဖြစ်သူသည် မိမိနှင့် ကတောက်ကဆဖြစ်ထား၍ အိမ်ပေါ်မှ စိတ်ဆိုးကာ ခေတ္တဆင်းသွားဟန်တူကြောင်း၊ စိတ်ပြေပါက မိမိထံ ပြန်လာလိမ့်မည်ဟု မျှော်လင့်ကာ စောင့်ဆိုင်းနေမိကြောင်း မှင်သေသေနှင့် ထွက်ဆိုခဲ့၏။

လူသတ်မှုဖြစ်စဉ်က သေးစွန်းခဲ့၏။ သို့သော် အခန်းကြမ်းပြင်ပေါ်မှ သွေးများကို သန့်ရှင်းစင်ကြယ်အောင် ဂျူးက ဆေးကြောခဲ့ပြီးဖြစ်၏။

ဂျူးအပြင်မှ ပြန်လာသော ကလေးများက ၎င်းအား မိမိတို့မိခင်အား ဆံပ
နီနီ၊ သွားဖြူဖြူ၊ လက်ဖြူဖြူနှင့် လူကြ
က ပုဆိန်ဖြင့် ခုတ်သတ်ခဲ့ကြောင်းကို
တိုင်ကြားခဲ့ပါကြောင်း၊ သို့သော် မိမိက
မယုံကြည်ခဲ့ကြောင်း၊ ထိုကိစ္စသည်
ကလေးများ တွေ့ကရာပြောသည်ဟု
ယူဆခဲ့ပါကြောင်း ထွက်ဆိုခဲ့၏။

ရဲအား အဘယ်ကြောင့် မတိုင်
ကြားခဲ့သည်ကို ဂျူးအားမေးမြန်းသော
အခါ အရေးမကြီးဟုထင်၍ မတိုင်ကြာ
ခဲ့ကြောင်း ဆင်ခြေပေးခဲ့၏။

ဂျူးက မိမိဇနီးသည် မိမိအား မုန်
တီးနေ၍ ထွက်ပြေးသွားခြင်းလည်း ဖြ
နိုင်ကြောင်း လိမ်လည်ပြောကြားခဲ့၏။

လူအများစုက ဂျူးသည် လူသတ်
သမား ဖြစ်နိုင်ကြောင်း သံသယရှိသေ
လည်း သက်သေခံချက် အခိုင်အမ
မရရှိနိုင်ဘဲ ရှိနေ၏။

တချို့က ဂျူးသည် လူသတ်သမ
မဖြစ်နိုင်ကြောင်း၊ အဘယ့်ကြောင့်
သော် ကလေးများက လိမ်လည်မ
မဟုတ်ကြောင်း၊ လူသတ်တရားခံသ
ဆံပင်နီနီ၊ သွားဖြူဖြူ၊ လက်ဖြူဖြူသ
ဖြစ်လိမ့်မည်ဖြစ်ကြောင်း ထင်ကြေ
နေကြ၏။

ထိုအမှုသည် လျှို့ဝှက်နက်နဲသေ
ပုစ္ဆာတစ်ပုဒ် ဖြစ်လာ၏။

ကျွန်ုပ်ကိုယ်တိုင် ကလေးများ
တွေ့ခဲ့ပုံမေးမြန်းမှု အကြိမ်များစွာ ပြု
ခဲ့သော်လည်း ဆံပင်နီနီ၊ သွားဖြ
လက်ဖြူဖြူဟူသော အဖြေကိုသာရ

ကလေးငယ်များက ယုံ
လောက်စဖွယ် ပြောပြနိုင်၍
စွာ အံ့ဩမိ၏။ ၎င်းတို့၏
များက အပြစ်ကင်းစင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

တောက်ပနေသော မျက်လုံးကလေးများထဲတွင် ဆံပင်နီနီ၊ သွားဖြူဖြူ လက်ဖြူဖြူ လူကြီး၏ အရိပ်ကို တွေ့နေရသကဲ့သို့ ခံစားမိ၏။

ထိုသို့ ထွက်ဆိုချက်ကို ကြားရသော်လည်း တကယ့်ဖြစ်ရပ်မှန်က ဤသို့ဖြစ်၏။

ဂျူးသည် ဖနီးဖြစ်သူ၏ အလောင်းကို တောတွင်းတစ်နေရာတွင် တွင်းတူး၍ မြှုပ်နှံခဲ့ပြီး အိမ်သို့ ပြန်လာခဲ့၏။

အိမ်သို့ ပြန်ရောက်သောအခါ ကလေးငယ်များအား မေးမြန်း၏။

ကလေးငယ်များက ဂျူးသည် မိခင်အား ပုဆိန်ဖြင့် ခုတ်ခဲ့သည်ကို မြင်ကြောင်း။ မိမိတို့အား အိပ်ခန်းတွင်းသို့ အတင်း ကျုံ၍ သွားစေခဲ့ကြောင်း ဖြေခဲ့၏။

ထိုအခါ ဂျူးက မနက်မှစ၍ မိမိသည် အိမ်တွင်မရှိကြောင်း။ ယခုမှ ပြန်ရောက်ကြောင်းပြောရာ ကလေးငယ်များ ဇဝေဇဝါဖြစ်ကုန်၏။

ဂျူးက ပုဆိန်ဖြင့် ခုတ်သော လူကြီး၏ပုံသဏ္ဌာန်ကို မေးမြန်း၏။ ကလေးအကြီးဆုံးဖြစ်သူ ဖရက်ဒီက ဂျူးနှင့် ပုံစံတူနေကြောင်း ဖြေကြား၏။

ဂျူးက ဆံပင်နီနီနှင့် မဟုတ်လားဟု မေး၏။ ဖရက်ဒီက ဂျူးကဲ့သို့ ဆံပင်ဖြူနေကြောင်း ဖြေ၏။

ဂျူးက ဆံပင်နီနီနှင့် လူကြီး မိမိအနားမှ ဖြတ်သွားကြောင်း။ ထိုလူကြီးကို ကလေးများ အမှတ်မှားနေခြင်းဖြစ်ကြောင်း ပြောကြားခဲ့၏။

ဒုတိယကလေးဖြစ်သူ လူစီအား ထိုလူကြီးသည် သွားဖြူဖြူနှင့်ဖြစ်ကြောင်း ဂျူးကပြောရာ လူစီက လက်ခံလိုက်၏။

ဖရက်ဒီသည် ဂျူး၏ လိမ်လည်လှည့်ဖျားမှုကြောင့် နဝေတိမ်တောင်ဖြစ်သွား၏။ ဖခင်ဖြစ်သူ ပြောစကားသည် ဟုတ်နိုးနိုး ထင်သွား၏။

နောက်တစ်နေ့တွင် ဂျူးသည် နံနက်စာကို ကလေးများနှင့်အတူစားရင်း ထပ်တလဲလဲ နားသွင်းပြန်၏။ ကလေးအကြီးနှစ်ဦးဖြစ်သော ဖရက်ဒီနှင့် လူစီသာမက တတိယကလေးဖြစ်သော မာသာပါ နားယောင်ကုန်ကြ၏။

ကလေးများက ထိုဖြစ်ရပ်သည် လူသတ်မှုဖြစ်ကြောင်း မသိကြပေ။ ဖခင်ဖြစ်သူ ထပ်တလဲလဲနားသွင်းမှုကြောင့် ဆံပင်နီနီ၊ သွားဖြူဖြူ လက်ဖြူဖြူလူကြီးသည် တကယ်ရှိကြောင်း လက်ခံသွားကြ၏။

အကြီးဆုံးကလေးဖြစ်သူ ဖရက်ဒီက သေခြင်းတရားကို ကြုံဖူး၏။ သေသွားသော ယုန်ကလေး၊ သေသွားသော ခွေးကလေးများကို မြင်ဖူး၏။ သေသွားပါက မည်သည့်အခါမျှ ပြန်မလာကြောင်း သိထား၏။

ဖခင်ဖြစ်သူက မိခင်သည် ပြန်မလာတော့ကြောင်းပြောပြ၍ မိခင်သေပြီဟု လက်ခံလိုက်၏။

တရားခွင်တွင် မမျှော်လင့်သည့်အရာ ဖြစ်လာ၏။

ဂျူရီလူကြီးများက ဂျူးတွင်အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့၏။

တရားသူကြီးက ကြိုးကွင်းစွပ်၍ သေစေရန် သေဒဏ်ပေးခဲ့၏။

တရားသူကြီးမှန်ကန်ကြောင်း နောက်ပိုင်းတွင် သိခဲ့ရ၏။ ဂျူးက သေခါနီးတွင်မှ အမှန်အတိုင်း ဖြောင့်ချက်ပေးခဲ့၍ ဖြစ်၏။

ယခုအခါ ဖရက်ဒီသည် ကောင်းစွာ အရွယ်ရောက်၍ လူကြီးတစ်ဦး ဖြစ်နေပြီဖြစ်၏။

နှစ်ပေါင်းများစွာကြာသော် ကျွန်ုပ်သည် ဖရက်ဒီနေထိုင်ရာ ပတ်ဝန်းကျင်သို့ ရောက်ခဲ့၏။

ပတ်ဝန်းကျင် ပြောစကားအရ ဖရက်ဒီသည် ငယ်စဉ်က လိမ်လည်ထွက်ဆိုခဲ့ခြင်း မဟုတ်ကြောင်း။ မိမိဖခင်သည် မိုက်မဲသော တရားသူကြီးနှင့် ဂျူရီများကြောင့် မတရားအပြစ်ဒဏ်ခံခဲ့ရကြောင်းဟု ပြောနေသည်ကို သိရှိခဲ့ရ၏။

ဖရက်ဒီသည် ဆံပင်နီနီ၊ သွားဖြူဖြူ လက်ဖြူဖြူ လူကြီးကို ယနေ့တိုင် ကောင်းစွာမှတ်မိနေကြောင်း။ တစ်နေ့နေ့တွင် ထိုလူကြီးကို ပြန်ရှာတွေ့ဦးမည်ဖြစ်ကြောင်း။ လူစုလူဝေးထောင်ချီရှိနေစေကာမူ ထိုလူကြီးကို လူအုပ်ထဲမှ မိမိ ရွေးထုတ်နိုင်ပါကြောင်း ပြောကြားခဲ့၏။

ဖရက်ဒီ၏ မှတ်ဉာဏ်ထဲတွင် တကယ်မရှိသော လူကြီး ရုပ်ပုံ ရှင်သန်နေပြီး တကယ်မရှိသည်ကို အဟုတ် ထင်လျက်ရှိနေပေတော့သည်တကား။

**အောင်(ဆေး-၁)**

ရည်ညွှန်းချက်

WORTH POCKET COMPANIONS စာစဉ်မှ ထုတ်ဝေသော MYSTERY & SUSPENSE ဝတ္ထုတို ပေါင်းချုပ်စာအုပ်မှ စာရေးဆရာ STEPHEN CRANE ရေးသားသော "AN ILLUSION IN RED AND WHITE" ဝတ္ထုတိုအား ဆီလျော်အောင် ပြန်ဆိုရေးသားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိခ်၏ နည်းစနစ်အတိုင်းဟောသည့်

## ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ညံ့ပေမယ့်လည်း လုပ်ငန်းသစ်များ စလုပ်မယ်ဆိုလျှင် စလုပ်နိုင်ပါတယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်လိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အမှုအခင်း ဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ငွေအနည်းငယ် ဝင်တတ်ပါတယ်။ ဒါပေမဲ့ စုလို့ဆောင်းလို့ရတဲ့ကာလ မဟုတ်ပါဘူး။ ထွက်နေတဲ့ လက်ဝတ်ရတနာ၊ ရွှေထည်ပစ္စည်းတွေ ပြန်ဝင်တတ်တယ်။ ကွဲကွာနေတဲ့ ဆွေမျိုးဟောင်း၊ မိတ်ဆွေဟောင်းများနဲ့ ပြန်လည်တွေ့ဆုံရတတ်တယ်။ သားပျို သမီးပျိုများ ရှိပါက အိမ်ထောင်ကျခြင်း၊ အိမ်မှ ခွဲထွက်သွားခြင်းမျိုး ကြုံရတတ်တယ်။ မိသားစုချင်း စိတ်ဝမ်းကွဲစရာတွေ ဖြစ်ပေါ်လာတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ ကိုယ့်လက်အောက် ငယ်သားတွေက ဒုက္ခပေးတတ်တယ်။ အမှုတွေလည်း သယ်လာတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်မယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေထိုးလေအောင့်၊ အစာအိမ်နှင့် ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ အစာအိမ်ရောဂါ ဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

သောကြာ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၄၆၊ ၆၄၊ ၄၂၊ ၂၄

### အထူးသတိပြုရန်

မိမိအိမ်သို့ ဘုရားတစ်ဆူ ကြွလာသော နိမိတ်တွေ့ပါက ငွေအစုလိုက် အပုံလိုက် ရတတ်တယ်။ မြောက်အရပ်သို့ ရေလမ်းခရီး မသွားရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## တနလ်ာ သားသမီး



သင်သည် ယခုကာလတွင် စည်းစိမ်ဥစ္စာတွေ တိုးလာပြီး လုပ်ဖော်ကိုင်ဖ
မိတ်ဆွေများကလည်း ကိုယ့်ကို အစစအရာရာ ထောက်ပံ့နေတဲ့အချိန် ဖြစ်
တယ်။ သိကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်မယ်။
မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန်ဖြစ်ပါတယ်။ ဝန်ထမ်းဖြစ်လျှင်
ရာထူးတက်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူများအဖို့ လုပ်ငန်းများ သိသိသာသာ
အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သလို လုပ်ငန်းဟောင်း
များလည်း ပြန်ပေါ်တတ်တယ်။ ခရီးများ သွားရတတ်တယ်။ ထိုခရီးများတ
လည်း စိတ်ချမ်းသာစရာ ခရီးများဖြစ်တယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားသူ
များ ယခုကာလတွင် ထွက်ပါက ရောက်တဲ့နိုင်ငံမှာ အလုပ်က စောင့်ကြို
တတ်တယ်။ ငယ်ရွယ်သူများအဖို့ သင်တန်းတစ်ခု တက်ရတတ်တယ်။ ပညာ
ကောင်းတစ်ခု ရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ ဖြေရှင်းရတတ်တယ်။
မြေတစ်ကွက် စပ်တူဝယ်ဖို့ ကြုံလာလိမ့်မယ်၊ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။
ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွားတိုးတက်မယ့်အချိန် ဖြစ်ပါတယ်။ ဒါပေမဲ့ အတိုက်အခံ အနည်းငယ်တော့
ကြုံရတတ်တယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြမ်းခြင်းများ ဖြစ်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖ
စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ စက်ပစ္စည်းတွေလည်း ဝင်တ
တယ်။ စက်ရုံတစ်ခု ပူးတွဲလုပ်ရတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ အသည်းနှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။
ယာဉ်တိုက်မှုဖြစ်ခြင်း၊ ရုတ်တရက် ရေနစ်ခြင်းမျိုး ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်
(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ တံခွန်ဖြူ(၂၀)ခုတို့ကို လှူ
ပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

### အထူးသတိပြုရန်

မိမိအိမ်တွင် ရွှေများကွာနေသော ဘုရားရုပ်ပွားတော်တစ်ဆူရှိလျှင်
လာဘ်ပိတ်တတ်ပါတယ်။ ရွှေများ ပြန်ချပေးပါ။
ယခုကာလတွင် ဆိတ်သားမစားရ။ သစ္စာပန်း မထိုးရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း ပန်းပေါင်းစုံ(၅)မျိုးနှင့်

www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် အိုးအိမ်အပြောင်းအရွှေ့ ရှိတတ်ပါတယ်။ ဝန်ထမ်း များအဖို့ အလုပ်တွင် အနည်းငယ် အတိုက်အခံ ရှိတတ်ပါတယ်။ သင်သည် ယခုရောက်ရှိနေတဲ့ကာလတွင် ကဆုန်လနှင့် ပြာသိုလများ ပါခဲ့ရင်တော့ မိသားစုထဲမှသော်လည်းကောင်း၊ မိမိ၏လက်အောက်ငယ် သားတွေကြောင့် အမှုအခင်း ဖြစ်တတ်ခြင်း၊ အမှုကို လိုက်လံဖြေရှင်းပေးရ ခြင်းမျိုး ဖြစ်တတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သော ကာလဖြစ်တယ်။ လုပ်ငန်းသစ်ပေါ်ခြင်း (သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ အလုပ်အတွက် စိတ်ညစ်စရာတွေ ပေါ်တတ်တယ်။ အလုပ်မှ ထွက်ချင်စိတ် ပေါ်နေလိမ့် မယ်။ မထွက်ပါနှင့်။ သူခိုးမျက်စိအကျခံရတတ်သော ကာလဖြစ်၍ သူခိုး အခိုးခံရတတ်သောကာလ ဖြစ်သောကြောင့် သတိထားပါ။ ခရီးအကျိုးပေး သောကာလဖြစ်တယ်။ ဘုရားဖူးခရီးများ သွားရတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ သောကြာနံပစ္စည်းများ ဝင်လာတတ်တယ်။ အိမ်သို့ အတောင်ပါသော သတ္တဝါ များ ဝင်လာတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ ရွှေနှင့် အဖိုးတန်ရတနာ ပစ္စည်းများ ဝင်မယ်။ မြေနှင့်ပတ်သက်သောကိစ္စ စိတ်အနှောင့်အယှက် ဖြစ်ရတတ်တယ်။ ဖခင်ဖြစ်သူမှာ တနင်္ဂနွေ၊ ကြာသပတေးနာမည်ပါလျှင် ကျန်းမာရေး ညံ့တတ်တယ်။ ကျန်းမာရေးအနေဖြင့် မကြာခဏ ခေါင်းမူးခြင်း၊ မျက်စိကိုက်ခြင်း ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ငြိုပ်ရှုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| ဗုဒ္ဓဟူး၊ သောကြာ |

| ညံ့သောရက် |
|---|
| တနင်္ဂနွေ၊ ကြာသပတေး |

| ကံကောင်းသောနံပါတ် |
|---|
| ၆၁၊ ၆၄၊ ၄၆ |

| အထူးသတိပြုရန် |
|---|
| ယခုကာလတွင် ဘယ်အလုပ်မဆို မိမိကိုယ်ကျိုးအတွက် အဓိကဦးစား ပေးပြီး လုပ်ဆောင်ပါ။ အကျိုးမရှိသော အလုပ်အကိုင်များသည် မိမိကောင်းကျိုး မိမိဘဝကို ဖျက်ဆီးနေတတ်သည်။ |

| ကံကောင်းပြီး လာဘ်ရှင်စေရန် |
|---|
| မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း မုန့်လုံးရေပေါ် လှူဒါန်းပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ကောင်းသောအပြောင်းအလဲတွေ ကြုံရတတ်
တယ်။ လုပ်ငန်းတွေလည်း တိုးချဲ့လုပ်ကိုင်ရတတ်တယ်။ ဖြတ်လမ်းမလိုက်
ပါနှင့်။ တစ်ချိတည်းနှင့် အပွကြဲခြင်းမျိုး မပြုလုပ်ပါနှင့်။ ထီလည်း ပေါက်
တတ်တယ်။ အလှူအတန်းကိစ္စ ကြုံရတာတတ်တယ်။ မိမိကိုယ်တိုင်လည်း
အလှူအတန်း ပြုလုပ်ရတတ်တယ်။ ယခုကာလသည် စန်းပွင့်နေသော
ကာလဖြစ်သောကြောင့် သတိထားပါ။ အဖိုးတန်ကျောက်မျက်ရတနာ
ဝင်မယ်။ လုပ်ဖော်ကိုင်ဖက်အချင်းချင်း စွပ်စွဲပြောဆို ခံရတတ်တယ်။
မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမယ်။ လူမျိုးခြား၊ နိုင်ငံခြား
ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်မယ်။ ခရီးများ မကြာခဏ
ထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေး အောင်မြင်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတိုးမယ်။ အိမ်ထောင်ရှင်
အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ အထူးသဖြင့် တနင်္ဂနွေ၊ ဗုဒ္ဓဟူး အိမ်ထောင်ဖက်များ ဖြစ်နေ
ဂရုစိုက်ပါ။ စာရွက်စာတမ်း စာချုပ်ကိစ္စများအတွက် စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အရိုးကျိုးခြင်း၊
အကျိတ်အခဲနှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉)
နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငွေထီး(၉)လက်တို့ကို လှူ
အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၃၂

### အထူးသတိပြုရန်

အိမ်အနီးအနားတွင် တနင်္လာနှင့် စနေနေ့တွင် ကလေးမွေးဖွားသော
နိမိတ်တွေ့ပါက ထီထိုးဖြစ်အောင် ထိုးလိုက်ပါ။
ယခုကာလတွင် လက်ရှိအလုပ်ကို စိတ်မဝင်စားဘဲ
အလိုပြောင်းလိုစိတ်များ ဖြစ်နေလိမ့်မယ်။ မပြောင်းပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် နွားနို့ထမင်း ကပ်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် သူတစ်ပါးအတွက် အာမခံတာမျိုး၊ ကိုယ်စားလိုက်ပြီး ပြောတာမျိုး မလုပ်ပါနှင့်။ ကိုယ်ပါကြားညပ်ပြီး ဖြေရှင်းပေးရတတ်တယ်။ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ ဝန်ထမ်းများအဖို့ အကြီးအကဲများ၏ အထင်လွဲမှားခြင်း ခံရတတ်တယ်။ မြေတစ်ကွက် ဝင်တတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်ငန်းသူများအဖို့ အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ် ပေါ်နေမယ်။ မပြောင်းပါနှင့်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ရခြင်းများ ဖြစ်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်နေမယ်။ ကြီးကဲသူ အထက်လူကြီးများကြောင့် စိတ်ညစ်ရတတ် တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ဘာပဲလုပ်လုပ် စိတ်တိုင်းမကျ ဖြစ်နေတတ်တယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ ကိုယ့်ကို မနာလိုသူလည်း ပေါလိမ့်မယ်။ မိမိထက် မြင့်သူ၊ နိမ့်သူ နှစ်ဦးလုံးက ဒုက္ခပေးတတ်တဲ့အချိန်ဖြစ်တယ်။ ကျန်းမာရေး အနေဖြင့် ခြေသည်း၊ လက်သည်း ပုပ်ခြင်း၊ ကျောနာခြင်း၊ ခါးနာခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညံ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၇၅၊ ၅၇၊ ၅၄၊ ၇၆

### အထူးသတိပြုရန်

ယခုကာလတွင် နာရေး လုံးဝမသွားရ။ သချိုင်းမြေ မနင်းရ။ နာရေးသွားမိပါက မိမိတင်သာမက မိသားစုပါ ကျန်းမာရေး ညံ့သွားတတ်သဖြင့် သတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း မုန့်ဖက်ထုပ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## ဧသာကြာ သားသမီး



သင်သည် ယခုကာလတွင် လူပင်ပန်းပေမယ့် စိတ်ချမ်းသာရမယ့်ကာလ ဖြစ်ပါတယ်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်များ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ စိန်ထည်ပစ္စည်းများ၊ စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ယခုကာလတွင် ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမား စရန် မကောင်းသေးပါ။ ဤကာလအတွင်း ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်တယ်။ ငွေကြေး ဆုံးရှုံးတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ မိမိကိုးကွယ်သော ဆရာတော်တစ်ပါး ပျံလွန်တော်မူသော နိမိတ်တွေ့ခဲ့သော် ကားပွတ်တိုက်မိတတ်ပါတယ်။ အထူးဂရုစိုက်ပါ။ မသွားချင်သော ခရီးများ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ သားသမီးများ ကျန်းမာရေး ညံ့တတ်တယ်။ ရုတ်တရက် ဝမ်းဗိုက်အောင့်ခြင်းမျိုး ဖြစ်တတ်တယ်။ အထူးဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ တနင်္ဂနွေ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၇၊ ၃၀၊ ၃၂

### အထူးသတိပြုရန်

ယခုကာလအတွင်း မိမိအိမ်အနီးနားတွင် ဆိုင်သစ်ဖွင့်သောနိမိတ်၊ ဆိုင်းဘုတ်တင်သောနိမိတ် တွေ့လျှင် ကံကောင်းတတ်ပါသည်။ ကားပွတ်တိုက်မိတတ်သဖြင့် အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

စာအိတ်တစ်အိတ်ထဲတွင် ငွေ ၃၁ ကျပ် ထည့်ပြီး ပုံသကူပစ်ပါ။ နေအိမ်အရှေ့က သစ်ပင်တွင် စာအိမ်ကလေးတစ်လုံး ချိတ်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ တွေ့လာတတ်တယ်။ လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်၊ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း ရက်ရွှေ့ခြင်းများ ကြုံရတတ်တယ်၊ ရွှေ ငွေ ပေါင်နှံခြင်း၊ အာမခံခြင်း လေ့ပ်ပါနှင့်၊ ရေတွင်းရေကန်ကိစ္စများ အောင်မြင်မယ်၊ လုပ်ငန်းအောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်၊ ယခုကာလအတွင်း မည်သည့်အခက်အခဲနှင့် ကြုံသည်ဖြစ်စေ အားကိုးမရှာနှင့်။ ဒုက္ခပေးမည့်သူများသာ ပေါ်လာတတ်[illegible]။ အောက်လက်ငယ်သား ထွက်သွားခြင်း၊ ကျန်းမာရေးညံ့ခြင်း ကြုံရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းများနှင့် လမ်းခွဲရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်တတ်တယ်။ အိမ်ထောင်ဖက်မှာ တနင်္လာ သောကြာ အမည်ပါလျှင် ဂရုစိုက်ပါ။ လက်ရှိ အလုပ်အကိုင် ပြောင်းချင်စိတ်ပေါ်မယ်၊ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်၊ ကြီးကဲသူ အထက်လူကြီးများကြောင့် စိတ်ညစ်ရ တတ်တယ်၊ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ပြောဆိုမြေရှင်းရခြင်းများ ကြုံရတတ်တယ်၊ မနာလိုသူ ပေါလိမ့်မယ်၊ မိမိထက်မြင့်သူ နိမ့်သူ နှစ်ဦးလုံးက ဒုက္ခပေးလာတတ်သောအချိန် ဖြစ်တယ်။ ကျန်းမာရေးအနေဖြင့် သွားနှင့်ပတ်သက်သော ဝေဒနာ၊ အကြောနှင့် ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်၊ ကျောဒုက္ခပေးခြင်း၊ ကျောက်ရောဂါ ရတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့် (၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကြက်လျှာအလံ(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း အိမ်ပြောင်းခြင်း မပြုပါနှင့်၊ တနင်္ဂနွေ သားသမီးရှိလျှင် အိမ်မှ ထွက်သွားတတ်သည်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း မုန့်ဖက်ထုပ် ၅ ထုပ် လှူဒါန်းပေးပါ။

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် အတိုက်အခံများတတ်တယ်။ မထင်မှတ်ဘဲ အလုပ်တစ်ခု ပူးတွဲလုပ်ရတတ်တယ်။ အိမ်အသစ်ရခြင်း၊ နေရာထိုင်ခင်းပြင်ဆင်မွမ်းမံရခြင်းမျိုး ကြုံမယ်။ လုပ်သမျှ သိပ်အဆင်မပြေတတ်ဘူး။ သင်သည် ယခုရောက်ရှိနေတဲ့ကာလတွင် ဝါခေါင်လ၊ ကဆုန်လများ ပါနေရင် မြေကိစ္စ၊ အမွေကိစ္စများ စကားပြောရတတ်တယ်။ မိန်းမနှင့် ပတ်သက်၍ အမှုအခင်းဖြစ်ခြင်းမျိုး ကြုံရတတ်တယ်။ မထင်မှတ်ဘဲ အပြောင်းအလဲတွေ ကြုံရတတ်တယ်။ လူအများ၏ အထင်ကြီးမှု၊ ချီးကျူးမှုတွေ ခံရတတ်တယ်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ ရပိုင်ခွင့်တိုးခြင်းများ ဖြစ်တတ်တယ်။ မထင်မှတ်ဘဲ သင်တန်းတစ်ခု တက်ရတတ်တယ်။ ထိုခရီးများသည်လည်း သင့်အတွက် အကျိုးထူးလိမ့်မယ်။ ငွေထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ဆွေမျိုးသားချင်းထဲက တနင်္ဂနွေ၊ သောကြာ အမည်ပါသောသူက မထင်မှတ်ဘဲ အကူအညီကောင်း ပေးလာလိမ့်မယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ မိမိအိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တွင် အန္တရာယ်ဖြစ်ခြင်း၊ သွေးထွက်သံယို ဖြစ်တတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၀၊ ၆၄

### အထူးသတိပြုရန်

ယခုကာလတွင် လူမျိုးခြား ဒုက္ခပေးတတ်တယ်။ သတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အုန်းသီးစိတ်(၆)စိတ်ကို ကြေးလင်ဗန်းထဲထည့်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com